www.burmeseclassic.com

ပြားဆိုက်

# ချစ်

သုံးလွန်းတင်ပို့

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဝါဝါထွေး (မြ-၀၂၁၇၄)<br>ပတ္တမြားသိုက်စာပေ<br>အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ) ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်<br>မျက်နှာဖုံးပုံနှိပ်သူ | ဦးနိုင်နိုင်အောင် (မြ-၀၀၃၂၄)<br>ရတနာဝင်းပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၃၀၀၀ ကျပ် |
| ဖြန့်ချိရေး | မိုးသောက်စာပေ<br>အမှတ်(၂၂၃)၊ (၃)လွှာ၊ (၃၁)လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄ |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

တိုက်ကြီးကအထဲဝင်လိုက်တာနှင့် စိမ့်အေးသွားသည့်အထိအ တွေ့နှင့်နှုတ်ဆက်လိုက်သည်။ တစ်နည်းအားဖြင့် ခြိမ်းခြောက်လိုက်ခြင်း ညည်လေသည်။

အဘယ့်ကြောင့်ဆိုသော် ခမ်းနားထည်ဝါလှသည့် အပြင်အဆင်ထိ တွေ့မှုတွေကြောင့် အရိပ်ထင်မတတ်ပြောင်လက်နေသော တိုက်ကြီးအတွင်း ခြေချမိသည်နှင့် အပြာကိုယ့်ကိုယ်ကို သေးကြုံနိမ့်ဆင်းသွားသလို ခံစား လိုက်ရ၏။

ကြောက်ရွံ့စိတ်တွေလည်း ဖြစ်လာမိခဲ့သည်။ ကိုယ့်ကိုယ်လို အလှ ဓာန်ဝင်ခဲ့ခြင်း၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်သာလှသည် ကိုယ်သာတော် သည်ဆိုသော တောက်ကြွားဟောက်စားလုပ်လာခဲ့သမျှ ဒီတိုက်ဒီခြံဝင်း ကြီးထဲ ရောက်လာသည့်ခဏမှာ အားလုံးကပျောက်ရှပျက်စီးခဲ့လေသည်။

"လာလေချစ်..လာပါ မောင်မာမို့ကို အားလုံးပြောပြထားပြီးသား ပါ.."

ချစ်သူက အားပေးစကားနှင့် လက်ဆွဲခေါ်ယူသော်လည်း..၊

"ဟုတ်တယ်..ပြောပြထားပြီးသား ဒါပေမယ့်မပြောဘဲ ထားခဲ့တာ တွေလည်း မာမီသိပြီးပါပြီ..လာ လာဝင်ခဲ့.."

အသံဘယ်နေရာက လာသည်မသိဘဲ အပြာ့မျက်ဝန်းလေးတွေ လှုပ်ရှားသွားခဲ့သည်။ ပြီးတော့မှ မျက်ဝန်းထောင့်မှာထင်နေသည့် အရိပ် ကြောင့် မော့ကြည့်လိုက်မိလျှင် အောက်ထပ်တစ်ထပ်လုံးကို ငုံ့မိုးမြင်နေရ သော ယူပုံစံအပေါ်ထပ် အတွင်းဝရံတာမှာ ရပ်နေသည့်အမျိုးသမီးကြီးတစ် ယောက်ကို မြင်လိုက်ရ၏။

အနက်ရောင် အပြောင်သားပိုးပျော့အကျီလက်ပြတ်နှင့် ဒူးနားအပွင့် ပါသော ထိုင်းဆက်ပိုးအနက်ကို ဝတ်ထားသည်။ ဆံပင်က ကျောလောက် အရှည်ပဲရှိလျက် အဖျားနားတွေ ကောက်ထား၏။

အရပ်မြင့်၍ ကိုယ်လုံးအနည်းငယ်တုတ်ပေမယ့် တောင့်တောင့် ဖြောင့်ဖြောင့်ပုံစံမျိုးပဲဖြစ်သည်။ နားမှာစပယ်ပွင့်ပုံ စိန်နားကပ်နှင့် ရင်ညွန့် ထိဆင်းကျနေသည့် စိန်လော့ကတ်နှင့်ဒီဇိုင်းတူ..၊

ထိုပြင်လက်ဖွပ်ကလည်း ဒီပုံစံအတိုင်းမှာ တစ်တန်းသွားစိန်လက် ကောက်နှင့် သူမတစ်ကိုယ်လုံးက ပြိုးပြက်လက်နေလေသည်။ တစ် ယောက်ကိုတစ်ယောက် ကြည့်နေကြပေမယ့် ဒေါ်မင်းမာလာ၏အကြည့်စူး စူးတို့အောက်မှာ အပြာမျက်နှာငုံ့ကျသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


"အပြာရင့်ရောင်.."

မေးခွန်းလား၊ ခေါ်လိုက်တာလားမသိပေမယ့် အပြာမော့ကြည့်လိုက်မိသည်။ ဒါပေမယ့် သူမကကျောခိုင်းသွားပြီဖြစ်ကာ.. ၊

"သားကို ဟန်နီခေါ်နေတယ်.."

"ဗျာ.."

"သူ့မွေးနေ့တုန်းက မလာလို့တဲ့.."

"အဲ့ဒါ သားညတုန်းက သူ့ကို.."

"မာမီခုနကပဲ ပြောလိုက်တယ်..မလေးက လက်ဆောင်တွေလည်းရ ထားလို့ တော်ကြာသမီးသူငယ်ချင်း လာလိမ့်မယ်လို့.."

"မာမီ.."

"မာမီပြောထားပြီးပြီသား.."

"ခြံ.."

ခြံမျက်နှာမှာစူပုတ်ပုတ်ပေမယ့် ခေါင်းငုံ့ရင်း လည်ဂုတ်သတ်နေကာ..၊

"ဟုတ်ကဲ့ပါ.."

အဖြေရမှ ဒေါ်မင်းမာလာကျေနပ်သွားသည်။

"မာမီ့အခန်းထဲမှာ အိတ်နှစ်လုံးရှိတယ်..ကတ္တီပါအနီနဲ့အိတ်က ယူ့အတွက်၊ အဝါလေးက ဟန်နီ့အတွက်..သေချာယူသွားနော်၊ ဒီအချိန်ကား သိပ်မကျပ်ပါဘူး..အိမ်ကိုနောက်ဆံတင်းပြီး ကျော်ခွတက်မောင်းမလာနဲ့.."

"ဟုတ်ကဲ့ပါ.."

ခြံခေါင်းကုတ်မလို လက်ရောက်သွားပြီးမှ ပြန်ချကာ အပြာ့ကိုလှည့်ကြည့်သည်။ ချစ်သူကို မာမီနဲ့တွေ့ဖို့ ခေါ်လာခဲ့ရတာ တောင်းတောင်းပန်ပန်။ ခုတော့ သူမကြောက်ပါသည်ဆိုမှ မာမီနဲ့ထားခဲ့ပြီး သူထွက်သွားရဦးမည်။ သူအပြာ့ကို ပြုံးပြရင်း.. ၊

"အပြာ.."

"သား.."

"ဗျာ.."

နောက်ထပ်ခေါ်သံကို သူနားလည်လိုက်သည်။ မာမီမလိုလားတာတွေများ အပြာ့ကိုပြောမလို့လား.. မျက်လုံးနဲ့သာ အပြာ့ကိုချော့မော့ခွင့်တောင်းကာ မာမီ့ကိုပြန်ကြည့်မိ၏။ ဒေါ်မင်းမာလာသိနေသည်။

"သားကမာမီ့ကို မယုံလို့လား.."

မေးခွန်းထုတ်နေပြီး မျက်လုံးတွေကအမိန့်ဆန်ဆန် စူးရဲလျက်..

အပြာရင်ခုန်သံတွေ မြန်နေခဲ့သည်။ ကျောင်းမှာတည်းက သူငယ်ချင်းတွေ ခြံအကြောင်းပြောကြတာ သူမနားရည်ဝနေခဲ့သည်။ သို့သော် ချမ်းသာတဲ့သူကို ချစ်မိကြတဲ့ ကိုယ့်လိုလူတွေရှိကြတာပဲလို့ အားကိုးအားထားပြုခဲ့သည်။

"သူများတွေက ချစ်ကြိုက်ကွဲတွေချည်းပဲလေ..ဒီကြားထဲမှာ ချစ်

www.burmeseclassic.com



ကြက်ကွဲညား ရာဇဝင်လေးတွေလည်းရှိခဲ့တာပေါ့လေ..ဒါပေမယ့် ခြံအမေ အတော့ ကြောက်စရာနော်၊ သူဘယ်လို မအေမျိုးလည်းတော့ မသိဘူး..အလုပ်သမားတွေကို ဆက်ဆံတာတောင် အရမ်းအာဏာရှင်ဆန်တာကြောက်စရာကြီး..”တဲ့.. ၊

“သူကအသက်ဆယ်ရှစ်နှစ်တည်းက အိမ်ထောင်ကျခဲ့တာ..အိမ်ထောင်သက်လေးနှစ်လောက်မှာပဲ ယောကျ်ားဆုံးသွားတာတဲ့..အဲ့ဒီတုန်းက ခြံက ငုတ်တုတ်ထိုင်နိုင်ရုံပဲ ရှိသေးတာတဲ့သိလား..”

“သားကိုချစ်တဲ့စိတ်ကလည်း သေးသေးမဟုတ်ဘူးနော်..နာမည်ပေးထားတာကိုက မင်းခခြံရဲ..”

“ဒီလောက်ချမ်းသာတော့လည်း ဖြစ်သင့်တာပဲ..ခြံကတစ်ဦးတည်းသော သားလေးကိုးဟဲ့..”

“ငါတို့လည်း တစ်ဦးတည်းသောသမီးပါပဲ..”

“ငါလည်း အုန်းလီးဝမ်းပါနော်..”

သူငယ်ချင်းတွေ သူ့ထက်ငါတစ်ဦးတည်းသောသမီး အလံထူရင်း ရယ်မိကြသေးသည်။ အခင်ဆုံးသူငယ်ချင်း ယုဝတီကတော့ သတိပေးတာပါ.. ၊

“နင်နဲ့ခြံက အဆင့်အတန်းအရမ်းကွာလွန်းတယ်နော်အပြာ..သေချာခဲ့စားဦး၊ ခြံပုံစံကြည့်ရတာ နင့်ကိုတကယ်ချစ်တဲ့ပုံပဲ..သူကအတည်တွဲတာမို့လို့ ဝမ်းသာစရာပေမယ့် သူ့ကိုအုပ်စိုးထားတဲ့လူကတော့ ဘယ်လိုမှသဘောကျမှာ မဟုတ်ဘူး..”

“အပြာရင့်ရောင်..”

“ရှင်..”

မာထန်ပြတ်တောက်သည့်ခေါ်သံကြောင့် လူကိုမမြင်ရသေးဘဲ အပြာ ကိုယ်လေးတုန်ခနဲ ဖြစ်သွားသည်။ ဒေါ်မင်းမာလာက ဖုန်းကိုင်လျက် သူမနောက်ကနေ အေးဆေးလျှောက်ထွက်လာကာ.. ၊

“မင်းခဏစောင့်နိုင်မလား..ခုပဲဖုန်းဝင်လာလို့၊ အိမ်အတွက်အလုပ်သမားခေါ်ထားတာ အခုလွှတ်လိုက်ပြီဆိုလို့ စကားပြောရဦးမယ်..”

“ဟုတ်ကဲ့..ရပါတယ်အန်တီ..”

“အေး..”

ဒေါ်မင်းမာလာမျက်နှာက တည်တင်းနေသည်။ ရင်ထဲကခံစားချက်တွေအတိုင်း ကိုယ့်မျက်နှာဖြစ်နေမှာကို ကိုယ်တိုင်လည်းသိနေသည်။ ဒါပေမယ့် အပြာရင့်ရောင်ဆိုသည့် မိန်းကလေးကိုမြင်လိုက်ရတည်းက သူမရဲ့ အစီအစဉ်တွေမှာ နံပါတ်စဉ်လျှောချရတော့မည့် အဖြစ်ကိုနားလည်လိုက်သည်။

ထို့ကြောင့် ဒီမျက်နှာမှာ ဘယ်လိုမှပြေပြစ်မှု မရှိနိုင်တော့ပေ.. ၊

“မမကြီး..”

စိတ်မကြည်လင်ဖြစ်နေကာမှ ထမင်းချက်အဝင်းက အအေးနှစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com


နှင့် ရှေ့ရောက်လာကာ.. ၊

"လိမ္မော်ရည်လေး မမကြီး.."

လိမ္မော်တစ်ခွက်ကိုယူလိုက်ပြီး ကျန်သည့်ခွက်ကိုကြည့်ကာ.. ၊

"ပြန်ယူသွားအုံးဒါ.."

"ရှင်.."

"နင်နားမကောင်းဘူးလား.."

"ဟုတ်ကဲ့ပါမမကြီး.."

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လှုပ်ရှားနေမိသည့် စိတ်ကို ဖြေရာရှာမိ၏။

အပြာရင့်ရောင် တဲ့.. ၊

အသားရောင်က ဖြူတာညိုတာမဟုတ်ဘဲ စကားဝါရောင်လို၊ ကိုယ်လုံး ခပ်သွယ်သွယ်လေးနဲ့ အရပ်ကမနိမ့်မမြင့်၊ ဆံပင်ကကျောလယ်လောက်ကို ဖြောင့်ထားတာလား၊ ဒီအတိုင်းလားမသိ။ ဒါပေမယ့် ထူထူ အိအိလေးနဲ့ လှနေသည်။

မျက်လုံးမျက်ခုံးကအစ မျက်နှာကိုမြင်လိုက်တာနှင့် လှလိုက်တာလို့ ပြောရလောက်အောင် ထူးခြားသောဆွဲဆောင်မှုရှိနေတာလည်း သူမသ တိထားမိသည်။

ကျပန်းအလုပ်တွေနဲ့ဘဝကို ရုန်းကန်နေကြရသည့် သာမန်လူဆင်း ရဲဘဝထဲမှာ ဒီလိုကောင်းခြင်းအဖြာဖြာနှင့် အဆင့်အတန်းခွဲခြား သတ်မှတ် ဖို့ ခက်လောက်တဲ့အထိ လှပသန့်စင်နေတာမျိုး ဘာဖြစ်လို့ရှိနေရတာလဲ–

သူမက 'မ'တစ်ထောင်တစ်ကောင်ဘွားလို 'မင်းကတော်'ဖြစ်ထိုက် နေတဲ့ မိန်းမဆိုလျှင် ကိုယ့်သားကတော့ ဆင်းရဲကံဝင့်ကြွေးနဲ့မွေးဖွားလာတဲ့ သနားစရာ သူဌေးတစ်ယောက်လား..

မဖြစ်ရဘူး၊ ငါ့သားက ဆယ်သက်ဖြုန်းမကုန်အောင် ချမ်းသာတဲ့ သူဌေးသား။ ခြေလှမ်းတို့သည် ရပ်သွားမိလိုက် ပြန်လျှောက်လိုက်နှင့် ဒေါသနှင့် မာနကြားမှာ မီးဖိုပေါ်ကရေဆူအိုးကြီးနဲ့တူနေ၏။ ထိုစဉ်–

"မေမေကြီးရှင့်..အပြင်က ညည်သည်မမက.."

"တိတ်စမ်း.."

ကောင်မလေးကို အော်ငေါက်လိုက်ပြီးကိုယ်တိုင် အပြင်ထွက်လာခဲ့ ၏။ ဒေါ်မင်းမာလာကို မြင်လိုက်သည်နှင့်အပြာက ထရပ်လိုက်ကာ..

"အန်တီ..သမီး.."

"ပြန်တော့မယ်လို့ ပြောမလို့လား.."

"ဟို.."

"မင်းကိုသားက ခေါ်လာတာမို့လား.."

"သမီးက.."

"သူ့ကိုတို့ကခိုင်းလိုက်မှ မင်းထပြန်သွားရင် မင်းကိုနှင်ထုတ်ချင်လို့ သူ့ကို ပထုတ်တယ်ဆိုတဲ့အဖြစ် ရောက်သွားမှာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com

အပြာ ဘာပြောရမှန်းမသိဘဲ ငေးကြည့်နေမိသည်။
"ပြန်ထိုင်ပါ.."
ဩဇာဆန်ပေမယ့် သူမချက်ချင်းပြန်ထိုင်လိုက်မိသည်။ ဒေါ်မင်းမာလာက အပြာ့ရှေ့တည့်တည့်မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ခြေချင်းချိတ်၍ လက်ပိုက်ထားလိုက်ပြီး.. ။
"မင်းကိုနှင်ထုတ်ချင်ရင်တောင် သားရဲ့ငြိုငြင်ခံပြီး တို့အဲ့လိုလုပ်မှာမဟုတ်ဘူး..တို့မလုပ်ရဘဲနဲ့ အဲ့ဒီလိုပုံစံဖြစ်သွားအောင် မင်းဖန်တီးမှာလည်း လက်မခံနိုင်ဘူး.."
"အပြာ..အဲ့လိုမဟုတ်ပါဘူးအန်တီ.."
"ဒါဆို မင်းကိုတို့က ထွက်ပြီးညှို့ခံစကားပြောမနေလို့လို့ ပြောချင်တာလား.."
"အဲ့လိုမျိုး.."
"အခုစကားပြောပြီပဲ ထားလိုက်တော့.."
သူများရဲ့ အကျိုးအကြောင်းကို ဘာမှထည့်သွင်းစဉ်းစားပေးခြင်းမရှိဘဲ တစ်ဖက်သတ်အတွေးနဲ့ အနားသတ်မျဉ်းဆွဲပစ်တတ်သော ဒေါ်မင်းမာလာရဲ့ အကြည့်တွေက စကားလုံးတွေထက်ပို၍ ပြင်းထန်နေသည်။
"မင်းဘာယ်အရွယ်တည်းက မိဘတွေအိမ်ထောင်ပျက်ခဲ့တာလဲ.."
"အပြာ ဆယ်နှစ်သမီးကပါ.."
"အမေက ဘာတွေလုပ်သလဲ.."
အားလုံးသိပြီးနေပြီဆိုပြီး ထပ်မေးတာက ပြောလာမည့်စကားအတွက် လက်ညှိုးထိုးဖို့ စုဆောင်းနေတာမှန်း အပြာသိလိုက်သည်။ ခြံထွက်သွားကာစကလည်း ဖုန်းပြောနေသလိုနှင့် ဒေါ်မင်းမာလာပျောက်သွားခဲ့သည်။
ပြန်ထွက်လာတော့လည်း အလုပ်သမားကိစ္စဆိုပြီး ပြန်ဝင်သွား၏။ ရောက်လာမယ့်အလုပ်သမားက အိမ်ရှေ့မလာဘဲမြေလျှိုးမိုးပျံပြီး မီးဖိုချောင်မှာ ဘွားခနဲသွားပေါ်လို့လား.. ।
ဒါလည်း အကြာကြီးပဲဖြစ်သည်။ ဧည့်သည်ရှိနေပေမယ့် အအေးတစ်ခွက်မလာ၊ ကော်ဖီတစ်ခွက်တောင် ဧည့်ဝတ်ကျေမတိုက်ခဲ့ဘဲ ဂရုမစိုက်တာတွေကို ပြခဲ့ပြီးမှ.. ।
"ဘာလို့မဖြေတာလဲအပြာရင့်ရောင်..အဆင်ပြေတာလေးတစ်ခုခုပြောနိုင်ဖို့ ရွေးချယ်နေတာဆိုရင့်တော့ ကြိုပြောလိုက်မယ်..မင်းနဲ့ပတ်သက်တာတွေ မေးနေတာ မသိလို့မဟုတ်ဘူး.."
"သမီးကလည်း မညာပါဘူးအန်တီ..အမေနဲ့သမီးဘဝက ရပ်ကွက်ထဲမှာပါ၊ သမီးပါးစပ်ထဲမှာ မဟုတ်ပါဘူး.."
"ဟွန်း.."
"အမေက သမီးငယ်ငယ်တုန်းက အဖေလည်းရှိနေတုန်း စက်ဘီးပြင်ဆိုင်နဲ့ စက်ဘီးအပိုပစ္စည်းတွေရောင်းတဲ့ ဆိုင်မှာထိုင်ပါတယ်.."
www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းမာလာ ခပ်မဲ့မဲ့မျက်နှာနှင့် အေးဆေးနားထောင်နေ၏။

"အဖေမရှိတော့တည်းက အမေကလည်း.."

"မင်းအမေက အလောင်းအစားဝါသနာပါတာပဲ..ဘာစီးပွားရေးမှလည်း မလုပ်တတ်ဘဲထိုင်ဖြုန်းတော့ ကုန်သွားတယ်ပေါ့.."

"အမေက အလောင်းအစားမလုပ်ပါဘူး..ချဲထိုးတာပဲ ဝါသနာကြီးတာပါ.."

ဘာထူးလို့လဲဆိုသည့် အထင်မြင်သေးသည့်အကြည့်က ရူးရူးရဲရဲဖြစ်လာခဲ့၏။ အပြာမခံချင်စိတ်လေးနဲ့ ပြန်ပြောလိုက်ပေမယ့် အဆုံးသတ်ရမည့် စကားလမ်းကြောင်းက ဒါပဲမို့မျက်နှာငယ်စွာ ဖြစ်ခဲ့ရရင်း..

"ဒါပေမယ့် အမေကသူတတ်နိုင်တဲ့ဘက်က.."

"ငွေတိုးတွေယူပြီး နားလှည့်ပါးလှည့်တွေလုပ်တော့ လတ်တလောပြဿနာကို ရှင်းနိုင်သလိုရှိပေမယ့် ရပ်ကွက်ထဲမှာ လူလိမ်ဖြစ်လာတာပါပဲ."

အပြာရင်ထဲမှာ ဖျင်းခနဲပူထူသွားခဲ့သည်။ နာကျင်ခြင်းကို မခံစားဘူးတာမဟုတ်ပေ။ ဒါပေမယ့် ဒီတစ်ခါထိချက်မျိုးလောက် ရှက်ရွံ့သိမ်ငယ်စွာ နာကျင်မိတာမရှိ.. ၊

ငါ့သားနဲ့မင်းလိုမိန်းကလေးကို သဘောမတူနိုင်ဘူးဆိုရင်လည်း တစ်ခွန်းတည်းပဲ ပြောလိုက်ပါတော့.. ၊

အချစ်ကိုစွန့်လွှတ် ရှောင်ပြေးချင်တဲ့အထိ သိမ်ငယ်စိတ်က လူကိုနှိပ်စက်နေသည်။ ခြံကိုသူမ ချစ်ခဲ့တာသူဌေးသားမို့ မဟုတ်ပေ။ ဒါပေမယ့် ခြံလို လူက ကိုယ့်ကိုမှမြတ်မြတ်နိုးနိုးချစ်နေခဲ့ခြင်းအတွက် ကျေနပ်ပျော်ရွှင်ခဲ့မိသည်။

ဂုဏ်ယူဝမ်းသာခဲ့သည်။ အချစ်စစ်တိုင်းမှာ ဖြောင့်ဖြူးသာယာမှုနည်းတတ်တာသိပေမယ့် ဒီနေ့လိုနေ့မျိုးကို တိုးတိုက်ဖြတ်ကျော်ဖို့ တစ်ခါမှလည်း ပြင်ဆင်ကြည့်ခဲ့မိတာမရှိ.. ၊

"ခုချိန်မှာတော့ မင်းအမေရဲ့သတင်းက ရပ်ကွက်ထဲမှာမွှေးနေတာပဲနော်..လူတစ်ယောက်ရဲ့အဆင့်အတန်းကို သူစီးလာတဲ့ကားတန်ဖိုးနဲ့ ဖြတ်လို့ မရဘူး..သူ့ရဲ့ကာရိုက်တာနဲ့ပဲ ဆိုင်တယ်.."

ဒေါ်မင်းမာလာက ထိုင်ရာမှာထကာ ဆိုဖာအပြင်မှာ တစ်လှမ်းချင်းလျှောက်နေလျက်.. ၊

"မိန်းကလေးတစ်ယောက်ယောက်ကို လက်ထပ်ချင်ပါတယ်လို့ သားဆီက တောင်းဆိုလာတဲ့ အသံကြားရမှာ ငါအကြောက်ဆုံးပဲ..အဲ့ဒါကြောင့် ဟန်နီနဲ့လက်ထပ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ငါ့ဆုံးဖြတ်ချက်က နောက်ကျသွားတယ်.."

ပြောနေရင်း အပြာ့ရှေ့အရောက်မှာ ခြေစုံရပ်၏။ ပြီးတော့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ပြီး ဆိုဖာမှာလက်ထောက်၍.. ၊

"မင်းနဲ့ငါ့သားကို ငါလုံးဝသဘောမတူဘူး အပြာရင့်ရောင်.."

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ကြည့်ပြောနေသဖြင့် အပြာငေးကြောင်ကြည့်နေမိသည်။

"ဒါပေမယ့်.."

ဒေါ်မင်းမာလာ ဆတ်ခနဲကိုယ်ကို မတ်လိုက်ပြီး.. ၊

"ရှေးရိုးနည်းတွေကို ဖယ်ထုတ်ပြီး သားသမီးချစ်ခြင်းကိုခွဲတဲ့ နည်းပညာအသစ် တစ်ခုခုတော့လိုတာပေါ့.."

ခဏနားပြီး သက်ပြင်းရှိုက်လိုက်ရင်း ကိုယ့်စကားဘယ်ကိုခရီးဆက်ရမယ်ဆိုတာ လမ်းပျောက်သွားခဲ့သည်။ ရင်ထဲမှာ နာနေသည်။

ခေတ်တွေဘယ်လိုပဲ ပြောင်းလဲတိုးတက်နေပါစေ ထောင့်ငါးရာအင်အားကို မှီနိုင်တဲ့ ငါးရာနှစ်ဆယ့်ရှစ် ဆတိုးကိန်းဆိုတာ ဘယ်တော့မှရှိလာမှာ မဟုတ်.. ၊

"ငါမင်းကို ခုချက်ခြင်းတော့ နဂ္ဂတစ်မပြသေးပါဘူး..ဘာဖြစ်လို့လဲဆိုတော့ ငါ့သားငြိုငြင်တာကို ငါမခံနိုင်သေးဘူး..မင်းလည်း ငါတို့သားအမိကြားက ဆက်ဆံရေးကို ပြောင်းလဲဖို့မကြိုးစားမိပါစေနဲ့..ငါပြောတာနားလည်လား မသိဘူး.."

ဟုတ်ကဲ့လို့မပြောမိပေမယ့် ခေါင်းညိတ်ရင်းငေးကြည့်နေမိသည်။

ဒေါ်မင်းမာလာမျက်ရည် ဝဲလည်နေတာလား.. ၊

အပြာ အံ့သြငေးမောရင်း ကြည့်နေခဲ့မိ၏။ ကျိကျိတက်ချမ်းသာသည်။ ဒီအရွယ်ထိလည်း လှပနုပျိုနေသည်။ ပြီးတော့ တစ်ဦးတည်းသောသားကို ထားခဲ့တာရွှေပေါ်မြတင်.. ၊

ဒါနဲ့တောင် သားကိုမျက်နှာညိုမခံနိုင်၊ သားအတွက် ကိုယ်သာလျှင်မချိအောင်ခံစားပြီး ပေးဆပ်ဖို့ကြိုးစားနေခဲ့၏။ ဒေါ်မင်းမာလာ၏ မျက်ရည်စကို မြင်ကာ အမေ့ကိုသတိရမိလျှင်.. ၊

"မိဘကရှာဖွေကျွေးသားနဲ့ မရရင်တော့ အဲ့ဒါသားသမီးကံပဲဟော့..ငါလည်း ထိုင်နေတာမဟုတ်ဘူး.."

"ကျွေးတာကို အေးဆေးစား..ငါတတ်နိုင်သလောက် လုပ်ပေးတာကို အသာလေးယူပြီး တိတ်တိတ်နေပါလားအပြာရယ်..ငါ့ညည်းမျက်နှာကွက်ကွက်လေးကို ထောက်ထားနေလို့နော်..ငါ့တစ်ကိုယ်တည်းသာဆို ဒီလိုအပင်ပန်းခံမနေဘူး၊ ရှာကျွေးနိုင်တဲ့လင်တစ်ယောက် ကောက်ယူပြီး ဒုံးနှန့်စားနေရုံပဲ.."

"ကိုယ့်ရုပ်ကိုယ်ရည်လေးနဲ့ နှုတ်ခမ်းပွဲခြင်းမီးမမှုတ်နဲ့ပေါ့ သမီးရယ်.. ဘယ်လိုလူကိုရွေးပါ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့ လက်ထပ်ပါဆိုလည်း ရမှာမဟုတ်တာ..ကိုယ်ကြိုက်တာယူရင်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲ.."

"ဖြစ်ရလေအေ..ညည်းကိုသူဌေးနဲ့ညားဖို့အတွက် ငါကပဲကြက်ဆောက်ပေးရဦးမယ်၊ ဒီလိုဘဝမျိုးထဲက ရုန်းထွက်နိုင်အောင် ညည်းပညာရေးအတွက် ငါဒီလောက်ရုန်းကန်ပေးထားတာ တော်ပြီပေါ့.."

"သားသမီးကိုမိဘက ကျွေးမွေးပြုစုရမယ့် တာဝန်ရှိပေမယ့် ဝမ်းချုပ်တာကအစ အမေ့တာဝန်တော့မလုပ်နဲ့လေ..ငါ့အမေမို့ ငါဒီလိုနေ

www.burmeseclassic.com

www.burmeseclassic.com



ရတာဆိုပြီး ကြံဖန်ကျေးဇူးတင်စမ်းပါ..”တဲ့.. ။

အမေ့အသံကိုရော အမေ့မျက်နှာကိုပါ သတိရလာမိကာ၊ ကိုယ့်စိတ်ကို ပစ္စုပ္ပန်ကို ပြန်ရောက်အောင်မနည်း ကြိုးစားနေရသည်။ ဒေါ်မင်းမာလာကလည်း သူ့အတွေးနဲ့သူ အထပ်စင်မြင့်ရှေ့ထိလျှောက်သွားပြီး ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေခဲ့သည်။

သူမစူးစိုက်ကြည့်နေသည်က ကြေးဝါရောင်ဝင်းလက်နေသော ချိန်ခွင်ငယ်လေးကိုဖြစ်ကာ ကြည့်နေရင်း မျက်ခုံးတန်းတို့စုကျုံ့လာခဲ့၏။ ပြီးတော့ ဘယ်လက်ညှိုးနဲ့ ချိန်ခွင်တစ်ဖက်ကို ဖိထားလိုက်ပြီး တစ်ဖက်မှာ မဂ်လာမောင်နှံရုပ်ထုလေးကို ကောက်ထည့်လိုက်၏။

ကြွေသားအလေးချိန်ကြောင့် ချိန်ခွင်သေးသေးလေးက မင်္ဂလာမောင်နှံရုပ်ထုဘက်ကို လျှာကမထွက်နိုင်ဘဲ ရုပ်ထုဘက်က ချိန်ခွင်ကြီးသာထောက်ခနဲ ပြုတ်ထွက်သွားကာ.. ။

“ဒုတ်..ဒုတ် ခွမ်း..”

ချိန်ခွင်ခုံပေါ်ကနေ နှစ်လိမ့်သုံးလိမ့်ခုံဆင်းသွားသည့် မောင်နှံရုပ်ထုသည် ကြမ်းပေါ်ကျ၍ ကွဲထွက်သွား၏။

ဟင်.. ။

အပြာ့ကိုယ်လေးကြွေခနဲဖြစ်သွားသည်။ ဒေါ်မင်းမာလာ၏ လှုပ်ရှားနေပုံတွေကို အစအဆုံးကြည့်နေခဲ့တာမို့ ရုပ်ထုလေးကျကွဲတဲ့အထိ သူမအားလုံး မြင်ခဲ့၏။ ဒေါ်မင်းမာလာကလည်း ခြေထောက်နားမှာကျကွဲကြေမွသွားသည့် ကြွေရုပ်ထုလေးကို ငုံ့ကြည့်ရင်း တစ်ခုခုကို ခြောက်ချားနေသလိုရှိလျက်.. ။

“မဟုတ်ဘူး..”

သူမ ကြွေရုပ်ကွဲတွေနားမှာ ထိုင်ချလိုက်ကာ၊ အောက်ခြေရှိနေသေးသော အရုပ်ကွဲနဲ့ကွဲထွက်သွားသည့် သတို့သားရုပ်ရဲ့ ဦးခေါင်းခွံလေးကို ကတုန်ကယင်ကောက်လိုက်သည်။

နှစ်ပိုင်းပြန်ဆက်ဖို့ဆိုတာ ကိုယ်ခန္ဓာတစ်ခုလုံး ကွဲကြေသွားပြီမို့ မဖြစ်နိုင်တော့ရာ.. ။

“စီစီ..ဟဲ့ စီစီ..”

“ရှင် လာပါပြီမေမေကြီး..လာပါပြီ..”

စီစီဆိုသည့် ဘိုကေဆံပင်ကပ်ကပ်လေးနဲ့ ကောင်မလေးတစ်ယောက် ပြေးထွက်လာ၏။

“မေမေကြီး..”

“ဒီချိန်ခွင်ကြိုးကို ချည်ကြိုးတွေဘယ်သူတပ်တာလဲ..”

“ရှင်..”

“ဘာလဲကြောင်တောင်တောင်နဲ့..”

ဒေါ်မင်းမာလာ ဆတ်ခနဲပြန်ထရပ်ကာ၊ စီစီ့ပခုံးကိုတစ်ချက်ဆွဲခါ၍ ချိန်ခွင်ကြိုးပြုတ်ကို မြင်အောင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြေးချိန်ခွင်..ဒန်ပြားတွေမဟုတ်ဘူး၊ ဖဲကြိုးမတပ်ဘဲနဲ့ ချည်ကြိုးတွေ ဘာလို့တပ်တာလဲ..အခုပြုတ်ထွက်သွားပြီ.."

"အဲ့..အဲ့ဒါ သမီးတို့တပ်တာမ..မဟုတ်.."

"တိတ်စမ်း.."

"ဟုတ်..ဟုတ်ကဲ့ပါ.."

"သွား..အဲ့ဒါယူသွားပြီး ခုချက်ချင်းဖဲကြိုးနဲ့လဲခဲ့.."

"ဟုတ်ကဲ့မေမေကြီး.."

"တောက်.."

ဒေါ်မင်းမာလာ ဒေါသတွေထွက်နေခဲ့လျက် အထပ်စင်ရဲ့ဘေးတန်းကို ကိုင်ရင်းအသက်ဝအောင် ရှူနေမိသည်။ မျက်လုံးတွေမှိတ်ထားတာ ဆောင်ပူးလျက် ခြေထောက်လေးနှစ်စုံနဲ့ ဦးခေါင်းခွဲအကွဲအပြတ်တွေက စိတ်အာရုံထဲမှာ ဖွဲ့ထင်နေ၏။

ကွဲကြေသွားပေမယ့် ခြေထောက်တွေကပုံစံမပျက် တွဲလျက် ကျန်နေခဲ့သည်။ လူငယ်တွေက သူတို့ရဲ့အချစ်ကို မိုက်ရူးရဲဆန်စွာ သက်သေထူကြလိမ့်မည်။

ဘယ်လိုခွဲခွဲ မကွဲရအောင်တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး သတ္တိတွေပြဖို့လည်း အသင့်ရှိနေမှာဖြစ်၏။ ချစ်လွန်းလို့ လူကြမ်းကြီးဖြစ် ရသည့် မိဘမှာသာ မေတ္တာကိုမရသည့်ပြင် သားသမီးရဲ့အမုန်းကို ရင်ဝယ်ပိုက်ရင်း လူကိုလည်းဆုံးရှုံးရဦးမည်။

သားလေးကို သူမဆုံးရှုံးမခံနိုင်ပေ.. ၊

"အပြာရင့်ရောင်..."

"ရှင်..သမီးရှိပါတယ်အန်တီ.."

"ငါတို့မိသားစုအတွက် မင်းတို့မိသားစုရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးပါ.."

အပြာ ဘာပြောရမှန်းမသိ။ ဘာကိုရည်ရွယ်ပြောနေမှန်းလည်း မသိ..၊

"ခုကစပြီး မကောင်းသတင်းနာမည်ပျက်ဘာမှ မရှိရအောင် မင်း ထိန်းထိန်းသိမ်းသိမ်းနေပါ..သားနဲ့လက်မထပ်ရသေးခင်ထိ.."

> > < <

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂)

"ဟောမာန်.."

"ရှင်..ဒေါ်ကြီး.."

"အေး..အေး ဝင်ခဲ့ပြီဟေ့၊ နေမကောင်းဘူးဆိုလို့ လာကြည့်တာ.."

ဒေါ်ကြီးစိန်က ဒန့်သလွန်ရွက်ဟင်းချို ချိုင့်လေးတစ်ဖက်နှင့် အိမ်ထဲ ဝင်လာ၏။ သူက အိမ်ရှင်သီရိရဲ့အမေဖြစ်သည်။ သီရိက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျကာ လင်မယားနှစ်ယောက်စလုံး အလုပ်ကိုယ်စီရှိကြသဖြင့် အဆင်ပြေသည်။

ဒါပေမယ့်မအေကိုတော့ တစ်ခါတလေ ရိုင်းပျစွာဆက်ဆံတတ်ကာ ဒေါ်ကြီးစိန်ကွယ်ရာမှာ မျက်ရည်ကျရတာလည်းရှိလေသည်။ ထို့ကြောင့် သမီးတစ်ယောက်နဲ့ အမေချင်းတူနေသောဒေါ်ဟောမာန်ကို ကိုယ်ချင်းစာစိတ်နှင့် ခင်မင်နေခြင်းဖြစ်သည်။

"လာဒေါ်ကြီးထိုင်..ကျွန်မတော့ခေါင်းတွေ မထူနိုင်လွန်းလို့ အလုပ်ကို နေ့တစ်ပိုင်းပဲဆင်းပြီး ပြန်လာခဲ့တာ.."

အခန်းလေးက ဆယ့်သုံးပေပဲရှိသည်။ နောက်ကိုပေခြောက်ဆယ်ဆိုပေမယ့် အိမ်ကတော့ ပေငါးဆယ်တောင်မပြည့်ချင်ပေ..၊

ကိုယ့်အိမ်ပေနှစ်ဆယ်ကိုရောင်းပြီး သမီးရဲ့ကျောင်းစရိတ်အတွက် ပုံချပေးလိုက်ရသည်။ ကိုယ်ကတော့ လူကြီးတစ်ယောက်တည်း အဆင်ပြေသလိုနေဖို့ ဆုံးဖြတ်ခဲ့၏။

ဒါပေမယ့် တစ်ယောက်တည်းမတ်တပ်အိပ်ရသည့် ဘဝမျိုးဖြစ်နေတာ ဘယ်သူမှမသိ..၊

"မနက်က ညည်းဘာဟင်းချက်သွားတာတုံး..နေ့လည်အဆာပြေစားလို့ရအောင် ငါဟင်းချိုလေးနွေးလာခဲ့တယ်.."

ဒေါ်ကြီးစိန်က မီးဖိုချောင်ထဲထိဝင်သွားကာ ဟင်းချိုကို ပန်းကန်ထဲ ထည့်ဖို့လုပ်ရင်း ထမင်းအိုးဖွင့်လျှင်..၊

"ဟဲ့..ညည်းထမင်းမချက်ဘူးလား.."

"ဟုတ်တယ်ဒေါ်ကြီး..မနက်တည်းက ခေါင်းတွေလေးနေတာလေ မချက်ချင်တော့တာနဲ့ လမ်းထိပ်ကခေါက်ဆွဲသုပ်ဝယ်ပြီး ထမင်းအပူလေး တစ်ရာဖိုး ဝယ်ထည့်သွားတာ.."

ဒေါ်ကြီးစိန် ဒေါ်ဟောမာန်ပြောတာကို နားထောင်ရင်းဆန်အိုးလေးကို ဖွင့်ကြည့်တော့ အထဲမှာဆန်လေးတစ်လုံးလောက်ပဲရှိကာ ချက်မည်ဆိုပုံးကို ဖင်ကကိုင်ပြီး မှောက်ချဖို့သာ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေဟောမာန်ရယ်..ညည်းလည်းသမီးက လင်ရမယ်ဆိုမြေးဆောင်ချီနေရပြီ၊ ခုထိ ဘာမှကိုအတွက်မရှိဘူး.."

ဒေါ်ကြီးစိန်က ဟင်းချိုလှယ်ထည့်ပြီး ဖွန်းလေးတပ်ယူလာရင်း တချစ်တောက်တောက်ပြောလာ၏။

"တစ်ကိုယ်ရေတစ်ကာယမို့ ဖြစ်သလိုစားနေတာ ထားပါတော့..နေ့ထည်ကျမှ စားရမယ့်ဟာကို ခြောက်နာရီလောက်တည်းက အသုပ်ဝယ်ထားတော့ ဘယ်လိုလုပ်ကောင်းတော့မှာလဲ.."

ဒေါ်ဟောမာန်က သင်ဖြူးပေါ်မှာလှဲရင်းကနေ ခပ်လှုပ်လှုပ်ထထိုင်လိုက်ကာ.. ।

"မနယ်ဘဲထားရင် ကောင်းတယ်ဒေါ်ကြီးရဲ့..ကျွန်မ ဒီလိုပဲထားနေကျပါ.."

"အသုပ်တစ်ပွဲသုံးရာ ဝယ်မယ့်အစား ငါးကြော်လေးတစ်တုံးလောက် ဝယ်ပါလား..ဟင်းလေးဖြစ်ဖြစ်.."

"ဟင်းဆိုရင်တော့ အဲ့လောက်ဖိုးလေးဝယ်ရင် ကောင်းကောင်းကန်းတန်း ဘယ်စားရမလဲဒေါ်ကြီးရယ်.."

ဟင်းချိုကိုတော့ မက်မက်စက်စက်သောက်သည်မို့ ဒေါ်ကြီးစိန်ဆားက ထိုင်ကြည့်ရင်း သက်ပြင်းချမိ၏။

"ဝမ်းမှာအချင့် လူမှာအကျင့်တဲ့..မကောင်းတဲ့အကျင့်တစ်ခု စွဲနေပြီဆို အဲ့ဒီအကျင့်က သေတဲ့အထိ ဒုက္ခပေးတော့တာပဲ.."

ဒန့်သလွန်ရွက်ဟင်းချိုက ပုဇွန်ဆိတ်လေးတွေနဲ့မို့ ချိုနေလေသည်။ ဒေါ်ကြီးစိန် ဘာဟင်းလေးပဲလာပေးပေး ဒေါ်ဟောမာန်ကြိုက်သည်။ ကိုယ်သာ ဟုတ်တိပတ်တိ မချက်ပြုတ်တတ်ပေမယ့် ပါးစပ်ကတော့အလွန်အကောင်းကြိုက်လေရာ.. ।

"ကောင်းလိုက်တာဒေါ်ကြီးရယ်..ဒေါ်ကြီးကိုကျေးဇူးတင်လိုက်တာ.."

"မတင်ပါနဲ့အေ..သမီးတစ်ယောက်နဲ့ အမေချင်းတူလွန်းလို့ ငါကညည်းကို ကူညီနေတာပါ၊ အခုဘာဖြစ်တာလဲ..သွေးတိုးတာလား.."

"ဒီလိုပဲ တစ်ခါတစ်ခါဖြစ်တတ်တာပါ..သွေးတိုးဘာညာရောဂါကြီးကြီးမားမားတော့ မရှိပါဘူး.."

"ညည်းကို ငါတစ်ခုအကြံပေးရမလားဟောမာန်.."

"ဘာလဲဒေါ်ကြီး..ပြောလေ.."

ဒေါ်ကြီးစိန်က ပြောရခက်သလို ပင့်သက်တစ်ချက်ရှိုက်၏။ ပြီးမှ..

"တခြားမှာဆို ငါအကြံမပေးပါဘူး..အခု ငါ့အိမ်မှာပဲလေ.."

"ဟုတ်ကဲ့..ဘာအလုပ်ရှိလို့လဲဟင်.."

"ကျုပ်ကိုတော့ ကော်မတုတ်နဲ့နော်..အိမ်မှာအဝတ်လျှော်မလားလို့မေးချင်တာ.."

"အဝတ်လျှော်ဖို့.."

ဒေါ်ကြီးစိန်က ပျာပျာသလဲလက်ကာ၍.. ।

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ တစ်အိမ်ကျော်ကူးလာရင် ရောက်တာပဲလေ..နောက်ပြီး ရေချိုးခန်းထဲ ဝင်လျှော်ရမှာဆိုတော့ လူလည်းမမြင်ဘူး.."

ဒေါ်ဟေမာန်သက်ပြင်းရှည်ကြီးချရင်း မှိုင်တွေသွား၏။ ဟင်းချို သောက်နေသည့် လက်တွေလည်းနှေးကွေးသွားကာ..။

"မဖြစ်ပါဘူးဒေါ်ကြီးရယ်..ကျွန်မဒေါ်ကြီးကို စိတ်မဆိုးပါဘူး၊ ဒေါ်ကြီးအိမ်မှာဆိုရင်လည်း ဘာအလုပ်ဖြစ်ဖြစ်လုပ်ချင်ပါတယ်..ဒါပေမယ့် ဒေါ်ကြီးတောင် သမီးကိုကျော်နိုင်တာမှ မဟုတ်တာ၊ သီရိနှုတ်ဖွာတာ လည်း ဒေါ်ကြီးအသိပဲ..သူ့အလုပ်လုပ်ပြီဆို အဝတ်လေးတော့ ထွက်မလုန်း ချင်ပါဘူး၊ ဒီစကားလေးတော့အပြင်မှာ မပြောပါနဲ့ပိတ်ပင်နေလို့ ရမလား"

ဒေါ်ကြီးစိန် ငိုင်နေ၏။ သီရိက တစ်မူးကိုနှစ်မူးထင်ပြီး ခွာတတ် သည်။ သူမဘက်က ပါရမည်ဆို တစ်ကျပ်နှစ်ကျပ်လေးတောင် အစွန်း တင်ခံတဲ့သူမဟုတ်..။

ထို့ပြင် ဒေါ်ဟေမာန်က အသက်သာကြီးသွားသည်။ လူကဖြူဖြူနု နု သွယ်သွယ်နွဲ့နွဲ့လေးမို့ အရွယ်တင်သည်။ ဒီအိမ်ကိုငှားကာစက အိမ်ရှင်နဲ့ အိမ်ငှားမို့ ယောကျ်ားဖြစ်သူက လိုအပ်တာလေးဟိုဟာလာဖြုတ် ဒီဟာ လာပြင် လုပ်ပေးနေတာကိုတောင် မကြိုက်ချင်..။

"ဟုတ်တော့ဟုတ်ပါတယ်..ဒါပေမယ့် အဝတ်မလျှော်ဘူး၊ သူများ အိမ်မှာ မလုပ်ဘူးဆိုတဲ့ ကန့်သတ်ချက်တွေတော့ မထားပါနဲ့ဟေမာန် ရယ်..ပြောရမယ်ဆို အဝတ်လျှော်တာလောက် သက်သာတာမရှိဘူး၊ ညည်း အဲ့ဒီနေ့ကြာဇေ့ရုံမှာ တစ်နေကုန်အလုပ်ကြမ်း သွားလုပ်လို့ ငါးထောင်မရ ဘူး.."

"သုံးထောင်တောင် မရပါဘူး.."

"အေးလေ..အဝတ်လျှော်တာက လက်ချည်းသက်သက်သွားလျှော်ရုံ ပဲကို လေးငါးထောင်ရတာ၊ ပြီးတော့ တစ်မနက်စာ တစ်ညနေလောက်နဲ့ ပြီးသွားတာလေ..ခုဆို အလုပ်သမားကရှားတော့ ဒါမျိုးခိုင်းချင်တဲ့အိမ်တွေ အများကြီးပဲ.."

ဒေါ်ဟေမာန် ခေါင်းခါနေလျက်..။

"ကျွန်မသမီးက နိုင်ငံခြားပြန် ဗိသုကာပညာရှင်ဖြစ်နေပြီဒေါ်ကြီး ရဲ့.."

"အဲ့ဒါ ညည်းအတွက် ဘာမှမပေးနိုင်သေးဘူးလေ.."

"သူ လုပ်ငန်းခွင်မဝင်ရသေးလို့ပါ.."

"အင်း..ပြောပြန်ပြီ.."

ဒေါ်ကြီးစိန်က ဒေါ်ဟေမာန်သောက်ထားပြီးသည့် ဟင်းပန်းကန်ထဲ ဘောကပ်ရွှေ့လိုက်ပြီး မျက်နှာလည်းမဲ့သွားသည်။

"တက္ကသိုလ်တက်နေတော့ သမီးကအဝေးသင်နဲ့ ဘွဲ့ယူဖို့မရလို့.. ဘွဲ့ရပြီးတော့ ပီအိတ်ချ်ဒီတက်စေချင်သေးလို့၊ ညည်းမှာအိမ်ရောင်းပေးရ တဲ့အထိအေး.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါက မိဘဝတ္တရားပဲဒေါ်ကြီးရယ်.."

"ငါကြားပါတယ်အေ..ညည်းသမီးပြောတာတွေ၊ သူများမိဘတွေလို ထားတာမရှိလို့ အိမ်ရောင်းလိုက်ရတာ သူတောင်အိမ်ခြေရာခြေမဲ့ခဲ့ရ ဆိုတာ..အိမ်ရောင်းပြီး အားလုံးပုံပေးလိုက်တာတောင် အားမရနိုင်"

ဒေါ်ဟေမာန်က ရယ်နေကာ.. ၊

"အဲ့ဒီကောင်မလေးက ကျွန်မနဲ့တူတာဒေါ်ကြီးရဲ့..ဒါတောင် သူ့ကို မာန်ဆိုတဲ့နာမည်လို မာကျောတဲ့သဘောမရောက်အောင် အပြာရင့် ောင်လို့ပေးထားသေးတာ..အပြာရောင်လေးလို အေးမြစေချင်ပေမယ့် အ းတတ်တာလည်း မလိုချင်လို့လေ.. အဟွန်း.."

"အေးပေါ့လေ..မိဘကတော့ ဒီလိုပါပဲ၊ သားသမီးကို ကိုယ်သာထု င်ထုထောင်းနေမယ်..သူများလက်ညှိုးတာတော့ မခံနိုင်ကြပါဘူး.."

"မဟုတ်ဘူးဒေါ်ကြီး..အပြာနဲ့ကျွန်မကို ဒေါ်ကြီးသေချာမသိလို့၊ န်မတို့က သူငယ်ချင်းတွေလို ဖြစ်နေတာ..အဲ့ဒါကြောင့်စကားပြောနေ င်း ဒေါသပါလာပြီဆို ရန်ဖြစ်သလိုဖြစ်နေတာပေါ့၊ ခုခေတ်ကလည်း သိတဲ့ တိုင်းပဲလေ..လူငယ်တွေက မိဘကိုအပြစ်ထောက်နေကြပြီကိုး.."

"ခေတ်နဲ့မဆိုင်ပါဘူးအေ..မိဘရဲ့ဆိုဆုံးမမှုပေါ်မှာပဲ မူတည်တာ .."

"အဲ့ဒါလည်း ဟုတ်ပါတယ်..ဒေါ်ကြီးအမြင်ပဲလေ၊ ကျွန်မကရော ယ်လောက်ကောင်းတဲ့ အမေမို့လို့လဲ.."

သမီးမိန်းကလေးမွေးထားပြီး အချက်အပြုတ်လေးမှ မသင်ပေးနိုင်၊ ာပစ္စည်းဆိုတာ ဒီလိုသိမ်းဆည်းစုဆောင်းရတယ်၊ ဘယ်လိုရှာဖွေရတယ် ဆိုတာမျိုးကိုဝေးလို့ ကိုယ်သုံးစွဲတာတွေကိုပဲ သမီးကလိုက်တားနေရတဲ့အ ြစ်။ ထိုစဉ်.. ၊

"တီ.."

"ဟော..အိမ်ရှေ့ကထင်တယ်၊ ဘယ်ဧည့်သည်လာဖို့ရှိသလဲ.."

"ဟင့်အင်း..မရှိပါဘူး.."

"မဟေမာန်..မဟေမာန်ရှိလားမသိဘူး.."

"ဒါ သိမ်ကြီးဈေးက အထည်သည်ပဲ..ဒုက္ခပါပဲ.."

"ဘာလဲ..ကြွေးရှင်လား.."

"ဟုတ်တယ်..ဒေါ်ကြီးခဏနော်.."

"နေမကောင်းရင်လည်း နေပါအေ..ငါထွက်ပြောလိုက်ပါ့မယ်.."

"မဖြစ်ဘူးဒေါ်ကြီး..ကျွန်မပဲ ထွက်တွေ့မှဖြစ်မှာ၊ အဲ့ဒီမိန်းမက.."

"အမလေး အသံလေးတော့ပေးပါဟယ်..အထဲမှာရှိမှန်း သေချာသိ လို့ လာခဲ့တာပါ၊ ကြွေးယူပြီးပတ်ပြေးနေလို့ ရမလား.."

စကားမဆုံးခင် စွာကျယ်ကျယ်အသံက ဝင်လာခဲ့၏။

"ဂျိမ်း..ဂျိမ်း.."

www.burmeseclassic.com

www.burmeseclassic.com


အော်လည်းအော်၊ တံခါးကိုလည်း ကိုင်လှုပ်နေကာ.. ၊
"မဟောမာန်.."
"တောက်..လှုပါးဝလို့ ဒီမိန်းမ.."
"ဟဲ့..ဟဲ့ ဟောမာန်၊ နေဦး..ကြော်.."
"ဝုန်း..ဒုန်း.."

> > < <

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဖြစ်ရဲ့လားအန်တီ.."
"ဖြစ်တယ်..ဖြစ်တယ်.."
"ကဲ..လာပါအမေရယ်.."
အပြာက ဖွတ်ဝင်တွဲလိုက်ရင်း.. ၊
"လူကဖြင့်မဟန်နိုင်ဘူး..သူများကို ခေါင်းကွဲအောင်တော့ လုပ်နိုင်တယ်.."
"ဘာမဟန်နိုင်တာလဲ..ညည်းက မအေကိုအဲ့ဒါတွေပြောချင်လို့ အိမ်အထိ လိုက်လာတာလား.."
"မဟုတ်ပါဘူး..ရှန်းနေပါနဲ့၊ တကယ်ပဲ ကလေးထက်ဆိုးတယ်.."
"ငါကသူငယ်ပြန်နေတယ်ပေါ့လေ.."
ခြံတံခါးသော့ဖွင့်ခြင်း အိမ်တံခါးသော့ဖွင့်နေခြင်းမှာ ဒေါ်ဟေမာန်ကျေမနပ် စောင့်နေခဲ့ရကာ အိမ်ထဲဝင်လို့ရသည်နှင့် အပြာ့လက်ထဲက ရုန်းထွက်လိုက်ပြီး.. ၊
"ညည်းက မအေကိုတစ်ပြားတစ်ချပ်မှာ အထောက်အကူမပေးဘဲနဲ့ ဒါလေးဝင်နှမ်းဖြူးပြီး အပြစ်ထောက်ချင်တာလား.."
"ဒါလေးဟုတ်လား..အမေ့ကို ရဲစခန်းမှာလိုက်ထုတ်ရတာလေ.."
"မထုတ်နဲ့ပေါ့..ညည်းကို ဘယ်သူကသံကြိုးရိုက်ခေါ်လို့လဲ.."
"မခေါ်ပေမယ့် အမေ့သမီးဖြစ်နေတော့လည်း မနေသာလို့ပေါ့.."
"နေသာအောင်နေလိုက်..သွား သွား ပြန်တော့၊ နောက်ကို ငါ့အိမ်လာရင် ရည်းစားနဲ့တွဲမလာနဲ့.."
"ရည်းစားမဟုတ်ပါဘူးအန်တီရာ.."
ခြံက အိမ်ထဲလိုက်ဝင်လာပြီး ဧည့်ခန်းကျဉ်းကျဉ်းလေးမှာ တရင်းတနီးဝင်ထိုင်လိုက်ကာ.. ၊
"သားတို့က လက်ထပ်တော့မှာအန်တီရ..မာမီ့ကိုလည်း ဖွင့်ပြောပြီးပြီ.."
ဟင်.. ၊
ဒေါ်ဟေမာန်မျက်လုံးပြူးသွားသည်။ ဒါတကယ်ပဲလား.. ၊
ဒီကောင်လေးနဲ့ တစ်ခါပဲတွဲသွားတာတွေ့ဖူးသည်။ ကောင်လေးက ဖြူဖြူချောချောလေးဖြစ်ကာ၊ ကားအကောင်းစားကြီးနဲ့မို့ သမီးကိုတောင် သတိပေးထားခဲ့သေးသည်။
"ညည်းကို သူဌေးတစ်ယောက်အရယူပါလို့ ငါမသင်ထားဘူးနော်..

www.burmeseclassic.com

www.burmeseclassic.com


တော်ကြာ လိုချင်တာမရဘဲ မလိုချင်တာရပြီး အရှက်တကွဲဖြစ်လာဦးမယ် အဲ့ဒါမျိုး ဖြစ်လာလို့ကတော့ လုံးဝညှာမယ်မထင်နဲ့.."လို့.. ၊

"သိလားအန်တီ..သားကိုတော့ မခွဲခြားပါနဲ့၊ မိသားစုလို ခုတည်းက သဘောထားပေးပါ..သားတို့အမြန်ဆုံး လက်ထပ်ဖို့စီစဉ်မှာပါ.."

"အေး..ဒါပေမယ့် စည်းနဲ့ကမ်းနဲ့တော့နေကြ၊ မင်းအမေက တကယ် ခွင့်ပြုမှာ ဟုတ်ရဲ့လား.."

အပြာက နောက်ဖေးဝင်သွားပြီး အိုးတွေခွက်တွေလှန်လှောကြည့်ပြီး ပြန်ထွက်လာကာ.. ၊

"အမေ့က ချိုင့်ဆွဲစားနေတယ်ဟုတ်လား.."

"ငါ့ဘာသာ ချိုင့်မဆွဲဘဲ အိုးလိုက်ပဲမှာစားစား ပူမနေနဲ့..အစတည်းက အေးရာအေးကြောင်း နေလာတာများ၊ မအေအတွက် တစ်ပူတိုးနေဦး မယ်.."

"တွေ့လား..အမေက စကားကောင်းကိုပြောလို့မရဘူး.."

"အပြာရယ်..မင်းကလည်း ကိုယ့်အမေအကြောင်းသိရင် ပြောတာဆို တာ ဆင်ခြင်ပေါ့ကွာ.."

"အဲ့ဒါသူပဲ သင်ပေးထားတာ.."

အပြာက နှုတ်ခမ်းလေးစူပြီး မအေကိုကြည့်လိုက်ကာ.. ၊

"သူတစ်ယောက်တည်းဆူနေရရင် နားမီးခိုးထွက်မယ်..ပြန်ပြောဦး တဲ့.."

ဟင်.. ၊

ခြံ့မျက်နှာက ရယ်ကျဲကျဲနှင့် မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်၊ ဒေါ်ဟေမာန်ကလည်း ဆတ်ခနဲလှည့်ကြည့်ကာ.. ၊

"အဲ့ဒါ ရှင့်ကိုစွဲ့ပြောခဲ့တာသာလီကာမရေ..ရှင်လေးက မပြောတတ် မဆိုတတ်ဆိုတော့လေ.."

"မသိဘူး..အဲ့ဒါကြောင့် အမေ့အတွက်ပြန်ပြောပေးရင်းနဲ့ ပြောတတ် နေတာ.."

"ဟား ဟား ဟား ဟား.."

ခြံက တရင်းတနီးရယ်မောရင်း အပြန်ကျတော့ ဒေါ်ဟေမာန့်ကို ပိုက်ဆံတွေ ထုတ်ပေးသည်။ ဒေါ်ဟေမာန်က ခေါင်းခါလိုက်ရင်း.. ၊

"မင်းက ငါ့သမက်မှမဟုတ်သေးဘဲ မလိုချင်ပါဘူး..ငါတစ်ယောက် တည်းနေတာ တုံးလုံးစာမရှိပေမယ့် မတ်တပ်စာတော့ရှိပါတယ်.."

အမေညာလိုက်ပြီကို ဟေမာန်သိသည်။ စိတ်မကောင်းတော့ ဖြစ် သွားမိ၏။အမေ့မှာစားစရာတောင်မရှိဘူးဆိုတာ ခုနကပဲ မီးဖိုချောင်ထဲ ဝင်ကြည့်ခဲ့လို့ သိပြီးပြီဖြစ်၏။

ဒါပေမယ့် အမေ့အတွက်ပိုက်ဆံနှစ်သောင်း ထားခဲ့ရတာတောင် အနိုင်နိုင်ဖြစ်နေသည်။ ဆယ်တန်းဖြေမယ်ဆိုတည်းက ဘော်ဒါမှာအပြာ နေခဲ့ရသည်။ လူကုံထံတွေနေတဲ့ ဘော်ဒါမှာအပြာ့အတွက် လိုလေသေးမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဆောင် အမေထားပေးခဲ့သည်။

ထိုစဉ်ကတော့ အိမ်မှာပစ္စည်းဥစ္စာလည်း အသင့်အတင့်ရှိနေသေးသည်၊ အမေကလည်း အလုပ်လုပ်နေသေးသည်။ ဆယ်တန်းကိုအမှတ်ကောင်းနဲ့အောင်ခဲ့တော့ အင်ဂျင်နီယာ ဖြစ်စေချင်ပြန်သည်။

ထို့ကြောင့် ကျောင်းနားနီးသည့်အဆောင်မှာပဲ နေစေခဲ့လျက် ငွေမပြတ်ပို့ခဲ့၏။ ထိုအချိန်မှာ အမေဘယ်လိုရင်ဆိုင်နေခဲ့ရမည်ကို သူမစိတ်ထင်စားချိန်မရတော့ပေ၊ တက္ကသိုလ်မြေဆိုတာ ပညာရှာကြသလို အချစ်အစ်ပင်စိုက်ထူဖို့အတွက် မျိုးစေ့ချရာနေရာလည်း ဖြစ်၏။

ကျောင်းပြီးရင် ဘာလုပ်မယ် ညာလုပ်မယ်ဆိုသည့် ရည်ရွယ်ချက်တွေထဲမှာ ချစ်သူနဲ့ပေါင်းဖက်နိုင်ဖို့ ရည်ရွယ်ချက်တွေက အခိုင်မာဆုံးဖြစ်နေခဲ့ရာ.. ၊

"အပြာမလိုက်ချင်ဘူးမောင်..အဆောင်ကိုပဲ.."

"လိုက်ခဲ့ပါကွာ..ဒီအချိန်ဆို မာမီစက်ရုံရောက်နေရင်နေ မဟုတ်ရင်လည်း သွားဖို့ပြင်ပြီးနေပါပြီ..မောင်တို့စကား အေးဆေးပြောရတာပေါ့.."

အပြာရဲ့အတွေးတွေမဆုံးခင် ကားက ခြံဝင်းကျယ်ကြီးထဲကို ချိုးကွေ့ ဝင်လာခဲ့လေသည်။ ခြံပြောသလိုပဲ ဒေါ်မင်းမာလာက စက်ရုံသွားတော့မလို ပြင်ဆင်ထားသည့်ပုံပါ.. ၊

ဒါပေမယ့် လက်ကိုင်အိတ်ကို စားပွဲပေါ်မှာချထားကာ၊ ဧည့်ခန်းကနေ မတ်တပ်ရပ်ကြည့်နေလျက်.. ၊

"ညနေပိုင်း မာမီစက်ရုံကို သွားတတ်တာသိရဲ့သားနဲ့ ဘာလို့အချိန်မီ ပြန်မလာတာလဲသား.."

"မာမီနဲ့သား တိုင်ပင်ကိုက်နေစရာမှမလိုတာ..ဘာဖြစ်လို့လဲ မာမီဘား.."

"မာမီကား မီးလုံးကျွမ်းနေလို့လေ.."

"ဟာ ဒါဆိုလည်း ဆပ်ဖ်ရှိတာပဲ..သားမေ့နေလို့ပါမာမီရာ၊ တကယ်ပါ.. သွားမယ်လေ၊ သားလိုက်ပို့ရမလား.."

ဒေါ်မင်းမာလာအကြည့်က အပြာ့ဆီရောက်သွားသည်။

စကပ်အရှည်နှင့်ဆွဲသားအကျီကိုယ်ကျပ်က လည်ပင်းဟိုက်နေသည်။ ဆံပင်ရှည်တွေကို နောက်မှာမြင့်မြင့်တင်စီးထားသဖြင့် တင်းပြည့်သောရင်ဘက်အလှက ထင်းနေ၏။

ဒေါ်မင်းမာလာကလည်း ရင်ဘက်ပြင်ကိုပဲ စူးစိုက်ကြည့်ကာ.. ၊

"အခု မင်းအိမ်ကိုသွားခဲ့သေးတာလား.."

"ရှင်.."

"သားတို့.."

"မင်းအိမ်ကို ကိုယ်ပိုင်ကားနဲ့ပြန်တာ..သင့်တော်လား မသော်လားခင်းစဉ်းစားသင့်တယ်.."

"မာမီ သားတို့ကလက်ထပ်ကြမှာပဲလေ.."

www.burmeseclassic.com

www.burmeseclassic.com



"လက်မထပ်ဖြစ်ရင်ရော.."

နှစ်ယောက်စလုံး ဟင်ခနဲအသံမထွက်ပေမယ့် ပါးစပ်တွေပြင်ရင်း ဆွံ့အသွားကြ၏။ ဒေါ်မင်းမာလာမျက်နှာက စေ့စေ့ကြည့်ရဲစရာမရှိလောက်အောင် မာထန်ပြတ်သားနေသည်။

မာန်မာနတို့နှင့် မောက်မာသလိုရှိသလောက် စကားလုံးတိုင်းအခပ်ရင့်ရင့်။ သို့သော်.. ၊

"ငါ့သားရဲ့ကား ဘယ်မိန်းကလေးအိမ်ရှေ့မှာ သွားထိုးထိုးအရေးကြီးပါဘူး..အရွယ်ရောက်နေပြီဖြစ်တဲ့ သားတစ်ယောက်ရဲ့ခြေလှမ်းတိုင်းကိုထိန်းချုပ်ထားဖို့ ဆိုတာလည်းလွယ်တာမှ မဟုတ်တာ..ငါပြောနေတာ ငါ့သားနဲ့ လက်ထပ်ပေးဖို့ထိ ထည့်သွင်းစဉ်းစားထားခဲ့တဲ့ မင်းရဲ့ဂုဏ်သိက္ခာအတွက်ပဲ.."

ဒေါ်မင်းမာလာပြောသမျှ ဘာသာပြန်ဖို့ မလွယ်ကူသော အနက်အဓိပ္ပါယ်တွေနဲ့ချည်း ဖြစ်နေတတ်ကာ.. ၊

"ငါ့သားကို ငါဂရုစိုက်တဲ့အတွက် မင်းနဲ့မင်းအမေရဲ့ဘဝကပါ ငါနဲ့သက်ဆိုင်လာခဲ့ပြီ..အဲ့ဒါကြောင့် ငါမင်းကိုပြောခဲ့တယ်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ သားဘက်ကမိသားစုဂုဏ်သိက္ခာအတွက် အစွန်းအထင်းမဖြစ်ပါစေနဲ့လို့.."

အဲ့ဒါကရော ကိုယ်လက်ထပ်မယ့်ယောကျာ်းနဲ့ ကားအတူစီးမိတာ ဘယ်လိုအကျုံးဝင်နေပါသလဲ.. ၊

အပြာဘယ်လိုမှ နားမလည်နိုင်ပေ.. ၊

ဒေါ်မင်းမာလာကလည်း ဒီ့ထက်ပိုပြောဖို့ ဆန္ဒမရှိပေ၊ သူမစိတ်ထဲမှာ ရှိနေတာက ဒီမိန်းကလေးပြစ်ချက်တစ်ခုခုရှာပြီး သားကစိတ်ပျက်သွားအောင် လုပ်လို့လည်း ထပ်သလိုဖြစ်လာနိုင်ဖို့ မသေချာ.. ၊

ထို့ကြောင့် ထိုစိတ်ကူးကို သူမဖျက်လိုက်ရသည်။ တခြားလူတွေလုပ်ကြတဲ့ လမ်းဟောင်းအတိုင်း ချစ်နေတဲ့သူနှစ်ဦးကို မရမကခွဲဖို့ဆိုတာလည်း ကွဲကြေသွားခဲ့သည့် မင်္ဂလာမောင်နှံရုပ်ထု၏ ဥပမာကြောင့်သူမ မလုပ်နိုင်ပေ..၊

ကိုယ့်အတွက်လုပ်စရာတစ်ခုပဲ ရှိတော့သည်။ ဒါကဘာလဲဆိုလျှင် အပြာရင့်ရောင်ဆိုသည့် မိန်းကလေးနဲ့သူမရဲ့အမေအတွက် ကိုယ်နဲ့ဆွေမျိုးတော်နိုင်တဲ့အခြေအနေတစ်ခုအထိ ဖန်ဆင်းပေးရတော့မည်။

ဒီတိုင်းကောက်ယူလိုက်တာထက် ပွဲလယ်တင့်ဖွယ်စီးပွားရေး တစ်ခုခုနှင့်ဆိုလျှင် မိန်းကလေးကလည်း ပညာတတ်လေးမို့ မထည်ဝါရင်တောင်နိမ့်ကျလို့ အရှက်ရဖွယ်တော့ ဖြစ်မှာမဟုတ်တော့ပေ.. ၊

"အပြာရင့်ရောင်.."

"အပြာလို့ပဲခေါ်ပါမာမီ..အဟွန်း ရင်းနှီးနေကြပြီပဲဟာကို.."

သားက ဝင်ပြောလိုက်တော့ ငုံ့ကြည့်မိသည်။ ဒီမိန်းကလေးနဲ့ ပတ်သက်လာတည်းက တက်ကြွနေတတ်သည့် မျက်နှာကအမြဲတမ်း ပြုံးချိုနေ

www.burmeseclassic.com

www.burmeseclassic.com



ည်၊ မကြိုက်တဲ့ စကားနဲ့ဆူမိလျှင် မျက်နှာညိုနေတတ်သည့်လူက ခုဆို ပြောပြော အပြုံးမပျက် အရယ်မပျက် ကြိမ်းမောင်းနေတာလည်း မငြို ခဲ့သေး..။

ဒေါ်မင်းမာလာရဲ့အကြည့်ကြောင့် ခြကရယ်ကျဲကျဲနဲ့..။

"မာမီအရှည်ကြီးခေါ်နေရလို့ ပြောတာပါ.."

"မာမီစကားပြောရင် ဘာအကြောင်းမှဝင်မပြောပါနဲ့.."

"ဟုတ်ကဲ့ပါ.."

အပြောဘက်ကို ပြန်လှည့်လိုက်ပြီး သူမဖက်ထားသည့်စာအုပ်တွေနဲ့ လက်ချောင်းလေးတွေကိုပါ ကြည့်မိသည်။ ပြီးမှ..။

"မင်းအမေ ဘာစီးပွားလုပ်တတ်လဲ.."

"ရှင်.."

"ငရုတ်သီး ကြက်သွန်ရောင်းတာမျိုးကိုပြောတာ မဟုတ်ဘူး.."

"အမေက အဖေမရှိတော့ကတည်းမှ စီးပွားရေးမယ်မယ်ရရဘာမှမလုပ် ဘူးတော့ သမီးမသိဘူးအန်တီ.."

"မိန်းကလေးဆိုတာ အမေနဲ့အနီးစပ်ဆုံးပဲ..မင်းဘာလို့မသိရတာ လဲ.."

"သူကဆယ်တန်းတက်ပြီဆိုတည်းက ဘော်ဒါမှာသွားနေတာ မာမီ ရဲ့-ခုထိလည်း.."

"မာမီ သူ့ကိုမေးနေတာလေ.."

ခြခေါင်းတစ်ချက်ကုတ်လိုက်ရင်း..။

"ဟုတ်ကဲ့ပါ.."

"နောက်တစ်ခါထပ်ဝင်ပြောရင်တော့ သားကိုမာမီ စက်ရုံတစ်ခါ ာည်း ခေါ်သွားရတော့မယ်.."

"နိုး..နိုး မပြောတော့ဘူး.."

တော်တော်လန့်သွားသည့်ပုံနှင့် ခြကအထဲကိုတောင် ဝင်သွားရှာ သည်။ ဒါကိုကြည့်ခြင်းအားဖြင့် သူမထွက်သွားလျှင် အပြာနဲ့အိမ်မှာအတူ တူရှိကြဖို့ ပြင်ဆင်ထားခဲ့မှန်း ဒေါ်မင်းမာလာသိလိုက်သည်။

အပြာကတော့ တစ်ယောက်တည်းကျန်ခဲ့တိုင်း စိုးရိမ်ထိတ်လန့်ခြင်း တွေ ဖိစီးနေခဲ့ရကာ..။

"မင်းကို မင်းအမေက ဘယ်လိုထိန်းကျောင်းပြုပြင်ခဲ့သလဲ ငါမသိ ဘူး ..ပုံစံတွေအရ မီးဖိုချောင်နဲ့ဖိနှင်းမှ ရှိရဲ့လားလို့ မေးရင်လည်းမင်းမှာ ဖြေစရာရှိမှာ မဟုတ်ပါဘူး.."

အပြာ မျက်နှာလေးငယ်နေ၏။ ဆင်းရဲလို့ ဘဝကိုနားလည်ပြီး အောက်သက်ကျေမှာပဲလို့ ထင်စရာရှိတာတောင် သူမမှာဘာအရည်အချင်း မှ မရှိရတဲ့အဖြစ်..။

ငယ်ငယ်တည်းက ငါ့သမီးက'ဆရာခေါ်ခံရမယ်သူ''မင်းကြိုက်စိုး ကြိုက်' စသဖြင့်သော ဂုဏ်ယူဖွယ်များနှင့် မိဘနစ်ပါးစလုံးအရေးပေး

www.burmeseclassic.com

www.burmeseclassic.com

ဂရုစိုက် ခဲ့ကြသည်။ အဖေမရှိခဲ့သည့်နောက်မှာလည်း အမေက 'ဒီမာန်တို့ မချဘဲ အပြာ့အတွက်ဆို ဘာဖြစ်ဖြစ်ဖြည့်ဆည်းပေးဖို့ပဲ ကြိုးစား၏။
အပြာ့ဘဝဟာ မချမ်းသာဘဲ ပြီးပြည့်စုံနေခဲ့သလိုလို၊ ဘာမှမရှိပေမယ့် ရှိနေသယောင်ဖြစ်နေခဲ့ရင်း ထမင်းဟင်းတောင် ကောင်းကောင်း ချက်တတ်သည့် အခြေအနေမှာ.. ၊
"မင်းစိတ်ဘယ်ရောက်နေသလဲအပြာ.."
"ရှင်..ဟို.."
"မိန်းမကောင်းတစ်ယောက်ဖြစ်ဖို့ ထမင်းဟင်းချက်တတ်မှ ဆိုတာ တော့ မဟုတ်ပါဘူး..ဒါပေမယ့် ကိုယ်မတတ်ဘဲ မသိနိုင်ဘူး၊ ဟင်းကောင်း တယ်မကောင်းဘူး ကိုယ်တိုင်မချက်တတ်ဘဲ သူများကိုကဲ့ရယ်ရင် ထမင်း ချက်ကတောင် ခံမှာမဟုတ်ဘူး..ရှေ့မှာမပြောရဲရင် ကွယ်ရာမှာပြောမှာပဲ ဒါကြောင့် အိမ်မှုကိစ္စဆိုတာ မိန်းမတစ်ယောက်နဲ့ဝေးကွာမနေသင့်တဲ့ အရာဖြစ်လာတာ.."
"ဟုတ်ကဲ့..အပြာသင်ယူပါ့မယ်အန်တီ.."
"သင်ရမယ်..နောက်ပြီး မင်းအမေကိုမင်းသင်ရမှာက လူတစ် ယောက်ရဲ့ ဂုဏ်သိက္ခာကို ဘယ်မှာဖြစ်ဖြစ်မမေ့ဖို့ပဲ.."
အပြာ မော့လာတော့ မျက်စန်းလေးတွေကို စိုက်ကြည့်လိုက်ရင်း..
"မရှိရင်ပေါင်နှံရောင်းချရုံပဲ တတ်တာအပြစ်မဆိုသာပေမယ့် ကြွေး ယူရဲတာ ရှက်ဖို့ကောင်းတယ်..ကိုယ့်မှာသမီးမိန်းကလေး ရှိနေတဲ့အတွက် ပိုပြီးဆင်ခြင်ရမယ်၊ မင်းအမေက ခုချိန်ထိ အဲ့လိုပြဿနာတွေ ရှင်းနေရ တုန်း.."
ဘယ်လိုသိနေတာလဲဆိုသည့် အကြည့်တွေကိုသိနေသဖြင့် ဒေါ်မင်း မာလာ ဖုန်းထုတ်ဖွင့်ကာ.. ၊
"ဒီမှာ.."
အပြာ့ရှေ့ရောက်အောင် တိုးပေးလိုက်၏။
"အဲ့ဒီလူတွေကို ငါခိုင်းထားတာ..မင်းနဲ့မင်းအမေအကြောင်းတွေ သိ ဖို့အတွက်.."
ဟင်.. ၊
ဖုန်းကိုအပြာကောက်မကိုင်ပါ၊ ဒီတိုင်းပဲငုံ့ကြည့်လိုက်တော့ နာမည် တွေ ရှစ်ယောက်ကိုးယောက်၊ ဒေါ်မင်းမာလာဆိုဖာမှာ မှီလိုက်ပြီး လက် ပိုက်ကာ.. ၊
"ဆောရီး.."
ခပ်ကြောကြောပြောတဲ့ ပုံပေမယ့်.. ၊
"ဒါယဉ်ကျေးမှုမရှိတဲ့ အလုပ်မှန်းသိပေမယ့် သားအတွက်ငါလုပ်ခဲ့ ရတယ်..အဲ့ဒီတော့ မင်းအမေကိုမင်းပြန်ထိန်းပါ၊ မင်းကိုယ်မင်းထိန်းရမှာက ကိုယ့်ရဲ့တန်ဖိုးကျမသွားဖို့ပဲ..သားရှင်ဖြစ်တဲ့ ငါကပဲပြန်သင်ပေးမယ်၊ကိုယ့် အိမ်ရှေ့မှာ ဇိမ်ခံကားကြီးထိုးရပ်တာ ဂုဏ်ယူဖွယ်ပေမယ့် မင်းတို့လိုစုတ်

www.burmeseclassic.com



ပြတ်ပြတ်ရပ်ကွက် ကြိုကြားမှာတော့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့အ ခဲ.."

"မောင့်ကို..ခြံကို အပြာနှစ်ခါပဲ.."

"တစ်ခါမှ မခေါ်သင့်ဘူးဆိုတာ မင်းအမေမဆုံးမဘူးလား.."

မဆုံးမခဲ့ပါ၊ အမေပြောရင် 'ငါ့ကိုကဲ့ရယ်ခံရအောင် မလုပ်နဲ့'ဆိုတဲ့ စကားလောက်သာ.. ၊

"မင်းကိုငါပြောပြီးပြီ..ငါ့သားရဲ့ကား ဘယ်အိမ်ရှေ့မှာ ရောက်နေနေ အမှုဖြစ်မသွားဘူး၊ မင်းဘာဖြစ်သွားနိုင်သလဲဆိုတာလည်း ငါနဲ့မဆိုင် ဘူး-- ဒါပေမယ့် ငါ့ချွေးမဖြစ်လာမယ်ဆိုရင်တော့ မဆိုင်လို့မရတော့ဘူး၊ သားရှင်ပေမယ့် သားမှာလည်း ဂုဏ်သိက္ခာရှိတယ်..အထူးသဖြင့် ငါ့သား ကို ငါကိုယ်တိုင် အဖေအမေလုပ်ပြီး မှတ် ခြင် ယင်မသမ်းအောင် မွေးလာခဲ့ တာ.."

'ငါ့သားအတွက်'လို့ လက်မထောင်ဟစ်ကြွေးနေသည့် အငှမတစ် ယောက်ရှေ့မှာ 'ကျွန်မအမေကလည်း ဒီလိုမျိုးဆုံးမခဲ့တာပါပဲ' လို့သူမ မပြောနိုင်.. ၊

သားရှင်ဖြစ်ပြီး သူ့သားရဲ့ဂုဏ်သိက္ခာအတွက် မိန်းကလေးဘက်ကို ထိုက်တွေးပေးသေးသည်။ သားရဲ့ငြိုငြင်မှုကို မခံနိုင်သောကြောင့် ဘယ်လို မှ မတူညီနိုင်တဲ့ အဆင့်အတန်းမျိုးနဲ့ မိန်းကလေးကို ချွေးမအဖြစ်လက်ခံဖို့ စဉ်းစားခဲ့၏။

ဒေါ်မင်းမာလာဆိုသော အမျိုးသမီးကြီးရဲ့မျက်နှာမှာ ဘယ်လို အောက်မာတင်းပြတ်နေပါစေ သူ့သားရဲ့အနာဂတ်ဖယားက အသွေးအ သား ဦးဏှောက်အတွေးထဲမှာ အချိန်ပြည့်ရှိနေခဲ့သည်။

ဒါတောင် စီးပွားရေးကိုတစ်ဖက်မှာ အောင်မြင်အောင်ရှာဖွေနေသေး သည်။ အိမ်ဇာယီရအလုပ်သမားအားလုံးအပေါ်မှာလည်း နိုင်နင်းစွာအုပ် ချုပ်နေသေးသည်။ အလွန်ထက်မြက်၍ လေးစားဖွယ်မိခင်ကောင်း အမျိုးသမီးဖြစ် ၏။

ဒါဆိုအမေက ဘယ်လိုအမေမျိုးဖြစ်နေသလဲ.. ၊

အပြာအမေ့အကြောင်း မတွေးချင်ပေ၊ မတွေးချင်တာမဟုတ်ဘဲ စိတ်ဝင်တစား တွေးကြည့်ချင်ဖွယ် မရှိတာမျိုးဖြစ်၏။ အမေဟာ သူ့ကိုယ် သူလည်း အေးချမ်းအောင် ကြံဖန်နေတတ်သလို သားသမီးအတွက်ဆိုတာ လည်း အနာဂတ်ဖယားနဲ့ အားထားမွေးမြူစရာမဟုတ် ကြိုတင်ပူပန်နေဖို့မ လို.. ၊

"ညည်းချမ်းသာထိုက်ရင် ငါရှာလို့ဖွေလို့ရမှာပဲအပြာ..ရင်းသမျှကုန် လှုပ်တိုင်းမြုပ်နေတာတော့ ညည်းကံပဲ.."တဲ့.. ၊

ဒါဆို အမေ ဘာတွေလုပ်သလဲမေး.. ၊

နှစ်လုံးထီအပြေးထိုးလိုက်၊ ချဲထိုးလိုက်.. ၊

တစ်ခါတစ်လေ ချဲထီပေါက်လို့ ငွေလေးကိုင်ရရင်တော့ သိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဈေး မှာ အထည်လေးပြေးယူပြီးရောင်းသည်။ နှစ်ခေါက်လောက်ပြန်ပြီး တာနှင့် အရင်းပြုတ်၏။ ကြွေးပေးထားတာတွေက ပြန်မရလို့တဲ့..

တစ်ခါက အမှုန့်ကြိတ်စက်လေးထောင်ပြီး အဆင်ပြေနေသေး သည်။ နောက်တော့ အမှုန့်ကြိတ်မည့်ဖောက်သည်တွေက တန်းစီနေကြပြီး ကြိတ်ပေးမယ့်လူကမရှိ.. ။

မိတ်ပျက်ပြီး အလုပ်ပါးလာတုန်းမှာ နှစ်လုံးထီဒိုင်ကိုင်လိုက်တာ ဝက်ဝက်ကွဲရှုံးခဲ့လေသည်။

"မင်းအမေကို ဆွေးနွေးကြည့်လိုက်အပြာ.."

"ရှင်..ဟုတ်ကဲ့ ပြောပါအန်တီ.."

"စီးပွားရေးတစ်ခုခုလုပ်ဖို့ စိတ်ကူးရှိလာရင်သေချာဆုံးဖြတ်ပါ..သေ ချာရင် ငါငွေထုတ်ပေးမယ်၊ အလကားတော့ မဟုတ်ဘူး.."

ဒါကို အမေဝမ်းမြောက်ဝမ်းသာ ဖြစ်မှာမဟုတ်ဘူးဆိုတာ အပြာကြို သိနေသည်။

သိနေခဲ့တဲ့အတိုင်း.. ။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄)

"အပြာ.."

"............"

"အပြာရေ.."

"ဘာလာလုပ်တာလဲမောင်ရယ်..အိမ်ကိုကားနဲ့.."

"ကားမပါပါဘူးကွာ..ဘုရားလမ်းကကော်ဖီဆိုင်ရှေ့မှာ ထားခဲ့တယ်.."

"ဟင်.."

တံခါးထဖွင့်ပေးရင်း အပြာအံ့ဩသွားသည်။

"အဲ့ကနေ ဒီကိုဒီတိုင်းလာတယ်.."

"ဟုတ်တယ်..ဒီတိုင်းလာတာတောင် မျက်နှာပုတ်ကြီးနဲ့ လူကိုဆီးကြောက်သေးတာ.."

ပြောနေတဲ့လူက မဲ့ရွဲ့နေလျက် ဧည့်ခန်းမှာသွားထိုင်လိုက်သည်၊ အပြာက ကြည်ပြာရောင်စကပ်ပွလေးနဲ့ တီရှပ်အဖြူလက်ပြတ်လေးဝတ်ထားကာ၊ဆံပင်တွေကို အမြင့်တင်စီးထားသဖြင့် ဝင်းစိုနေသည့်မျက်နှာလေးက ထင်းနေ၏။

သူမနောက်ကဝင်လာတာနှင့် မော့ကြည့်ပြီး ခြံကလက်ကိုဖမ်းဆွဲထားလိုက်သည်။

"အပြာ.."

"ဘယ်လိုလုပ်တာလဲမောင်ရယ်..အမေပြန်ဝင်လာရင် တွေ့သွားတော့မှာပဲ.."

"ခုနမှ ထွက်သွားတာကိုယ်တွေ့လိုက်ပါတယ်ကွာ..ပူမနေစမ်းပါနဲ့.."

"အမေ့.."

အပြာ့ကိုယ်လေး သူ့ပေါင်ပေါ်ပုံကျလာအောင် လက်ကိုဖိဆွဲလိုက်ပြီး..

"လွမ်းလိုက်တာကွာ.."

"မနေ့ကတစ်ရက်ပဲ မတွေ့တာကို.."

ခြံက အပြာ့ခါးလေးကို ဖက်ထားပြီးဝင်းနုနေသည့် ပခုံးစွန်းလေးကို နှုတ်ခမ်းနဲ့ဖိနမ်းလိုက်၏။ အပြာက သူ့နမ်းသည့်နေရာကို လက်ဖဝါးလေးနဲ့ အုပ်ထားလိုက်ကာ..

"လွတ်ပါမောင်ရာ..အပြာအဲ့လိုကြီး မနေတတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၅)

"ထွက်ရှောင်ပေးတာနေမှာပေါ့.."
ဟင်.. ၊
ဒေါ်ဟေမာန် ခြေလှမ်းတုံ့သွားသည်။ ဆေးရောင်းသည့် ဦးသန်းဝင်းက အခြေအနေကို ခြုံငုံနားလည်လိုက်ကာ.. ၊
"မဟေမာန် ခုတလောကျန်းမာရေးမကောင်းဘူးလား..ဆေးတွေချည်း ဝယ်နေသလိုပဲ.."
"ဩော်..အဲ ဟုတ်တယ်.."
"အကြောင်းပြရင်းနဲ့ ထွက်နေရတာဆိုတော့ နီးနီးနားနားမှာ ဆေးဆိုင်ပဲ ရှိတာကိုး.."
"ဟဲ့ ကြားသွားဦးမယ်နော်.."
ဒေါ်ဟေမာန်ကိုယ့်ကို ပြောနေကြတာလားလို့ တွေးရင်း ထိုနေရာမှ မခွာဖြစ်ဘဲရှိလေသည်။ ဒါပေမယ့် 'ရှောင်ပေးနေတယ်' ဆိုသည့်စကားက ဘာကိုပြောမှန်းလည်း မသိ. ၊
"မဟေမာန်..ဒီမှာ မဟေမာန်မေးနေတဲ့ ကော်ဖီသကြားလုံးရောက်ပြီဗျ.."
"ရှင်..အင်း.."
"လာလေ..ရောက်တုန်းယူထားလိုက်၊ ဒီကောင်က ဈေးနည်းနည်းကြီးလို့ ကျွန်တော်က သိပ်တင်တာမဟုတ်ဘူး.."
"အင်း..နောက်မှပဲ၊ ကျွန်မ.."
"သူ့ငွေကို အပိုင်ဖမ်းထားပြီးမှ သကြားလုံးလောက်ကို ဘယ်စားတော့မလဲ..ဦးသန်းဝင်းကလည်း အလိုက်ကမ်းဆိုးမသိ.."
ဒေါ်ဟေမာန် မထိတထိစကားတွေကို မခံနိုင်တော့ပေ.. ၊
"ဒီမှာဟဲ့.."
ကွမ်းယာဆိုင်ဘေးက အအေးဆိုင်လေးမှာဖြစ်သည်။ ဆိုင်သေးသေးလေးက စားပွဲလေးသုံးလေးလုံးပဲရှိကာ ကွမ်းယာဆိုင်ကနေ ဒီဘက်ကိုနှစ်လှမ်းလောက်ပြေးကပ်လိုက်တာနှင့် ဘေးစားပွဲက အမျိုးသမီးနှစ်ယောက်ဝိုင်းမှာ ရင်ဆိုင်ပြီးသားဖြစ်သွား၏။
"နင်တို့ဘယ်သူ့ကိုပြောနေကြတာလဲ.."
"အယ်..ဟို.."
"ဘယ်သူ့ကိုပြောပြောပေါ့.."
တစ်ယောက်က ထိတ်လန့်ဗျာများသွားပုံပေါ်ကာ ဒိုင်ခံပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ည့် တစ်ယောက်က ဘုကြည့်ကြည့်သည့်မျက်လုံးတွေနှင့်.. ၊

"ရှင်က မလုံမလဲလာမေးနေရအောင် ရှင်အဲ့လိုတကယ်လုပ်နေလို့ လား.."

"အေး..ငါဘာလုပ်နေတာမှန်း ငါ့ကိုယ်ငါတောင်မသိဘူး၊ နေပါဦး င်းတို့ကဘယ်သူတွေလဲ..ငါကမသိဘဲနဲ့ ငါ့ကိုသိပြီး ပြောင်ပြောင်တင်း င်း အတင်းတုတ်နေကြတာ အံ့ဩစရာပဲ.."

"ဘယ်သူက အတင်းတုတ်လို့လဲ..ဒုက္ခပါပဲ.."

"သမီးက အန်တီတို့လမ်းထိပ်ကပါ..သူက သမီးတို့အောက်ထပ်မှာ ငှားနေတာ နှစ်လလောက်ပဲရှိသေးတယ်.."

"သြော်..သြော်.."

အသက်ခပ်ကြီးကြီး အမျိုးသမီးကိုကြည့်၍ ဒေါ်ဟေမာန်နားလည် သွားသည်။ ပြောနေတာတွေကလည်း သူမရှုပ်ပဲဒိုင်ခံပါ။ အင်္ကျီလက် ောင်းနှစ်ဖက်ကို အေးဆေးလိပ်တင်လိုက်ရင်း.. ၊

"နှစ်လလောက်ပဲရှိသေးပေမယ့် တစ်ခါတစ်လေမှပြန်လာတတ်တဲ့ ဲ့သမီးအကြောင်းလည်း သိနေတယ်..ငါ့ခြေလှမ်းကိုတောင် သိနေလိုက် သေးတယ်၊ ချီးကျူးပါရဲ့အေ..ကဲ ပြန်ပြောစမ်းပါ၊ ငါကထွက်ရှောင်ပေး တယ်ဆိုတာ ဘာပြောတာလဲ.."

"အန်တီ သမီးမပြောဘူးနော်.."

"ပြောတော့ရောဘာဖြစ်လဲ..ဘယ်သူမှ နာမည်တပ်ပြောတာ မဟုတ် ဘူး၊ မဟုတ်ရင်မနာနဲ့ပေါ့.."

"မဟုတ်လို့နာတာတွေ မကြုံဘူးရင် အခုမှတ်သွား..ဟဲ့ကောင်မ.."

"ဖြန်း.."

"အား.."

"ခွမ်း..ဒေါက်.."

"သေပါပြီ.."

"မဟေမာန်တော်တော့.."

"ဆွဲကြပါဦး.."

အခြေအနေက ခဏလေးနဲ့တစ်ဖက်စောင်းနင်း ပြီးသွားခဲ့၏။ အ တင်းတုတ်နေသည့် အမျိုးသမီးရဲ့ နဖူးချိုစောင်းမှာသွေးသံရဲရဲနှင့် ပါးတစ် ဖက်မှာလည်း လက်ဝါးထင်လျက်.. ၊

"အဲ့ဒါမှတ်ထား..ဟေမာ်န့်အတင်းတုတ်ချင်ရင် မကြားအောင်တုတ် ကြ၊ ငါ့ရှေ့ရောက်လာပြီဆိုရင်တော့ နောက်တစ်ခါ ဒီထက်မဆိုးဘူးဆိုရင် ကြိုက်သလိုပြော.."

"ဟုတ်ပါပြီ..နင်မြန်မြန်ပြန်ပါတော့ မဟေမာန်ရယ်..ငါသိလို့ထိန်း နေတာတောင် မရဘူး.."

"ဟိုကောင်မလေးက လူကြီးသမီးထင်တယ်..ပြဿနာတော့တက် ပြီ.."

www.burmeseclassic.com

www.burmeseclassic.com


"လူကြီးပြီးအချိန်မစီးတဲ့ မိန်းမကြီး.."

ဒဏ်ရာရနေသည့်နဖူးကို လက်နဲ့ဖိကိုင်ထားရင်း အတင်းပြောသည့် အမျိုးသမီးကလည်း အခဲမကျေနိုင်၊ ဆွဲခေါ်နေသည့်ကြားက နောက်လှည့် ဆဲရင်း.. ၊

"နင့်သမီးအိမ်မှာ အခြူဇယားခင်းနေတာ ဘယ်သူမှမသိဘူးထင်နေ လို့လား..ဟွန်း သွား..အခုသွားကြည့်လိုက်၊ ကားကြီးနဲ့ဝင်လာရင် လူကြည့် မှာစိုးလို့ ခြေလျင်တစ်မျိုး..ကုန်းကျောင်းတစ်မျိုးနဲ့လေ၊ နင်တို့အကြောင်း မနေ့တနေ့ကမှ ရောက်လာတဲ့သူတောင်သိတယ်ဟဲ့..ကြွေးထူမရဲ့.."

အရှယ်လည်းမတူပါ၊ ဒါပေမယ့် အမျိုးသမီးက ဒေါ်ဟေမာန့်ကို ရစရာမရှိအောင် ဆဲသွားသည်။ ရိုက်လွှတ်လိုက်တဲ့သူက လွန်ပေမယ့် ကြားမကောင်းအောင် အော်ဆဲသွားသည့်နောက်မှာ ဒေါ်ဟေမာန့်လက် ချက်က မှေးမှိန်သွားခဲ့ပြီး.. ၊

"ဒီမိန်းမတွေကလည်း လွန်တယ်.."

"ဟုတ်ပ..ကိုယ့်ထမင်းကိုယ်စား သူများအကြောင်းပြောပြီး ပါးရိုက် ခံရတယ်လို့.."

ဒေါ်ဟေမာန်ကတော့ ရိုက်ထည့်လိုက်ပြီးသည့်နောက်မှာ အိမ်ကို ထမီ 'မ'ပြီး ပြန်လာခဲ့၏။

'ခုသွားကြည့်လိုက်..'

'နင့်သမီးအိမ်မှာ အခြူဇယားခင်းနေတာ' တဲ့.. ၊

ဒါမဖြစ်နိုင်ပေ.. ၊

"ခြံကို အိမ်မလာဖို့သမီးပြောထားတယ်"လို့ မနေ့ညကမှ အပြာ ကိုယ်တိုင် ပြောခဲ့တာပဲ.. ၊

ကိုယ့်အတွက်ကတော့ ပတ်ဝန်းကျင်ကိုဂရုမစိုက်ပါ၊ အပြာဒီလို ပြောခဲ့တာကိုတောင် 'ဒီလောက်မလိုပါဘူးအေ'လို့ ပြောခဲ့မိသေးသည်။

"အမေကမလိုပေမယ့် အန်တီကသေချာမှာထားတာ..ကိုယ့်ဂုဏ်သိ က္ခာအတွက်ဆိုတဲ့ စကားကိုတော့ သမီးနားထောင်ရမယ်.."တဲ့.. ၊

သမီးဖြစ်သူက ကိုယ့်ကိုကျော်ပြီး မတော်ရသေးသည့်ယောက္ခမ လောင်းကို အလေးထားရှိသေနေတာတွေ ကြားလိုက်ရလို့ ရင်နာသလိုလို စိတ်တိုသလိုလို ခံစားခဲ့ရတာလည်း မှတ်မှတ်ရရပါ.. ၊

သမီးကိုယ်တိုင်ဆင်ခြင်နေတဲ့ကိစ္စ ဒီမိန်းမတွေက ဘာလို့အပ်ချမတ် ချပြောရတာလဲ.. ၊

အိမ်အပြန်လမ်းသည့် ဘယ်ခြေလှမ်းနဲ့ပြန်ရောက်လာခဲ့မှန်းမသိ..

"ဒုန်း..ဒုန်း.."

အပေါ်တက်လိုက်တာနှင့် တစ်ခြမ်းပိတ်ထားသည့် တံခါးကိုဆောင့် တွန်းဖွင့်လိုက်၏။ တံခါးရွက်က ဒိုင်းခနဲဆောင့်ပွင့်သွားပြီး ပြန်ပြန်ကန် သွားတာ နှစ်ချက်သုံးချက်.. ၊

"အမေ.."

www.burmeseclassic.com

www.burmeseclassic.com



အပြာအိမ်နောက်ထဲက ပြေးထွက်လာတာ မျက်လုံးတွေပါပြူးကျယ်နေလျက်.. ။

"ဘာဖြစ်လာတာလဲအမေ.."

"အထဲမှာဘယ်သူရှိလဲ.."

"မရှိပါဘူး.."

"မှန်မှန်ပြောနော်.."

ဒေါ်ဟေမာန့်မေးခွန်းတွေရဲ့ နောက်မှာ ရပ်ကွက်ထဲကလူသုံးလေးယောက် ခြံထဲကိုဝင်လာကြပြီဖြစ်ကာ၊ အမျိုးသမီးတစ်ယောက်လည်းပါ၏။

"ဒေါ်ဟေမာန်..မနီနီဦးက မကျေနပ်လို့ ရုံးမှာတိုင်နေတယ်.."

"ကျုပ်တို့က ကိုယ့်လူကိုယ်ဦးအောင်ပြောစေချင်လို့ လာသတိပေးတာ..သူခင်ဗျားကို ဆဲဆိုသွားတာတွေ အကုန်ပြောပြပြီးရုံးမှာ သရေဖျက်မှုနဲ့ ပြန်တိုင်ဗျာ.."

"ဟုတ်တယ်..အဲ့ဒါမှ သူ့အမှုသူပတ်မှာကြောက်ပြီး လန့်ဖျန့်သွားမှာ.."

"ဒေါ်ကြီးဟေမာန် ဆေးကုစရိတ်တွေ ဘာတွေလည်းမပေးနဲ့သိသား..ကိုယ့်ကို လူကြားထဲမှာ ငယ်ကျိုးငယ်နာဖော်ပြောသွားတာ နည်းသား.."

တစ်ယောက်တစ်ခွန်းစကားတွေကြောင့် အမေထိပ်ပေါက်ခေါင်းကွဲသုပ်ချလာပြီကို အပြာသိလိုက်သည်။ ထို့ပြင် မဆင်မခြင်အမေ့ဒေါသစကားတို့သည်.. ။

"ဝေးပါသေးတယ်အေ..ဆေးဖိုးဝါးခမပြောနဲ့ အဲ့ဒီအကြောင်းစကားဟာရဲ့ ဟကြည့်ပါလား၊ ဒီတစ်ခါဆို နောက်ထပ်မဟာရဲတော့အောင် ပါးဆောင်နှစ်ဖက်ကို ဆွဲဖြဲပေးလိုက်မယ်ဟွန်း..ခုအိမ်ပြန်ကြည့်တဲ့၊ ပြောပုံကငါ့သမီး သူ့ဗွေးနဲ့ချိန်းတွေ့နေတော့ရော ခြူစားစား မြူစားစား သူ့အလုပ်ဘာပါသလဲ.."

ရှက်လိုက်တာ.. ။

အပြာ လူတွေရှေ့မှာရပ်မနေရဲတော့ဘဲ အိမ်ထဲချက်ချင်းပြန်ဝင်ခဲ့မိသည်။ အမေ့စကားတွေက သမီးတစ်ယောက်လုံးကိုတောင် မေ့နေသလားသေး၊

"ဟဲ့..အပြာ ပြောစမ်းငါ့ကို၊ ဟိုကောင်လေးဒီကိုလာသွားတာလား.."

လူတွေပြန်သွားကြတော့ ဒေါ်ဟေမာန်အိမ်ထဲဝင်လာသည်။ အပြာ အဝတ်အစားတွေ ခရီးဆောင်သေတ္တာလေးထဲ ပြန်ကောက်ထည့်နေတာ.. ၊

"အမေသိချင်ရင် သမီးကိုဝင်မေးပါလား..ဘာဖြစ်လို့ အိမ်ရှေ့မှာ အော်နေတာလဲ.."

ငိုနေရင်းလည်းပြောတော့ အနားမှာဖြုတ်ခနဲ ထိုင်ချလိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သြော်..နှင်းကငိုနေတယ်ဟုတ်လား၊ မအေက တစ်ရပ်ကွက်လုံးနဲ့
သနားရှင်းနေရတာ တစ်ခွန်းတစ်ပါဒ နှစ်သိမ့်ဖော်မရတဲ့အပြင်.."

နှစ်သိမ့်ရအောင်အမေက သမီးမျက်နှာကိုငဲ့ပြီး သူများပြောတာ
တာကို ကြိတ်မှိတ်ခံလာခဲ့ရတာ မို့လို့လား.."

"ငါက ဘာလို့ခံရမှာလဲ..နှင်းဟေမာန်ရဲ့ရာဇဝင်မှာ သူများပြော
ခေါင်းငုံ့ခံနေခဲ့ရတာ ထုံးစံမရှိဘူး.."

"အပြာရင့်ရောင်ရဲ့ရာဇဝင်မှာလည်း အမေ့ကြောင့်ချည်းပဲ မျက်ရည်
ကျခဲ့ရတာ..ပျော်ရတယ်လို့ တစ်ခါမှကို မရှိခဲ့သေးပါဘူး.."

"ဘာ.."

ဒေါ်ဟေမာန် သမီးမျက်နှာကိုတအံ့တဩ ပြန်ကြည့်မိ၏။ အပြာ
မျက်ရည်ပေါက်ကြီးငယ်ကျကာ ရှိုက်ကြီးတငင် ငိုကြွေးနေတာမြင်မှ ကိုယ်
ဘာတွေ ပြောခဲ့မိသလဲဆိုတာ ပြန်တွေးနေရသည်။

"အမေအပြင်ထွက်သွားတာနဲ့ သူရောက်လာတယ်..ဘာမှတောင်
စားသွားဘူး၊ သမီးမကြိုက်မှန်းသိလို့ ချက်ချင်းပြန်သွားတယ်..အဲ့ဒါတွေ
အမေရန်ဖြစ်လောက်စရာ ဘာပါသွားလို့လဲ.."

"ပါပြီကောအေ..ခြံလာတာငါလည်း သိတာမဟုတ်ဘူး၊ ဒါပေမယ့်
သူ့တို့ကသိတယ်..အိမ်မှာ သူဌေးသားကိုခြူနေတယ် ဘာညာနဲ့.."

"တော်ပါတော့အမေရယ်..ပြောချင်တဲ့လူတွေက ပြောစရာကိုစောင့်
ကြည့်နေကြတာ၊ ကိုယ်လည်းပြောစရာလုပ်လို့ ပြောနေကြတာပဲ..အမေ
ကိုယ်မကြားသလိုနေလိုက်ရင် ပြီးသွားမှာပေါ့..ခုတော့.."

ပြောပြီး ရှိုက်ငိုနေပြန်သည်။ ကိုယ်မွေးမြူလာခဲ့သည့် သမီးလေး
ဒီလောက်တောင် သည်းခံပါရမီတွေပြည့်ဝပြီး ဒီလောက်ထိရှက်တတ်
နေတာကို မယုံနိုင်.. ၊

သားအမိနှစ်ယောက်အတူဖက်ပြီး ရုန်းကန်လာခဲ့တဲ့ဘဝမှာ သားအ
မိချင်းလည်း ပြောစရာရှိပြော၊ အော်စရာဖြစ်လာရင်အော်၊ တခြားသူတွေနဲ့
ရင်ဆိုင်ရဖို့ ဖြစ်လာပြီဆိုရင်လည်း နှစ်ယောက်အတူထွက်ခဲ့ကြသည်၊
တိုင်ပင်ခဲ့ကြသည်။

အိမ်ရှေ့မှာ ကြွေးရှင်နဲ့မအေစကားများနေပြီဆို အိမ်ထဲမှာ အပြာ
လက်နက်ဝင်ရာနေပါပြီ။ ဒါတွေဟာ သမီးဆယ်တန်းအောင်ဖို့ ဘော်ဒါပို့
လိုက်တဲ့ နောက်မှာ အားလုံးပြောင်းလဲသွားခဲ့သည်။

အိမ်ကိုတစ်ခါပြန်လာတိုင်း သမီးက ပုံစံတစ်မျိုးလေးနဲ့ဖြစ်လာ
တတ်၏။ ခုတော့ သမီးရဲ့ပြောင်းလဲခြင်းအရာရာဟာ ကိုယ်ထိန်းကျောင်း
လာခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးအတွက်ပါ နှုတ်ခြင်းစားခြင်းတွေနဲ့ အပြ
ထုတ်ပြလိုက်တာလား.. ၊

"ခြံမာမီ အတန်တန်ပြောထားခဲ့တယ်..ဂုဏ်သိက္ခာကို ဖွင်းပုံမခံဖို့.."

သူမဆီက ဒီစကားကိုကြားလိုက်ရတော့ ဒေါ်ဟေမာန်ပို၍ငိုင်သွား
ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီးနဲ့သဘောမတူချင်လို့ တစ်ဖက်လှည့်နဲ့ ပြောတာဖြစ်ဖြစ်.. သူပြောတာ အမှန်တွေပဲအမေ၊ အဲ့ဒါကြောင့် သမီးကိုယ်တိုင်ဆင်ခြင်တော့ ဒီ ဆုံးဖြတ်လိုက်တာ.."

"ဘာတွေကိုလဲအပြာ..ညည်းက ဘာတွေဖြစ်နေလို့လဲ၊ ငါကရော ဘာယ်လိုနေနေလို့လဲ.."

"အဲ့ဒါသမီးပြောဖို့ လိုသေးလို့လား..အမေခုပဲ ကိုယ့်အထုပ်ကိုယ် ပြည်ပြီး ခုနစ်သံခြည်ဟစ်ခဲ့တာ.."

"ဒီလိုနေ့ရာမှာကြောက်လို့ ခေါင်းငုံ့ခံနေရင် ကိုယ့်ခေါင်းကိုတက် နင်းသွားမှာပဲ.."

"အမေရန်ဖြစ်လာတာကျတော့ သူတို့ကိုနိုင်သွားလို့လား..တစ်ရပ် ကွက်လုံး အမေ့ကိုဘုရားထူးလာကြသလား.."

"ဟဲ့..အဲ့ဒါက.."

"သမီးခြံ့ကို လက်ထပ်ချင်လွန်းလို့မဟုတ်ဘူး..ဒါပေမယ့် အမေ သမီးကို မငဲ့ညှာတာတော့ အရှမ်းခံစားရတယ်သိလား.."

"ဖြစ်ရလေ..အပြာရယ်.."

ဒေါ်ဟေမာန် ခေါင်းတရမ်းရမ်းနှင့် ကိုယ့်စိတ်ကိုဖြေနေရသည်။ ဒီစကားတွေကို ကိုယ့်သမီးကပြောနေတာသာ မဟုတ်ခဲ့လျှင် ဒီနေရာမှာ ဘာဖြစ်သွားနိုင်လဲဆိုတာ မသိနိုင်.. ၊

ခုတော့ ဒေါသတွေဖြစ်လာခဲ့သည်။ ဒါပေမယ့် ရင်နာတာကပို သည်။ မခံချင်စိတ်တွေနဲ့ သားအမိစကားများနေကျအတိုင်း အနိုင်လုပြော ဖို့ စိတ်ကဖြစ်၏။ သို့သော် ကိုယ့်ကိုယ်ကိုသိမ်ငယ်သလို ခံစားလာမိခြင်း သည် ဘာစကားတစ်ခွန်းမှ ပြောမထွက်နိုင်တဲ့အထိ.. ၊

"သမီး ဒီမှာအလုပ်မရခင်အမေနဲ့ တိုင်တိုင်ပင်ပင်နေမလို့ ပြန်လာ ခဲ့တာ..သမီးတို့ဘာတွေလုပ်ကြမယ်ဆိုတာတွေ အစီအစဉ်ချမလို့.. ဒါပေမယ့် အခု မနေချင်တော့ဘူး..သမီးအဆောင်ပဲ ပြန်နေတော့မယ်.."

"ဘာ.."

"သမီးအမေနဲ့ နေဖြစ်တိုင်းစိတ်ညစ်နေရတာ.."

"အပြာရယ်..ညည်းက.."

ထိုစဉ် တံခါးခေါက်သံတွေ ကြားလိုက်ရကာ.. ၊

"ဒေါ်ဟေမာန်..ဗျို့ ဒေါ်ဟေမာန်.."

"ရှိတယ်ဟေ့.."

"သြော်..ဟုတ်ကဲ့၊ ရပ်ကွက်ရုံးကို အခုလာခဲ့ဖို့ ဆင့်ခေါ်စာလာပို့တာ ပါ.."

ဒေါ်ဟေမာန်နဲ့အပြာ မျက်လုံးချင်းဆုံသွားကြသည်။ အပြာလက်ထဲ က ထည့်မလို့ကိုင်ထားသည့် အကျီအထပ်လိုက်လေး ပေါ်ပေါ်ပြန်ကျ သွားကာ ဒေါ်ဟေမာန်နေရာမှ ထရပ်၏။

ဒီလိုဖြစ်အောင်လုပ်ခဲ့တာမဟုတ်ဘဲ၊ သမီးဖြစ်သူကို စကားတွေပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်သေးသည်။ မပြန်သွားနဲ့ဦးလို့လည်း တားချင်၏။ ဒါပေမယ့် အမေ့ကို
သည့် မာနနဲ့ပြောလည်း မပြောဖြစ်.. ၊

အမေ မပြောဘဲထွက်သွားပေမယ့်လည်း အပြာနားလည်သည်။ ထို့
ကြောင့် ခုတင်ပေါ်လှဲချလိုက်ရင်း မျက်ရည်သုတ်မိသည်။

အမေ့ကို သူမခွဲလည်းမခွဲနိုင်ပေ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"အုန်းနို့ခေါက်ဆွဲက အနံ့တီလေးချက်တာလားဟင်.."

"မချက်နိုင်ပါဘူးသမီးရယ်..ခုတလောဆို အလုပ်တွေကရှုပ်နေသေးတယ်.."

"ဟုတ်လား..ဟန်နီက အနံ့တီလေးလက်ရာကို ပိုကြိုက်တာ.."

ဟန်နီက ဆံပင်တွေအရှည်ကြီးဖြန့်ချထားတတ်ကာ အရပ်လေးမနိမ့်မမြင့်နှင့် ကလေးဆန်ဆန်ချစ်စဖွယ်လေးဖြစ်သည်။ မျက်နှာမသွယ်ဘဲ အေးဖျားလေးချွန်နေကာ နုတ်ခမ်းပါးလျှာပါးလေးနဲ့မို့ မျက်နှာလေးကိုက ကလေးပုံလေး ပေါက်နေတာထင်၏။

ထို့ပြင် ဂါဝန်အရှည်တွေချည်းဝတ်တတ်ကာ ဆွဲသီးအကြီးကြီးတွေနဲ့ ကြိုးအရှည်တွေကိုလည်း မက်မက်စက်စက်ရှိ၏။ လက်ပြတ်တွေ ခါးတော်တွေကအစ တို့လို့တွဲလောင်းလေးတွေ များနေတတ်ကာ အဝတ်အစားကျတော့ ဘောင်းဘီအတိုအရှည် အကျီအတိုအရှည် ဘာဖြစ်ဖြစ်ကပ်ကပ်ကျပ်ကျပ်လေးတွေ အဝတ်များ၏။

အုန်းနို့ဟင်းရည်ဆမ်းဖို့အတွက် ဇွန်းကိုင်လိုက်သည်နှင့် ဟန်းချိန်းကြိုးတွဲက ဟင်းရည်ပန်းကန်ပေါ်မှာ ဝဲနေကာ.. ၊

"အဟွန်း..ကိုလေးဆမ်းပေး.."

"အဲ့ဒါပဲ..တစ်ခုခုဆို နောက်လူမပါရင်မပြီးဘူး.."

ခြဲက ပြောပြောဆိုဆိုနှင့် ဟန်နီခံပေးထားသည့် ပန်းကန်ထဲကို ဟင်းရည်ခပ်ထည့်ပေးကာ.. ၊

"အဲ့ဒါမျိုးတွေလုပ်ပေးနေရရင် အပြော့ကိုသတိရတယ်..နောက်မခိုင်းနဲ့.."

"အမလေး..ဘာပြောပြော မပြာရရင်မပြီးဘူး.."

"ဟုတ်တယ်..ဟင်းရည်တွေတောင် ငါ့မျက်လုံးထဲမှာ ပြာနေသလိုလို.."

"သွားပါ.."

ဒေါ်မင်းမာလာက သားကိုကြည့်နေမိရင်း ပြုံးဖို့ရယ်ဖို့လည်း စိတ်ကမရောက်.. ၊

မပြုံးပေမယ့် မဲ့လိုက်မိလျှင်ခက်ဦးမည်မို့ အုန်းနို့ခေါက်ဆွဲပဲမှုံ့စားနေမိကာ.. ၊

"အနံ့တီလေးကနော်..မထင်ရဘူး.."

"ဟင်..ဘာလဲသမီး.."

www.burmeseclassic.com

www.burmeseclassic.com


"မာနကြီးကြီး စည်းကမ်းကြီးကြီးနဲ့ အရမ်းလည်းမောက်မာမှာပဲထို့ ထင်ရလောက်အောင် မျက်နှာလှလှလေးက တင်းပြတ်နေတာ.."

"အဲ့ဒီတော့ ဘာဖြစ်လဲ.."

ဟန်နီဘာပြောချင်လို့ ဘယ်လိုအစပျိုးလိုက်မှန်း သိနေသဖြင့် ခြာ ဘုဆတ်ဆတ်မေး၏။ ဟန်နီက ပြောမှာပဲဆိုသည့်မျက်နှာလေးနှင့် သူ့ကို မျက်စောင်းလှည့်ထိုး၏။ ပြီးမှ.. ။

"ကိုလေးကို အဲ့ဒီတစ်ယောက်နဲ့ဘယ်လိုသဘောတူလိုက်တာလဲ စဉ်းစားလို့မရလို့လေ.."

"နင်မာမို့ကို ဆေးမထိုးနဲ့နော်..ငါနဲ့မာမီနဲ့က အမြဲတမ်းစည်းလုံးပြီး သား.."

"ဟွန်း.."

ဟန်နီက မျက်စောင်းထိုးပေမယ့် ခြကရယ်နေ၏။ ပြီးတော့.. ။

"အချစ်အတွက် ဂုဏ်ပကာသနအဆင့်အတန်း မလိုဘူး..အဲ့ဒါကို မာမီနဲ့ငါနဲ့ သိတယ်.."

"အပိုတွေပြောမနေစမ်းပါနဲ့..အန်တီလေးက မလွှဲသာလို့သဘောတူ လိုက်ရတာ နေမှာပါ..မာမီပြောသွားပဲ၊ ကိုလေး တော်တော်အခြေအနေဆိုး နေလို့ မာလာသဘောတူလိုက်ရတာ နေမှာတဲ့.."

"ဟုတ်တော့ဘာဖြစ်လဲ.."

စားသောက်ရင်း စကားအနိုင်လုနေကြပေမယ့် ဒေါ်မင်းမာလာက ဘာမှဝင်မပြောဘဲ တိတ်ဆိတ်စွာစားနေခဲ့၏။ ပြီးတော့ နှစ်ယောက်စ လုံး ထသွားကြကာ အိမ်ရှေ့ရောက်သွားကြသည်။ ဖုန်းတစ်လုံးနဲ့ ဘာတွေ အလုပ်ရှုပ် ငြင်းခုံနေကြမှန်း မသိ.. ။

"ကိုလေးနော်..နေရာတကာလက်မပါနဲ့၊ ဟွန်း တော်သေးတာပေါ့- ကိုလေးနဲ့ဟန်နီ လက်မထပ်ဖြစ်တာ.."

"ဟုတ်တယ်..နင် ငါနဲ့သာလက်ထပ်လို့ကတော့ မလွယ်ဘူး.."

"သိတယ်..ဘုရားမတာပဲဆိုတာ.."

ဟန်နီပြန်တဲ့အထိ ခြက ကားနားထိပြေးငြင်းနေသေးသည်။

"ပြော..နင်ရှုံးတာ ဝန်ခံလားပြော.."

"ဟုတ်ပြီ..သိပြီ၊ ကျေနပ်ပြီလား..ဖယ်ပေး ကားနားက.."

"ဟား ဟား ဟား..ဒါပဲလေ.."

ဒေါ်မင်းမာလာ လှမ်းကြည့်ရင်းသက်ပြင်းချမိ၏။ ဟန်နီနဲ့သာဆို သူငယ်ချင်းလို မောင်နှမလို အတွင်းသိ အလိုက်သိ ရွှေနဲ့မြသား ဂဟေထား သကဲ့သို့.. ။

"မမကြီး.."

"ဟင်.."

စားရင်းစာရွက်ကို အဝင်းက ကမ်းပေးသဖြင့် ယူလိုက်ပေမယ့် စိတ် က စာရွက်ဆီတော်တော်နဲ့မရောက်.. ။

www.burmeseclassic.com

www.burmeseclassic.com


"ဩော်..အဝင်းနေဦး.."
"ဟုတ်.."
"မနက်ပိုင်းက ဖုန်းဝင်သေးလား.."
"လာတယ်မမကြီး.."
"ကုမ္ပဏီကလား.."
"ဟုတ်ကဲ့..မမကြီး မှာထားတဲ့ဖုန်းမဝင်ဘူး.."
"အင်း ပြီးရော.."
ဒေါ်မင်းမာလာ ကိုယ့်ဘာသာပဲ ဖုန်းခေါ်လိုက်ကာ.. ၊
"ဟုတ်တယ်..ငါ.."
"........... ........"
"သိသလောက်ပဲပြောလေ..မင်းတို့ကို ငါကသတင်းပြည့်စုံရမှ လာပြောပြလို့ ပြောခဲ့လို့လား.."
"....... ................"
"အင်း.."
ပြောသမျှကို နားထောင်နေရင်းခြံပြန်ဝင်လာတာကို လှမ်းကြည့်နေသည်။ ခြံက မအေကိုလှမ်းကြည့်လိုက်ပြီးမှ ဧည့်ခန်းမှာပဲသွားလိုက်ပြီး ဖုန်းခေါ်နေ၏။ ဒေါ်မင်းမာလာက သားကိုလည်းကြည့်နေလျက်.. ၊
"အင်း..အဲ့ဒါတွေက တကယ်အမှန်ဖြစ်ခဲ့တာလား.."
"........ .........."
"အင်း..နောက်ပိုင်းအဲ့ဒါတွေ ရှင်းသွားပြီဆိုတာကရော.."
"........ .........."
"အိမ်ရောင်းလိုက်တဲ့အားလုံးက ကျောင်းစရိတ်ထဲပါကုန်တယ်ဆို.."
"......... ........"
"နေဦး..အဲ့ဒါကို ငါသေချာသိချင်တယ်.."
"...... .........."
"ဟုတ်တယ်..အရေးကြီးတယ်၊ ဒေါ်နှင်းဟောမာန်ဆိုတဲ့ မိန်းမတစ်ယောက် အဲ့ဒီအချိန်ကနေ ခုချိန်ထိ ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာ ငါသိရမှဖြစ်မယ်.."
ဖုန်းပြောနေရင်း လှမ်းကြည့်လိုက်တော့ ခြံကိုမတွေ့ရတော့ပေ၊ သို့သော် ပြောပြီးဒီဘက်လှည့်လိုက်တော့ ခြံကလည်း ဘေးကိုရောက်နေပြီဖြစ်လျက်.. ၊
"မာမီ အပြာတို့အကြောင်းစုံစမ်းခိုင်းနေတာလား.."
သူ့ခိုးလုမိသွားသည့်မျက်နှာမျိုးဖြစ်မသွားဘဲ ဒေါ်မင်းမာလာက တည် ငြိမ်စွာခေါင်းညိတ်သည်။ ပြီးတော့ ဧည့်ခန်းဆီ ခပ်လှုပ်လှုပ်လျှောက်သွားကာ..၊
"သူတို့အကြောင်း စုံစမ်းရတာက.."

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါမသင့်တော်ဘူးမို့လားမာမီ..သူတို့သိသွားရင်လည်း မကောင်းပါဘူး.."

"သိဖို့လည်းမလိုဘူး...မကောင်းဘူးဆိုတာ သိပေမယ့်လည်း မတတ်နိုင်ဘူး၊ မာမီ့သားနဲ့တစ်ဘဝလုံး လက်ထပ်ပေါင်းဖက်သွားမယ့် ဇနီးမယားဟာ လှနေဖို့ပဲလိုတာ မဟုတ်ဘူး..သူ့ရဲ့ကာရိုက်တာ သူ့ဘဝ..နောက်ပြီး သူဖြတ်သန်းလာခဲ့ရတဲ့ အတိတ်.."

"ဒါပေမယ့် မာမီကိုယ်တိုင်သဘောတူတယ်လို့ ပြောခဲ့ပြီးပြီလေ.."

"ဟုတ်တယ်..အဲဒါတွေကို မသိဘဲမာမီသဘောတူခဲ့တယ် ထင်လို့လား..မင်းနဲ့ပတ်သက်ပြီးဆိုတည်းက စိတ်ညစ်စရာတွေကို စုံစမ်းကြည့်ခဲ့ပြီးသား.."

ဒေါ်မင်းမာလာ မျက်နှာတည်သွားကာ.. ၊

"ဒါပေမယ့် မာမီသဘောတူပေးခဲ့တယ်..မင်းစတောင်းဆိုလာတည်းက ကိုယ့်သားရဲ့အခြေအနေကို နားလည်နေလို့မာမီလူကြမ်း မလုပ်ချင်တော့တာကြောင့်.."

မိဘကကိုယ့်အတွက် အများကြီးလိုက်လျောထားခဲ့မှန်း သိပါသည်။ ထို့ကြောင့် ပြန်ပြောပြနေတော့ ခြံမျက်နှာငုံ့ထားမိ၏။သူ့ရင်ထဲမှာလည်း အပြာကလွဲရင် တခြားဘယ်မိန်းမကိုမှ ရှိသည်လို့တောင် မထင်မိတော့တဲ့အထိ သူမှသူဖြစ်နေခဲ့ရတာ ဘယ်လိုလုပ်ရမှာလဲ.. ၊

"သားကချစ်နေလို့ ဘာမှအပြစ်မမြင်နိုင်ပေမယ့် သားနဲ့လက်တွဲလိုက်ပြီဆိုတာနဲ့ အားလုံးရဲ့အထူးစိတ်ဝင်စားခြင်းခံရမယ့် မိန်းကလေးက အပြာရင့်ရောင်ပဲ..ပြီးတော့ သူ့အမေ ဒေါ်ဟေမာန်.."

'မာလာနဒီ' အလှကုန်နဲ့အထည်စက်ရုံကြီး ပိုင်ရှင်ဒေါ်မင်းမာလာရဲ့ စည်းကမ်းကြီးခြင်း တိကျပြတ်သားခြင်းနှင့် မာန်မာနကြီးမှုတွေဟာ သားကို ဒီလိုမိန်းကလေးနဲ့ လက်ထပ်ပေးလိုက်ပြီဆိုတာနှင့် ခုနဟန်နီပြောသွားသော အံ့သြခြင်းများစွာနဲ့ မေးခွန်းမျိုးတွေ သူမထံရောက်လာတော့မှာဖြစ်သည်။

"သူတို့ရဲ့ဘဝတွေက စိတ်ပျက်စရာတွေချည်းပဲသား..မထူးစိတ်ပိုက်ဖို့ မာမီကြိုးစားနေတယ်၊ အကောင်းဆုံးဖြစ်လာဖို့ ငါပဲဖန်တီးမယ်ဆိုတဲ့ စိတ်မွေးကြည့်ခဲ့တယ်..ဒါပေမယ့် အဲဒါကသိပ်ကိုခက်ခဲနေတယ်.."

ခြံကမျက်နှာငယ်စွာရှိနေခဲ့လျက် မိခင်ဖြစ်သူနဲ့မျက်လုံးချင်းဆုံလာတိုင်း ဟိုလွှဲဒီလွှဲအနေခက်နေခဲ့၏။ ဒီသားကိုယ့်အပေါ် ဘယ်လောက်ပဲ အားနာစိတ်တွေနဲ့ အနေခက်ပါစေ၊ 'တော်ပါပြီလက်မထပ်တော့ပါဘူး'လို့တော့ ပြောလာမှာ မဟုတ်မှန်းဒေါ်မင်းမာလာ သိနေသည်။

"ခုနေ မာမီကသားကို ဟန်နီနဲ့ပဲ ဖွတ်အတင်း.."

"ဟာ..မလုပ်ပါနဲ့မာမီရာ.."

စကားတောင် မဆုံးသေးဘဲ ခြံမျက်နှာပျက်ပျက်နှင့် ပျာတိပျာယာ..

"အဲလိုတော့ မလုပ်ပါနဲ့မာမီရာ..ဟန်နီ့ကိုတော့ သားညီမလိုက

www.burmeseclassic.com

www.burmeseclassic.com


ပြီး ဘယ်လိုစိတ်နဲ့မှ လက်ခံလို့မရလို့ပါ.."

"တခြားတစ်ယောက်နဲ့ဆိုရင်ရော.."

ခြံ့မျက်နှာသည် အထူးတလည်သေးကျုံ့ ရှုံ့မဲ့သွားခဲ့လျက်.. ။

"သားကိုအပြာနဲ့မှ လက်ထပ်ခွင့်မပေးဘူးဆိုရင် နေပါစေတော့မာ မာမိဘယ်လိုမှ လက်မခံနိုင်ရင် သားလက်မထပ်ပါဘူး၊ တခြားဘယ် မိန်းမနဲ့မှလည်း နောက်ထပ်လက်ထပ်ပေးဖို့ မကြိုးစားပါနဲ့.."

ခြံ့စကားတွေက မိခင်တစ်ယောက်ရင်ထဲကို တိုက်ရိုက်ပစ်ခွင်းနေသ ည့် ရှိကာ.. ။

"မာမိသဘောမတူဘဲ ဖွတ်တရွတ်ခိုးပြေးတဲ့ အလုပ်မျိုးလည်းသား ဘယ်တော့မှ မလုပ်ဘူး..အဲဒီနည်းက မိဘကိုဂရုမစိုက်ရာရောက်သလို တစ်ဖက် မိန်းကလေးကိုလည်း တန်ဖိုးမထားရာရောက်ပါတယ်.."

ဒီစကားကြောင့် ဒေါ်မင်းမာလာနှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။ ဒီအ ချက်နှစ်ချက်မှာ ဘယ်အချက်ကို သားမဖြစ်ချင်ဆုံးလဲ.. ။

"နောက်ပြီး မာမိနဲ့သားနှစ်ယောက်ပဲရှိတာ..မာမိကိုထားပြီး သား ဘယ်တော့မှ ခွဲထွက်မသွားဘူး..သားကိုလည်း ဘယ်လိုမှချစ်လို့မရတဲ့ မိန်းမတစ်ယောက်နဲ့တော့ လက်မထပ်ပေးပါနဲ့.."

လိမ္မာလိုက်တဲ့သား.. ။

စကားအရာမှာ ကျွမ်းကျင်လိမ္မာလွန်းလို့ မိခင်တစ်ယောက်က ဘဝ စာတ်ခုံပေါ်ရောက်နေကာမှ ဘီလူးဆိုင်းတီးရမလားမသိ၊ ကဝေလိုကရမှာ လား ဒါမှမဟုတ် မင်းသမီးလေးလို လွမ်းပြရမှာလားလည်းမသိ၊ ယောင် ဝါးဝါးဖြစ်ခဲ့ရရင်း.. ။

နောက်ဆုံးမှာ ဒေါ်မင်းမာလာအရှုံးပေးလိုက်ဖို့ ဆုံးဖြတ်ချက်ဖြစ်ခဲ့ လေသည်။ ထိုစဉ်.. ။

"သား.."

လက်နက်ချအရှုံးပေးသွားသလို လျှော့ရိလျှော့ရဲကိုယ်ခန္ဓာကို သယ်မ၍ အနားကထထွက်သွားလျှင် ဒေါ်မင်းမာလာမနေနိုင်.. ။

"ပြန်ထိုင်ပါဦး..မာမိစကားမှ မဆုံးသေးတာ.."

"သားအတည်ပြောနေတာပါမာမိ..မာမိစိတ်ချမ်းသာအောင် ပြော ပေးတာလည်း မဟုတ်ဘူး၊ မာမိဆီက လိုချင်တာရဖို့ ငတ်တုတ်ထိုင်ဆ န္ဒပြနေတာမျိုးလည်း မဖြစ်ချင်လို့.."

"ဒါပေမယ့် သားစိတ်မချမ်းသာဘူးမို့လား.."

"မာမိနဲ့သား မျှတဖို့ပဲလိုတာပါ.."

"ဘယ်လို.."

"သားကိုမာမိ နောက်ထပ်လက်ထပ်ဖို့ မတိုက်တွန်းဘူးဆိုရင်သား ခံစားရလည်း ခဏပေါ့.."

ဒေါ်မင်းမာလာ မချိတရိပြုံးလိုက်မိသည်။ သားဘက်က အနစ်နာခံ ပေးနိုင်တာကို တမင်ချပြတာဖြစ်ချင်ဖြစ်မည်။ ဒါပေမယ့် တကယ်အဲ့လို

www.burmeseclassic.com

www.burmeseclassic.com


စိတ်မျိုးမွေးလိုက်တာ ဆိုရင်တောင် ဘယ်မိဘက ကိုယ့်စိတ်ချမ်းသာ
ကိုပဲ အရယူမှာလဲ.. ။

"မာမီက သားရဲ့စွဲလမ်းမှုကို နားလည်ပြီးသားပါ..ဒီလိုကွာဟနေတဲ့
အဆင့်အတန်းမျိုးနဲ့ သဘောတူပါတယ်လို့ ပြောနိုင်ခဲ့တဲ့အထိ မာမီဘ
ကြောင့် စွန့်စားခဲ့တာမို့လို့လဲ..သားစွန့်လွှတ်နိုင်တာထက် မာမီကပို
လို့ပေါ့.."

ဒေါ်မင်းမာလာက သားအနားကိုထလျှောက်လာပြီး နဖူးဆံစတွေ
တယုတယ သပ်တင်ပေးရင်း.. ။

"ဒါပေမယ့် ဆုံးဖြတ်နိုင်ရင်တောင် တကယ်လုပ်ဖို့ခက်တယ်..မာ
အတွက် အရမ်းခက်ခဲနေတဲ့အတွက် သားကိုလည်းလက်ထပ်ပေးနိုင်အောင
မာမီနဲ့ ပတ်ဝန်းကျင်မှာလည်း တင့်တယ်အောင်မာမီကြိုးစားရဦးမယ်-"

ခွန်က တစ်ခုခုပြောဖို့ပြင်လျှင် ခေါင်းခါပြလိုက်ကာ.. ။

"သူတို့အကြောင်း မာမီစုံစမ်းစရာမလိုပါဘူး...ဒါပေမယ့် လုပ်စရာ
သေးတယ်၊ သားနဲ့ပေးစားရတော့မယ်ဆိုရင်တော့ ဒီတိုင်းဘယ်လို
မဖြစ်ဘူး.."

ခွန်က နားမလည်စွာကြည့်သည်။

"မာမီ့ကိုယုံတယ်ဆိုရင် သားချစ်တဲ့သူနဲ့ပေါင်းဖို့အတွက် မာမီစိ
နေတယ်လို့ပဲ မှတ်ထားလိုက်ပါ..ရေမြင့်ရင်ကြာမြင့်ရတယ်.."

မာမီဘာကိုပြောချင်တာလဲ.. ။

သူ့အတွက်ဆိုတာကို ယုံကြည်ပေမယ့် မာမီအလုပ်လုပ်နေသမျှ သူ
ကိုလည်း ဘယ်တုန်းကမှ မတိုင်ပင်ခဲ့တာ မှန်ပေမယ့်.. ။

"သားနဲ့ထိုက်တန်တဲ့မိန်းကလေး မဟုတ်သေးပေမယ့် မာမီလက်ခံ
ပေးနိုင်တဲ့ အဆင့်အတန်းမျိုးတော့ သူတို့မှာရှိနေရမယ်.."

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၇)

ကြည့်နေရင်းနဲ့ မယုံနိုင်..။

ဒီဆိုင်ကြီးတစ်ခုလုံးက ကိုယ့်အပိုင်၊ ကိုယ်တိုင် ထိုင်ရမှာဆိုပဲ..။

ပွဲထိုင်ဇာတွေအမျိုးမျိုးနှင့် ပိုးထည်အမျိုးမျိုးက အရောင်အသွေးတွေနေသည်။ အလိပ်လိုက်တွေထားတာရော တန်းလန်းဆွဲချထားတာတွေရော ပတ်လည်နံရံကပ် ရှိုးကေ့စ်တွေထဲမှာလည်း အပြည့်..။

လှည့်ပတ်ကြည့်ရင်း ခန္ဓာကိုယ်က တစ်ပတ်မကလည်နေခဲ့သည်။ ဒေါ်ဟောမာန် ပါးစပ်အဟောင်းသားဖွင့်နေမိကာ သတိရပြီးပြန်ပိတ်လည်း ဒီတိုင်းပဲ ပြန်ပွင့်လျက်သား..။

"အန်တီ.."

"ဟင်.."

အနားမှာကပ်ခေါ်လိုက်သဖြင့် ထူးလိုက်မိသည်။ ဒါပေမယ့်နောက်ဘက်က ကပ်ခေါ်လိုက်သည့်မိန်းကလေးက သူမကိုတစ်ချက်ပဲလှည့်ကြည့်ပြီး..။

"အန်တီ.."

အပြင်ကိုလှမ်းခေါ်တော့ ဒေါ်မင်းမာလာက အလုပ်သမားတွေနဲ့စကားပြောနေရင်း လှည့်ကြည့်သည်။

"အန်တီ..ဒီဘက်ရှိုးလ်မှာ ကိုက်ထိုးစတွေချည်းထားတာ အဆင်ပြေပါ့မလား..သိဘူး..လာကြည့်ပေးပါလား.."

"အဲ့ဒီမှာရှိတယ်လေ..သူကြိုက်သလို စီစဉ်ပေ့စေ.."

ဟင်..။

ဒေါ်မင်းမာလာက ဒေါ်ဟောမာန့်ကိုမေးဆတ်ပြ၍ လမ်းညွှန်၏။ ပြီးတော့ စာရင်းစာအုပ်ရှည်ကြီးယူပြီး ထိုရှေ့မှာပဲထိုင်ချလိုက်သည်။ ခုနအဖက်မလုပ်ဘဲ ကျောခိုင်းခဲ့သည့် မိန်းကလေးက ဒေါ်ဟောမာန့်ဆီပြန်လျှောက်လာသည်။ နားမလည်သော အထင်မကြီးသော မျက်ဝန်းတို့ကခေါင်းကနေခြေထောက်ထိ နှစ်ခေါက်လောက်ပြေးလွှားသွားပြီးမှ..။

"အန်တီ..လာကြည့်ပါဦး.."

ခုမှ အဖက်လုပ်ရလားဆိုပြီး စက္ကန့်ဝက်လောက်ပဲ စိတ်တိုခွင့်ရလိုက်သည်။ ဆရာလုပ်ပါလားဆိုလို့ လန့်သွားမိတာ ခေါင်းနားပမ်းကြီးသွားခဲ့၏။

"အဟမ်း..အင်း.."

လည်ချောင်းက ရှင်းထုတ်လေ ကျပ်ခဲနေလေ..။

www.burmeseclassic.com

www.burmeseclassic.com


ထိုခဏအတွင်းမှာ ကိုယ့်ကိုယ်ကိုငုံ့မကြည့်မိအောင် ထိန်းလိုက်နိုင်သော်လည်း.. ။

ငါ သူဌေးစတိုင်လ်ပေါက်ရဲ့လား.. ပေါက်မှာမဟုတ်ဘူး၊ ဒါပေမယ့်ဘာဖြစ်လဲ၊ ငါက ဆိုင်ပိုင်ရှင်.. ။

"အဟမ်း.."

"အန်တီ.."

"ဟင်..ဩော် အဲ့ဒါတွေကို..ဟို.."

ဟန်ကြီးပန်ကြီးတမင်လုပ်ပြီး လျှောက်ကြည့်နေပေမယ့် မျက်လုံးထဲမှာ မမြင်၊ ငါဘယ်လိုပုံစံဖြစ်နေသလဲ.. ။

"အန်တီ..ဟိုမှာသယ်လာကြပြီ.."

ကားပေါ်ကနေ အထည်ထုပ်တွေ ချလာကြတာပြန်ကြည့်မိကာ ။

"အင်း..ချထားလိုက်လေ၊ နေရာချဖို့က ကြည့်ရဦးမှာကို.."

"အဲ့ဒီနားတစ်နေရာနဲ့ ဟိုဘက် မလေးရှားပိုးတွေ ထိမ်မှာပဲနေရာလွတ်တော့တာ.."

"အဲ့ဒါတွေကို ဘယ်သူထည့်ခိုင်းလို့လဲ..အားလုံးနေရာချပြီးမှ မေးရလား.."

"အဲ့ဒါတွေသမီးတို့ စီစဉ်ချထားတာမဟုတ်ဘူးလေ..နဂိုတည်းက ဆိုင်ကဒီတိုင်း ရှိနေတာ.."

"ဘာရယ်.."

"ဘုန်း.."

"သောက်ပလုတ်တုတ်.."

သေစမ်း.. ။

ဒီပါးစပ်ကို အတန်တန်ထိန်းချုပ်နေတာတောင် ထွက်နေကျအတိုင်းလွတ်ခနဲ၊ ဒေါ်သသည် အထုပ်ပစ်ချလိုက်သည့် လူရွယ်ဆီတန်းမတ်စွာ ရောက်ရှိလေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ..အထည်တွေနာကုန်အောင်.."

"ဗျာ.."

"အလုပ်ကိုဖြည်းဖြည်းသက်သာလုပ်ပါလား..ဘေးမှာပစ်ချလိုက်တာ ဘုန်းခနဲပဲ..လူကို မလေးမစားနဲ့.."

လူရွယ်တွေနဲ့ မိန်းကလေးတွေအိုးတိုးအမ်းတမ်းတွေ ဖြစ်နေကြလျက်.. ။

"အန်တီ.."

မိန်းကလေး အားရဝမ်းသာခေါ်လိုက်သဖြင့် ကြည့်လိုက်တော့ကိုယ့်ကိုခေါ်တာမဟုတ်၊ နောက်ကနေ ဒေါ်မင်းမာလာရောက်လာတာဖြစ်ကာ..

"ဘာဖြစ်လို့လဲ.."

"အန်တီရယ်..သမီးက.."

ခုနအတိုင်းပြောပြလိုက်ပြီး မိန်းကလေးရဲ့ဖြူးတုံ့တုံ့ သနားသလိုလို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်က ဒေါ်ဟေမာနဲ့ဆီဝေ့၏။ ပြီးမှ.. ၊

"အဲ့ဒီလိုဖြစ်နေလို့..အဟွန်း.."

"ဩော်..ဟုတ်တယ်၊ သူက အန်တီလုပ်ထားတာကို မသိသေးဘူး.. ဒီအထုပ်တွေကိုပြီးမှ သူ့စိတ်ကြိုက်နေရာချလိမ့်မယ်..ဟိုအဝင်ဝမှာ ကပ်ထားပေးလိုက်.."

ဒေါ်မင်းမာလာမျက်နှာကတော့ ပြုံးတာရယ်တာဘာမှမရှိဘဲ စိတ်မကြည်သလို မျက်ခုံးအစုံက ခပ်တွန့်တွန့်ဖြစ်နေရုံနှင့်.. ၊

"ကိုက်ထိုးစတွေကတော့ ကတ်စတန်မာအလွယ်တကူ ကိုင်ကြည့်ဆို့ရအောင် အောက်ထပ်မှာထားရမှာဆိုတော့ ဒီနားမှာပဲအဆင်ပြေပါတယ်.. ဟုတ်တယ်မို့လား.."

ကိုယ့်ဘာသာဆုံးဖြတ်ပေမယ့် ဒေါ်ဟေမာနဲ့ကိုလည်း ဆုံးဖြတ်စေဆိုက်သည်။ ဒီဆိုင်က ဒေါ်ဟေမာနဲ့လက်ထဲကိုထည့်မှာဖြစ်သည်။ ဒေါ်ဟေမာန်ဟာ ပိုးထည်တိုက်ပိုင်ရှင်ဖြစ်မှ သူ့သမီးအပြောရင့်ရောင်က ဂုဏ်တင့်တယ်မည်။

ဒါဟာသားလေးအတွက် ရှေ့ရေးနောက်ရေးဂုဏ်သိမ်မညှိုးရအောင် စီစဉ်တာဖြစ်သလို ဒီလိုလုပ်မိသည့်အတွက် သူမနောင်တလည်းမရချင်ပေ၊ သူ့ငွေးနဲ့ညားလို့ သူငွေးဖြစ်သွားတာထက် နဂိုတည်းက လူတန်းဆင့်မီနေထိုင်နိုင်တဲ့ အဆင့်အတန်းမျိုးမို့ သူမကိုယ်တိုင်လက်ခံပေးခဲ့တာမျိုးဖြစ်စေချင်သည်။

ထို့ကြောင့် လက်မထပ်ခင် အခြေအနေမှာတည်းက ဒေါ်ဟေမာန်တို့ မိသားစုစီးပွားရေးကို သူမမြှင့်တင်ပေးဖို့ ကြိုးစားရတာဖြစ်၏။ အားလုံးက ရူးတယ်လို့ ပြောကြပါစေ၊ ကိုယ်ကိုယ်တိုင်ရူးမိုက်စွာ ဆုံးဖြတ်ခဲ့တာလည်း မှန်သော်ငြား.. ၊

မင်းမာလာဆိုတဲ့ မိန်းမညံ့လိုက်တာလို့တော့ အပြောမခံနိုင်.. ၊

"အန်တီ..ပစ္စည်းလယ်ဂျာတွေက ဒီမှာ.."

"အေး..မဟေမာန်ယူထားလိုက်လေ.."

"ဟင်..ဩော်၊ ပေး.. ပေး.."

"ခဏလေးအန်တီ..အဲ့ဒါတွေမဟုတ်ဘူးလေ.."

ကောင်လေးတစ်ယောက်ကိုင်ထားသည့် ဖိုင်ကိုဆွဲယူလိုက်တော့ ကောင်လေး ပြန်ဆွဲထားကာ၊ သူ့ဘေးက နောက်ကောင်လေးတစ်ယောက်လက်ထဲမှာမှ စတာပလာနဲ့တွဲထားသည့် လယ်ဂျာတွေ.. ၊

ဒါပေမယ့် သူကလည်း ဒေါ်ဟေမာန်လက်လှမ်းလိုက်ကာမှ ထုတ်ထားသည့် စာရွက်စာတမ်းတွေကို ပလပ်စတစ်အကြည်ရောင် အိတ်ထဲထဲ ပြန်ညှပ်ထည့်ပေးနေသည်။

ဟိုလက်လှမ်း ဒီလက်လှမ်းနှင့် ဒေါ်ဟေမာန်ရှက်လည်းရှက်၊ စိတ်တွေလည်းတိုကာ.. ၊

"ပေးပါဟယ်..ငါ့ဘာသာထည့်တတ်ပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုးဆတ်ဆတ်ဆွဲယူလိုက်ပြီး ပလပ်စတစ်အိတ်ကိုပြန်ဖွင့်တော့ အစရှာမရဖြစ်နေပြန်၏။ တစ်ချိန်လုံး အိုးနင်းခွက်နင်းဖြစ်နေခဲ့ရပြီး နှ ယောက်တည်း အတွင်းခန်းမှာ ရှိနေကာမှ.. ။

"ရှင် ဘယ်လိုဖြစ်နေတာလဲ..မဟောမာန်.."

"ဩော်..ရှင်ကပဲ မေးရတယ်ရှိသေးတယ်၊ ရှင်ပဲ ငါကပေးရတဲ့သူ တဲ့ ပါဝါနဲ့ဒါကြီးတစ်ခုလုံးပေးတဲ့ ကိစ္စကိုကြုလည်းမပြော..ပြလည်းမထ ဘဲ မုန့်တစ်ဝက်ဖဲ့ပေးသလို ရှော့ အင့်ဆိုပြီး.."

"မုန့်တစ်ဝက်ပေးနေတာ မဟုတ်မှန်းတော့ ရှင်သိတယ်မို့လား–"

ဒေါ်ဟောမာန် ကြောင်အသွားခဲ့သည်။ ပိုင်ရှင်နေတဲ့နားနေခန်းထော က ခပ်ကျဉ်းကျဉ်းပဲ ဖြစ်သည်။ ဒါပေမယ့် မွှေ့ရာနဲ့ဒရင်းဘက်ခ်နဲ့ အလှ စားပွဲရယ် အစုံအလင်ရှိနေသည်။

ဒါပေမယ့် သူတို့နှစ်ယောက်စလုံး မထိုင်ဖြစ်ကြဘဲ ဒေါ်မင်းမ လာက ခေါင်းရင်းဘက်ပြတင်းပေါက်နားမှာ ရပ်နေကာ သူမက စားပွဲရှေ့ မှာ.. ။

"ကျွန်မ ရှင့်ကိုစီးပွားရေးတစ်ခုထူထောင်ဖို့ အရင်းနှီးပေးမယ်ထို့ အပြာရင့်ရောင်နဲ့ ပြောလိုက်တယ်..ရှင် ဘာမှအကြောင်းမပြန်ဘူး..ဘာ လုပ်ချင်သလဲလို့ ထပ်မေးတယ်၊ အဲဒါလည်း.."

"ရှင်ဘာအတွက် မေးနေမှန်းမသိဘဲ ကျွန်မက အလျားထိုးပြီးပြော လာရမှာလား.."

"စကားပြောတာ ယဉ်ကျေးမှုရှိစမ်းပါ..ရှင်လည်း ငါးစိမ်းသည်မ ဟုတ်ဘူး၊ ကျွန်မလည်း အလေးမပြည့်လို့ လာပြောနေတာ မဟုတ်ဘူး–"

ဒေါ်ဟောမာန် ရှက်သလိုတစ်ချက်အမ်းသွားသည်။ ပြီးတော့ ဒေါ်သ ထွက်သွားကာ.. ။

"အဲ့ဒါအများကြီး ယဉ်ကျေးထားတာ..ရှင်ပြောသလို တွေ့နေတာဆို လို့ကတော့..ဟွန်း.."

ဒေါ်ဟောမာန်ကောင်းကောင်းကြိမ်းဝါးပြီး မဲ့ရွဲ့ပြုံးနေချိန်မှာ ဒေါ်မင်း မာလာမျက်ဝန်းမှာ အထင်မြင်သေးစိတ်ပျက်ခြင်းတွေသာ ရှိနေခဲ့ပြီး.. ။

"ရှင့်ကိုမထင်ခဲ့ဘူး.."

"ဘာရယ်.."

"ကိုယ့်သမီးအပျိုအတွက်တော့ ရှင့်မှာထိန်းသိမ်းချင်တဲ့ ဆန္ဒရှိမှာပဲ လို့ ထင်ခဲ့တာ.."

ဒေါ်မင်းမာလာက ပခုံးစွန်းမှာ မေးဖျားကပ်သွားတဲ့အထိ နောက်ကို လှည့်ပြန်ကြည့်ကာ.. ။

"ဆင်းရဲလွန်းလို့ ဒုက္ခတွေအရေထူသွားတာလား..ဒုက္ခမှန်းမသိ တော့အောင် ကြောက်ကြောပြတ်သွားတာလား၊ ရှင့်ကို နားမလည်နိုင်ဘူး–"

"နေပါဦး..ရှင့်ရဲ့ပိုးထည်ဆိုင်မှာ ကျွန်မအံ့မဝင် ..မကျဖြစ်ခဲ့ရတာ တွေနဲ့ ပတ်သက်ပြီး ရှင်ပြောတာတွေ များလှချေလား..ရတယ်နော်၊ ကြိုက်

www.burmeseclassic.com

www.burmeseclassic.com


ထိုပြော..ဒါပေမယ့် ဒေါ်သထွက်ရမှာလား ပျော်ရမှာလား၊ နားလည် အောင် ရှင်းရှင်းပြောဖို့တော့ လိုမယ်..”

ပြောရင်း ဟွန့်ခနဲမဲ့၍ မျက်စောင်းထိုးလိုက်ကာ..။

“မြန်မာစကားကို မြန်မာချင်းနားလည်အောင် ပြောပါ..ဟိုလိုလို ဒီလိုလို ပရိဝေဝုစ်တွေနဲ့ ပြောမနေနဲ့..”

ကိုယ်ရောက်စေချင်တဲ့ အဓိကကိုမရောက်နိုင်ဘဲ ဒေါ်ဟေမာန်အယူ နေသည့် အဖြစ်က စိတ်ပျက်ဖွယ်ပင်..။

“ရှင့်ကိုလိုရင်းပဲ ပြောမယ်..”

“လိုရင်းကို တန်းသွားတာလည်း ကျွန်မမကြိုက်ဘူး..ခုပဲကြည့် ရှင့် ရဲ့လိုရင်းကြောင့် ကျွန်မအိုးနင်းခွက်နင်း ဖြစ်ရတယ်..”

“ဘယ်သူမှ မွေးကတည်းက အားလုံးကိုတတ်သိနားလည်လာကြ တာ မဟုတ်ဘူး..ရှင်အိုးနင်းခွက်နင်းဖြစ်တာလည်း မကျွမ်းကျင်တဲ့အရာမှာ ဖြစ်တာ သဘာဝကျတယ်၊ သဘာဝမကျတာက စကားတစ်ခွန်းကို ကာလံ အသံနဲ့အညီ မပြောတတ်လို့ပဲ..”

ပြောရင်း ဒေါ်ဟေမာန့်ဘက်ကို ပြန်လှည့်ရပ်ကာ..။

“ခန့်ညားမှုမရှိတဲ့ ရှင့်ရဲ့စကားလုံးတွေကို အရင်ပြင်ရမယ်..ထစ်ခနဲ ဆို ဒေါ်သပြတတ်တာတွေလည်း ပါတယ်၊ လူတစ်ယောက်ရဲ့အဆင့်အ တန်းကို အလိုအလျောက် နိမ့်ကျစေတာ ဒေါ်သပဲ..”

ဒေါ်ဟေမာန် တအံ့တဩနားထောင်နေပြီးမှ မခံချင်စိတ်တွေ ဒေါ်သ တွေ ခေါင်းထောင်ပြူထလာသည်။ သို့သော် ပက်ခနဲပြောဖို့ ပြင်ပြီးမှ ပြန်မျိုချရသည်။ ဒေါ်သဟာ လူကိုအလိုအလျောက်နိမ့်ကျစေသည်ဆိုတဲ့ စကားကိုတော့ လက်ခံမိသည်မို့..။

“ရှင်အခုပြုပြင်ဖို့ အရေးတကြီးလိုအပ်လာပြီ..ပိုးထည်ဆိုင်မှာ ပိုင် ရှင်အနေနဲ့ ခန့်ခန့်ညားညားထိုင်နိုင်ရမယ်..”

ပြောနေရင်း ဒေါ်မင်းမာလာက အလုပ်စားပွဲအံဆွဲကို ဆွဲဖွင့်လိုက် သည်။ အထဲက ဓာတ်ပုံဘောင်တစ်ခုကို ထုတ်ယူလိုက်ကာ ဒေါက်လေးနဲ့ အသာချလိုက်၏။

ဟင်..။

အပြာ့ ဓာတ်ပုံလေး..။

“ဒါက..”

“အပြာ့ဆီက ယူပြီးစီစဉ်လိုက်တာ..ပြောချင်တာက ဒီနေရာ ဒီစားပွဲက ပိုင်ရှင်နေရာပဲ၊ ဒီမှာ ရှင်ထိုင်ရမှာ၊ ကျွန်မထိုင်မှာ မဟုတ်ဘူး..”

“ဓာတ်ပုံကတော့ ဘာလို့သမီးဖြစ်နေတာလဲ..သူက သမီးဆိုပေမယ့် ဒီဆိုင်မှာရှင်က လာပြီးနေရာချတယ်၊ ကျွန်မက စားပွဲထိုင်တယ်..ဓာတ်ပုံ ကျတော့ ကျွန်မ မဟုတ်ပြန်ဘူး..အဲ့ဒီတော့..”

“ပိုင်ရှင်က ဓာတ်ပုံရှင်ပဲလို့ မြင်သွားရင်ပိုကောင်းတယ်လေ..ရှင့်သ မီး ဆိုရင်လည်း ပြဿနာမရှိပါဘူး၊ ရှင့်ကို ဒီဆိုင်ကြီးရှင်းနှိုးပေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com


ကိုက ရှင့်သမီးအတွက်ပဲ.."

ဒေါ်ဟေမာန်နှုတ်ခမ်းမှာ ပီတိပြုံးတို့ ဖြစ်ထွန်းသွားခဲ့၏။ သမီးကိုခုတည်းက ထောက်ပံ့နေတာပဲ။ ဒါဆိုရင် ငါ့သမီးလေးက သူ့ငွေးကိုအမှီဖမ်းတယ်ဆိုတာတွေ အပြောခံစရာမလိုတော့ဘူး..၊

တွေးနေရင်း ကျေနပ်မိရကာ ပြုံးပြုံးရယ်ရယ်ဖြစ်လာခဲ့လျက်..၊

"ရှင့် သမီးလေးကို ကိုယ့်သမီးလေးလို သဘောထားပြီး ခုလိုတင့်တယ်စေချင်တာ ကျွန်မအရမ်းဝမ်းသာတာပဲ..ဂုဏ်လည်းယူတယ်၊ အဲ့ဒါကြောင့် ကျွန်မသမီးလေးက တစ်နေ့နေ့မှာ ထိုက်တန်တဲ့သူနဲ့တွေ့ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ သူ့ပညာရေးအတွက် ဘာပဲစွန့်လွှတ်ရစွန့်လွှတ်ရကျွန်မလုပ်ခဲ့ .."

"အဟွန်း.."

ဒေါ်မင်းမာလာရဲ့ အပြုံးသဲ့သဲ့ကြောင့် ပြောလက်စက တိခနဲရပ်၏၊

"ရှိတဲ့ပစ္စည်းကို ပေါင်နှံရောင်းချရဲတာ စွန့်လွှတ်အနစ်နာခံတယ်လို့တော့ ပြောလို့မရသေးဘူးထင်တယ်.."

"ဘယ်လို.."

"အဲ့ဒါတွေပြောနေရင် ရှင်ကဒေါသလွယ်တဲ့သူဆိုတော့ ကျွန်မတို့အဆင်ပြေမှာ မဟုတ်ဘူးမဟေမာန်..ဒါနဲ့ပတ်သက်ပြီး ပြောဖို့ရှိလာတာကဒီဆိုင်နဲ့ ဒီပစ္စည်းတွေက ရှင်တို့ကိုရင်းနှီးပေးထားတာမှန်တယ်၊ ဒါပေမယ့်ရှင့်ရဲ့ မူဝါဒအတိုင်း အခက်အခဲရှိလာတာနဲ့ လွှဲပြောင်းရောင်းချမယ်..ပေါင်နှံမယ်တော့ လုံးဝစိတ်မကူးပါနဲ့.."

အထင်မြင်သေးသော အကြည့်စူးစူးတွေအောက်မှာ ဟင်ခနဲဖြစ်သွားခဲ့ပြီး ရှုတ်တရက်ဘာပြောရမှန်းမသိအောင် သိမ်ငယ်သွားခဲ့၏။

"ရှင်ပြောသလို ကျွန်မသမီးလိုသဘောထားရမယ့်အဆင့်က လိုပါသေးတယ်..တင့်တယ်စေချင်တယ်ဆိုတာကလည်း စေတနာမေတ္တာတွေပုံအောချပေးနေတာမဟုတ်ဘူး၊ အားလုံးက ကျွန်မသားအတွက်ပဲ.."

"သိပါတယ်..ဒါပေမယ့် ဘာအတွက်ဖြစ်ဖြစ် ရှင့်လိုစေတနာမျိုးထားနိုင်ဖို့ လူတိုင်းမတတ်နိုင်ပါဘူး..ကျွန်မပြောခဲ့တာ အဲ့ဒါပါ.."

"ဟုတ်တယ်..ကျွန်မထက်ချမ်းသာတဲ့လူတွေလည်း ကျွန်မလိုချမပေးကြဘူး၊ အဲ့ဒါ စေတနာမထားတတ်လို့မဟုတ်ဘူး..ကျွန်မလို မရူးကြတာ.."

ဒေါ်ဟေမာန် မျက်မှောင်ကုတ်သွားသည်။ သူမရဲ့အကျင့်ကိုကကိုယ့်ကို စောင်းချိတ်ပြောနေရင် စိတ်ကထောင်းခနဲဆို လက်ကဖောင်ခနဲပါတတ်သည်။ ပက်ခနဲပြန်ချေပဖို့လည်း ပါးစပ်ကပြင်ဆင်ထားပြီးမှလို–

ဒါပေမယ့် တည့်တည့်ကြီးကြည့်ပြောနေပြီဆို ပူထူကြောင်အသွားတတ်သည့် အဖြစ်ကြောင့် ဒေါသကိုအစပြန်ရှာနေရသည့်နေ့။ ဒေါ်မင်းမာလာက ခပ်ဖွဖွလက်ပိုက်၍ ပြတင်းတံခါးဘက်ကို ပြန်လှည့်သွားခဲ့ပြီး–

"ဒါပေမယ့် ရူးတယ်လို့ဘယ်သူပြောပြော..ရူးတယ်ဆိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားအတွက်ပဲ၊ ရှင်ထင်သလို ရှင့်သမီးပညာတတ်မို့လို့ ကျွန်မသားနဲ့ ထိုက်တန်သွားပြီဆိုတာတော့ ရှင်အိမ်မက်ကမနိုးသေးတာပဲ.."

နောက်ပြန်လှည့်ကြည့်ပြီး ပြုံးလိုက်သည့်လှောင်ပြုံးက ခံရခက်စေ၏၊ ဒါပေမယ့် ဒေါ်ဟေမာန် အံ့သြမှင်တက်ဖြစ်နေဆဲ.. ၊

"ပညာတတ်တစ်ယောက်ကို အထင်ကြီးကိုးကွယ်ကြတာက အဲ့ဒီလူ ညာတတ်ဖို့ ခါးချိအောင်ရှာကြရတဲ့ လူတန်းစားတွေပါ..လူတစ်ရာ ဆောက်မှာ ပညာဆုံးခန်းတိုင်တဲ့လူ တစ်ယောက်စနှစ်ယောက်စပဲရှိတာ ကြီး၊ ဥပမာ ရှင့်လို ရောင်းချပေါင်နှံပြီး ပညာသင်ပေးရတဲ့ အဆင့်အတန်း မျိုးပေါ့.."

"ရှင်ဘာဖြစ်လို့ ဒါကိုပဲထည့်ပြောနေတာလဲ ဒေါ်မင်းမာလာ..ကျွန် တော့် အကြောင်းတွေ ရှင်တော်တော်သိနေတာကို ကျွန်မ မအံ့သြတော့ပါ ဘူး၊ ဒါပေမယ့် ခါးချိအောင်ရှာလို့ပဲဖြစ်ဖြစ် ပစ္စည်းရောင်း အိမ်ပေါင်ပြီးရ တာဖြစ်ဖြစ် ကိုယ့်သားသမီးအတွက် စွန့်လွှတ်အနစ်နာခံကြတာ အတူ တူပါပဲ.."

"ဟွန်း.."

ဒေါ်မင်းမာလာ နှုတ်ဖျားမှာ ထိုအပြုံးက မကွဲကွာအောင်မြဲနေ ခဲ့လျက်..၊

"ကောင်းပါပြီ..ရှင်ဘယ်လောက် စွန့်လွှတ်အနစ်နာခံခဲ့တာတွေက ကျွန်မနဲ့ မဆိုင်ပါဘူး၊ သိစေချင်တာက ကျွန်မသားအတွက် ပညာတတ် မိန်းကလေးတွေ မရှားဘူးဆိုတာပဲ.."

"ရှင်အဲ့လိုပြောချင်တာ ပြောပြီးမှ ကျွန်မနဲ့မဆိုင်ပါဘူးဆိုတဲ့ စကား နဲ့ ဖြတ်ချမပစ်နဲ့လေ..ကျွန်မ အနစ်နာခံတာတွေ ရှင့်ကိုသိစေချင်လို့ ပြောခဲ့ တာ မဟုတ်ဘူး၊ အခု အပြာရင့်ရောင်သာ နိုင်ငံခြားပြန်ဗိသုကာ ပညာရှင် တစ်ယောက်မဟုတ်ခဲ့ရင် ရှင်သဘောတူမှာလား ပြောစမ်းပါ.."

"ရှင့်သမီး ပညာတတ်တာ ဘာလုပ်ရမှာလဲ..သူရဲ့အမြင့်ဆုံးလစာဆို ရင်တောင် ကျွန်မရဲ့ဖိနပ်တစ်ဖက်ဖိုး မရှိနိုင်သေးဘူး.."

ကြည့်စမ်း.. ၊

ဒေါ်သနှင့်အတူ သူမရဲ့မျက်နှာကနေ ဖိနပ်ဆီအကြည့် ရောက်သွား ခဲ့သည်။ ရင့်သီးလိုက်တဲ့ စကား.. ၊

"အဲ့လောက်နိမ့်ပါးတဲ့ အဆင့်မျိုးဖြစ်နေလို့လည်း ကျွန်မသားနဲ့တင့် တယ်အောင် ဒီဆိုင်ဒီအရင်းနှီးတွေ ချပေးခဲ့တာ..လက်ထပ်ပြီးသွားရင် ချီးမွမ်း ခုနှစ်ရက် ကဲ့ရယ်ခုနှစ်ရက်ဖြစ်သွားမှာပေမယ့် လက်ထပ်ပွဲမှာ ကျွန်မတို့အသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာအကျမခံနိုင်ဘူး..အပြာရင့်ရောင် ဆိုတဲ့ မိန်းကလေးကြောင့် သားကိုမရခဲ့တဲ့ ပညာတတ်သူဌေးသမီးတွေ သနားသလိုလို နှုတ်ခမ်းမဲ့ကြမှာလည်း မဖြစ်စေရဘူး.."

ဒါကြောင့် ဒီဆိုင်ကို တည်ပေးခဲ့တာလား။

ဘာကြောင့်ဖြစ်ဖြစ် ချစ်လွန်းလို့စေတနာတွေ ထားတာမဟုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com


တော့ မသိဘဲရှိပါ့မလား။ ခုလို တမင်ချိုးဖဲ့နှိမ့်ချပြောပြနေဖို့ မလိုပါ။ ဒေါ်ဟေမာန့်မျက်နှာမှာ မျိုသိပ်နေရသည့် ဒေါသတွေကြောင့် အနီရောင် သမ်းလာခဲ့၏။ ဒေါ်မင်းမာလာကလည်း ထိုမျက်နှာကို တည့်တည့်ကြည့် ကာ..

"ကျွန်မသိန်းပေါင်းများစွာ ရင်းနှီးပေးခဲ့သမျှက မဂ်လာဖိတ်စာ ပေါ်မှာ အမြီးရှည်ဖို့ပဲ လူတိုင်းကောက်ကပ် တင်လို့ရတဲ့ အနုတ်စုတ်ဂုတ် စုတ်ဘွဲ့တွေထက် နှင်းသစ္စာ ပိုးထည်တိုက်ပိုင်ရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကို လိုချင် တာ.."

"ဩော်..ဩော် ဖိတ်စာပေါ်မှာ အမြီးရှည်ဖို့အတွက် ဒီငွေတွေချပြီး ရင်းနှီးလိုက်တယ်ပေါ့.."

"ဟုတ်တယ်.."

"ပွဲပြီးသွားရင်ရော.."

ဒေါ်မင်းမာလာ ခပ်မဲ့မဲ့ပြုံး၍.. ၊

"ကျွန်မပြန်သိမ်းမှာ စိုးရိမ်သွားတာလား.."

"စိုးရိမ်တယ်ဆိုရင် ရှင်ဘာထပ်ပြောမလဲသိချင်တာ.."

"မစိုးရိမ်ပါနဲ့ပဲ ပြောမှာပါ..ခုပေးခုပြန်ယူရလောက်အောင် ကျွန်မက သဘောထားမသေးပါဘူး.."

"ဟား ဟား ဟား.."

ဒေါ်ဟေမာန်က တကယ်ရယ်ချင်နေသလို အူလှိုက်သည်းလှိုက်ရယ် ချလိုက်ရင်း သမီးစာတတ်ပုံလေးကို ကိုင်ကြည့်သည်။ ပြီးမှ ပြန်ချထား လိုက်ပြီး သူမကိုကြည့်ကာ.. ၊

"ရှင်နဲ့အခု စကားပြောနေတဲ့အချိန်လေးမှာပဲ အောက်တန်းကျတာ တွေရော အဆင့်အတန်းရှိတာတွေရော သဘောထားသေးတာ ကြီးတာ စုံနေအောင် ကြားရတယ်နော်..ဟား ဟား ဟား၊ ဒါပေမယ့် ကျွန်မမြင်ရသ လောက် ရှင်တစ်ယောက်တည်းပဲ ဥစ္စာခြောက်ပြီး ဥစ္စာရူးရူးနေတာ..တ ကယ်အောက်တန်းကျကျတွေ ပြောနေတာ ရှင်ပဲ.."

ဒေါ်မင်းမာလာ မျက်မှောင်ကုတ်သွားသည်။ ဒေါ်ဟေမာန်က ဂရုမ စိုက်သော ရယ်လက်စနှင့်.. ၊

"ရှင့်စကားတွေကရော ဘယ်လောက်အဆင့်အတန်းမြင့်မားနေ လို့လဲ ဒေါ်မင်းမာလာ..လူတစ်ယောက်ကို အထက်စီးဆန်ဆန် ပြောနေ တာ၊ အဲ့ဒါတွေက အဆင့်အတန်းရှိတဲ့ လူကုံထံစကားလား.."

"ကျွန်မအနေနဲ့ကတော့ ချိုးဖဲ့နှိပ်ကွပ်နေတာ မဟုတ်ဘူး.."

"အင်း အင်း..ပြောပါဦး.."

"ကျွန်မချခင်းရင်းနှီးခဲ့တာ ဘာကြောင့်ဆိုတာကို သိစေချင်တာ.. နောက်ပြီး လက်ထပ်ခွင့်ပြုလိုက်ပေမယ့် ဘယ်တော့မှ ဂုဏ်ရည်တူဖြစ်လာ မှာ မဟုတ်မှန်းလည်း ရှင်သိဖို့လိုတယ်..နောက်တစ်ခုက ရှင်ရောရှင့်သမီး ပါ ကျွန်မရဲ့ အထောက်အပံ့ပေါ်မှာ မှီတည်နေတာကို တစ်သက်လုံးမမေ့

www.burmeseclassic.com

www.burmeseclassic.com


ဆောင်လို့.."

"ဘာ.."

ဒေါ်သက ဝုန်းခနဲခုန်ထ၏။

"ရှင်းရှင်းလေးပါ..ကျွန်မရဲ့ ခမည်းခမက်က ကျွန်မနဲ့ပြိုင်ဘက် အား၊ ကျွန်မရှေ့က ရှိနေတဲ့သူလား..နှစ်ခုစလုံး မဟုတ်ဘူးဆိုရင်တော့ နောက်က အေးဆေးလိုက်ဖို့ပဲ၊ စဉ်းစားလေ..မရှိတဲ့မာနကို အလံထူနေလို့ အထူးမှာလဲ.."

ပြောနေရင်း ချထားသည့်လက်ကိုင်အိတ်ကို ကောက်ကိုင်လိုက် သည်။ ပြီးမှ.. ၊

"ဒီလောက်အများကြီးအလကားပေးထားတာကို ရှင်ဝမ်းပမ်းတသာ စိတ်ကူးယဉ်နေသင့်တယ် ဒေါ်ဟေမာန်..ကျွန်မကို ဦးကျောက်ရှုပ်အောင် လုပ်စမ်းပါနဲ့၊ ရှင်နေတတ်မှ ဒါတွေကို ရေရှည်ပိုင်ဆိုင်ခွင့်ရမှာ.."

"ဒေါ်မင်းမာလာ.."

ထွက်သွားဖို့ခြေလှမ်းတွေက ဒေါ်ဟေမာန့်ဘေးမှာ တုံ့ခနဲရပ်သွား သည်။ တစ်ယောက်သည်အတွင်းကို မျက်နှာမူနေခဲ့လျက် တစ်ယောက်က အပြင်ကို မျက်နှာမူ၍ ဆန့်ကျင်ဘက်လားရာများအတိုင်း ရှိနေခဲ့ပြီး..

"ဖိတ်စာမှာ အမြီးရှည်ဖို့အတွက်ဆိုရင် ရှင့်သားဂုဏ်ရှိဖို့ ရှင်လုပ်တာ ပဲ.."

"........... ..........."

"ကျွန်မသမီးက သူ့အရည်အချင်းနဲ့ထိုက်တန်တဲ့ ဘွဲ့ဒီဂရီရှိပြီးသား ပါ..နောက်ထပ် ပိုးထည်တိုက်ကြီးပိုင်ရှင် ထပ်ဖြစ်ဖို့မလိုပါဘူး.."

ဒေါ်မင်းမာလာ မျက်နှာပျက်သွားပြီး ပြန်ငဲ့ကြည့်သည်။ ဒေါ်ဟေ မာန်က အားရကျေနပ်သည့်မျက်နှာနှင့် သွားတွေပေါ်အောင်ရယ်လိုက်ပြီး..

"ရှင့်ရဲ့ပိုးထည်တိုက်ကို ကျွန်မလက်မခံဘူး.."

"ဘာပြောတယ်.."

လူတစ်ကိုယ်လုံးကို ဆတ်ခနဲလှည့်လာတဲ့အထိ တုန်လှုပ်သွားခြင်း ကို သဘောကျကာ ဒေါ်ဟေမာန် အားပါးတရရယ်လိုက်၏။

"လိုရင်းကတော့ ကျွန်မတို့ ရှင့်နောက်ကလုံးဝ မလိုက်နိုင်ဘူးဆိုတာ ပဲ..ပိုဆိုးတာက သားအမိနှစ်ယောက်စလုံးလို့ ရှင်ပြောခဲ့တဲ့အတွက် အဲ့ဒါ လုံးဝ မဖြစ်နိုင်ဘူးလို့ မှတ်လိုက်တော့.."

"မဟေမာန်.."

ခြေတစ်လှမ်းတက်လိုက်ပြီးမှ ပြန်ရုတ်ပြီးစောင့်နေလိုက်သည်။ ဒေါ်မ င်းမာလာ သူ့ဘေးကိုကပ်လိုက်ပြီး.. ၊

"ကျွန်မ ကလေးကစားစရာလုပ်နေတာ မဟုတ်ဘူး.."

"ရှင့်ဘာသာ အနုမြူဗုံးကြံမယ့် အစီအစဉ်တွေပဲလုပ်နေနေ ကျွန်မနဲ့ ဆိုင်ပါဘူး..ဒီမှာ ဒေါ်မင်းမာလာ ဆင်းရဲတဲ့လူတွေကို ရှော့မတွက်ပါနဲ့ ရှင်တို့လောက် လောဘမကြီးတတ်လို့ ဆင်းရဲနေကြတာ..ရှင်တို့လို ဉာဏ်မ

www.burmeseclassic.com

www.burmeseclassic.com


များလို့ မွဲနေရတာ၊ အဲ့ဒီတော့ ပေးဆပ်ရဲတဲ့နေရာလည်း ရှင်တို့ထက် အ များကြီးပိုတယ်ဆိုတာ ယုံလိုက်.."

"ကျွန်မတို့ ဆင်းရဲချမ်းသာ စကားရည်လုနေကြတာ မဟုတ်ဘူး နော်.. ရှင်တို့ကို ချပေးထားတာလည်း ဆယ်သိန်းဆယ့်ငါးသိန်းပဲ မဟုတ် ဘူး.."

"ဟုတ်မှာပေါ့..သိန်းပေါင်းများစွာပဲလေ၊ အဲ့ဒါကိုရှင်က ဒီထက် ချမ်းသာလို့ ချပေးနိုင်တာပါ..ကျွန်မက တစ်ပြားမှမရှိဘဲနဲ့ ပိုက်ဆံတွေ စွန့်လွှတ်နိုင်တာ.."

ဒေါ်မင်းမာလာ မျက်နှာပေါ်မှာ ထည်ဝါသည့်အပြုံးတွေ လောင်မြ တွေ ဘာမှမရှိတော့ဘဲ မခံရပ်နိုင်သည့်ဒေါသများကို ထိန်းချုပ်နေခဲ့လျက်

"ရှင့်စကားတွေကို အခုပြန်ပြင်မယ်ဆို အချိန်ရသေးတယ်မဟော မာန်.. လက်တွေ့ဘဝကို ဇာတ်လမ်းဆန်ဆန်စကားတွေနဲ့ အရည်ဖျော် တဲ့အထိ ရှင်မမိုက်မဲလောက်ဘူးလို့ ကျွန်မထင်တယ်.."

"ကျွန်မရင်ထဲက ခံစားချက်တွေကို ရှင်ကဇာတ်လမ်းဆန်တယ်လို့ ပြောနေတာလား..လူ့ဘဝဆိုတာ ဇာတ်ခုံကြီးပဲလေ၊ အဲ့ဒီထဲမှာ ကျွန်မက ကိုယ့်ဇာတ်ကို နိုင်အောင်ကနိုင်တဲ့မင်းသမီး.."

ပြောနေရင်း လက်ပြင်လိုက်လျှင် ဓာတ်ပုံဘောင်လေးက ဒေါက်ခနဲ မှောက်လျက်လဲသွား၏။ ဒေါ်ဟေမာန် ကမန်းကတန်း ဖြန့်ထောင်ထား လိုက်ပြီးမှ .. ၊

"ရှင့်သားအတွက် ရှင်ဘာဖြစ်ဖြစ် လုပ်နိုင်သလို ကျွန်မသမီးအ တွက် ကျွန်မလုပ်နိုင်တယ်.."

"ဘာကိုလုပ်တာလဲ..ကိုယ့်သမီးကောင်းစားမှာကို ရိုက်ပုတ်ချပစ်တဲ့ လုပ်ရပ်မျိုးလား.."

"ကျွန်မလုပ်ရပ် ဘာဖြစ်နေနေ ရှင်ဝေဖန်ဖို့မလိုပါဘူး.."

"ရှင့်သမီး ဝေဖန်လာရင်ရော.."

ခြေလှမ်းပြင်ပြီးမှ မလှမ်းဖြစ်။ ဒေါ်မင်းမာလာက စူးစိုက်ကြည့်နေ ကာ.. ၊

"သူ့အမေ သူဌေးဖြစ်ပြီး သူလည်းချစ်သူနဲ့ပေါင်းရမယ့်အရေးကို ရှင် ဖျက်ဆီးတဲ့အတွက် အပြာရင့်ရောင်က ကျေးဇူးတင်နေမှာတော့ မဟုတ် ဘူးထင်တယ်.."

ဒေါ်ဟေမာန် ဆက်နားမထောင်တော့ဘဲ ပြန်ထွက်လာခဲ့သည်။ အပြင်မှာ အထည်တွေနေရာပြန်ချ စီစဉ်လှုပ်ရှားနေကြသော မိန်းကလေး တွေနဲ့ အလုပ်သမား ကောင်လေးနှစ်ယောက်က ကမန်းကတန်း လမ်းဖယ် ပေးကြ၏။

ရှိပြီးသား ပိုးထည်ဆိုင်ကြီးကို လွှဲပြောင်းဝယ်လိုက်ပြီး နာမည် ပြောင်းခဲ့သည်တဲ့။ ပြီးတော့ ရှိပြီးသားပိုးထည်တွေအစား up to date ဖြစ်မည့်အဆင် ဒီဇိုင်းတွေပြန်ထည့်သည်။ ခုထိလည်း ပြင်ဆင်လဲလှယ်

www.burmeseclassic.com

www.burmeseclassic.com


[illegible]တုန်း.. ၊

ဒေါ်မင်းမာလာ ဒါတွေစိစဉ်နေမယ်လို့ နည်းနည်းလေးတောင်မ[illegible]မိပေ။ သမီးပြောနေတာတောင် 'အလကား အထင်ကြီးအောင် အသံ[illegible]ာင်းဟစ်နေတာ'လို့ ပြန်ပြောခဲ့သေးသည်။ သူမကတော့ သမီးဓာတ်ပုံ[illegible]ယူပြီး အလုပ်စားပွဲမှာတင်ထားတဲ့အထိ စီစဉ်ထားခဲ့၏။

သမီး ဒါတွေကို ဂုဏ်ယူနေသလား၊ ဒီယောက်ျားဒီယောက္ခမရဲ့[illegible]ချဆက်ဆံမှုအောက်မှာ တစ်ဘဝလုံးပိပြားသွားမှာကို မမြင်တော့ဘူး[illegible].. ၊

အတွေးတွေက အမျှင်တမ်းသလို ပါလာခဲ့သည်။ သေချာကတော့[illegible]ပြာနဲ့သူမ ငြိမ်းချမ်းစွာ ဆွေးနွေးနိုင်ဖို့ မလွယ်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


:

အခန်း(၈)

"ရှုပ်နေတာပဲကွာ..မောင် အဲ့ဒါတွေကို သည်းမခံနိုင်တော့ဘူး-"

"ဘယ်သူကရော ပျော်နေလို့လဲမောင်..ဒီမှာလည်း ညစ်နေတာ အမေ့ကို နားမလည်တော့ဘူး.."

"မဟုတ်ဘူး..မာမီလည်း တစ်ခုခုစကား မှားသွားတာဖြစ်နိုင်တာ ဘာပဲဖြစ်ဖြစ် မာမီတို့မောင်တို့မျက်နှာကို ငဲ့သင့်တယ်.."

ခြံက အမေနှစ်ယောက်စလုံးပြေလည်ဖို့ မျှော်တွေးပြီး ညည်းသည် အပြာကတော့ အမေ့ကိုပဲ အံ့သြနေတာပါ။ ဒီလိုအခွင့်အရေးမျိုး ဘယ်သူ ခဲ့သလဲ။ ဘယ်ယောက္ခမက ကိုယ့်သားနဲ့လည်း လက်မထပ်ရသေး ဒီလိုပုံချပေးမှာပဲ.. ၊

"ညည်းဘာပြောပြောမယုံတာ ငါလည်းမတတ်နိုင်ဘူးအပြာ.. အဲ့ မိန်းမက သူချမ်းသာတိုင်း လူတွေကို ဖိနှိပ်လုပ်စီးချင်တာ.."တဲ့.. ၊

အမေပြန်ပြောခဲ့တာတွေ အများကြီးပါ။ ဒါပေမယ့် အားလုံးက အ ခိပ္ပါယ်မဲ့တွေပဲ ဖြစ်သည်။ ဆင်းရဲတဲ့လူတွေ ချမ်းသာတဲ့လူတွေရဲ့ အောက် ရောက်နေကြတာ ဘာဆန်းလို့လဲ.. ၊

သူဌေးက သူ့သားနဲ့သဘောမတူဘူးဆိုရင်တောင် ခြေသလုံးဖက် တောင်းပန်ကြရတာတွေ ရှိသေးသည်။ ကိုယ့်အမေမှာ ဒီလိုအတိုက်အခံ မာနတွေ ရှိခဲ့ဖူးတာလည်း တစ်ခါမှမမြင်ခဲ့ဖူးသည်မို့ ယုံလည်းမယုံနိုင်။ အံ့လည်း အံ့သြမိသည်။ ထို့ပြင် စိတ်လည်းပျက်မိသည်။

"မောင်က မာမီ့ကိုထပ်ပြောမယ်..အပြာက အန်တီ့ကိုဖြောင့်ဖျကွာ မောင် အကြာကြီးမစောင့်ချင်တော့ဘူး.."

"အမေ့အကြောင်း မောင်မှမသိတာ..တစ်ခုခုအတိုက်အခံပြောရပြီဆို အသံအကျယ်ကြီးနဲ့ အရမ်းအငြင်းသန်တာ.."

"ကျွတ်.."

"အပြာပြန်တော့မယ် မောင်..ခုလောက်ဆို အမေပြန်ရောက်လောက် ပြီ.."

"အန်တီက နေ့လည်ပိုင်းကမ်းနားဈေးကို သွားပြီး ဘာတွေလုပ်နေ တာလဲ.."

အထည်ဟောင်းတွေ ဝယ်နေတာပါ။ ဒါပေမယ့် အပြာပြောလို့မ ထွက်ပေ။ တကယ်တော့ အထည်တွေဆိုတာက ခိုးရာပါပစ္စည်းတွေလည်း ပါသည်။ ပစ္စည်းအတိုအထွာတွေကအစ တစ်ခါတလေ ရှည်ညစ်ထားစအ ထည်တွေ ဇလုံလိုက် ခြင်းလိုက်လာရောင်းတာတဲ့..

www.burmeseclassic.com

www.burmeseclassic.com


အဲဒါတွေကို ပိုက်ဆံကိုင်ထားပြီး ဈေးဖြတ်ယူသည်။ ပြီးတော့ အပုံ ည်ရောင်းသည့်ဆိုင်တွေမှာ ပြန်သွင်း၏။ အလုပ်မရှိသည့်အခါ အဲ့ဒီဆိုင် မှာ ဝိုင်းကူရောင်းပြီး ပြန်လာတတ်ကာ မပါဘူးဆို ခြောက်ထောင်ခုနစ် င်တော့ ပါလာတာပင်.. ၊

အရောင်းအဝယ်ကောင်းသည်လို့ ပြောသည့်နေ့ဆို နှစ်သောင်းဖိုး သောင်းဖိုးပါတတ်၏။ ဟိုတုန်းက စပ်စပ်စုစုသွားကြည့်ပြီး သူများပြေး လိုက်ပြေးရတာကို ပျော်သည်တဲ့။ ခုတော့ ကိုယ်တိုင်လုပ်နေလေသည်။

"ကိုယ့်အရင်းအနှီးမပါဘဲ ငွေလွှဲလုပ်ရုံလေးနဲ့ ပိုက်ဆံရတာလေ..ပြ နာဖြစ်လာရင်လည်း ဆိုင်ကရှင်းပေးတာ၊ ငါ့အတွက်ညည်းမပူပါ တဲ့..။"

အမေ့ရဲ့ဒဿနက မိန်းမဟာမိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ပြည့်အဝ ထိန်းနိုင်ရမည်။ မိခင်တစ်ယောက်က ကိုယ့်ကြောင့်သားသမီး မျက်နှာငယ် အရှက်မရစေရ။ စီးပွားရှာတာကတော့ သမာအာဇီဝဆို ာအလုပ်ဖြစ်ဖြစ် လုပ်မည်သာ.. ၊

"ညည်းမျက်နှာငယ်မှာဆိုးလို့ ငါသူများအိမ်မှာ အလုပ်မလုပ်ဘူး.. စာရိတ္တအပျက်မခံဘူး၊ ငါ့မှာသမီးလေးမွေးထားတဲ့အတွက် နောက်လင် ယူဘူး..ညည်းအတွက် ငါအဲ့လောက်ထိ ပေးဆပ်ထားတာ.."တဲ့.. ၊

"အပြာ.."

စားပွဲပေါ်မှာတင်ထားသည့် လက်ကိုဆုပ်ကိုင်လိုက်တော့ အပြာက ားလူတွေကို ကြည့်ပြီး ရှန်းထွက်လိုက်ကာ.. ၊

"မောင်မေးတာ မှားသွားရင်ဆောရီးပါကွာ..စိတ်ဆိုးသွားတာ ား.."

"မဟုတ်ပါဘူး..အပြာက.."

"အပြာ.."

စကားပြောခွင့်မရလိုက်ဘဲ အနားရောက်လာသည့် အမေ့ကြောင့် အပြာ ထိတ်လန့်သွားမိသည်။

"လာ..လာ ပြန်မယ်.."

"အမေက.."

"ဟုတ်တယ်..ခုပဲ ပြန်လာတာ.."

"အန်တီ..သားတို့ခုလေးတင် ရောက်လာတာပါ.."

ဒေါ်ဟေမာန်က ခြံကိုလှည့်ကြည့်ပြီး ခေါင်းညိတ်ပြကာ.. ၊

"အေးပါ..ဒီမှာဈေးဝယ်လာတာတွေ ကိုင်ရဦးမှာမို့လို့ တစ်ခါတည်း ပြန်လိုက်ခဲ့..လာ..

အပြာ့ကို လက်ဆွဲခေါ်သွားတော့ ခြံက ပိုက်ဆံကမန်းကတန်းရှင်းခဲ့ ပြီး ထွက်လိုက်လာကာ.. ၊

"အန်တီ.."

"ဟဲ့..ဘာကိစ္စလိုက်လာတာတုန်း၊ ဩော်..မင်းနဲ့ တွဲသွားတွဲလာတွေ

www.burmeseclassic.com

www.burmeseclassic.com



များနေတာ မကြိုက်လို့ ခေါ်လာတာကို.."

"အန်တီရာ..သားတို့က လက်ထပ်ဖို့.."

"မင်းခြိမ့်ရဲ.."

ဒေါ်ဟေမာန့်အသံက မာဆတ်ဆတ်ဖြစ်သွားခဲ့လျက် ရပ်ကွက်ထဲကို ဦးတည်နေသည့် လမ်းလေးရဲ့ဘေးမှာပဲ တုံ့ခနဲရပ်ပစ်လိုက်သည်။

"လက်ထပ်ဖို့သေချာနေရင်တောင် မင်္ဂလာပွဲကြီးဟီးနေအောင် ထိုးထားပြီးမှ ပျက်သွားတဲ့လူတွေ ရှိတယ်..အခု မင်းနဲ့ငါ့သမီးက ဘယ်လိုမှ ဖြစ်နိုင်တဲ့ အခြေအနေနှစ်ခု.."

"ဖြစ်နိုင်ပါတယ်အန်တီရာ.."

"အမေကလည်း လာပါ..အိမ်ရောက်မှပြောပါ၊ မောင်လည်း ပြန်တော့နော်..ဆိုင်ရှေ့မှာ ကားကျန်ခဲ့တယ်မို့လား.."

"ဘာမှမဖြစ်ဘူး..ရတယ်.."

ခြိမ့်က ဒေါ်ဟေမာန်နဲ့အတော် ရင်းနှီးနေသော တူသားနှောင်မယ်ကဲ့သို့ အပြုံကိုခေါင်းခါပြီး ဒေါ်ဟေမာန့်နားကပ်ကာ.. ၊

"အခြေအနေ အဆင့်အတန်းဆိုတာတွေ ဘာမှမရှိတော့ဘူး..အန်တီမကြိုက်တာတွေ မပြောဖို့လည်း မာမီကိုသားပြောမှာပါ၊ သားတို့ချစ်ခြင်းကို မခွဲပါနဲ့နော်.."

"တီ.."

ဟွန်းသံ ခပ်ပြင်းပြင်းနှင့်အတူ သူတို့ဘေးကို သိမ့်ခနဲထိုးရပ်လာသည့် ပရာဒိုကြောင့် လှည့်ကြည့်လိုက်မိကြ၏။

"မာမီ.."

အန်တီ.. ၊

ဒေါ်မင်းမာလာမှန်း သိလိုက်သဖြင့် အပြုံထိတ်လန့်သွားသည်။ ဒေါ်ဟေမာန်က မျက်နှာတည်တည်နှင့် တစ်ဖက်လှည့်နေ၏။ ဒေါ်မင်းမာလာက ပြောင်အိနေသည့် နံ့သာရောင်ပါတိတ်နှင့် ပိုးပျော့လက်ရှည်အသားရောင်ကို ဝတ်ထားကာ အဖျားတွန့်တွေနှင့် ဆံပင်ကို ဘေးနှစ်ဖက်သိမ်းလုန်၍ ဖြန့်ချထား၏။

သူမကိုဘယ်အချိန်မှာပဲ မြင်လိုက်ရပါစေ အမြဲနုသစ်လှပနေကာ အပြုံးအရယ်နည်းခြင်းက တည်ငြိမ်မှုကို ဖော်ကျူးနေသလိုပင်။ ဝတ်ထားသည့် ဝတ်စုံနှင့် လိုက်ဖက်သော နှုတ်ခမ်းနီအရောင်တစ်မျိုးမျိုး အမြဲတမ်းဆိုးထားတတ်ကာ မြန်မာဝတ်စုံတွေပဲ ဝတ်တတ်တာမို့ ခေတ်မှီ၍ ယဉ်စေအလှကို ပိုင်ဆိုင်ထားသူဖြစ်၏။

ကားအောက်ကို ဆင်းလာကာမှ မျက်မှန်ကိုချွတ်သည်။ ပြီးတော့ ခြိမ့်နဲ့ ဒေါ်ဟေမာန့် အလယ်နေရာလောက်မှာ ရပ်လိုက်တော့ ကြေးရုပ် ဖြစ်သွား၏။

"ပြန်မယ်သား.."

လုပ်ပြန်ပြီဆိုသောအကြည့်နှင့် ခြိမ့်မျက်နှာရှုံ့မဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်.."

ဒေါ်ဟေမာန်က အပြာ့လက်ကို ဆုပ်ကိုင်ပြီးခြေလှမ်းပြင်သည်။ အပြာက ခြေကန့်ထားသဖြင့် အမှတ်တမဲ့ဆွဲထွက်လိုက်သည့်လက်က ပြုတ်ထွက်သွား၏။ ဒေါ်ဟေမာန့်မျက်နှာ တင်းသွားသည်။ ပြီးတော့ ပြန်ဆွဲပြီးလှည့်ထွက်လိုက်လျှင်.. ။

အန်တီ..

"သွားပါစေသား..သူများခင်းတဲ့ ဖယားထဲဝင်ပြီး အကွက်ရွှေ့မခံရဘူး.."

လှမ်းနေသည့် ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။

"ဘယ်လို.."

ဒေါ်ဟေမာန် သမီးလက်ကိုမလွှတ်တမ်း ဆွဲထားလျက် ပြန်လှည့်သကာ.. ။

"ရှင် ကျွန်မကိုပြောလိုက်တာလား.."

"ဒီမှာ ဘယ်သူရှိလို့လဲ.."

"ဟုတ်လား..ကိုယ့်စိတ်နဲ့နှိုင်းပြီး မရှိုင်းနဲ့ဒေါ်မင်းမာလာ၊ ကိုယ်ထင်ရာ ကိုယ်လုပ်ခွင့်ရှိတယ်..ကျွန်မအကွက်ရွှေ့တယ်ထင်ရင် ရှင့်သားကို အခု ဆက်ဆွဲခေါ်သွားလေ၊ ဘယ်သူက တားနေလို့လဲ.."

"ဟုတ်တယ်..ရှင်မတားဘူး၊ တားစရာမှ မလိုတာ.."

ပြောပြီး သားဖြစ်သူကို လှည့်ကြည့်လိုက်ကာ.. ။

"ကိုယ့်လူကို မပိုင်တဲ့လူက ခြေတစ်လှမ်းဆွတ်ပေးရတာပေါ့..ဒါပေမယ့် ရှင်စိတ်ချမ်းသာတယ်ဆိုရင် ပြီးတာပါပဲ.."

ဒေါ်ဟေမာန် မျက်နှာပျက်သွားသည်။ ပြီးတော့ ပြန်ကြည့်မိ၏။ ခင်းထည်ဆိုင်မှာ ပြောသွားတဲ့စကားလုံးတွေ မျက်နှာထားတွေ ဘယ်မှာ ပြုတ်ခွာချပစ်ခဲ့တာလဲ။

ကလေးတွေရှေ့မှာ သူကသဘောထားကြီးနေတော့ ကိုယ်က လူကြမ်းလား.. ။

"ဒါပေမယ့် ရှင်မေ့နေတာထင်တယ်..ကျွန်မက သားရှင်.."

"သားရှင်ပဲဖြစ်ဖြစ် နွားရှင်ပဲဖြစ်ဖြစ် ကိုယ်မွေးထားတာ ကိုယ်ပိုင်အောင်လုပ်.."

ဒေါ်မင်းမာလာ မျက်နှာညိုမည်းသွား၏။

"ရှင့်ကို ကျွန်မစကားကုန်ပြောပြီးသား..ချမ်းသာတဲ့လူတွေထက် ဆင်းရဲတဲ့လူတွေက ပေးဆပ်နိုင်တယ်ဆိုတာ.."

"အဟွန်း..ရိုးသားတဲ့ ရွှံ့သည်ကို ရွှေခွက်ပေးလွှတ်လိုက်တဲ့ အဘွား အိုလိုမျိုးလား၊ မှန်ပါတယ် တကယ့်ရွှေခွက် အစစ်ကြီးကို သူပေးလိုက်နိုင်တယ်..ရှင်ကတော့.."

ဆက်မပြောဘဲ ပြုံးလိုက်တာက ဘာလဲ.. ။

ကိုယ်ပြောလိုက်တဲ့စကားက လိုရင်းကိုတိုက်ရိုက်ထိတာပါ။ ရွှံ့ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည် နှစ်ဦးနဲ့ ဘယ်လိုသက်ဆိုင်သွားတာလဲ.. ၊

ဒေါ်ဟေမာန် ဒေါ်သဖြစ်ဖို့အတွက်ဆို အစရှာနေရပါပြီ။ စကား... ရင် ကွေ့ဝိုက်စောင်းချိတ်ပြီး ဒီမိန်းမ၊ စိတ်ထဲရှိတဲ့အတိုင်းသာဆို ဂု... စီးပြီး အားပါးတရ ရိုက်ပစ်ချင်၏။

"ဒေါ်သတွေသိပ်ထွက်မနေနဲ့ မဟေမာန်..ရှင်က မာနကြီးနိုင်... ကျွန်မက ဘာမို့လို့လဲ၊ ဒါပေမယ့် ရှင်က ကျွန်မအတွက်ဖက်ပြိုင်နေ... လူမှမဟုတ်တာ.."

"မာမို.."

"သိအောင် ပြောပြတာပါ..ဆင်းရဲသားတွေ ဘယ်လိုပေးဆပ်... သလဲ ကျွန်မမသိဘူး..ဆင်းရဲသားတွေအကြောင်း စိတ်လည်းမဝင်စား... ရှင့်အတွက်က လွှတ်ပစ်လိုက်ရင်လည်း ဖြစ်တယ်..ဖမ်းဆုပ်ထားရင်လ... အသာလေးပဲ၊ ဘာလို့လဲဆိုတော့ တန်ဖိုးဆိုတာကို ရှင်မှနားမလည်တာ..."

"ဘာပြောလိုက်တယ်..ရှင် ဘာပြောလိုက်တာလဲ ဒေါ်မင်းမာလာ..."

"အမေ့..လမ်းပေါ်မှာ အမေရယ်.."

အပြာက သေလုမျောပါးဝင်ဆွဲလိုက်သဖြင့် ဒေါ်မင်းမာလာနား... ဒေါ်ဟေမာန် မရောက်လိုက်ပေ။

"အဟွန်း..သား ကားပေါ်တက်.."

ဒေါ်မင်းမာလာက အထက်စီးဆန်သောအပြုံးနှင့် ခြံကိုပြောပြီး...

"ဆောရီးအပြာ..ဒီပြဿနာထဲမှာ မင်းတို့မပါဘူး.."

အပြာ့ကိုပြောရင်း ဒေါ်ဟေမာန့်ကို ကြည့်လိုက်၏။

"ငါကလူကြီး..ကလေးကလားစကား ပြောခဲ့တာမဟုတ်ဘူ... မင်္ဂလာကိစ္စ မင်းစိတ်ဝင်စားရင် အချိန်မရွေးလာခဲ့လို့ရတယ်..ဒါပေမ... ခွင်းချက်တော့ ရှိသွားပြီပေါ့.."

"မင်္ဂလာကိစ္စ ရှင်ပြောတာဆိုရင် ကျွန်မကလည်း ပြောစရာရှိတယ်... အပြာရင့်ရောင်ရဲ့ဘဝကို အရှိအတိုင်းလက်ခံနိုင်မှ သဘောတူမှာ၊ ရှင်တို့... ဘာသာ သူ့ဌေးမကလို့ သိကြားမင်းဖြစ်ဖြစ်.."

> > < <

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၉)

"တိတ်စမ်းသား..မာမီ ဘာမှမကြားချင်ဘူး.."

တိတ်ဆိုလို့ အသံပျောက်သွားတော့လည်း အော်လိုက်ပြီးမှ သားကို ...ည့်ကြည့်မိ၏။ ဆွယ်တာလက်ရှည်အနီရဲရဲလေးနှင့် အပြိုင် နှုရဲဝင်း ...နေသည့် သားရဲ့ မျက်နှာလေးက ငယ်ငယ်တုန်းကစိတ်ကောက်နေ ...ှင် မျက်လွှာချထားတဲ့ အတိုင်း. ၊

ထိုအခါ စိတ်မကောင်းဖြစ်သွားမိကာ.. ၊

"မာမီ ဒီထက်ဘာလုပ်ပေးရဦးမှာလဲ..လက်ထပ်ပွဲမှာ လူစုံတက်စုံ ...ောက်လာကြမှာ၊ အဲ့ဒီအချိန်မှာ မေးကြရင် ဘယ်သူ့မျက်နှာငယ်မှာလဲ.. ...တို့ပဲငယ်မှာ၊ ဂုဏ်သိက္ခာဆိုတဲ့စကားကို ပြောနေရတာ မာမီတို့အတွက် ...ဲ မဟုတ်ဘူး.."

မအေ ဒါကိုပြန်ဆက်ပြောကာမှ ခြံမျက်နှာပြန်မော့လာခဲ့လျက်..၊

"မာမီက အဲ့ဒါကို နားလည်အောင်ပြောပြခဲ့သင့်တာ..ခုတော့.."

"သြော်..မာမီ ဘယ်လိုပြောသွားပါတယ်လို့ သားကိုဗျူကသေချာ ...ောပြလိုက်တယ်ပေါ့.."

"မပြောပါဘူး..မာမီနဲ့တွေ့လာပြီးမှ အန်တီနဲ့သား စကားကိုမပြော ...ဖြစ်သေးဘူး.."

"အေး..မပြောတာကောင်းတယ်၊ အကုသိုလ်နည်းတာပေါ့.."

ကိုယ်လည်းမဟုတ်တာတော့ မလုပ်ခဲ့ပေမယ့် ဟိုမှာတုန်းကတော့ ...ကားတွေ ပိုပိုသာသာပြောခဲ့မိတာအမှန်ပင်။ အလိုလိုကမှ သားကမိဘကို ...ားလည်ဖို့ ကြိုးစားချင်တာမဟုတ်။

ဟိုကထပ်ပြီး သာသာထိုးထိုးတွေ ပြန်ပြောပြလိုက်ရင်မလွယ်။ ...ခင် ဖြစ်ရတဲ့ဘဝမှာ တစ်သက်လုံး မကြမ်းခဲ့ဘူးဘဲ ကြမ်းနေရသည်။ ...ာယ် တုန်းကမှ မညာခဲ့ဘူးဘဲ ညာနေရ၏။ ဒီလိုအဆင့်အတန်းမျိုးထဲက ...ပ်စွာစွာစရိုက်ဆန်သော မိန်းမတစ်ယောက်နဲ့ ခွန်းကြီးခွန်းငယ်ပြောရတာ ...လည်း ဒါပထမဆုံး.. ၊

"သားက အပြော့ကိုပဲ လက်ထပ်မှာမာမီ.."

"ဘာ.."

"မာမီလည်း အပြော့ကိုလက်ခံမယ်လို့ ပြောခဲ့တယ်မို့လား.."

"ဟုတ်တယ် ပြောခဲ့တယ်..ဆန်မရှိအစားကြီးနေတဲ့ နှင်းပွေ့မာန်ဆို ...တဲ့ မအေကိုတမင်ရွဲ့ပြောခဲ့တာလည်း ပါတယ်.."

"ဒါဆို မာမီညာခဲ့တာလား.."

www.burmeseclassic.com

www.burmeseclassic.com



"ညာတာလည်း မဟုတ်ဘူး.."

ဒေါ်မင်းမာလာ စီစီလာချပေးသွားသည့် သံပုရာရည်ဖန်ခွက်
တစ်ခွက်ယူပြီး သားရှေ့မှာ ချလိုက်သည်။ ပြီးမှ တစ်ခွက်ကိုယူပြီး ခြေရာ
ချိတ်လိုက်ရင်း.. ။

"မာမီပြောခဲ့သေးတယ်..ခြွင်းချက်တော့ ရှိသွားပြီဆိုတာ.."

ခြံက မျက်ခုံးတွေစုကျုံ့နေလျက် နားထောင်နေ၏။ ကိုယ့်အပြော
ပေါ်မှာ သားစိတ်ကျေနပ်မှုမရှိသေးဘူးဆိုတာ သိသာနေသည်။ ဘာပဲပြော
ပြော မင်္ဂလာကိစ္စမှာ အခက်အခဲအနှောက်အယှက်ဖြစ်စေမည့် အကြောင်း
အရာဟူသမျှအပေါ် သားနားလည်ပေးနိုင်မှာ မဟုတ်ပေ.. ။

"မာမီကတော့ မာမီ့ဘက်က တာဝန်ကျေတယ်လို့ထင်တယ်..ကိုယ်
တန်ဖိုးထားပြီး အများကြီးမျှော်လင့်ခဲ့ရတဲ့သားနဲ့ လက်ထပ်ပေးဖို့ သ
ဘောတူခဲ့ရတယ်..သူတို့အတွက် တူတူတန်တန်ဖြစ်အောင်လည်း.."

"သူတို့ မတူတန်လည်း ဂရုမစိုက်ပါဘူးဆိုရင် ထားလိုက်ပါလား
မာမီရာ..မလိုချင်တာကို မပေးရှုပ်ပေါ့.."

"ဘယ်လို.."

"အခု ကိစ္စကြီးကြောင့် ရှော့ခ်တွေဖြစ်ကုန်တာလေ..မာမီသဘော
တူနိုင်လို့ ခေါင်းညိတ်ခဲ့ပြီးပြီပဲ၊ အဲ့ဒါတွေ ဘာလုပ်ဖို့လဲ.."

"ဘာလုပ်ဖို့လဲဆိုတာကို ပြောပြရရင် အရှည်ကြီးပဲသား..လူတစ်
ယောက်ဟာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုရင် ကိုယ့်ကိုယ်ကိုမလေးစား
တော့တာပဲ၊ ကိုယ်တန်ဖိုး ကိုယ်ချတာနဲ့လည်း တူတယ်..ဘာဖြစ်လို့လဲဆို
တော့ ကိုယ်ကလည်း ပတ်ဝန်းကျင်ပဲလေ၊ လူမှုရေးဘာသာရေး စီးပွားရေး
အားလုံးကလည်း ပတ်ဝန်းကျင်ပဲ.."

"ကျွန်တော်ပြောတာက တစ်ခါတလေဆိုတာလည်း ရှိရတာပဲမို့
လား..နေရာတကာ ဂရုစိုက်လွန်းနေရင်.."

"ဂရုမစိုက်ဘူးဆိုပြီး လုပ်ချင်တာလုပ်ပစ်လိုက်တာ ကိုယ့်အပိုင်း
ပတ်ဝန်းကျင် ဆိုတာကိုတော့ ထည့်မတွက်လို့မရဘူး၊ သားရဲ့ဘဝအရေး
ကို မာမီတို့ စိတ်တိုင်းကျ ဆုံးဖြတ်လိုက်လို့ရတယ်..ဒါပေမယ့် မာမီတို့
မိသားစုနှစ်စုတည်း မင်္ဂလာပွဲကျင်းပလို့မရဘူး.."

ခြံမျက်လုံးတွေက ခရီးဝေးတစ်ခုကို မျှော်ငေးကြည့်ပြီး ခြေကုန်
လက်ပန်း ကျသွားသူတစ်ယောက်လိုပင်.. ။

"အဲ့ဒါတွေကြောင့် သူတို့သားအမိ မာမီတို့အသိုင်းအဝိုင်းမှာပါ ဝင်
လယ်တင့်အောင် မာမီက ကိုယ့်အိတ်ထဲက စိုက်ထုတ်ပြီးထူထောင်ပေး
လုပ်ခဲ့တာပဲ.."

ဒါပေမယ့် အလကားရမယ်ဆိုရင် ဒီလိုရလို့ ပိုကောင်းတာမှာတွေ
လည်းရှိမှာကို မလိုချင်တဲ့သူရှိမလား.. ။

ခြံနားထဲမှာ အပြာပြောပြတဲ့ စကားတွေကစွဲနေသည်။

"အမေ့စိတ်ကို အပြာမသိတော့ဘူး..တစ်ခါတလေ အရမ်းသဘော

www.burmeseclassic.com

www.burmeseclassic.com


ကောင်းတယ်၊ သူများအပေါ်မှာလည်း အရမ်းနားလည်တတ်တယ်..အပြော ကိုလည်း သူငယ်ချင်းတစ်ယောက်လို ရင်းနှီးအောင်နေတတ်တယ်၊ တစ်ခါ ကလေးကျတော့ အဲ့ဒါတွေမရှိတော့ဘူး..တစ်လောကလုံးကို နှစ်ပရိစ္ဆေဒ ကျည်းနေတဲ့ လူလိုမျိုး၊ နှာနှာကျည်းကျည်းတွေ ထဖြစ်ထပြော..”တဲ့..

အပြော နားမလည်ဘူးလို့ ပြောပြနေပေမယ့် သူကတော့ဒေါ်ဟောမာနဲ့ ဒေါ် နားလည်ပေးနိုင်ခဲ့တာ ဘာကြောင့်မှန်းမသိ။ မာမီနဲ့ဖြစ်ရတဲ့ကိစ္စမှာ မှန်နေသလို ဒေါ်ဟောမာန့်ဘက်မှာလည်း သူမလက်ကိုင်ထားသည့် အနှ် တရားတစ်ခုခု ရှိနေလို့သာ မကောက်မကွေ့သော မျဉ်းဖြောင့်နှစ် ကြောင်းလို ဆုံမှတ်ပျောက်ကွယ်နေခြင်း ဖြစ်နိုင်သည်။

“အခု မင်္ဂလာပွဲကို မာမီကမဖျက်ပါဘူး..ဒါပေမယ့် မာမီချခင်း ပေးတဲ့ လမ်းအတိုင်း သူတို့လျှောက်ရလိမ့်မယ်..”

“သားထင်တယ်..အန်တီလက်မခံနိုင်တာ မာမီချခင်းပေးချင်နေတဲ့ လမ်းကြောင့်ပဲ..”

“ဘာကိုလဲ..”

သံပုရာရည်တစ်ကျိုက်ကို ကမန်းကတန်းမျိုချလိုက်တာ လည် ချောင်းတောင် နာသွားသည်။ ခြံက စိတ်ရှုပ်နေသလို နဖူးကဆံပင်တွေကို ခဏခဏ သပ်တင်နေခဲ့လျက်.. ၊

“အလကားပေးတိုင်း မယူတတ်တဲ့လူတွေရှိတယ်..ဆင်းရဲတဲ့လူတိုင်း ချမ်းသာတဲ့ လူတွေအောက်ကိုကျဖို့ အဆင်သင့်ဖြစ်နေကြတာမဟုတ်ဘူး.. မာမီက ကူညီတာလို့ထင်ပေမယ့် သူ့ခံယူချက်နဲ့ကွဲပြားနေတာ တစ်ခုခု မာမီပြောခဲ့တာ..ဒါမှမဟုတ်..”

“ဘာမှသေချာမမြင်ဘဲနဲ့ သားကဘာကိုပြောချင်တာလဲ.. မာမီဘာ တွေပြောခဲ့တယ် ထင်လို့လဲ..”

မေးလိုက်ရပေမယ့် စိုးထိတ်မှုတွေတော့ ဖြစ်နေခဲ့ပါပြီ။ သူမစကား လွန်ခဲ့တာ ရှိနိုင်သည်။ ကိုယ်ရင်းနှီးထားရတာအတွက် ဒီလောက်တော့ ပြောခွင့်ရှိတာပဲ မဟုတ်ဘူးလား.. ၊

ဒါပေမယ့် လူကြီးချင်းဘယ်သူ ဘယ်လိုပဲလွန်ကျွံအောင် ပြောခဲ့ပြု ခဲ့ပါစေ။ ကလေးတွေသိဖို့မှ မလိုဘဲ။ သားက ဘာဖြစ်လို့ နှိုက်ထုတ်ဝေဖန် နေတာလဲ.. ၊ဒီလောက်ထိ ဘာကိုနားလည်ပေးချင်နေတာလဲ.. ၊

ခုချိန်ထိ သူမတွေးခဲ့တဲ့အတိုင်း မှန်နေတာက အပြာရင့်ရောင်ကို သား တော်တော်မြတ်နိုးနေခဲ့သည် ဆိုတာပင်။ သို့သော် သူမလုပ်ခဲ့သမျှ ကတော့ ခုချိန်ထိ လိုရာမရောက်နိုင်ပါ့လား..၊

သားရဲ့ရင်ထဲကို နားလည်ခဲ့သဖြင့် သားစိတ်ချမ်းသာအောင် သူမ လိုက်လျောခဲ့သည်။ သားကတော့ ဒီအမေရင်ထဲကို နားမလည်ဘဲ သူများ ရင်ထဲကို မျှဝေခံစားပေးနေခဲ့၏။ အံ့ဩနားမလည်သလို မျက်မှောင် ကုတ်စိုက် ကြည့်နေသဖြင့် ခြံက မျက်ဝန်းတွေကို တစ်နေရာလွှဲပစ်ရင်း..၊

“သားပြောချင်တာက ဆင်းရဲတဲ့လူတွေလည်း မာနကြီးတဲ့လူတွေရှိ

www.burmeseclassic.com

www.burmeseclassic.com


ကြတယ် ဆိုတာကိုပါ..ကိုယ်က စင်ပေါ်ကလူပဲ မာမီရာ၊ သူတို့နဲ့ မာနချင်း ပြိုင်မနေပါနဲ့..ဆင်းရဲတဲ့လူက မာနခံနေရင် ချမ်းသာတဲ့လူက လျှော့လိုက်တာ ပိုပြီးမြင့်မြတ်ပါတယ်.."

"သားက ဘုန်းကြီးစာချ လုပ်နေတာလား.."

"မပြေလည်မှုတွေ ကြီးထွားလာရင် သားတို့ကခေးရတော့မှာ.."

"အဲ့ဒီအတွက် မာမီကပဲ လျှော့ပေါ့ပေးရမယ့်တာဝန်ရှိနေတာလား.."

"အနိုင်ယူလိုက်ရင် ဆင်းရဲတဲ့လူကို ဖိနှိပ်ရာမကျဘူးလား မာမီ.."

အန်တီဟေမာန်က ဖွာလာသမားပါ၊ မာမီပြောသလို ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်တဲ့ အကျင့်ကြောင့် ထင်သလိုနေ ထင်သလိုပြောတတ်တာတွေက ကိုယ့်တန်ဖိုးကိုယ်ချပစ်သလို ဖြစ်နေတာပါ..တကယ့်စိတ်ရင်းကတော့.."

ပြောနေရင်း မာမီ့မျက်ဝန်းတွေကို သတိထားမိပြီး စကားကဒီမှာပဲ ရပ်သွား၏။

"သားလိုချင်တာတစ်ခုကိုပဲ ပြောနေမိလားမသိဘူး.."

တောင်းပန်ရင်း ဆံပင်တစ်ချက်သပ်မိလျက်..

"မာမီလည်း လက်ထပ်ပေးဖို့သဘောတူပြီးသားမို့လို့ သားကပြောတာပါ.."

ဒေါ်မင်းမာလာ မပြုံးချင်ဘဲပြုံးလိုက်မိသည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သားစိတ်ချမ်းသာဖို့ အတွက်ဆို သူမအတတ်နိုင်ဆုံး လိုက်လျောဖို့ ပြင်ဆင်ထားတာပါ။

ဒါပေမယ့် သားကိုယ်တိုင်တောင်းဆိုလာတာကိုတော့ မလိုချင်။ မိုးဆိုးတာက ဟိုတစ်ဖက်ကိုပဲ ဖေးမငဲ့ညာပြီး တွေးနေခဲ့တဲ့အဖြစ်သည်..

➢ ➢ ➣ ➣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

"အမေရယ်..သူကပိုက်ဆံတတ်နိုင်လို့ ပိုက်ဆံနဲ့ဖြေရှင်းပေးတာပဲ ကိုယ်ဆင်းရဲတာ လူတိုင်းသိတယ်..အမေဘာဖြစ်လို့ မာနတွေခံနေရတာလဲ.."

"ညည်းကိုငါပြောပြီးပြီလေ..အဲ့ဒီမိန်းမ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးပြောနေတာ ညည်းတို့မသိလို့ ခံနိုင်ပေမယ့် ငါမခံနိုင်ဘူး.."

အပြောရေသောက်ရတာတောင် လည်နင်မိတဲ့အဖြစ်.. ၊

"အခု ညည်းရတဲ့လစာလည်း ငါရနေပြီ..ငါလည်း ကျိုးကန်းနေတာမဟုတ်ဘူး၊ ဘာကိုဂရုစိုက်ရမှာလဲ.."

"အမေ့.."

"ဘာတုံး.."

"အခု သမီးတို့ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်မရပ်နိုင် ပြိုင်ပွဲဝင်နေတာ မဟုတ်ဘူးလေ.."

"အဲ့ဒီတော့ ဘာဖြစ်တုံး.."

"အမေ့ကိုလည်း ဘယ်သူမှမပြိုင်ဘူး.."

"ပြောပြန်ပြီတစ်ယောက်.."

ဟိုတစ်ယောက်ကလည်း ပြိုင်ဘက်တစ်ယောက် မဖြစ်နိုင်ရင်နောက်ကလိုက်ပါတဲ့။ ကိုယ်မခံနိုင်ဆုံးစကားကို သမီးကိုယ်တိုင်ပြောလာတော့ စိတ်ရှိလက်ရှိ ပြေးရိုက်ထည့်လိုက်ရမလားတောင် စဉ်းစားလိုက်မိ၏ ။

"အန့်တီက သူ့ဝတ္တရားရှိတဲ့အတိုင်း လုပ်ပေးနေတာအမေ..ပြောရရင် သမီးတို့ ဆင်းရဲတာမျက်နှာငယ်ရမှာတွေက သူနဲ့ဘာမှမဆိုင်ဘူး..ကိုယ်မွဲတာ ကိုယ်ခံပဲ.."

"ဘယ်သူက မခံနိုင်ပါဘူးပြောနေလို့လဲ.."

"ဒါပေမယ့် မင်္ဂလာပွဲမှာ သမီးတို့မျက်နှာမငယ်ရအောင်..သူလုပ်.."

"သူ့ကိုယ်သူ တင့်တယ်အောင်လုပ်နေတာ အပြော..ဒီလိုလူတန်းစားတွေနဲ့ လက်ထပ်ပေးရလားဆိုပြီး သူ့အသိုင်းအဝိုင်းမှာ သူမျက်နှာငယ်မှာစိုးတာ.."

"အဲ့ဒါလည်း သူ့ဘက်က နားလည်ပေးလိုက်ပေါ့အမေရဲ့..အမေ့သမီးကို သူ့ဌေးကချွေးမတော်မယ်ဆိုတာ အမေဝမ်းမသာဘူးလား.."

"ဝမ်းသာတာနဲ့ပဲ ငါကသူ့ဖိနပ် လိုက်ကောက်ပေးရမှာလား.."

"တိုးတိုးပြောပါအမေရယ်.."

www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင်ပါဘူး..ဒေါ်သထွက်ပါတယ်ဆိုမှ အသံဖလိုးတွေနဲ့လွှ နေရမှာလား၊ ဒီမှာအပြာ ကိုယ့်ဘဝအခြေအနေနဲ့ကိုယ် နှင်းဟောမာ အရှုးလိုနေနေတာ မာနကိုမထိပါးနဲ့.."

"ကျွတ်.."

အပြာကျွတ်ခနဲ မဲ့ကာ နေရာမှဆတ်ခနဲ ထရပ်လိုက်သည်။ ဒေါ်ဆ မာန် ခေါင်းထောင်သွားကာ.. ၊

"ညည်းက မအေကိုစုတ်တွေ ဘာတွေသပ်လို့ဟုတ်လား..တော် တော်ကို စိတ်ပျက်နေတယ်ပေါ့လေ.."

"အမေက သီချင်းဆိုနေတာမှ မဟုတ်ဘဲ..ကိုယ့်ကို ဆူနေတဲ့ဥစ္စာ ပြုံးပြုံးလေး နေပေးရမှာလား.."

"အေး..ပြုံးဖို့မလိုပေမယ့် မအေဆူနေရင် ဒေါ်သမပြရဘူး..ခြေ ဆောင့်ရဘူး၊ ငါတစ်သက်လုံးသင်ပြလာခဲ့တာတွေ ယောကျ်ားတောင်မရ သေးဘူး ခေါင်းထဲက ထုတ်ပစ်လိုက်ပြီပေါ့.."

"သမီး ဘယ်မှာဆောင့်လို့လဲ..အမေကတော့ ခက်ပါတယ်တကယ် ပဲ.."

ညည်းညည်းညူညူနဲ့ပဲ ပြန်ထိုင်လိုက်ရကာ.. ၊

"အမေ့သမီး နိုင်ငံခြားပြန် မီဘသုကာပညာရှင်ဖြစ်နေပြီအမေ..သမီး အင်အားနဲ့ အမေ့ကိုကိုယ်ပိုင်တိုက်ခန်း ပြန်ဝယ်ပေးနိုင်ဖို့ သမီးကြိုးစားနေ တာ.."

"ဘာဆိုင်လဲအဲ့ဒါ.."

"မိဘဆိုတာ အသက်ကြီးသွားရင် ခလေးပြန်ဖြစ်သွားတယ်တဲ့-"

"အဲ့ဒီတော့ ညည်းကိုငါက ဆရာမလုပ်ပါနဲ့..ဒီလိုလား.."

"မဟုတ်ပါဘူး.."

"မဟုတ်ရင် ညည်းကသူဌေးချွေးမဖြစ်တော့မယ်ဆိုပြီး.."

"ဟား..အမေရာ.."

"လုပ်ပြန်ပြီ..ညည်းငါ့ကို အဲ့ဒီလို စိတ်ပျက်လက်ပျက်ကြီး မခေါ်ဖေး ပါနဲ့၊ ငါပြောတာဆိုတာ ငါလုပ်နေတာတွေ မှားနေတယ်လို့ ညည်းထင်ရင် ငါ့ထက်နှစ်ဆယ့်ငါးနှစ်ငယ်တဲ့ ညည်းကိုယ်ညည်းပြန်တွေး.."

အပြာဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဘယ်သူမှ အမှားနဲ့မကင်းဘူးဆိုတာ ငါလက်ခံတယ်..ဒါပေမယ့် ညည်း မအေအပေါ်မှာ ရှုမြင်သုံးသပ်နေတာလည်း မမှန်သေးဘူးအပြာ ဘာဖြစ်လို့လဲဆိုတော့ ညည်းက မိဘမဖြစ်သေးလို့ပဲ..အဲ့ဒါတွေ မပြော တော့ပါဘူး၊ အခု ညည်းဘာပြောချင်တာလဲ..ပြော၊ ဟိုပိုးထည်ဆိုင်ကို ငါမယူဘူးဆိုတာ ရင်နာနေတာလား.."

"ယူသင့်တယ်လို့ သမီးထင်တာလေ..ပတ်ဝန်းကျင်မှာလည်း သမီးတို့ကိုပဲ.."

"ဘယ်ပတ်ဝန်းကျင်မှ ငါဂရုမစိုက်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com


"ပတ်ဝန်းကျင်နဲ့နေတာပဲ အမေရယ်..ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတာတော့ မဟုတ်သေးပါဘူး.."

"ဟုတ်တယ်..ဘာဖြစ်ဖြစ်ကို ဂရုမစိုက်ဘူး..မစိုက်တော့ ဘာဖြစ်သွားနိုင်လဲ၊ သမီးတစ်ကောင်လက်ဆွဲပြီး ငါဒုက္ခရောက်နေတုန်းက အဲဒီပတ်ဝန်းကျင် ဘာတွေပြောကြသလဲ..အလုပ်လုပ်တော့လည်း လူစုံတက်စုံ အရှုန်းရှန်းနဲ့ ဒီမိန်းမ ဘာလုပ်စားနေသလဲ မသိဘူးတဲ့.."

အပြာ ဘာမှမပြောဘဲ ငေးကြည့်နေခဲ့၏။

"အလုပ်မရှိလို့ ရှိတာရောင်းစားတော့ ကိုယ်အဖြစ်မရှိရင်လည်း အားကိုးရာလိုက်ပါလားတဲ့..ကွယ်ရာမှာပြောရတာနဲ့ မကြားတကြား အမင်စောင်းချိတ်ပြောတာနဲ့.."

"အဲ့ဒါတွေကို ကိုယ်ကနားစွဲ့နေလို့ပါအမေရာ..အမေမသိသလို နေကြည့်ပါလား.."

"အောင်မလေး...ငါ့ကိုတရားပြနေလိုက်တာ မယ်မင်းကြီးမရယ်..ထောင်းချိတ်ပြောတာလောက် ခံရခက်တာမရှိဘူး၊ ပါးဆွဲရိုက်ပစ်လို့မရ..အခံခြုံပြီး ကော်တုတ်ပစ်လို့လည်း မကောင်း.."

ပြောနေကာမှ အမေပိုအော်နေတော့သည်။ ပတ်ဝန်းကျင်အကြောင်း ပါလာပြီဆို တမင်တကာဘေးလူကြားအောင် အော်ပြောတတ်တာ အမေ့အကျင့်ရယ်။ ပြောမိတာကိုက ကိုယ့်အမှား.. ၊

ထိုအခါ ခြံ့အမေ ဒေါ်မင်းမာလာကို အပြာသတိရသွားခဲ့၏။ ဘယ်လောက်ဒေါသထွက်နေနေပက်ခနဲထအော်ပစ်တာမရှိ။ သူများစကားကိုနားထောင်တတ်ပြီး အဆင့်အတန်းရှိရှိ စကားကိုတစ်ခွန်းချင်းချေပပြော၏။

ဒေါသထွက်ခြင်း ကျေနပ်ပြုံးပျော်ခြင်းတွေကို သူမရဲ့မျက်လုံး မျက်ခုံးနဲ့ နှုတ်ခမ်းတို့မှာပဲ အရိပ်ထင်စေလျက် ခြေဟန်လက်ဟန်နဲ့ ပလစ်ဆန်အောင် ပြောတာမျိုး မတွေ့ခဲ့ဘူးပေ။ ဒေါ်မင်းမာတာနဲ့နှိုင်းယှဉ်ဖွယ် ဆန့်ကျင်ဖွယ်စရိုက် သဘာဝအားလုံး အမေ့မှာရှိနေခြင်းနဲ့ပတ်သက်၍..၊

"အဲ့ဒီမင်္ဂလာပွဲကို ငါလုံးဝသဘောမတူဘူး.."

ဟင်.. ၊

သူမရဲ့အတွေးတွေက အမေ့ဆီက မထင်မှတ်သောစကားကြောင့် အထိတ်တလန့် ပြတ်တောက်သွားခဲ့လျက်.. ၊

"အမေ ဘာပြောလိုက်တာ.."

"ငါတို့ဘဝကို တကယ်လက်ခံရင် ဒီတိုင်းပဲလက်ထပ်ပေးလို့ရတယ်.. ဘယ်သူ့ ဂုဏ်သိက္ခာကြောင့်ဖြစ်ဖြစ် သူပေးတာကို ငါမယူနိုင်ဘူး၊ ကိုယ့်ဟာ မဟုတ်တာကြီးပေါ် အခန့်သားတက်ထိုင်ပြီး ကွယ်ရာကနေ လက်တို့ လှောင်ရယ်နေကြမှာမျိုး လက်ခံရအောင် ငါကဥစ္စာရူးလည်းမဟုတ်ဘူး.."

"ဒါကျတော့ ပတ်ဝန်းကျင်ကို ဂရုစိုက်သွားပြီလား.."

"သူက သူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်အကြောင်း ထည့်ပြောတော့

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ပြောရမယ်လေ..အဲဒီပိုးထည်တိုက်ထောင်ပေးတဲ့အတွက် သူ
တော့ လူတွေ အထင်ကြီးကြ ချီးမွမ်းကြနဲ့ဖြစ်မယ်၊ ငါတို့ကတော့တစ်သ
လုံး သင်းနိုင်စားတာကို ခံသွားရမယ့်အပြင် ဆင်ဖြူတော်မှီပြီး ကြံစ
တယ်ဆိုတဲ့ အတင်းအဖျင်းတွေက လာဦးမယ်.."

"အမေရယ်.."

"တော်ပြီ မပြောနဲ့တော့..ညည်းအဲ့ဒါကို လက်ခံချင်ရင် နောက်
ကစပြီး ငါ့အိမ်ကို ဝတ်ကျေတန်းကျေ ပြန်လာတာတွေ လုပ်မနေနဲ့တော့
ညည်း လစာလည်းမပို့နဲ့.."

"အမေ့.."

ဒေါ်ဟေမာန် အခန်းလက်လှည့်ဝင်သွားတော့ အပြာကမန်းကတ
ထလိုက်သွားမိကာ.. ၊

"အမေ့ကိုသမီးက.."

"ဘာမှမပြောနဲ့..ညည်းကိုယ်တိုင် ခြံနဲ့လက်ထပ်ပွဲပျက်မှာကို သိ
ကြောက်နေတာ ငါသိတယ်၊ ငါကတော့ ပြောပြီးသားနော်..သဘောမတူ
ဘူး မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီပိုးထည်တိုက်ကို လက်ခံထားပြီးမှ လ
ထပ်ရမယ့် ပွဲကိုလည်း ငါလုံးဝလာမှာ မဟုတ်ဘူး.."

"မဟုတ်သေးပါဘူးအမေရယ်..အမေ့.."

အပြာက ဒေါ်ဟေမာန့်လက်ကို အတင်းပြန်ဆွဲထား၏။ အမေ
သထွက်တိုင်း သူမကလည်း စိတ်ထဲရှိတဲ့အတိုင်း ပြန်ပြောပြန်အော်
ဖြစ်ခဲ့ကြတာ ရှိးနေပါပြီ.. ၊

ဒါကြောင့် အမေ ခုလောက်ထိခံစားချက်တွေ ပြင်းထန်နေမယ်
နည်းနည်းလေးတောင် မတွေးမိခဲ့ပေ။

"သမီး အိမ်ပြန်မလာဘဲ အဆောင်မှာနေနေတာ အမေ့ဆန္ဒအ
နော်..သမီးက အမေ့ကိုခွဲခွာခဲ့တာ ဘာမှမရှိဘူး၊ သမီးကို အိမ်ပြန်မလာ
ဘာညာထိ မပြောပါနဲ့.."

"ပြောရမယ်..အစက မပြောလည်း ခုပြောရမယ်၊ ညည်းယောက်
လောင်းကို ငါလုံးဝကြည့်မရဘူး..သမီးနဲ့သူ့သားနဲ့ ညားသွားရင် ခမည်း
ခမက်ဆိုတာ မတော်ချင်လည်း တော်ရတော့မှာပဲ.."

"ဟုတ်ပါပြီ..အမေအဲ့လောက်ဖြစ်နေရင် သမီး သူ့ကိုမယူတော့ပါ
ဘူး.."

"အပိုတွေပြောမနေနဲ့..ဖယ် ဖယ်.."

ဒေါ်ဟေမာန် သမီးလက်ကို ခွာချပစ်ခဲ့ပြီး အိပ်ခန်းထဲဝင်လို
ကာ..၊

"ငါက ညည်းကိုချမ်းသာအောင် လုပ်မပေးနိုင်ဘူး..လုပ်ပေးနိုင်တဲ့
လူနဲ့လည်း ငါ့ကြောင့်လွဲရတယ်ဆိုရင် ညည်းရင်ထဲမှာ ပြည်တည်နာဖြ
သွားမှာပဲ.."

ပြောနေရင်း တံခါးပိတ်ပစ်လိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"ကဲ..ညည်းကိုယ်ညည်းလည်း လူကြီးဖြစ်နေပြီလို့ တွက်နေတာပဲမို့ ...ဘာလုပ်သင့်မလဲ ကိုယ့်ဘာသာဆုံးဖြတ်၊ ငါ့ဘာသာ အေးဆေးနေ ...ရစေ.."

"မဟုတ်သေးဘူးလေအမေ..သမီးနဲ့အမေ သားအမိနှစ်ယောက်ပဲရှိ ... အမေကသမီးကို.."

"တော်တော့..တော်တော့၊ ညည်းကြိုးစားနေလည်း ငါ့အဖြေက ဒါ ..."

"အဲ့ဒီပိုးထည်တိုက်ကိစ္စ သမီးအန်တီ့ကို ပြောပါ့မယ်.."

"မပြောနဲ့..ငါလို မိန်းမတောင် မာနကြီးနိုင်သေးတာ၊ သူကသူ့ငွေပဲ ...ငါမယူလည်း ညည်းလက်ခံလိုက်ပေါ့၊ သူလိုချင်တာ ညည်းမှာ အဲ့လို ...ပိုင်နိုင်ကြီး ရှိတယ်ဆိုတာပဲ..ညည်းအမေဒေါ်ဟေမာန်ကို မဟုတ်ဘူး.."

အမေ တကယ်ပဲ နာကျည်းနေတာလား.. ၊

ပေးနေတာကို ဒေါ်သထွက်စရာလိုလို့လား။ ပေးတာကို မယူလို့ ...ကစကားကျွံခဲ့ရင်တောင် ကိုယ့်ကိုယူစေချင်တာပဲ မဟုတ်ဘူးလား.. ၊

ပိတ်ထားသည့်တံခါးရှေ့မှာ ရပ်ရင်း အပြာခေါင်းမီးတောက်မတတ် ...နေလေသည်။ အမေ့ကို သူမတိုက်ခန်းဝယ်ပေးချင်လို့ အားထုတ်နေခဲ့ ...တာ ကြာပါပြီ။ လစာကလည်း တကယ့်အလုပ်မဟုတ်သေးသဖြင့် တစ် ...တော်ပဲရသည်။

"ညည်းကိုညည်းတင့်တယ်အောင် အရင်လုပ်ဦးအပြာ.. ဗိုသုကာ ...ညာရှင်ဆိုပြီး အိမ်ပိုင်တောင်မရှိ လူတန်းစေ့မှ မဝတ်နိုင်မစားနိုင်ဆိုရင် ညည်းပဲ မျက်နှာငယ်ရမှာ.."တဲ့.. ၊

အမေကိုယ်တိုင် လစာကိုလက်ခံပေမယ့် သုံးတာမဟုတ်ဘဲ စုပေး ...ထားသလိုသာ လုပ်ခဲ့၏။ အမေက လစာကိုစုပြီး ပြန်ပေးပေမယ့် သူမက ...လည်း မသုံးခဲ့ပါ။ အမေ့အတွက် တိုက်ခန်းလေးဝယ်ပေးချင်လို့ ဘဏ်မှာ ပြန်စုထားခဲ့တာ အမေမသိ.. ၊

ဒါပေမယ့် အခုချက်ချင်း တိုက်ပိုင်လုပ်ငန်းပိုင် ထဖြစ်တော့မည် ဆိုရင် ဒါမကောင်းဘူးလား။ အမေ ဘာဖြစ်လို့ ခါးခါးသီးသီးငြင်းဆန်နေ ...တာလဲ။ ဒေါ်မင်းမာလာ ဘယ်လိုပုံစံမျိုးနဲ့ပေးပေး ကိုယ်ပိုင်ဆိုင်ခွင့်ရပြီး ...ရင် ကိုယ့်ပစ္စည်းပဲ မဟုတ်ဘူးလား.. ၊

"အပြာရေ.."

"ရှင် ကြီးကြီး.."

"သြော် အေး..ပြန်သွားပြီလားလို့.."

ဒေါ်ကြီးစိန်က အိမ်ကိုလာပြီဆို လက်ချည်းပဲလာတာနည်းသည်။ ...ခုလည်း သုံးဆင့်စတီးချိုင့်လေးနဲ့ ဘာတွေယူလာလည်းမသိ.. ၊

"ညည်းလည်းရှိနေတော့ သားအမိနှစ်ယောက် စကားပြောရင်းစား ...ရအောင် ကြာဇံဟင်းခါးလေးနဲ့ ရှောက်သီးသုပ်ယူလာခဲ့တာ..ညည်းအစ်မ ...လည်း အဲ့ဒါကိုပဲ သွေးတောင်းနေတာလေ၊ ကိုယ်ဝန်က ...စ်လပဲရှိသေး

www.burmeseclassic.com

www.burmeseclassic.com


တယ်.. ရှောက်သီးသုပ်ပေးနေရတာ ခြောက်ဆယ့်ငါးရက်လောက်ရှိ
မှတ်တယ်..”

သူ့ဟာသူပြောရင်း ပြုံးနေပေမယ့် အပြာမပြုံးနိုင်မရယ်နိုင် ဖြစ်နေ
လျက်.. ။

“ကြီးကြီး..အမေက သမီးကို စိတ်ဆိုးပြီးခုလေးတင် အခန်းထဲဝင်
သွားတာ..”

“ဟုတ်လား..ဒါကြောင့် ခြေရင်းအိမ်က ကောင်လေးအပြင်မှာ သော
လုံးကန်ရင်း ငါ့ကိုလှမ်းပြောတာကိုး၊ ဘွားဘွားမသွားနဲ့ဦးတဲ့..ရာသီဥတု
ကောင်းဘူးတဲ့၊ ငါကနောက်နေတယ်ထင်တာ..”

ပြောလည်းပြောရင်း အိမ်ထဲဝင်ထိုင်လိုက်ပြီးမှ.. ။

“သမီးပဲမင်္ဂလာဆောင်တော့မယ်..ညည်းက စိတ်ကောက်နေတုန်း
လား ဟေမာန်ရေ..လာ လာ ရှောက်သီးသုပ်လေး ထွက်စားဦး၊ ပြီးမှ ဆက်
ကောက်..”

“စိတ်ကောက်တာမဟုတ်ပါဘူးကြီးကြီးရယ်..သမီးကို စိတ်ဆိုးသွား
တာ၊ ကြီးကြီး အမေ့ကို ချော့ပေးပါနော်..”

“ဟေ..ဘာယ်လိုဖြစ်ကြလို့တုန်း..”

“ဟို သမီးမင်္ဂလာပွဲနဲ့ ပတ်သက်ပြီး အမေကမကြိုက်ဘူး..သမီးက
ကြိုက်တယ်နဲ့..အဲဒါ..”

“သြော်..ဖြစ်ရတယ်၊ ဒီသားအမိ နေပါဦးအေ..ငါစကားအေးအေး
သွားပြောပါဦးမယ်..”

ဒေါ်ကြီးစိန်က နေရာမှပြန်ထပြီး နောက်ခန်းထဲဝင်သွား၏။ အပြာ
ချိုင့်လှယ်ဖို့ ကိုင်လိုက်ရင်း အမေ့မျက်နှာကို မြင်ယောင်လာကာ
စိတ်ညစ်နေမိ၏။

အမေ့ပုံစံက ဒီကိစ္စမှာ အလျှော့ပေးမည့်ပုံ မရှိပေ။ ဒါဆို အန်တီ
မင်းမာလာကလည်း မလျှော့နိုင်ဘူးဆိုရင် သူမဘာလုပ်ရမလဲ.. ။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၁)

"အဆင်ပြေတယ်မို့လားအပြာ.."

"ဟုတ်ကဲ့အန်တီ..ပြေပါတယ်.."

"အေး..မင်းအမေ စိတ်ဆိုးနေတဲ့ကိစ္စကို ခေါင်းထဲထည့်ပြီး စထရပ်ကြီး ဖြစ်မနေနဲ့နော်၊ အန်တီက မစာနာလို့ပြောတာမဟုတ်ဘူး..မိဘဆိုတာ စိတ်ဆိုးလည်း ခဏပေါ့.."

ဖုန်းပြောနေရင်း ကားနားကိုလျှောက်လာခဲ့လျက် ခြံကလည်း နှင်းဆီပန်းတွေကိုင်ပြီး အိမ်ထဲပြန်ဝင်လာလျှင်.. ।

"အေး..အေး၊ တစ်လအတွင်း ခုလောက်အဆင်ပြေနေတယ်ဆိုတော့ ဆိုးပါဘူး.."

အပြာနဲ့ဖုန်းပြောနေမှန်း သိသောကြောင့် ခြံကအနားမှာရပ်နား ဆောင်နေကာ.. ।

"အင်း..ဒါမင်းအတွက်ပဲလေ၊ ကြိုးစားရမှာပေါ့..တစ်ဖက်မှာ မိဘမို့ အလေးထားရသလို အန်တီကလည်း ဘာမှသက်ဆိုင်မှုမရှိသေးဘဲ ရင်းနှီး ဆောက်ပံ့ထားခဲ့တာ.."

"......... ........"

"ဟွန်း..သိပါတယ်၊ မင်းရင်ထဲ သိပ်ထည့်နေမှာစိုးလို့.."

"....... ........."

"အလုပ်ကိစ္စလား..ဩော် ကောင်းတာပေါ့၊ အလုပ်အကိုင်ရော ပွားရေးမှာပါ မလစ်ဟင်းစေနဲ့.."

"........ ............"

"အိုခေ..အိုခေ.."

"သားကတော့ မအိုခေဘူးမာမီ.."

ဖုန်းချလိုက်တာနဲ့ ခြံက ကလေးမုန့်ပူသလို ဗွတ်တရွတ်.. ।

သား ဒီနေ့တော့..

"မတွေ့ရသေးဘူး.."

"ဟား.."

အစွန်းကုန် ငုံခဲလှပနေသော တချို့သည်ပွင့်အာလုလုနီထွေးလျှက် တချို့သည် အံတင်းငုံခဲနေဆဲသော နှင်းဆီခိုင်တွေကို ကိုင်ထားပြီး.. ।

"ဒီနေ့ တစ်လပြည့်ပြီး တစ်ရက်ကျော်ပဲမာမီရာ..သူ့အတွက် ပန်းတွေ လက်ဆောင်ပေးမလို့..ဖိလင်န်အစစ်တွေနဲ့ အကျအနမှာထားတာ.."

"မရသေးဘူးသား..သူ့အမေက လုံးဝစေ့စပ်မခံသေးဘူး၊ မာမီပြော

www.burmeseclassic.com

www.burmeseclassic.com



နေတာ မိန်းကလေးရဲ့ဂုဏ်သိက္ခာအတွက်.."

"အစတည်းက အန်တီသဘောတူတူ မတူတူ နောက်မှပြန်တော
ပန်မယ်ဆိုပြီး ဒီဆိုင်ကိုလက်ခံခဲ့တာပဲ.."

"မာမီကလည်း..သူတို့လိုအဆင့်အတန်းမျိုးက အငြင်းခံလိုက်ရ
သားရှင်အဖြစ် သိက္ခာကျခံပြီး ဆက်လုပ်နေခဲ့တာသား၊ သူ့လိုပဲရှိုးတာ
တယ် ..သူ့ထက်ပိုပြီး မာနပြလို့ရတယ်၊ ဒါပေမယ့် လူကြီးချင်းမာနပြ
နေရင် လူငယ်တွေ ကြားညပ်မယ်..သူ့လိုအဆင့်နဲ့ပြိုင်ဆိုင် မာနထားနေ
လည်း ကိုယ့်အဆင့်ကိုယ်ချသလိုဖြစ်မယ်၊ ပုထုဇဉ်စိတ်ကတော့ မိုက်ရိုး
လိုက်ဖို့ အကြိမ်ကြိမ် တိုက်တွန်းနေတုန်းပဲ.."

"မာမီရာ..ကြားလိုက်ရရင် သားတို့အတွက် ဘာမှကိုမပါဘူး.."

"သားတို့အတွက်ကို မာမီတစ်ယောက်ပဲ တွေးနေရတာလေ..သူ့အ
မေက 'ဘူး'တစ်လုံးခံပြီး တော်ရာမှာနေနေတာ.."

"မာမီက မပြိုင်ဘူးဆိုပြီး အန်တီဟေမာန့်ကိုပဲ ထည့်တွေးနေတာ
ထားလိုက်ပါ၊ မင်္ဂလာကိစ္စအတွက်လည်း သူတို့ဘက်က အကုန်ကျခံဖို့
လိုဘူး ..အပြောလည်း သားတို့ဘက်က ပါနေပြီကို.."

"သားသမီးနဲ့မိဘ အတိုက်အခံလုပ်နေပေမယ့် သူ့ရင်ထဲမှာ ကော
မလား..အထူးသဖြင့် သမီးမိန်းကလေးက ပိုမှာပေါ့.."

"သားမွေးထားပြီး သမီးရှင်ဘက်က တွေးပေးနေပြန်ပြီ.. သားပြော
တာက ဆိုင်ဖွင့်ပြီးတစ်လတန်သည် နှစ်လတန်သည်ဆိုရင် လက်ထပ်
မယ် ဆိုတာ အဲ့ဒါ.."

"ခုမှ တစ်လပဲရှိသေးတယ်လေ.."

"မာမီ.."

ဒေါ်မင်းမာလာက ကားတံခါးလှမ်းကိုင်လျှင် ထိုလက်ကို ဖြ်က
ထားကာ.. ။

"တစ်လဆို ရပြီပဲထားလိုက်ပါ..မာမီရာ.."

"မရဘူး မရဘူး..မာမီပြောနေတဲ့ ဂုဏ်သိက္ခာဆိုတာ အဲ့ဒီဆိုင်
မာမီတို့ထောက်ပံ့ထားတယ်ဆိုတဲ့ အဖြစ်ကို လူသိမခံဖို့ပဲ၊ ဒါမှ သူ့ဘက်
ပိုင်ဆိုင်မှုလေးနဲ့ ပညာအရည်အချင်းလေးနဲ့ သားနဲ့လက်ထပ်တဲ့အခါ
ပွဲလယ်တင့်မှာပေါ့.."

"အခု တင့်နေပါပြီ..သားဒီနေ့တော့ တွေ့မယ်နော်၊ ခဏပဲ နာရီဝက်
လောက်.."

"သားရယ်..ညတိုင်းဖုန်းပြောနေရတာကို.."

"ဘယ်လိုလုပ် တူမှာလဲ.."

"တော်ကြာ သူ့အမေက.."

"မာမီကလည်း မာမီ့စကားထဲမှာ သူ့အမေဆိုတာချည်းပဲ..မာမီ သူ့
အကြောင်းတွေပဲ တွေးနေတာ.."

"ဟုတ်တယ်..မခံချင်စိတ်တွေပဲ ဖြစ်နေတာပေါ့ သေချာတယ်

www.burmeseclassic.com

www.burmeseclassic.com



...သားရဲ့ အလိုကိုလိုက်နေရတော့ မာမီက တစ်ထစ်လျှော့နေရတယ် ...အဲ့ဒါကြောင့်ပဲ ရင်ခံနေတာ..."

ခြကဒေါ်မင်းမာလာ ပခုံးကိုဖက်၍ ရယ်သွမ်းသွေး၍ ချော့မော့ ...

"မခံပါနဲ့မာမီရာ..မာမို့သားက သားလိမ္မာလေးပါ၊ သူ့ကိုချစ်လွန်း ... မာမို့ကို ပူဆာတာပါ..နောက်ဆို အေးဆေး.."

"ဟွန်း..."

"ဟာ မာမီ..ပြောခဲ့ဦးလေ.."

"မသွားနဲ့ဆိုတော့ မျောက်ငပိကိုင်မိသလို ဖြစ်ကျန်ခဲ့မှာမို့လား.."

"ဂျိမ်း.."

အပြုံးမျက်စောင်းနှင့် မာမီကားထဲဝင်ထိုင်လိုက်တော့ ခြံဟေးခန ...ပြီး ထခုန်၏။ သားပျော်နေတာမြင်ရလျှင် စိတ်ချမ်းသာနေရသည့် ...မင်းမာလာ မျက်နှာကလည်း ပြုံးနေလေသည်။ ချွေးမလောင်းလေးက ...ည်း ကျေနပ်ဖွယ်ပါ..။

ဆိုင်ကိုထိန်းသိမ်းတာ စာရင်းအင်းကိုင်တွယ်တာအာလုံး အဆင်ပြေ ...သည်။ တစ်ဖက်မှာလည်း လုပ်ငန်းခွင်ဝင်ဖို့ ကြိုးစားနေသေး၏။ သူမလေး ...တွက် တကယ်အောင်မြင်သည့် ကုမ္ပဏီကြီးတွေနဲ့ ချိတ်ဆက်မိအောင် ...ယ်ကိုယ်တိုင် ကြိုးစားနေတာကိုတော့ ဘယ်သူမှမသိကြပေ..။

အပြာရင့်ရောင်ဆိုတဲ့အတိုင်း သန့်စင်လှပနေသည့် မျက်နှာလေး ...း ခုလိုအဆောင်အယောင် အရည်အချင်းလေးတွေ ထပ်ဖြည့်လိုက်တော့ ...တ်ဒိတ် ကျဲသူဌေးသမီးတွေနဲ့တောင် မလဲနိုင်ပေ..။

အဘယ်ကြောင့်ဆိုသော်တခြားမိန်းကလေးတွေဆို မိဘသဘောတူ ...မယ့် သားက မနှစ်သက်ခြင်းကြောင့်ကိုယ်ပဲ စိတ်မချမ်းမြေ့ဖြစ်ရ ဖွယ်ရှိ ...တာ ခုတော့သားကလည်း မြတ်နိုးနေသည်။ သူမလေးကလည်း လက်ခံနိုင် ...ယ် အရည်အချင်းလေးတွေနှင့်..။

ဟင်းခန သက်ပြင်းချရင်း ဒေါ်ဟေမာန့်ကိုသတိရလိုက်တော့ ...ခေါင်းခါမိ၏။ အဲဒီတစ်ယောက်ကိုတော့ ခေါင်းထဲက ထုတ်ထားမှဖြစ် ...သည်။

မာန နဲ့ ပြန်တွက်ရရင်တော့ ကိုယ့်သားလိုချင်နေတဲ့ တစ်စုံတစ်ခုကို ...ရယူပေးနိုင်ခဲ့သည့် အောင်ပွဲလို့သာ..။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၂)

"မမ..လူတစ်ယောက်က ပိုးချိတ်တစ်စုံကိုဖြတ်ပြီးမှ မယူတော့ဘူး တဲ့.."

"ဘာ.."

အလုပ်မအားရသည့်ကြားထဲ စိတ်တိုသွားမိသည်။

"ညလေးတို့လည်းပြောတာပဲ..အဲ့ဒါ သူလိုချင်တာ ဒီအရောင် မဟုတ်တော့လို့တဲ့.."

"ခေါ်လာခဲ့ဒီကို.."

ဒီဇိုင်းထုတ်နေရင်း ဦးကျောက်ခြောက်နေသည့် ဒေါ်သက က တန်မာဆီ ရောက်သွားကာ လက်ပ်တော့ပ်ကိုပါ ပိတ်ပစ်လိုက်ပြီး ပင့်သက် တဝကြီး ရှိုက်မိသည်။

ဘယ်လိုလူတွေလဲ။ အထည်ဆိုင်ကြီးထဲဝင်ပြီး မဖြတ်မတောက် ဆုံးဖြတ်ရတယ်ဆိုတာတောင် နားမလည်ဘူးလား.. ၊

"မမ.."

ကိုယ့်ရှေ့ရောက်လာတဲ့ လူကိုမြင်လိုက်ရလျှင်.. ၊

"မောင်.."

လွှတ်ခနဲ ခေါ်မိသည့်အသံကို ကမန်းကတန်းပိတ်လိုက်တာပေမယ့် ဘေးက ကောင်မလေးကြားသွားသေးလား မသိ.. ၊

"ဘယ်လိုဖြစ်ရတာလဲ..အပြောကဘယ်သူလဲလို့.."

ခပ်မှန်မှန်နှုတ်ဆက်သလို ပြန်ပြောမိရင်း နေရာမှထ၍ လျှောက် သွားမိကာ.. ၊

"ရတယ်..လုပ်စရာရှိတာ သွားလုပ်မာရီ..ငါ့မိတ်ဆွေပါ.."

"ဟုတ်မမ.."

ဒါတောင် မာရီက ခြံကိုပြန်ခိုးကြည့်သွားသေးသည်။ ခြံက အပြာ ရောင် တီရှပ်ပွပွနှင့် ဘောင်းဘီရှည်အဖြူကို မီးခိုးရောင်ဂျက်ကက် ထပ် ဝတ်ထားသေးသည်။ ပြီးတော့ လက်ထဲမှာ အိတ်ရှည်လေးတစ်လုံး ဆွဲထား လျက် မာရီထွက်သွားတာနှင့် ထိုအိတ်ကိုစားပွဲပေါ် လှမ်းတင်ကာ.. ၊

"ဟူး..ပြဿနာရှာပြီး ဒီထဲရောက်အောင် ကြံဖန်ဝင်ခဲ့ရတာ မောလိုက်တာကွာ.."

"ဘာမောတာလဲ..ဘယ်ပိုးထည်ကို ဖြတ်ခိုင်းပြီး မယူဘူးလုပ်လိုက် တာလဲပြော၊ အဲ့ဒါကို ဘာလုပ်ဖို့ဖြတ်လိုက်တာလဲ..သက်သက် ဝတ်စုံတစ် စုံ အလကားဖြစ်ရတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ရေဆူအိုးကျနေတာပဲကွာ.."

"အို..တိုးတိုးပြောစမ်းပါ၊ ကောင်မလေးတွေ ဒီအခန်းရှေ့တင် ရှိတယ်.."

"ရှိပေ့စေကွာ..အဲ့ဒီ ဝတ်စုံဘယ်လောက်ကျလဲပြော.."

"ပြောမှာပါ..ဆွေမျိုးဖြစ်ဖြစ် ဘယ်သူဘယ်ဝါဖြစ်ဖြစ် အခွင့်အရေးမပေးနိုင်ဘူး..ကျသလောက် ရှင်းရမှာပဲ.."

"ခုနကတော့ ဝတ်စုံအလကား ဖြစ်ရတယ်ဆို.."

"ဟုတ်တယ်..ဒါပေမယ့် မောင်ပဲဘယ်လောက်ကျလဲမေးတာလေ၊ ပေးမယ်ဆိုရင်တော့ ယူရမှာပဲ.."

"တကယ်နော်.."

ခြံကမေးပြီး အနားကပ်လာသည်။ အပြာ နောက်တစ်လှမ်းဆုတ်လိုက်ရင်း.. ၊

"မောင်နော်.."

"ဘာလဲ..ဒီကလည်း ပေးမလို့လာတာ၊ မင်းကလည်း ယူမယ်ဆို.."

စကားနှင့်အတူ လက်ကိုဆွဲလိုက်တော့ အပြာရှောင်ပစ်လိုက်ကာ.. ၊

"မောင် ဘယ်လိုဖြစ်နေတာလဲကွာ..ကောင်မလေးတွေက အမြဲဝင်ထွက်နေတာ တွေ့သွားရင်ဘယ်လိုလုပ်မလဲ.."

"အဲ့ဒီတော့ လက်ထပ်တော့မယ့်သူဆိုတာ ပြောပြလိုက်ပေါ့..မာမီ့ကိုလည်းပြောပြီးပြီ၊ ဒီလထဲမှာပဲ လက်ထပ်ပေးဖို့.."

အပြာ ငိုင်တွေသွားကာ.. ၊

"အဲ့ဒါ နည်းနည်းမြန်သလားလို့.."

"ဘာပြောတယ်.."

"ဩော်..တိုးတိုးပြောပါဆိုမှ.."

အပြာ စိတ်ညစ်သွားတာလေးကို ခြံအသည်းယားသွားသည်။ ဒီကတော့ လွမ်းလို့တွေ့ချင်လိုက်ရတာ၊ သူကတော့ လူကိုမြင်တာနဲ့ စိတ်ညစ်ထက်ညစ်နဲ့.. ၊

ဒီလောက်တောင် လွမ်းပြတာကျေးဇူးမဲ့ဆိုပြီး အတင်းနမ်းပစ်လိုက်ရရင် ကြည့်ကောင်းဦးမည်။ ကိုယ့်လောဘကိုယ်ထိန်းရင်း သူမလေးကိုထိချင် ကိုင်ချင်နေသည့် လက်က ဆံပင်တွေထဲရောက်လိုက်၊ ဘောင်းဘီအိတ်ထဲ ရောက်လိုက်.. ၊

"အပြာပြောတာက အမေလည်းခုထိ.."

"အန်တီ့ကိစ္စ မောင်တာဝန်ယူပါတယ်ကွာ..သူ မင်းကိုသာ မခေါ်ပြောဘဲနေတာ မောင့်ကိုဆို မနေဘူး.."

"ဘယ်နေမလဲ..မောင်က ဖွတ်ဝင် ဖွတ်ပြောတာကိုး.."

ခြံက ပခုံးတွန့်လိုက်ရင်း... ၊

"ဘယ်လိုဖြစ်ဖြစ် အဆင်ပြေဖို့လိုရင်းပဲလေ..ဒီမှာ.."

"မောင်..ဘယ်လိုဖြစ်.."

www.burmeseclassic.com

www.burmeseclassic.com



"ပြေးဖို့ပဲကွာ..မင်းကို ဘာမှမလုပ်ဘူး၊ ပေးစရာရှိလို့.."

နောက်ထပ်ဆုတ်တော့ လက်ကိုဖမ်းဆွဲထားလိုက်ကာ တစ်ဖက်အ အိတ်ကိုလှမ်းယူလိုက်၏။

"ပတ်ပြေးမနေနဲ့..ခင်ဗျားကို ပေးချင်လွန်းလို့.."

ပြောပြီးမှ လက်ကိုလွှတ်ကာ အိတ်ထဲကနှင်းဆီပန်းတွေကို သေချာ ဆွဲထုတ်လိုက်သည်။

"ဟယ်..လှလိုက်တာ.."

ရှားညိုရောင်သမ်းအောင် ရဲရင့်နေသည့် နှင်းဆီပန်းတွေက ပန်း ကြိုက်တတ်သော မိန်းကလေးသဘာဝစိတ်ကို ဆွဲထုတ်ခေါ်ဆောင်သွား ခဲ့၏။ အပြာပန်းတွေကို လက်လှမ်းလိုက်တော့ ခြံကလက်ကို ဆတ်ခနဲဆွဲ ပစ်လိုက်ကာ.. ၊

"မောင်နော်.."

ခြံက အပြာ့ခါးလေးကို သိမ်းဖက်ထားလိုက်၏။ ပြီးတော့ ပါးပြင် လေးကို နမ်း၍.. ၊

"ဘယ်ဟာမှ အလကားမရဘူး..ပန်းလိုချင်ရင် မောင့်ကိုပြန်နမ်း-"

"အို..မနမ်းပါဘူး.."

"ပန်းမယူဘူးလား.."

"သူပဲ ပန်းပေးဖို့လာတာဆိုပြီး သက်သက်ညစ်တာ.."

"မညစ်ရင် မင်းက ပေးမှမပေးဘဲ.."

"ကြည့်ပါလား..သွား.."

နောက်ထပ် ပါးလေးတစ်ဖက်ကိုလှမ်းတော့ အပြာက သူ့မျက်နှာကို တွန်းပစ်လိုက်ပြီး ရှန်းထွက်ကာ.. ၊

"မောင့်ကိုပြောစရာရှိလို့.."

"မထောင်ဘူးကွာ.."

"ပြီးတာပဲ..ဒီက ဖိတ်စာဒီဇိုင်းလေး လှလို့ သိမ်းထားတာပြမလို့.."

"ဟင်..မောင့်ကို လက်ထပ်ခွင့်ပြုတော့မှာလား.."

"ခုမဟုတ်ဘူးလေ..ဒါပေမယ့် လက်ထပ်မှာပဲဟာ.."

ခြံ မျက်နှာ ရှုံ့တွတွဖြစ်သွားကာ.. ၊

"အန်တီကို ဟိုကြီးကြီးပြောပေးထားတယ်တဲ့..မာမီနဲ့ အဆင်မပြေ တာ တစ်ခုပဲရှိတာ၊ အန်တီက မောင်တို့ကို သဘောတူပြီးသားတဲ့.."

"အဲ့ဒါ ကြီးစိန်ပြောတာမှတ်လား.."

"အန်တီနဲ့ အရင်းနှီးဆုံးက သူပဲဆို..သူ့စကားဆို အန်တီနားထောင် တတ်တယ်ဆို၊ မင်းပဲပြောခဲ့တာ.."

"ဟုတ်ပေမယ့်.."

"အန်တီလည်း မောင့်ကိုဆို ပြေပြေလည်လည်ပါပဲကွာ.."

အပြာက မယုံနိုင်သလို ငေးကြည့်နေကာ.. ၊

"မောင်နဲ့ ဘာတွေပြောဖြစ်သေးလဲဟင်.."

www.burmeseclassic.com

www.burmeseclassic.com


"မင်း ပေးခိုင်းတဲ့လစာ သွားပေးပေးတာလေ.."

"အင်း.."

"အစက မယူဘူး..ပိုက်ဆံမြင်ကာမှ မကြည်ကြည့်နဲ့ ဟောက်လွှတ်အား မောင်က အတင်းလိုက်ရှင်းပြပြီး တောင်းပန်တော့ ရာသီဥတုက အနေ့ နေသာသည်' ဖြစ်သွားရော.."

သူရယ်တော့ အပြော့မျက်နှာလေး ပြုံးလာသည်။ စကားဝါရောင်ခါးတိုလည်းကပ်ကျပ်ကျပ်လေးနှင့် ရွှေအိုရောင်စကပ်ရှည်ကို ဝတ်ထားသည့် အပြော့ကိုယ်လေးက ဖြန့်ထားသည့်ဆံပင်ကို တစ်ဖက် ခြမ်းသိမ်းပြီး ချစ်ဆံမြီး သေးသေးလေးတွေ ထပ်လုပ်ထားသဖြင့် နားသယ်စပ်လေး တစ်ဖက်က ပြောင်ရှင်းနေသည်။

ပြီးတော့ နားသပ်စပ်ဆံစလေးတွေကနေ နားဖျားလေးအဆုံးထိ စိမ်းမှောင်၍ ရေးရေးရိပ်ရိပ်လေး ဆင်းသွားပုံက ဘယ်သူနဲ့မှမတူအောင် ထူးခြားစွာ လှနေလေသည်။ ခြံက မြတ်နိုးစွာငေးကြည့်ရင်း ပါးပြင်လေးကို လက်တို့နှင့် တို့ထိမိကာ.. ၊

"အရမ်းလှတာပဲကွာ..မောင့်ကို ပိုင်ဆိုင်ခွင့်ပေးပါ၊ လက်ထပ်ရမယ်ဆိုတာ သေချာသိနေကာမှ မောင်နေလို့ကိုမရဘူး ဖြစ်နေတာ.."

"ဘာလို့ မရတာလဲ.."

"မင်းနဲ့ အတူနေချင်လို့ပေါ့.."

ပြောနေရင်း ရင်ခွင်ထဲကို ဆွဲသွင်းထားလိုက်ပြီး၊ ၊

"အန်တီက ကလေးဆိုးကြီးလို လုပ်နေတာပါ..နောက်ပြီး သူ့သဘောမတူဘူးဖြစ်နေတာက မာမီ့ကို အထင်လွဲနေတာ၊ အပြော့ကို မုန်းနေတာ မဟုတ်ဘူး..အဲ့ဒါ မောင်ပြောရဲတယ်.."

"ဒါပေမယ့် မိဘမပါဘဲ အပြောဘယ်လိုလုပ် လက်ထပ်ရမှာလဲမောင်.."

"ဒါဆို မောင်အတတ်နိုင်ဆုံး ကြိုးစားပေးမယ်ကွာ..ဒီလအတွင်း လက်ထပ်ပါ့မယ်လို့တော့ မောင့်ကိုကတိပေး.."

"အမေကမှ.."

"မောင် ကြိုးစားမယ်လို့ ပြောပြီးပြီလေ..စင်းလုံးချော အောင်မြင်တာလည်း ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမယ့် မောင်ထပ်မစောင့်နိုင်တော့ဘူး.."

"အန်တီ့ကို မောင်ပြောကြည့်သေးလား.."

"မာမီက မောင့်သဘောလို့ ပြောပြီးပြီ.."

မာမီ ခွင့်မပြုရသေးပေမယ့် ဘာမှမပြောတော့ဘူးဆိုတာ ခွင့်ပြုတာလို့ပဲ သတ်မှတ်ပြီးခြံက အခိုင်အမာပြော၏။ အပြောကတော့ မဆုံးဖြတ်နိုင်သေးပေ။ အမေနှစ်ယောက်ရဲ့ မပြေလည်မှုတွေကြားမှာ ဒီလောက်ထိသည်းခံ လိုက်လျောပေးနေခဲ့သည့် ဒေါ်မင်းမာလာကိုလည်း အားနာနေမိကာ အမေ့ကိုလည်း နားမလည်နိုင်.. ၊

သူမ သိလာခဲ့သည့်အမေ့ရဲ့ စိတ်ရင်းအယူအဆတွေ ဒီနေ့ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com


တွေ ပြောင်းလဲကုန်တာလဲ။ မနေ့က အမေနဲ့ဒီနေ့အမေ ဘယ်လို ကွာခြား
သွားခဲ့တာလဲ.. ।

ငါသမီးက 'သူဌေးကတော်ဖြစ်မှာ' 'မင်းကတော်ဖြစ်မယ့် မိန်းမ'
အမေ အမြဲပြောတတ်ခဲ့သည်။ တကယ်တမ်းဖြစ်လာတော့ ခေါင်းခါပ
ချခဲ့ သည်။ သမီးတစ်ယောက်လုံးကိုတောင် စွန့်လွှတ်ထားလိုက်သေးသည်
အဖြစ်က မယုံနိုင်စရာ.. ।

ခြံကို အပြာခေါင်းညိတ်ခဲ့မိသည်။ ဒါပေမယ့် အမေသဘောတူ
လားဆိုတဲ့ ပူလောင်မှုကိုမငြိမ်းသတ်နိုင်။ တစ်ယောက်တည်း နှင်းဆီပ
တွေကို တယုတယကိုင်တွယ် ငေးနေရင်း အကြာကြီးတိတ်ဆိတ်နေမိ
ပြီးမှ သက်ပြင်းချလိုက်မိရင်း လက်ပ်တော့ပ်ပြန်ဖွင့်လိုက်လျှင်
အိတ်ထဲက ဖုန်းကထမြည်လာ၏။ ဖွင့်ကြည့်လိုက်တော့ နာမည်မပေါ်
ဖြင့်.. ।

"ဟလို.."

"အပြာ ငါ့ညည်းကို ပြောစရာရှိတယ်.."

"ကြီးကြီး.."

အပြာ ထိုင်ရာကနေတောင် ထရပ်လိုက်မိသည်။

"ကြီးကြီး အမေဘာဖြစ်လို့လဲဟင်..အမေနေကောင်းရဲ့လား.."

"အေး အေး..ညည်းလည်းမအေကို သူငယ်ချင်းပြောပြော၊ ထင်သ
လိုလုပ် ပြီးရင် သေအောင်စိတ်ပူသိလား.."

"သူငယ်ချင်းပြောပြောတာက ငယ်ငယ်တည်းက သားအမိနှစ်
ယောက်တည်း နေလာရတော့.."

"ညည်းမအေကိုက ပြောခွင့်ပေးထားလို့ပါအေ..ခုလည်း ညည်း
အမေ ရပ်ကွက်ထဲက လူကြီးအဖွဲ့တွေနဲ့ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်မ
လို့တဲ့.."

"ဘယ်လို.."

"ငါတောင်မသိဘူးအပြာ..အဲ့ဒါ နေ့လည်နှစ်နာရီခွဲထွက်မှာ၊ ညည်း
တားမယ်ဆို အချိန်မီသေးတယ်နော်.."

အပြာ ငိုင်တွေသွားမိသည်။ ဒီမှာ လက်ထပ်ပွဲမကျင်းပနိုင်ခဲ့တာ
အမေ့ဆီက ကျေနပ်ခွင့်လွှတ်မှုကို စောင့်နေတာဖြစ်သည်။ အမေဘာဖြစ်လို့
ဒီက ကိစ္စတွေအတွက် ခေါင်းထဲအလေးအနက် မထည့်တာလဲ.. ।

"ငါပြောတယ်..ညည်းသမီးမင်္ဂလာဆောင်တော့မှာမို့လား၊ ခရီးလွှန်
နေရင် ဘယ်လိုလုပ်မလဲလို့..အဲ့ဒါ ညည်းအတွက်သူမလိုဘူးတဲ့၊ ယောက်
က အကုန် ဖန်တီးပေးနိုင်တယ်တဲ့..သူရှိနေလည်း အဲ့ပွဲကိုတက်မှာမဟုတ်
ဘူးတဲ့.."

ရင်ထဲမှာနာကျင်သွားမိသည်။ မိခင်တစ်ယောက်အနေနဲ့ သမီးရှေ့
မှာ မားမားမတ်မတ် ရပ်ပေးရမှာ အမေမေ့နေသလား..

အပြာရင့်ရောင်ဆိုတဲ့ သမီးအတွက် ရွှေငွေတိုက်တဲ့တာ အဆောင်အ

www.burmeseclassic.com

www.burmeseclassic.com



...ာင်တွေ ဖန်တီးမပေးနိုင်ခဲ့တာတောင် ဒီအရိပ်မိုးတစ်ခုကို မကျေနပ် ...င်တွေ ဒေါသတွေနဲ့ထုတ်နှုတ် ရုတ်သိမ်းရက်ခဲ့သည်။

သူမ ဘာပြောရမလဲ။ အမေ့ကို ခရီးမထွက်ပါနဲ့လို့ ပြေးပြီးတားဆီး ...သား။ တောင်းပန်ဖို့အတွက် ညွတ်ခွေယိမ်းယိုင်ခြင်းမဖြစ်ဘဲ ရင်ထဲမှာ ...ကျင်ခြင်း တစ်စုံတစ်ရာက ပိတ်ခံနေခဲ့သည်။ သွားတောင်းပန်လည်း ...ကြီးကိုပြောတဲ့ စကားတွေနဲ့ပစ်ပေါက်ဦးမှာပါ.. ၊

ဝေ့ဝဲလာသည့် မျက်ရည်တွေကို မေးဖျားလေးပင့်လိုက်ပြီး မျက် ...ာင်တွေနဲ့ ဖိခတ်တားဆီးလိုက်သည်။

အမေ စိတ်ချမ်းသာရင် ပြီးတာပါပဲ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၃)

"ဘာဖြစ်တာလဲဟေ.."

ကားက ခြံကျယ်ကြီးရှေ့မှာပဲ ရပ်တန့်သွားကာ ရှေ့ကကားဝင်သွား ပြီးလည်း လိုက်မဝင်သေးဘဲ ရှိသဖြင့်.. ၊

"ဟဲ့..ဝင်လေ ဘာဖြစ်လို့လဲလို့.."

ဒေါ်ကြီးစိန်မေးနေတုန်း တံခါးရှေ့က လုံခြုံရေးဝတ်စုံနဲ့ လူ ယောက် ကားနားရောက်လာကာ.. ၊

"အထဲမှာ မင်္ဂလာဧည့်ခံပွဲကျင်းပနေလို့ပါ..တက္ကစီဝင်လို့ မရဘူး"

"ဘာ.."

"ဘာရယ်..ဘာရယ်.."

ဒေါ်ကြီးစိန်နဲ့ ဒေါ်ဟောမာန်နှစ်သံ ပြိုင်တူထွက်သွားကြပြီး.. ၊

"မင်္ဂလာပွဲလာတာပဲလေ..ကိုယ်ပိုင်ကားစီးနိုင်တဲ့လူပဲ ခြံထဲဝင်ရမ လို့ တားမြစ်ထားလို့လား.."

"ဟုတ်ပါတယ်ခင်ဗျ.."

လုံခြုံရေးက ကားထဲကိုငုံ့ကြည့်ကာ ဒေါ်ဟောမာန်တို့ ဝတ်စားထား ကို ကြည့်၍ မင်္ဂလာပွဲလာကြမှန်းသိသည်။ ထို့ကြောင့် အားနာသွားသည် မျက်နှာနှင့်.. ၊

"ဖိတ်စာပါရင်တော့ ဒီတိုင်းဝင်သွားလို့ရပါတယ်.."

"ဟဲ့..ဒီတိုင်းဝင်စရာလား.."

ကိုယ်က တစ်ထောင့်တစ်နေရာကနေ ခိုးကြည့်ဖို့လာခဲ့တာ။ လ ဝတ်လက်စား အနည်းအကျဉ်းငှားပြီး တူတူတန်တန် ဝတ်စားလာခဲ့တာ ခုလိုမျိုး မဖြစ်မနေရင်ဆိုင်တိုးနိုင်သည့် တစ်ယောက်ယောက်ရှေ့မှာ ဟ ကိုယ့်ဖို့ လုပ်နိုင်အောင်ဖြစ်သည်။

ဒါတောင် တက္ကစီမဝင်ရ အမိန့်နှင့်တံခါးဝမှာပဲ တစ်နေရလျက်

"ဘယ်လိုလုပ်မလဲဟောမာန်.."

"အဲ့ဒီမိန်းမ ကျွန်မလာမယ်မှန်းသိလို့ တမင်လုပ်တာ..တက္ကစီနဲ့ တက်ခွင့်မရှိတဲ့ မင်္ဂလာပွဲဆိုတာ ကြားကိုမကြားဖူးဘူး.."

"တိ.."

"အန်တီတို့ကားနည်းနည်း ဖယ်ပေးပါခင်ဗျာ..နောက်ကားတွေ ဝင်လို့ မရလို့ပါ.."

ဟင်.. ၊ဒုက္ခများနေရတဲ့ကြားထဲ နောက်ထပ်ဒုက္ခတစ်မျိုး..

"ကဲ..ကောင်လေးရေ' ကားကို ဘေးနည်းနည်းကပ်ထားလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာပဲ သူတို့ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့လျက်.. ၊

"အခုသိပြီမို့လားဒေါ်ကြီး..ကျွန်မကို ကိုယ့်အဆင့်အတန်းကိုယ်သိ ..."

"မဟုတ်လောက်ပါဘူးဟောမာန်ရယ်..ညည်းကို ခရီးသွားနေတယ်ပဲ ထားကြတဲ့ဥစ္စာ.."

"ရက်နှစ်ဆယ်လောက်ကြာပြီဆိုတော့ ပြန်ရောက်ပြီး ပုန်းနေတာလို့ ရိပ်မိနေမှာပေါ့.."

"ညည်းဘာသာ မဟုတ်တာတွေလျှောက်လုပ်ပြီး ယုန်ထင်ကြောင်တွေ ဖြစ်နေတာပါအေ..မနက်ပိုင်း လက်မှတ်ထိုးရုံပဲတဲ့၊ ဟိုတယ်လ်တွေမှာ ဒိတ်မရလို့ ကိုယ့်ခြံထဲကိုယ်လုပ်ရတာ လုံခြုံရေးကတော့ လိုမှ လာတဲ့လူတွေက စိန်တွေရွှေတွေအပြိုင်ကြပြီး ဝတ်လာကြတာလေ.."

"မဟုတ်ဘူး..ကျွန်မခရီးသွားပြီကြားတာနဲ့ ချက်ချင်းကောက်စိစဉ်တာကိုက ကျွန်မမရှိတုန်း ပွဲလုပ်ချင်တာ.."

"အေးလေ..ဒါဆိုလည်း ညည်းမရှိဘူးလို့ပဲ သိထားတာ ညည်းလာ ...့ တက္ကစီကိုပဲ တားထားတာဖြစ်နိုင်မလား.."

ဒေါ်ဟောမာန် ရင်ထဲမှာနာကျင်ခြင်းကို ဘယ်လောက်ထိမျိုသိပ်ခံစား ရသလဲ ဘယ်သူမှမသိနိုင်၊ ဒါပေမယ့် အားလုံးဟာကိုယ့်အပြစ်တွေပဲလို့ ...၍.. ၊

"တစ်ခုခုလုပ်ပါဦးဒေါ်ကြီးရယ်..အပြော့မင်္ဂလာဆောင်ကို ကျွန်မ ကြည့်ချင်တယ်.."

တွေးလိုက်မိသည့် ကြေကွဲခြင်းကြောင့် ရုတ်တရုပ်စကားသံတွေ ...န်ယင်နေတာကို မထိန်းလိုက်နိုင်။ ဒေါ်ကြီးစိန်က မှောင်နဲ့မည်းမည်း ...မှာ တအံ့တသြ လှည့်ကြည့်၏။ ဘာပဲဖြစ်ဖြစ် မာကြောကြောပေါ့ပေါ့ ...ပါး ပြောဆိုနေထိုင်တတ်သူလို့ သိထားခဲ့သဖြင့် တုန်တုန်လှုပ်လှုပ် ...ကြီး ထပြောတော့ အံ့သြမိ၏။

"ကဲ..အဒေါ်တို့ ပြန်လှည့်မှာလား၊ ဆင်းကြမှာလား.."

တက္ကစီ ဒရိုင်ဘာလူရွယ်က မေးတော့မှ.. ၊

"ဟဲ့..နင့်ဥစ္စာ ခဏဖြုတ်ထားခဲ့လို့ ရမလား.."

လူရွယ် အလန့်တကြားနောက်လှည့်ကြည့်ကာ.. ၊

"ဘယ်ဥစ္စာလဲ.."

"အပေါ်ကဟာလေ.."

ဒေါ်ကြီးစိန်က ခေါင်းမိုးပေါ်ကို လက်ညှိုးထိုးပြကာ.. ၊

"ဒီပေါ်တင်ထားတဲ့ တုံးလေးလေး..တက္ကစီတိုင်းတင်ထားကြတာ.."

"လိုင်းတုံးလား.."

အပြင်မှာ ဒေါ်ဟောမာန်တို့ ဝင်ခွင့်မရဘဲ ခေါင်းချာဝိုင်းနေကြစဉ် ...သတို့သမီးမျက်ဝန်းမှာလည်း မျက်ရည်စတို့ ရစ်သီလျှက်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီးက လှတယ်နော်..သူတို့ချင်းကျောင်းမှာတည်းက ချစ်သူတွေတဲ့.."

"မဟုတ်ဘူး..ကောင်မလေးက နိုင်ငံခြားပြန်.."

"ဒါပေမယ့် ဆင်းရဲတယ်ဆို.."

တီးတိုးမေးမြန်းသံစပ်စုသံတွေကို မကြားယောင်ဆောင် ပြုံးပြရင်း စားပွဲဝိုင်းတွေမှာ ကူးလူးဧည့်ခံနေရသည်။

"မိန်းမတစ်ယောက်က လှနေရင်ဥစ္စာမနေ ပေါကြွယ်ဝတာပဲအေ့..ငါ့သမီးက မင်းကြိုက်စိုးကြိုက်ပါ၊ ငါ့သမီးဒိတ်ဒိတ်ကြဲသူဌေးမှ မရရင် မယူနဲ့နော်..ကိုယ့်ကိုယ်ကို တန်ဖိုးထား.."တဲ့.. ၊

အမေ့စကားတွေကို တရေးရေးပြန်ကြားနေသည်။

"သမီးရှင်ဖြစ်ရတာ မျက်နှာငယ်တယ်လို့ ဘယ်သူပြောလဲ..ငါ့သမီး မင်္ဂလာဆောင်ကျမှ ငါဘယ်လောက်မျက်နှာကြီးသလဲဆိုတာ ပြလိုက်ဦးမယ်.. မအေကို မျက်နှာငယ်ရအောင် မလုပ်နဲ့၊ ဘယ်လောက်ဆင်းရဲရဲ ကိုယ့်တန်ဖိုးကို မချနဲ့.."တဲ့.. ၊

ခုတော့ အမေ့ကြောင့် သမီးမျက်နှာငယ်နေရပြီ သိရဲ့လား.. ၊

သတိလည်းရနေသည်။ ရင်ထဲမှာလည်း နာနေမိ၏။

"သမီးလေးက လှလိုက်တာ..သမီးအမေလည်း မတွေ့ပါလား.."

ဒါကိုကြောက်နေပါမှ ဒီမေးခွန်းက ကိုယ့်ရှေ့ကနေ တိုက်ရိုက်ပိတ်ခံနေသည်။ ခြံက အပြာ့ဘေးကနေ နှုတ်ဆက်ရင်း.. ၊

"အန်တီစိုးစိုးရော..အန်ကယ်လ်ထွန်း မပါဘူးလား.."

"သူကခရီးလွန်နေတယ်သားရေ.."

"သူ့အမေလည်း အဲ့လိုပဲလေ.."

အနားမရောက်ခင်တည်းက ဒေါ်မင်းမာလာက ဝင်ဖြေပေးပြီးဖြစ်တာ.. ၊

"သူ့အမေက ခရီးလွန်နေတယ်.."

"ဩော်.."

သမီးမင်္ဂလာဆောင်ကိုတောင် ခရီးလွန်နေတယ်လို့ ထပ်မေးချင်သွားသည့် အီလည်လည်မျက်နှာကြီးနှင့် ရှိစဉ်.. ၊

"သားတို့ ဟိုမှာသူငယ်ချင်းတွေ နှုတ်ဆက်ဖို့စောင့်နေကြတယ် သွားလိုက်ဦး.."

ဒေါ်မင်းမာလာ လူငယ်တွေကို တခြားလွှဲလိုက်ပြီးမှ ပြန်လှည့်၍..

"သတို့သမီးအမေက ဒီမင်္ဂလာပွဲနဲ့ ပတ်သက်ပြီး သူ့သမီးနဲ့အဆင်မပြေဖြစ်ထားတယ်လေ..ဒါကြောင့် သူမရှိဘဲနဲ့ စီစဉ်လိုက်တာပါ.."

"ဟုတ်လားမသိလို့ပါမာလာရယ်..ဆောရီးပါနော်၊ ကြားပါ့ကြားသား.."

အားလုံးပဲ တစ်စွန်းတစ်စတော့ ကြားထားပြီးပြီဆိုတာ ဒေါ်မင်းမာလာသိသည်။ ဒီပွဲဒါကြောင့် ပိုစည်နေတာကိုလည်း သိပြီးသားပါ။ အတော်

www.burmeseclassic.com


အဖျင်းဆိုတာ လူလတ်တန်းစား ဆင်းရဲသားတွေမှာပဲ ရှိတာမဟုတ်ပေ..၊

ရပ်ကွက်လေးထဲက အတင်းအဖျင်းက ဒီမှာပြော ဟိုနားမှာပျောက်သွားမှာပေမယ့် ဒီလိုလူကုံထံဆိုသည့် အလွှာတွေထဲမှာတော့ အတင်းအဖျင်းတို့နှင့် ပို့ချတည်ဆောက်သော တံတိုင်းက လူတစ်ယောက်ကို ဖယ်ချဉ်ပထုတ်ပစ်နိုင်တဲ့အထိ ပြင်းထန်သေးသည်။

"သတို့သမီးအမေက မာနတော်တော်ကြီးပုံပဲ.."

"ဟုတ်တယ်..ဆင်းရဲတာတောင် သဘောမတူလို့လုညွှံမကြည့်တာကြည့်.."

"မဆင်းရဲပါဘူး..ပိုးထည်တိုက်ကြီးမှ ဟီးလို့ပါ.."

"အဲ့ဒါ ကောင်မလေးဘွဲ့ရပြီးမှ ထူထောင်တာထင်တယ်..သူ့အမေက အစကဆင်းရဲပါတယ်.."

"ဟုတ်မယ်..ဒါကြောင့် မအေကိုဂရုမစိုက်ဘဲ မိဘမဲ့မင်္ဂလာပွဲ ထွက်ဝပ်ပစ်တာပေါ့.."

"ဘာပဲဖြစ်ဖြစ်ပေါ့နော်..ကိုယ့်ကိုယ်ကို မြန်မာလူမျိုးဆိုတာတောင် သတိရသေးရဲ့လားမသိဘူး.."

ကြားအောင်ပြောသည့်စကားကို ကြွဲဖန်ကြားရတတ်ကာ ကြားစေချင်ချင် လိုသူနားထဲကိုမရောက်တတ်။ပြောနေသူတွေနားကို အပြာတို့ရောက်နေခဲ့လျက် သူတို့ကတော့ ခေါင်းချင်းရိုက်ပြီး ပြောလို့ကောင်းနေတုန်း..

"မောင်.."

အပြာ ဘာပြောတော့မည်ကို သိကာ ခြံကလက်ကို အားပေးသလိုဖိဆုပ် ဆုပ်ထားလိုက်ပြီး.. ၊

"ပြောကြပါစေကွာ..ဒါတွေက.."

"အပြာရင်ဆိုင်နိုင်ပါတယ်..ဒါပေမယ့် ခု ငိုချင်နေတယ်၊ အပြာသွားငိုလို့ ရမလားဟင်.."

"ကျွတ်.."

သူ အကြံအိုက်သွားပြီးမှ.. ၊

"ဒီမှာ အပြာ..မောင့်ကိုကြည့်.."

အပြာ မျက်ရည်မကျအောင် ခြံအမျိုးမျိုးကြိုးစားနေခဲ့ရကာ ဟန်နီတို့ ရောက်လာတော့မှ.. ၊

"ကိုလေးရေ..ဒီကိုလာပါဦး၊ ဟန်နီ့သူငယ်ချင်းတွေက ကိုလေးရဲ့မဆာသီကို မမြင်ဘူးလို့.."

မိန်းမချောလေးတွေ ဝိုင်းအုံသွားတော့ တစ်ယောက်စီကိုနှုတ်ဆက်နေရင်း အပြာငိုချင်တာတွေ ခဏတစ်ဖြုတ် ပျောက်သွားခဲ့သည်။ မင်္ဂလာဆောင်သည် သူမအတွက် သကြီန်ရေပက်ခံထွက်ရသလို ပူလောင်ပြင်းပြခြင်းကို အားမိလိုက် ရေစိုသွားသည့်အခါ စိမ့်အေးချမ်းမြေ့သွားလိုက်..

ဒါပေမယ့် အေးခြင်းသည်ခဏ ပူလောင်ခြင်းက ပြင်းပြစွာရှိလျက်..

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၄)

"ခြံကြီးကအကျယ်ကြီးပဲနော်..လှလိုက်တာဟဲ့.."

ရောင်စုံမီးတွေ ပန်းစင်တွေနှင့် လှချင်တိုင်းလှနေသော ခြံကျယ်ကြီး ထဲကမင်္ဂလာပွဲကို ဒေါ်ကြီးစိန် တအံ့တသြငေးရင်း အားပါးတရကြီး ပြော သည်။ ပြီးတော့ ဒေါ်ဟေမာန့်လက်ကို လှုပ်၍ တိုက်ကြီးကိုပြကာ..

"တိုက်ကြီးကိုကြည့်စမ်း..ဇာတ်လမ်းတွေထဲမှာ မြင်ရတဲ့တိုက်ကြီး တွေထက်တောင် ကြီးသေးတယ်၊ သားအမိလေးနှစ်ယောက်တည်းဆိုရင် ဒီလောက် တိုက်ကြီးနဲ့နော်..အံ့ရော ငါ့မှာအိမ်လေးပိစိကွေးတောင်မှ အထပ် ထပ် အောက်ထပ် ရှင်းလိုက်ရတာ ကိုယ်မရှင်းနိုင်ရင် အလုပ်သမားခေါ်ရ တာ တစ်ခါခေါ်ရင် နှစ်ယောက်.."

ပြောနေရင်း လှည့်ကြည့်လိုက်တော့ ဒေါ်ဟေမာန်က သူပြောနေ သည့် စကားတွေမှာ စိတ်ရှိပုံမပေါ်သည့်အပြင် မျက်လုံးတွေကလည်း ဧည့် ခံပွဲဆီမှာပဲ ဖြစ်ကာ.. ၊

"ကျွန်မသမီးဘယ်နားမှာလဲ မသိဘူး..ကျွန်မတို့ နောက်ကျလို့ ဝင်များသွားပြီလား.."

"နောက်မကျပါဘူးအေ..ခုမှ စားပွဲမှာလူတွေ ပြည့်နေတုန်းပဲရှိသေး တယ်..ဟော ဟော ဟိုမှာ ညည်းသမီးသခွားရောင်လေးနဲ့ မြင်လားဟိုမှာ-

"အင်း တွေ့ပြီ..ခြံနဲ့တွဲလာတာ.."

"ဩော်..ဒီဘက်ကိုလာနေကာမှ ပြန်လှည့်သွားကြပြန်ပြီ.."

လှလိုက်တာ..ငါ့သမီးလေး.. ၊

ကားထဲကနေ ချောင်းကြည့်ရတာကို အားမရနိုင်။ တံခါးဖွင့်ဆင်း လိုက်ရင်း အပြင်ထွက်ရပ်မိသည်။ ထိုအခါကျမှ ပန်းစင်တွေနဲ့ကွယ်လိုက် လူတွေကြားထဲ ရောက်သွားလိုက်.. ၊

"ဟေမာန်..ညည်းပဲ ကားထဲကပဲကြည့်မှာဆို.."

ဒေါ်ကြီးစိန် ထမိတစ်ဖက် မ၍ ဆင်းလိုက်ခဲ့ရင်း.. ၊

"မသွားဘူးဆိုလည်း မသွားနဲ့လေအေ..ညည်းကို သတို့သမီးအမေ မှန်းသိကုန်ကြရင် အကုန်ရှုပ်ကုန်မှာနော်.."

မှောင်ရိပ်ခို၍ ရွှေ့လျားနေမိသည့်ခြေလှမ်းက တုံ့ခနဲရပ်သွားသည်။

"ခုတောင် သတို့သမီးက မိဘမပါဘဲလက်ထပ်တာ သူတို့ဘယ် လောက် ဖြေရှင်းနေကြမလဲမသိဘူး..နေစမ်းပါဦး၊ ညည်းအေ ဘယ်မှလည်း မသွားဘဲနဲ့ ကျုပ်ကိုညာပြောခိုင်းပြီး ပုန်းနေတာ ဘာတွေလုပ်တာလဲ..ပြီး တော့ ပြတ်ပြတ်တောက်တောက်လည်း နေနိုင်တာမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



စည်ကားနေသည့် ဈေးခံပွဲကြီးနှင့် ဆန့်ကျင်ဘက်မှောင်ရိပ်ကျ၍ ဆိတ်ဆိတ်သော တစ်နေရာမှာသတို့သမီးရဲ့ အမေလာချောင်းကြည့်နေ ဘယ်ဆိုတာ ဘယ်သူသိမှာလဲ.. ၊

ဒေါ်ဟေမာန် ဘာစကားမှပြန်မပြောနိုင်ဘဲ အသံတိတ်နေခဲ့၏။

"ဟေမာန်.."

"ဟင်.."

"လာ..ကားပေါ်ပြန်တက်မယ်၊ တော်ကြာ ကားတွေကြားထဲမှာ မှောင်ရိပ်ခိုနေလို့ ငါတို့ကိုလုံခြုံရေး လာဆွဲလိမ့်မယ်.."

"ခဏလေးပါဒေါ်ကြီးရယ်..အပြာ့ကို တစ်ချက်လေးသေချာကြည့် လိုက်ရရင် ပြန်မှာပါ.."

"ဒီလောက်အလှမ်းကွာနေတာ ဘယ်လိုလုပ်သေချာမြင်ရမှာလဲ ဟေမာန်ရယ်..ဘာလဲ လက်ဖွဲ့တွေဘာတွေ ပေးချင်လို့လား၊ ပေးလေ ငါသွား ပေးမယ်.."

"မဟုတ်ပါဘူး.."

ခေါင်းခါလိုက်ရင်း မချိတရိပြုံးလိုက်မိကာ.. ၊

"ကျွန်မလက်ဖွဲ့ကိုလည်း သူမျှော်မှာမဟုတ်ပါဘူး..ခုနေ ကျွန်မကို မြင်သွားလည်း သူပျော်မှာမဟုတ်ပါဘူး၊ သူ့ရင်ထဲမှာ ခုလောက်ဆို ရက်စက်လိုက်တဲ့အမေ..တာဝန်မကျေတဲ့အမေ ဆိုပြီး.."

ပြောနေသည့် စကားက တိခနဲပြတ်တောက်သွားခဲ့သည်။ မျက်ဝန်း တို့သည် ဒီဘက်ကိုမျက်နှာမူ၍ လျှောက်လာနေသော အပြာ့ဆီမှာစူးနစ် သွားခဲ့လျက်.. ၊

"လှလိုက်တာကြည့်ပါဦး ဒေါ်ကြီးရယ်..ကျွန်မသမီး၊ ငါ့သမီးလေး.."

ကိုယ့်ကိုယ်ကို သတိမထားမိလိုက်ခင် မျက်ရည်စက်ကပေါက်ခနဲ သိမ့်ခနဲ ကြွေဆင်းကုန်ကြ၏။ သပ်ယပ်ခန့်ညားသော ဇနီးမောင်နှံလူကြီးစုံ တွဲနှင့် အတူလျှောက်လာကြသော အပြာနဲ့ခြံကို တဖြည်းဖြည်း နီးနီးလေး မြင်လာရသည်။

ဈေးခံပွဲထဲကိုအဝင် ပန်းစင်မြင့်ကြီး၏ထိပ်ဦး မီးပွင့်ကြီးတွေအောက် မှာ သူတို့ရပ်လိုက်ပြီး နှုတ်ဆက်စကားတွေပြောနေကြသည်။ ဒါပေမယ့် ဝေးသော အကွာအဝေးကနေ မီးရောင်အောက်ကလူကို ထင်ရှားစွာမြင် နေရ၏။

အပြာ့ဆံပင်တွေကို သိမ်းတင်ထားကာ ဆံထုံးမို့မို့လေးမှာ စိန်ခွေ လေးပတ်တင်ထား၏။ ကျော့ရှင်းဖြူဝင်းနေသော လည်တိုင်နုနုမှာ တစ် ဆပ်ချင်းစီ ဖြန့်ခင်းထားသော စိန်ဘယက်က ဖျတ်ဖျတ်ခါနေလေသည်။

ပြီးတော့ နားဆွဲတန်းက ပခုံးမထောက်တစ်ထောက်ထိ ရှည်ကျနေ လျက် တလှုပ်လှုပ်လွဲနေတိုင်း ပြိုးပြက်လက်နေ၏။

"ဒေါ်ကြီး..အပြာဝတ်ထားတာ အတုတွေမဟုတ်လောက်ပါဘူး နော်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်စရာလားအေ..ညည်းနှယ်၊ သူတို့လိုလူတန်းစားတွေက ဒီ
ပွဲမျိုးတွေမှာမှ သူ့ထက်ငါချမ်းသာတာတွေ ထုတ်ပြကြတာ.."
"ကျွန်မသမီးကို ဆင်းရဲတာပဲဆိုပြီး အတုတွေများ.."
"ဆင်းရဲတဲ့အတိုင်း သူ့သားနဲ့မပေးစားချင်လို့တောင် အပြော
ထည်ဆိုင် ထောင်ပေးခဲ့တာပဲအေ..ညည်းကိုက အဲ့ဒီမိန်းမကို အမြင်
နေတာ.."
ဒီစကားကြောင့် ဒေါ်ဟေမာန်ခပ်ယဲ့ယဲ့ပြုံးမိ၏။ ပြီးတော့ မဲ့ကျ
ကာ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာကြလျက်.. ၊
"ကျွန်မ ဘယ်သူ့ကိုမှ မမုန်းပါဘူး.."
ဟင်.. ၊
ဒီလိုလေသံနဲ့ ဒီမင်္ဂလာပွဲအကြောင်း တစ်ခါမှမပြောခဲ့ဘူးဘဲနဲ့
ဒေါ်ကြီးစိန် လှည့်ကြည့်ပြန်ကာ.. ၊
"မမုန်းဘူးဟုတ်လား..ဒါဖြင့် ဒီမိန်းမကို မုန်းလွန်းလို့ ဒီပွဲကိုလုံး
ဘောမတူဘူး၊ လုံးဝမသွားဘူးဆိုတာက.."
"ကျွန်မ.."
ဒေါ်ဟေမာန်အသံ တိမ်ဝင်သွားကာ ဒေါ်ကြီးစိန်ဘက်ကို လှည့်
လာ၏။ ပြီးတော့ ပခုံးစွန်းတစ်ဖက်ပေါ်မှာ မှောက်ချလိုက်ပြီး.. ၊
"ကျွန်မ အဲ့လိုလုပ်မှ ဖြစ်မှာမို့လို့ပါ ဒေါ်ကြီးရယ်.."
"ဟော့တော်.."
ဒေါ်ဟေမာန် ငိုနေပြီကိုသိလိုက်လျှင် ဒေါ်ကြီးမျက်လုံးပြူး
သည်။ ဒီလိုမျိုး ရှိနိုင်လိမ့်မယ်လို့ မထင်ခဲ့မိခြင်းကြောင့်.. ၊
"ဟေမာန်..သြော် ဘယ်လိုဖြစ်ရတာလဲအေ.."
"ကျွန်မကြောင့် ကျွန်မကြောင့်..ကျွန်မသမီးလေး မျက်နှာငယ်
ရမှာ စိုးရိမ်လို့ပါ..သူ့အတွက် ကျွန်မအမုန်းခံပြီး လုပ်ခဲ့တာပါ.."
ကိုယ့်ကိုယ်ကို သတ္တိကောင်းလှပြီ ထင်ခဲ့မိသည်။ ငါလုပ်တာ
သည်ဆိုသည့်မာနနှင့် စိမ်းပြတ်သောစကားတွေနဲ့ တွင်တွင်မောင်းထု
ခဲ့၏။ တကယ်တမ်းကျတော့ သူမရင်ဘက်ထဲမှာ မီးခင်တစ်ယောက်
နှလုံးသားပဲ ဖြစ်လေသည်။
သမီးလေးအတွက် သူမမှာဘာမှ ပေးစရာမရှိပေ။ လက်မထပ်
တည်းက ဒီအမေရဲ့သမီးမို့လို့ ဒီကလေးမျက်နှာငယ်ရသည်။ လက်ထပ်
ဆိုရင်လည်း ပဝါကြီးတဖားဖားနှင့် သမီးကိုပွဲလယ်တင့်စေမှာ မဟုတ်
ထို့နောက်မှာ ဘာမှမရှိတဲ့ ငမွဲမဆိုတဲ့မျက်နှာငယ် ဘဝက
ဘယ်ကာလထိ သက်တမ်းရှည်သွားလိမ့်မည်ဆိုတာလည်း မပြောနိုင်၊
ကြောင့် သမီးနဲ့သူ့သားကို သဘောတူပါသည်လို့ပြောကာမှ သူမတို
ဝင်ဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်သည်။
အလွယ်ရရင် တန်ဖိုးမထားတတ်ကြသော သဘာဝတွေအရ
တည်းက ဆင်းရဲနေခဲ့သည့်ဘဝမို့ သူဌေးသားနဲ့အညရဝမ်းသာကြီး ပေး

www.burmeseclassic.com

www.burmeseclassic.com



...က်တာမျိုး သူမမလုပ်နိုင်.. ၊

သမီးလေးကို တန်ဖိုးရှိရှိအပ်နှင်းဖို့အတွက် ကိုယ့်ဘက်မှာလုပ်စရာ ...စ်ခုပဲရှိသည်။ ငါ့ကြောင့် ပိုးထည်ဆိုင်ကိစ္စမှာ ပြဿနာကိုပုံကြီးချဲ့၍ ...နိုးသားပစ်ခဲ့သည်။ ထို့အတွက်.. ၊

မတတ်သာလို့ သဘောတူခဲ့ရသော ဒေါ်မင်းမာလာရင်ထဲမှာ မတူ ...န်လေခြင်းဆိုသည့် နာကျင်မှုတစ်ခုအပြင် 'သင်းတို့က ဘာမို့လဲ'ဆိုသော ...ချင်ဒေါသတစ်ခု ပိုလာလိမ့်မည်။ ကိုယ်ဟာ မချမ်းသာပေမယ့် ဘယ် ...ာ့မှ အောက်ကျို့ခယမှာမဟုတ်သည့် မာနနှင့် ဒေါ်မင်းမာလာရဲ့ပြိုင် ...က်နေရာကို မိုက်ရူးရဲဆန်စွာ တိုးဝင်ခဲ့တာဖြစ်၏။ တကယ်တော့.. ၊

"အင်အားမမျှမှန်းသိရက်နဲ့ ကိုယ့်ထက်အားကြီးတဲ့သူကို ကျွန်မစိန် ...ခဲ့တယ်..ဒေါ်မင်းမာလာရဲ့ ပြိုင်ဘက်ဖြစ်ဖို့အတွက် ကျွန်မရတဲ့နေရာ ... ခွတ်ဝင်ခဲ့တယ်..အဲဒါတွေက.."

"ညည်းသမီးအတွက်ပေါ့..ဖြစ်ရလေဟေမာန်ရယ်၊ အားလုံးက ...ည်းတွက်ထားသလို ဖြစ်လာမှာပဲလို့ ထင်နေတာများ အံ့ပါရဲ့အေ..အခု ...းလုံးအမြင်မှာ ညည်းကဘယ်လိုအမေမျိုး ဖြစ်နေပြီလဲသိရဲ့လား.."

ဒေါ်ဟေမာန် မျက်ရည်သုတ်ရင်း ခေါင်းညိတ်ရှာသည်။ ပြီးတော့ ...လာပွဲဆီ ပြန်ကြည့်မိ၏။ မျက်ဝန်းမှာ မျက်ရည်တွေ စိုနေဆဲနှင့်ပြုံးမိပြန် ...။ ၊

"လှလိုက်တာ..အဲ့ဒီလိုမြင်ကွင်းမျိုး ကျွန်မခဏခဏအိမ်မက်ခဲ့တယ်၊ ...က်ကူးတွေဆိုတာ ထုတ်တောင်မပြောရဲဘူး..ဒါတွေ ခုတကယ်ဖြစ်လာ ...ပြီ.."

တစ်ယောက်တည်း ရေရွတ်သလိုဆိုရင်း ရှေ့ထပ်တိုးပြီးကြည့်၏။

"ကျွန်မဘယ်လိုအမေမျိုးပဲဖြစ်ဖြစ် သမီးကို သူ့ယောက္ခမအထင်မ ...းတော့ဘူး..ကျွန်မသဘောမတူဘဲ သူတို့ကိုယ့်ကြည် အားကိုးပြီးခိုဝင် ...တဲ့ ချွေးမအဖြစ်လေးစားရမယ်၊ ဒီချွေးမကြောင့် ကျွန်မကိုအနိုင်ရခဲ့တာ ...ပြီး ကျေးဇူးတင်စိတ်လေး တစ်စိုးတစ်စိဖြစ်ဖြစ် ရှိနေရမယ်..အဲ့ဒါ ကျွန်မ ...ချင်ဆုံး ဆန္ဒပဲ.."

"အဲ့လိုမဖြစ်ဘဲ ညည်းကိုဒေါသထွက်တိုင်း အပြောကို ဆူပူမောင်းမဲ ...ရင်ရော.."

"မဖြစ်နိုင်ပါဘူး.."

ဒေါ်ဟေမာန် သမီးဘယ်ရောက်သွားလဲလို့ လည်ပင်းရှည်ကြည့်ရင်း ...င်းခါသည်။ ပြီးတော့ မျက်လုံးကိုထပ်ပွတ်ပြီး လိုက်ရှာနေကာ.. ၊

"ကျွန်မသမီးလေး ဘယ်ရောက်သွားလဲ.."

"လာ..ဒီဘက်တိုးကြည့် ထောင့်စားပွဲနားမှာ.."

ဒေါ်ကြီးစိန်က ဒေါ်ဟေမာန်ကို အသာဆွဲခေါ်ပြရင်း သူမလည်းမြင် ...ရသည်။ လူကုံထံအမျိုးသမီးကြီးတွေနှင့် ရယ်မောစကားပြောနေသော ...ါမင်းမာလာရဲ့ဘေးမှာ အပြာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



အပြာ့ဘေးမှာ ခြံရှိမနေပေ။ သို့သော် ဒေါ်မင်းမာလာက အပြာ့လက်
လေးတစ်ဖက်ကို ကိုင်ထားကာ အားလုံးနဲ့ဘာတွေပြောနေသည်မသိ။
ပြီးတော့ အပြာ့ကို ပြန်ကြည့်သည့်မျက်နှာသည် နူးညံ့ရိုးသားခြင်းများနှင့်

"ဒေါ်မင်းမာလာက အဲ့လိုမိန်းမမျိုးပဲဆိုတာ ကျွန်မသိတယ်..သမီး
ကို အမြင်စောင်းတဲ့စိတ်နဲ့ အမြဲတမ်းငြူစူမောင်းမဲနေမယ့် မိန်းမမျိုး
ဟုတ်ဘူး..သူ့မှာ နူးညံ့တဲ့စိတ်ရှိတယ်..

အစတည်းက အနိုင်တီလို့ခေါ်ပြီး စကားပြောနေတိုင်း ဒေါ်မင်းမာ
လာကို အထင်ကြီးသော ရိုသေလေးစားသော စကားသံတွေ မျက်နှာအမူအ
ရာတွေ သမီးဆီမှာ သူမမြင်နေခဲ့ရသည်။ ဒီမိန်းမပြောတဲ့စကားဆို နား
ထောင်သည်။ ဒီမိန်းမကမှ တော်သည်ထက်သည်လို့ မြင်နေ၏။

ကိုယ့်ကိုနှိမ့်ချဝေဖန်တာ မရှိခဲ့ပေမယ့် သမီးရဲ့မျက်လုံးတွေကို သူမ
ခံစားမိသည်။ ဘာပဲဖြစ်ဖြစ် ပေါ့ပါးစွာဖျောက်ဖျက်ပစ်ခဲ့ပေမယ့် နှလုံး
သားမှာ အရာထင်ခဲ့ခြင်းက ပျောက်နိုင်ပါ့မလား.. ၊

သမီးလက်ထပ်တော့မည်ဆိုကတည်းက ဒီသမီးလေးကို ဆုံးရှုံးနေရ
သလို ဘာမှန်းမသိဘဲ နာကျင်နေခဲ့မိသော ဝေဒနာဟာ ဒီနေ့မှာ ပီပြင်စွာအ
ဆုံးသတ်သွားပြီဆိုရင်လည်း သူမငိုနေရင်းနဲ့ ပြုံးရမည်သာ.. ၊

ယောက္ခမနဲ့အမေကို လက်တစ်ဖက်စီဆွဲထားရင်း သမီးမျက်နှာငယ်
ဆင်းရဲရမည်ဆိုလျှင် သမီးရဲ့လက်ကို သူမဖြုတ်ချပစ်နိုင်ရမည်.. ၊

"ပြန်ရအောင် ဒေါ်ကြီး.."

အသံတွေတုန်နေလျက် မျက်နှာငုံ့ပစ်လိုက်တော့ ငိုပြန်ပြီဆိုတာ
ဒေါ်ကြီးစိန် သိလိုက်သည်။

"ငါကတော့ ညည်းကိုပဲ မိုက်တယ်လို့ပြောချင်တယ်ဟေမာန်..မိဘ
နဲ့ သားသမီးမေတ္တာဆိုတာ.."

"ကျွန်မဆီက မရနိုင်တော့ဘူးဆိုမှ ဒေါ်မင်းမာလာဆီက သူရမှာ–
သူ့ယောက္ခမကသာ သူ့အမေလို မေတ္တာထားပေးမယ်ဆိုရင် ကျွန်မက
ဘာလို့ နှောက်မဆုတ်နိုင်ရမှာလဲ..မေတ္တာတရားဆိုတာ ဘယ်နေရာဘယ်
အရပ်ကဖြစ် ဖြစ် ပေးနေလို့ရတယ်၊ သူသိသိ မသိသိ.."

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၅)

"အပြာ.."

"ရှင်..အန်တီ.."

အန်တီလို့ထူးလိုက်တော့ ဒေါ်မင်းမာလာ မျက်ခုံးတစ်ချက်တွန့်သွား သည်။ ဒါပေမယ့် ဘာမှမပြောဘဲ သော့တွဲတစ်တွဲကို အခန်းပေါက်ဝကနေ ထုမ်းပေးရင်း.. ။

"ဒါ..မင်းအခန်းထဲက မီးခံသေတ္တာသော့ပဲ၊ ကုတ်ဒ်နဲ့ဖွင့်ချင်ရင် လည်း အဆင်ပြေတာ သုံးလို့ရတယ်..နံပါတ်က သားကိုမေးကြည့်.."

"ဟုတ်ကဲ့.."

အပြာက ကမန်းကတန်းထွက်ယူလိုက်ပြီး.. ။

"မောင့်ကို အပြာစောင့်ဦးမှာပါ.."

"မင်းငိုနေတာလား.."

အပြာ ဟင်ခနဲဖြစ်သွားပြီး ခေါင်းညိတ်ရမလို ခေါင်းခါရမလိုဖြစ်နေ သည်.. ။

"ဖြစ်ပြီးတာကို ဘာမှတမြေ့မြေ့တွေးနေဖို့ မလိုဘူး..မနက်ဖြန် ဘာ လုပ်မလဲဆိုတာပဲ စဉ်းစား.."

အပြာ ခေါင်းညိတ်လိုက်ပြီး.. ။

"ဟုတ်ကဲ့ပါ.."

"မင်းအမေကို မခေါ်ရဘူး မပြောရဘူးလို့တော့ ငါမတားပါဘူး..ဒါ ပေမယ့် သူ့ပါးစပ်က ပြောဖူးတဲ့စကားတွေ မချဘဲ ဆက်ပြောနေဦးမယ် ဆိုရင်တော့ ဘယ်နေရာမှာမှ မင်းအမေအဆင်ပြေမှာ မဟုတ်ဘူး..အဲ့ဒါ ကြောင့် သူ့မာနနဲ့သူ နေနိုင်တယ်ဆိုရင် ဒီတိုင်းပဲထားလိုက်စေချင်တယ်.."

အမေ့ကို မခေါ်ရဘူးလို့ သွယ်ဝိုက်သတိပေးလိုက်တာလား.. ၊

"အပြာ.."

"ရှင်.."

"ငါပြောတာကို မင်းအထင်လွဲသွားတဲ့ပုံပဲ.."

"မဟုတ်ပါဘူးအန်တီ..အမေ့ဘက်ကလည်း သူများပြောစရာလုပ်ခဲ့ တာ အပြာသိပါတယ်..ဒါပေမယ့်.."

"အဲ့ဒါကို ဆက်မပြောနဲ့တော့..မိဘချင်းဖြစ်နေတဲ့အတွက် မင်းတို့ သားအမိကိစ္စတွေကို ငါဘာမှမပြောလိုဘူး၊ တစ်ခုရှိတာက မင်းအခု ငါ့ချွေး မဖြစ်နေပြီ..မင်းကိုယ်တိုင် ယုံယုံကြည်ကြည်ရောက်လာခဲ့တာ ဖြစ်တဲ့အ တွက် ငါ့အရိပ်မှာ ငါ့သဘောအတိုင်းနေဖို့ ပြင်ဆင်ပြီးဖြစ်နေမယ်လို့

www.burmeseclassic.com

www.burmeseclassic.com


လည်း ယုံကြည်တယ်.."

ဒေါ်မင်းမာလာက မျက်နှာသစ်ချထားသည့် အပြာ့မျက်နှာလေးကို စိုက်ကြည့်ကာ.. ၊

"ပြီးတော့ ပိုးထည်တိုက်ကို ငါမင်းအမေနာမည်နဲ့ လွှဲယူခဲ့တာ" ဟင်.. ၊

အပြာ အံ့ဩသွားသည်။ ဘာမှမဆိမဆိုင် ဒီလောက်ငွေတွေကို အမေ့နာမည်နဲ့.. ၊

"စိတ်ကူးလိုက်တာက မင်းအမေကိုယ်တိုင်တောင့်တင်းမှုရှိနေမှ ငါတို့အားလုံး ဂုဏ်သိက္ခာမညှိုးမှာလေ..မခေါ်ချင်ပေမယ့် မတော်လို့မရကြတဲ့ အချိန်မှာပေါ့..ဒါပေမယ့်.."

နှုတ်ခမ်းနီတို့နှင့် လှပနီရဲနေသည့် မျက်နှာမှာ လှောင်ပြုံးတစ်ချက် ထင်၏။

"ခြသေ့က ခြသေ့လို ဟိန်းမှာပေါ့..အဲ့ဒါကို မင်းအမေက..ဟွန်း"

အထင်မြင်သေးသည့် နှုတ်ခမ်းမဲ့ခြင်းဖြင့် လက်ပိုက်ရင်း.. ၊

"ကိုယ်ပိုင်ဆိုင်ခွင့်ရနေတဲ့ ဘဝနဲ့ပဲနေလိုက်ရင် ပြီးတာပဲ..မဝှုတာကို လိုက်တုနေရင် ဘယ်သူ့မှာအကျိုးယုတ်မလဲ.."

အပြာ့မျက်နှာလေး ငုံ့သွားတော့ ဖျတ်ခနဲကြည့်ပြီး ပင့်သက်ရှိုက်သည်။ ပြီးတော့ မျက်နှာပေါ်မှာ ခနဲ့ပြုံးမဲ့ပြုံးတွေ ပျောက်ကွယ်ကုန်ကာ..

"သူ့ဘက်က ဘာဖြစ်နေနေ ငါဂရုမစိုက်ပါဘူး..အခု ပိုးထည်တိုက်ကို မင်းလက်ထဲထည့်ထားတယ်၊ သူ့နာမည်နဲ့ပဲ ရှိနေသေးတော့ မင်းသူ့ကို လွှဲပေးလိုက်မယ်ဆိုရင် ပေးနိုင်တယ်.."

ဟင်.. ၊

နောက်ထပ် မယုံနိုင်ခြင်းက ဒေါ်မင်းမာလာအပေါ် အထင်ကြီးလေးစားခြင်းတွေပါ ပြည့်နှက်နေလျက်.. ၊

"အခု လွှဲပေးမယ်ဆိုရင် အန်တီကခွင့်ပြုမယ်လို့ ပြောတာလား ဟင်.."

ဒေါ်မင်းမာလာက မျက်ခုံးတွေပင့်သွားပြီးမှ ခေါင်းညိတ်လိုက်ကာ..

"ဟုတ်တယ်..မင်းအမေအတွက် အရင်ကရော ခုရော ဒါကလိုအပ်နေတာပဲ၊ သူ့မှာ ချို့တဲ့ရင်ဘာတွေ လုပ်တတ်တယ်ဆိုတာ ငါသိထားတာတွေထက် မင်းကပိုသိမှာပေါ့.."

ရှက်သွေးတတ်သွားသည့် အပြာ့မျက်နှာလေးရဲတွတ်သွားသည်၊

"သူ ငါ့ကိုမနိုင်ဘဲ ပြိုင်နေတဲ့အတွက် လူတွေငါ့ကို သို့လောသို့လော မေးစရာတွေနဲ့ ကြည့်လာတယ်..အဲ့အတွက် မင်းအမေကို ငါလုံးဝမပတ်သက်ချင်ဘူး၊ မင်းကတော့ သမီးဖြစ်နေတဲ့အတွက် ငါမတားဘူး..ဒါပေမယ့် ပေးချင်ရင်ပေး ကင်းကင်းနေပါ.."

ပြောပြီးတာနှင့် ထွက်သွားဖို့ပြင်လျှင်.. ၊

"အန်တီ.."

www.burmeseclassic.com

www.burmeseclassic.com


အပြာက တံခါးရဲ့အတွင်းဘေးနားမှ တင်ထားသည့် ရတနာဘူးလေးကို ကမန်းကတန်းလှမ်းယူပြီး လက်နှစ်ဖက်နဲ့ကိုင်ထားရင်း .. ၊

"ဒီမှာ သမီးဝတ်ထားတဲ့..

"အဲ့ဒါတွေ မင်းကိုစဏဝတ်ဖို့ပေးခဲ့တာ မဟုတ်ဘူး.."

အပြာ လက်လေးနောက်ပြန်တွန့်သွားသည်။ ဒေါ်မင်းမာလာက ရတနာဘူးယူလိုက်သည့် အခန်းတံခါးဘေးက ပန်းစင်လေးကိုငဲ့ကြည့်လိုက်ပြီး အပြာ့ဘက်ပြန်လှည့်ကာ.. ၊

"ဒီရတနာဘူးကို မင်းဒီပေါ်တင်ထားတာလား.."

"ရှင်.."

အပြာ ထိတ်ခနဲဖြစ်သွားသည်။ သူမအမှားကြီးတစ်ခု ကျူးလွန်မိလိုက်ပြီမှန်း သိလိုက်၏။ သို့သော်.. ၊

"အပြာ အန်တီ့ကိုပြန်အပ်ဖို့ အဆင်သင့်.."

"အဲ့ဒီလို တံခါးဝကထွက်စောင့်ပေးဖို့အထိ လိုလို့လား.."

"ဟုတ်..မဟုတ်ပါဘူး အဲ့ဒါအပြာက.."

"အပြာရင့်ရောင်.."

ဒေါ်မင်းမာလာက မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်လိုက်ပြီး မျက်နှာကို စူးစိုက်ကြည့်ကာ.. ၊

"မိန်းမဆိုတာ တစ်ကျပ်ဖြစ်ဖြစ် တစ်ထောင် တစ်သောင်းဖြစ်ဖြစ် သိမ်းဆည်းထားသိတတ်ရတယ်..ဒီရတနာတွေ ဘယ်လောက်တန်ဖိုးရှိသလဲ မင်းကိုငါမပြောတော့ဘူး၊ ဒါပေမယ့် မင်းမှာလိုချင်လောဘမရှိတာကို ပြချင်တဲ့အတွက် ဒီလိုလုပ်ပြနေတာဆိုရင်.. "

"မဟုတ်ပါဘူးအန်တီရယ်..သမီး အန်တီ့ကိုပြန်အပ်ဖို့ပဲ စိတ်စောနေမိလို့ပါ၊ ဒါတွေ တန်ဖိုးကြီးမှန်းသိလို့လည်း ယူမထားရဲတာပါ.."

"ဒါကြောင့် ကိုယ့်လက်ကလွှတ် ပြီးရောပုံစံမျိုး လုပ်တာလား.."

"မဟုတ်ပါဘူး..အဲ့လိုမဟုတ်ပါဘူး.."

"စည်းကမ်းမရှိတာကို ငါမကြိုက်ဘူး..မင်းတို့သားအမိနဲ့ပတ်သက်ပြီး ငါပုံချပေးနေတာတွေက ပိုက်ဆံတွေသိပ်ပေါလွန်းလို့ ပစ်စလက်ခတ်ပေးနေတယ် မထင်နဲ့အပြာ..ပေးသင့်တဲ့အကြောင်းရှိလို့ ပေးရမယ့်လူမို့ပေးတာ လောဘနည်းတာ ရောင့်ရဲနိုင်တာတွေ လောကီကိုတကယ်စိတ်ကုန်သွားမှလုပ်.. ဒီမှာ လာလုပ်ပြနေလည်း ငါကအထင်ကြီးမှာမဟုတ်ဘူး.."

စကားလုံးတွေက ရက်စက်ရာရောက်ပေမယ့် ကိုယ့်မှာတကယ်အပြစ်ရှိတာမို့ အပြာမျက်လွှာချနေမိ၏။

"နောက်ထပ် အဲ့လိုစည်းကမ်းမဲ့တာတွေ ထပ်မမြင်ချင်ဘူး.."

"ဟုတ်ကဲ့..နောက်မဖြစ်စေရပါဘူးအန်တီ.."

ခဏစိုက်ကြည့်နေပြီးမှ ဒေါ်မင်းမာလာထွက်သွားခဲ့သည်။ အပြာအခန်းတံခါးပြန်ပိတ်လိုက်ပေမယ့် တံခါးနားမှာပဲ ရပ်နေမိခဲ့ပြန်.. ၊

www.burmeseclassic.com

www.burmeseclassic.com


....တစ်ကျပ် တစ်ထောင် တစ်သောင်းဖြစ်ဖြစ်
စည်းကမ်းမဲ့တာ ငါမကြိုက်ဘူး....
....ပေးသင့်တဲ့အကြောင်းရှိလို့ ပေးရမယ့်လူမို့ပေးတာ....
....လောဘနည်းတာ ရောင့်ရဲနိုင်တာတွေ ငါကအထင်ကြီးမှာ
မဟုတ်ဘူး.....

စကားသံတွေ အပြာ့နားထဲမှာ အထပ်ထပ် အော်ပြောနေသလိုပဲတ ကျန်ရစ်၏။ ဒေါ်မင်းမာလာနဲ့မျက်နှာချင်းဆိုင်မိတိုင်း သူမရဲ့ စကား သံတွေက နားထဲမှာ စွဲကျန်ရစ်ခဲ့သည်။ သူမရဲ့အမူအရာတွေ အယူအဆ တွေက အသိစိတ်ထဲက ပျောက်မရနိုင်.. ၊

ထို့ပြင် တမ်းတမိသည်က အမေ့ရဲ့စိတ်ဓာတ်အယူအဆတွေသာ ဒီလိုရှိခဲ့ရင် သူမတို့ရဲ့ဘဝက ဒီလောက်ထိကဲ့ရယ်ခံရဖွယ်တွေ ဖြစ်လာပါ့ လား။ ဒီလောက်ထိ လူ့အောက်ကျ ဘဝနောက်ကျရသည့်အဖြစ်တွေနဲ့ ရင်ဆိုင်ရပါ့မလား.. ၊

"ညည်းအမေကတော့ သမီးကပြန်ဆုံးမနေရတဲ့ အမေပဲအပြာရေ"

"ကလေးအကြောင်းပြနေတာပါ..သူကိုက အသုံးအစွဲကြီးလွန်းတဲ့ အိမ်ပါပြူတ်တာ.."

"အပျိုလေးကျနေတာပဲကြည့်ပါလား..မရှိတာကို ဈေးရောင်းစား ပေါ့၊ ဈေးကျမရောင်းရဲဘူး..အဝတ်လျှော်ပါဆိုတော့ ဂုဏ်သိက္ခာထိန်း ရတယ်တဲ့..အံ့ပါ့.."

"ယောက်ျားတွေဆီက ချူစားတာကျတော့ ရှက်ရမှန်းမသိဘူး-"

"ဒီအနီးအနားက ပြေပြေလည်လည်သူဌေးတွေဆို သူမချေးငှားဘူး တဲ့ လူမရှိဘူး.."

"ချဲထိုး နှစ်လုံးထိုးနဲ့ ပိုက်ဆံကိုအလွယ်ရဖို့ပဲ လိုက်နေတာကိုး- ယောက်ျားက အလုပ်အကိုင်နဲ့အိမ်နဲ့ယာနဲ့ သင်းအသုံးမကျလို့ ကုန်တာ ပေါ့၊ စည်းစနစ်မရှိ လက်ကြောမတင်း..ကလေးလေးသနားပါတယ်.."

"နောက်လင်မယူဘဲ နေတာနဲ့ပဲ မိဘဝတ္တရားကျေနေပြီထင်တာ-"

"လင်မယူဘဲ ထင်သလိုနေနေတာ ပိုတောင်ဆိုးသေး.."

အပြာအိမ်မှာပြန်နေတဲ့အခါတိုင်း ဒီလိုအသံတွေကို အမြဲတမ်းကြား ရသည်။ ငယ်ငယ်ကနေ အရွယ်ရောက်လာတဲ့အထိ အမေ့အကြောင်းပြော နေသမျှသည် ပညာတတ်တစ်ယောက်ဖြစ်လာတဲ့အထိ ပြောင်းလဲသွားတာ မပါ..၊

အမေဒီနေ့ထိ မပြောင်းလဲခဲ့ဘူးဆိုတာ သူမမိဘမဲ့ မင်္ဂလာဆောင် ရတဲ့အဖြစ်က သက်သေပဲဖြစ်သည်။ သူမဒီနေ့ ချစ်ရသူနဲ့လက်ထပ်ခွင့်ရ သည်။ မတူညီတဲ့ အဆင့်အတန်းချင်းပေါင်းရပေမယ့် ဒေါ်မင်းမာလာက ဂုဏ်ပကာသနအပေါ် မောက်မာခွဲခြားတဲ့ သူမဟုတ်တာကြောင့် ဒါလည်း သူမကံကောင်းခဲ့သည်။

သို့သော် ပျော်ရွှင်ကြည်နူးနေရမည့်အချိန်မှာ သူမရင်တွေ ပူလောင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ပြောရမယ်ဆိုရင်တော့..

"ကျေးဇူးတင်ပါတယ်အမေ.."

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၆)

"မာမိ..အပြာ.."
"ဆိုင်သွားပြီ.."
မာမိမျက်နှာတည်နေပုံကြည့်၍ ရာသီဥတု ကိုယ့်ဘက်မပါနိုင်မှန်း သိလိုက်သည်။ ခေါင်းတွေကိုက်၍ မျက်လုံးတွေလည်း စပ်နေသေးသော် လည်း မာမိရှေ့မှာ ထိုင်လိုက်ရလျှင်.. ၊
"ခေါင်းတွေကိုက်နေတယ်မို့လား.."
"ဟင်.."
"အဝင်း.."
"ရှင်..မမကြီး.."
"ကော်ဖီထဲ သံပုရာရည်ညှစ်ပြီး ယူလာခဲ့.."
"ဟာ..မာမိ သား ကော်ဖီ.."
"မင်းကို ဘရေ့ဖက်စ် စီစဉ်ပေးနေတာမဟုတ်ဘူး.."
ခြံက ကော်ဖီမကြိုက်ပေ။ အထူးသဖြင့် ဘရေ့ဖက်စ်မှာ ကော်ဖီမ သောက်တတ်။ ဘာပဲဖြစ်ဖြစ် မာမိကြိုသိနေတာကို တစ်ခါတလေစိတ်ညစ် မိရင်း.. ၊
"ရော့..လူလေး.."
ရှေ့မှာကော်ဖီသံပုရာနံ့ တထောင်းထောင်းနှင့်ရောက်လာတော့ မဲ့ သွားမိ၏။ ဒေါ်မင်းမာလာက မုန့်တစ်ဝက်စားပြီး ကော်ဖီသောက်လိုက် ရင်း.. ၊
"ညက ဘယ်အချိန်ပြန်ရောက်သလဲ.."
"သား.."
မနက်သုံးနာရီ ထိုးခါနီးမှ အိမ်ပြန်ရောက်ခဲ့တာကို မပြောရဲ.. ၊
"တစ်ညလုံး ဘယ်မှာသွားအိပ်ပျော်နေသလဲ.."
"မာမိ.."
"ငါ ဘာမှမသိဘူးထင်နေသလားခြံ.."
သောက်လက်စကော်ဖီခွက်ကို ဒေါက်ခနဲပြန်ချလိုက်တဲ့အထိ မာမိ ဒေါသထွက်နေတာကို ခြံလန့်သွားမိသည်။ ဒေါသဖြစ်စေ ပျော်ရွှင်သော်ဖြစ် စေ မာမိခံစားနေရတာကို သိသာစေသည့် အပြုအမူအားဖြင့် အကဲခတ်ဖို့ ဆိုတာ လွယ်တာမဟုတ်.. ၊
ဒီတစ်ခါ မာမိမျက်နှာနီမြန်းနေသည်။ မျက်လုံးတွေက အရောင် လက်နေ၏။ ကော်ဖီပန်းကန်ကို သတိလက်လွတ် ဆောင့်ချပစ်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com


...သည့် ဒေါသသည်.. ၊
"မင်းကိုလက်ထပ်ပေးလိုက်တာ သောက်စားထွေပြားပြီး ငါမသိတဲ့ ...ချောင်ချောင်မှာ သွားထိုးအိပ်နေဖို့မဟုတ်ဘူး.."
"မာမီ..သား က.."
"အဲ့ဒီကော်ဖီကို အရင်သောက်လိုက်.."
ပြောပြီး အသက်ဝဝရှူသွင်းသည်။ ပြီးတော့ စားပွဲကနေ ထထွက် ...ကာ.. ၊
"ပြီးရင် ထွက်လာခဲ့.."
မာမီ ဒေါသထွက်လွန်းနေပြီဆို ဘာစကားမှမပြောတော့ဘဲနေ ...ည်။ ပြီးမှ သူမဒေါသဖြစ်ခဲ့တာ မဟုတ်သလို တစ်ခွန်းချင်းပြန်ပြော ...တ်၏။
"ဒေါသမီးတောက်နေချိန် တတ်နိုင်သမျှ ဘာမှမဆုံးဖြတ်နဲ့ မပြော ...အဲ့ဒီအချိန်မှာဆို သူများရင်လည်း သည်းမခံနိုင်ဘူး၊ ကိုယ့်ဘက်က ...ည်း မှားဖို့ အဆင်သင့်ဖြစ်နေတတ်တယ်.."တဲ့.. ၊
ဒါပေမယ့် ဒီနေ့တော့ မာမီဒေါသထိန်းနိုင်ဖို့ မသေချာပေ။ ဘာ ...ကြောင့်ဆိုလျှင် သူလုပ်ခဲ့သည့်အပြစ်က မာမီခွင့်လွှတ်နိုင်သည့် အပြစ်မျိုးမ ...တ်တာ သေချာနေသည်မို့.. ၊
"ပြောပါဦး..ဘယ်မှာအိပ်ပျော်နေခဲ့သလဲ.."
"သား..ဟန်နီတို့.."
"ဘယ်လို.."
"မဟုတ်ဘူးမာမီ..ကျော်ရဲတို့လည်းရှိတယ်၊ ဟန်နီ့သူငယ်ချင်းတွေ ...ာ အများကြီးပဲ.."
"မိန်းကလေးတွေကလည်း သောက်စားနေကြတယ်ပေါ့.."
"ဟုတ်..အဲ သူတို့က ဝိုင်အချိုနဲ့.."
"တော်တော့ တော်တော့.."
ဆိုဖာမှာ အေးဆေးထိုင်စောင့်နေပြီးမှ မတ်တပ်ပြန်ရပ်မိတဲ့အထိ ...တ်ကို တော်တော်ထိန်းနေရသည်။ သားမျက်နှာကို မြင်လိုက်ရတည်း ... မို့အစ်အစ်နီရဲရဲနှင့် ဘာတွေလုပ်လာပြီဆိုတာ ဖော်ပြနေသည့်လက္ခ ...ာတွေ အထင်းသားနှင့်.. ၊
"ငါတစ်သက်လုံးလက်မထောင်လာခဲ့တဲ့ စိတ်ဓာတ်စည်းကမ်းတွေ ... မင်းကတစ်ညတည်းနဲ့ ချေမွပစ်လိုက်တယ်ဟုတ်လား.."
"သားတို့နည်းနည်းများသွားပြီး အိပ်ပျော်သွားကြတာပါ..ပြီးတော့ ...ိုင်ကအပြန် ဟန်နီတို့အိမ်က အနီးဆုံးမို့လို့ အဲ့ဒီမှာ.."
"မင်းတို့အားလုံးကို ဟန်နီတို့အိမ်က လက်သင့်ခံပေးခဲ့တာ ကျေးဇူး ...င်ရဦးမှာပေါ့..မဟုတ်ရင် လမ်းဘေးမှာလဲနေမလား၊ ရဲစခန်းရောက် ...တ်ရမလားပဲ..ဟင် မင်းသိပ်ကို ပျော်နေတယ်ဟုတ်လား.."
"ဒီလိုညမျိုးမှာတော့ မာမီရာ..

www.burmeseclassic.com

www.burmeseclassic.com


"ပြော..ပြော ဒီလိုညမျိုးမှာ ဘယ်အထိလွတ်လပ်သင့်သလဲ-"
"သား အခုပျောက်သွားပါပြီ.."
"ဘာပျောက်တာလဲ.."
"ခေါင်းကိုက်ပျောက်သွားတာ.."
"မင်းကို ခေါင်းကိုက်ပျောက်ရဲ့လား ခေါ်မေးတာမဟုတ်ဘူး-"
'သား'ဆိုတဲ့အသံ ပြန်မကြားရသရွေ့ မာမီ့ခေါ်သံအညွှန့်မကျိုး
မှန်း ခြံသိနေသည်။ ထို့ကြောင့် နောက်ကျိနေဆဲခေါင်းကို ထပ်ဖွနေမိ
မျက်နှာက ရှုံ့တွတွ.. ။
"ပြန်လာတော့လည်း ဟန်နီပြန်ပို့တာ.."
"တခြားကောင်တွေလည်း ပါပါတယ်.."
"မဟုတ်ဘူး..ဟန်နီတစ်ယောက်တည်းပဲလို့ မနက်က အပြာ
သွားတယ်.."
အပြာ့ကို မာမီယုံကြည်သွားတာ မြန်လှချေလား.. ။
ကိုယ်ပြောနေတာကိုတောင် နှစ်ခါပြန်မမေးဘဲ အပြာပြောတာ
အတည်ပြုထား၏။
"အပြာ့ကို ပိုယုံလို့ပြောနေတာမဟုတ်ဘူး..အဝင်းလည်း ဒီတိုင်
ပြောတယ်..မင်းပြန်လာတာကို ညကငါသိပေမယ့် နာရီပဲကြည့်လိုက်
တယ်.. ထွက်မကြည့်ဖြစ်ဘူး၊ လက်ထပ်ထားတဲ့မိန်းမကို ထားခဲ့ပြီး မင်း
တစ်ညလုံးအပြင်မှာ ပြီးတော့မိန်းကလေးတစ်ယောက်နဲ့ ပြန်လာတယ်-"
"အဲ့ဒါဟုတ်တယ်.. ဒါပေမယ့် မဟုတ်ဘူးမာမီ၊ ကျွန်တော်နဲ့ဟန်နီ
အဲ.."
ပြောမိတိုင်း ဟန်နီပဲပါနေတော့ ရှေ့ကဖုံးနောက်ကပေါ်သ
ဖြစ်နေ၏။ တကယ်တော့ သူမဟုတ်တာဘာမှ မလုပ်ခဲ့တာအမှန်ပါ-
"သားပြောတာကို ခဏလေးနားထောင်ပေးပါမာမီရာ..အားလုံးအိ
ပျော်ကုန်ကြတယ်၊ သားလည်း အိပ်တယ်..ဒါပေမယ့် သားဦးဆုံး နိုးလာ
ပြန်ဖို့လုပ်တော့ ဟန်နီကရောက်လာပြီး အားလုံးကိုလိုက်နှိုးတယ်..သ
တို့မှာ ကားနှစ်စီးပါပေမယ့် ဟန်နီ့ကားနဲ့ပဲ အားလုံးတစ်ယောက်စီလိုက်ပို့
တာ.."
ဒေါ်မင်းမာလာ မျက်မှောင်ကုတ်မပြေ.. ။
"သားကနောက်ဆုံးမို့လို့ သူနဲ့သားနှစ်ယောက်တည်း ဖြစ်သွားတ
ပါ.."
"သူကတော့ မမူးဘူးလား.."
"သူကသောက်မိပေမယ့် မများဘူးတဲ့..အန်တီယုကလည်း သူ့နေ
ဝင်အိပ်လိုက်ရတယ်တဲ့.."
ဆူတယ်ဆိုတာ မူးရူးနေတဲ့သူငယ်ချင်းတွေကို အိမ်လည်ခေါ်သွင်းလာ
လို့ ဖြစ်မှာပေါ့။ အတွေးဝင်လာတာနှင့် သူများကိုကောင်းပန်ရဖို့ တာ
ဝန်ပိုလာပြီမှန်း နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားမှားသွားပါတယ်မာမီရာ..သားအရမ်းပျော်ပြီး စိတ်တစ်ချက် ...သွားလို့ပါ၊ နောက်မဖြစ်စေရပါဘူး..နော် မာမီ.."

မူးနေတဲ့အချိန်မှာ အများကြီးမှားတတ်တယ်သား..ဘယ်သတို့သား ...ည်း မနက်သုံးနာရီထိ အပြင်မှာ အိပ်နေတာမကြားဖူးဘူး၊ မင်းလုပ်ပုံ ...မိဘက တံခါးပိတ်ဝါဒနဲ့ ပေးစားထားတဲ့ မင်္ဂလာပွဲကို ဆန့်ပြနေသ ..."

"ဟာ..မဟုတ်တာမာမီရာ..မာမီသားကို အလိုလိုက်ခဲ့တာတွေ သား ...ယ်လောက်ပျော်နေတာတွေ သူငယ်ချင်းတွေကိုပြောရင်း ကြွားရင်းနဲ့ ...ချိန်ကုန်မှန်း မသိကုန်သွားတာပါ..အဲ့ဒါကြောင့် ခုလိုဖြစ်သွားတာပါ၊ ...တ်ထပ် လုံးဝမဖြစ်စေရပါဘူး.."

ခြံက ထလာပြီး ဒေါ်မင်းမာလာပခုံးကို ဖက်ထားလိုက်၏။ ပါးချင်း ...ပ်လိုက်ခြင်းဖြင့် ငြူစူနေသည့် မာမီ့မျက်နှာရှေ့ကနေ ပုန်းကွယ်ပြီးသား ...ည်း ဖြစ်လျက်.. ။

"မာမီ့သားဘယ်တုန်းက အဲ့ဒါတွေသောက်စားဖူးလို့လဲ..ဒီတစ်ခါပဲ ...ခဲ့တာနော် မာမီ.."

"အေး.. မာမီကတော့ နောက်ထပ်ဇယားတွေ ထပ်မရှုပ်လာဘူး ...ရင် ထားလိုက်နိုင်တယ်..အပြာ့ကိုတော့.."

"အပြာ့ကို သားရှင်းပြရင် အိုခေပါတယ်.."

"ညတုန်းကကိစ္စကို သူဘယ်လိုတွေးသွားနိုင်သလဲ မင်းစဉ်းစား ...ည့်ပေါ့.."

ခွင့်လွှတ်ခြင်းမည်သော နူးညံ့ပျော့ပျောင်းသွားသည့် မျက်နှာနှင့်မာ ...သူ့ရှေ့ကထွက်သွားသည်။ ခြံ ဟူးခနဲသက်ပြင်းချမိရင်း နာရီကိုလှမ်း ...ည့်မိစဉ်.. ၊

"ရရဲ့လားလူလေး..ဒေါ်ဝင်း ဘာလုပ်ပေးရဦးမလဲ.."

"ရတယ်..ဟာ ဒေါ်ဝင်းခဏလေး.."

သူ အဝင်းနားကို စိတ်စောစွာလှမ်းသွားခဲ့ပြီး.. ။

"ညက သားဘာတွေဖြစ်လာတာလဲဟင်..အပြာ.."

"အပြာ မင်းကိုစောင့်နေတာပေါ့သားရယ်.."

အဝင်းမျက်နှာက အပြာ့ဘက်ကို ယိမ်းယိုင်သွားသည့်စိတ်မကောင်း ...င်းများစွာနှင့်.. ၊

"လူလေးက အိမ်ပေါ်အတက်မှာ ယိုင်သွားတော့ ဟန်နီကဝင်တွဲ ...ားရတယ်လေ..အဲ့ဒါ မြင်ပြီး အပြာတံခါးဖွင့်ထားခဲ့ပြီး အိမ်ထဲတန်းဝင် ...သွားတာ.."

"ဒါဆို တံခါးက.."

"ဒေါ်လေး တံခါးစောင့်ပိတ်လိုက်ပါဦးလို့ ဒေါ်ဝင်းကိုမှာသွားတာ ...ပါ.."

ဟင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



ရင်လေးဖွယ်တွေ တွေ့ရှိလာကာ ခေါင်းကုတ်လိုက်မိရင်း.. ၊

"အပြာ့ကို သားမတွေ့ဘူးလား..သားလှမ်းမခေါ်ခဲ့ဘူးလား.."

"ဒေါ်ဝင်းမြင်တာတော့ သားကခေါင်းမှသိပ်မထူတာ..ဟန်နီ့ကို ထားပြီး ဝင်သွားကြတာ.."

"ဘာ.."

ခြံမျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဘယ်ထိလဲ..ဘယ်ထိဝင်သွားကြတာလဲ.."

"ဒေါ်ဝင်းက လိုက်ပို့မလို့ပဲ..တံခါးပိတ်ပြီး လှည့်ကြည့်လိုက် ဟန်နီက ပြန်ထွက်လာပြီ.."

သေပြီကွာ.. ၊

"ဟန်နီ ဘာပြောသွားသေးလဲဟင်.."

"အရမ်းပင်ပန်းနေပြီတဲ့..ကိုလေးတအားကဲတာပဲတဲ့.."

ကိုယ့်နဖူးကိုယ် ဖတ်ခနဲပုတ်မိရင်း ဘုရားတမိလေသည်။

ဒီကောင်မလေး ဘာတွေပြောသွားတာလဲ.. ၊

ညက သူပြန်လာတော့ အရက်မူးနေတာမဟုတ်ပေ။ ခေါင်း ပြုတ်ထွက်မတတ် ကိုက်နေသဖြင့် မျက်လုံးတောင်ဖွင့်မရ.. ၊

အပြာ့ကို သတိရနေပေမယ့် ဒီအချိန်အိပ်နေပြီပဲ ထင်ခဲ့မိသ တစ်ချက်လေးတောင် ရှာမကြည့်မိခဲ့တာဖြစ်သည်။ ထို့ကြောင့် စာကြ ခန်းထဲ ကိုယ့်ဘာသာ ဝင်ခဲ့တာ ဟန်နီမပါတော့တာ သေချာသည်။

ဒရင်းဘက်ဒ်မှာ လှဲလိုက်ရင်း ဖိနပ်တွေ လည်စည်းတွေကိုယ့် သာ ချွတ်ခဲ့တာလား၊ အပြာလာချွတ်ပေးခဲ့တာလား.. ၊

အဲဒီအချိန်ထိ ဟန်နီမရှိနိုင်ဘူးဆိုတာကတော့ သေချာနေပေမယ့်

"သား အပြာ့ဆီသွားမှ ဖြစ်မယ်.."

ကားသော့ပြေးဖြုတ်၍ ပြေးဆင်းခဲ့တာခြေထောက်နဲ့ လှေကားထ တွေ ထိခဲ့ရဲ့လားတောင်မသိ.. ၊

ဒါ သိပ်တော့မလွယ်လောက်ပေမယ့်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၇)

"မမ မန္တလေးကကုန်သည်နဲ့ စကားပြောနေတယ်အစ်ကို.."

အပြင်ကကောင်မလေးတစ်ယောက်ပြောလို့ သူဝင်မသွားဘဲ ရပ်စောင့်နေမိသည်။ ဒါပေမယ့် ဆယ့်ငါးမိနစ်ကြာသွားတာတောင် ညွှန့်သည်က ထွက်မလာ.. ၊

ကောင်လေးတစ်ယောက်က ကုလားထိုင်တစ်လုံးလာချပေးသည်။ ကြာခင် အအေးတစ်ဘူးနဲ့ ဖန်ခွက်တစ်လုံးလာချပေး၏။ စိတ်မရှည်ဖြစ်တာပေမယ့် ခြေထောက်ကိုတော့ အနားပေးထားလိုက်သည်။ နောက်ထပ်ဆယ့်ငါးမိနစ်ကြာတော့ နာရီပင့်ကြည့်ပြီး ဒေါသက ရေဆူမှတ်နီးလာ၏။

"ဟော့..လာဦး.."

ချာတိတ်တစ်ယောက်ကို လှမ်းခေါ်ကာ.. ၊

"သွားပြောပေး..အစ်မယောက်ျားရောက်နေတာ နာရီဝက်ရှိနေပြီဆို.."

"ဟုတ်.."

သူပြောနေတုန်းမှာ ဘယ်ဆိုင်ကမှန်းမသိသော ထမင်းပွဲဟင်းပွဲတွေနားနေခန်းထဲ ယူသွင်းသွားကြတာ မြင်ရကာ.. ၊

"ဟိုအစ်ကို့ကို ထမင်းမှာပေး.."

"ဟဲ့..အဲဒါ သူဌေးရဲ့ယောက်ျား.."

"အယ်.."

"ငါမှမမြင်ဖူးတာ.."

"နင်ကလူသစ်ကိုး.."

သူတို့ချင်းပြောကြတဲ့ စကားသံတွေ သူ့နားထဲထိရောက်လာသည်။ ဒေါသထွက်လာတိုင်း မာမိုမျက်နှာ မြင်ယောင်လာသဖြင့် ထိန်းနေရတာကြာလေ မလွယ်လေ။

"ဆိုင်ကိုသွားပြီး ကိုယ့်ပစ္စည်းလိုလို ကိုယ့်အရိပ်လိုလို ပြောတာဆိုတာတွေ မလုပ်နဲ့နော်..ဒါကမာမီတို့နဲ့ လုံးဝသက်ဆိုင်မှုမရှိခဲ့တာ ပေါ်လွှင်မှုအပြောတို့ သိက္ခာရှိမှာ..သူတို့ရဲ့သိက္ခာက မာမီတို့နဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်ဆိုတာ မမေ့နဲ့.."

လို့ မာမီမှာထားသည်။ ထို့ပြင် အတွင်းနားနေခန်းက သိပ်ကြီးကျယ်တာလည်း မဟုတ်ပေ။ ညွှန့်သည်ရှိနေလျက်နှင့် ဝင်သွားပြီး တခြားရှောင်လွှဲနေစရာ ကွယ်ရပ်လည်းမကောင်း.. ၊

"အစ်ကို.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ပြော.."

ကောင်လေးက လက်လေးနှစ်ဖက်နောက်ပစ်ကာ.. ၊

"အစ်မက ပြန်နှင့်ပါတဲ့..သူအားမှာ မဟုတ်ဘူးတဲ့.."

မသိသာအောင် ဟန်ဆောင်ထားရပေမယ့် အံကြိတ်လိုက်မိတာ အေး ရိုးတစ်ဖက်မှာ တင်းခနဲလှုပ်ခတ်သွား၏။ ဒီကောင်က သူအားမှတွေ့ရမည့် လူလား.. ၊

ဖုန်းခေါ်မလို့ ထုတ်လိုက်ပြီးမှ ခုနထမင်းပွဲတွေနဲ့ ဝင်သွားတာကို သတိရလိုက်ကာ ကိုယ့်ကြောင့် အစားအသောက်ပျက်သွားမလားလို့ တွေးမိပြီး ပြန်သိမ်းလိုက်ရသည်။

မင်းက တောင်းပန်ဖို့လာတဲ့သူပဲ ခြံ။ မင်းကို မကျေနပ်နေတဲ့မိန်း ကလေးက ဦးစားပေးကြိုဆိုတာကို ခံချင် သေးတာလား ။

စိတ်လျှော့လိုက်တော့ ကိုယ့်အခြေအနေကိုယ်သိ။ အချိန်တွေတရွေ့ ရွေ့ကုန်သွားခဲ့သည်။ နောက်ဆုံး သူဝင်လိုက်တော့မလို့ ထရပ်လိုက်မိလျှင် အပြာနဲ့ အသက်သုံးဆယ်ဝန်းကျင် လူရွယ်တစ်ယောက်အတူတူ ထွက် လာကြတာကို တွေ့လိုက်ရ၏။

ရင်ထဲမှာ ဒေါသက ဒိုင်းခနဲဆောင့်တက်သွားသည်။ ဒီလူနဲ့အထဲမှာ တစ်ချိန်လုံး ရှိနေတာလား.. ၊

ဒီဒည့်သည်ကြောင့် ကိုယ့်ကိုအဖက်မလုပ်တာဆိုသော သဝန်တို စိတ်က ကိုယ့်အမှားနဲ့တောင်းပန်ဖို့ လာခဲ့သည့်အဖြစ်ကိုပါ မေ့၏။ ထိုပြင် ဘောင်းဘီရှည်အညိုရောင် စပို့ရှပ်အဝါနှင့် လူရွယ်က မင်းသားရုံးလောက် သည့် စတိုင်လ်အပြည့်နှင့်ဖြစ်ကာ ပြုံးနေတာလည်း ထွက်လာတည်းက ဖွင့်ထားသည့် နှုတ်ခမ်းတွေက နည်းနည်းလေးမှ ပြန်မစေ့သေး.. ၊

အပြာက အပြာနုရောင်ဆွဲသားကိုယ်ကျပ်လက်ပြတ်ခါးတိုလေးနှင့် ပိုးပျော့ချိတ်အပြာရောင်လေးကို ဝတ်ထားသည်။ အင်္ကျီသည်လက်နည်း နည်းလေး မြှောက်လိုက်တာနှင့် ခါးပေါ်သွားမှာ သေချာနေခဲ့လျက် သေး ကျဉ်သည့် ခါးအလှနှင့် အင်္ကျီခါးစပ်ကို မြင်နေရတာအသည်းယားဖို့ ကောင်းနေ၏။

တင်းပြည့်ပေါ်လွင်သော ကိုယ်လုံးအလှသည် အပြာဒီလိုဝတ်ထား တိုင်း သူရင်ခုန်ခဲ့တာကြောင့် ခုချိန်မှာသဝန်တိုစိတ်က လှိုင်းထနေခဲ့၏။ ဘေးက သတ္တဝါ၏ငုံ့တကြည့်ကြည့် အပြုံးတွေကို ဘယ်လိုမှမရှုစိမ့်နိုင်–

"အပြာ.."

အနားကို ချက်ချင်းရောက်သွားပြီး အပြာ့လက်တစ်ဖက်ကို ဆုပ် ကိုင်ထားလိုက်ကာ.. ၊

"မောင်ရောက်နေတာ တစ်နာရီလောက်ရှိပြီ.."

အပြာ မော့ကြည့်ပုံက တစိမ်းပြင်ပြင်။ ပြီးတော့ လက်ကိုအသာ လေး ရုန်းထွက်လိုက်ကာ.. ၊

"ဧည့်သည်ကို လိုက်ပို့လိုက်ဦးမယ်.."

www.burmeseclassic.com

www.burmeseclassic.com


"ဟာ..ရတယ်ညီမ၊ ကိုကြီးက ကိုယ်စားလှယ်တွေကို စောင့်ရဦးမှာ..ခဲ့ခေ သွားပြီနော်.."

ခြံ့ကိုပါ ပြုံးပြသွားသေးသည်။ ဘယ်လိုပတ်သက်တယ်ဆိုတာ အပြာကလည်း မိတ်ဆက်မပေး။ ထိုသူကလည်း စိတ်ဝင်စားပုံမပေါ်ခဲ့မှမဟုတ် မသိချင်တာလား သိပြီးနေတာလား။ သူကပဲ သံသယတွေနဲ့ ဘာဘာကြီးနေမိတာလား.. ၊

"အပြာ.."

အခန်းထဲ ပြန်ဝင်မည်ထင်ပေမယ့် သူမကဈေးရောင်းနေသည့် ဆိုင်းကလေးတွေနားကို လျှောက်သွားသဖြင့် လက်ကိုဆွဲထားလိုက်ရင်း..၊

"မောင်တို့ စကားပြောရအောင်.."

"မပြောအားသေးဘူးမောင်.."

"မင်းကို မောင်စောင့်နေခဲ့တာ.."

"ဘယ်နှစ်နာရီပဲရှိရှိ အပြာကအလုပ်ကိစ္စပြောနေတာ..သောက်စားဆော့ပါးနေတာမဟုတ်ဘူး..ကျွတ်.."

ပြောမိပြန်ပြီဆိုသည့် မျက်နှာလေးဖြစ်သွားကာ အပြာ့မျက်လုံးတွေ မှိတ်ပြီး မျက်နှာလွှဲပစ်သည်။ ပြီးမှ.. ၊

"မောင်ပြောချင်နေတာ အဲ့ဒါတွေပဲဆိုရင် နားမထောင်ချင်ဘူး.."

"မောင်ကလည်း.."

"ပြောဖို့ကြိုးစားနေဦးမှာပဲဆိုရင်တော့ အပြာဒီရှေ့မှာစီ တစ်နေကုန်ဖြစ်နေတော့မှာ.."

ခြံမျက်နှာ တင်းခနဲဖြစ်သွားသည်။ သို့သော် အံတစ်ချက်ကြိတ်လိုက်ပြီး မျက်နှာကိုပြန်လျှော့ချကာ.. ၊

"မောင်ရှင်းပြတာကို နားထောင်ဖို့တော့ လိုတာပေါ့..မာမီဆူတာလည်း မောင်ခံခဲ့ပြီးပြီ၊ မင်းမောင့်ကို ကြိုက်သလို.."

"အလုပ်သမားတွေ သတိထားမိကုန်ပြီမောင်..လက်ကိုလွှတ်ပြီး မောင်ပြောနေတဲ့ အကြောင်းအရာကို ခေါင်းစဉ်ပြောင်းလိုက်ပါ.."

"အပြာ.."

"မူရာ အဲ့ဒီအစည်းထဲက တစ်ကိုက်ဖြတ်ထုတ်လို့ မရတော့ဘူးနော်..တစ်ထောင့်ထွာလောက်ပိုနေရင် ဒါအလကားဖြစ်သွားမှာ.."

"ဟုတ်ကဲ့မမ.."

"ဒါဆိုလည်း သုံးတောင်ယူပါ့မယ်..တစ်ထွာဖိုးတော့ လျှော့ပါအုံးယ်.."

"ဟုတ်ပါတယ် ညီမလေးရယ်..ဝတ်မယ့်လူကဝတော့ သုံးတောင်သုံး ယူလို့ရပါတယ်၊ တခြားအရောင်လည်း မကြိုက်လို့ပါ.."

"အဲ့ဒါတစ်ထွာပဲဆိုပေမယ့် သုံးသောင်းနီးပါးရှိမယ်အနော်တို..အဲ့လောက်တော့ လျှော့လို့မရဘူး.."

အပြာက ကတ်စတန်မာတွေဆီ ကိုယ်တိုင်လျှောက်သွားပြီး စကား

www.burmeseclassic.com

www.burmeseclassic.com


ပြောနေ၏။ ဒါတမင်လုပ်တာလို့ပြောရအောင်လည်း သူမကိုယ်တိုင် ပါမှ အဆင်ပြေနေတာကိုလည်း မြင်နေရသည်။ ဘေးမှာ အချိန်ကြာမြင့် ဘာမှမဟုတ်ဘဲ ရပ်နေခဲ့ရင်း ရှက်လည်းရှက်လာကာ.. ।

"မောင် ပြန်မယ်.."

ပြောတော့ပြောခဲ့သေးသည်။ လှည့်ထွက်လာခဲ့ရသည့် ရင်ထဲမှာ တောက်နေသည့်နှယ်.. ।

သူဘာမှားလို့လဲ.. ।

မင်္ဂလာဦးညမို့ သူငယ်ချင်းတွေနဲ့ ဘချ်လာနိုက်မှာ အမူးလွန်ခဲ့တာ ဘယ်လောက်ထိ အပြစ်ကြီးသွားလို့လဲ.. ।

ကိုယ်လည်း မှားခဲ့ပေမယ့် ခံစားနေရတာ တော်တော်ဆိုးလေသည်။ မင်း လုပ်ပါ.. ।

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၈)

"သမီး ထမင်းစားတော့မလား.."

"ရတယ်ဒေါ်လေး..သမီးဘာသာ ဟင်းပုံပြီးယူသွားမှာ.."

ဒေါ်ဝင်းက တအံ့တဩကြည့်ကာ.. ။

"ဟင်းတွေကို စုံနေတာပဲသမီးရယ်..ဒေါ်ဝင်း အားလုံးနွေးထားတာ.."

"ရပါတယ်..အလုပ်လုပ်ရင်း စားချင်လို့.."

"ဪ..ဒါဆို လူလေးလည်းမစားရသေးဘူး၊ တစ်နေကုန်အပြင်ကို ထွက်လာတာ မတွေ့ဘူး..ဒေါ်ဝင်းပဲ သွားခေါ်လိုက်မယ်နော်.."

"သူမရှိလို့နေမှာပေါ့.."

"ကိုယ်ရှိနေတာ မရှိတာ မင်းလာကြည့်ခဲ့လို့လား.."

ခြံက စူပုတ်ပုတ်မျက်နှာနှင့် ရောက်လာကာ.. ။

"မင်းနဲ့ထမင်းစားမလို့ စောင့်နေတာ.."

"အင်း..ဒါဆိုလည်း.."

အပြာ့မျက်နှာက နူးညံ့နွေးထွေးသည့် လှုပ်ရှားမှုမရှိဘဲ ထမင်းထည့်ပြီးသား ပန်းကန်ကိုကိုင်ရင်း စိတ်ရှုပ်သွားပုံနှင့်.. ။

"အပြာ ဒီမှာပဲ စားလိုက်တော့မယ်.."

ဒီမှာပဲ စားမယ်ဆိုပေမယ့် ဟင်းအိုးဖွင့်ပြီး တွေ့တဲ့ဟင်းကိုပဲ ခပ်ထည့်သည်။ ကြက်သားနဲ့အာလူးဟင်းဖြစ်နေကာ သူမအာလူးမကြိုက်တာ ခြံကသိနေသဖြင့်.. ။

"ဟင်းက ဘာလို့ပုံထည့်နေတာလဲ.."

"ဒါပဲစားမယ်..သိပ်မဆာလို့.."

"ရတယ်လူလေး..သမီးစားချင်စိတ်ဖြစ်လာမှာပါ၊ ဒေါ်ဝင်းအားလုံး ပြင်ပေးမယ်.."

"မပြင်ပေးနဲ့..ဒေါ်ဝင်း သွားလို့ရပြီ.."

ဟင်.. ။

အဝင်းလှုပ်ရှားဖို့ အားတက်သရောပြင်ဆင်ခြင်းတွေ ရပ်တန့်သွားတော့။ အပြာက မျက်လွှာပင့်ကြည့်တော့ ခြံကမေးဆတ်ပြရင်း.. ။

"မောင့်ကို ထမင်းစားဖို့ပြင်ပေး.."

အပြာက စားပွဲမှာထိုင်လိုက်ပြီးမှ ဒီတိုင်းပြန်ထလိုက်သည်။ အဝင်းက အလိုက်တသိထွက်သွားလျှင် ခြံကအပြာ့နားကို လျှောက်သွားပြီး နောက်မှာ ရပ်လိုက်သည်။ ညဘက်မို့ ပေါ့ပေါ့ပါးပါး အကျီလေးဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com


တာလည်း အဖြူရောင်လေးနဲ့ သူမကလှနေကာ.. ।
"မောင် ညတုန်းက.."
"အပြာသိပါတယ်..မောင့်ကို တံခါးစောင့်ဖွင့်ပေးခဲ့တာ အပြာ
ဟာ.."
အပြာက လှည့်မကြည့်ဘဲ ဘေဇင်ဘက်ထွက်သွား၏။ တကယ်
နောက်မှာ သူနီးကပ်စွာရှိနေသော အဖြစ်ကိုမလိုချင်သောကြောင့်
ဖြစ်သည်။ ဒါပေမယ့် မောင်ကလည်း ရပ်ကျန်မနေခဲ့ပေ.. ।
"အပြာ..မောင်ပြောတာကို နည်းနည်းနားထောင်ပေးကွာ၊ မောင်
က အပျော်လွန်ပြီး သူငယ်ချင်းတွေနဲ့ 24 hours မှာ အားလုံးခေါင်းစိုက်
ကုန်ကြတာ.."
အပြာက လှည့်မကြည့်ဘဲ ဆေးနေသည့်ပန်းကန်လေးကိုပဲ အထ
ထပ်ရေခံဆေးရင်း တိတ်ဆိတ်နေ၏။
"အဲ့ဒါ ပြန်တော့ပြန်လာကြတာပဲ..ဘယ်လိုမှ မရတော့တာနဲ့ဟန်
တို့ အိမ်ဝင်ပြီး ခဏနားရတယ်၊ အဲ့ဒါ အားလုံးပါပါတယ်..မောင်တ
ယောက်တည်း မဟုတ်ဘူး.."
အပြာတစ်ခွန်းမှ မပြောသဖြင့် သူမရဲ့နောက်မှာ ထိကပ်မတတ်လာ
ရပ်ပြီး ငုံ့ကြည့်လိုက်ရင်း.. ।
"မောင်ပြောတာ ကြားလား.."
"ကြားတယ်.."
"ဟား.. "
တုံးတိတိထွက်လာသည့် စကားသံက ရင်ဘက်ကိုတစ်ခုခုနဲ့
ပေါက်လိုက်သည့်အတိုင်း.. ।
"ဘယ်လိုကြီးလဲကွာ..မောင့်ကို စိတ်ဆိုးရင်လည်း ကြိုက်တဲ့စကား
ပြောစမ်းပါ၊ ဘာလုပ်ချင်လဲ.မောင့်ကို ဘယ်လိုအပြစ်ပေးချင်သလဲ.."
ပြောနေရင်း နောက်ကနေပခုံးစွန်းပေါ် လက်တင်လိုက်သဖြင့်
ပြာနေရာမှ ရှောင်ထွက်လိုက်လျှင်.. ।
"အပြာ.."
အသည်းယားလာသည်နှင့် သူမတစ်ကိုယ်လုံးကို ဆွဲဖက်ထားလိုက်
ရင်း.. ।
"မောင့်ကို တစ်ခုခုပြန်ပြော.."
"ဟင့်အင်း..ဘာမှပြောဖို့ မရှိဘူး၊ မောင်အဲ့လိုမသရမ်းနဲ့နော်..ထမင်း
စားခန်းထဲမှာ.."
"ဘယ်မှာဖြစ်ဖြစ်..ဘယ်သူမြင်မြင်.."
"မောင့်အိမ်မှာ မောင်ဂရုမစိုက်ပေမယ့် အပြာကမစိုက်လို့မရဘူး
ဖယ်ပေး.."
"ဘာ..မောင့်အိမ်မှာဟုတ်လား၊ ဒါ မင်းအိမ်ရော မဟုတ်ဘူးလား
အပြာ နှုတ်ခမ်းလေးမဲ့၍ သူ့လက်တွေကို အတင်းဖယ်ချပစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..အပြာက ညှို့သည်ပါ၊ နောက်ဆိုရင် အပြာက အိမ်ရှင်ကိုယ်တိုင် နှင်ချချင်လာတဲ့ ညှို့သည်ဖြစ်.."

"ဟော့..တော်တော့.."

သူ အပြာ့ပခုံးလေးနှစ်ဖက်ကို ကိုင်လှုပ်ပစ်မိသည်။ သူမ ဘာဖြစ်နေသည်ကိုသိလျက်နှင့် ဒီစကားတွေပြောလာတော့ သည်းမခံနိုင်.. ၊

"မောင်က.."

"တော်တော့ မောင်.."

အပြာ့ မျက်ဝန်းလေးတွေကလည်း စူးစူးရဲရဲဖြစ်လာခဲ့လျက်. .၊

"အားလုံးမူးနေကြပေမယ့် မောင်တို့နှစ်ယောက်တည်းပဲ အတူတူရှိနေကြတာ.."

"မဟုတ်ဘူး..အိမ်ကို သူလိုက်ပို့တာ၊ မောင်က နောက်ဆုံးမို့လို့ မောင်နဲ့ နှစ်ယောက်တည်းဖြစ်နေတာ.."

"နောက်ဆုံးဟုတ်လား.."

အပြာက အလွန်အမင်းနာကျည်းနေသည့် မျက်ဝန်းလေးတွေနှင့် သူ့မျက်နှာကို မော့ကြည့်၏။ ပြီးတော့မှ အံကြိတ်လိုက်ကာ.. ၊

"ဟန်နီက မောင်နဲ့အိမ်ချင်းအနီးဆုံး..တခြားလူတွေက ဘယ်နှစ်ယောက်လဲ၊ ဘယ်မှာနေကြတာလဲ..အဲ့ဒါတွေကို အပြာက ဘာမှမသိဘူးလို့ မောင်ထင်နေတာလား.."

ခြံ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့သည်။

"မောင့်ကို နောက်ဆုံးမှလိုက်ပို့လို့ပါလို့ မောင်ပြောဦးလေ.."

"ဟုတ်တယ်..မောင့်ကို နောက်ဆုံးမှပို့တာ..ဒါပေမယ့်.."

"မောင်ဘာမှ မသိပါဘူးပေါ့..အဲ့အတွက်လည်း ကျေးဇူးတင်သင့်ပါတယ်..လူမှန်းသူမှန်းမသိအောင် သောက်ထားတာကိုး..အပျော်လွန်နေပြီပါဆိုတော့ ဘာမှမသိတာ ယုတ္တိရှိပါတယ်.."

"မင်း မောင့်ကိုမယုံဘူးလားအပြာ.."

"မောင့်ကိုယုံတယ်ဆိုရင် ဟိုမိန်းကလေးက ကြံစည်နေတာလို့ ပြောရမှာလား.."

ပက်ခနဲမေးချလိုက်တာလည်း သူမဖြေနိုင်ခဲ့ပေ.. ၊

"အရက်မူးနေတဲ့လူဟာ ဘာမဆိုမှားနိုင်တယ်မောင်..ဘာကြောင့်သောက်သောက် အရက်သောက်တာကို အပြာမုန်းတယ်..အဲ့ဒါ အပြာ့မှာအားချက်ရှိခဲ့လို့ မဟုတ်ဘူး၊ အပြာ့အဖေကလည်း အရက်သမားမဟုတ်ဘူး.. ဘယ်အရက်သမားနဲ့မှလည်း ပတ်သက်ခဲ့ဖူးလို့မဟုတ်ဘူး၊ ဒါပေမယ့် အရက်သောက်တာ မကောင်းမှန်းသိနေကြတာတောင် သောက်သောက်နေကြတယ် .. အဲ့ဒါကို နားလည်ပေးလို့မရဘူး.."

"မောင်မသောက်တတ်ဘူးအပြာ..ဒါပေမယ့်.."

"အဲ့ဒီလို ဒါပေမယ့်တွေနဲ့ သောက်နေကြတာကို မုန်းတယ်..မောင်အရက်တွေမူးပြီး ဘာတွေဖြစ်လာနိုင်သလဲဆိုတာ တွေးမိရဲ့လား..အခု

www.burmeseclassic.com


လည်း မောင်.."

ပြောနေရင်း ရင်ထဲမှာစူးတစ်ချောင်း နစ်ဝင်သွားသလို နင့်ခနဲ သွားသည်။ ပြီးတော့ ညတုန်းကမောင့်ကို တွဲဝင်သွားတဲ့ အခန်းဆီ သူမ လျှောက်ခဲ့စဉ် အသံတွေကို သတိရလာသည်။

"နေဦးလေ..ဟာ ဖယ်ဦး၊ ဒါတွေချွတ်ဦးမှပေါ့.."

"နေပါစေကွာ..ကိုယ် မရတော့ဘူး၊ ဖယ် အဲ့ဒါတွေမလုပ်နဲ့တော့"

"အား.."

စူးစူးဝါးဝါး အော်လိုက်သံ.. ၊

ပြီးတော့ လုံးထွေးလဲပြိုသံတွေနှင့်.. ၊

"ကိုလေး အရမ်းဆိုးတာပဲသိလား.."

"ဒီတိုင်းထားပါကွာ..အား ကျွတ် ကျွတ်.."

နားထဲမှာ ဒီအသံတွေကို ပြန်ကြားလာခဲ့ရင်း အပြာ့မျက်နှာလေး တက်လာသည်။ ရှက်စရာကောင်း၍ ကြားရဲဖွယ်မရှိသော စကားတို့သည် မူးနေတဲ့ယောကျ်ားနဲ့ မူးနေနိုင်တဲ့ မိန်းမတစ်ယောက်တို့ ရိုးသား စကားစမြည် ပြောနေကြတာတွေလား.. ၊

"မောင်နဲ့ဟန်နီတို့ ညက.."

"ဟော့ ဟော့..အဲဒါ လုံးဝမဟုတ်ဘူးနော်၊ မောင်ပြောချင်တာ အဲ့ဒါ"

"အပြာလုံးဝ ထပ်မကြားချင်တော့တာလည်း အဲ့ဒီအကြောင်းပါပဲ အခုပြောတာက မောင်တို့ရဲ့အဖြစ်တွေကို အပြာသိနေတယ်ဆိုတာ သိ ချင်လို့.."

"ဘာ.."

မျက်ရည်ဝေ့လာခဲ့တာကို တိုက်ထုတ်၍ ခံနိုင်ရည်ရှိနေသလို ရင် ဆိုင်ဖို့ ကြိုးစားမိသည်။ ဒါပေမယ့် ကတုန်ကယင်ဖြစ်နေသည့် နှုတ်ခမ်း ညွတ်ကျချင်၏။ ထို့ပြင် လက်တပြင်ပြင်နှင့် ရှေ့တိုးလာသည့်သူနဲ့ လွတ် အောင် နောက်ကိုထပ်ဆုပ်ရင်း မီးဖိုဘောင်နဲ့ကပ်မိသွား၏။

"မကြားချင်လို့မရဘူးအပြာ..မင်းပြောချလိုက်တာတာ အကြီးကြီး နော်.."

"ပြောလိုက်တာအကြီးကြီး ဟုတ်လား..အပြာ့ ရင်ထဲမှာလည်း ဒဏ် ရာအကြီးကြီး ဖြစ်သွားတာပဲမောင်၊ အဲ့ဒါကြီးက အရသာခံပြောနေလို့ ကောင်းတဲ့ကိစ္စလည်း မဟုတ်ပါဘူး..အခုပြောရတာက အပြာနဲ့မောင့်ကြား မှာ ပြဿနာတစ်ရပ် စည်းခြားသွားပြီဆိုတာပဲ.."

"ဘာလို့ခြားရမှာလဲ..အပြာ မောင်တို့မနေ့ကမှ လက်ထပ်ခဲ့ကြတာ မောင့်ကို တမင်ကွိုင်ရှာတာမျိုးတော့ မလုပ်နဲ့နော်.."

သူထပ်တိုးလာတော့ အပြာရှောင်စရာမရှိတော့ပေ။ သို့သော် ခေါင်း ကို ခြေလှမ်းရွှေ့လိုက်ရင်း .. ၊

"မောင် အပြာ့ကိုမထိနဲ့.."

ခြံမျက်နှာ ညိုမှောင်သွားသည်။ အသားဖြူသူမို့ မီးရောင်အောက်မှာ

www.burmeseclassic.com

www.burmeseclassic.com


ပြောင်းလဲသွားသည့် မျက်နှာက သိသာနေခဲ့လျက်.. ၊

"ဟုတ်ပြီ..မင်းအဲ့လို ခံစားနေရတယ်၊ အဲဒါထားလိုက် အခုမောင်နဲ့ မင်း အေးဆေးပြန်ဆွေးနွေးမယ်..မင်းမြင်သမျှ ကြားသမျှမောင့်ကို ပြန်ပြော ရင် မောင်တစ်ခုချင်း ရှင်းပြနိုင်တယ်၊ အဲ့ဒါကိုလည်း မင်းလက်ခံပေးရ မယ်.."

"မောင်လည်း မူးနေတယ်..အပြောလည်း မြင်ရတာမဟုတ်ဘူး၊ ဒါပေ မယ့်.."

"မောင့်ရဲ့ဒါပေမယ့်ကိုတော့ မင်းလက်မခံဘူး..အခုမင်းရဲ့ ဒါပေ မယ့်က ဘာလဲ၊ မင်းသေချာ မမြင်ခဲ့ဘဲကြားရတာနဲ့ပဲ မောင့်ကို အသေစွပ်စွဲ နေတာယ်..မြင်တော့ မမြင်ရဘူး၊ ဒါပေမယ့် သေချာတယ်ပေါ့ ဟုတ်လား.. အဲ့လို ဒါပေမယ့်လား.."

"ဟုတ်တယ်.."

နှစ်ယောက်စလုံးရဲ့ မျက်နှာတွေက နီရဲတင်းမာလာကြ၏။ ခြံ့ ကျွတ်ခနဲ စုတ်သပ်ပြီး နောက်လှည့်သွားသည်။ လက်နှစ်ဖက်သည် ခါးထောက်မလို ဖြုတ်ချ၏။ ပြီးတော့ ခါးတစ်ဖက်ထောက်ကာ ပြီးတော့ ဆံပင်တွေထဲ ထိုးထည့် ဖွပစ်ရင်း ဒီဘက်ကို ချာခနဲပြန်လှည့်၍.. ၊

"လုံးဝမမျှတဘူးကွာ..မင်း မင်းတမင်ကွိုင်ရှာနေတာ၊ မောင်မူးနေ တာကို သက်သက်စွပ်စွဲပြီး ခိုင်မာနေတာ.."

"မောင်တို့ဘာတွေ ပြောနေသလဲမောင်မမှတ်မိဘူးမှတ်လား..ည ဘန်းခေါင်ကျော် နောက်မနက်တောင်ကူးနေကာမှ အခန်းထဲမှာ မောင်တို့ အာလာပ သလ္လာပ ထိုင်ပြောနေကြတယ်လို့ ထင်နေတာလား.."

ခြံ့ ဘာမှမပြောနိုင်.. ၊

"မောင် ထိုင်ရောထိုင်နိုင်လို့လား..မောင်တောင့်တနေတဲ့ စကားသံ တွေနဲ့ ဟိုတစ်ယောက်ရဲ့.."

ပြောနေရင်း မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။ ပြီးတော့ အင့်ခနဲ ရှိုက်သည်။ သူမမျက်နှာပေါ်က ထိခိုက်ကြေကွဲခြင်းတွေ ကြောင့် ခြံ့ ကိုယ့်ကိုယ်ကို သေချာနေခဲ့ခြင်းတို့က တဖြည်းဖြည်းဝေဝါးတွေ ဆခြင်းသို့ ရောက်ခဲ့ရလျက်.. ၊

"အပြော..အဲ့ဒါ မဟုတ်ဘူးနော်၊ မင်း တစ်ခုခုလွဲနေပြီ.."

"ဟင့်အင်း.."

"နေဦး..အဲ့ဒါ.."

"မောင် အပြော့ကိုမထိနဲ့လို့ ပြောပြီးသားနော်.."

ကိုင်မိပြီးမှ လက်ကိုပြန်ရုတ်၍ စိတ်ပျက်လက်ပျက် ကျွတ်ခနဲဖြစ် ရင်း.. ၊

"မောင်တောင်းပန်ပါတယ်အပြောရယ်.. နောက်ဒီလိုထပ်မဖြစ်စေရ ဘူးကွာ၊ မောင် ဘာလုပ်ပေးရမလဲ.."

"အဲ့ဒါကို နောက်တစ်လကြာမှ အပြောပြောမယ်..မသုံလောက်သေး

www.burmeseclassic.com

www.burmeseclassic.com


ရင် နောက်နှစ်လထိ..."

"ဘာ.."

အပြာက မျက်ရည်တွေကိုမသုတ်ဘဲ မေးဖျားလေးပင့်လိုက်၍

"မောင် အဲ့ညက ကျူးလွန်ခဲ့တဲ့အမှားက တစ်လ ဒါမှမဟုတ် နှစ်
ဆိုရင် အဖြေသိရပြီ.."

"မင်းဘာတွေပြောနေတာလဲအပြာ.."

"အဲ့ဒီအချိန်ရောက်ရင် မောင်ကအပြာ့ယောကျ်ားလား..တစ်ယော
ယောက်ပိုင်သွားပြီလားဆိုတာ အဖြေပေါ်လာလိမ့်မယ်.."

"အပြာ..မင်း.."

သူ အတင်းရှေ့တိုးတော့ အပြာကရွံ့ရှာမုန်းတီးသလို မော့ကြ
ကာ..၊

"အဲ့ဒီနေ့မှာ အပြာကညည့်သည်အဖြစ်နဲ့ ရှိနေခဲ့တယ်ဆိုတာ အ
ပေါ်ခဲ့ရင် အပြာဒီတိုင်းလေးပဲ ထွက်သွားပါရစေ..ကိုယ့်ကိုယ်ကို ဘယ်
ရပ်မှာ ပျော်နိုင်မှန်း မသေချာတဲ့ယောကျ်ားအတွက် ကျရာဇာတ်ရုပ်
ကပြီး အပြာ မပေးဆပ်ပါရစေနဲ့.."

"ဘာတွေပြောနေတာလဲ..မင်းပြောနေတာတွေ အဓိပ္ပါယ်မရှိ
နော်၊ မောင် ဘာမှမဟုတ်ဘူးလို့ ရှင်းပြပြီးပြီ..ဟန်နီကလည်း မိကောင်း
ခင်သားသမီးပါ၊ ကိုယ်လည်း.."

"မောင်က မိကောင်းဖခင်သားသမီးမှန်ရင် မိန်းကလေးနှစ်ယော
စလုံးကို နစ်နာစေမှာ မဟုတ်ဘူးလို့ အပြာယုံကြည်ပါတယ်.."

"ဟာကွာ.."

အပြာ သူ့ရှေ့ကနေ ထွက်သွားတော့ လက်ကပါသွားသေးသည်
သို့သော် ကိုယ့်ဘာသာပြန်ရုတ်သိမ်းရင်း လူတစ်ကိုယ်လုံး နုံးခွေကျန်ရစ်
၏။

သူဘာလုပ်ရမလဲ..ဘယ်သူမှားခဲ့တာလဲ.. ၊

➢ ➢ ➣ ➣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

"မင်း အဲ့ဒါတကယ် ရှော့ခ်ပဲ.."

"ဟုတ်တယ်..သူဘာတွေကြားသွားသလဲမသိ၊ မင်းကိုယ်မင်းလည်း သေချာ.."

"ရှင်းနေတာပဲကွာ..ဟန်နီ့ကိုမေးလိုက်ပေါ့.."

"ဟာ..မလုပ်နဲ့၊ ဟန်နီက အရမ်းစွာတာ..နောက်ပြီး သူ့အိမ်က ည်း စည်းကမ်းအရမ်းကြီးတာ ဒီကိစ္စပေါက်ကြားသွားရင် ဒီကောင် ခွယ်ဘူး.. အပြောလည်း ထိမှာပဲ.."

"ကဲ..တော်ကြပါတော့ကွာ၊ မင်းတို့စကားကြားမှပဲ ငါရှုးချင်လာ ."

သူငယ်ချင်းတွေ စုပြုံဝိုင်းအုံနေတော့လည်း သူ့ခေါင်းထဲမှာချာချာ ည်နေတာတွေက ပျောက်မသွားခဲ့ဘဲ.. ၊

"အစ်ကိုတို့ ဘာမှာမလဲ.."

အင်းယားရေပြင်က လေငွေ့တွေပူနွေးနေတာ ခြံရင်ထဲက မီးပူတွေ ပ်နေတာလားမသိ။ အဆင်မပြေရုံ့တွတွ မျက်နှာကိုကြည့်၍ သူတို့အား ုံး စိတ်မသက်မသာ ဖြစ်နေကြဆဲ နောက်ထပ်မေးသံကြားလျှင်.. ၊

"အခုလောလောဆယ် ရေလိုနေတာညီလေးနော်..ရေသန့်နှစ်ဘူးအ င်ပေး၊ ပြီးရင်အကြာဆုံးဘာရှိသလဲ..အဲ့ဒါနှစ်ပွဲ.."

လာမေးသည့် ဝိတ်တာချာတိတ်လေးကလည်း ခပ်ရွတ်ရွတ်နှင့်..၊

"ဆီးဖုဒ်ချဉ်စပ်ဆိုရင် ကြာမယ်အစ်ကို..ဒီကိုပို့မယ့် ပင်လယ်စာတွေ ခုမှ ချောင်းသာမှာကားပေါ်တင်နေတုန်း.."

"ကောင်းတယ်..ဆီးဖုဒ်ချဉ်စပ်နှစ်ပွဲပေး.."

ဘာလေးမှန်း မသိ.. ၊

ဒီမှာ ရာသီဥတုပူပြင်းနေတာ သေချာနားထောင်ပြီး ဖွတ်.. ၊

"မင်းကလည်း သူ့ဆိုင်မှာထိုင်မှာတော့ စားမှထိုင်ရမှာပေါ့ကွ..ဝိတ် ာကို တင်းနေသေးတယ်.."

"မတင်းပါဘူး..အဲ့ချာတိတ်ကလည်း ချဉ်စပ်စပ်လေးရယ်.."

ပြောပြီး ဒီဘက်လှည့်လိုက်လျှင် ခြံကဖုန်းခေါ်နေတာ မြင်လိုက် ာ..

"မင်းဘယ်သူ့ကို ..ဟာ ဟေ့ကောင်..မလုပ်နဲ့လေ.."

ဖုန်းကိုကြည့်ပြီး ဟန်နီ့ကိုခေါ်လိုက်တာ မြင်သည်နှင့်နေလက ဖုန်း ို ဆွဲယူပြီး ပြန်ပိတ်လိုက်ရင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဖွတ်ပါလား..သေချာစဉ်းစားဦးလေကွာ၊ မင်း
မင်း အရင်စစ်ဆေး..အပြော နားကြားမှားတာလည်း ဖြစ်နိုင်တာပဲကို"

"မဟုတ်ဘူး..အပြောမျက်ရည်တွေကို ငါခံစားမိနေတယ်၊ သူငါ့
စွဲချင်နေတာ မဟုတ်ဘူး..တကယ် ဒီတိုင်းထင်ပြီး သူငိုနေတာ.."

"နေစမ်းပါဦး..မင်းကရော မင်းကိုမင်းဒီလောက်တောင် မယုံ
ဘူးလား၊ ယောကျ်ားချင်းမို့ ပြောမယ်ကွာ..ဒီလိုကိစ္စမျိုးဖြစ်သွားရင်
နေတုန်း မသိရင်တောင် မူးပြီးရင်သိတယ်၊ မသိဘူးဆိုတာ မဟုတ်
ဘယ်လိုသိလဲဆိုတာ ပြောရဦးမလား.."

"ဟာ..မင်းကတစ်မျိုး.."

"အေးလေ..မသိမသာမှားသွား.."

"မသိမသာမှားတယ်ဆိုတာ ရှိလား..ဒါဆို နောက်ဆက်တွဲပိ
ဖောင်းတာတွေ ဖြစ်လာတာကျတော့ ဘာလို့မသိမသာမဖြစ်လဲ.."

"ကျော်ရဲ.."

ခြံ စိတ်တိုလာပြီးအော်လိုက်မှ အငြင်းသန်သည့် ကျော်ရဲပါးစပ်
၏။

"ငါ မင်းတို့ငြင်းခုံဖို့ ဒီမှာလာစုခိုင်းတာ မဟုတ်ဘူး.."

"မင်းကောင်ပြောတာလည်း ကြည့်ဦး..အချင်းချင်းတွေ ကနဲ့
လာလုပ်နေတယ်..နောက်ပြီး မင်းပြန်သွားတာတရေးနိုး ထသွားတာ"

"အဲ့ဒါလည်း မှားပြန်ပြီ..ခေါင်းစိုက်သွားရုံ ရှိသေးတာ.."

"အဲ့ဒါမင်းပဲလေ..သူများတွေ မှောက်ကုန်ကြတုန်း ကျန်
အကုန်လုံးလိုက်ပြီး ဝါးမျိုနေတာ.."

"နေလပြောတာမှန်တယ်..ငါ ဟန်နီတို့အိမ်မှာ အိပ်ပျော်သွား
တယ်၊ ဒါပေမယ့် ငါ့ကိုယ်ငါနိုးတယ် မထင်ဘူးဖြစ်နေတယ်..အိမ်ကို
ရောက်သွားတာတောင် သိနေပေမယ့် ပြန်စဉ်းစားလိုက်ရင် မသိ
ကြီး.."

"သေသင့်တယ်.."

"ငါနိုးလာတော့..ဖိနပ်မရှိဘူး.."

"ဟန်နီ ချွတ်ခိုးသွားတာ နေမှာပေါ့.."

ကျော်ရဲက စိတ်မရှည်သံနှင့် ငေါ့နေ၏။

"လည်စည်းက ဖြုတ်ပြီးသား.."

"အဲ့ဒါပဲ အဲ့ဒါကိုတရားခံရှာ.."

"ဒါပဲလား.."

ကျော်ရဲက ခပ်တည်တည်ထပ်မေးတော့ အားလုံးတိတ်ကျသွား
သူတို့ထဲမှာ ကျော်ရဲက နည်းနည်းရည်းစားများသည်။ နည်းနည်းလည်
အသောက်အစားရှိ၏။ သူတို့အဖွဲ့ထဲမှာဘဲ တခြားကောင်ဒါကထ
လည်း အများကြီးရှိသေးသည်။ အပေါင်းအသင်းစုံသည်လို့ ပြောရမလား

"ဘာလဲ..မင်းရဲ့ဒါပဲလားဆိုတာ.."

www.burmeseclassic.com

www.burmeseclassic.com


"မင်းကိုယ်က ဖြူတ်ပြတ်နေတာတွေ.."

"မင်းကလည်း တစ်မျိုး.."

ခြံ တကယ်စိတ်တိုလာကာ.. ၊

"ဖုန်းပေးစမ်းပါကွာ..ငါမမေးရရင် ဘာအဖြေမှ ထွက်မှမဟုတ်

နေလက ဖုန်းကိုထပ်ဆုပ်ထားလိုက်ကာ.. ၊

"ဟုတ်တယ် ဘာညာတွေဟိုကပြောရင်ရော.."

ခြံမျက်နှာမှာ ခြောက်ချားခြင်းတွေ ဖျတ်ခနဲထင်သွားကာ.. ၊

"အဲ့လိုမဖြစ်နိုင်ဘူး.."

"ဒါဆိုလည်း.."

"မဟုတ်ဘူး..ငါမူးနေတဲ့အဖြစ်နဲ့ သူကြားတာတွေက ငါဘယ်လိုမှ ...ိုင်အမှာ ထုချေဖို့မလွယ်ဘူး.."

"ဟုတ်တယ်..မေးလိုက်တော့.."

"ဟုတ်တယ်..မေးလိုက်တာရှင်းတယ်.."

သုံးယောက်နဲ့တစ်ယောက်ဖြစ်လာမှ နေလစိတ်ပူနေသည့် မျက်နှာ ... လျှော့ပေးသည်။ ဒါပေမယ့် စိတ်ပူတာတော့ လျှော့မသွားပေ.. ၊

ဒီကိစ္စကြီးက ဟုတ်တယ်ဆိုလည်း မကောင်း၊ မဟုတ်ဘူးဆိုလည်း ...ကောင်း.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၀)

"ညကလည်း သားအပြင်မှာအိပ်တယ်..ဟုတ်လား.."
"အပြာလည်း အိပ်ခန်းကြီးထဲမှာ မအိပ်ဘူးမမကြီး..ဧည့်သည်အိပ်ခန်းထဲမှာ.."
"အဲ့ဒီမှာ အိပ်ရာပြင်ထားတာမရှိပါဘူး..ညနေကတောင် ပန်းခြံဘောင် အဟောင်းတွေ ဖြုတ်ဖို့ ငါဝင်ကြည့်သေးတာကို.."
"ဟုတ်တယ်..အိပ်ရုံလေးပဲခင်းပြီး ပြန်သိမ်းထားတာ..မမကြီးသိမှာစိုးလို့ဖြစ်မယ်.."
တစ်နေ့တစ်နေ့ ဘာဖြစ်လို့စိတ်ရှုပ်စရာတွေပဲ ကြားနေရတာလဲ အလုပ်ကအပြန် ရေမိုးချိုးပြီး ညစာမစားခင် အလုပ်ကိစ္စလေးတွေ ပြောစရာရှိတာ ပြောဖို့ ဖုန်းကိုင်ပြီးထွက်လာခဲ့သည်။ ဖုန်းပြောရခြင်းကို မရောက်ဘဲ ကလေးတွေရဲ့သတင်းကြောင့် ဆိုဖာမှာပဲ ထိုင်လိုက်မိလျက်..
"အဲ့ဒီညက အခြေအနေတွေ အဲ့လောက်ထိဆိုးသွားမယ်လို့ မထင်ခဲ့ဘူး.."
"ကျွန်မအဖြစ်လည်းပါပါတယ် မမကြီးရယ်..သူတို့ရဲ့မင်္ဂလာဦးည ဆိုတော့ ကန့်လန့်ကန့်လန့်လိုက်မပါချင်တာနဲ့လေ နောက်ပြီး အပြာ ဝင်သွားပြီးမှ ပြန်ထွက်လာတာမြင်တော့ စိတ်အေးသွားတာနဲ့.."
ဒေါ်မင်းမာလာ ခြေချင်းချိတ်၍ နောက်မှီမှာ လက်တစ်ဖက် ဆန့်တင် လိုက်ရင်း..
"ညက ဘာတွေဖြစ်ကြသေးလဲ.."
အဝင်းက သိနေပေမယ့် မပြောရဲသည့်ပုံစံဖြစ်သွားကာ မျက်နှာငယ် သွား၏။
"ပြောပါ..မြင်တဲ့ကြားတဲ့အတိုင်းပြော."
"အိပ်ခန်းထဲမှာ ဆက်ဖြစ်ကြတာတော့ ကျွန်မမသိဘူး..အပြာ အရင်ထွက်လာပြီး ဧည့်သည်ထားတဲ့ အခန်းကိုသွားတယ်၊ ပြီးမှ လူလေး က ခေါင်းအုံးတွေစောင်တွေနဲ့ ထွက်လာပြီး ဒီမှာအိပ်တာ.."
ဒီမိန်းကလေးရဲ့မာနကလည်း သေးသေးကွေးကွေးမဟုတ်ပါလား
ကိုယ်ချစ်တဲ့သူနဲ့ ချစ်စခင်စအချိန်လေးတွေကို ဥပေက္ခာထား သည်။ ဒီယောကျ်ားနဲ့ ကင်းကင်းနေနိုင်အောင်လည်း ရှောင်တိမ်းနေ သည်။ ထို့ပြင် အဝင်းပြောပြနေသည့် ဖြစ်ပျက်ပုံအရဆို သူ့မလေးပြော တာတွေလည်း မမှားပေ.. ၊
ဒီမိန်းကလေး ကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်ပြီး စောင့်ထိန်းတာ

www.burmeseclassic.com

www.burmeseclassic.com



င်ဆိုတာတော့ မဆိုးဘူးလို့ ပြောရမှာပါ.. ၊

"သူက ခြည့်သည်အဖြစ်နဲ့ပဲ ထွက်သွားချင်တယ်တဲ့လား.."

"ဟုတ်တယ်မမကြီး..ကလေးတွေပေမယ့် သူပြောတာ တော်တော် သွားပါတယ်၊ ဟန်နီနဲ့သာ မကင်းခဲ့ရင် ဟိုလည်းမကင်း ဒီလည်း င်း အဖြစ်မခံနိုင်ဘူးလို့ သူဆိုလိုတာ.."

"အင်း.."

"ဟန်နီနဲ့ကင်းမကင်း သေချာသိရမှ ပေါင်းသင်းခွင့်ပြုမယ့်သဘော -မကင်းဘူးဆိုလည်း သူထွက်သွားပေးမယ့် သဘောလေ.."

"သဘောဆိုတာ ဘာလဲ..အပြာက အဲ့ဒီစကားတွေပြောတာ မဟုတ် လား.."

"သူတအားငိုနေတာ မမကြီး..ပြောတော့ပြောတယ်၊ မပြောနိုင်တာ -ပြောမထွက်တာလားပဲ ဟန်နီ့နာမည်လည်း တစ်လုံးမှ ထည့်မပြော လူလေးကိုချည်း အပြစ်တင်နေတာ..အရက်သောက်လို့ မှားတာကိုပဲ ထုမနာ ဖြစ်နေတာမျိုး.."

"မဆိုးပါဘူး.."

"ရှင်.."

"ဒီကောင်မလေးကို တော်တော်ပုံသွင်းယူရမယ် ထင်ခဲ့တာ.."

"မမကြီးက လူလေးနဲ့အဆင်မပြေတဲ့ကိစ္စ စဉ်းစားနေတာ မဟုတ် လားဟင်.."

"သူတို့တောင် သူတို့ချင်းရှင်းရမယ့်ကိစ္စမို့လို့ လူကြီးတွေနားထဲ ရောက်မခံတာပဲ.."

"အပြာကတော့ မမကြီးကိုကြောက်တာထင်ပါတယ်..လူလေးနဲ့ဟန်နီ" နင်ရော ဘယ်လိုထင်လို့လဲ.."

"ရှင်.."

"အပြာစွပ်စွဲနေသလို ဖြစ်နိုင်တယ်လို့ ထင်တာလား.."

"ဟင့်အင်း..လူလေးရဲ့ အကျင့်စာရိတ္တကို ကျွန်မကသိပြီးသားပဲ မမ ကြီးရယ်.."

"မဟုတ်ဘူး.."

ဒေါ်မင်းမာလာနေရာက ပြန်ထလိုက်ပြီး ခြည့်ခန်းထဲမှာ လျှောက်နေ ၏။ ပြီးမှ.. ၊

"အကျင့်စာရိတ္တကောင်းတယ်ဆိုတာလည်း မကောင်းမှုဆိုရင်ဘယ် အခြေအနေမှာဖြစ်ဖြစ် ရှောင်ကျဉ်ရမယ်ဆိုတဲ့ သတိရှိတဲ့လူကိုခေါ်တာ.. ပြာမမှားဘူး၊ မူးနေတဲ့ခဏမှာ ဘာဖြစ်ဖြစ်မှားနိုင်တယ်ဆိုတာ ငါလက်ခံ ယ်..ငါ့သား ဒီလိုအလုပ်မျိုးလုပ်မှာ မဟုတ်ဘူးလို့စိတ်က ယုံကြည်နေပေ ယ့် သူတို့နှစ်ယောက်ကနေ နောက်တစ်ယောက်ပါဝင်လာတဲ့အတွက် ယုံကြည်မှုကို ဆုပ်ကိုင်ထားလို့ မရတော့ဘူး.."

ရှက်လည်းရှက်မိသည်။ ပြောနေရင်းနဲ့ ဒေါ်သပါလာတာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com


သားကိုလား..အပြာ့ကိုလား.. ၊

ဘယ်မိဘမဆို ကိုယ့်သားသမီးလေးအပေါ်မှာ သူ့ရဲ့အိမ်သူသား ထားက ကြင်နာမြတ်နိုးမှုတွေ ပေးနေတာကိုသာ မြင်ချင်ကြတာပါ။ ဥ ကွာတွေ နဲ့ ရက်စက်ပြတ်သားပြနေတာကို ဘယ်လိုကြည့်ဖြူ နားလည် ရမလဲ.. ၊

ဒါပေမယ့် ယောက္ခမဆန်ဆန် တစ်ဖက်သတ်ဘက်လိုက် တော့ သူမလုပ်မှာမဟုတ်ပေ။ သူတို့ချစ်ကြသည်။ စည်းစိမ်းဥစ္စာ ဂု ကာသနတွေဖယ်ပြီး ချစ်တဲ့သူကိုပဲ သားကရွေးခဲ့တာဖြစ်သည်။ အပြ လည်း မိဘရင်ခွင်ကို စွန့်လွှတ်စွန့်စားပြီး သားကိုရွေးချယ် ယုံကြည်ခဲ့ ဖြစ်၏။

ဒါကြောင့် သူတို့ချင်း စိတ်အခန့်မသင့်ချိန်မှာ ကိုယ့်သားပဲဆို တစ်ဖက်သတ် ဖိအားပေးတာမျိုးနဲ့ ပဋိပက္ခမဖန်တီးချင်။ ထိုစဉ် ဖုန်း လာသဖြင့် ကြည့်လိုက်တော့ အပြာ့ဖုန်း.. ၊

"ဟလို.."

"အန်တီ..သမီးအန်တီ့အတွက် နှင်းဆီနက်မှာထားတာ ရပြီသိလ အခုကိုပဲ အင့်ကလေးပါလာတယ်..အရမ်းချစ်ဖို့ကောင်းတာပဲ၊ သမီးမ အားသေးလို့ ပို့ခိုင်းလိုက်မယ်နော်.."

ပြောသံလေးကတော့ သားနဲ့ဘာပြဿနာမှ ရှိမထားသည့်အတိုင်း

"ဘာလို့ မပြန်အားသေးတာလဲ..ငါးနာရီခွဲနေပြီ.."

"မင်္ဂလာဆောင်မယ့် မိသားစုတစ်စုနဲ့ ချိန်းထားလို့အန်တီ..အနည် ဆုံး ရှစ်စုံစာလောက် ရောင်းရမှာမို့လို့ပါ၊ သမီးနည်းနည်းနောက်ကျ လည်း ပြောချင်လို့.."

ဒေါ်မင်းမာလာ နားထောင်နေပေမယ့် သားကိုပြောပေးဖို့ စကား မလာခဲ့ပေ။ ဒါမှမဟုတ် သားကိုဖုန်းဆက်ပြီးပြီလား မဆက်ဘူးလား

"အဝင်းရေ.."

"ရှင်..မမကြီး.."

အဝင်းက အနားမှာရှိုးကေ့စ်ပေါ်က ပစ္စည်းတွေကို တိုက်ချွတ်သ ရှင်းနေတာမို့ ချက်ချင်းလှည့်လာ၏။

"သား..အိမ်မှာရှိလား.."

"ရှိတယ် မမကြီး..ညနေကပဲ ခြံထဲက ဂီတာတီးနေတယ်.."

"အခု မိုးချုပ်တော့မယ်..သွားကြည့်စမ်း၊ အပြင်များထွက်သွာ လား.."

"ဟုတ်ကဲ့.."

ဒေါ်ဝင်းထွက်သွားတော့ သက်ပြင်းချလိုက်မိသည်။

ဟေမာန်ဆိုတဲ့ အမေတစ်ယောက်ကတော့ နားအေးပါးအေး နေနေသလား.. ၊

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၁)

"ကက်စတန်မာကို ဒီလိုလေသံနဲ့မပြောရဘူးသိဂိ..တစ်ဆိုင်လုံးရှိသ လျှောက်မေးနေလည်း စိတ်ရှည်လက်ရှည်ဖြေပေးရမယ်၊ ဘယ်သူမဆို ဘင်းတာလေးမြင်ရင် လိုချင်တာပဲ..တတ်နိုင်ရင်တော့ ဝယ်သွားချင်မှာပဲ၊ အားလုံးမေးပြီး စျေးနည်းတာလေး တစ်ကိုက်လောက်ဝယ်သွားတယ်ဆိုပြီး ဒီလိုလေသံဟန်ပန် မဆက်ဆံပါနဲ့.."

"ဟုတ်ကဲ့ပါ.."

'အောင်မလေး..သူဌေးမကြီးကျနေတာပဲ ငါ့သမီး..'လို့ စိတ်ထဲက ရေရွတ်လိုက်ရင်း ဒေါ်ဟေမာန့်မျက်နှာကြီး ပြုံးအီနေလေသည်။ ပိုးထည် ဆိုင်ရှေ့မှာ ခဏရပ်နေသော ဓါးသီးတွန်းလှည်းကို ကွယ်ရင်း ဆိုင်ထဲကို ချောင်းကြည့်ရတာ အားမရနိုင်.. ၊

"ဟဲ့.. ဘယ်ကိုလဲ.."

"ဟိုထောင့်က သွားကြည့်ချင်လို့.."

"ဟေမာန်ရယ်..အဲ့ထောင့်မှာ အထည်လိပ်အသစ်တွေလာ ဘာလား၊ ပြီးတော့ ပွဲထိုင်ဇာတွေ ဆွဲထားသေးတယ်.."

"အဲ့တော့ ဘာဖြစ်လဲ.."

ပြန်ပြောရင်း ချက်ချင်း ထိုနေရာကိုရောက်သွား၏။ ဒေါ်ကြီးစိန် နောက်က နေလိုက်ရပြန်ကာ.. ၊

"ချောင်ကပ်ကွယ်နေတာနဲ့တော့ သူခိုးထင်ပြီး လာဆွဲခံရတော့မှာပဲ ဟေမာန်ရယ်.."

"ကျွန်မတို့ပုံစံတွေနဲ့ သူခိုးထင်ခံစရာလား ဒေါ်ကြီးရယ်..နေပါဦး ဒေါလေးပါ၊ ဆိုင်ထဲမှာ စီမံခန့်ခွဲနေတာ အပြာ့ကိုကြည့်ပါဦး..ဝတ်ထား တာလည်း အဖိုးတန်ထင်တယ်၊ အဖြူရောင်မှာ ပန်းရောင်ဒူးနှားပွင့်လေး တွေနဲ့ အကျီပေါ်မှာ ဇာပန်းတွေကပ်ထားတာ လှလိုက်တာ.."

"ချမ်းသာကာမှတော့ ဘာဝတ်ဝတ် ကောင်းတာတွေပဲဖြစ်မှာပေါ့ အေ..မကောင်းလည်း သူတို့ဝတ်ရင် အကောင်းစားတွေလို့ ထင်ကြမှာပဲ.."

"ဟုတ်တယ် ဟုတ်တယ်..ခုတော့ မီအပြာမ အဲ့ဒီလိုလူတန်းစားတွေ ထဲ ရောက်သွားပြီ၊ မိန်းမ..မာန်တက်နေတဲ့ ရုပ်လေးနဲ့ကြည့်ဦး..ဟိုလျှောက် လျှောက် ဒီလျှောက်လျှောက်နဲ့ ပါဝါတွေပြနေတာ.."

စကားလုံးက နူးညံ့မှုမရှိသော်လည်း သွားကြီးအဖြီးသာနှင့် ဒေါ် ဟေမာန့်ကိုကြည့်ရင်း ဒေါ်ကြီးစိန် ပြောလည်းမပြောရက်တော့ပါ။ သမီးက သစာကို ပို့မြဲတိုင်းပို့သည့်ပြင် အိမ်ထောင်ကျတာမှ သုံးရက်ပဲရှိသေးသည်။

www.burmeseclassic.com


သမက်လုပ်သူက အပိုဆောင်းပေးတဲ့ပိုက်ဆံကပဲ ငါ့သိန်း.. ၊

လစဉ် ဆယ်သိန်းနီးပါးကိုင်ရမည့်အဖြစ်ထက် သမီးဒီလိုဘဝ ရောက်သွားပါလားဆိုသည့် ပီတိကြောင့် ညညဆိုကောင်းကောင်း အိပ် တောင်မပျော်.. ၊

သမီးကတော့ ကိုယ့်ကို အထင်လွဲနာကျည်းသွားပြီဆိုတာ သေ ပါသည်။ ဒါပေမယ့် သူမဒီတိုင်းဖြစ်လာမှာကို သိလျက်နဲ့လုပ်ခဲ့တာ သည်။ ဒါကြောင့် ချောင်းကြည့်လှည့်ပြန် ဘဝမျိုးနဲ့ပဲ ကျေနပ်နိုင်ဖို့ စားရသည်။

ဒီဘက်က မိခင်ကိုလက်လွှတ်လိုက်ခြင်းဖြင့် ဟိုဘက်က မိခင် ပိုမိုဂရုစိုက်ခြင်းကို သမီးလေးရနေသည်ဆိုလျှင် သူမကျေနပ်ရမည်သာ

"ကဲ..လာပါအေ၊ ဟိုက ဝင်သွားပါပြီ..ငါ့မှာလည်း မုန့်ကျွေးချင် ပါဆိုတာနဲ့ ထလိုက်လာမိပါတယ်..ခုမှ သူခိုးလိုလို ဂျပိုးလိုလို ရောယော ချောင်းနေရတဲ့အဖြစ် .."

"ဒေါ်ကြီးက ခုမှ လိုက်ဖူးပြီး ညည်းနေလိုက်တာ..ကျွန်မကဖြ အပြာ ဒီဆိုင်မှာထိုင်ပြီဆိုတည်းက တစ်ပတ်ကိုနှစ်ခါလောက် အမြဲ ကြည့်တာ.."

"ဟင်..ခုလို ချောင်းပြီးတော့လား.."

"အင်းပေါ့..တစ်ခါတလေ ဟိုဟာလေးဝင်မေး ဒီဟာလေးဝင်မေး"

"တစ်ယောက်ယောက်နဲ့တွေ့သွားရင် ပိုပြီးသိက္ခာကျတာပေါ့အေ အသိမခံချင်ရင် ဆင်ခြင်မှပေါ့.."

"ကျွန်မက.."

ဒေါ်ဟေမာန်ဆက်မပြောနိုင်တော့ဘဲ ဒေါ်ကြီးစိန်ကို လက်ကာ ကာ ကြားလိုက်ရသည့် စကားသံတွေကြောင့် လှည့်ကြည့်လိုက်မိ၏။

"သူ့ဌေးနဲ့ကို မတူဘူး..မရှိတဲ့လူတိုင်းကိုလိုက်ပြီး စာနာပေး တယ်.."

"ဟုတ်ပ..သူ့အစက ဆင်းရဲတယ်ဆိုတာ ဟုတ်သလားမှမသိတာ"

"ဟဲ့..ဒီမှာ.."

အပြာ့ကို ပြောနေမှန်း ဒေါ်ကြီးစိန်သိလိုက်တာနှင့် ဒေါ်ဟေမာန့် ဆွဲရဖို့ တာဝန်ကို သတိရသွားသည်။ ဒါပေမယ့် နောက်ကျလေသည်။

"နင်တို့က သူ့ဌေးရှေ့ကျ ကြောင်သေရုပ်လေးတွေနဲ့ ကွယ် ရောက်တာနဲ့ အတင်းအုပ်ကြတာပဲနော်.."

ဘယ်သူဘယ်ဝါမှန်း မသိဘဲ ဝင်ပြောပေမယ့် အတင်းတုပ်နေတာ ကို လူမိသွားသဖြင့် ကောင်မလေးနှစ်ယောက် အမ်းတမ်းတမ်းကြော တောင်တောင် ဖြစ်သွားကြ၏။

ဒေါ်ဟေမာန့်ပုံစံကလည်း ပါတိတ်ဝတ်စုံတပြောင်ပြောင်နဲ့ လက် သန်းလောက် အမ်စီကြိုးပြားကြီးက ရင်ညွန့်အောက်ထိ ရမ်းနေသေး သည်။ လက်ကောင်တွေ တချွင်ချွင်တဝင်းဝင်းနှင့်..

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ဝယ်သူကိုစာနာပေးတာ နင့်ကိုအသားလှီးပေးနေရလို့ အား..ကိုယ့်အလုပ်ရှင်သူဌေးရဲ့ အတင်းအဖျင်းကို ကွယ်ရာမှာပြောတာ အခိုပ်နေ အခက်ချိုးတာပဲ၊ လခပေးပြီး ခိုင်းတာပေမယ့် နင်တို့ဒီလခကို တော်လို့လုပ်နေတာပဲလေ.."

"အန်တီက ဘာဆိုင်လို့ ဝင်ပြောတာလဲ.."

"ဟင်.."

"ဟဲ့..ငါတို့က ခုနထွက်သွားတဲ့ ဝယ်သူတွေနဲ့အတူတူပဲလေ.."

ဒေါ်ကြီးစိန်က ဒေါ်ဟေမာန်ရန်တွေ့နေတည်းက ကြိုတင်ပြင်ဆင် အားသည့်အတိုင်း ဝင်ပြောလိုက်ကာ.. ၊

"လာပါအေ..ယယ်သူတွေဆိုတာ ဒီလိုပါပဲ.."

အချင်းချင်း ခပ်ကြိတ်ကြိတ်ဆွဲပေမယ့် မရ.. ၊

"အောင်မလေး..ဒီအရွယ်ကို ယယ်တယ်ဆိုရင် ဟေမာန်တို့ဆယ့်ခုနစ် နှစ်နဲ့ ယောကျ်ားရလာတာ..အဲ.."

နာမည်ကြီးထည့်ပြောမိပြီးမှ မျက်လုံးပြူးသွားသည်။ ပြီးတော့ မျက် လုံးတွေကျီးကန်းတောင်းမှောက် ဖြစ်သွားလျက်.. ၊

"အဲ့ဒါမှတ်ထား..အလုပ်သမားဖြစ်ရတဲ့အထဲ စိတ်ဓာတ်က အလုပ် သမား ပီသနေရင် နင်တို့ဘယ်တော့မှ အလုပ်ရှင်ဖြစ်မလာဘူး..ကျွန်စိတ်မ မွေးနဲ့ သခင်စိတ်မွေးတဲ့၊ ဈေးပဲရောင်းရောင်း ဝန်ထမ်းလုခစားပဲလုပ် လုပ်..အလုပ်ပေါ်မှာ စေတနာထားမှ တိုးတက်တာ.."

"ဟဲ့..ဟိုမှာနင့်သမီးထွက်လာပြီ.."

ဟင်.. ၊

ဒေါ်ကြီးစိန် ကပ်ပြောလိုက်တာနှင့် ကမန်းကတန်းနောက်ဆုတ် လိုက်လျှင် ခြေချင်းချိတ်ပြီး ပက်လက်ကြီးလဲကျတော့မလို တဲတဲလေး..၊

"ဟဲ့..ဟဲ့ သြော် ငါ့ခြေထောက်.."

"ကန်တော့ ကန်တော့..မြန်မြန်ထလေ ဒေါ်ကြီးရဲ့.."

မကြီးမငယ်နှင့် နှစ်ယောက်သားတစ်ယောက်လက် တစ်ယောက် ချိတ်ပြီး အပြေးတပိုင်း ထွက်ခဲ့ကြတာ ခြေထောက်တွေနာမှန်းလည်း မသိ မရ..၊

"နေပါဦးဟဲ့..သေပါပြီ ငါ့ခြေထောက်.."

"ကန်တော့ပါဒေါ်ကြီးရယ်..ဒေါ်ကြီးက ဘာဖြစ်လို့ ကျွန်မကိုဖမ်းဆွဲ လိုက်တာတုန်း.."

"ငါမဆွဲရင် ညည်းခွေးလဲလဲတော့မှာလေ..ညည့်နာတာကိစ္စ မရှိဘူး၊ အပြာတွေသွားရင် ကျုပ်ပါသိက္ခာကျဦးမယ်.."

အနင်းခံလိုက်ရသည့် ခြေထောက်ကို ငုံ့ကြည့်မိသည့်ဒေါ်ကြီးစိန် အားကောင်းမောင်းသန် မပြေးနိုင်တော့ဘဲ ချက်ချင်းထော့နင်းဖြစ်သွားလေ သည်။

"ကျွန်မလည်း ခြေကျင်းဝတ် ဘာဖြစ်သွားလဲမသိဘူး..အား.."

www.burmeseclassic.com

www.burmeseclassic.com


ဒဏ်ရာတွေကိုယ်စီနှင့် ရှုံ့မဲ့ကောင်းနေတုန်း.. ။

"တီ.."

"သောက်ပလုတ်တုတ်ကြီး.."

ကားဟွန်းသံက ကပ်တီးလိုက်သဖြင့် လန့်ဖျန့်အော်မိကာ.. ။

"ဒီလောက်တောင်ကပ်ပြီး ဘာလဲ..ဝင်တိုက်ချင်လို့လား၊ လုပ်လိုက် စမ်း..ဒီမှာ ကျိုးချင်နေတာ တရားခံရှာပြီး အလျှော်တောင်းပစ်လိုက်မယ် ဘာမှတ်နေလဲ.."

ကားကလည်း ရပ်သွား၏။ သို့သော် ဆင်းလာသူက သမက်တော် လူချောလှလှ.. ။

"ခြံ.."

"အမေကလည်း ရန်တွေ့ကောင်းလိုက်တာ.."

ခြံက ရယ်ရင်း ကားပေါ်ကဆင်းလာသည်။ ဒေါ်ဟေမာန်သမက်ရှ တော့ ရှက်သွားမိ၏။ လူတောသူတောထဲမှာ 'သောက်'ဆိုသည့် အသံ ထွက်မိအောင် ထိန်းမည်ဆိုကာမှ.. ။

"အမေတို့ ဘယ်သွားမလို့လဲ.."

ဒေါ်ကြီးစိန်က မဆီမဆိုင်မျက်နှာတွေပူကာ မဖြေဘဲ တစ်ဖက်လှည့် နေ၏။ ဒေါ်ဟေမာန် မအီမလည်အပြုံးကြီးနှင့်.. ။

"ဟိုဥစ္စာ..ဒီလိုပဲလေ.."

လိမ်ညာပြောရမှာ မကြောက်ပေမယ့် ညာပြောဖို့ကြံလာတိုင်း စကားများတတ်တာလည်း ကိုယ့်ကိုယ်ကိုဒေါ်သဖြစ်မိကာ.. ။

"အပြာလစာအပ်တိုင်း ဘုရားသွားနေကျလေ..မနက်က မင်း လစာလာပေးတော့.."

"ဘုရားက ဟိုမှာကျန်ခဲ့ပြီလေ..အမေ.."

"အဲ..အဲ့ဒါ ငါဟာငါဘယ်သွားသွား မင်းက ဘာလို့လိုက်မေးနေတာ တုန်း၊ ဘုရားမသွားခင်ဖြစ်ဖြစ် သွားပြီးဖြစ်ဖြစ် ငါကဘယ်မှမသွားရတော့ ဘူးလား.."

ခြံက ပိုးထည်ဆိုင်ဘက်ကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာ ကောင်းဖြစ်သွား၏။ သူက လူကြီးတွေခြေလှမ်းမှားပြီး အိုးနင်းခွက်နင်းဖြစ် နေကြတာကို သတိထားမိတာမဟုတ်ဘဲ သူ့အပူနဲ့သူ.. ။

"သား အမေ့ကိုလစာ လာပို့ပြီးတည်းက ခုထိအိမ်မပြန်ရသေးဘူး"

"ဟင်.."

ခုပဲ သုံးနာရီထိုးနေပါပြီ.. ။

"အိမ်မပြန်ဘဲ အပြင်မှာဘာလုပ်နေတာလဲ.."

"အမေ့သမီးနဲ့ စကားပြောမလို့ လာစောင့်နေတာ.."

"ဘယ်လို.."

"ကိုယ့်မိန်းမကိုယ် ဆိုင်ထဲဝင်ပြောလို့ မရလို့လား.."

ဒေါ်ကြီးစိန် အထူးတဆန်းဖြစ်ပြီး ဝင်ပြောလိုက်မိ၏။ ခြံ

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြီးစိန်ကိုပါ ရယ်ပြရင်း ခပ်မဲ့မဲ့ဖြစ်သွားကာ.. ၊
"အပြာက သားကိုစိတ်ဆိုးနေလို့.."
လာပြန်ပြီ နောက်ထပ် အထူးအဆန်း.. ၊
မင်္ဂလာဆောင်ပြီးတာမှ ရက်ပိုင်းပဲရှိသေးသည်။
"ပြောပါဦး..ဘာတွေဖြစ်ကြတာလဲ.."
"လာပါအမေတို့ကို သားညနေစာကျွေးပါ့မယ်..စကားလည်း ပြောရအောင်လေ.."
"ညနေစာက အစောကြီးရှိသေးတာကို..နောက်ပြီး အပြာနဲ့အောင်သွယ်ခိုင်းဖို့တော့ မစဉ်းစားနဲ့နော်၊ အပြာနဲ့ငါ မခေါ်တာ မင်းသိတယ်.."
"ဟုတ်ကဲ့ပါ..အမေကသာမခေါ်တာ အပြာက အမေ့ကိုပဲတမ်းတနေတာ.."
"မဟုတ်က ဟုတ်က.."
လို့ပြောပြီး ငုံ့ပစ်သည့်မျက်နှာက ပြုံးစိစိ ပြိတီတီ။ ဒေါ်ကြီးစိန်က ဒေါသမပါသည့် မျက်စောင်းနှင့်ကြည့်ပြီး မဲ့၏။
"လာပါအမေရာ..သား အမေ့ကိုမှ အားကိုးမရရင် အားကိုးမဲ့နေပြီ၊ လာပါ ကြီးကြီးလည်း လာပါ.."
နှစ်ယောက်စလုံးကို ကိုယ်တိုင်လက်ဆွဲ၍ ကားပေါ်တင်ကာ တံခါးတွေကို သေချာပိတ်ပေးပြီးမှ သူကားထဲဝင်ထိုင်ကာ.. ၊
"မင်္ဂလာဆောင်တဲ့ညတည်းက ခုထိသားကို ဒေါကန်နေတာ.."
"သြော်..စလယ်ဝင် ဖင်မမြဲခင်ပဲ ကြားဖူးပါတယ်၊ မင်္ဂလာဆောင်လူမကွဲခင်လို့ မကြားဖူးဘူး.."
"သားက အဲ့ညက ဘချိုလာနိုက်လုပ်ကြရင်း သူငယ်ချင်းတွေနဲ့သောက်စားပြီး မူးသွားလို့.."
"အင်း ဒါမျိုးက ရှိကြတာပဲဟာ.."
ကားမောင်းရင်း နောက်ပြန်လှည့်ပြောနေလျက် ဒေါ်ဟေမာနဲ့စကားကြားတော့ ခြံအားတက်သွားသည်။ ဒေါ်ဟေမာနက မာမီ့လိုမဟုတ်ပေ။ ပြောစရာရှိလျှင် တုတ်ထိုးအိုးပေါက် ပြောတတ်ကာ အပြာနားလည်လွယ်သည့် ဒေါသတွေနှင့် အော်တတ်တဲ့သူ။
သူမကိုယ့်ဘက်က ရပ်တည်ပေးမယ်ဆို သူ့အတွက် အေးဆေး..၊
"အဲ့ဒါ အမေ့သမီးက ဘယ်လိုရှင်းပြလို့မှ မရဘူး.."
ဖြစ်ရလေ ဒီကောင်မလေးတော့နော်.. ၊
သူ့ခြွေးသားကို ရထားပြီး သူ့ခြွေးကိုယ်တိုင်က ကြည်ဖြူတဲ့ချွေးမဖြစ်နေရတာတောင် 'ရလေလိုလေ' ပါလား။ မတော် ဒေါ်မင်းမာလာသူ့သားအပေါ် မကြင်နာရကောင်းလားဆိုပြီး ငြိုငြင်လာရင်ခက်မည်။
"အမေ သိလား..အမေ့သမီးက ဒေါသကြီးသလောက် အမှတ်လည်းကြီးတယ်၊ တစ်ခုခုကို တစ်ယူသန်စွဲနေရင် ရှင်းပြလို့ကိုမရတော့ဘူး.."
"အဲ့လောက်ဖြစ်နေရလား..ကိုယ်ချစ်လို့ ယူထားပြီးတော့.."

www.burmeseclassic.com

www.burmeseclassic.com


"သားကလည်း သူ့ကိုပဲချစ်လို့ သူ့ကိုလက်ထပ်ခဲ့တာပါ..အစတည်းက ဟန်နီ့ကို လက်ထပ်ချင်ရင် လူကြီးတွေက သဘောတူထားပြီးသား အဲ့ဒါလည်း သိရက်သားနဲ့.."

"ဟင်.."

နှာမည်တစ်ခုတိုးလာတော့ ဒေါ်ဟေမာန် နားရွက်ထောင်သွားသည်။

"ဘာလဲ..ဟန်နီဆိုတာက.."

"အဲ့ဒီကောင်မလေးနဲ့ အရက်မူးပြီး နှစ်ယောက်တည်းပြန်လာလို့ တဲ့.. သားလည်း.."

"ရပ်..ကားရပ်လိုက်စမ်း ခု.."

စပြီ.. ။

ဒေါ်ဟေမာန်ရဲ့ဒေါသ..

သမီးထိ ဓားကြည့်.. ။

ဒေါ်ကြီးစိန် စိတ်ညစ်သွားမိသည်။ ဘာတွေဖြစ်ကြသေးလဲ အစေဆုံး နားထောင်ပါတော့လား.. ။

> > < <

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"ဒေါက်..ဒေါက်.."
"ရေချိုးနေတယ်..အန်တီလားဟင်.."
"မောင်ပါ..မောင်လည်း ရေချိုးမလို့.."
ခြံ့အသံကြားတော့ အပြာထိတ်ခနဲဖြစ်သွားသည်။ သူမတမင်တကာ နှစ်ယောက်အိပ်ခန်းထဲမှာ ရေမချိုးဘဲ အပြင်ခန်းမှာထွက်ချိုးနေတာဖြစ်သည်။ တမင်လိုက် နောက်ယှက်တာမှန်းသိကာ တံခါးမပိတ်ခဲ့ဘူးလားဆွေးမိပြီး စောင်ကမန်းကတန်း ဆွဲပက်လိုက်မိသည်။
"မောင် ခဏနေဦး.."
"မြန်မြန်လုပ်ကွာ..မောင် အပြင်သွားစရာရှိလို့.."
"ကိုယ့်အခန်းထဲမှာ ကိုယ်ချိုးပါလား..ဒီမှာ ရေနွေးပျက်နေတယ်.."
"မင်းရော ဘာလို့ဒီမှာချိုးနေတာလဲ.."
အပြာဘာမှမပြောဘဲ ရေချိုးခန်းထွက်ကာ အကျီလဲဖို့ဗီဒိုဆီပြေးမိသည်။
"အပြာ..မောင်ဝင်လာခဲ့မယ်.."
"ဟင့်အင်းနေဦး..နေဦးမောင်.."
"မရဘူး.."
"ဟင်.."
အပြာ ကိုင်ထားမိသည့် အကျီကို လွှတ်ချကာ စောင့်နဲ့ထပ်ပတ်ကာ ရင်ဘက်ထိ လက်နဲ့ဆွဲတင်ထားလိုက်ပြီး.. ၊
"မောင် ဘယ်လိုလုပ်တာလဲ.."
"မင်းကို မောင်အသံပေးပြီးမှ လာတာ.."
ကြည့်လိုက်တော့ ရေချိုးမည့်ပုံလည်း မရှိ။ သူမ ခုနက ပုဆွန်သုပ်ခိုကို ရေချိုးပြီးပြန်လာခဲ့မယ်လို့ စိစိကိုပြောခဲ့သည်။ ဒါကို မောင်ကြားပြီးတမင်အချိန်ကိုက် ဝင်လာပြီး ဒုက္ခပေးတာမှန်းသိလိုက်ကာ.. ၊
"အပြာအကျီမဝတ်ရသေးဘူး..မောင်ပြန်ထွက်ပေးပါ.."
"ထွက်ပေးလိုက်ရင် မင်းက တံခါးပိတ်နေတော့မှာလေ.."
"မဟုတ်ဘူး..အပြာထွက်လာခဲ့မယ် ခဏပဲ.."
"ခဏပဲဆို အခုလဲလိုက်..မင်းကိုမောင် မကြည့်ဘူး.."
ပြောပြီးအပြာ့အိပ်ရာထဲ ဝင်လှဲလိုက်သည်။ ညှိသည်အိပ်ခန်းထဲမှာအစုံအလင်ရှိသည်။ ဒါပေမယ့်အပြာက မွေ့ရာကြီးပေါ်မှာစောင်ပါးလေးတစ်ထပ်ပဲခင်းကာ ခေါင်းအုံးတစ်လုံးနဲ့ ဖြစ်သလိုအိပ်နေတာဖြစ် သည်။
ထို့ပြင် အဝတ်လဲသည့် လိုက်ကာကိုလည်း ဆွဲမထားဘဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းဖြစ်သလို ဝင်နေခဲ့၏။ ဒေါ်မင်းမာလာ ဝင်လာကြည့်လျှင် လူနေနေမှန်း မသိအောင် ဖျောက်ဖျက်ရလည်း လွယ်ကူရန် ဖြစ်ကာ-

"အဲ့ဒါဆို ဟိုကန့်လန့်ကာ သွားဆွဲပေး.."

"ဘယ် ကန့်လန့်ကာလဲ.."

မေးပြီး အပြာ့ကိုကြည့်လိုက်တော့ ဒူးအောက်နားထိပဲရှိသည့် တဘက်အဖြူက လက်လေးနှစ်ဖက်ထဲမှာ ဆုပ်ဆွဲထားတာတောင် ချိုင်းအောက်ကနေ ရင်ဘက်ပြည့်ပြည့်လေးကို မလုံခြုံ။ ရွှေလိုဝင်းနေသည့် အသားရောင်နှင့် မျက်ခုံးတန်းလေးတွေ ရေစိုနေဆဲက သူ့ရင်ခုန်သံတွေ မြန်သွားစေလျက်..၊

"လှတယ်ကွာ.."

"မောင်နော်.."

အပြာ့ မျက်နှာလေးပျက်သွားကာ ဇီရိုကြားထဲဝင်တော့မတတ် နောက်ဆုတ်သွားသည်။ ခြံကြ ခြေသလုံးကနေခြေဖဝါးစောင်းလေးတွေ မျက်လုံး ရောက်သွားတော့ ခြေဖမိုးချင်း ဖိထပ်တော့မတတ် ထိကပ်ပွတ် တိုက်နေကာ..၊

"မောင် သက်သက်ညစ်နေတာ.."

"အဟွန်း.."

ခြံကြ ပြုံးလိုက်ကာ ခေါင်းအုံးကိုပြန်ဖက်ပြီး ထထိုင်လိုက်၏။ ပြီး တော့ လသားကလေးလေး အနီးပတ်ထားသလိုဖြစ်နေသည့် အပြာ့ ခြေဆုံးခေါင်းဆုံးကြည့်ပြီး သွားတွေပေါ်အောင် ရယ်နေသည်။

သူ့အပေါ် အထင်လွဲမှန်းတီးနေတာတွေက ထိတ်လန့်ရုက်ရွံ့ သည့် အောက်မှာ ခဏတဖြုတ်ပျောက်ကွယ်နေသဖြင့် ဒီအချိန်ကို အ ကောင်း ယူနေမိရင်း.. ၊

"အပြာ မောင့်ကိုမင်းပစ်ထားတာ ဘယ်နှစ်ရက်ရှိပြီလဲ.."

သူမမျက်နှာလေး ကွက်ခနဲပျက်သွားသည်။ ကြောက်လန့်နေ ကနေ တင်းမာခြင်းတို့ အစားထိုးဝင်လာခဲ့ပြီး.. ၊

"မောင့်ကိုခုပြောနေတာက ခဏထွက်သွားပေးဖို့ပါ.."

"မင်းနဲ့စကားပြောဖို့ ကြိုးစားနေတာ ငါးရက်ရှိပြီ..အဲ့ဒီတော့ မြ ဝတ်လိုက်.."

ပြောပြီး မွေ့ရာပေါ်မှာ နောက်ပြန်လှည့်ထိုင်လိုက်ပြီး.. ၊

"လုံးဝမထွက်သွားဘူး..ပြီးရင် မောင်ရှင်းပြတာကို.."

ပြောနေရင်း မျက်လုံးထောင့်မှာ လှုပ်ရှားသွားသည့်အရိပ်ကို လိုက်ကာ.. ၊

"ဟော့.."

"ဟင့်အင်း..ဖယ်.."

အပြာက တံခါးကိုပြေးဖွင့်ခြင်းဖြစ်ကာ ခြံကသူ့ထက်အရင် တံခါး နားရောက်သွားပြီး လက်ကိုင်ဘုကို သူပဲအရင်ကိုင်မိ၏။ အပြာကလည်း

www.burmeseclassic.com

www.burmeseclassic.com



ခီအရကိုင်ဖို့ ကြိုးစားတာမို့ သူ့လက်ပေါ်ကနေ ထပ်ကိုင်မိပြီးဖြစ်ကာ..၊

"မောင်နော်.."

လက်ကိုပြန်ခွာပြီး ကိုယ့်ကိုက စောင်ကိုတင်းတင်းပြန်ဆွဲ၍ နောက်ဆုတ်လိုက်ရင်း.. ၊

"ဘာလုပ်တာလဲ..ဖယ်ပေး.."

ထိုင်နေတုန်းကအကောင်း ထသွားမှကျိုး ဆိုသလိုဖြစ်ရသည်။ သူ ထရာနိုင်းနေတုန်း ထွက်ပြေးဖို့ပြင်ကာမှ လူချင်းနီးကပ်သွားရကာ သူမ ရင်ဘက်ပေပြေပြေနှင့် ပခုံးသားလေးတွေကို ခြံကစိုက်ကြည့်လျက်.. ၊

"မောင့်ကိုခွင့်မလွှတ်သေးဘူးလားအပြာ..လက်ထပ်ပြီးကာမှ ပိုဝေးသွားသလိုပဲ၊ မောင်က ဘယ်လောက်ထိ ငုတ်တုတ်မေ့နေရမှာလဲ.."

အပြာ နောက်ကိုမသိမသာနောက်ဆုတ်ရင်း.. ၊

"မောင့်ကို အပြာပြောခဲ့ပြီးသား.."

လို့ အေးစက်စက်လေးပြော၍ ဖျတ်ခနဲ နောက်လှည့်ပြေး၏။ ခြံက ည်းသိပြီးသားမို့ သူမကိုယ်လေးကိုနောက်ကနေ သိမ်းပွေ့ထားလိုက်ကာ

"မောင်ထပ် မစောင့်နိုင်တော့ဘူး.."

"မောင်နော်..မလုပ်နဲ့၊ ဟင့်အင်း.."

ဘယ်လိုရုန်းလို့မှမရဘဲ ခြံမျက်နှာက သူမရဲ့ပခုံးသားလေးတွေပေါ် ထိကပ်နမ်းရှိုက်နေရင်း.. ၊

"အခု..ဟန်နီ့အဖွား အသည်းအသန်ဖြစ်နေလို့ မောင်ကကိုယ့်ကိစ္စ တွက် ပြဿနာမရှာချင်လို့ပါ..မင်းမယုံရင် ဟန်နီ့ကိုခေါ်ပြီး မောင်ရှင်းပြ းလို့ရတယ်.."

"ဟင့်အင်း...အဲ့ဒါလည်း ခုမှမဟုတ်တာ၊ အပြာ့ရင်ထဲက သံသယမ းဘဲ မောင်နဲ့အတူမနေနိုင်ဘူး.."

"မရဘူးကွာ..မင်းရက်စက်နိုင်ပေမယ့် မောင်မနေနိုင်ဘူး.."

အနမ်းတွေက ရိုင်းလာသည်။ ပြီးတော့ ခြံက တစ်ဆင့်တက်ဖို့ကြိုး လျှင်.. ၊

"မောင်က အဲ့ဒီလိုလူစားမျိုး မဟုတ်ဘူးလို့ အပြာယုံခဲ့တာ.."

ဖရိုဖရဲရုန်းဖယ်နေရသည့် အခြေအနေက ဒီတိုင်းနဲ့ရပ်တန့်သွားခဲ့ ည်။ အပြာက သူ့လက်ကိုဖယ်ချပစ်လိုက်သည်။ ပြီးတော့.. ၊

"အပြာမကြည်ဖြူဘဲ အနိုင်ယူမယ်ဆိုရင် မောင်ဘာဖြစ်သွားမလဲ.."

ခြံမျက်နှာ နီမြန်းသွားသည်။ အတင်းအကျပ် ပွေ့ပိုက်ထားသည် မ ကိုယ်ကို လွှတ်ပေးလိုက်ရင်း.. ၊

"ပြောစမ်းပါ..မောင်က မုဒိန်းကောင်လား၊ တဏှာရူးလား မင်းဘယ် မြင်သလဲ.."

"မောင်က အပြာချစ်ရတဲ့သူပါ.."

ခြံ နှုတ်ခမ်းမှာမဲ့ပြုံးတစ်ချက်ဖြစ်၏။

"ပြီးတော့ မောင့်ကိုချစ်ခဲ့တာ ဘာမက်မောမှုမှမပါဘူး..မက်လည်း

www.burmeseclassic.com

www.burmeseclassic.com


မမက်ဘူး၊ အဲ့ဒါကြောင့် အပြာမောင့်ရဲ့အချစ်ကိုမှ မရရင် မောင့်အ[illegible] အယောင်တွေနဲ့ ဘယ်လိုရာထူးပဲရနေပါစေ အဲ့ဒါတွေကို ခွာချပစ်ခဲ့[illegible] အပြာဒီတိုင်းပဲ ထွက်သွားမယ်.."

"မင်း ဘာတွေဖြစ်နေတာလဲ..မောင်က ဘာတွေဖြစ်နေလို့ ကွဲဖို့[illegible] ဖို့တွေ ထည့်ပြောနေတာလဲ.."

"မောင့်ကိုမောင် ဘာမှမဖြစ်ဘူးလို့ ထင်နေသရွေ့ အပြာကအဖြ[illegible] နေတယ်လို့ပဲ မောင်ထင်မှာ..အဲ့ဒါ ဟုတ်လားမဟုတ်လား အပြာသက်[illegible] ပြမှာပါ.."

"ဟုတ်လား..ပြောပါဦး၊ ဘယ်လိုတွေ ရုပ်ရှင်ရိုက်ဖို့ရှိသေးလဲ.."

"ရုပ်ရှင်ရိုက်ပြသွားတာ မောင်ပါ..အပြာ ယုံတောင်မယုံနိုင်[illegible] အပြာမယုံသလို အားလုံးလည်း ယုံမှာမဟုတ်ဘူး..အဲ့ဒါကြောင့် [illegible] စောင့်နေတာ တကယ်နစ်နာသွားတယ်ဆိုရင် အဲ့ဒီမိန်းကလေးက တစ်[illegible] ချိန်မှာ ပွင့်အံလာမှာပဲ..အဲ့ဒီအချိန်မှာ အပြာဒီအိမ်ကနေ လက်ချည်းပဲထွ[illegible] သွားမှာ.."

"တောက်.."

"မုန့်ကိုဖြစ်ဖြစ် အချစ်ကိုဖြစ်ဖြစ် အပြာကတော့ ကိုယ်နစ်သက်[illegible] တာ ဘာကိုမှ သူများကိုတစ်ဝက်ဖဲ့မပေးနိုင်ဘူး..မောင်က ဟိုတစ်ဖက်[illegible] သာယာနေပြီဆိုရင်.."

"မင်း တော်တော့.."

အပြာ့ ပခုံးလေးနှစ်ဖက်ကို သူဆွဲခါပစ်လိုက်လျှင် သိမ်းတင်[illegible] သည့် ဆံပင်တွေအထွေးလိုက် ပြေကျလာ၏။ ဆံနွယ်တို့သည် ပါးရိုး[illegible] နှစ်ဖက်ကနေ ရင်ဘက်တစ်ခြမ်းစီမှာ ပြန့်ဝဲကျသွားကာ အုံ့ပြထိတ်[illegible] သွားသည့် မျက်ဝန်းလေးတွေက သူ့မျက်ဝန်းတို့နှင့် ဆုံဆည်းနေခဲ့လျှ[illegible]

"လုပ်လေ..မောင်သည်းမခံနိုင်ဘူးမလား၊ အပြာက ပြောရုံပဲပြေ[illegible] တာပါမောင်ရဲ့..မောင်တို့နှစ်ယောက် အခန်းထဲမှာ ဘာတွေဖြစ်နေမှန်း[illegible] သိတဲ့ အသံတွေကို ဒီနားနဲ့အကုန်ကြားနေခဲ့ရတာ ဒီရင်ထဲမှာဘယ်လို[illegible] နေလဲ သိရဲ့လား..မောင်သိရဲ့လား.."

အပြာ ရှိုက်ငိုရင်း သူ့ရင်ဘက်ကိုအတင်း ထုနက်နေလေသည်[illegible] ခြ် အပြာကိုယ်လေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်မိကာ.. ၊

"ဆောရီးပါ..မောင်စိတ်တိုသွားလို့ပါ၊ ဆောရီး.."

"စိတ်တိုပါ..မောင်တိုခွင့်ရှိတယ်၊ အပြာကကျတော့ ဝမရှိဘဲ ဝိ[illegible] နေတဲ့သူ၊ ပြဿနာရှာပြီး မောင့်ကိုစိတ်ဒုက္ခပေးနေတာ.."

"မဟုတ်ရပါဘူးကွာ..မောင်စိတ်တိုတာ အဲ့လိုတွေမပါဘူး၊ မော[illegible] ရှင်းပြခွင့်တောင် မပေးဘဲနဲ့.."

"မောင် မရှင်းနိုင်ပါဘူး..အပြာလည်း မပြတ်သားနိုင်ဘူး၊ အဲ့[illegible] ကြောင့်အပြာတို့ ဒီကာလမှာ ကင်းကင်းနေချင်တယ်..မောင်ဘယ်လို အ[illegible] အနေထိ ကျူးလွန်ခဲ့သလဲဆိုတာ အဖြေပေါ်တဲ့အချိန်မှာ အပြာ့မှာလည်[illegible]

www.burmeseclassic.com

www.burmeseclassic.com


ဘာ်ရခက်တဲ့ သံယောဇဉ်တွေရှိနေရင် အပြာဘာလုပ်ရမှာလဲ.."

"ဘာလဲ..မောင့်ကို အဲ့လောက်တောင်ယုံကြည်မပေးနိုင်ဘူးလား၊ ဘင်နဲ့ပတ်သက်တဲ့အဖြေဆိုတာ ဘာကိုပြောနေတာလဲ..."

"ဘာကိုလဲလို့မောင်မေးတိုင်း အပြာမဖြေတာ တစ်ဖက်ကမိန်းက ဘား နစ်နာသွားမှာစိုးလို့မောင်.."

"မောင် ဘာမှမဟုတ်ဘဲနဲ့ လူယုတ်မာလိုစည်းခြားခံနေရတာကျ ဘော့ ဘာမှ မနစ်နာဘူးပေါ့..မင်းကိုမြင်နေရပြီး မောင်သပ်သပ်ခွဲနေရတဲ့ ဘွက ဘာမှမဟုတ်ဘူးလား..ပြောလေကွာ.."

အပြာ ငိုနေရင်း ခေါင်းတွင်တွင်ခါနေသည်။ ပြီးတော့.. ၊

"မသိဘူး...ဒါပေမယ့် အပြာသေချာခံစားမိနေတယ်၊ အဲဒီညက ဘင် တစ်ခုခုဖြစ်ခဲ့တယ်.."

"လုံးဝမဖြစ်နိုင်ဘူး.."

"ဖြစ်တယ်..မောင် တစ်ခုခုကိုတမ်းတနေတယ်.."

"အဲ့ဒါမင်းကိုပဲ..မင်းမဟုတ်ဘဲ ဘယ်မိန်းမကိုမှ မောင်တမ်းတဖို့မရှိ ဘူး ဒီမှာအပြာ မောင် မင်းကို အရမ်းချစ်တယ်..အဲ့ဒါကြောင့် လက်ထပ် ခဲ့တာ၊ မောင်ခေါင်းတစ်ချက်ညိတ်လိုက်ရုံနဲ့ တခြားတစ်ယောက်ယောက် အေးဆေးလက်ထပ်လို့ရပေမယ့် မင်းကိုရဖို့ မောင်အများကြီး ရင်ဆိုင်ခဲ့ရ ဘာ နည်းနည်းလောက် တွေးကြည့်စမ်းပါ.."

အပြာ့ မျက်ဝန်းလေးတွေ သူ့မျက်လုံးထဲကို ငေးလာခဲ့သည်။ မျက် ည်တွေ လှုပ်လီလှုပ်လဲ့ ဝေ့သီလျက် နီမြန်းနေသောနှုတ်ခမ်းသားလေး ဘွက ကတုန်ကယင် ပွင့်ဟနေခဲ့၏။ ပြီးတော့.. ၊

"အပြာ့ကိုတမ်းတနေတုန်း မူးနေတဲ့မောင့်ရင်ခွင်ထဲမှာ တခြားတစ် ယောက် ရှိနေခဲ့ရင်.."

"ဘယ်မိန်းမနဲ့မှ မောင်မမှားနိုင်ဘူး.."

ပြောပြီး အပြာ့နှုတ်ခမ်းလေးကို နမ်းဖို့ငုံ့လာ၏။ အပြာမျက်နှာလွှဲပစ် ချင် သူ့နှုတ်ကပ်လိုက်ရင်း.. ၊

"ဘာလို့ပြောနိုင်လဲသိလား..အရက်မူးနေပေမယ့် အချစ်မမူးဘူး.."

သူ အပြာ့ကိုယ်လေးကို အတင်းအကျပ် သိမ်းပိုက်ထားရင်း အနမ်း ားနှင့် မေ့မူးမိ၏။ ထိုစဉ်အပြင်မှာ အဝင်းအသံနှင့်အတူ တံခါးခေါက်သံ ခါလာကာ.. ၊

"သမီးရေ..အပြာ.."

"......... ......

"ပုဇွန်သုပ်ဖို့ ဒေါ်ဝင်းဘာလုပ်ထားပေးရမလဲ..သမီး ရေချိုးပြီးပြီ ဘား.."

တံ့ပြန်သံကို စောင့်နေပေမယ့် အခန်းကတိတ်ဆိတ်နေခဲ့ချင်.. ၊

"အပြာ ရေချိုးပြီး အိပ်များနေလား.."

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၃)

အပြာ လက်ပ်တော့ပ်တစ်လုံးနှင့် အလုပ်ရှုပ်နေလျှင် ခြကလာ
ကြည့်ကာ.. ।

"ဟာ..ညဦးက ပိုးထည်ဆိုင်ကစာရင်းအင်းတွေ၊ အခုအဆောက်အ
ဦး ပုံကြမ်းဖြစ်သွားပြန်ပြီ.."

"ဟုတ်တယ်..အပြာ ဂျပန်ကုမ္ပဏီက ချိတ်ပိတ်တင်ဒါအတွက် အ
ရွေးခံဖို့ ကြိုးစားနေတာ.."

"အဲ့ဒါ အဲ့ဒီပုံကြမ်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ..အပြာက လုပ်
ကွာ၊ ခုမှ မောင်တို့ဟန်းနီးမွန်းတောင် မထွက်ရသေးဘူး..ဘာဖြစ်လို့တ
ချက်မှ မနားဘဲ အလုပ်တွေဖိလုပ်နေတာလဲ.."

အပြာက မျက်နှာလေးတည်နေကာ ဆံပင်တွေကိုဖြစ်သလို လိမ်
ပတ်တင်ထား၏။ ညဝတ်အကျီလည်ဟိုက်အပျော့သား ပွပွလေးနှင့်
မျက်နှာလေးကလည်း အပြောင်သားရှိလျက်.. ।

ဒါပေမယ့် မီးရောင်အောက်မှာ သူမမျက်ခုံးတန်းလေးတွေ စိမ်းညို့
နေသည်။ မျက်တောင်တွေက ရှည်လျားကော့ပျံနေတာတော့ မဟုတ်ပေ
မယ့် ထူပိတ်နက်မှောင်နေသဖြင့် ထင်းနေ၏။

ခြကဘေးမှာခုံဆွဲထိုင်လိုက်ပြီး.. ।

"အပြာ.."

"ဟင်.."

"မောင့်ကို စိတ်ဆိုးနေတာလား.."

"ဘာအတွက်လဲ.."

"မျက်နှာကြီးကလည်းကွာ..စကားပြောရတာ ကျောက်ခဲရေညှစ်နေ
ရသလိုပဲ.."

သူ့ရှုံ့မဲ့ညည်းတွားနေတာလည်း အပြာကလှည့်မကြည့်၊ မောက်စ်မှာ
တင်ထားသည့် လက်လေးပေါ်မှာ သူထပ်ဆုပ်ကိုင်လိုက်ပြီး.. ।

"မောင်နဲ့အပြင်လိုက်ခဲ့.."

ထိုအခါကျမှ လှည့်ကြည့်ကာ ကိုင်ထားသည့်လက်ကိုလည်း ရုန်း
ထွက်လိုက်၏။

"ဒီမှာအလုပ်တွေ ရှုပ်နေတာမြင်ရဲ့သားနဲ့မောင်.."

"ဘယ်သူကရှုပ်ခိုင်းနေလို့လဲ.. မောင်တို့လက်ထပ်ထားတာ တစ်
ပတ်တောင် မပြည့်သေးဘူး၊ အဲ့ထဲမှာမှ မင်းကိုမောင်ပိုင်ဆိုင်ခွင့်ရတာ
နှစ်ဆယ့်လေးနာရီ မပြည့်ဘူးနော်.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့.."

"ဒါ အလုပ်လုပ်ရမယ့် အချိန်မှမဟုတ်ဘဲ.."

"မောင် အဲ့လိုထင်ရင် လွတ်လွတ်လပ်လပ်နေလေ..အပြာကတော့ ...ရမှာပဲ.."

"မောင် လွတ်လွတ်လပ်လပ်နေချင်တာလည်း မင်းနဲ့ပဲဖြစ်နေလို့ ...နေတာလေ.."

"အပြာကတော့ မနားတမ်းအလုပ်လုပ်နေချင်တယ်..စိတ်လွတ်လပ် ...တာနဲ့ ဆင်းရဲစရာတွေပဲ ရောက်ရောက်လာလို့.."

"အပြာ.."

ခြံက အနားကပ်ကာ ပခုံးချင်းဖိကပ်ထားလိုက်၏။

"မောင့်ကို စိတ်ဆိုးနေတာလား.."

အပြာက မျက်နှာလွှဲပြီး ထိုင်ရာကထဖို့ ပြင်၏။ ခြံက ခါးကိုသိမ်း ...ထားလိုက်ကာ.. ၊

"ပြောလေကွာ..မောင်ညက.."

"ဖယ်ပါမောင်..အပြာလွတ်လွတ်လပ်လပ် နေပါရစေ.."

"ဟုတ်ပြီနေရမယ်..မောင့်ကိုစိတ်ဆိုးနေလား၊ အဲ့ဒါပဲဖြေ.."

မေးပြီး နားသယ်စပ်လေးကို ဖျတ်ကနဲ ကပ်နမ်းလိုက်၏။ အပြာက ...က်နှာလွှဲပစ်လိုက်ရင်း.. ၊

"စိတ်ဆိုးဆိုးမဆိုးဆိုး အပြာကမောင့်မိန်းမပဲ..မောင်ပိုင်ပါတယ်.."

"ဘာ.."

"အခု အပြာဘာလုပ်ပေးရမလဲ..မောင်ဖြစ်စေချင်တာပဲ ပြောပါ.."

"ဘယ်လိုပြောလိုက်တာလဲအပြာ..မောင်က ကိုယ်ချစ်လို့ယူထားတဲ့ ...န်းမကို ကြင်နာလို့မရဘူးလား၊ အဲ့ဒါ အနိုင်ကျင့်သလိုဖြစ်သွားတာလား.. ...င်းကို မောင်ကပိုင်တယ်ဆိုရင် မင်းကရော မောင့်ကိုမပိုင်ဘူးလား.."

"အဲ့ဒါမသိဘူး..မောင်ကထင်သလို လုပ်ခွင့်ရှိတယ်၊ အပြာဘာမှ.."

"ပြောပါဦး..မင်းဘာလုပ်ချင်သေးလို့လဲ.."

အပြာက သူ့ကိုပြန်လှည့်ကြည့်သည်။ ပြီးတော့ ကိုင်ထားသည့် ...ကို ဖယ်ချလိုက်ကာ ထရပ်လိုက်၏။

"အဲ့ဒါလည်း မသိဘူး..မောင့်အသံကိုကြားရတိုင်း အသံနှစ်သံရော ...ထွေးနေတယ်၊ မောင်ပြောနေတာ ကိုယ့်ကိုလား..အခြားတစ်ယောက်ကို ...ထားဆိုတာ.."

"တောက်.."

"မောင်အပြာ့ကို တက်မခေါက်ပါနဲ့.."

"ဒါဆို ဘာလုပ်ရမလဲ..မင်းအဲ့လိုခံစားရတာ မျက်ရည်ကျသွားရင် ...သက်သာလား၊ မောင်ကတော့ မင်းဆီက အဲ့ဒီစကားတွေကြားရတိုင်း ...နေမရ ထိုင်မရ ကြာရင်ရူးသွားနိုင်တယ်..မင်းနားလည်လား.."

ပြောနေရင်း သူအပြာ့ဘေးကို ရောက်လာကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"မရဘူး..အခု လိုက်ခဲ့.."

လက်ကို ဖျတ်ခနဲဆွဲကိုင်လိုက်လျှင်.. ၊

"ဘယ်ကိုလဲ.."

"ဟန်နီ့ဆီသွားမယ်..အခု မင်းရှေ့မှာ မောင်မေးပြမယ်.."

"ဘာပြောတယ်မောင်.."

အပြာက လက်ဆောင့်ရုန်းလိုက်ကာ ခြံမျက်နှာရှေ့မှာ လှည့်ရပ်လိုက်သည်။ ပြီးတော့ ထပ်ဝတ်ထားသည့် ခြံ့ရဲ့အနီရဲရဲ ကုတ်အင်္ကျီစနှစ်ဖက်ကို ဆုပ်ဆွဲကိုင်လိုက်ပြီး.. ၊

"ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိဘဲနဲ့ မိန်းကလေးတစ်ယောက်ကို သွားမေးမယ်ဟုတ်လား..ပြောပါဦး ဘယ်လိုမေးမှာလဲ၊ ဟိုက ခေါင်းညိတ်စေချင်ရင် ဘယ်လိုမေးခွန်းလဲ..ခေါင်းခါစေချင်ရင် ဘယ်လိုမေးမှာလဲ.."

ခြံ့က အပြာ့လက်ကို ဆုပ်ကိုင်ပြီးမှ အသာလေးဖယ်ချပစ်ကာ..

"စိတ်ချ..သူမဖြေရဲအောင် မေးခွန်းနဲ့မပိတ်ဘူး၊ မင်းရှေ့မှာပဲ မောင်မှားခဲ့ရင် တာဝန်ယူဖို့ပြောပေးမှာ..သူခေါင်းညိတ်လိုက်တာနဲ့ မင်းဖြစ်စေချင်တဲ့အတိုင်း မင်းရဲ့လက်ကိုဖြုတ်ပြီး သူ့လက်ကို မောင်ဆွဲခေါ်သွားပေးမယ်.."

ပြောပြီးတာနှင့် နောက်တစ်လှမ်းဆုတ်ရပ်၏။ ပြီးမှ.. ၊

"မင်းအဆင်သင့်ဖြစ်ရင် ထွက်လာခဲ့.."

ခြံမျက်နှာ နီရဲတင်းမာနေကာ ချာခနဲလှည့်ထွက်သွား၏။

ဘယ်လိုလဲ အပြာ.. ၊

ညည်းအဲ့လို ဖြစ်စေချင်တာ မဟုတ်ဘူးလား..အဲ့ဒီအဖြေကိုပဲ သိချင်နေတာမို့လား ၊ လိုက်သွားလိုက်တော့.. ၊

ဟင့်အင်း.. ၊

အပြာ မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ ပြီးတော့ ခုံပေါ်မှာ ပြန်ထိုင်၍ စားပွဲပေါ်လက်တင်ပြီး ရှေ့မှာအပ်ကာ.. ၊

"ဟင့်အင်း.."

နှုတ်မှရေရွတ်ရင်း ခေါင်းခါရင်း ရှိုက်ငိုမိလေသည်။

အပြာ..

သူမကိုယ့်ရှိုက်သံနဲ့ကိုယ် လုံးထွေးနေမိဆဲ ဒေါ်မင်းမာလာရောက်လာ၏။

"အန်တီ.."

မျက်ရည်တွေကို ကမန်းကတန်းသုတ်ပစ်မိသော်လည်း စိုက်ကြည့်နေသည့် မျက်ဝန်းတွေက အလုံးစုံသိပြီးဖြစ်ကြောင်း ဖော်ပြနေ၏။ အပြာနေရာမှ ထရပ်လိုက်ရင်း.. ၊

"သမီး စာရင်းတွေပြီးသွားပြီ.."

"သားနဲ့ ဘာတွေဖြစ်နေတာလဲ.."

www.burmeseclassic.com

www.burmeseclassic.com


မဆိုင်သည့်မေးခွန်းကို ဖြတ်မေးလိုက်ပြီး ခပ်ဖွဖွလက်ပိုက်၍.. ။

"ဝင်မပါတော့ဘူးလို့ နေတာပါ..ဒါပေမယ့် မင်းတို့အခြေအနေကို လူတွေသိရင် ကြားလို့မကောင်းဘူး၊ နောက်ပြီး ဒီကိစ္စအကယ်၍မဟုတ်ခဲ့ရင် အိမ်မှာ နားတပ္ပပ္ပလုပ်နေတဲ့ မင်းကြောင့် လင်ယောကျ်ားဖြစ်သူက အဲ့ဒီသံသယလမ်းကြောင်းအတိုင်း စုန်ဆင်းသွားလိမ့်မယ်.."

ဟင်.. ။

အပြာ ငေးငိုင်သွားခဲ့လျက်.. ။

"အန်တီ သိနေတာလားဟင်.."

"မသိလို့ နေနေတယ်ထင်လို့လား.."

အပြာ မျက်လွှာလေးချသွားမိကာ.. ။

"သမီး.."

"အိမ်ထောင်ပြုသင့်နေတဲ့ အရွယ်တွေမို့လို့ လက်ထပ်ထိမ်းမြားခဲ့ပြီး ဦးမင်းမှာ ဆုံးဖြတ်နိုင်တဲ့အသိရှိပါတယ်၊ ငါ့အိမ်ပေါ်မှာပဲနေနေတဲ့အတွက် ငါ့သား ငါ့အရိပ်ဆိုတဲ့ မာန်မာနနဲ့ ငါဘယ်တော့မှ မဆုံးဖြတ်ဘူး..ခုကိစ္စမှာ ဘယ်သူမှားတယ် မှန်တယ်ဆိုတာ မင်းတို့ကိုယ်တိုင်သိစေချင်လို့ တမင်ဝင်မပါခဲ့တာပဲ.."

ပြောပြီး လက်ပိုက်ကိုဖြေ၍ သူမရှေ့မှာပဲ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းလောက် လျှောက်နေပြီး.. ။

"အိမ်ထောင်ရေးဘယ်လောက် အရေးကြီးသလဲဆိုတာ မင်းဘဝနဲ့ရင်းပြီး ထပ်သိဖို့ကြိုးစားမယ်ဆိုရင်တော့ သဘောပဲ.."

"ဟုတ်ကဲ့ပါ..သမီး.."

"အဲ့ဒါကို မင်းဆုံးဖြတ်ရမယ့်အပိုင်းလို့ ထားလိုက်ပါ..အခု ငါပြောချင်တာက အန်တီလို့ခေါ်နေတဲ့ မင်းရဲ့အခေါ်အဝေါ်က ရိုင်းနေတယ်.."

အပြာနဲ့ဒေါ်မင်းမာလာ မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ ဒေါ်မင်းမာလာက ဘာမှထပ်မပြောတော့ဘဲ လှည့်ပြန်သွားလေသည်။ အတုန်းက သူမဘာဖြစ်လို့ ရှိုက်ငိုနေခဲ့တာလဲ.. ။

မောင်တကယ်ပဲ ဟန်နီ့လက်ကိုဆွဲပြီး ထွက်သွားခဲ့ရင် သူမပြုံးပြုံးသား ကျန်ခဲ့နိုင်သလား.. ၊ တကယ်ပဲ သူမက အိမ်ပူတတ်တဲ့ ဇနီးမယားဖြစ်နေခဲ့တာလား.. ။

အလိုအလျှောက်ပေါ်လာသည့် မေးခွန်းတွေမှာ အဖြေကမရှိ။ အပြင် ဒေါ်မင်းမာလာပြောသွားခဲ့သည်။ အိမ်ထောင်ရေးကို ဘဝနဲ့ရင်းပြီး ထပ်သိဖို့ မကြိုးစားသင့်ဘူး..တဲ့.. ။

သူ့သားနဲ့မသင့်မြတ်နေမှန်း ဒေါ်မင်းမာလာသိနေခဲ့သည်။ ဘာကြောင့်ဆိုတာလည်း သိနေခဲ့၏။ ဒါနဲ့တောင် သည်းခံပြီး တိတ်တိတ်သိတ်သိတ် ကြည့်နေခဲ့သည်။

သားဘက်က မလိုက်ဘူးဆိုပေမယ့် သူ့သားစိတ်တိုင်းပါသထွက်ခဲ့တာတွေကို မိခင်တစ်ယောက်အနေနဲ့ ကျေနပ်နေနိုင်ပါ့မလား.. ။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ခုချိန်ထိ သူမကိုအပြစ်တင် မောင်းမဲမှုမပြုခဲ့ပေ.. ၊
အားလုံးထဲမှာ သူမပဲ မှားနေခဲ့တာလား.. ၊

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၄)

"ဟန်နီ ကိုယ့်ဘာသာ ရေငုံနှုတ်ပိတ်နေမလို့ပါပဲ..ဒါပေမယ့် ဒီလေးက မေးနေတော့.."

သူမ မျက်လုံးတွေကမှုံပြုံးနှင့်အတူ အပြာ့ထံရောက်လာသည်။ အပြာ မျက်လုံးအဝိုင်းသားနှင့်ငေးကြည့်ရင်း ရင်ခုန်သံတွေမြန်လာခဲ့သည်။ ပြီးတော့ လက်ကို ဆုပ်ကိုင်ထားသည့် မောင့်လက်ကို ထပ်ဆုပ်ကိုင်ထားလိုက်မိ၏။

ဟန်နီ ဘာဖြေတော့မှာကို သိလိုက်သည်နှင့် မောင့်ကိုဆုံးရှုံးမခံနိုင်ခြင်းသည် ကိုင်ထားသည့်လက်ကို မောင်လွှတ်ချလိုက်တာနှင့် သူမပုံလဲသွားတော့မတတ် တုန်လှုပ်ပြာမိုက်လာခဲ့လျက်.. ၊

"ဟင့်အင်း..ဟင့်အင်း မဖြေနဲ့၊ မဖြေနဲ့.."

အပြာ မောင့်လက်ကိုဆွဲ၍ နောက်ကိုကမန်းကတန်း ဆုတ်ပြေးမိချင်.. ၊

ဟင်.. ၊

ညက တိတ်ဆိတ်နေသည်။ အဖြူရောင်အခန်းက ညအိပ်မီးလုံးကြောင့် ပြာလဲ့လဲ့အရောင်ထနေသည်။ ထိုအခါ ဘေးမှာဒရင်းဘက်ဒ်နှင့် မောင်က လက်လိုက်လျက် အိပ်ပျော်နေ၏။

မောင်.. ၊

အပြာ့ရင်ထဲမှာ ဆွေးသွားသည်။ မျက်ရည်လက်စနှင့် ပါးပြင်ကိုကသောင်ကတမ်း ပွတ်လိုက်မိရင်း အိမ်မက်မက်နေသည့်အတိုင်း မျက်ရည်တွေ အခန်းဆက်ရှည် ပိုတာစုလာသည်။ ထိန်းနေရင်း ပိုးပိုးပေါက်ပေါက်လာခဲ့လျက် အင့်ခနဲရှိုက်မိလေသည်။ သူမရှိုက်သံကြောင့် ခြဲ့မျက်လုံးတွေ ပွင့်လာ၏။

"အပြာ.."

သူ ချက်ချင်းထရပ်လိုက်မိကာ.. ၊

"ဘာဖြစ်လို့လဲ..မင်းအလုပ်စားပွဲမှာ မှောက်ရင်းအိပ်ပျော်နေတာမြင်လို့ မောင်ပွေ့ခေါ်လာခဲ့တာ..မင်းကိုမောင် ဘာမှမလုပ်ဘူး.."

အပြာက ခေါင်းခါရင်း ငိုနေဆဲရှိနေလျက် သူထရပ်လိုက်ကာ.. ၊

"မင်းငိုထားမှန်းသိလို့ စိတ်မချလို့ ထိုင်ကြည့်နေတာပါ..မောင်အပြင်ထွက်အိပ်မယ်.."

သူက ခေါင်းအုံးကောက်ယူပြီး အပြင်ထွက်သွား၏။

"မောင်.."

www.burmeseclassic.com

www.burmeseclassic.com



အပြာမွှေ့ရာပေါ်က ဆင်းလိုက်ပြီး မောင့်ကိုပြေးဖက်ထားလို
၏။ ပြီးတော့ မောင့်ကျောပြင်မှာ ပါးလေးဖိကပ်ထားရင်း.. ။

"မောင့်ကို အပြာအရမ်းချစ်တယ်..အပြာလောဘကြီးနေမိတာ
မောင်ရယ်.. မောင့်ကိုသဝန်တိုနေမိလို့ပါ.."

ခြ့်က သူမဘက်ကိုလှည့်လာသည်။ ပြီးတော့ မျက်နှာလေးကို
စေပြီး မျက်ရည်တွေကို သုတ်ပေး၏။

"မောင်လည်း မင်းကလွဲပြီး ဘယ်မိန်းမကိုမှ ရင်ခုန်ဖို့ကြိုးစား
သူ မဟုတ်ဘူးအပြာ..အချစ်ကြောင့်ဖြစ်လာတဲ့ ရင်ခုန်သံကိုလည်း ကြိုး
မွေးမြူလို့ မရဘူး.."

"အပြာ့ကို မောင်စိတ်ပျက်နေပြီလားဟင်.."

ခြ့်က ရယ်လိုက်ရင်း ခေါင်းခါပြကာ.. ။

"မင်းမောင့်ကို တကယ်စိတ်ပျက်သွားတာလားလို့ တွေးပြီးရှုးချင်
တာ..ရှင်းပြတာလည်း လက်မခံတော့ ဘာလုပ်ရမှန်းမသိတော့ဘူးလေ

အပြာ ခြ့်ရင်ခွင်ထဲ တိုးဝင်ပြီးဖက်ထားလိုက်မိသည်။ ခြ့်က ပြန်
ထားရင်း ပါးချင်းကပ်၍.. ။

"မောင့်ကို အရင်လိုပြန်ချစ်သွားပြီလားဟင်.."

"ပိုချစ်သွားတာ.."

"အဟွန်း..ဒါဆို ခုမှခုနှစ်နာရီပဲရှိသေးတယ်၊ မောင်တို့မင်္ဂလာဦး
မိသေးတယ်ကွ.."

"သွားပါ..ဟုတ်လည်း မဟုတ်ဘဲနဲ့.."

"ဘာကို မဟုတ်တာလဲ.."

"မနေ့တည်းက မောင်လူလည်ကျခဲ့တာ.."

ခြ့်ကိုရယ်လိုက်ပြီး နဖူးလေးကိုနမ်းကာ.. ။

"အဲ့ဒါက မဆိုင်ဘူး..မောင်က အတင်းစားမြတိုက်သိမ်းပိုက်ခဲ့ရတာ
တကယ့် မင်္ဂလာဦးက မင်းကြည်ဖြူမှ.."

"သွား.."

ဒီအနမ်းတွေကျမှ အပြာ့ရင်ခုန်သံတွေ ပြောင်းဆန်လာခဲ့တာဖြစ်
သည်။

မောင်ပြောသလိုပါပဲ.. ။

အချစ်ဖြင့် အပ်နှင်းသော မင်္ဂလာဦးည၏ ကြည်နူးချမ်းမြေ့ခြင်း
သည်.. ။

➢ ➢ ➢ ➢

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၅)

"ဟား..စားမယ့်သောက်မယ့်သူတွေက ကြိုရောက်နေတာပဲ.."

အပြာ့ကိုလက်ဆွဲ၍ ခြံက ကော်ဖီဆိုင်ထဲဝင်သည်။ ကျော်ရဲတို့အုပ်စု စားစရာတွေမှာထားပြီးဖြစ်ကာ သူတို့ဝင်လာတော့ နေရာတွေ ရွှေ့ပြီး ဖယ်ပေးကြကာ.. ၊

"မင်းဘယ်တုန်းက သူများထက်စောပြီး ရောက်ဖူးလို့လဲ..ဦးအောင် ပြောတယ် ကြားလို့မကောင်း.."

"အေးလေ..နောက်ထွက်မင်းသားက.."

ပြောနေကြရင်း အပြာ့ကိုပြုံးပြကြသည်။ အပြာက ဖဲဒါရောင်ပိုး မြန်မာဝတ်စုံနှင့် ဆံပင်ကိုဒီတိုင်းချထားပေမယ့် နဖူးလေးကနေ ချစ်ဆံမြိးလေး တွေလုပ်ပြီး သိမ်းတင်ထားသဖြင့် နုနုငယ်ငယ်ချစ်စဖွယ် လေးဖြစ်နေကာ.. ၊

"မောင်က ကော်ဖီမကြိုက်ဘဲနဲ့ ကော်ဖီဆိုင်လေးထဲ ခေါ်လာလို့အံ့ ဩနေတာ..ကိုကျော်ရဲတို့ကတော့ ကော်ဖီကြိုက်တယ်နော်.."

"ဟုတ်တယ်..ဒါပေမယ့် သူ့အကြိုက်တွေပဲ လိုက်နေရတာ ကော်ဖီ တောင်း သိပ်မသောက်ရပါဘူး၊ ခုမှ အားလုံးကိုစုချိန်းပြီး ဒီကောင်က ဘက်သာ ချောင်ရှိရေးရှာနေတာ.."

"အံမာ..စားပွဲအပြည့်မှာထားပြီးတော့ ခွေးကောင်.."

ခြံကပြောတော့ နေလက ဟီးခနဲထရယ်ကာ ဒိုးနတ်တွေကို သူ့ ဘက် ဆွဲယူထားလိုက်ပြီး.. ၊

"ဒီကောင် ဒီကောင်..ကော်ဖီဆိုင်ချိန်းတာ အကျင့်မကောင်းဘူး၊ တန်အောင်မှာထားကြဆိုလို့..အဟဲ ဒါကငါ့ဟာ.."

"ဒါက..ငါ.."

သိုးက ရိန်းဘိုးကိတ်ကို သူ့ဘက်ဆွဲယူပြီး ချိစ်ဘာဂါကို ယူရင်း လေ့မလဲ ရယ်သည်။ ထိုစဉ် ကော်ဖီအေးတွေကို ဝိတ်တာက လာချလိုက်သ ဖြင့်..၊

"အပြာ..ဘာစားမလဲ.."

"ဟင့်အင်း..မောင်စားချင်တာမှာလေ၊ မောင်စားတာပဲ စားမှာပေါ့.."

"ဒါဆို ဒီကောင်စားနေကျ ငါသိတယ်.."

"ဟော့ကောင်.."

"ချိစ်ဆန်းဒဝှေ့ချ်လို့ ပြောမလို့ပါ.."

"ဒါနဲ့ ပြောစရာရှိသေးတယ်.."

www.burmeseclassic.com

www.burmeseclassic.com


နေလက အပြာ့မျက်နှာလေးကို မျက်လုံးစွေကြည့်ပြီး ခပ်တည်တည်နှင့်.. ၊

"မြန်မာဝတ်စုံတွေ သိပ်မဝတ်နဲ့.."

"ဟင်..အပြာ့ကိုလား.."

"ဟော့ကောင် ဟော့ကောင်..အဲ့ဒါမင်းအလုပ်မဟုတ်ဘူး၊ ခြံ လက်သီးပြင်နေပြီ.."

နေလက မဲ့လိုက်ပြီး.. ၊

"စေတနာနဲ့ပြောပြတာ လက်သီးပြင်တော့ ဘာလုပ်ရမှာလဲ..ကောင် သိပ်သဝန်တိုတတ်တာ၊ တော်ကြာ ပြဿနာတက်မှာစိုးလို့.."

"ဆေးထိုးရင် ထိုးတယ်ပေါ့.."

ခြံက ပြောလိုက်ပြီး မျက်စောင်းရှယ်၏။

"ခြံနော်.. မင်းအကြောင်း မင်းထက်ငါပိုသိလို့ ပြောနေတာ.."

"ဟုတ်တယ်..ဆက်ပြောပြလိုက်၊ အတင်းအဖျင်းပါလာရင်တော့ လက်သီးက ပြင်ဆင်နေဖို့ မလိုဘူး.."

"ဟုတ်တယ်..စပရင်လက်သီးလိုမျိုး.."

ကျော်ရဲဝင်ပြောလိုက်တော့ ခြံ့မျက်နှာစပ်ဖြဲဖြဲဖြစ်သွားကာ.. ၊

"မောင် သွားမှာလိုက်မယ်နော်.."

ပြောပြီး ထထွက်သွား၏။ သူတို့တွေက အပြောမပျက်.. ၊

"အပြာ့ကိုမြန်မာဝတ်စုံလေးတွေ အဝတ်များလို့ ဒီကောင်မျက်စိ...သွားတာ.."

"အဲ့ဒီတော့.."

"ဟ..မြန်မာဝတ်စုံက မြန်မာဝတ်စုံပေမယ့် ခုခေတ်ဝတ်နေကြ...မတွေ့ဘူးလား၊ ရင်ဘက်က ဘာမှမပါသလိုလို ကျောမှာအကာအကွယ်...ရှိသလိုလို စကပ်တွေကို အန်တာတိုနဲ့နဲ့လေး ခံဝတ်ကြတာရှိသေး.."

"မင်းဝတ်တုန်းက အန်တာဘယ်လောက်ထည့်လဲ.."

"အဲ့ဒါ မင့်အစ်မသွားမေးလေ.."

"ဟား ဟား ဟား ဟား.."

"သူတောင်းစား.."

ကျော်ရဲက ကော်ဖီမွှေနေရင်း အားပါးတရရယ်နေကာ၊ နေလ...ပစ်ပစ်နှစ်နှစ်ဆဲ၏။

"နေလရာ..မင်းပဲ အတွင်းကျကျနဲ့စပ်နေတာ ဝတ်များဝတ်ဖူးလား...လို့ တွေးမိတာပေါ့၊ မေးကြည့်စမ်းပါ..အပြာနဲ့သိုးရော အဲ့လိုမတွေးမိ...လား.."

သိုးက လက်ကာပြီး လက်ညှိုးပါထိုးကာ.. ၊

"ဆွဲမထည့်နဲ့ ဒီမှာအေးဆေးနေတာ.."

သိုးက အတွေးသမားဖြစ်ကာ ဝါးလုံးကွဲရယ်တာမျိုးလည်းမရှိ...ကြောင့် ပြုံးတူးပြုံတဲပြင်းလိုက်ပြီးမှ မေးဖျားကိုပွတ်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ မမှားဘူးလို့တွေးမိသား.."

"ပြောလိုက်..တွေးမိတာ ပြောလိုက်တော့.."

"ဟုတ်တယ်လေ..မိန်းကလေးတွေက မြန်မာ၀တ်စုံလို့ ခေါင်းစဉ်တပ်ပြီး လည်ပင်းတွေဟိုက်ကြ၊ ပါးပါးလေးတွေနဲ့ဖော်ကြ..ဖော်ကြချင်း ဘာမှမှ မထူးတာ.."

အပြာက ကိုယ့်ရင်ဘက်ကို မလုံမလဲပြန်ဖိထားလိုက်လျှင်.. ၊

"မပါဘူး..နင့်ကိုလုံး၀ မရည်ရွယ်ဘူး၊ လိုရင်းကခုမှလာမှာ နင်ကအဲ့သိတ်တာ မဟုတ်ဘူးလေ..ဘယ်အချိန်ကြည့်ကြည့် ယဉ်တယ်၊ ရိုင်းတာဟာ မဟုတ်ဘဲနဲ့ လှတာမျိုးပေါ့.."

"လာပြီ..ခြံပြန်လှည့်လာပြီး သတ်တော့မယ်၊ သူ့ပစ္စည်းကို.."

သူငယ်ချင်းတွေ စနောက်နေကြသည့်ကြားထဲ အပြာ့စိတ်တွေပါပါလာခဲ့မိ၏။

"မြန်မာ၀တ်စုံက မိန်းကလေးရဲ့အလှကို ပေါ်လွင်စေတယ်လေ..မြန်မာ၀တ်စုံကြောင့် ကိုယ်လုံးလှနေတဲ့ မိန်းကလေးကို အတိုအပြတ်အကွဲတွေ၀တ်ထားတဲ့ ဆက်ဂ်စီဂဲလ်တွေ ဘယ်မီမလဲ.."

"စပြီသိုး..အဲ့ဒီက စတာ.."

သိုးက ကျော်ရဲတို့နောက်နေတာကို ဂရုမစိုက်ဘဲ အပြာ့ကိုပဲရည်ရွယ်ကာ တရင်းတနှီးပြောပြနေလျက်.. ၊

"ခြံက သူ့အမေချပေးတဲ့ ကီးနဲ့နေလာခဲ့တဲ့ ကောင်ဟ..သူ့မျက်လုံးက ရှေ့မကျ နောက်မကျ ကြားကျကျမှာရှိတာ.."

"ငါမှန်းကြည့်ရသလောက်ဆို နားရွယ်ထိပ်နားလောက်ဖြစ်မယ်.."

"မဟုတ်ပါဘူး..နားထင်စပ်လောက်လုပ်ပါ.."

"နေလ..ပြန်စမ်းကြည့်စမ်း၊ ငါတို့ပစ္စည်းတွေ ဘယ်မှာလဲ.."

"တွေ့တယ်..နဖူးအောက်မှာ နေရာမှန်ပဲ.."

"ဒေါက်.."

"အား.."

သိုးက လှည့်မကြည့်ဘဲ ကော်ဖီထဲက ဇွန်းနဲ့ ကျော်ရဲတင်ထားသည့်နက်ဆစ်ပေါ် ခေါက်ထည့်လိုက်၏။ ပြီးတော့.. ၊

"တိတ်တိတ်နေ..လူကြီးတွေ စကားပြောနေတယ်.."

လို့ ပြောလိုက်သေးသည်။ ပြီးမှ.. ၊

"နင့်ကို သူတအားတန်ဖိုးထားတာ ဟန်နီဆိုတာ သူ့အိမ်မှာ၀င်ထွက်သွားလာနေကြပဲ..ခေတ်ရှေ့တော့ မပြောဘူး၊ ဒါပေမယ့် ကလေးဆန်သလိုတော့လည်း ဆန်တယ်..ပြောချင်တာက ခြံဘက်ကမရိုးမသားဆက်ဆံတာတစ်ခါမှ မရှိခဲ့ဘူးဆိုတာပါ.."

"အပြာ နားလည်ပါပြီ..ဒါပေမယ့်.."

"ဒါပေမမယ့်နဲ့..ခုကိစ္စမှာလည်း ဟန်နီ့ကိုခေါ်ရှင်းကြမယ်ဆိုရင်လုံး၀ ရှောခ်ရှိတယ်နော်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.."

အပြာခေါင်းညိတ်လိုက်တော့ သိုးကလိုက်ညိတ်ပြီး မျက်နှာကြီးချို သွားကာ..။

"ဟုတ်တယ်..ရှော့ခ်အကြီးကြီးပဲ၊ သူတို့အိမ်မှာ လူကြီးတစ်ယော က နေ့လားညလားဖြစ်နေတယ်ဟာ..မိဘနှစ်ယောက်စလုံးက စည်းကမ်း တင်းကျပ်တယ်၊ ဟန်နီက စွာတယ်.."

"အပြာလည်း မှားပါတယ်..မာမီသာ သတိမပေးရင် အပြာဒီတိုင်း ဆက်ပြီး စိတ်ဆိုးနေမိမှာ၊ အဲ့လိုဆိုရင် မောင်လည်းဟန်နီ့ကို တစ်ခုခုသွား ပြောမိမလားပဲ..တော်သေးတာပေါ့.."

"မတော်ဘူး..သူအခု ဟန်နီနဲ့ဒီမှာ ချိန်းထားတာ.."

"ဟင်.."

အပြာ မျက်လုံးပြူးသွားသည်။

မဖြစ်ဘူး..မောင် အဲ့လိုမလုပ်ရဘူး..။

"မောင်.."

မုန့်ပွဲတွေကိုယ်တိုင်သယ်လာသည့် ခြံ့မျက်နှာက အပြာခေါ် လိုက်တာကို မကြည့်ဘဲ ဆိုင်အဝကိုလှမ်းကြည့်ပြီး ပြုံးပြကာ..။

"ဟန်နီ..ဟေ့.."

အသံပေးပြီး မုန့်ပွဲကိုင်လာသည့် လက်ကိုအနည်းငယ် မြှောက်ပြ လိုက်သေးသည်။ ဟန်နီရောက်လာပြီမှန်း သိလိုက်၏။ အပြာနဲ့ဆို တံခါး က ဘေးတိုက်အနေအထားမို့ လှည့်ကြည့်လိုက်မိလျှင် မိတ်ကပ်ပြေပြေနှင့် မျက်နှာလှလှလေးက ရယ်နေတော့ ကလေးဆန်ဆန်ချစ်စရာလေး..။

သွယ်တာမဟုတ် ဝိုင်းတာမဟုတ်သည့် မျက်နှာသေးသေးလေး၏ မေးဖျားလေးက သိသာအောင် ချွန်နေသည်။ ဆံပင်ရှည်တွေကို နောက် မှာမြင့် တင်စည်းထားကာ နဖူးကနေ သိမ်းလှန်ထားသည့် ဆံပင်တွေကို အမောက်ထောင်သလို ပွပွလေးဖွလာ၏။

စတော်ကင်အနီရဲလေးကို အနီကွက်လေးတွေပါသည့် တီရှပ်လက် ပြတ်ပွပွလေးနဲ့ ဝတ်ထား၏။ လက်မှာပတ်ထားသည့် လက်ပတ်ရွှေ ခါးပတ်တွေက တို့လို့တွဲလောင်းကျနေသော အလှအပအဆင်တန်ဆာ တွေက သူမရဲ့ဆံပင်တွေ ဝေ့ခါနေတဲ့အတိုင်း လွှဲရမ်းနေကြ၏။

ဖိနပ်က အနီရဲရဲဒေါက်မြင့်ကြီးနှင့် အနီရောင်ဘေးလွယ်အိတ်လေး ကို စလွယ်သိုင်းချိတ်ထားသည်။ သူမရဲ့တစ်ကိုယ်လုံးကို အပြာကြည့် ပြီးသည့် အချိန်မှာ သူမကလည်း ရှေ့မှာလာထိုင်လိုက်ပြီးဖြစ်ကာ..။

"ချိန်းလိုက်လို့လာတာနော်..ဘာကိစ္စလဲပြော.."

"ဟုတ်လား..မင်း ဘာမှမပြောဘူးလား.."

ကျော်ရဲက ကော်ဖီသောက်နေရင်း ခြံ့ကိုလှည့်မေးသည်။ ခြံ ခေါင်းခါ၍..။

"ဘာပြောရမှာလဲ..ရေးကြီးခွင်ကျယ်ဘာမှမှ မဟုတ်တာ.."

www.burmeseclassic.com

www.burmeseclassic.com



ခြံက အပြာ့ရှေ့မှာ ဆန်းဒဝေ့ချိုချပေးလိုက်ပြီး စားလေးနဲ့ခရင်းပါ သချာတပ်ပေးနေရင်း ရယ်ကာ.. ၊

"ကဲပါ..ပြောစရာရှိတာ နောက်မှပါ၊ အခု ဘာစားမလဲပြော..သွားယူ ပေးမလို့.."

"မယူပါနဲ့..ကိုလေးအတွက်ဟာပဲ စားချင်တယ်၊ ရတယ်မို့လား အစ်ယောက်တစ်ဝက်ပေါ့.."

ပြောပြီး ခြံ့ရှေ့မှာထားသည့် ချိစ်ဘာဂါကို သူမရှေ့ကိုဆွဲယူလိုက် ၏၊ ခြံ့မျက်နှာ ရယ်လက်စနှင့် ကွက်ခနဲပျက်သွားသည်။ အားလုံးပဲ ချက်တရက် တိတ်ကျသွားခဲ့ပြီး အပြာ့ကိုလှမ်းကြည့်ကြ၏။

ဘယ်ကိုမှမကြည့်ဘဲ စားသောက်ဖို့အာရုံစိုက်နေသူက ဟန်နီပဲဖြစ် ၏၊ သူမက ဘာဂါကိုအလယ်ကနေ သေချာလိုးဖြတ်နေကာ ပါသမျှအသီး အရွက်တွေကိုပါ တစ်ဝက်စီပါအောင် လက်နဲ့ကိုင်ပြီး ခွဲခြမ်းနေခဲ့သည်။ ပြင်.. ၊

"ဘယ်လိုလဲ ကိုလေး..ခုတော့ အသံတိတ်နေပါလား၊ ခါတိုင်း ဒီလို တူတူစားကြရင် နင့်လက်သည်းရှည်တွေနဲ့ မကိုင်ပါနဲ့ ဘာညာတွေမြည် တောက်တီးပြီး ကိုယ်တိုင်ပဲ ခွဲစိတ်ပေးနေကျ.."

စကားဆုံးမှ မော့ကြည့်ကာ.. ၊

"ခုပြောလေ..မရှဲတော့ဘူးလား၊ မိန်းမရသွားတာနဲ့ ပြုစုခံရတာ ကောင်းမှန်းသိသွားတာလား.."

ပြောပြီး အပြာနဲ့သူ့ကို တစ်လှည့်စီကြည့်လိုက်သေးသည်။

"ကြည့်ရတာတော့ အဆင်ပြေအောင်နေတတ်သွားတာ ထင်တယ်.. ကြောင့် မာမီကပြောတာ ယောကျ်ားလေးတွေ ဘယ်လောက်အပြော ကြီးကြီး မိန်းမရသွားရင် အသံတိတ်သွားကြတာပဲတဲ့..ဘာလို့လဲဆိုတော့ ဟွန်း.. ကိုယ့်ပေါင်ကိုယ်လှန် မထောင်းရဲတော့ဘူးကိုး.."

ပြောပုံက ပစ်မှတ်ကို မျက်နှာတည့်တည့်ချိန်ပြီး အနီးကပ်ပစ်ထည့် လိုက်တာမျိုး။ သို့သော် ကျော်ရဲကရယ်လိုက်ပြီး.. ၊

"အဲ့ဒါဖြစ်နိုင်တယ်..သူ့ပေါင်သူလှန်ထောင်းရတော့မှာ ၊ အဟွန်း ငါတို့အပိုးကျိုးသွားပြီကွ..'မောင်ရေဆိုရင် ရေလားအအေးလား မိန်းမရေ' ဆိုတာမျိုးလေ.."

"ဟား ဟား ဟား ခုကြည့်ပါလား.."

အပြာ့ရှေ့မှာ အဆင်သင့်ပြင်ဆင်ပေးထားသည့် ဆန်းဒဝေ့ချိုပွဲကို ဆတ်ပြရင်း ပြောကာ.. ၊

"အပြာက ဘယ်လိုအမှတ်ပေးရမလဲ ခုမှစဉ်းစားနေတုန်း.."

"အဟွန်း..တရားကျစရာပဲနော်.."

"တရားကျမနေနဲ့..နင့်ကို ငါပြောစရာရှိလို့ ခေါ်တာ၊ ကူအညီ ကောင်းချင်လို့ ဆိုပါတော့.."

ဟန်နီက စားနေသည့်ခပ်ရင်းကိုချလိုက်ပြီး မှန်ပြင်ပါ ရှေ့ကိုတွန်း

www.burmeseclassic.com

www.burmeseclassic.com


ပစ်လိုက်၏။ ပြီးတော့ဒီလိုပြောမှာကို သိပြီးသားမျက်နှာနှင့် မော့ကြည့်၏။

"ပြောစရာရှိလို့ ခေါ်တယ်ဆိုတော့ မျိုချလိုက်တာတွေက ခိုင်းချင်တာ ကျွေးတာဆိုတဲ့သဘော..အဲ ကျွေးတာမဟုတ်ဘူး၊ ဟန်နီ့ဘာသာ အလိုလို မသိ ယူစားမိတာပါ..အဲဒါတွေကို.."

"ဟာ..ငါတို့ချင်း အဲ့ဒါတွေပြောနေရမယ့် လူတွေမှမဟုတ်တာ ဟန်နီရာ.."

"ဟုတ်တယ်..တစ်ယောက်ပန်းကန်ထဲက တစ်ယောက်ယူစားနေ ဒါပေမယ့် ဟန်နီလည်း မပြောသင့်တာတွေကိုတော့ မျိုသိပ်ထားခဲ့ရ ပဲ.."

ပြောပြီး အပြာ့ကိုကြည့်လိုက်တော့ အပြာ့မျက်နှာမှာ မယုံနိုင်ခြင်း တွေနှင့် ရှိနေ၏။ ဟန်နီက ပြုံးလိုက်ပြီး.. ၊

"ဒီလောက်တော့ ဟန်နီလည်းသိပါတယ်.."

"ဟန်နီ.."

ခြံ ခေါင်းကြီးသွားကာ ရုတ်တရက်တားဆီးရမလား၊ ဆက်ပြော လို့ပဲ ခိုင်းရမလား ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ။ သူငယ်ချင်းတွေ မျက်လုံးချင်းဆုံလိုက်တော့ သူတို့မျက်နှာတွေမှာလည်း ခြောက်ချားသွား သည့် ပုံစံတွေ ဖြစ်နေကြ၏။

ခြံ ဘာလုပ်ရမယ်ဆိုတာ သိလိုက်သည်။ ဒါကိုမေးဖို့ပဲ ခေါ်လာ တာမို့ မေးရမှာပဲဖြစ်သည်။ ခုလောက်ဆိုရင်တောင် အပြာ့ရင်ထဲက သံ ယတွေ ဘယ်လိုအလျင်နှုန်းနဲ့ ဘယ်လောက်ထိ မြန်ဆန်ကြီးထွား ပြီမသိ.. ၊

"ဒါဆိုလည်း မျိုသိပ်ထားတာတွေ ဖွင့်ချလိုက်ပါ..ငါတို့ကြား မျိုသိပ်ဟန်ဆောင်ဖို့တွေ မလိုပါဘူး.."

အပြာက ဖျတ်ခနဲလှည့်ကြည့်၏။ ဘယ်လိုအဓိပ္ပါယ်နဲ့မှန်း မသိ မယ့် ကိုယ့်ရဲ့ဂုဏ်သိက္ခာက စမ်းသပ်ခံဖြစ်တဲ့အပြုံးနှင့် ခြံက ခေါင်းညိတ် ဟန်နီ့ဘက်ပြန်လှည့်၍.. ၊

"ဘယ်လိုမပြောသင့်တာတွေ ရှိနေလို့လဲ..ပြောလေဟန်နီ.."

"မောင်.."

အပြာက မျက်ခုံးလေးတွေ တွန့်ကုတ်နေလျက်.. ၊

"သူငယ်ချင်းတွေ တွေ့ကြဖို့တမင်ချိန်းထားတာဆိုရင်လည်း ဆေး ဆေးစားသောက် ရယ်မောရင်း နှုတ်ဆက်ပြန်ရုံပဲကောင်းပါတယ်.."

ခြံက မျက်မှောင်ကုတ်သွားလျက် ဟန်နီက ဟက်ခနဲရယ်သည် ကျော်ရဲ့က အပြာမမေးစေချင်တာကို နားလည်ပေမယ့် ဟန်နီ့စကားတွေ ပြုံးတွေအပေါ် နားမလည်စွာ စိုက်ကြည့်နေ၏။

ဒီကောင်မလေးကို ငါတို့လျှော့တွက်မိခဲ့တာလား..

စိတ်ထဲကတွေးဖြစ်ရင်း နေလတို့ကိုလှမ်းကြည့်တော့ သူတို့ လည်း ဒီတိုင်းတွေးနေကြတာ သိသာ၏။ ခြံ ပြောပြောနေတဲ့ 'ဒီကောင်

www.burmeseclassic.com


...က ချာတိတ်မလေးပါ..ကလေးစိတ်ပါ’ဆိုတာတွေ မဟုတ်ဘူးပဲ.. ။
"ကဲ..မပြောနဲ့တဲ့ကိုလေး၊ ဘယ်လိုလဲ ကိုလေးပြောမှာကို ဒီက ...တွေ အားလုံးသိနေကြတဲ့ပုံပဲ.."

ခြဘာမှ မပြောနိုင်ဘဲ အပြာ့ကိုကြည့်လိုက်မိသည်။ အပြာ့မျက်ဝန်း ...က တားဆီးနေမှန်း သိသာနေကာ သူကလည်း ဒါကိုပြောရမှ အပြာ ...ကြားက သံသယအဖုအထစ်တွေ ရှင်းသွားမှာမို့ ပြောဖို့သာ တာစူချင် ...၏။

"ငါကလည်း ဝင်မေးရဦးမယ်.."

ကျော်ရဲက ချောင်းဟန့်ရင်း ခပ်တည်တည်နှင့်ပြောကာ.. ။

"ညီမကလည်း မျိုသိပ်နေရတယ်ဆိုတော့.."

"ငါထင်တာတော့ သူလည်းငါတို့သိနေတဲ့ဟာကို သိထားတဲ့ပုံစံ ..."

တိတ်တိတ်နေတတ်သော သိုးကပါအသံထွက်လာသဖြင့် ဒီမေးခွန်း ...ထွက်ကိုထွက်လာတော့မှာ သေချာသလောက်ရှိနေပါပြီ အပြာရင်ခုန်သံ ...မြည်ဟီးလာခဲ့၏။ ဒါတကယ်ဖြစ်ခဲ့ပါသည်ဆိုရင် ဘယ်လိုလုပ်မလဲ..၊

မင်းရဲ့လက်ကိုဖြုတ်ခဲ့ပြီး မောင်သူ့လက်ကို ဆွဲထွက်သွားမယ်.. ...တဲ့.. ၊မသွားရဘူး.. ၊

အပြာ ပေါင်ပေါ်တင်ထားသည့် ဆလင်းဘတ်ခ်ကြိုးကို ဖိဆုပ်ထား ...လျက် ခြောက်ချားလာခဲ့၏။ ထိုစဉ် ဆိုင်ရှေ့ကနေ ဖြတ်လျှောက်သွားကြ ...သော ဒေါ်ကြီးစိန်နဲ့အမေ့ကို လှမ်းမြင်လိုက်လျှင်.. ။

"အမေ.."

အပြာ ဖျတ်ခနဲထရပ်လိုက်သည်။ ပြီးတော့ ဆလင်းဘတ်ခ်ကောက် ...ယ်ရင်း အားလုံးကိုဝေ့ကြည့်၍ ခြဘက်လှည့်ကာ.. ။

"အမေနဲ့ပြောစရာရှိသေးလို့ အားလုံးပဲခွင့်ပြုပါဦးနော်..အပြာ ပြန် ...ရောက်မလာရင် မောင်ပြန်နှင့်တော့နော်.."

"ဟာ..ဟေ့.."

"မလိုက်ခဲ့နဲ့မောင်..အမေနဲ့လည်း အဆင်ပြေတာမဟုတ်ဘဲနဲ့.."

အပြာက ဖွတ်ထွက်သွားသည်။ ကျော်ရဲတို့က အပြာ့ဒါကိုမသိချင် ...တော့မှန်း သိထားပြီးပေမယ့် ခြကဖွတ်ထလိုက်မည်ပြင်လျှင်.. ။

"လိုက်မသွားနဲ့လေကွာ.."

နေလက ခြ့လက်ကိုဆွဲထားလိုက်ကာ.. ၊

"မင်းကိုမလိုက်ပါနဲ့လို့ တမင်မှာသွားတဲ့ဥစ္စာ.."

"ဘာလို့မလိုက်ရမှာလဲ..သူ့အမေနဲ့ငါ စကားပြောနေတာပဲ.."

"အေးလေ..ဒါဆို မလိုက်စေချင်တာမှန်း သိသာနေတာပဲကွ.."

"အဟွန်း..ကိုလေးမိန်းမက ဟန်နီနဲ့ကိုလေး ရှင်းကြဖို့ရှိတဲ့ကိစ္စကို ...မထောင်ရဲဘူးထင်တယ်.."

ဟင်.. ၊

www.burmeseclassic.com

www.burmeseclassic.com


ဖင်မကျနိုင်ဖြစ်နေသည့် ခြံ့ကိုယ်ကြီးခုံပေါ် ဖြုတ်ခနဲပြန်ကျ
၏။

"ငါပြောမှာကို နင်သိနေတယ်ပေါ့.."

"ဩော်..မင်းနယ်.."

ကျော်ရဲထံမှ စိတ်မရှည်သံထွက်လာကာ ဟန်နီက ပခုံးလေးတွ
ရယ်၏။

"သိတယ်လေ..ပြောမယ်ဆို ဟန်နီကတောင်ကိုလေးကို စိတ်ဆိုး
ရသေးတယ်.."

"ဘယ်လို.."

ဒီတစ်ခါ အားလုံးအသံတွေတိတ်သွားတော့ ဟန်နီကမျက်နှာ
မော့၍ ရယ်ကာ.. ၊

"ဟုတ်တယ်..ကိုလေးက ယောက္ခမကို သူ့သမီးကိုချော့မော့
အသေအလဲတောင်းပန်နေတဲ့ အချိန်မှာ အဲ့ပတ်ဝန်းကျင်မှာ အန်တီမာ
တို့ရှိနေတယ်လေ.."

ဟင်.. ၊

သူဒီကိစ္စကို သူငယ်ချင်းတွေနဲ့ပြောဖြစ်ပေမယ့် အပြော့ကိုတော
ပြန်မပြောခဲ့ပါ။

ဘာဖြစ်လို့လဲဆိုတော့ ယောက္ခမချောက ပြောဆိုဖျောင်းဖျ
နေနေသာသာ ကိုယ့်ကိုပြန်၍ သကာမကင်းပြောလိုက်သည့် စကား
ကြောင့် သူမှာ ပြန်ခဲ့ရတာ ခေါင်းငိုက်စိုက်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"ဒီနံပြည်စုတ်မလေးလား.."

ပြောပြလိုက်ကာမှ မြင်ဖူးအောင်သွားကြည့်မယ်ဆိုပြီး ပြန်လှည့်သွားတာ အပြာဘယ်လိုမှ ဆွဲထားလို့မရ.. ။

"တောက်..သင်းတို့က ပြုံးလို့ကြည့်လို့.."

"ကဲ..လာပါဟောမာန်ရယ်၊ ကလေးတွေက ညည်းကိုပြန်ထိန်းနေရတာ ဂုဏ်ယူစရာမဟုတ်ဘူးနော်.."

"ပြောပါဦးကြီးကြီးရယ်..အမေ့ဆီရောက်လာလို့ အားကိုးရမလားထင်ပါတယ်၊ တကယ်ပဲ.."

သမီးမျက်နှာရှုံ့မဲ့နေကာမှ ဒေါ်ဟောမာန်စိတ်လျှော့ လှည့်ပြန်လေသည်။ သို့သော် ကားငှားကြဖို့ တော်တော်လေးလျှောက်လာကြပြီးမှ.. ။

"ညည်းက ဘာလိုက်လုပ်တာလဲ..ယောကျ်ားကိုထားခဲ့ပြီး ငါ့အိမ်လိုက်မလို့ ဟုတ်လား.."

"မဟုတ်ပါဘူး..ဟုတ်တော့ရော ဘာဖြစ်လို့လဲ၊ သမီးက အမေ့အိမ်လိုက်လာလို့ မရဘူးလား.."

အပြာက နှုတ်ခမ်းလေးဆူပြီး ဒေါ်ဟောမာန့်လက်ထဲမှာ ဆွဲထားသည့် အိတ်ကို လက်ပြောင်းယူလိုက်ကာ.. ။

"တကယ်ပဲ..သမီးတစ်ယောက်ရှိနေသေးတာကို မရှိသလို နေနိုင်တဲ့သူက.."

"ဘာ.."

"ဒီက ကိုယ့်အမေမို့အမှတ်မရှိလို့.."

"ရှိလိုက်ပေါ့အေ..ငါကလည်း သူဌေးကြေးပတဲ့အလုပ် မလုပ်သေးဘူး.."

ဒေါ်ဟောမာန်က ကလေးဆိုးကြီးလို အနိုင်လုပြောနေတော့ အပြာ ရယ်ချင်သွားသည်။ ဒေါ်ကြီးစိန်ကတော့ ခလုတ်တွေဘာတွေ တိုက်ကုန်ရက်.. ။

"အမလေးဟဲ့..တစ်ချက်မှမနားဘဲ ရန်ဖြစ်နေတဲ့လူတွေက ဘာမှမဖြစ်ဘူး၊ ငါ့မှာခလုတ်တိုက်တာ နှစ်ခါရှိပြီ.."

"ပေးလေကြီးကြီး..အဲ့ဒီအိတ်.."

"နေပါစေအပြာရယ်..ဘုရားသွားကြတာ အထဲမှာဖယောင်းတိုင် အမွှေးတိုင်တွေပဲပါတာ၊ တရားစာအုပ်လေးနှစ်အုပ်နဲ့ သောက်တော်ရေလဲဖို့ ရေသန့်ဘူးလေးနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးရယ်..ကလစ်လေးချိတ်လေးရော မပါဘူးလား.."

"အဟွန်း ဟွန်း..ငါးပါးသီလခံထားတာအေ့၊ ဘာမှမပါပါဘူးပြော

တော့ ညာမိသလိုဖြစ်မှာစိုးလို့.."

ပြုံးပြုံးကြီးပြောရင်း သူ့ဘာသာရယ်နေသေးသည်။ သူတို့တွေက

ငှားပြီးမှ ကော်ဖီဆိုင်ထဲက ခြံပြေးထွက်လာတာ မြင်လိုက်ကာ.. ၊

"ဈေးဆစ်မနေနဲ့တော့အမေ..လာပါ လိုက်မယ် လိုက်မယ်.."

ကားပေါ်ထိုင်လိုက်ပြီးမှ ဒေါ်ဟေမာနက အပြာ့ကိုလှည့်ကြည့်၍

"အခု ဘာဖြစ်လာတာလဲ..ကိုယ့်ဘာသာထထွက်လာတာလား

ခဏဆိုပြီးလား..ပြန်မယ်ပြောရက်သားနဲ့ ဟိုက ကြည့်နေတာလား.."

မဟုတ်ပါဘူး..မောင်လိုက်လာပါတယ်လို့ အပြာမပြောမိတော့

"လာတည်းက အပြာကဆိုင်ကို ဆက်သွားမလို့ပါ.."

လို့ပြောပြီး ညာလိုက်မိ၏။

"ဟိုနေ့က ညည်းသူ့ကို အထင်လွဲနေလို့ ဖျောင်းဖျပေးပါဦးဆိုပြီး

ငါ့နောက်ကလိုက်ပြောတာ ဒီကောင်မလေးပဲဖြစ်မယ်.."

"ဟင်..မောင်က.."

"ဟုတ်တယ်..ညည်းရဲ့မောင်.."

ပြောပြီး သမီးကိုငုံ့ကြည့်ကာ မျက်လုံးသည်လည်ပင်းက စိန်

ကတ်နဲ့ ဆွဲကြိုးဆီမှာ ရူးစိုက်သွားသည်။ ပြီးတော့ သိပ်စိတ်ဝင်စား

မဟုတ်ဘဲ မေးသလိုမျိုး.. ၊

"လည်ပင်းကဟာ စိန်အစစ်လား.."

"အစစ်ပေါ့အမေရယ်..သမီးက ဝတ်ချင်တာမဟုတ်ဘူး၊ မာမီ

တင်းဝတ်ခိုင်းနေလို့.."

မာမီ ဆိုပါလား.. ၊

နှုတ်ခမ်းက သတိလက်လွတ်ပြုံးမိပြီးမှ ချက်ချင်းတည်သွားကာ

"ဘာလို့မဝတ်ချင်ရတာလဲ ညည်းက.."

"အမေကလည်း အဲ့ဒါတွေက.."

"အပိုတွေ ပဲမျှားနဲ့အပြာ..ဒါတွေဝတ်တာ ညည်းမှာအဆောင်

ယောင်တွေ ပြည့်စုံနေတာ၊ အဲ့ဒါတွေက ညည်းဟာယောက္ခမက ကြည်

လိုလားတဲ့ ချွေးမဖြစ်ကြောင်းသက်သေတွေပဲ..ယောက္ခမနိုပ်စက်ရင်

မတွေမှာ အစေခံရုပ်နဲ့ နေကြရတာ ညည်းသိလား.."

ပြောပြီ အမေတို့.. ၊

ဒီလို ခပ်ကြမ်းကြမ်းစကားလုံးတွေ အမေ့ဆီပြန်လာတိုင်း ကြား

ကျ။ အမေ့မျက်နှာကိုကြည့်မိရင်း အပြာသက်ပြင်းချလိုက်မိသည်။

မာလာနဲ့ အနေနီးကာမှ အမေနဲ့မကြာခဏ နှိုင်းယှဉ်ပြီး အမေ

မမျိုးဖြစ်ခဲ့ရင် ကောင်းမှာပဲလို့ တွေးမိတာတွေ ငရဲများကြီးနေပြီလား

မသိတော့ပါ.. ၊

ဒါပေမယ့် ခုချိန်မှာ အမေ့နှုတ်ထွက်စကားတွေ ကြမ်းတမ်းနေ

www.burmeseclassic.com

www.burmeseclassic.com


ထို မကြားလိုတော့တာက အမှန်ပဲဖြစ်သည်။

"အပြာ.."

"ရှင်.."

"ဘာတွေငိုင်နေတာလဲ.. ခုနကကိစ္စပြန်ပြောစမ်း၊ ညည်းလင် အဲ့ဒီနံပြည်စုတ်လေးနဲ့.."

"မဟုတ်ပါဘူး.."

"ပြီးအောင်တောင် မပြောရသေးဘူး..ဘာလဲ.."

"မပြီးပေမယ့် အမေပြောမှာကို သိနေတာပဲဟာ..အဲ့ဒီကောင်မလေးက မောင့်ထက် အသက်ငယ်ပါတယ်.."

"ဘယ်ဟာမှ မကြီးတာ ငါသိတယ်.."

ရုပ်လေးကိုက မျက်နှာကအသည်းပုံမန်ကျည်းစေ့လောက် ဆံပင်ကြီးတခါခါ ကိုယ်လုံးကဝါးခြမ်းပြား။ မျက်လုံးထဲမှာ ပြန်မြင်ရင်း မဲ့လိုက်သည်။

"အဲ့ဒါပြောတာပေါ့..ဆံပင်ရှည်ကြီး ရှိနေတိုင်း တော်ပါ့ယှဉ်ပါ့ဆင်မနေနဲ့၊ အတွင်းမှာ ဖိုက်ဖိုက်ဖိုက် ဖြစ်နေတာ.."

ကဲ့ရယ်နေရုံမကဘဲ လက်ငါးချောင်းနဲ့လုပ်ပြနေသေးသည်။ ဒါကိုရှကနေ ပြန်လှည့်ကြည့်ပြီး ဒေါ်ကြီးစိန်က ရယ်နေ၏။ ထို့ပြင် တက္ကစီမောင်းနေသည့် လူရွယ်ကလည်း ရယ်သည်။ အပြာ့မျက်နှာလေးကတော့ ညိုနေလေသည်။ ထိုကိစ္စမှာ အိမ်ထဲမှာ ထိုင်မိသည်နှင့်.. ။

"အမေရယ်..ကိုယ့်အသက်အရွယ်လေးလည်း ပြန်သတိရပါဦး၊ နောက်ဆို အဲ့ဒီလိုစကားတစ်ခုကို လွှတ်ခနဲပြောတာတွေ လူကြီးဖြစ်ပြီးပုံနဲ့ဝတ်နဲ့ ကဲ့ရယ်မဲ့ရွဲ့တာတွေ မလုပ်ပါနဲ့..သူများတွေရယ်ကြတာ ရှက်စရာကြီး.."

ဒေါ်ပေမာန် ခပ်အမ်းအမ်းဖြစ်သွားကာ မျက်နှာလည်းပျက်သွားသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်မိပေမယ့် သမီးက ရှက်ပါတယ် မျက်နှာငယ်ရပါသည်လို့ ပြောလာတိုင်း သူမအမြဲတမ်းသတိတရ ဖြစ်သွားတတ်၏၊

သမီးမျက်နှာကိုကြည့်ပြီး 'ငါလည်း မဆင်မခြင်ပြောမိပြန်ပြီ'ဆိုသည့် အတွေးတွေလည်း တစ်ဆက်တည်းပါလာတတ်သေးသည်။ သို့သော် သားသမီးက ဆရာလုပ်သည့်အဖြစ်ကိုလည်း 'ငါမှာလို့ပါလား'ဆိုပြီး နမ်မခံချင်.. ၊

"ရှက်ရင် ငါနဲ့ဝေးဝေးနေပေါ့အပြာရယ်..ညည်းလည်း နေခဲ့တာပါ.."

"အမေထားတဲ့နေရာမှာ အပြာနေတာပါ.."

"ဘာ.."

"ဆယ်တန်းရောက်ပြီဆိုတည်းက ဘော်ဒါရောက်သွားခဲ့တာ.."

"အဲ့ဒီကိုပို့ဖို့ ငါဘယ်လောက်ထိရင်းနှီးခဲ့ရသလဲ..ညည်းသိရဲ့လား.."

www.burmeseclassic.com

www.burmeseclassic.com


"အဆောင်မှာပဲနေတော့ဆိုပြီး ပိုက်ဆံပဲပို့ပေးနေတာရော အပြာ မပြန်ချင်လို့လား.."

"ဟုတ်ရင်လည်းဟုတ်မှာပါ..ငါသာအပြောစောမသွားရင် ပြန်မ ချင်ဘူးအမေလို့ ညည်းပြောလာနိုင်တာလဲ၊ ညည်းက အမေကိုဘယ်တု ကမှ အထင်ကြီးခဲ့တာမှ မဟုတ်တာဘဲ.."

"အထင်ကြီးကြီး မကြီးကြီး အမေကအမေပါပဲအမေရဲ့..မင်္ဂလာဆွဲ အမေမလာတာရော သမီးဘယ်လောက် ဝမ်းနည်းခဲ့ရလဲသိလား.."

"ငါမြင်တာတော့ ပြုံးရယ်လို့ပါအေ.."

"ဟင်.."

အပြာ ဆတ်ခနဲဖြစ်သွားကာ.. ၊

"အမေလာတယ်ပေါ့.."

ဟမ်.. ၊

ဒေါ်ဟေမာန် မလုံမလဲဖြစ်သွားသည့် မျက်နှာကြီးကို ဟိုလွှဲဒီလွှဲ

"ဝေးသေး.."

"ဘာဝေးတာလဲ..အမေလာခိုးကြည့်တယ်မှတ်လား၊ မှန်မှန်ပြော

"ဖြစ်ရတယ်အေ..ငါခရီးသွားနေတာ မေ့နေသလား၊ ရှိနေရင် ကောင်းတတ်တာတွေဖြစ်မှာစိုးလို့ တမင်ထွက်သွားတာ.."

အားတက်သရောဖြစ်သွားသည့် အပြာ့မျက်နှာလေး စိတ်ဓာတ် ဆင်းသွားရှာလျက်.. ၊

"အမေက သမီးကိုတကယ်စွန့်လွှတ်လိုက်တာပေါ့.."

ဒေါ်ဟေမာန် ရင်နင့်သွားသည်။ အသက်ကြီးလာတော့ ရင်ထဲ တစ်စုံတစ်ရာကို မျိုသိပ်မထားနိုင်ဘဲ မျက်ရည်ကချက်ချင်း ဝေ့တ လာ၏။

"ဟယ်..ငါဗိုက်ဆာလာပြီ၊ ဟင်းလည်းမရှိဘူး..ပန်းဂေါ်ဖီလေးနဲ့ ဥသွားကြော်ဦးမှ.."

"အမေ့.."

အပြာက ဒေါ်ဟေမာန့်လက်ကို လှမ်းဆွဲကာ.. ၊

"သမီးရောက်နေတုန်း စကားပြောရတာတောင် အမေစိတ်မရှည် လား.."

"ညည်းလည်း ညည်းကိစ္စနဲ့ရောက်လာတာပဲအပြာရယ်..ခွဲမနေ ကြတာလည်း မဟုတ်ဘူး.."

ပြောပြီး ပြန်ထိုင်လိုက်ရသည်။ ဒါပေမယ့် ထမီစသိမ်းသလို ခြေထောက်ပွတ်သလိုနှင့် အလုပ်ရှုပ်ပြနေရင်း.. ၊

"နောက်ကိုလည်း ခဏခဏမလာနဲ့နော်.."

"ဘာဖြစ်လို့လဲ.."

"ဩော်..ဘာဖြစ်လို့ရမလဲ၊ ညည်းက သူဌေးချွေးမဖြစ်နေပြီ..သူ မေဆီသွားပြီး ပံ့ပိုးနေတယ်လို့ အပြောမခံနိုင်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အပြောခံပြီးလာရင်ရော မရဘူးလား.."

ဒေါ်ဟေမာန် ရင်နင့်ပြန်၏။ ဒီသမီးနဲ့သူမ သူငယ်ချင်းလိုပြော ဆိုမှုများ အနိုင်လုကြ။ စိတ်ကောက်ကြနဲ့ နေခဲ့ကြတာ သမီးရှိတဲ့အ ဆောင်ကို လိုက်သွားတဲ့ ခဏလေးမှာတောင်.. ၊

"အမေကလည်း အင်္ကျီလည်ဟိုက်ကြီး ဝတ်လာရလား.."

"အမေက ဘာလို့ဘောင်းဘီရှည်ကြီးနဲ့ လာတာလဲ.."စသဖြင့်သော အပြောတွေနဲ့ ဆီးကြိုလာ့လျှင် သူမကလည်း ညင်ညင်သာသာပြန်မပြော တတ်.. ၊

"ငါ့ဟာငါ ဘာဝတ်လာလာဘာဖြစ်လဲ..ညည်းကြောင့် လင်မယူတာ ဆို၊ ငါ့အသက်ငယ်ငယ်လေး ရှိသေးတယ်..နောက်တစ်ခါဆို သရီးကွာ ကားနဲ့ ချက်ပေါ်ခါးတိုလေးတွေ ဝတ်လာဦးမှာ.."

"အမေ့ပြောလိုက်ရင် အဲ့ဒါပဲ..သမီးကိုလည်း ငဲ့မနေနဲ့၊ ယူလိုက် တော့ မယူသရွေ့ ဒါပဲပြောနေတာ.."

"မယူဘူး..မယူဘူး၊ အဲဒါတော့ မရှဲ့ဘူး..ငါမွေးထားတာ သမီး တစ်ကလေး ဒီမိန်းမယူရင် လိုက်ပွဲလေးပါသေးဆိုတာမျိုး ကြားရရင် ရှုသတ်မှုနဲ့ငါထောင်ထဲရောက်သွားမှာ.."

သမီးပြောတာတွေလည်း မှတ်မိသည်။ ကိုယ်ပြောခဲ့သမျှကိုလည်း မှတ်မိနေသေးသည်။ ဘေးလူတွေကြည့်ရင် ဒီသားအမိ မကြင်နာကြဘူးလို့ ထင်မှာပေမယ့် သမီးလေးအတွက် သူမပေးဆပ်ဖို့ အမြဲတမ်းအဆင်သင့် ။ သူမလေးကလည်း မအေကို တမ်းတမ်းတတပါလား..ဒါပေမယ့် ခုနေစ်မျောနေလို့မဖြစ်.. ၊

"ညည်းအပြောခံနိုင်ပေမယ့် ငါမခံနိုင်ဘူးအပြာ..ကင်းကင်းနေစမ်း အေ၊ ညည်းဒေါ်မင်းမာလာကို ရှိသေလေးစားတယ်မို့လား..သူ့ကိုပဲ ကိုယ့်အမေလို သဘောထားပြီးဂရုစိုက် ပြုစုလိုက်..ငါကျေနပ်တယ်.."

အပြာက မအေ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ.. ၊

"အမေက အဲ့လိုသဘောထားကြီးတဲ့ အမေမျိုးမဟုတ်ပါဘူး.."

"ဘာအေ့.."

ဒေါသနဲ့ အသံကျယ်သွားပေမယ့် အပြာကလည်း ဂရုမစိုက်သည့် မျက်နှာမဲ့မဲ့လေးနှင့်.. ၊

"သမီးသိနေတာပဲဟာ.."

"ဒါဆိုညည်းက ကျုပ်ကိုဘာများပြောချင်တာလဲ..ပြောစမ်းပါ.."

"အမေက မာမီဒေါ်မင်းမာလာကို ပြိုင်ချင်နေတာ.."

"အဲ့ဒီတော့ ငါကမတူတာကို တုနေတယ်လို့ ပြောချင်တယ်ပေါ့.."

"မဟုတ်ပါဘူး..သမီးက ကိုယ့်ဘဝနဲ့ ကိုယ်နေတတ်တယ်၊ အောင်နဲ့ သမီး အဆင့်အတန်း မတူဘူး..စချစ်တည်းက သမီးဘဝကို အောင်နား လည်တယ်၊ သူ့အမေလည်း ဒီတိုင်းနားလည်ခဲ့တာပဲ..သူဌေးသားနဲ့ညား သွားလို့ သမီးက သူဌေးသမီးဖြစ်သွားလို့လား၊ အမေ့ကို မမေတော်ခွင့်မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား..အဝင်အထွက် အခေါ်အပြောတောင် မလုပ်ရဘူးလား..
ဒေါ်ဟေမာန် ဆွံ့အနေခဲ့၏။

"အဲဒါတွေကို ဘယ်သူကမှ ဂရုမစိုက်ဘူး..တားလည်း မတား..
အမေပဲဖြစ်နေတာ..တွေးကြည့်တော့ အမေက ဒေါ်မင်းမာလာတော်..
ထက်တာတွေကို မနာလိုဖြစ်နေတာနဲ့ တူတယ်.."

"အပြာနော်..ညည်းတော့ ငါပိတ်ရိုက်မိတော့မယ်.."

ကြိမ်းမောင်းလိုက် လက်ရွယ်လိုက်နှင့် ဘယ်တုန်းကမှလည်း ရိုက်..
နှက်ခဲ့ဖူးတာမရှိ.. ။

"မအေကိုများ သူငယ်ချင်းပြောပြောနေတယ်..အလိုလိုက်ထား..
စော်ကားနေတာ ညည်း.."

ပြောရင်း ဝုန်းဒိုင်းကြဲပြီး အိမ်ထဲဝင်လာခဲ့သည်။ တကယ့်ဒေါသ..
တော့ မဟုတ်ပေ။ ကွယ်ရာရောက်တာနှင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါ..
ကျလာခဲ့လျက်.. ။

"ငါ့ကိုများ မနာလိုနေတာတဲ့.."

နှုတ်မှ ရေရွတ်ရင်း ပါးစပ်ပိတ်ပြီး အားပါးတရားရိုက်မိသည်..
ညည်း ငါ့ကိုအမေခေါ်နေတာထက် ဒေါ်မင်းမာလာကို အမေခေါ်နေ..
သိက္ခာရှိလို့ပါအေ..ဟုတ်တယ်..ငါက အသုံးမကျတဲ့အမေပဲ.. ။

နာရီကိုမော့ကြည့်၍ ဦးစက္ကနဲ့ချိန်းထားသည့် အချိန်ကိုတွက်ကြ..
လိုက်သည်။ ဆယ်ငါးမိနစ်ပဲ လိုတော့သည်။ အချိန်မီရောက်မသွားခဲ့..
ဒီလူ အိမ်လိုက်လာမှာ ဖြစ်သည်။

ပစ္စုပ္ပန်မှာ သူမအတွက် မပူမပင်မကြောင့်မကြနေနိုင်ပြီပေမေ..
ဟိုအရင်က မပြတ်သားခဲ့သော ကြွေးမြီတွေက ပဒူအုံကိုတုတ်နဲ့ဆွပြီး ..
နေသူကဲ့သို့.. ။

"အမေ ဘာလုပ်နေတာလဲ.."

"...... ............"

"သမီးပြန်သွားအောင် နှင်ထုတ်နေတာတော့ မဟုတ်ပါဘူးနော်.."
ဒေါ်ဟေမာန်စကားပြောဖို့အတွက် မျက်ရည်တွေသုတ်ရင်း ..
ကြိတ်အနယ် ကြိုးစားနေရသည်။

"သမီးပြန်တော့မှာပါ..ထွက်လာခဲ့ပါ.."

ကြည့်စမ်း။ မအေကို စော်ကားပြန်ပြီ.. ။

နေလာခဲ့သည့်အရှိန်နှင့် ပတ်ချွဲနှပ်ချွဲတွေ ထွက်ပြောဖို့ကလည်း..
မဖြစ်နိုင်။ ထွက်ပြီးပြန်လွှတ်ဖို့ စကားလုံးရွေးနေတာ မှန်သော်လည်း..
မည်ဆိုတော့ ထိတ်လန့်သွားခဲ့၏။

"ဒီမှာအမေ့..အမေ့အတွက် သမီးဘီးတစ်ချောင်းဝယ်ထားတာ..
အမေ့ကိုပေးဖို့ အိတ်ထဲမှာ အမြဲတမ်းထည့်ထားတော့ အခုမှဆင်ပြေသွား..
ပြီ..ဘီးဆိုလို့ စိတ်ကူးတွေယဉ်မနေနဲ့ဦး၊ ရှေးခေတ်က..ဖွားအိုတွေ ..
ဆံပတ်ပတ်တဲ့ ဆင်စွယ်ဘီးလေ.."

www.burmeseclassic.com

www.burmeseclassic.com


အပြာက ဘီးထုတ်ယူနေသလို မျက်နှာမော့တာင့်နေတာတွေ ပေါ်အောင်နေအောင် အလုပ်လုပ်ရင်း အော်ပြောနေလျက်.. ၊

"ဘာလို့ဆင်စွယ်ခေါ်လဲတော့ မသိဘူး..ဆင်စွယ်အစစ်လည်း ဟုတ်လောက်ပါဘူး၊ အမေ့လာလေ..အမေရာ.."

ခုပဲရန်ဖြစ်။ ခုပဲပြန်ချော့.. ၊

စကားများပြီဆို အပြာကပဲ လိုက်ချော့တတ်တာများကာ သူမကလူကြီးပီပီ စိတ်ကောက်နေတတ်သူ.. ၊

ငါ့သမီးလေး.. ၊

ငါ့သမီးလေးက ငါ့ဆီကိုခဏတဖြုတ် လာထိုင်တဲ့သူဖြစ်သွားပြီ။ အပြင်ထွက်မယ်ကြံကာမှ မျက်ရည်တွေက တံစက်မြိတ်က မိုးစက်တွေလို အားမရ ဆီးမရစွာ.. ၊

"အမေ့ကို ဘီးပေးတာသဘောပေါက်နော်..နောက်ဆို ဆံပင်ကိုဟိုဆိုဒီလို အဆန်းအပြားတွေ စည်းနှောင်ပြီး အပျိုရှုံးအောင် ပြင်ဖို့မကြိုးစားနဲ့..နဖူးအပြောင်သိမ်းပြီး ဘီးစံပတ်နဲ့ပဲနေဖို့ စဉ်းစား၊ တစ်ခါတလေ သားသမီးစကား နားထောင်လိုက်ရင် ကမ္ဘာကြီးငြိမ်းချမ်းသွားလိမ့်မယ်.."

"ဟော..ဘယ်သူ့ကိုအော်ပြောနေတာလဲ၊ ညည်းအမေရော.."

ဒေါ်ကြီးစိန်အသံ ကြားလိုက်ရသည့်နောက်.. ၊

"တီ.."

"မောင် လိုက်လာပြီ.."

"ဟော..ငါက ထုံးစံအတိုင်း ညည်းတို့သားအမိစားဖို့ ဟင်းလာပေးတာ.."

"သမီးမစားတော့ဘူးကြီးကြီး..မောင် အထဲဝင်လာရင် အမေနဲ့သိပ်လွယ်ဘူး၊ သမီးပြန်တော့မယ်..အမေ့ သမီးပြန်မယ်နော်.."

လှမ်းပြောရင်း အပြာ့မျက်နှာလေးမဲ့သွားသည်။ ပြီးတော့ မျက်ရည်တွေ ပါးပေါ်ဖြတ်ဆင်းကျလာလျက်.. ၊

"ကြီးကြီး..အမေ့ကိုလေ.."

"ဟော့တော်..ငိုနေတယ်၊ ဘာဖြစ်ကြတာတုံးသားအမိတွေ.."

အပြာ့ အင်္ကျီစနဲ့ရှိုက်ရင်း ခေါင်းခါပြကာ.. ၊

"အမေငိုနေတာထင်တယ်..သမီးပြောလိုက်တာ လွန်သွားပါတယ်၊ အဲ့ဒါ အဲ့ဒါလေ စိတ်ထဲကပါလို့ မဟုတ်ပါဘူး..ပြောနေကျ ဖြစ်နေလို့ အနိုင်လု ပြောမိတာပါ.."

"ပြော်..သမီးရယ်၊ ညည်းအမေကလည်း သိပါတယ်..သူလားသူ့သမီးကို စိတ်ဆိုးမှာ၊ မငိုနဲ့ မငိုနဲ့..ကြီးကြီးပြောပြလိုက်မယ်.."

"သမီးသိပါတယ်..အမေစိတ်ဆိုးသွားတာ မဟုတ်ဘူးဆိုတာ၊ ငါပေမယ့်..အဟင့်.."

အမေ့စိတ်ထိခိုက်သွားတာကို သူမသိနေသည်။ ပြောလို့လည်း မရတော့ဘဲ ရင်ထဲမှာ နင့်နေခဲ့၏။ အမေနဲ့စကားပြောလို့ မဝသေးဘဲ

www.burmeseclassic.com

www.burmeseclassic.com


ပြန်လာခဲ့ ရသည်။

ကားထဲဝင်ထိုင်ကာမှ ချုံးပွဲချငိုမိ၏။

ခြေမကိုင်မိ လက်မကိုင်မိနှင့် သူကြောင့်လို့ထင်ပြီး ပျာယာခတ်သွားတာက ခြံ.. ၊

> > < <

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၇)

"နေစမ်းပါဦး..ရှင်က ကျွန်မကိုဘာကိစ္စ ဟိုတယ်လ်မှာ ချိန်းတာလဲ.."

"မင်းဆီက ကြွေးပြန်တောင်းမလို့လေ.."

"ဘာ.."

ဦးစက္ကက ခပ်ပြုံးပြုံးမျက်နှာနှင့် လျှောက်လာပြီး ဘီယာဖန်ခွက်ကြီးဆွဲ တစ်ဖက်စီကိုင်လာကာ.. ၊

"ဒေါ်သတွေလွှတ်ထွက်နေပါလားကွ..ဘာဖြစ်လို့လဲ၊ မင်းကျုပ်ဆီက ငွေချေးတုန်းကလည်း ဟိုတယ်လ်မှာလာယူတာပဲ မဟုတ်ဘူးလား.."

ထိုမျက်နှာကြီးကို ကြည့်နေရင်း ထပြီးကုတ်ဖဲ့ချင်စိတ်တွေ ပေါက်နေမိသည်။ ဟိုတယ်လ်စားသောက်ခန်းထဲမှာလည်း စုံတွဲတွေပဲများနေကာ ဘေးစားပွဲဆိုင်ဆုံးက ဖနီးမောင်နှံတွေပဲမို့ ကိုယ်ထသောင်းကျန်းလို့လည်း မတော်..

"ဘာလဲ..ကျုပ်ပြောတာ မဟုတ်လို့လား.."

ဦးစက္ကက မျက်နှာချင်းဆိုင်မှာ နေရာယူပြီး ဖန်ခွက်တစ်ခွက်ကို ဒေါ်ဟေမာန့်ရှေ့မှာ ချပေး၍.. ၊

"သောက်လိုက်ပါဦး.."

"ဘာ.."

"ဩော်..တ ဘာ ဘာနဲ့ ဘယ်လိုဖြစ်နေတာလဲ ဒေါ်ဟေမာန်ရယ်.."

"ဘယ်လိုဖြစ်ရမလဲ..ရှင်ကလူကို ဘယ်လိုအစားအောက်မေ့လို့ ဟိုတယ်လ်ခေါ်ပြီး ဘီယာတွေတိုက်နေတာလဲ.."

ဒေါ်မင်းမာလာခြေလှမ်းတွေ တုံ့သွားသည်။ ဒီအသံကို ရင်းနှီးနေတာမို့ ညာဘက်ကိုငဲ့ကြည့်လိုက်တော့ ဘေးစားပွဲမှာဒီဘက်ကို ကျောပေးဆိုင်နေသည့် ဒေါ်ဟေမာန်။ ပြီးတော့ သပ်ယပ်ခန့်ညားသော ခပ်ရင့်ရင့်လူကြီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရှိနေလျက် အလယ်မှာဘီယာဖန်ခွက် နှစ်ခွက်.. ၊

"ဘယ်လိုအစားမှ မမှတ်ပါဘူးဗျာ..အဲ့ဒါ ဘီယာတွေလည်း မဟုတ်ပါပါဘူး..နည်းနည်း မြည်းကြည့်လိုက်ပါ.."

"မလိုဘူး..ဒီမှာရှင့်အကြွေးကို ကျွန်မပြန်ဆပ်ဖို့.."

"နေပါဦး..နေပါဦး.."

လူကြီးက လက်ကာ၍ အပြုံးမပျက်ကြည့်နေရင်း.. ၊

"မင်းက စကားပြောရင် တိုးတိုးသာသာမပြောတတ်တော့ ကြွေးထိစ္စပါလာရင် တစ်နေရာသွားကြတာ ကောင်းမယ်ထင်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဟင်.. ।

ဟိုတယ်လ်မှာ တစ်နေရာသွားမယ်ဆိုတာ ဘာလဲ.. ।

"ဦးစက္က.."

"ဟော့.."

ဒေါ်ဟေမာန်ခေါ်သံက တစ်ခန်းလုံးကြားလောက်အောင် ကျယ်လောင်နေခဲ့လျက် ဦးစက္ကမျက်လုံးပြူးနှင့် တားဆီးကာ.. ।

"ကျုပ်က တားတယ်နော်.."

လက်ညှိုးထောင်၍ ကလေးဆူသလို တရမ်းရမ်းသတိပေးနေပြီ

"မင်းက ထပ်ကျယ်လာရင်တော့ ကျုပ်က ဆင်ခြင်မှာမဟုတ်တော့ဘူး..ဒီတော့ ကြွေးကိစ္စပြောကြရင် ဘယ်သူ့သိက္ခာပိုအရေးကြီးသလဲ မင်းဆုံးဖြတ်ပြီးမှ ဆက်ပြော.."

"ရှင့်သိက္ခာကို အရေးမကြီးသလိုလို ရုပ်ရှင်ရိုက်မနေစမ်းပါနဲ့.."

ဒါတာမင်ဟစ်နေတာ မဟုတ်ပေ။ ကိုယ့်အသံကိုက ဒီ့ထက်ပိုချလို့ရတော့တာဖြစ်ကာ ဒေါ်သကလည်း အပိုဆောင်းနေတာမို့.. ।

"ဆင်းရဲတဲ့လူမပြောနဲ့ ချမ်းသာတဲ့လူတွေတောင် ကြွေးမကင်းဘူး.. အဲ့ဒီလို လူတွေအပေါ်မှာ ရသမျှအမြတ်ထုတ်နေကြတာ ရှင်တို့လိုလူကြီးလူကောင်း အရေခြုံထားတဲ့ လူတွေပဲ.."

ရှေ့ကို မျက်နှာကပ်ပြီးအံကြိတ်သံနှင့်ပြောတော့ အသံကတိုးသွားသွား၏။ တိုးလိုက်ကျယ်လိုက်ဖြစ်နေသော ဒေါ်ဟေမာန့်စကားသံအရေးမပါတော့ဘဲ ပြောနေသည့်အကြောင်းအရာနဲ့ပတ်သက်ပြီး အနီးစားပွဲတစ်ချို့က သတိထားနားစွင့်နေပြီဖြစ်၏။

ဦးစက္ကမျက်နှာ မထူးစိတ်ပိုက်၍ပြုံးသော ကောက်ကျစ်လျှို့ဝှက်သည့် အပြုံးတွေဖြစ်လာခဲ့ပြီး.. ।

"ဒါဆို အဲ့ဒီလိုယောက်ျားတွေဆီမှာ ဘယ်လိုဖြစ်ဖြစ်ပြန်ဆပ်ပါ့မယ်လို့ ကတိတွေပေးပြီး မလိမ့်တပတ်ချေးငှားတတ်တဲ့ မိန်းမကတော့ မိန်းမကောင်းမိန်းမမြတ်လား.."

ကိုယ့်လိုပဲ ထိန်းချုပ်မှုမဲ့သော စကားသံမျိုးနဲ့ပြန်ပြောတော့ ဒေါ်ဟေမာန်မျက်လုံး ပြူးသွားသည်။ ဦးစက္ကက အောင်နိုင်သူအပြုံးမျိုးနှင့်..

"ကျုပ်က မိန်းမတွေကိုမပြောပါဘူး..မင်းကိုပဲမေးတာပါ၊ အိမ်ခြေယာခြေမဲ့နေတဲ့ မိန်းမတစ်ယောက်ကို သိန်းနှစ်ဆယ်ကျော်အတိုးမဲ့ ချေးထားတာ ဘာအတွက် ဖြစ်နိုင်လို့လဲမဟေမာန်.."

"ရှင်စကားပြောတာ မမိုက်ရိုင်းနဲ့.."

"အစတည်းက မယဉ်ကျေးတဲ့အဖြစ်သနစ် မဟုတ်ဘူးလား.. မင်းကို မကျယ်လောင်ဖို့ ကျုပ်တားခဲ့တာပဲ၊ အခုစပြီဆိုတော့ မရပ်းတော့ဘူး..မင်း ကျုပ်နဲ့ လိုက်ခဲ့မလား၊ ရဲနဲ့ဖမ်းခိုင်းရမလား.."

ဦးစက္က ဖုန်းထောင်ပြရင်း သွေးအေးအေးနှင့် ခြိမ်းခြောက်လန့်နေ၏ ဒေါ်ဟေမာန်က မဲ့လိုက်ပြီး ဖုန်းကိုဆတ်ခနဲ ဆွဲယူလိုက်ကာ.. ।

www.burmeseclassic.com

www.burmeseclassic.com

"ရှင်က ဟေမာန်ဆိုတဲ့ မိန်းမကိုခြောက်တိုင်း ကြောက်တတ်တယ် ထင်လို့လား..ဟွန်း.."

"ဒုတ်.."

ဖုန်းကို စားပွဲပေါ်အပြားလိုက် စောင့်ချလိုက်ပြီး.. ၊

"ရှင်ပိုက်ဆံပေါလို့ ကိုယ်တိုင်မင်းသားလုပ်ပြီး ရုပ်ရှင်ရိုက်နေတာဆို ည်း ကျွန်မက ရှင်ခိုင်းတိုင်းဆိုမယ့် ငိုမယ့်ရှင့်မင်းသမီး မဟုတ်ဘူး.."

ပြောပြီး ဖုန်းကိုဦးစက္ကရင်ခွင်ထဲ ရောက်သွားတဲ့အထိ လွှဲတိုက် တ်လိုက်ကာ.. ၊

"ဒီမှာ ဟေမာန်ကအခြေမဲ့အနေမဲ့ ဖြစ်ရင်ဖြစ်မယ်..ပညာတော့မမဲ့ သေးဘူး.."

ကိုယ်ကိုစားပွဲပေါ်မှာ မှောက်ချတော့မတတ် ရှေ့ကိုကိုင်း၍ ဦးစက္က တ်နှာကို စေ့စေ့ကြည့်ကာ.. ၊

"ကျွန်မကို တရားစွဲချင်ရင် ဒီလိုမိန်းမမျိုးကိုဘာကြောင့် ဒီလောက် တွေ ထုတ်ချေးရသလဲဆိုတဲ့ မေးခွန်းရှင်ဖြေဖို့ စဉ်းစားထားဦး.."

စကားပြောရင်း နေရာမှထရပ်လိုက်ပြီး.. ၊

"ဟွန်း..ကျွန်မကို လက်ထိပ်မခတ်နိုင်ဘဲ ရှင့်နှာခေါင်းကြီးကိုပဲ ခတ် သွားလိမ့်မယ်.."

ဦးစက္ကမျက်နှာကြီး ရဲတွတ်သွားသည်။ ဘေးလူတစ်ချို့လည်း ကြားသလိုနေကြပေမယ့် နှုတ်ခမ်းတွေကရယ်ချင်ပတ်ကျိုပုံတွေ ဖြစ်ကျန် ၏။

"တောက်.."

ဒေါ်ဟေမာန် လှည့်ထွက်လာခဲ့ရင်း ဘယ်ကိုတိမ်းရှောင်နေရမလဲ ဉ်းစားကာ ခြေလှမ်းတွေက အပြေးတပိုင်း.. ၊

မဖြစ်ဘူး..ဒီလူကြီး တစ်ခုခုလုပ်တော့မှာ။ ငါ့သမီးလေး ငါ့ကြောင့် ာသိက္ခာထိခိုက်နိုင်တယ်။ ဖြေရှင်းဖို့ နည်းလမ်းတွေဘယ်လို ရှိနေနေ လူကြီး အမှုလုပ်လိုက်ရင်တော့ မဖြစ်မနေရင်ဆိုင်ရမှာပဲ.. ၊

မဖြစ်ဘူး..နင်ကြံစမ်း ဟေမာန်.. ၊

ဒီလူကြီးကို တရားလွန်တစ်ဆုံးပြောပစ်ခဲ့ပြီးမှ နောက်ထပ်သွား ာင်းပန်မှာလား.. ၊ပတ်ပြေးနေမလား ..၊

"မဟေမာန်.."

အရှိန်နဲ့အပြေးတပိုင်းသွားနေခြင်းက နောက်ကနေဆောင့်ဆွဲလိုက် ဖြင့် လူကမရပ်တန့်နိုင်ဘဲ ယိမ်းယိုင်သွား၏။

"ဘာလုပ်.."

ဒေါ်သနှင့်လှည့်အော်လိုက်မိလျှင် စကားမဆုံးလိုက်ဘဲ.. ၊

"ဒေါ်မင်းမာလာ.."

"ဟုတ်တယ်..ကျွန်မပဲ.."

ဒေါ်မင်းမာလာက သူမလက်ကိုမလွှတ်ဘဲ ကားနားထိဆွဲခေါ်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com


သည်။ ပြီးတော့ တံခါးဆွဲဖွင့်လိုက်ပြီး..။

"လော်ပန်..မင်းထွက်နေစမ်း.."

"ဟုတ်ကဲ့..မကြီး.."

ဒရိုင်ဘာကိုအပြင်ထုတ်၍ ဒေါ်ဟေမာန်ကို ထည့်ပိတ်လိုက်သ
ပြီးတော့ တစ်ဖက်ကနေ သွားထိုင်လိုက်ကာ..။

"ရှင့်မှာ ဆင်ခြင်ဉာဏ်မရှိတော့တာလား..ရူးသွားတာလား
"ဘာရယ်.."

"ဟိုတယ်လ်မှာလာပြီး ဒီလိုပြဿနာမျိုး ရှင်းနေရတာ ရှင့်ကို
နည်းနည်းလေးမှ ဂရုစိုက်ရမှန်းမသိတာလား.."

မေးခွန်းတွေတစ်ခုပြီးတစ်ခုထွက်လာကာမှ ဒေါ်ဟေမာန်အ
နေမှန်ကို နားလည်သွားကာ..။

"ရှင်က ကျွန်မကိုဘယ်နေရာကနေ ချောင်းကြည့်နေလို့ ဒါ
နေတာလဲ.."

"ချောင်းကြည့်စရာလိုလို့လား..ရှင့်ကိုယ်တိုင် ဟိုတယ်လ်ရပ်စထ
ထိလာပြီး ပြဿနာရှင်းနေတာလေ..ကျွန်မတင်မကဘူး အားလုံးမြ
တယ်.."

"ဘယ်သူမြင်မြင်ဘာလုပ်ရမှာလဲ..ကိုယ်ရှုပ်ခဲ့တဲ့ ပြဿနာ ကိုယ်
ရှင်းလို့ ဘယ်သူ့ရှင်းမှာလဲ.."

"ရှုပ်တတ်တာသိသိနဲ့ ရှင်ဘာလို့ မကြောက်မရွံ့လုပ်ခဲ့တာလဲ
ဒီမှာ.."

ဒေါ်မင်းမာလာက အိတ်ကိုဖွင့်၍ ချက်လက်မှတ်တစ်စောင်
လက်မှတ်ထိုးလိုက်ပြီး ကမ်းပေး၏။

"အဲ့ဒီမှာ ရှင်ဆပ်ရမယ့်ငွေအမောင့်ကိုရေးပြီး ပေးလိုက်.."

မျက်နှာရှေ့ရောက်လာသည့် လက်မှတ်ကိုငုံ့ကြည့်ပြီး ဒေါ်ဟေ
က မျက်နှာကို ပြန်မော့ကြည့်၏။ ဒေါ်မင်းမာလာမျက်နှာက အထင်
စိတ်ပျက်ဟန်တွေနှင့် ရှုံ့တွတင်းမာနေကာ..။

"ယူလေ..နောက်ကို အဲ့ဒီလိုရှုပ်ရှုပ်ယှက်ယှက်ဖြစ်နေတာ
မမြင်ပါရစေနဲ့၊ လူဆိုတာ အသိုင်းအဝိုင်းနဲ့ရပ်တည်ကြတာ..မိဘဖြစ်
ရင်တော့ သားသမီးအတွက် ရပ်တည်ရတယ်၊ ရှင့်ရင်ထဲမှာ ဘာအတွက်
နေတာလဲ.."

"ကိုယ့်အတွက်ကိုယ်ပဲရှိတယ်.."

တမင်ရွဲ့ဖြေလိုက်တာမှန်းသိပေမယ့် ဒီတိုင်းတကယ်ရှိနေတာ
ထင်လောက်အောင် ဒေါ်ဟေမာန်ကမျက်နှာကို မော့ချီထား၏။ ထို
ဘယ်အချိန်ကြည့်ကြည့် တစ်ပတ်မညိုးသော မျက်လုံးအစုံက ရှ
လျက်..။

"ကျွန်မက ရှင့်လိုအခြေခံဘဝကိုက တောင့်တင်းခဲ့တာမဟုတ်
လေ ..တစ်ယောက်တည်းတောင် မတ်တပ်အိပ်နေရတာ.."

www.burmeseclassic.com

www.burmeseclassic.com



"အခြေခံဘဝဆိုတာလည်း ရှင်ပြုခဲ့တဲ့ကံတရားပဲ မဟောမာန်..မိဘ လုပ်ကိုင်ကျွေးမွေးပြီး ကြွေးဟောင်းဆပ်ရတယ်..သားသမီးကို ပြုစု င့်ရောက်ပြီး ကြွေးသစ်ချရတယ်၊ ရှင့်ကြည့်ရတာ ဘယ်ကြွေးကိုမှ စိတ် ားတဲ့ပုံလည်း မရှိပါဘူး.."

"သြော်..မျက်နှာချင်းဆိုင် တောင်းနေတဲ့ကြွေးတောင်မှ မဆပ်နိုင် ရှင်မှအပြောကောင်းတယ် ဒေါ်မင်းမာလာ..ကဗျာတွေရွတ်နေနိုင်တဲ့ သားက အေးချမ်းနေမှာပေါ့၊ လက်တွေ့ဘဝက ကဗျာမဟုတ်ဘူး..ငို ည်တစ်ပုဒ်ပဲ၊ စကားလုံးလှလှတွေနဲ့ အထက်စီးကနေ မေးခွန်းတွေ ..အမိန့်တွေ ပေးမနေနဲ့.."

ဒေါ်ဟောမာန်က ကမ်းပေးထားဆဲချက်လက်မှတ်ကို ဆွဲယူလိုက်ကာ လ်ပင်န်ကိုပါယူ၏။ ပြီးတော့ ထုတ်ယူမည့်ငွေအမောင့်တွေ စိတ်ရှိ ်ရှိ ရေးချလိုက်ကာ.. ၊

"ရှင့်လက်မှတ်ပါပြီးသားဆိုတော့ ကျွန်မအဲ့လိုရေးလိုက်ရင်ရော.."

ဒေါ်မင်းမာလာက မတုန်လှုပ်သည့်မျက်နှာနှင့် ချက်လက်မှတ်ပေါ် သချ်ာတွေကို ကြည့်နေသည်။ ပြီးမှ မျက်နှာဆီမျက်လုံးရောက်လျက်..

"ဟွန်း..ဖြစ်ပါတယ်၊ ရှင်ကငွေအတွက် ဂုဏ်သိက္ခာကိုချကျွေးနိုင် ယ်ဆိုရင် ကျွန်မကဂုဏ်သိက္ခာကို ငွေနဲ့ဘာလို့မလဲနိုင်ရမှာလဲ..ဒါပေ ် ရှင်ကတိတည်ရမယ်..ရှင့်သမီးရယ် သူနဲ့ပတ်သက်တော်စပ်နေရတဲ့ ်မတို့အတွက်ရယ် ခုလိုအောက်တန်းကျတဲ့အလုပ်မျိုး နောက်ထပ်မ ်ရဘူး.."

"လုပ်ချင်လုပ်မယ်..မလုပ်ချင်ဘဲလည်း လုပ်မိဖို့ရှိတယ်.."

မဆိုင်းမတွတုံ့ပြန်ပြီး ချက်လက်မှတ်ကို တစ်ထပ်ပြီးတစ်ထပ် ်ကသည်။ အသေးဆုံးထိခေါက်ပြီးမှ ဒေါ်မင်းမာလာလက်ထဲ ထည့်လိုက်ကာ..၊

"အဲ့ဒါလည်း ကျွန်မသမီးအတွက်ပဲ.."

"ဘယ်လို.."

"ဟွန်း..နားရှုပ်သွားတာလား.."

"ကျွန်မသမီး ရှင့်လက်ထဲရောက်နေတာ သူပျော်ရွှာမှာ နေပါစေ ြီး ထားပေးခဲ့တာ..ရောင်းစားလိုက်တာ မဟုတ်ဘူး.."

ဒေါ်မင်းမာလာ မျက်မှောင်ကုတ်နှင့် ကြည့်နေ၏။

"သူ့ကိုရှင်ထိန်းချုပ်နိုင်ရင် ဒါသူ့ဆန္ဒပဲ..ကျွန်မကိုထိန်းချုပ်ဖို့ ဘယ် ာမှ မကြိုးစားနဲ့၊ အပြာကိုကျွန်မ ဘယ်လိုမွေးခဲ့မွေးခဲ့ အခု ဘယ်လိုသ ာပဲထားထား..အဲ့ဒါ ကျွန်မဆန္ဒနဲ့ကျွန်မ၊ အဲ့ဒီအတွက် အပြာ့သဘော ား ကျွန်မအပေါ်မှာ ဘယ်လိုရှိနေနေ အဲ့ဒါလည်းကျွန်မတို့ သားအမိကိစ္စ

ပြောပြီး ချက်လက်မှတ်ကိုကြည့်၍ မဲ့ကာ.. ၊

"အပြာ့အတွက်ဆိုတဲ့ ခေါင်းစဉ်နဲ့ငွေပေးညွှန်ကြားတာတွေ လာမ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါနဲ့..ဟောမာန်နဲ့မင်းမာလာ သားတစ်ယောက်သမီးတစ်ယော
မိခင်ချင်း အတူတူပဲ.."

စကားနှင့်အတူ ဆိုဖာမှာဟန်ကျပန်ကျမှီကာ ဒေါ်မင်းမာလာ
ခြေချင်းချိတ်ပြီး လက်ပိုက်ထားလိုက်ရင်း.. ။

"ဟွန်း..ရှင်ချမ်းသာတယ်၊ ကျွန်မက ဆင်းရဲတယ်..ရှင်က
ကင်းအောင်နေနိုင်ပေမယ့် ကျွန်မကကြွေးမြီတွေနဲ့..ဒါပေမယ့် မှတ်
စမ်းပါ.."

မျက်နှာသည် ရုတ်တရက်မဲ့ပြုံးတွေအစား တင်းမာသွား
ဒေါ်မင်းမာလာဘက်ကို လက်တစ်ဖက်ထောက်၍ ကိုယ်ကိုယိမ်းလိုက်

"ချမ်းသာတဲ့မိဘတွေပဲ သားသမီးတွေကို ချစ်တတ်ကြတာမ
ဘူး ဒေါ်မင်းမာလာ..ရှင့်သားကို ရှင်ကုမ္ပဏီအလုပ်တွေ လုပ်နေခိုင်း
ငိုနေလား ရယ်နေလား၊ ငိုလွန်းလို့ကြိတ်ပြီး လိမ်ဆွဲခံနေရသလား
ဖြစ်ဖြစ် ရှင်ပစ်ထားခဲ့ရလိမ့်မယ်.."

မျက်လုံးချင်းဆုံကြည့်နေတာမို့ ဒေါ်သရောင်လက်လာသည်
ဝန်းတွေကို ဒေါ်ဟောမာန်က စိုက်ကြည့်ပြီးရယ်လိုက်ကာ.. ။

"ကျွန်မက မီးဖိုချောင်မှာချက်ပြုတ်နေရင် ရင်ခွင်ထဲထည့်ထား
တိုက်ထားတာ..အပြင်ထွက်သွားရင် ပခုံးပေါ်လွယ်ထမ်းသွားတာ
သူ့ခြေထောက်လေးခိုင်လာတော့ လက်လေးဆွဲခေါ်သွားတယ်..အဲ့ဒါ
ပေးမယ့်လူမရှိလို့ မဟုတ်ဘူး၊ ဆင်းရဲတဲ့လူတွေမှာ ရှင်တို့ငွေပေးခိုင်း
တောင် မရနိုင်တဲ့ တကယ့်စေတနာ အရင်းခံတွေရှိကြတယ် ရှင်သိ
ဒါပေမယ့် ကျွန်မက ကိုယ့်ကလေးကို မြေပေါ်လည်းမယုံဘူး၊ ခြံပေါ်
မပုံတတ်တဲ့မိန်းမမျိုး.."

ပြောနေရင်း လေသံကချက်ချင်းတိုးလျသွားကာ ထောက်ထား
လက်ကိုလည်း ပြန်ရုတ်၏။

"ကျွန်မ သူ့အဖေလက်ထဲမှာတောင် ကြာကြာပေးမထားတဲ့
သမီးလေးကို ချစ်ခဲ့တာ..ငါကလွဲရင် ဘယ်သူမှငါ့ကလေးကို စိတ်ရှည်
ဟုတ်ဘူးဆိုတဲ့ အတ္တစိတ်ကို ဖျောက်မရခဲ့ဘူး၊ သူများတွေသူတို့က
တွေကို ဘယ်လောက်ချစ်သလဲ ဘယ်လိုမွေးမြူနေသလဲ ကျွန်မစိတ်
စားဘူး.."

ဒေါ်ဟောမာန့်မျက်နှာမှာ မမြင်ဘူးခဲ့သော ရီဝေဆွေးမြေ့မှု
ယှက်သမ်းနေခဲ့လျက်.. ။

"သမီးကို ရင်အုပ်မကွာဖက်တွယ်ထားခဲ့တဲ့အတွက် သူ့အဖေ
တော့ ဒုက္ခရောက်ခဲ့တယ်..ဘာဖြစ်လဲ ကျွန်မအသက်ငယ်ငယ်ပဲရှိသေး
အဲ့အချိန်မှာ နောက်ထပ်အားကိုးမှီတွယ်စရာ ယောကျ်ားတွေ
ရတာပဲ..ဒါပေမယ့် သမီးမျက်နှာလေးတစ်ခုတည်းနဲ့ ကျွန်မအဲ့ဒါတွေ
ခေါင်းထဲမထည့်ခဲ့ဘူး.."

"လူတွေဘဝကို ရုန်းကန်ရင်ဆိုင်နေရတာ နေ့စဉ်ထမင်းနပ်မှန်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး..တိုးတက်အောင်မြင်ဖို့ အသိအမြင်ကြွယ်ဝဖို့ ရှင်လုပ်ခဲ့တာ တ ရှင်စိတ်ချမ်းသာဖို့တွေပဲ မဟောမာန်၊ ကိုယ့်ကလေးကို သူများနဲ့စိတ် လို့ ကလေးကိုပထွေး စော်ကားမှာစိုးလို့ အဲ့ဒါတွေကြောင့် ရှင်အခုဘာ နေသလဲ ..ရှင်ကိုယ်တိုင် အစွမ်းအစမဲ့တော့ ကလေးရဲ့ဘဝမှာ အခြေမဲ့ နေမဲ့ဖြစ်လာတယ်.."

ဒေါ်မင်းမာလာက တစ်ခွန်းခင်းထောက်ပြရင်း အေးစက်စက်ကြည့် နေလျက်.. ၊

"ပထွေးကို အဖေမခေါ်စေချင်တဲ့အတွက်နဲ့ ရှင့်ကိုရှင်တော့ ဂုဏ်ယူနေ ဲ..ဒါပေမယ့် ဒီနေ့လိုပြဿနာမျိုး ဖြစ်လာတာတွေကျတော့ ရှက်ရမှန်း တော့ဘူး.."

"ရှက်နေလည်း ရင်ဆိုင်ရမှာပဲ..ကျွန်မမှာရှိတဲ့ စီးပွားရေးလုပ်ငန်း နဲ့ အိမ်ခြံမြေတွေကုန်တယ်.."

"အဲ့ဒါအပြင် ပညာရေးအတွက်လို့ ပြောမှာမို့လား.."

"သိပ်ဟုတ်တာပေါ့..အဲ့ဒါလည်းကျွန်မဆုံးဖြတ်ချက်နဲ့ကျွန်မမှန် ယ်ထင်လို့လုပ်တာ၊ အစွမ်းအစမရှိဘဲ ပစ္စည်းတွေရောင်းတယ် ဘယ် ဘာညာ ဘာတွေပြောပြောဂရုမစိုက်ဘူး..ကျွန်မကိုယ့်ကိုယ်ကို တန်ဖိုး းတယ်၊ ကာကွယ်နိုင်ခဲ့တယ်..ဒီအတွက် တစ်ဖက်ဖက်မှာ ချို့ယွင်း က်ဖြစ်လာတာကို ရင်ဆိုင်ရဲတယ်.."

"အဲ့ဒါမျိုးကို မလိမ့်တပတ်လုပ်တယ်လို့ ခေါ်တယ်လေ..ဒါရောနာ ည်မပျက်ဘူးလား.."

ဒေါ်ဟောမာန်က ပြုံးကာ.. ၊

"အတောင်ကျိုးတဲ့ငှက်..အမြီးပဲတဲ့ငါးမဖြစ်ဖို့ လိုရင်းပဲ၊ ရေသတ္တဝါ မယ့် ရေကြောင်းလွဲသွားတတ်သလို ငှက်ဖြစ်တိုင်းလေးညှို့သံကို မသိ ူး— ရှင့်ကိုပြောပြီးပြီထင်တယ်..ကျွန်မဘဝနဲ့ကျွန်မ ကျွန်မဦးဆောက် က်တစ်ဆစ်လောက်ပဲ ရှိနေလည်း အဲ့ဒီလက်တစ်ဆစ်နဲ့ရတဲ့ အတွေးနဲ့ ဝကို ဖြတ်သန်းမယ်..ရှင်ဝင်မပါပါနဲ့.."

ဒေါ်မင်းမာလာ မျက်မှောင်ကုတ်သွားတော့ မဲ့ပြုံးပြုံးမိလျက်.. ၊

"ကျွန်မသမီးက ကျွန်မကိုဘယ်လိုအမေမျိုးလို့ သတ်မှတ်ပါစေ န်မသမီးက စိတ်ချမ်းသာတယ်ဆိုရင် ဘယ်သူ့ကိုပဲ အမေခေါ်နေနေ န်မနေရာမှာ အစားထိုးပြီးချစ်ချစ် ကျွန်မကြည်ဖြူတယ်..ကျေနပ်ပေး င်တယ်.."

"မကျေနပ်နိုင်တာ တစ်ခုခုပြောပါဦး.."

"ကျွန်မကဘယ်လို မအေမျိုးပါလို့ တမင်မီးမောင်းထိုးပြလို့ မျက် ုံးစိမ်းနဲ့ ကြည့်လာမှာမခံနိုင်ဘူး.."

ဒေါ်မင်းမာလာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"အဲ့ဒါမျိုးကျတော့ ကိုယ့်အပြစ်နဲ့ကိုယ်ခံရတာ မဟုတ်တော့ဘူး..သူ းက လုပ်ကြံတာဖြစ်သွားပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော်တော်စော်ကားပါလား မဟေမာန်..ကျွန်မပြေရှင်း
တာ ရှင်တို့သားအမိရဲ့ မေတ္တာရေးတွေဘာမှ မပါဘူး၊ ကျွန်မသားရဲ့
သိက္ခာကြောင့်.. "

"ဘာကြောင့်ဖြစ်ဖြစ် ကျွန်မဘက်က အဲ့လိုမြင်နေတယ်ဆိုတာ
ရှင်သိပြီမို့လား..ရှင့်ကိုယ်ရှင် ထက်အောင်တော်အောင် ကြိုက်သလို
ပါ၊ သူများညံ့တာတွေကို ပြစ်ချက်လိုက်မထောက်ပါနဲ့..ကျွန်မဘာ
နေနေ ကိုယ့်ဘဝနဲ့ကိုယ်ပဲ.."

"ရှင်က အပြာရင့်ရောင်ရဲ့အမေဖြစ်နေတာကို ဘယ်လိုပြင်
မလဲဆိုတာပါ ထည့်ပြောလေ.."

"ဒါဆို ရှင်ပဲမင်းမခြံရဲ့အမေအဖြစ်က အရင်နှုတ်ထွက်ပြင်
စမ်းပါ..မျှမျှတတပေါ့.."

တံခါးပိတ်ထည့်လိုက်ခြင်းက တစ်ကားလုံးသိမ့်သိမ့်ခါ ကျွန်
၏။ ဒေါ်မင်းမာလာ ရင်ထဲမှာလည်း မှန်တိုင်းမွှေနေသည့် ပင်လင်ပြ
သို့ ဖြစ်ကျန်ခဲ့လေသည်။

ဘယ်လိုစော်ကားခွင့်ပါမစ်နဲ့ လူဖြစ်လာတဲ့မိန်းမလဲ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

အလုပ်ပြီးနေကာမှ ဆေးထပ်သောက်လိုက်ရသည်။ ပြီးမှ အိပ်ရာ ...တော့ ခြံကခေါင်းအုံးတွေ ဆင့်ခံပြီးမှီထိုင်နေရင်း အိပ်ပျော်နေ၏။ ...ခြံကိုယ်ပေါ်ကို စောင်လွှားခြုံပေးလိုက်ပြီး တစ်ဖက်မှာ လှဲနေလိုက် ...။ ခေါင်းတွေအုံခဲနေခြင်းက လှဲလိုက်မှသက်တောင့်သက်သာ ဖြစ် ...ခဲ့၏။

"မောင့်ကိုမနိုးဘဲ တိတ်တိတ်လေးဝင်အိပ်တယ်နော်..တော်တော် ...ကျတယ်.."

"မောင်.."

အပြာလှည့်ကြည့်လိုက်တော့ ခြံကသူ့မဘေးမှာလှဲလိုက်ပြီးဖြစ်ကာ ...ကနေ တစ်ကိုယ်လုံးကိုသိမ်းဖက်ထားလိုက်ပြီး.. ။

"မောင့်ကိုစိတ်ဆိုးနေတာမို့လား.."

"မဟုတ်ပါဘူးဆို မောင်ကလည်း..အိပ်ပျော်သွားပြီမှတ်လို့.."

"မဟုတ်ရင်ဘာဖြစ်လို့ စကားကောင်းကောင်းမပြောဘဲ အလုပ်တွေ ...နေတာလဲ.."

"အပြာညတိုင်း အလုပ်လုပ်ပြီးမှ အိပ်တာပဲဟာ.."

"မောင်အနားကပ်မှာစိုးလို့ တိတ်တိတ်လေးဝင်အိပ်ဖို့ လုပ်တာက ..."

"လုပ်ပြီမောင်ကတော့.."

"ဘာလဲ..ဘာမှလည်း မလုပ်ရသေးဘဲနဲ့.."

ခြံ့ ဘက်ကိုစောင်းလှည့်လိုက်ရင်း အပြာကရယ်ကာ.. ။

"အပြာအမေ့အိမ်က ပြန်လာတုန်းက မောင်ဒါပဲရစ်လုံးလို လုပ်နေ ..."

"မင်းကငိုနေတာလေ..မောင့်မှာလည်း ရှင်းမရတဲ့ပြဿနာနဲ့.."

"အမေနဲ့အပြာက မတွေ့ကြတာကြာပြီလေ..နောက်ပြီးအပြာတို့က ...မိတာနဲ့ စကားနိုင်လုပြောမိတော့တာပဲ..မိဘကို ပြောမိဆိုမိပြီးမှ စိတ်မ ...င်းဖြစ်ရတာ မောင့်ကိုပြောပြသားနဲ့.."

"အဲ့ဒါလည်း မောင်ပြောပေါင်းများပြီကွာ..မိဘကို သူငယ်ချင်းလို ...င်ပါ၊ သူငယ်ချင်းလိုတော့ ခံမပြောပါနဲ့..သားသမီးအိမ်ထောင်ပြု... ...ါ အတောင်စုံလို့ ပျံထွက်သွားကြပြီဆိုတဲ့ ကြေကွဲစိတ်နဲ့ မိဘတွေ ...ငိုကြရတယ်..မာမီဆိုရင် အရိပ်ကောင်းကောင်းပေးနိုင်လို့အတွက် ...ကိုသူ့ဆီက ထွက်မသွားအောင် ဖန်တီးနိုင်တယ်..အနိ်တီကျတော့

www.burmeseclassic.com


အဲ့လိုမလုပ်နိုင်ဘူးလေ သနားပါတယ်ကွာ.."

"အမေ အဲ့လိုကြေကွဲခံစားနေရတယ်လို့ မောင်ကထင်နေတာလား

"မခံစားရဘဲ နေမလားကွ..မင်းစိတ်ထဲမှာကိုက မိဘကိုစာနာ မတွေးဘဲ ကိုယ့်အရွယ်ကိုယ့်အတွေးနဲ့ပဲ တိုင်းတာကြည့်နေတာ.."

"မောင်.."

"ဟင်.."

အပြာက ခြံလည်ပင်းကို လှမ်းဖက်ပြီး မေးဖျားကိုနမ်းလိုက်၏

"မောင်အကူအညီတောင်းတော့ အမေက မကူညီတဲ့အပြင် ထုတ်လိုက်တယ်ဆို.."

"အန်တီပြန်ပြောတာလား.."

"အင်း.."

"ဟုတ်တယ်..ဘာဖြစ်လို့လဲ.."

"မောင်စိတ်မဆိုးဘူးလားဟင်.."

"ဘာလို့ဆိုးရမှာလဲ..မောင်က နှစ်ယောက်စလုံးကို အမေလို့ သဘောထားတယ်၊ ဒါကြောင့် ပြေးတိုင်တယ်..အန်တီက သူ့သမီးကိုထိ သမက်ကို သမက်လိုအမြင်နဲ့ဒေါသထွက်တယ်၊ ဒါစိတ်ဆိုးစရာမှ မ ဘဲ မောင်တို့ဆွေမျိုးတော်ကြတာ ရက်ပိုင်းပဲရှိသေးတာလေ.."

"ဒါပေမေယ့် မောင်ကအမေလိုသဘောထားရပြီး အမေကတော့ မက်လိုပဲ.."

"ခု မောင်ပြောနေတာအဲ့ဒါပဲလေ..မောင်တို့နဲ့သူ အတူနေကြ လည်းမဟုတ်ဘူး၊ တစ်ယောက်သဘောတစ်ယောက်နားလည်ဖို့က ထိ သေးတယ်..မောင်သူ့ကို အမေလိုသဘောထားတာ မောင့်အပိုင်းပဲ၊ သ သားလို သဘောထားလာဖို့ကတော့ တစ်နေ့နေ့ပေါ့.."

အပြာက ခြံ့မျက်နှာအောက်ကနေ မော့ငေးနေပြီး ပြုံးလိုက်သည် ပြီးတော့ ရင်ခွင်ထဲတိုးဝင်၍ ဖက်ထားလိုက်ပြီး.. ၊

"မောင်က အရမ်းချစ်ဖို့ကောင်းတာပဲ.."

"ဒါဆိုရင်တော့ တစ်ခုခုပြန်ရသင့်နေပြီ.."

"ဘာလိုချင်လို့လဲ.."

ခြံက မျက်နှာချင်းနီးအောင် ငုံ့လိုက်ပြီး နှုတ်ခမ်းထိုးပေးသည်

"ဘာလဲ..ဒါက.."

"မသိဘူးလား..ဒါဆို သင်ပေးမယ်.."

"ဟာ..မရပါဘူး.."

အပြာ မောင့်ရင်ဘက်နဲ့မျက်နှာကွယ်၍ ရယ်နေမိကာ.. ၊

"မောင်နော်.."

"ဒါဆိုရင် ချစ်တယ်လို့ပြောတာ ညာတာပဲ.."

"မောင်.."

"ဘာလဲ..ဒီမှာတင်းနေတာ.."

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း.."

ခြံတကယ် နှုတ်ခမ်းကြီးစူနေသဖြင့် အပြာကရယ်လိုက်ပြီး.. ၊

"ဒါဆို ဒီကနမ်းရင် မျက်လုံးတွေမှိတ်ထား.."

"မှိတ်ပြီ.."

အပြာ မောင့်မျက်နှာကို ငေးနေရင်း ရင်ခုန်သံတွေမြန်လာခဲ့သည်။ ပြီးတော့ နှုတ်ခမ်းကို ဖွဖွလေးနမ်းလိုက်မိပြီး.. ၊

"မောင့်ကိုချစ်တယ်.."

"ဒီလောက်လေးပဲ ချစ်တာလား.."

မျက်လုံးတွေမဖွင့်ဘဲ မေးလိုက်တော့ ထိတ်ခနဲဖြစ်သွားသည်။

"မေးနေတယ်ကွာ.."

"မောင်နော်..မသိဘူး သွား.."

အပြာအချိန်မီ ရုန်းထွက်ဖို့ ပြင်လိုက်သော်လည်း ခြံကအတင်းဆွဲဖက်ထားလိုက်ကာ ရင်ခုန်သံတို့သည် အနမ်းတို့ဖြင့် တိတ်ဆိတ်စွာ ပျော်ရှလေသည်။

"ဘယ်လိုဖြစ်နေတာလဲကွာ..ကိုယ်ဖက်ထားရင် ငြိမ်ငြိမ်နဲ့နဲ့လေးနေစမ်းပါ.."

"မောင့်ကို ပြောစရာတွေရှိလို့.."

"ဒီတိုင်းပြော.."

"မောင့်မျက်နှာကြည့်ပြောချင်လို့.."

"မောင်ကတော့ မင်းကိုကြည့်လို့ အဆင်မပြေဘူး.."

အပြာက သူ့ရင်ဘက်ကို ထုပစ်ပြီးရယ်ကာ.. ၊

"မောင်သိလား.."

"မသိဘူး.."

"ဟာ..ပြောမလို့ဟာကို.."

"မသိဘူးလေ..သိလားမေးလို့.."

"ဒီမှာပြောမလို့..မျက်လုံးဖွင့်စမ်းပါ.."

"ပြောပြီးပြီနော်..ကိုယ်ကမြင်နေရရင်တော့ မင်းစကားကောင်းကောင်း ပြောလို့ရမယ် မထင်နဲ့.."

"လုပ်လေ..ဒီတစ်ခါ စကားပြောနေတုန်း လာနှောက်ယှက်ရင်.."

"ပြော..ဘာလုပ်မှာလဲ.."

"တကယ်လုပ်မှာ..ငြိမ်ငြိမ်နားမထောင်ရင် နှာခေါင်းကိုဆွဲလိမ်မယ်နဲ့ဒီမျက်နှာကြီးကို စောင်နဲ့ထအုပ်ထားမယ်.."

"ဟာ..တကယ်လား၊ ဒါဆို မအုပ်ခင်လုပ်စရာရှိတာ လုပ်ထားရမှာပေါ့.."

"မောင်နော်..ကြည့်ပါလား.."

စကားတစ်ခွန်းစလိုက်ပြီဆိုလည်း ပြောရတဲ့ဆီကို ရောက်တော်နဲ့မရောက်နိုင်။ တွန်းထိုးရယ်မောနေရင်း ပြောဖို့စကားကို သတိပြန်ရှာနေရ

www.burmeseclassic.com

www.burmeseclassic.com



ကာ..၊

"အပြာ့ကို တစ်ခုကတိပေး.."

"ပြောလေ.."

"မောင့်ကိုအပြာသဝန်တိုခဲ့မိတာ အပြာပဲခံစားရတယ်သိလား...အဲ့ကြောင့် နောင်တလည်းရတယ်၊ နောက်ကိုမောင့်အပေါ် အပြာယုံကြည်ထားပါ့မယ်.."

"ဟုတ်ပြီ.."

"တိုက်ဆိုင်မှုတွေ အားကောင်းနေရင်တောင် အပြာဖြေနိုင်အောင်ကြိုးစားမယ်.."

"သေချာတယ်..အကြီးကြီးတစ်ခုလာတော့မယ်.."

အပြာက မျက်ခုံးလေးတွေတွန့်ကုတ်နေလျက် တစ်ခုခုကိုအလေးနက် တွေးနေခဲ့သည့် မျက်ဝန်းလေးတွေနှင့်ရှိကာ.. ၊

"အပြာ သည်းခံနိုင်ဖို့မသေချာတာ တစ်ခုကို ကြိုပြောချင်လို့-"

"ဘာလဲပြောလေ..မောင့်မိန်းမ သည်းမခံနိုင်စရာ မောင်ဘာမှမလုပ်ဘူး..မောင်က မလုပ်ပေမယ့် လုပ်နေတယ်လို့မိန်းမက အထင်လွဲနေရင်တောင် ရှအောင်ဖြေရှင်းမယ်.."

"ဟင့်အင်း..ဖြေရှင်းတာတွေ မလိုချင်ဘူး၊ ဘာပြဿနာဖြစ်ဖြစ် အမြဲမျက်နှာကို ငဲ့ရမယ်မောင်၊ မာမီက ဂုဏ်သိက္ခာကို ဘယ်လောက်ထိအလေးထားတဲ့ အမေမျိုးလဲဆိုတာ အပြာနားလည်တယ်..နောက်ပြီး အမေ့အပြုအမူ အပြောအဆိုတွေနဲ့ ပတ်သက်ပြီး သူ့သမီးလည်း သူ့အမေလိုပဲလို့ မထင်စေချင်ဘူး၊ အပြာ့ကိုချွေးမတော်လိုက်ရတဲ့အတွက် နောင်တမရစေချင်ဘူးပါ.."

"အဟွန်း..ဒါကျတော့ ငါ့မိန်းမက ချစ်ဖို့ကောင်းနေပြန်ရော-"

"ဘာ..ဒါကျမှချစ်ဖို့ကောင်းတာ ဟုတ်လား.."

"ဟား ဟား ဟား .."

ခြံက အပြာ့နှာခေါင်းချွန်ချွန်လေးကို ခပ်ဖိဖိဆွဲ၍.. ၊

"ချစ်လို့စတာ..ဆက်ပြော ဆက်ပြော.."

"မစနဲ့..မရဘူး.."

"ပေါ်လာပြီ.."

"ဘာလဲ.."

"မောင်အသည်းယားပြီး ချစ်ရတဲ့ပုံစံလေး.."

"ဒါပေါ့..ခုတော့ အသည်းယားစရာလေး၊ ရိုးလည်းရိုးသွားရင် ကောက်ပဲကောက်လွန်းတယ်..ဆိုးပဲ ဆိုးလွန်းတယ်နဲ့.."

"ဟုတ်လား..အဲ့လိုတွေရှိကြတာလား၊ ရိုးသွားရင်ဆိုတာ ဘာကိုပြောတာလည်း မသိဘူး.."

"ရိုးတယ်ဆိုတာ.."

စလိုက်ပြီးမှ သဘောပေါက်သွားကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"မောင်နော်.."

"မောင်တကယ်မသိလို့လေ..လူတစ်ယောက်နဲ့ လူတစ်ယောက်ကွာ၊ ..ားတွေပြောနေကြတာလည်း နေ့စဉ်ပြောနေရင်တောင် အကြောင်းအ..တွေတော့ ပြောင်းနေမှာပဲလေ..စကားများကြတာ ရန်ဖြစ်ကြတာလည်း ..င်နဲ့မယား လျှာနဲ့သွား.."

"မောင်နော်..ကပ်ဖိုးကပ်ဖဲ့တွေ လာမေးမနေနဲ့.."

"မင်းပဲပြောတာလေ..မောင်က အတွေ့အကြုံမရှိလို့ မေးနေတာ.."

"ဟုတ်တယ်..ဒီကအတွေ့အကြုံရှိတယ်၊ ရှင့်အရင်ယောကျ်ားတွေ.."

"ဟာ ဟော့..ဟော့၊ အဲ့ဒီစကားလုံးက ဆင်ဆာနော်..မောင့်ကိုသဝန်တို ..ရတယ်၊ မောင်ကတော့ သဝန်တိုရတဲ့အဆင့်ထိ ခွင့်လွှတ်ပေးနေမှာ ..တ်ဘူး.."

"တွေ့လား..သူ့ကျတော့.."

မောင်တအား သဝန်တိုတတ်တာ ကျော်ရဲတို့လည်း ပြောခဲ့သေး ..ည်။ ခုလည်း ဒါလေးစလိုက်တာနှင့် မျက်နှာကြီးက ချက်ချင်းပုတ်ပွသွား ..လို့..။

"အပြာ..မင်းကိုမောင်နဲ့ မခွဲအတူရှိနေအောင်လို့ ဂျာကင်ထဲပဲဖြစ်ဖြစ် ..ိအိတ်ထဲဖြစ်ဖြစ်..ဘောင်းဘီ.."

"သွား.."

အပြာ သူ့ရင်ဘက်ကိုနမ်းလိုက်တော့ ခြမျက်နှာကြည်သွားသည်။

"စိတ်ချ..အပြာမောင့်ကို ပြန်ရွဲ့ဖို့ စိတ်ကူးမိရင်တောင်.."

"ဘာ.."

"ဟာ..လန့်လိုက်တာ မောင်ကလည်း.."

"ပြန်ရွဲ့မယ်ဟုတ်လား..ပြန်ပြော အဲ့ဒီစကားပြန်ပြော.."

"ဒါကတော့ မောင့်အတွက်ခံစားရတာ ဘယ်လိုမှ မခံစားနိုင်တော့ ..ာက်တွေးမိတာပေါ့.."

"ဟုတ်မှလည်း ပြောပါကွာ..မောင့်ကို သဝန်တိုပြီး ရင်နဲ့မမျှ ခံစား ..ရတဲ့ပုံလည်း လုံးဝမပေါက်ပါဘူး မင်း.."

"တွေ့လား..သူများကိုဝေဖန်ပြီဆို သူထင်တာပဲအမှန်.."

"မဟုတ်လို့လား..မောင် နှစ်ညသုံးညဆက်တိုက် အိပ်လို့မရဘူး၊ ..င်းမှ တစ်နာရီလောက် မှေးခနဲပျော်တယ်..အတင်းပြန်ကျုံးထပြီး ..ကြည့်လိုက်ရင် မင်းမရှိတော့ဘူး၊ သေလုမျှော့ပါး ဒီကောင်လိုက်ချော့ ..ည်း မတုန်မလှုပ်..ဘာမှမဆိုင်ကြသလို.."

"အခု မောင်ဖြေရှင်းစရာမလိုဘဲ အပြာမောင့်ကို နားလည်ပေးလိုက် ..ာရော.."

မေးပြီး မောင့်မျက်နှာကို ကိုင်၍ မျက်လုံးချင်းဆုံစေကာ..။

"ခုန ကတိတောင်းမယ်ဆိုတာ ဘာလဲမောင်သိလား.."

"ဘယ်လိုလုပ်သိမှာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ..မတောင်းတော့ဘူး.."

"ဟင်.. ဘာလဲ၊ ဘာဖြစ်သွားတာလဲ.."

အပြာ စိတ်ကောက်သွားတော့လည်း အသည်းအသန်လိုက်

ကာ.. ၊

"တောင်း..ကြိုက်တာတောင်းကွာ၊ မောင့်စိတ်က ခုန မင်းရက်

တဲ့ ဆင်းမှာပဲ ပေါ့စ်ဖြစ်နေလို့ပါ..ပြော မိန်းမတောင်းရင် ကိုယ့်ကိုယ်

က တစ်ခုခုကိုပဲ ဖြုတ်ပေးရပေးရ.."

"အာ..ဘာလဲ.."

"အသည်းနှလုံးတို့ ကျောက်ကပ်ကလီစာတို့လေ.."

နှစ်ယောက်သား ပါးချင်းကပ်၍ ရယ်မိကြ၏။

"အတည်ပြောမလို့.."

"ပြော.."

"သူများကို ပုတ်ခတ်မပြောချင်ပေမယ့် အပြာအဲ့ဒါကို နောက်ထ

ခံစားချင်တော့ဘူး.."

"ဘာလဲ..ပြောကွာ၊ ဒါ မောင်သတိထားရမယ့် အဓိကအချက်

"ဟုတ်တယ်..မောင့်ကို တခြားမိန်းကလေးတွေနဲ့ ဘယ်လိုပုံစံမျိုး

ကြောင့်ပဲ တိုက်ဆိုင်မှုရှိလာပေ့စေ..တိုက်ဆိုင်တာပါဆိုပြီး အပြာရော

ဖျက်ပစ်နိုင်တယ်.."

"အင်း.."

"ဟန်နီနဲ့နောက်ထပ် လက်ပွန်းတတီးမနေပါနဲ့.."

ခြွဲဆီက အသံရုတ်တရက်ထွက်မလာခဲ့ပေ.. ၊

"မောင်.."

"အင်း..မောင်ကြားပါတယ်.."

"ဘာလဲ..မောင်အဲ့ဒါကို.."

"ပေးနိုင်ပါတယ်..မောင်ကတိပေးနိုင်တာက အဲ့ဒီကောင်မလေး

ပေါ်မှာ မောင့်စိတ်လုံးဝ ရိုးသားတယ်၊ နောက်လည်း ဘယ်တော့မှ ဖောက်

လွဲဖောက်ပြန် ဖြစ်လာဖို့မရှိဘူး.."

"ဟင့်အင်း..မောင်ရိုးသားတာကို ယုံပေမယ့် သူ့အကြည့်တွေ

ပြောတွေကို မိန်းမသားချင်း အပြာနားလည်တယ်၊ သူမောင့်ကို ချစ်

တာ..မောင် အိမ်ထောင်ရှိနေပြီဆိုတာ သိပေမယ့် ဂရုမစိုက်ချင်အောင်

"မဟုတ်ပါဘူးအပြာရယ်..ဟန်နီက သူများကအဖြူဆို သူကမည်း

မှ၊ ကလန်ကဆန်လုပ်တတ်တဲ့ ဉာဉ်ဆိုးလေးရှိနေတာပါ..မာမီကိုတော

ပြီးခဲ့တဲ့ စနေနေ့က အန်တီယုတောင်းပန်သေးတယ်တဲ့၊ ဒီမှာ မောင်တို့

ဆင်မပြေဖြစ်နေကြတာသိသွားလို့ ဟန်နီ့အတွက် တောင်းပန်ပါတယ်

တဲ့.."

ဒေါ်ဟေမာန်နဲ့သူနဲ့ အပြာ့ကို ချော့မော့ရှင်းပြပေးဖို့ ပြောနေတာ

ဒေါ်ယုနန္ဒာရဲ့ဆွေမျိုးတွေ ကြားသွားတာရော ကော်ဖီဆိုင်မှာ ဘာတ

www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် ဟန်နီ့စကားတွေက တကယ်တော့ သူ့မှာမီဆူခံထိထားလို့ မချနိုင်တာတွေ ပြောနေတာဖြစ်ကြောင်းရော အားလုံးကို ခြုံက ရှင်းပြပြီးဖြစ်သည်။ ထို့ကြောင့်.. ၊

"မောင်ပြောချင်တာက မောင့်စိတ်မောင့်ဘဝ အားလုံးကိုအပြာ့အတွက် အကုန်ပေးပြီးသားပါ၊ ဟန်နီတို့နဲ့ကျတော့ လူကြီးချင်းကိုက မိတ်ဆွေရင်းတွေ ဖြစ်နေကြတာရယ်..အစတည်းက တရင်းတနှီးနေလာခဲ့ကြတာဆိုတော့.."

"အပြာကမရင်းနှီးရဘူးလို့ ပိတ်ပင်နေတာမဟုတ်ဘူးမောင်..ရင်းနှီးတာနဲ့ လက်ပွန်းတတီးနေတာက အရမ်းကွာတယ်၊ ရင်းနှီးတဲ့လူတိုင်း လက်ပွန်းတတီး နေတတ်ကြလို့လား.."

"မောင်ကလည်း.."

"ရပါတယ်..မောင့်အတွက် ဒါကိုစက်ခဲနေတယ်ဆိုရင် အပြာပြောင်းဆိုခဲ့တာကို ပြန်ရုတ်သိမ်းပါတယ်၊ ဟုတ်ပါတယ်..အခုဆို အဲ့ဒီအိမ်မှာ နာတာရှည် လူမမာလည်းရှိနေတော့ ရှေ့လျှောက်ရင်းနှီးမှုတွေ ရှိနေကြမှာ အပြာ မေ့သွားတယ်.."

"ရပြီ..တော်ပြီ အဲ့ဒီလို ဘာမဆိုနားလည်ပါတယ်ပြောနေတာတွေ မောင်သိတယ်..မောင့်ကို ကောင်မလေးစိတ်ကောက်နေပြီ.."

"မဟုတ်ပါဘူး..ဖယ်ပါ.."

"ဘာလို့ ဖယ်ရမှာလဲ.."

"မောင်နော်.."

"ဟာ..ငိုနေတယ်.."

"မငိုပါဘူး..မောင်က ဘာမို့လို့ငိုရမှာလဲ၊ ဖယ်ပေးဆိုနော်.."

"ဟား ဟား ဟား..မောင့်ကိုအဲ့လောက်တောင် ချစ်နေတာလား၊ ..ပေးပါတယ်ဗျာ၊ အဲ့ဒီကတိတင်မကဘူး ဘာတောင်းတောင်း ထပ်ပေးမှာ၊ ပြော..မောင်ဘာပေးရမလဲ.."

အတင်းဆွဲဖက်ထားပြီး လိုက်ချော့နေတော့ အပြာ ရယ်လိုက်မိကာ..

"ဘာပေးရမလဲဆိုပြီး လူကိုချည်းပဲ..သူ.."

"ဘာလဲ..ဆက်ပြောလေ၊ မောင်က ဘာတွေတောင်းနေလို့လဲ.."

"သွား..လာညစ်နေတာ.."

ညသည် ရယ်သံလေးတွေ တိုးတိုးသဲ့သဲ့နှင့်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၂၉)

"ဒေါက်..ဒေါက်.."
တံခါးခေါက်သံကြောင့် အပြာနိုးသွားသည်။
"ဒေါက်..ဒေါက်.."
"သား..သားရေ.."
"ရှင်..မာမီ သမီးနိုးပြီ.."
"အေး..သားကိုနိုးပြီး ခဏထွက်ခဲ့ဦး၊ အရေးကြီးလို့.."
"ဟုတ်.."
အပြာ မောင့်လက်တွေခြေထောက်တွေကို အသာလေးတွန်း လိုက်ပြီး ထထိုင်လိုက်သည်။ ပြီးတော့ ဆံပင်ကိုဖြစ်သလို သိမ်းသပ် နှောင်လိုက်ပြီးမှ.. ၊
"မောင်..မောင်.."
"ဟင်.."
"မောင်ခဏထဦး..မာမီခေါ်နေတယ်.."
"မာမီ.."
"ဟုတ်တယ်.."
အိပ်မှုန်စုံမွှားနှင့် ထထိုင်ပေမယ့် ရှုံ့မဲ့နေကာ.. ၊
"ခုနကမှ အိပ်.."
"ရှူး.."
အပြာ ခြံ့နှုတ်ခမ်းတွေပေါ်မှာ လက်ဖဝါးလေးနဲ့ ကမန်းကတန်း ဆုပ်ထားလိုက်ကာ.. ၊
"အရေးကြီးလို့တဲ့..မောင် ဘယ်လိုဖြစ်နေတာလဲ၊ အချိန်လည်း ကြည့်ဦး.."
ခြံ့က နာရီကိုကြည့်ပြီး အပြာ့လက်ကို ဖယ်ချလိုက်၏။
"နှစ်နာရီတောင် မထိုးသေးဘူး..အဲ့ဒါဘာဖြစ်.."
"မောင့်.."
အပြာက အနားမှာထိုင်ချလိုက်ပြီး ပါးစပ်ကိုထပ်ပိတ်ထားလို ကာ.. ၊
"မာမီကြားသွားတော့မှာလဲ..ဒီအချိန် ခုမှအိပ်ရတယ်ဆိုတော့ စကားကနော်..မပြောလိုက်ချင်ဘူး.."
ခြံ့က အပြာ့လက်ကိုဖယ်ပစ်လိုက်ပြီး လူကိုဆွဲဖက်လိုက်သည်၊ တော့ အိပ်ရာထဲ တုံးခနဲလှဲချလိုက်ပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



“ခဏပြန်မိန်းမယ်..”
“ဘာ..”
“မင်းအော်တာနော်..”
“လွှတ်စမ်းပါ..မာမီ ခေါ်နေပါတယ်ဆို၊ ဘာလို့လှဲလိုက်တာလဲ..
ယ်..”
“ဘာလဲ..မင်းပဲ မောင့်ပါးစပ်ကို အတင်းပိတ်ပြီး မဟားတရားလုပ်
တာ..”
“မောင်နော်..”
“မဟုတ်လို့လား..ဒီကောင်ကမရဘူး၊ စိန်ခေါ်ရင် ဘွာမခတ်တမ်း
..”

ရုန်းမရအောင် အတင်းဖက်ထားကာ မျက်လုံးမဖွင့်ဘဲ ပြောနေသ
င့် အပြာစိတ်တိုလာသည်။ စားပွဲပေါ်ကို လက်လှမ်းလိုက်တော့ မိနေသ
င့် ရေဖန်ချိုင့်ဘေးက ရေစပ်စပ်နှင့်ဖန်ခွက်ကို ယူလိုက်ကာ.. ၊
“အား..ဟား..”
မျက်နှာပေါ်ကို ရေတွေသွန်ကျလာသဖြင့် ခြံကအားခနဲအော်ကာ
တ်တိုမစ်တစ် ထထိုင်ပြီးသား ဖြစ်သွား၏။
“ကြည့်စမ်း..မောင့်ကို ရေနဲ့ပက်တယ်ဟုတ်လား..”
စိတ်တိုနေသည့်ကြားက ရယ်လိုက်မိက ဖန်ခွက်ကိုပြလိုက်သေး
သည်။
“ပက်တာဘာဖြစ်လဲ..မာမီက အရေးကြီးတယ်လို့ ပြောသွားတာကို
ခိုင်းတာ ထမှမထဘဲ..”
“ရတယ်..မင်းကရေနဲ့ပက်တာ၊ မောင်ပြန်လုပ်ပြမယ်..”
“အား..မောင်နော်..”
အပြာ ကမန်းကတန်းထပြေးပေမယ့် မလွတ်ဘဲ နှစ်ယောက်စလုံး
ရာထဲ လုံးထွေးကျလေသည်။ ထို့ပြင် သူမဝတ်ထားသည့် အဝါရောင်
တ် အင်္ကျီရင်စေ့လေးကို ခြံအတင်းချွတ်ပစ်ဖို့ ချုပ်နှောင်ကြိုးစားနေ
က်.. ၊
“မောင်..မောင်နော်၊ ဟင့်အင်း တောင်းပန်တယ်..အပြာရှုံးတယ်၊
က်မလုပ်တော့ဘူး..မလုပ်နဲ့..”
“ခုမှမရတော့ဘူး..ငါ့မိန်းမရဲ့ သဘာဝအရှိကို အရှိအတိုင်းပုံလေးကို
တ်ပုံရိုက်ပြီး ဖုန်းထဲမှာ သိမ်းထားရမယ်၊ ဟား ဟား ဟား ပိုင်တယ်ကွာ..
ကြုံနောက်မှရတာ နာတယ်..”
“မောင် မလုပ်နဲ့ဆို..အပြာငိုမှာနော်..”
ပြောနေရင်း ငိုသံလေးပါလာတော့ ခြံကရယ်ကာ.. ၊
“ကလေးလိုပဲကွာ..ခုမှ ပိုချစ်ဖို့ကောင်းတာ..”
“မသိဘူး..သွား မောင့်ကိုမုန်းတယ်၊ အဟင့်..”
“သွားရေ..”

www.burmeseclassic.com

www.burmeseclassic.com


"ဗျာ..မာမီ.."

"ဘာတွေဖြစ်နေကြတာလဲ..မာမီ အရေးတကြီးပြောစရာရှိလို့ ခေါ်နေတာ.."

"ဟုတ်..လာပြီမာမီ.."

သူ့လက်တွေ ပြေလျှော့သွားသည်နှင့် အင်္ကျီရင်ဘက်လေး ပြန်စေ့ပြီး အပြာချုံးပွဲချ ငိုလေသည်။

"အပြာကလည်းကွာ..ချစ်လို့စတဲ့ဟာ.."

"မဟုတ်ဘူး..အပြာရှက်ပါတယ်ဆို မောင်အနိုင်ကျင့်တာ.."

"မောင်က တကယ်လုပ်မှာမို့လို့လားကွ..တိတ် ကလေးကလိ တယ်.."

"မဟုတ်ဘူး..မာမီလာခေါ်လို့ မောင်နောက်ဆုတ်တာ.."

"အပြာရယ်..မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်ဖို့အတွက် လောက်တောင် ကြိုးစားနေစရာလိုလို့လား..မောင့်မိန်းမကို မောင်တ ခြောက်လန့်ချင်လို့ စနေတာ.."

ပြောပြီး ရင်ခွင်ထဲ ဆွဲယူဖက်ထားလိုက်ရင်း မျက်ရည်တွေသုတ် သည်။

"ကိုယ့်မိန်းမအရှက်သည်းတာ မောင်သိတာပေါ့..ခုမှ ကြယ် လေး နှစ်လုံးပဲ ဖြုတ်ရသေးတယ်၊ ဖြစ်နေလိုက်တာ.."

"မောင်နော်.."

"တကယ်အနိုင်လိုချင်ရင် တစ်ချက်ဆောင့်ဆွဲလိုက်ရုံနဲ့ ခင်ဗျာ ကိုယ်လုံးကို အလုကြည့်လို့ရတယ် သိရဲ့လား.."

"ကြည့်ပါလား.."

"ဟင်..တကယ်ကြည့်ခိုင်းနေတာလား၊ မလုပ်နဲ့နော်..တကယ် ရမှာတော့ ရှက်သလိုပဲ.."

"လဲသေလိုက်..အဲ့ဒီမှာ.."

နှစ်ယောက်သား ရယ်လိုက်ငိုလိုက်နှင့် အပြင်ရောက်တော့ ဒေါ် မာလာမျက်နှာက ဒေါသရိပ်တို့နှင့်.. ၊

"ဘယ်လိုဖြစ်နေကြတာလဲ..နှစ်ယောက်စလုံး၊ မာမီက အခေါ် လို့ လာနိုးတာ.."

"ဘာဖြစ်လို့လဲမာမီရာ..အဘွားသိဆုံးသွားပြီတဲ့လား.."

ဟင်,, ၊

ဒေါ်မင်းမာလာ တအံ့တဩဖြစ်သွားကာ.. ၊

"အန့်တီအဲ့လောက်ဖြစ်နေတာ သားသိတယ်ပေါ့.."

"ညဦးက ဟန်နီဖုန်းဆက်.."

ပြောရင်း အပြာ့ကိုလှမ်းကြည့်လိုက်သည်။ ပြီးမှ တုံ့ဆိုင်းဆိုင်း

"ညဦးက သားကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ဆရာဦးမျိုးနဲ့ ဖုန်းပြောနေတုန်း ဖုန်းဝင်လာတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား..အဲ့ဒါ ဘာဖြစ်လို့ မာမီ့ကိုမပြောတာလဲသား.."

"သားကခြံထဲမှာ မာမီ..ပြန်တက်လာတော့လည်း မေ့သွားတာ၊ သူ ပြောတာကလည်း စိုးရိမ်တကြီးဖြစ်နေတာ မဟုတ်တော့.."

"ရောဂါသည်းနေတာကို ပြောပြကာမှတော့ အကူအညီလိုချင်လို့ ...တွာ..သူတို့မှာ ယောကျ်ားသားလည်းမရှိတုန်း အိမ်မှာ လူမစုံခိုက်မှာ ...ဆိုကြီး ထဖြစ်တော့.."

"ဟန်နီပြောတာကတော့ သူ့အဘွားအခြေအနေမကောင်းဘူးတဲ့..ဒီ ...များ တစ်ခုခုထဖြစ်ရင် သူသရဲကြောက်လို့ သေမှာတဲ့.."

"ဩော်..ခက်တော့တာပဲခြံရယ်၊ ဒါကိုများ မေ့ရတယ်လို့.."

သိပ်အရေးမကြီးစေချင်လို့ ပြောပြလိုက်ကာမှပဲ ညတွင်းချင်းပြေး ...သွားရမယ့် အဖြစ်သို့ရောက်ကာ.. ၊

"ဖုန်းဆက်တုန်းက မယုတော်တော်ပျာနေရှာတာ..ကဲ ကဲ သားခုပဲ ...သွားလိုက်၊ မနက်ကျမှ မာမီလာခဲ့မယ်လို့.."

"မာမီ.."

"စကားမများနဲ့တော့..ကားကို ကိုယ်တိုင်မမောင်းနဲ့၊ လောပန်ကို ...ခေါ်သွား.."

"သေတဲ့သူကသေသွားပြီပဲမာမီရာ..ခုမှ နှစ်နာရီပဲရှိသေးတာ.."

"ခြံ..မာမီက သားကိုသေတဲ့ဆီပြေးပြီး ဝိုင်းငိုပေးလိုက်ဖို့ လွှတ် ...တာမဟုတ်ဘူး..ဟိုမှာ အိမ်ကလူမစုံဘူး၊ မိန်းမသားတွေချည်း ဒုက္ ...ရောက်ရှာမှာ.."

အပြာ မောင့်ကိုမသွားစေချင်ပေမယ့် ကိုယ့်မျက်နှာကို တကြည့် ...ကြည့်လုပ်နေတာမို့ ပြုံးပြပြီး ခေါင်းညိတ်လိုက်ရသည်။

"လောပန်..ဟော့ နိုးပြီလား၊ မျက်နှာသစ်ပြီး ကော်ဖီခါးခါးလေးဖျော် ...သောက်လိုက်..ပြီးတာနဲ့ အပြင်ထွက်ရမယ်၊ ကားထုတ်လာခဲ့.."

ဒေါ်မင်းမာလာ ဖုန်းပြောနေတုန်း ခြံက အပြာ့လက်လေးကိုဆွဲ၍ ...အခန်းထဲပြန်ဝင်လာခဲ့ရင်း.. ၊

"အပြာ.."

"သိတယ်..ဘာမှပူမနေနဲ့၊ နာရေးအိမ်မှာ စိတ်ဖြောင့်ဖြောင့်နဲ့ ကူညီ ...ပေါ..အပြာဒီလောက်လည်း သဘောထားမသေးပါဘူး.."

"ဟုတ်လို့လားကွာ.."

"အင်းပါဆို..မောင်မျက်နှာသွားသစ်လိုက်နော်၊ အပြာ မောင့်အ ...အကျီထုတ်ထားလိုက်မယ်.."

အဝတ်ဗီဒိုဘက် လှည့်လိုက်ရပေမယ့် အပြာ့ရင်ထဲမှာ လေးနေမိ ...

ဟန်နီနဲ့ သူမတို့ ရေစက်မကုန်နိုင်ဘူးလား.. ၊

➢ ➢ ➣ ➣

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၃၀)

"နှင်းဟေမာန်ဆိုတာ သူပဲ.."

"ဟင်..ဒါ.."

"ဟုတ်တယ်..အသက်က လေးဆယ့်ခုနစ်နှစ်၊ သမီးက ဗိသုကာအင်ဂျင်နီယာ..အခု အိမ်ထောင်ကျနေပြီ.."

ကားထဲကမျက်လုံးနှစ်စုံသည် ဒေါ်နှင်းဟေမာန်ဖြောင်းဖူးပြုတ် ထ နေသော နေရာနှင့်သိပ်မကွာသော အရပ်ဆိမှ စူးစိုက်ကျရောက်နေ လျက်..၊

"စကပ်လို့ခေါ်သလား..ထမိတော့ထမိပဲ၊ တစ်ကိုယ်လုံး တင်းကျပ် နေတာ.."

"ဘာလုပ်မလို့လဲ..မင်း ကြော်ငြာတင်မလို့လား.."

"မဟုတ်ပါဘူး..ဒီအသက်အရွယ်နဲ့ စကပ်အကျပ်ဝတ်ထားတာ ကြည့်ဦးလေ၊ ကိုယ်လုံးကမယ်ရှုံးလောက်တယ်..အဲ့ဒါ အသက်လေးဆယ် ကျော် ငါးဆယ်တွင်းတဲ့..မထင်ရဘူး.."

အကျီက ဆွဲသားလက်ရှည်ခါးရှည်မပွမကျပ်။ ဆံပင်ကို ဖြစ်သလို စည်းထားပေမယ့် အဖျားတွေကောက်နေသည့် ကျောလယ်မရောက်တ ရောက် ဆံပင်က နားသယ်စပ်တစ်ဖက်တစ်ချက်ကနေ ကပိုကရို ပြန်ကျနေသည်။

ခပ်လှမ်းလှမ်းက မြင်ရတာတောင် ရှုးသွယ်သောမျက်ခုံးတန်း ထင်းနေသည်။ နှာတံကော့ကော့နှင့် နှုတ်ခမ်းထောင့်ချိုးတွေက ပုံ လှပနေ၏။

"မင်းမြင်ပြီမို့လား.."

"ဟုတ်ပါတယ်စက္ကရာ..သမီးကိုကျော်ပြီး မအေကိုမဲနေရလား ပြောမိတာ ငါ့အမှား.."

ဦးစက္ကက မိန့်မိန့်ကြီးပြုံးနေသည်။

"ဒါ စကပ်အရှည်နဲ့မို့လို့..တစ်ခါတလေ ဒူးကျစကပ်တွေ ဝတ်သေး တယ်.."

"ဟင်..ဟုတ်လား.."

"သူ့အသက်ကိုလည်း ဘယ်သူမှငါးဆယ်နီးပါးလို့ မထင်ကြ လေ ..ကြည့်လိုက်ရင် သုံးဆယ်ကျော်ပဲထင်ရတာ.."

"ဟုတ်တယ်..လုံးဝတင်းပြည့်ကျပ်ပြည့်ပဲ.."

"ဟား ဟား ဟား .."

www.burmeseclassic.com

www.burmeseclassic.com



ဦးစက္ကရယ်တော့ နှစ်ယောက်ပေါင်းရယ်မိကြကာ.. ၊

"ခက်တာက မရလေပိုလိုချင်လေကွ.."

"မှန်တာပေါ့.."

"ငါလည်း ဘာမှမတတ်နိုင်ဘူးလေ..သူပြောသလိုပဲ ငါ့မိသားစုသိအောင်မဖြစ်ဘူး၊ တခြားနည်းနဲ့ လှုပ်ရှားပါလားဆိုတော့လည်း အခြေပျက်နေတဲ့ မိန်းမတစ်ယောက်ကို သိန်းနှစ်ဆယ်အစိတ် ဘယ်လိုအာမခံရလို့ ထုတ်ချေးတာလဲ မေးရင်ကွဲပြီ.."

"အဲ့ဒီတော့ ငါ့ကိုခေါ်ပြတာ မင်းဘာလုပ်ဖို့အစီအစဉ်ရှိလို့လဲ.."

"မိန်းမတစ်ယောက်က မျက်လှည့်ပြသွားတာ ငါအသည်းယားတယ်ကွာ..ဒီတိုင်းတော့ ဘယ်လိုနည်းနဲ့မှ.."

"ဟာ..ဟိုကားရွှေ့ပြီ.."

ရှေ့ကကားထွက်သွားတော့ သူတို့ကားနဲ့ဒေါ်နှင်းဟောမာန်ရဲ့ရှေ့ဆောင်မှာ အကာအကွယ်ကင်းမဲ့သွား၏။ ပိုက်ဆံထုတ်ရေနေရင်း နှစ်ရာအန် တစ်ရွက်လွင့်သွားတော့ ဒေါ်နှင်းဟောမာန်ရဲ့မျက်နှာ ပိုက်ဆံနောက်လိုက်ရင်း.. ၊

"ဟင်.."

ဒါဦးစက္ကပဲ.. ၊

မျက်လုံးဖြတ်သွားလိုက်တာနှင့် ကားထဲကဖြူဖြူပြည့်ပြည့် မျက်နှာကြီးကို ချက်ချင်းသတိထားလိုက်မိ၏။

ဟုတ်ရဲ့လား.. ၊

သေချာအောင်ထပ်ကြည့်ဖို့ စိတ်ကဖြစ်ပေမယ့် မမြင်သလိုနေလိုက်ရ ချက်ချင်းဆုံးဖြတ်ကာ။

"ပိုက်ဆံကလည်းဟယ်..ကားလမ်းပေါ်ပဲ လွင့်ရတယ်လို့.."

လိုက်ကောက်လည်း ထပ်လွင့်သွားနိုင်တာမို့ အဝေးကြီးရောက်သွားသည့် ပိုက်ဆံကို နမျောသလိုကြည့်ပြောရင်း မသိမသာမျက်နှာထပ်ဝှေမိ၏။

သေချာပါပြီ..ဒီလူကြီးပဲ.. ၊

ငါ့ကိုလာစောင့်ကြည့်နေတာလား..အထဲမှာလူပိုတွေပါသေးတာလား..၊

ဘေးမှာတော့ လူတစ်ယောက်ရှိနေသေးတာမြင်သည်။ ရင်တုန်စပြုအခြင်းကြောင့် ပြောင်းဖူးပြုတ်သည်ကို ပိုက်ဆံတွေပေးနေရင်း အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်၏။

"ရတယ်..ငါးဆယ်အကြွေမရှိရင် မအမ်းပါနဲ့တော့.."

နေဦး..ပြေးသလိုဖြစ်မယ် ဖြည်းဖြည်းလှည့် မှန်မှန်လျှောက်.. ၊

ဒေါ်ဟောမာန်ကြောက်သည့်စိတ်တွေ ဖြစ်လာသည်။ ရင်ဆိုင်ပြောပြီဆို ဘယ်လိုနေရာမှ ဘယ်လိုလူနဲ့ပြောရပါစေ။ ဒီလိုမပုတ်ဘဲ ကွယ်ရာကနေ ကျားချောင်းသလို ချောင်းပြီး ဒုက္ခပေးမည်ဆိုရင်တော့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com


ရှောင်ရမှန်း မသိ။ ဘယ်သူ့ကို ရင်ဆိုင်ရမှန်းမသိ.. ။

ဒေါ်ဟေမာန် ပြေးပေါက်မှားနေပြီဖြစ်သည်။ ဒါပေမယ့် ပြေး...
အဖြစ်ကိုလည်း လူသိမခံနိုင်။ နည်းနည်းအကြောင်းရှာပြီး နောက်...
ကြည့်လိုက်တော့ ကားကပါလာဆဲ.. ။

"တောက်.."

ခပ်ကြိတ်ကြိတ်တက်ခေါက်မိကာ ကားပါလာလို့မရသည့် ...
ကြောင်းကို အမြန်ဆုံးတွေးလိုက်၏။ ကားပေါ်မှာ ထိုင်နေသည့်လူ...
ဘယ်လိုပဲ မျက်စိရှင်ရှင်ထားပေမယ့် ဒေါ်ဟေမာန့်ကို မတွေ့တော့...
ကာ.. ။

"ထင်ပေါ်..မင်းကြည့်နေတာမဟုတ်ဘူးလား.."

"ကြည့်နေတာပဲ..ဟိုနောက်များဝင်သွားတာလား မသိဘူး၊ ...
တင် ပျောက်သွားတာ.."

"သူ ငါတို့ကိုသတိမထားမိတာတော့ သေချာတယ်မို့လား.."

"လုံးဝတော့ မသေချာဘူးကွ..ဒါပေမယ့် သူ့မျက်လုံးက မြင်သွား...
ပုံတော့ မရှိပါဘူး.."

"မင်းကိုလည်း အားကိုးလို့မရပါဘူး..ကျွတ်.."

"ကဲပါ..မင်းကားကြီးသာ တစ်နေရာထိုးလိုက်စမ်းပါ၊ ကွိုခနဲ...
မယ်..မင်းဘာလုပ်မှာလဲသာ ကြိုပြော.."

ဦးစက္ကက ကားကိုကိုယ်တိုင်မောင်းရင်း လမ်းဘေးတွေကို...
လှမ်းကြည့်နေရသဖြင့် မျက်နှာက မသက်မသာရှုံ့မဲ့နေကာ.. ။

"ပြောပြီးပြီလေကွာ..ငါဒီတစ်ခါ လုံးဝအလွတ်မပေးပါဘူးဆို..."

"ဟမ်.."

"ပိုက်ဆံချေးတည်းက ငါ့ဆန္ဒကိုတစ်ခါတည်း ထည့်ချေးလိုက်...
သူသိတယ်..သူပြန်ဆပ်ရမှာ ငါ့အတွက်ပဲ၊ ပိုက်ဆံမဟုတ်ဘူး..တရား...
မဖြစ်နိုင်..ဖမ်းချုပ်လိုက်လည်း ဒီမိန်းမက အသာလေးငြိမ်ကုတ်ပါလာ...
မဟုတ်ဘူး.."

"ကောင်းတယ်..ဒါပေမယ့် လူသိရှင်ကြား မိုက်ရူးရဲဆန်ဆန်...
မကူညီဘူးနော် စက္က၊ မင်းကမုဆိုးဖို ငါက.."

"မုဆိုးဖိုပေမယ့် ငါ့မှာသားသမီးတွေရှိတယ်..မင်းမှာမရှိဘူး..."

"ဟ..တကယ်စိတ်ကူးနေတာလား၊ လူမြင်ကွင်းမှာ ကားတင်...
တွေ ဘာတွေ.."

"ကဲ..စကားမများစမ်းပါနဲ့ကွာ၊ ကားဒီမှာ ထိုးခဲ့တော့မယ်...
ဆင်း.."

ဒေါ်ဟေမာန်ကတော့ ကားလိုက်လို့မရသည့် လမ်းကြိုလမ်းကြား...
ရောက်လာပြီမို့ ကျေနပ်သွားသည်။ ဟိုဘက်ထိတ်ကနေ လမ်းပေါ်...
တက်ပြီး တက္ကစီတားတော့မို့ ဆုံးဖြတ်ကာ သုတ်ခြေတင်ခဲ့စဉ်.. ။

"အားမငယ်ပါနဲ့ဟန်နီရာ..ငါတို့ သားအမိရှိနေတာပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးရှိနေလည်း အရင်လိုစားအတူ သွားအတူနေလို့မှ မရတော့ ...."

ဒီအသံတွေ သူမရင်းနှီးနေသည်မို့ သွားနေရင်း လှည့်ကြည့်လိုက်မိ ...င် ပန်းရောင်းသည့်ခြံထဲက ထွက်လာကြသည့် ခြံနဲ့ဟိုမိန်းကလေး.. ၊

"ကိုလေး.."

"ဟင်.."

"နေဦး..ကိုလေးကို ဟန်နီမေးစရာရှိတယ်.."

"ဘာလဲ.."

ဟန်နီဆိုသည့် မိန်းကလေးက ခြံလက်ကို ဆွဲချိတ်ထားလိုက်ကာ.. ၊

"ပြဿနာရှင်းချင်လို့ ခေါ်တဲ့နေ့က ကိုလေးကကိုလေးမိန်းမကို ဘာ...ွ ပြောထားလို့လဲ.."

"ဟာကွာ..ဒါတွေ မေးနေရမယ့်အချိန်လား.."

"မရဘူး မရဘူး..အဲ့နေ့က သူများကိုဖြေရှင်းခိုင်းဖို့ ကိုလေးခေါ် ...ိုက်တာ ဟန်နီဘယ်လောက်ဂွမ်းလဲသိလား.."

အောင်မလေး ဂွမ်းသလေး ဘာလေးနဲ့ ဖက်ထားလိုက်တာ ကြည့် ...်..လမ်းထိပ်ကိုထွက်ခါနီးမှ ထမီစကို ဆွဲပင့်လိုက်ပြီး ထိုဆီဦးတည် ...ိုက်လျှင်.. ၊

"သွားရေ့..ခဏ.."

ဟင်.. ဒေါ်မင်းမာလာ.. ၊

ဘေးမှာလည်း အမျိုးသမီးတစ်ယောက်နဲ့။ ဒေါ်ဟောမာန် ခြံတံတိုင်း ...် ထပ်ကွယ်အောင်နောက်ပြန်ဆုတ်၍ နားစွင့်ထားလိုက်၏။

"ရှော့ သား..ကားယူသွားလိုက်၊ အိမ်ကိုလုံးဝ လှည့်ဝင်မနေနဲ့နော်.. ...န်နီကြိုက်တာ ဝင်ပေ့စေ.."

"မဟုတ်ဘူး..မဟုတ်ဘူး၊ သမီးကိုအရေးမပေးနဲ့သား..ဒီကိစ္စတွေ ...ွ ဘာမှသိတာ မဟုတ်ဘူး.."

"ဟာ သိတယ်..လှအောင်ပြင်ရမယ့်ကိစ္စ ဟန်နီဘာလို့မသိရမှာလဲ၊ ...ီလေးပဲ ကိုလေးကိုသေချာမှာလိုက်..ဟန်နီ့ကိစ္စမပြီးဘဲ လုံးဝမပြန်နဲ့လို့.."

ဘာကိစ္စတွေလဲ.. ၊ဒေါ်ဟောမာန် ဒေါသတွေအရင်ကြိုထွက်လာကာ ...ာကိစ္စဆိုတာမသိပေမယ့် ဒီကိစ္စမျိုးကို လုံးဝအလျှော့မပေးဖို့ မာနက ...င်းပြီးသားဖြစ်လျက်.. ၊

ဟင်.. ဟိုမှာတက္ကစီ လူမပါဘူးပဲ.. ၊

နောက်ကိုကြည့်လိုက်မိပြီး စိတ်ကအရင်လိုနေကာ.. ၊

နေနှင့်ဦးသင်းတို့.. ငါသေချာသိဖို့ လိုသေးတယ်။ ဒီနေရာမှာ ထက် ...လက်ကြပ် ပြစ်တင်ကြိမ်းဝါးဖို့ အင်နဲ့အားနဲ့အသင့်ရှိသော်လည်း လက် ...တ်လိုက်ရပြီး.. ၊

'ငါ့နောက်က ချွေးရူးလိုက်နေလို့ သက်သာသွားတယ်မှတ်..'

ဒေါသတွေ တနုံ့နုံ့နှင့် တက္ကစီပေါ် ထိုင်မိတဲ့အထိ တက်ခေါက်မိ

www.burmeseclassic.com

www.burmeseclassic.com



တုန်း ငါ့သမီးကိုထိကြည့်စမ်း..အဲ့ဒီနှစ်ဖက်စလုံး သောက်ရှက်ဖြန်းဖြ
ပြီမှတ်..၊

ဘာဂုဏ်သိက္ခာလဲ.. တွေ့ကြသေးတာပေါ့ ဒေါ်မင်းမာလာ၊ ဘာ
ဂုဏ်သိက္ခာလို့ ခေါ်သလဲဆိုတာ လက်တွေ့ပြပေးလိုက်မယ် ကြည့်
ကားပေါ်မှာ တက်ခေါက်ရင်း ဆဲဆိုကြိမ်းဝါးနေခဲ့သဖြင့် ဒရိုင်
ခများ ဘယ်သွားမှာလဲတောင် မမေးရဲဘဲရှိလျက်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၁)

"နေရာတကာ လိုက်သဝန်တိုမနေနဲ့အပြာ..မောင်လည်း ပင်ပန်းနေ တာပဲ.."

"မောင်က လူပင်ပန်းတာပါမောင်ရယ်..မောင့်ကိုတစ်နေကုန်မျှော်နေ ရတဲ့ အပြာ့စိတ်ထဲမှာ.."

"ဟား..မငိုနဲ့ကွာ၊ မောင်တောင်းပန်ပါတယ်..အရမ်းပင်ပန်းနေ ပြီပါ၊ တော်ပါတော့.."

"မောင်.."

"ဖယ်ကွာ.."

"အပြင်ထွက်အိပ်ဖို့ထိ မောင်ကစိတ်ပျက်သွားတာလား.."

"ဟုတ်တယ်..မောင်ဒီည နားအေးပါးအေးအိပ်ရမှဖြစ်မယ်၊ ဖယ်ပါ ဆိုကွာ.."

"မောင့်.."

ဒေါ်ပောမာန် အမောတကော ထထိုင်လိုက်မိသည်။ သူမအိပ်ရာပေါ် မှာပဲရှိနေလျက် အိမ်မက်ထဲမှာငိုနေတာက အပြာ။ ဆံပင်ကို အော်တိုမစ် တစ်ကလစ်နဲ့ လိပ်ပတ်သိမ်းထားလိုက်ကာ အိပ်ရာကထ၍ ရေတစ်ခွက်လုံး သောက်ပစ်မိသည်။

လူကသာနိုးနေပြီး စိတ်ကဘယ်လိုမှ ဂနာမငြိမ်။ ငါနေ့လည်က မြင်ခဲ့တာတွေကို စိတ်စွဲပြီး အိမ်မက်မက်တာပါ။ အပြင်မှာ ဒီလိုမဖြစ်နိုင်ပါ ဘူး..၊ နောက်ထပ် ရေခဲသေတ္တာနားရောက်လာကာ ရေတစ်ဝက်ထည့်ပြီး သောက်မိပြန်သည်။

ရင်တွေပူနေတာ အပြင်ကထိကြည့်ရင်တောင် အပူအငွေ့တွေ ဟပ် နေသလိုပင်။ အပြာနဲ့ သူခွဲနေရတာများပါသည်။ ဒါပေမယ့် သူမအပြင်းအ ထန် ဖျားနေတဲ့အခါတိုင်း အိမ်မှာမအေက မျက်လုံးဖွင့်မရအောင် သွေး ဆေးပြီး အိပ်ချင်နေတတ်ကာ ငါ့သမီးဖျားနေသလားလို့ ပြေးကြည့်စရာ လို..၊

ဒီလိုဆက်သွယ်ချက်တွေ ရှိခဲ့တာမှန်ပေမယ့် ခုလိုရုပ်ရှင်ပြနေသလို ထင်ပြင်ပြင်ကြီး အိမ်မက်တာမျိုး မရှိခဲ့ဘူးပေ။ ထို့ပြင် အိမ်မက်ရဲ့အကြောင်း အရင်းက ဖျားနာတာလည်း မဟုတ်နိုင်။ ဒါဆို အိမ်ထောင်ရေးကြောင့်ငါ့သ မီးလေး စိတ်သောကရောက်နေလို့များလား..၊

နာရီကိုကြည့်တော့ ညဆယ့်နှစ်နာရီခွဲ။ သူမ အိမ်မက်တွေမမက် တော့ပါ။ အိပ်ပြီဆိုလည်း ညလယ်မှာ တရေးပြန်နိုးကာ သိပ်မရှိပေ..

www.burmeseclassic.com



ဘယ်လိုတွေးတွေး ဒီအိမ်မက်ကို နိမိတ်လို့ပဲ စိတ်ကခံစားနေမိ၏။

ဖုန်းရှိပါလျက်နှင့် ဖုန်တက်အောင်ပစ်ထားတတ်ခဲ့ပေမယ့် ဒေါ်... မှာန် ဖုန်းပြေးကိုင်မိလေသည်။ သို့သော် ဖုန်းကိုင်လိုက်တာနှင့် တိုက်... ရှာ မြည်သံပေါ်လာခဲ့ကာ.. ၊

ဒါ ဘယ်ကဖုန်းလဲ.. ၊

နာမည်မပေါ်ဘဲ နံပါတ်တွေချည်း မြင်နေရသဖြင့် အံ့သြသွားသ... အပြာက သူမဖုန်းနံပါတ်ကို နာမည်နဲ့မှတ်ပေးထားသော်လည်း ခြံရဲ့... ပါတ်တော့ ရှိမှာမဟုတ်ပေ။ ထို့ကြောင့် ခဏပဲစဉ်းစားပြီး ဖွင့်လိုက်...

"ဟလို.."

"ဒေါ်နှင်းဟေမာန်.."

ဟင်.. ၊

ဖုန်းကို လန့်ဖျန့်ကြည့်လိုက်မိကာ.. ၊

"ဦးစက္က.."

"မဆိုးဘူး..မင်းခေါင်းထဲမှာ ငါ့ကိုစွဲနေသေးတယ်.."

"စွဲနေတာမဟုတ်ဘူး..ခေါင်းတက်ပြီး ခွေးချေးပေထားလို့ အနံ့... တာ.."

"ဟား ဟား ဟား.."

"ဒီမှာ ဦးစက္က..ရှင်သိပ်ကို အားရမနေနဲ့၊ အသားကုန်အသား... ဖြစ်ရယ်နေတဲ့ ရှင့်ပါးစပ်ကြီးကို ပိတ်ပြီး တရိုတသေနားထောင်လိုက်..."

"ဩော်..မင်းကပဲ သူခိုးကလူပြန်ဟစ်လို့.."

"ခိုးတာက ကျွန်မမဟုတ်ဘူး..မရှိလို့ ချေးငှားတဲ့လူတွေ တစ်နိ... လုံးမှာ ပြည့်လို့၊ ဒီမှာဦးစက္က ကျွန်မဖုန်းနံပါတ်ကို ရှင်ဘယ်လိုရသွား... သိပေမယ့် ပြောချင်နေတာနဲ့ အတော်ပဲ..ကျွန်မဆီကနေ နောက်ထပ်... ကြွေးတောင်းဖို့ စိတ်ကူးမိရင် အဲ့ဒီခေါင်းကိုဖြတ်ပြီး မီးရှို့ပစ်လိုက်တော့..."

သားသမီး သောကနှင့်စိတ်က တွေနေသဖြင့် ဒီလူကြီးအသံ... လိုက်တော့ ဒေါ်ဟေမာန့်ဒေါသတွေမှာ သရဲပူးသွားသည့်နှယ်.. ၊

"ရှင့်သားသမီးတွေ သမက်တွေ မြေးမတွေအားလုံးကို ရှင်ကျွန်... ဟိုတယ်လိုလာဖို့ ချိန်းတာတွေ..ငါက ငွေလိုချင်လို့ ချေးခဲ့တာမဟုတ်... မှန်း မင်းသိပါတယ် ဆိုတာတွေ..ငါ့ဆန္ဒ.."

"ဟော့..မင်းတိတ်စမ်း.."

"အိုခေနော်..ရှင့်ဂုဏ်သိက္ခာကို လေကားထိပ်ကနေ ကန်ချလိုက်... လို နှင်းဟေမာန်လုပ်နိုင်တယ်ဆိုတာ အခုပြမယ်..ရှင်ဘာလုပ်သင့်တ... ဆိုတာ သဘောပေါက်လိုက်တော့.."

ပြောပြီး သူ့အသံဖိုင်ကူးထားတာတွေကို ပို့ပေးလိုက်သည်။

မှတ်ထား.. ၊

နှင်းဟေမာန်ဆိုတာ အသက်အရွယ်ကြောင့် ဒေါ်နှင်းဟေမာန်... နေပေမယ့် မသိတာ မလုပ်တတ်တာဘာမှမရှိဘူး။ ဒီဖုန်းကို မကိုင်...

www.burmeseclassic.com

www.burmeseclassic.com



ည်း ကြွေးထူနေတဲ့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ပဲ.. ၊

စိတ်ထဲကကြိမ်းဝါးရင်း ဖုန်းကိုခေါင်းအုံးပေါ် ပစ်တင်လိုက်မိသည်။ ီးတော့ တက်ခေါက်မိကာ သမီးကိုစိတ်ပူနေမိတာတွေ ဘယ်ထိရောက် ွားပြီလဲ.. ငါဘာလုပ်မလို့လဲ.. ၊

နာရီပြန်ကြည့်မိတော့ ညဉ့်တစ်နာရီကျော်နေပြီ.. ၊

➤ ➤ ≺ ≺

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၂)

"တစ်နာရီခွဲနေပြီ သမီးအိပ်တော့လေ..ဒေါ်ကြီးစောင့်လိုက်မယ်"

အပြာ မျက်ရည်တွေဝေ့နေသည့်အဖြစ်ကို မလုံမလဲနှင့် ငုံ့လိုက်ကာ.. ။

"ရပါတယ်..အပြာအိပ်လို့လည်း ပျော်မှာမဟုတ်ဘူး.."

သူမလေး ငိုနေရှာပြီကို အဝင်းသိလိုက်သည်။ တရေးနိုးထလာတာမို့ အိပ်မှုန်စုံမွှားဖြစ်နေတာတောင် မျက်လုံးတွေကျယ်သွားခဲ့ရလေ

"မအိပ်ချင်ပေမယ့် မျက်လုံးတွေမှိတ်ပြီး လှဲနေလိုက်လေ သမီးရဲ့ တစ်နေကုန်လည်း ပင်ပန်းထားတာဆိုတော့ ပျော်သွားမှာပါ.."

အပြာခေါင်းခါသည်။ မှောင်မိုက်နေသည့် တံခါးအပြင်ကို ငေး ကြည့်ပြီးမှ ညည့်ခန်းဆီပြန်လှည့်လာခဲ့လျက်.. ။

"ဒီနေ့ဆို လေးရက်ရှိပြီဒေါ်ကြီးရယ်..နယ်မှာနာရေးအိမ်တွေရှိ အဲ့လိုဝိုင်းကူကြတာ သမီးကြုံဖူးပါတယ်..ရန်ကုန်မှာ လိုလို့လားဟင်

"သမီးရယ်..အဲ့ဒါကလေ.."

ရှုတ်တရက်အဆင်ပြေအောင် ပြောဖို့လည်း ခက်နေရကာ..

"အဲ့ဒါက.."

"အန်တီယုတို့နဲ့မာမီတို့က ရပ်ဆွေရပ်မျိုးတွေလားဟင်.."

မျက်ဝန်းထဲမှာ မျက်ရည်တွေဝေ့နေတာကို ကြည့်ကာ အဝင်း ရမှာခက်နေသည်။ ဘာမှလည်း မတော်စပ်၊ ရပ်ဆွေရပ်မျိုးဆိုတာလည်း မဟုတ်ဘဲ ဟန်နီဆိုတဲ့မိန်းကလေးကိုက ခုကျမှ ခြံလက်ကိုမလွှတ် ဖြစ်နေတာ ဘယ်လိုပြောရမလဲ.. ။

"နာရေးဖြစ်တဲ့ညတည်းက မောင်ဟိုမှာပဲ မိုးလင်းရတယ်..နေ့ ခဏလေး ပြန်လာရင်တောင် ဟန်နီပါလာတယ်၊ ပါမလာရင်လည်း ဆက်ခေါ်တယ်.."

ပြောနေရင်း အပြာမျက်ရည်တွေ ပြိုကျလုလုဖြစ်လာခဲ့၏။

"မာမီလည်း အဲ့ဒီအတွက် အချိန်ပေးနေခဲ့တော့ အပြာဘာမှ

"ဝမ်းမနည်းပါနဲ့သမီးရယ်..လူလေးက သမီးကိုချစ်ရှာပါတယ် မှာ နေရတာ သူ့စိတ်နဲ့သူမဟုတ်ဘူးဆိုတာလည်း သမီးသိနေတာ ရောက်နေပေမယ့် ဖုန်းခဏခဏဆက်နေတယ်မို့လား.."

"ဒီနေ့ တစ်ခါပဲ ဖုန်းဆက်တယ်.."

ဖုန်းခဏလေး ပြောဖို့တောင် မအားလပ်ဘူးဆိုတာ ဘာတွေလုပ် ရလို့လဲ.. ။

www.burmeseclassic.com

www.burmeseclassic.com



အဝင်းရဲ့အမူအရာတွေကိုလည်း သူမနားလည်နေမိသည်။ ဒီအိမ်မှာ ာမြင့်စွာ အလုပ်လုပ်လာခဲ့တဲ့သူမို့ ဒီအိမ်ကအတွင်းရေးတချို့ကိုတော့ သိနေမှာပါ။ သိနေလို့ ပြောရခက်နေတာ သိပေမယ့် ပြောရခက်နေသည့် အကြောင်းတွေကိုပဲ နာကျင်မိ၏။

ဟန်နီနဲ့လူကြီးချင်း သဘောတူထားခဲ့တဲ့အဖြစ်ကြီးကို တုန်လှုပ်လာ ား၊ ဒီလိုနိုးစပ်မှုတွေကို ခံစားရလေ။ ဟန်နီက နုနုငယ်ငယ်ချစ်စဖွယ်လေး တော့ သူ့ဒွေးသမီး၊ ထို့ပြင် နှစ်ဖက်မိဘသဘောတူခဲ့ဖူးသော မိန်းက း။ ပိုဆိုးတာက မောင့်ကိုဆိုးနွဲ့ ရဲတင်းလွန်းနေသည်။

ယောကျ်ားတစ်ယောက်ရဲ့ စောင့်စည်းမှုက ဘယ်အတိုင်းအတာထိ ခံနိုင်သလဲ။ အချစ်ဆိုတာ သစ္စာနဲ့တည်ဆောက်တာလား..သွေးသားနဲ့ ည်နှောင်တာလား.. ။

"ဟော..ကားပြန်လာပြီ.."

အပြာ့အတွေးတွေက အဝင်းရဲ့စကားသံနှင့် ကားမီးရောင်ကြောင့် ပ်တောက်သွားခဲ့၏။ မောင်အချိန်မရှိမှ ပြန်လာတာကို မျက်ရည်စတွေနဲ့ ဆိုနေလို့ မတော်ပေ။

ကိုယ့်မျက်နှာကို ကမန်းကတန်းခြောက်သွေ့စေလိုက်ကာ.. ။

"မောင်နဲ့မာမီတို့ တစ်ခုခုများ စားဦးမလားမသိဘူး.."

"အေး အေး..ဒေါ်ကြီး မီးဖိုချောင်ဝင်ပြီး ပြင်ဆင်ထားလိုက်မယ်လေ၊ တို့တစ်ခုခုလုပ်ခိုင်းရင် သမီးအသံပေးလိုက် ချက်ချင်းရစေရမယ်.."

အဝင်း နောက်ထဲဝင်သွားကာ အပြာသော့ကိုင်ပြီး တံခါးပြေးဖွင့်မိ ည်။ ကားက သူမရှေ့မှာပဲ ရပ်သွားခဲ့ပြီး ဒေါ်မင်းမာလာဆင်းလာသည်။ ဘက်ကနေ မောင်ထွက်လာမည့် ထင်သော်လည်း.. ။

"ဦးဘခက် ပြန်တော့လေ.."

ဒေါ်မင်းမာလာ ကားမှန်ကိုပုတ်၍ လက်ပြလိုက်တော့ ကားက ယ် ကွေ့အတိုင်း မောင်းထွက်သွားလေသည်။

"ဘာလို့စောင့်နေတာလဲ..မာမီတို့မှာ သော့ရှိတာပဲဟာ.."

လက်ကိုင်အိတ်ကို လက်မှာချိတ်၍ အလွန်အမင်းပင်ပန်းနေသည့် ာနှင့် တန်းဝင်သွားတော့ အပြာမောင့်ကိုမမေးဖို့ ဆုံးဖြတ်လိုက်သည်။ လာဘူးဆိုတော့လည်း ကျန်ခဲ့သည်လို့ မှတ်ရုံသာ.. ။

ရင်ထဲမှာနင့်နေ၏။ ချစ်စခင်စမှာ ဒီလိုအဖြစ်တွေ ရှိတတ်သည်ဆို ကြိုသိခဲ့ရင်လည်း ကောင်းသား။ အချစ်ကြောင့် နာကျင်ရခြင်းအတွက် ဆေးမရှိသော်လည်း အငိုက်မိနာကျင်ရသည့် ဝေဒနာထက်စာရင်တော့ တ်သာနိုင်ဦးမည်သာ.. ။

တံခါးပိတ်နေရင်း မျက်ရည်တစ်စက်ပေါက်ခနဲကြွေဆင်းသည်၊ ျက်ရည်စကို ကပ်သုတ်လိုက်ပြီး လှည့်လိုက်လျှင် ဒေါ်မင်းမာလာ ဒီဘက် ထွက်လာတာနှင့် မျက်နှာချင်းဆိုင်လျက်သား.. ။

"မင်းက ငိုနေတာလား.."

www.burmeseclassic.com

www.burmeseclassic.com


သူမမျက်ရည်ကို လက်စမဖျောက်လိုက်နိုင်ဘဲ ဘာဖြေရမှန်းလည်း မသိ။ ဒေါ်မင်းမာလာမျက်နှာက မျက်ရည်ပေါ်မှာ မနှစ်မြို့နိုင်သော အထိ ကျမှုများနှင့်.. ।

"သူတို့မိသားစု ဒုက္ခများနေလို့ မဖြစ်သာလို့ သွားနေရတာအပြ အဲ့ဒါ မင်းကိုမာမီ ရှင်းပြပြီးပြီထင်တယ်.."

"ဟုတ်ကဲ့.."

"အေး..အခု ထပ်ပြောဖို့ရှိလာပြီပေါ့.."

ဒေါ်မင်းမာလာ ဘာကြောင့်ပြန်ထွက်လာမှန်း မသိသော်လည်း ဝတ်အစားတောင် မလဲနိုင်ဘဲ ဧည့်ခန်းမှာသွားထိုင်၏။ အပြာ ခေါင်း ငုံ့၍ ပါသွားခဲ့ရကာ.. ।

"ညဥ့်နက်နေပြီပေမယ့် မနက်လည်း ဆုံဖြစ်မှာမဟုတ်တော့ အ ပြောမှဖြစ်မယ်.."

အပြာ့မျက်ဝန်းတွေနဲ့ ဆုံတဲ့အထိ ဒေါ်မင်းမာလာက စောင့်နေပြီး

"အဲ့ဒီဒေါ်သီတဂူဆိုတဲ့ အဘွားဘာကြောင့် နာတာရှည်ရောဂါသ ဖြစ်သွားခဲ့တာလဲ မင်းသိလား.."

"........... ..........."

"နာတာရှည်တောင် မဖြစ်လိုက်ရဘဲ ဘာလို့အသေစောခဲ့ရတာ ဆိုတာလေ အပွန်း..မင်းမသိပါဘူး၊ ဘယ်သူမှလည်း မသိဘူး..သူ သားစုနဲ့ တို့တွေပဲသိကြတာ၊ အန်တီ ခုလိုဖြစ်သွားခဲ့တာ သူ့ရဲ့မျှော် ချက်တွေ ကုန်ဆုံးသွားခဲ့လို့ပဲ.."

ဒီစကားက လိုရင်းမရောက်သေးပေ။ အပြာကတော့ ကိုယ်နဲ့ဝ သက်နေပြီမှန်း ခံစားမိနေပြီဖြစ်၏။

"အန်တီက တစ်ယူသန်တယ်..ဟန်နီက သားကိုမေတ္တာရှိနေခဲ့တ အဲ့ဒီအချိန်မှာ သားကမင်းကို ရွေးချယ်လိုက်တယ်..မာမီဘယ်လို ဆုံး လဲ တွေးကြည့်စမ်း၊ အဆင့်အတန်း ဂုဏ်နေလား..သားရဲ့ စိတ်ချ မှုလား.."

မေးခွန်းထုတ်နေပေမယ့် အဖြေလိုချင်တာ မဟုတ်ဘဲ.. ।

"ငါ့ဘဝမှာငါ့သားထက် အရေးကြီးတာဘာမှ မရှိဘူး..ဒါ သားရဲ့ ဆုံးဖြတ်ချက်ကို ငါလိုက်လျောခဲ့တယ်၊ အန်တီကတော့ သူ့ လေး ကြေကွဲရှာပြီဆိုပြီး ဒေါသတွေထွက် ရန်တွေလုပ်နဲ့လေ.. ကတော့ တောင်းပန်တယ်၊ မာမီလည်း ကိုယ့်သားအတွက် ပြန်တော ရတာပဲ..စိတ်မကောင်းစရာက အဲ့ဒီနေ့ကစပြီး အန်တီအိပ်ရာထဲ လဲ တယ်.."

လက်ခနဲ ပင့်တက်လာသည့်အပြာ့ မျက်ဝန်းလေးတွေ ဒေါ်မင်းမာလာက နားလည်စွာဖြင့်.. ।

"မဆိုင်ဘူးလို့ ပြောရင်လည်းရပေမယ့် မျက်နှာပူနဲ့ပဲ ဒီတိုင် ရတာလည်း မှန်ပေမယ့် ခုလောက်ထိဖြစ်သွားတာကိုတော့ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com


မရတော့ဘူး..ဒါကြောင့် တာဝန်ကျေရုံ သွားလာနေခဲ့တာမဟုတ်ဘူးဆို ပြောချင်တာ.."

ပြောပြီး ဒေါ်မင်းမာလာ နေရာမှထရပ်လိုက်သည်။ ပြီးတော့ နံရံဆီ လှမ်းချင်း လျှောက်သွားကာ မြားနတ်မောင်ကြေးရုပ်ထုလေးဘေးမှာ ထားသည့် အပြာတို့မင်္ဂလာစုံတွဲ ဓာတ်ပုံကိုစိုက်ကြည့်ရင်း.. ၊

"လုပ်သင့်တာကို လုပ်ပေးခဲ့ပြီးပြီ..အခု ငါလုပ်ချင်တာကို လုပ်ရ ဒါက လူမှုရေး စီးပွားရေး ပတ်သက်မှုအားလုံးအပြင် ရင်ထဲကစိတ် အတိုင်းဖြစ်လာတဲ့ ဝန်ဆောင်မှုဆိုလည်း မှန်တယ်.."

စကားပြောရင်း ခြံမျက်နှာကို တယုတယပွတ်သပ်၍ တစ်ကိုယ်လုံး တို့ထိပွတ်သပ်နေခဲ့ပြီး.. ၊

"အပြာ.."

ဒီဘက်ပြန်လှည့်လာတော့ တည်ငြိမ်အေးစက်သော မျက်နှာနှင့်..

"နောက်ထပ်ဒီလိုအမှုအရာတွေ မာမီမမြင်ချင်ဘူးနော်.."

အပြာ ခေါင်းလေးငုံ့သွားကာ.. ၊

"ဟုတ်ကဲ့.."

"မင်းကိုကိုယ့်သမီးလို သဘောမထားနိုင်ပေမယ့် ငါ့ကိုငါ့ယောက္ခမ ခန်ဖို့တော့ ကြိုးစားမယ်..ဘာလို့လဲဆိုတော့ ငါ့ဘဝကငါ့သားရဲ့ စိတ်နဲ့ သန့်နေတာမို့လို့ပဲ.."

စကားသံမထွက်သေးခင် စူးစိုက်ကြည့်နေသည့် ဒေါ်မင်းမာလာ ဝန်းတွေက စကားလုံးပေါင်းများစွာ ပြောနေခဲ့၏။ ပြီးတော့မှ.. ၊

"ငါ့သားစိတ်ဆင်းရဲအောင် ဒါမှမဟုတ် ငါတို့သားအမိကြားမှာ စိမ်း အောင် စည်းခြားတာမျိုး မလုပ်သရွေ့ ငါ့ဘက်ကမင်းကို သမီးအဖြစ် ခံနိုင်ဖို့ အမြဲအဆင်သင့်ပဲ.."

မာမီက ခုကစပြီး လက်ခံနိုင်ဖို့ပြင်ဆင်ရမှာပေမယ့် အပြာကတော့ ကိုတွေ့ဖူးပြီးတည်းက မိခင်ပီသတဲ့မိခင်တစ်ယောက်အဖြစ် အထင်ကြီး စားခဲ့ရတာပါ.. ၊

ရင်ထဲမှာ ပြောဖြစ်ရင်း အပြာခေါင်းညိတ်လိုက်မိသည်။

"ဟုတ်ကဲ့ပါမာမီ..သမီးတို့အိမ်ထောင်ရေး ဘယ်လိုအခြေအနေ လိုဖြစ်နေပါစေ မာမီကိုသမီး ဘယ်တော့မှ မပြစ်မှားပါဘူး.."

ဟင်.. ၊

ဒေါ်မင်းမာလာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ မောင့်ကိုမာမီ ဘယ်လောက်ချစ်တယ်ဆို သမီး နားလည်နေလို့ပါ..မာမီသမီးကို မချစ်နိုင်ရင်တောင် မမုန်းဘူး ရင် ကျေနပ်နိုင်ပါတယ်၊ သမီးကလည်း မောင့်ကိုတကယ့်မေတ္တာစစ်နဲ့ ခဲ့တာမို့လို့ မောင့်ကိုပဲ မာမီချစ်နေမယ်ဆိုလည်း ကျေနပ်တယ်.."

"နေပါဦး..အိမ်ထောင်ရေး ဘယ်လိုအခြေအနေဖြစ်နေပါစေဆိုတာ ဘာလဲ၊ ဒီအိမ်ထောင်ရေးက ဘာဖြစ်သွားနိုင်တဲ့ အခြေအနေမျိုးရောက်

www.burmeseclassic.com

www.burmeseclassic.com


နေလို့လဲ.."

အပြာ့မျက်ဝန်းလေးတွေ နေရာရွေ့သွားသည်။ ပြီးမှ တခြားကို
နေရင်း.. ၊

"လူတစ်ယောက်မှာ သူ့အတွက်သည်းမခံနိုင်ဆုံး အရာဆိုတာ
တာပဲမာမီ..သမီးလည်း လူပါပဲ.."

"အခု သည်းမခံနိုင်အောင် ဖြစ်နေပြီလို့ ဆိုလိုတာလား.."

အပြာ ခေါင်းခါလိုက်သည်။

"ပြောပြတာပါ..သမီး အဲ့လိုမျိုးရှိခဲ့ရင်တောင်.."

"ရှိစရာလားအပြာ.."

ဒေါ်သက ထောင်းခနဲထဖြစ်သည်။ သားနဲ့ပတ်သက်ပြီး သူ
သားအမိအတွက် ပုံချပေးခဲ့ရတာတွေ နည်းသလား.. ၊ ငွေတွေ.. ဂု
က္ခာတွေ..၊ အဲ့ဒီထဲမှာမှ နှင်းဟေမာန်လို မိန်းမမျိုးကလက်ညှိုးထိုး
တွေ့တာကိုခံနေခဲ့ရတာရော ဘယ်သူ့အတွက်မို့လို့လဲ.. ၊

"ခုမှ လက်ထပ်ထားကြတာ တစ်လမပြည့်သေးဘူး..မင်းကအဲ့
ကြိတ်အခဲတွေနဲ့လား.."

"မဟုတ်ဘူးမာမီ.."

"မဟုတ်ရင်ဘာလဲ..နာရေးအိမ်ကို နေ့ရောညရောသွားနေ
မင်း ပြောချင်တာလား.."

"ပြောစရာမဟုတ်တဲ့အတွက် မဟုတ်ပါဘူးလို့ပြောနေတာပါ
ဘာမှ မပြောရသေးဘဲနဲ့တော့ ကြိုတင်နှိုက်ထုတ်ပြီး လက်နက်မပြင်
မာမီ.."

"ဘယ်လို.."

အံ့ဩမိတာ အနည်းအကျဉ်းလောက်ပဲ မဟုတ်ပေ။ ဒီနေ့ထိ
လွှာချ ခေါင်းငုံ့သွားတတ်သော အပြာ့မျက်ဝန်းလေးတွေက သတ္တိ
တို့ဖြင့် တလက်လက်တောက်နေသည်။

ဒီမိန်းကလေးလည်း လျှော့တွက်လို့မရပါလား.. ၊

"ပြန်ပြောစမ်းပါအပြာ..ငါက လက်နက်ပြင်တယ်ဟုတ်လား.."

"မပြောလည်တဲ့စကားတွေနဲ့ တံ့တင်ချေပရပြီဆိုရင် ဒါကတိုက်
ပဲ..ကိုယ်ပြောတာသာ အမှန်ဖြစ်ဖို့ အရှုံးမပေးချင်တဲ့ တိုက်ပွဲမျိုး-"

"ငါကတော့ တိုက်ပွဲဆင်နေတာမဟုတ်ဘူး..မင်းက ငါ့ရင်
ရမယ့် ပြိုင်ဘက်မဟုတ်သလို ရန်သူတွေလည်း မဟုတ်ဘူး၊ ငါက
မိခင်ဖြစ်တဲ့အတွက် မင်းငါ့ကို ဘာအတွက်မှ ရင်ဆိုင်ယှဉ်ပြိုင်လို့ မရ

"သမီးပြောတာ အဲ့လိုမဟုတ်ပါဘူးမာမီ..တစ်ယောက်
ယောက် ပွင့်လင်းကြမှ.."

"လုံးဝမလိုဘူး.."

ဒေါ်မင်းမာလာက ဒေါ်သမကင်းစွာ တစ်ယူသန်ပြတ်ချလို

"တခြားနိုင်ငံတွေမှာ သူ့ယဉ်ကျေးမှုနဲ့သူ အဆင်ပြေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ည်မှာ မပြောဘူး..မိဘအပေါ် သားသမီးဘက်က ပွင့်လင်းတယ်ဆိုတာ စ်ခွန်းမကျန် ပြန်လှန်မေးခွန်းထုတ်ရဲတာကို ခေါ်တာမဟုတ်ဘူး၊ မိဘ သောတူတူ မတူတူ ကိုယ်ထင်ရာကိုယ်လုပ်ခွင့်ရှိတယ်လို့ ပြောရဲတာ ည်း ပွင့်လင်းတာမဟုတ်ဘူး..”

ဒေါ်သတွေ သွေးပွက်ပွက်ဆူလောက်အောင် ထွက်နေပေမယ့် ဒေါ် င်းမာလာရဲ့ စကားလုံးတွေက သေသပ်လှပနေဆဲ။ အမိန့်ဆန်သော ဖက်သတ်မှန်တာတွေ ချပြနေတာတောင် နားထောင်ကောင်းနေခြင်း ဖြစ်နှင့် သူမစကားတွေထဲမှာ အပြာနစ်မျောသွားခဲ့တာ ခဏခဏ.. ၊

“နိုင်ငံကြီးတွေမှာပဲဖြစ်ဖြစ် တာဝတိံသာမှာဖြစ်ဖြစ် အရာရာပြည့်စုံ ကောင်းမွန်နေတယ်ဆိုတာ မရှိဘူး..နေရာတိုင်းမှာ ကောင်းတာရှိသလို းထွက်ဆိုးကျိုးတွေရှိတယ်၊ နေရာတကာ ဆောင်ရန်ရှောင်ရန်နားမ ည်တော့ ဘာတွေဖြစ်ကုန်သလဲ..”

ပြောပြီး ခေါင်းခါလိုက်ကာ.. ၊

“မရဘူးအပြာ..ဒီနေ့ထိ မင်းအမေနဲ့ပတ်သက်ပြီး ငါမင်းကိုဘာမှမ ပြောခဲ့သေးဘူး၊ ဆိုးတာကောင်းတာ ဘာမှလည်းမင်းနဲ့ မတိုင်းတာခဲ့ဘူး.. ဒါပေမယ့် အခုပြောပြီ မိန်းမတစ်ယောက်က မိန်းမပီသလွန်းနေရင် တုံး တာ မှန်တယ်၊ ဒါပေမယ့် ငါလိုချင်တဲ့ထက်မြက်မှုက မင်းအမေလိုဖြစ် ဖို့ မဟုတ်ဘူး..”

အပြာ့မျက်နှာလေး ငယ်ကျသွားသည်။ ဖျတ်ခနဲငုံ့မိမလို ဖြစ်သွား ာ ပြန်မော့၏။ ဘာမှမပြောနဲ့ဦးလို့ တားဆီးလိုက်တာမျိုး ဒေါ်မင်းမာ တက လက်ကာတားလိုက်ကာ.. ၊

“ငါ့စကား မဆုံးသေးဘူး..”

ပြောပြီးမှ လက်ပြန်ချ၍.. ၊

“မင်းရင်ထဲမှာ ခုံနေတဲ့နာကျင်မှုတစ်ခုနဲ့ပတ်သက်ပြီး အခုမင်းရင် ထ ကောင်းမွန်ထက်မြက်မှုတွေကို ငါတွေ့လိုက်ရပြီ..”

“မာမီ..”

“မင်းကိုကဲ့ရဲ့နေတာ မဟုတ်ဘူး..မင်းအမေလောက် ဖြစ်မသွားစေ င်တာ၊ ငါ့သားရတဲ့မိန်းမက ခပ်တုံးတုံးမဟုတ်ဘူးဆိုတာ ကျေနပ်တယ်.. ဒါပေမယ့် လည်တာကို မုန်းတယ်..”

“သမီးကို ပြောခွင့်ပေးပါမာမီ..”

“အိုခေ..”

ဒေါ်မင်းမာလာက မေးဆတ်ညိတ်၍ လက်ပိုက်ကာ.. ၊

“ပြော..”

“အမေ့သမီးမို့လို့လား..သမီးမှာပတ်ဝန်းကျင်က အကျင့်စရိုက်တွေ နေတာလား၊ အဲ့ဒါတွေသမီးမသိပါဘူး..သမီးရင်ထဲကို မာမီမြင်လိုက် ယ်ဆိုတာလည်း သမီးကိုယ်သမီး မမြင်ခဲ့ဖူးဘူး၊ ဒါပေမယ့် မာမီ့ကို မီး လေးစားတယ်ဆိုတာ မောင့်မျက်နှာနဲ့ အကြိုက်လိုက်ပြောတာ မ

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်ပါဘူး.."
"အဲ့ဒီတော့ ဘာပြောချင်တာလဲ.."
"သမီးရှိင်းနေရင် အဲ့ဒါသမီးပါပဲ..ယဉ်ကျေးနေရင်လည်း အဲ့ဒါ ပြာရင့်ရောင်ပဲ.."
မအေကိုတော့ မထိနဲ့လို့ပြောချင်တာလား.. ၊
မျက်နှာလွှဲနေလျက်နှင့် ဒေါ်မင်းမာလာနှုတ်ခမ်းမှာ ပြုံးယောင်သန်း၏။ အပြာက ထိုအပြုံးကိုကြည့်ပြီး ခေါင်းခါလိုက်ရင်း.. ၊
"အမေ့ကို ထိခိုက်ပြောလို့ သမီးဖြေရှင်းနေတာ မဟုတ်ပါဘူး.."
သူမလေးက ဒီလိုလည်း အကင်းပါးသား.. ၊
"မာမီ့အမြင်မှာ သမီးကရိုင်းစိုင်းတဲ့ စိတ်ဓာတ်ရှိတယ်လို့ ထင်နေ နောက်ထပ် သမီးပြောမှားဆိုမှားတွေ ထပ်ရှိလာမယ်ထင်တယ်..အဲ့ ကြောင့် နားလည်ပေးဖို့ တောင်းပန်ချင်တာပါ၊ မာမီ ဒါကိုမကြိုက်မှန်း ရက်နဲ့ သမီးက ဂရုမစိုက်တတ်ဘူးလို့.."
"စကားလုံးလှလှတွေ ရွေးပြောမနေနဲ့အပြာ..မင်းအတွက်သာ စွန့်စားခဲ့သလို ငါလည်းစွန့်လွှတ်ခဲ့တာတွေ ရှိတယ်၊ ဘယ်အရာမဆို ကား မရဘူး..အဲ့ဒီအတွက် မင်းပြန်သိရမှာက ဒီအိမ်မှာ ငါ့အမိန့် ငါ့ ကလွဲပြီး ဘယ်သူ့ဆန္ဒနဲ့မှ ဦးဆောင်ခွင့်မရှိရဘူး.."
စူးလက်သော မျက်ဝန်းတို့ဆုံခဲ့ကြပြီး.. ၊
"မင်းခခြံရံကို ငါချစ်လို့ သူ့ဆန္ဒအားလုံးကို ခြွင်းချက်မရှိ လျော့ခဲ့တယ်..ဒါပေမယ့် ငါလိုက်လျောခဲ့တာ ငါ့ဆန္ဒပဲ၊ ရှင်းရဲ့လား
အပြာ ရဲဝင့်စွာခေါင်းညိတ်၍.. ၊
"ဟုတ်ကဲ့..ရှင်းပါတယ်မာမီ.."
"အိုခေ.."
ဒေါ်မင်းမာလာက ခေါင်းညိတ်လိုက်ကာ.. ၊
"ငါ မင်းအပေါ်မှာ ယောက္ခမဆန်ဖို့ ကြိုးစားမယ်လို့ ပြောခဲ့ပြီး ပြီးတော့ ငါကိုယ်တိုင်က မိန်းမသားတစ်ယောက်ပဲအပြာ၊ အိမ်ထောင် ခုရဲ့ အုတ်မြစ်ကို ငါ့သားချခဲ့တာ သဲသောင်ကမ်းပေါ်မှာပဲဖြစ်နေပါစေ ကိုငါ မပျက်စီးအောင် ကာကွယ်မယ်၊ အဲ့ဒါ ငါပေးနိုင်တဲ့ကတိ.."
အပြာကျေနပ်သွားသည်။ မတင်မကျ မွန်းကျပ်နေခဲ့သမျှ ပြော သမျှ တစ်ဖက်သတ်ဆန်ဆန် စကားတွေအပေါ်မှာ ထိခိုက်ခံစားခဲ့ရ သည် ဒီကတိ စကားကိုကြားလိုက်တာနှင့် အားလုံးပျော်ကျပျောက် ကုန်ကြ၏။
"ချွေးမကြီးကို အိမ်နောက်ဖေးမှာ ချောင်ထိုးထားပြီး သူ့ငွေ သားကို လွှတ်လပ်ခွင့်ပေးထားတဲ့ ယုတ်ညံ့တဲ့ယောက္ခမမျိုး ငါမဖြစ် ဘူး.. ဒါပေမယ့်.."
အပြာ့ကို စိုက်ကြည့်ကာ.. ၊
"ငါတားဆီးကာကွယ်ထားတဲ့ တံတိုင်းကြီးအ ယ်လောက်ပဲ မြင်

www.burmeseclassic.com

www.burmeseclassic.com



ခါနေပါစေ..ငှက်လေးတစ်ကောင် ပျံထွက်မသွားဖို့က မင်းရဲ့လက်ခုပ်အားနှစ်ဖက်လောက် မလုံခြုံဘူးဆိုတာ မင်းနားလည်ရမယ်.."

ရင်ထဲမှာ မီးစတစ်စ စင်ကျသွားသလိုပင်.. ၊

"မင်းလက်ခုပ်ထဲကနေ ပျံထွက်သွားရင်တော့ အဲ့ဒါမင်းအရည်အချင်းပဲ.."တဲ့.. ၊

မောင်ထားသင့်တဲ့ သစ္စာတရားကတော့ မပါတော့ဘူးလား.. ၊

အချစ်သည် လွတ်လပ်ပေါ့ပါးသော သာယာကြည်နူးမှုကိုပေးစွမ်းတတ်သော်ငြား သစ္စာတရားကို ထည့်သွင်းတောင်းဆိုလိုက်သည့်အခါ မျက်လုံးစိမ်းနှင့် ကြည့်တတ်ခဲ့ပြီး.. ၊

အချစ်နဲ့သစ္စာ အတူမလာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၃၃)

"ကိုလေး စားလေ.."

"ငါမစားဘူးလို့ ပြောပြီးပြီလေ..နင့်ဟာနင်စား ပြီးရင်ပြန်မယ်"

"ကိုလေးက ဟန်နီ့ကိုပို့ပြီးတာနဲ့ ပြန်မှာမို့လား.."

"မပြန်လို့ ဘာလုပ်ပေးရဦးမှာလဲ.."

"ဟယ်..မျက်နှာကြီးက ကြည့်ပါဦး.."

သူ့မျက်နှာ တကယ်သိသာနေပြီလားဆိုသည့် အတွေးနှင့်တစ်ချက် တော့ လွှဲလိုက်မိသည်။ သို့သော်.. ။

"တစ်နေကုန်တစ်ချက်မှ မနားရသေးဘူးဟန်နီ..အဲ့ဒီတော့ ငါ့မျက် နှာ ဘယ်လိုဖြစ်နေနေ လိုက်ကြည့်မနေနဲ့၊ စားစရာရှိတာ မြန်မြန်စား"

ဟန်နီက ဆင်စွယ်ရောင်အနားနှင့် အဖြူရောင်ပေါင်တိုစကတ် ကျပ်လေးကို ခြေသလုံးတစ်ဝက်ထိ ကြိုးသိုင်းတွေပါသော ဖိနပ်အမြင့် ကြီးနှင့် တွဲဝတ်၏။ ပခုံးစွန်းထိ အကျီလည်ဟိုက် အဖြူရောင်လေး လည်း ခါးတိုလေးပဲဖြစ်ကာ ထပ်ဝတ်ထားသည့် အညိုရောင်အပါးသား ကျီစသည် စကပ်ထက် ပိုရှည်နေတော့ မရိုင်းမယဉ် ချစ်စရာလေးပင်။

သူမလေးက သူ့လက်ကိုတွဲချိတ်ပြီး မခွဲအတူသွားလာ လှုပ်ရှား နေချိန်တွေမှာ အပြာကတော့ တစ်ယောက်တည်းအထီးကျန်နေရှာမည့် ခုလောက်ဆို ဘယ်လိုအတွေးတွေ ဝင်နေပြီလဲတောင် မသိ.. ၊

ဒါမှမဟုတ် သူမငိုနေပြီလား.. ၊

ကိုယ်ပြန်သွားခဲ့တဲ့ ညကျတော့လည်း ကိုယ့်မိန်းမနဲ့ကိုယ် အေးအေး နားတော့မို့ အခန်းထဲဝင်ပြီဆို အိပ်ရာထဲရောက်တာနှင့် ဒေါ်ယုနဲ့မှာ ဖုန်း လှမ်းဆက်ပါပြီ။ ဟန်နီလိုက်အိပ်သည့် ညကလည်း အိမ်မှာပဲအိပ်တော့ မည်ပြောပြီး အားလုံးအိပ်ကြမည်ဆိုကာမှ သူမကဗိုက်ထအောင့်သည်။

"တစ်ယောက်တည်း ဗိုက်ထအောင့်နေလိမ့်မယ်..သားစောင့်နေပေး လိုက်နော်၊ မိုးလင်းတော့မှာပါ.."တဲ့.. ၊

ကိုယ့်အိမ်ပြန်ရောက်မှ ညစောင့်တာဝန်နဲ့ သူမဘေးမှာပဲ ငုတ်တုတ် ငိုက်ခဲ့ရသည်။ နောက်ညတွေကျတော့ ဟန်နီညည လန့်အော်လို့ အဖော် အိပ်ပေးပါတဲ့။ ဒီနှာရေးမှာမှ သူ့ဘဝမပျက်ရင် ပျက်ဖို့အကြောင်းရှိပါ့ လား.. ၊

"ကိုလေး.."

တွေးနေတုန်း ဟန်နီခေါ်ပုံက တစ်ခုခုပူဆာဖို့ ပြင်ထားသည့်ပုံနှင့်။

"ကိုလေးပြန်ချင်နေတာကို ဟန်နီသိပါတယ်..ခဏလေး နေပေး

www.burmeseclassic.com



...း ဟန်နီ့သူငယ်ချင်းတွေ လာမှာမို့လို့.."

"ဒါဆိုပိုကောင်းတာပေါ့..နင် သူတို့နဲ့နေလိုက်တော့လေ၊ ငါပြန် ...ယ်..ကြိုက်သလောက်စားကြပါစေ ငါပိုက်ဆံရှင်းပေးခဲ့မယ်.."

"ဟာ..ကိုလေး မရဘူး..မရဘူး.."

ပြောပြီးခြံတန်းထရပ်သည်။ ဟန်နီက နေရာမှထလာပြီး ခြံကိုအ ...င်း လိုက်ဆွဲသည်။ စားသောက်နေကြသည့် စားပွဲတွေကြားမှာ လက်ကို ...ဖက်သလို ကိုင်ထားလိုက်ကာ ဖွတ်တရွတ်ခြေဆောင့် ခေါင်းခါရင်း..၊

"ပိုက်ဆံ ဟန်နီ့မှာပါတာပဲဟာ..ကိုလေးကို ပိုက်ဆံရှင်းဖို့ စောင့်ပေး ...းတာ မဟုတ်ဘူး.."

"ဒါဆို ဘာကိစ္စနဲ့လဲ.."

"အဟွန်း.."

မေးလိုက်ကာမှ လက်မောင်းကိုဖက်ထားလိုက်ပြီး ရယ်ကာ..၊

"ဟန်နီတို့ဆယ်တန်းတည်းက အမေရိကကို ရောက်သွားတဲ့သူငယ် ...ချင်း မနေ့ကပြန်ရောက်လာတယ်လေ..အဲ့ဒါကိုလေးနဲ့ မိတ်ဆက်ပေးချင် ...လို့.."

"ဘာဆိုင်လို့လဲ.."

ဘေးလူတွေလည်း သတိထားမိကုန်ပြီ။ ဟန်နီလုပ်နေပုံက သဘာဝ ...ဆန်တွေမို့ ခြံမျက်နှာစိတ်မရှည်ခြင်းတွေ သိသာစွာဖြစ်လာခဲ့၏။ ထိုအ ...ချိန်မှာ တစ်နေရာကနေ စူးစိုက်အကဲခတ်နေသော မျက်ဝန်းတစ်စုံကို သူ ...သတိမထားမိခဲ့ပေ..၊

ထိုမျက်ဝန်းတို့သည် တနုံ့နုံ့ဖြစ်နေသော ဒေါသအခိုးတို့လျှံလျက်..

"တောက်..သင်းက မိန်းကလေးတွေတအုံးအုံးနဲ့ ပြည်တော်သာနေ ...ာကိုး.."

ဒေါ်ဟေမာန် သမီးအတွက်စုံစမ်းရ လေ့လာရနှင့် နေ့စဉ်အလုပ်တစ် ...ခု ပိုနေခဲ့တာ တစ်ခါတလေ ထမင်းစားဖို့တောင် သတိမရနိုင်။ လူတစ် ...ယောက်သေတာ ကမ္ဘာပြိုသွားနိုင်သလား..၊

ဒီအိမ်မှာ လူသေနေတာကို သိပြီးပြီ။ ဒါပေမယ့် သွေးသားမတော် ...သည့်အပြင် အိမ်နီးချင်းလည်းမဟုတ်ဘဲ ဒီလောက်ပူးကပ်ကူညီနေဖို့ ...သလား..၊

မြင်ကွင်းထဲမှာ မိန်းကလေးတွေထပ်ရောက်လာပြီး ကဲကဲရဲရဲတွေ ...နေကြတာ မကြည့်ချင်ပေမယ့် မြင်နေရသည်။ ပြောချင်သည့်ပါးစပ်ကို ...မက ဖိပိတ်ထိန်းချုပ်ရင်း ဘာလုပ်ရရင်ကောင်းမလဲ အပြေးအလွှားစဉ်း ...းမိသည်။

"အန်တီက စကားပြောတာ အရမ်းအဆင့်အတန်းရှိတာ.."

"မာမီကို သမီးလေးစားတယ်.."

"အမေ့ အပြောအဆိုတွေကို ပြင်သင့်ပါပြီအမေရယ်..အမေ့ကြောင့် သမီးအရမ်း စိတ်ညစ်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပြောဖို့ ပါးစပ်ပြင်လိုက်တိုင်း အပြာမျက်နှာကို မြင်ယော
လာမိသည်။ ပြီးတော့ နှုတ်ကျင့်ခဲ့ရသည့် စကားလုံးတွေကို သတိရလာတ
သည်။ တစ်သက်လုံး ကိုယ်မင်းကိုယ်ချင်းနေထိုင်ပြောဆိုလာခဲ့သမျှ အ
မှာ ယောက္ခမရှိလာပြီဆိုမှ ဒီစကားတွေက နှုတ်ကျင့်စရာမှန်းသိလာသည်။
သမီးက ပြောနေကျအတိုင်း ပြောချင်ပြီဆို မဆင်မခြင်ပြောတ
သည်။ ဒါပေမယ့် ခုချိန်မှာတော့ ကြားနေကျဆိုပြီး မေ့ပျောက်မသွား
ဘဲ ဖြစ်နေခဲ့၏။ ထို့ကြောင့် နေရာမှာပဲ ရပ်နေရင်း ဒီကိစ္စကိုဘယ်လို
ရင်ရမလဲ ခေါင်းခြောက်အောင် တွေးနေမိ၏။
ထိုစဉ် ဟန်နီက ဖုန်းပြောရင်းဒီဘက်ထွက်လာတာ မြင်လိုက်ရ
"အေးပါ..ငါသိပါတယ်၊ ဟား ဟား ဟား.."
"....... ..........."
"ဂျွန်ရာ..ငါဒီလောက်မတုံးပါဘူး၊ ကိုလေးကို ရအောင်ခေါ်ပြ
ကြည့်..လုံးဝပိုင်တယ်၊ အေးလေ ကြည့်နေလိုက်ပါ..ငါက အား..
"ဒေါက်.."
ဖုန်းပြောနေရင်း တံခါးနားရောက်တော့ တစ်စုံတစ်ယောက်နဲ့
တိုက်မိသွားကာ..၊
"သွားပါပြီ..ပေကုန်ပြီ၊ ရှင် ဘယ်လိုလုပ်လိုက်တာလဲ.."
တစ်ဖက်လူကိုင်ထားသည့် ကော်ဖီအေးတွေ သူမရင်ဘက်တစ်ပြ
လုံးမှာ စိုရွှဲသွားကာ ကိုင်ထားသည့်ဖုန်းလည်း လွတ်ကျ၏။
"ဆောရီး..ဆောရီးပါနော်.."
အမျိုးသမီးက ကော်ဖီရောင်စတိုင်ဘောင်းဘီရှည်ပွပွနှင့် အပေါ်
လည်ကပ်လက်ပြတ် အင်္ကျီပွပွကို ခါးပတ်နဲ့ဝတ်ထား၏။ သူမကပဲ ထိ
ရှိုးမတတ် တောင်းပန်ကာ ကော်ဖီခွက်ကို လက်ကမချဘဲ ဟန်နီ့
ကိုကောက်ပေးရင်း..၊
"ဆောရီးပါသမီးရယ်..အန်တီ့မှာ သောကတွေများနေလို့ပါနော်.."
"သောကများတာလည်း သူများကိုဝင်တိုက်မိလောက်အောင် ဖြ
ရာလားလို့..ဒီလောက် အရှင်းကြီးကို.."
သူမက ဖုန်းကောက်ပြီးလက်ထဲပြန်ထည့်ပေးကာ..၊
"အနူးအညွတ်ထပ်ပြီး တောင်းပန်ပါတယ်..အန်တီ့သမက်ကို ထ
မည်းတွေ ဝိုင်းအုံတွယ်နေကြလို့လေ၊ အဲ့ဒီဟာမတွေကို ခြင်တွေယင်
ရိုက်ချသလို အသေတွယ်ချင်ဇောနဲ့ ပြေးချလာခဲ့တာ.."
တောင်းပန်နေသည့်မျက်နှာသည် ချက်ချင်းတင်းတင်းမာမာ ထ
လျက် ကော်ဖီခွက်ကို နီးသည့်စားပွဲပေါ်မှာ တင်လိုက်ပြီး လက်သီး
မောင်းတန်း၏။ ထိုအချိန်မှာပဲ ဟန်နီ့သူငယ်များတွေလည်း ဒီဘက်မှာ
ခုခု ဖြစ်နေမှန်းသိသောကြောင့် အပြေးအလွှားရောက်လာကြရာ..
"ဒီထဲမှာ ငါ့သမက်ရှိတယ်..သတင်းအတိအကျရထားတာ..
လို့ပြောပြီး မိန်းကလေးတွေကို တိုးတိုက်ဝင်ပစ်လိုက်ရင်း..

www.burmeseclassic.com

www.burmeseclassic.com



"တွေ့မယ်..သူ့လင်မရှောင် ကိုယ့်လင်မရှောင်တဲ့ဟာတွေ အဝီစိငရဲမ ချောင် ငါ့လက်ထဲမှာပဲ ငရဲကျသွားစေရမယ်..ဘယ်နှယ့် သင်းတို့ငရဲမ ကြာက်ပေမယ့် မိန်းမမျိုးပျက်တယ်၊ သူများအိမ်ထောင်ပျက်စီးတယ်..သေ သာပြင်ထား.."

ဒေါ်ဟေမာန့်အသံက တစ်ဆိုင်လုံးဟိန်းထွက်သွားသည်။

သူရှိရာ လာနေသဖြင့် ခြံမျက်လုံးပြူးသွားသည်။ အနားမှာ မိန်းက လေးတစ်ယောက်မှ မရှိပေမယ့် ကိုယ့်ပြဿနာပဲဆိုတာ သိလိုက်သဖြင့် တော်တပ်ကနေ အသက်ထွက်သွားသည့်နှယ်.. ၊

"သေချာကိုသတင်းရထားတာ ဘယ်ရောက်သွားတာလဲ.."

ဒေါ်ဟေမာန်က ခြံကိုကျော်ပြီး လှည့်ပတ်ရှာသည်။ ပြီးတော့ အတွင်းခန်းတွေထဲထိ ဝင်သွား၏။ သိပ်မကြာခင် တက်ခေါက်သံနှင့်ပြန် ထွက်သွားကာ.. ၊

"မတွေ့မချင်းကိုပတ်ရှာမှာ..မပြောလိုက်ချင်ဘူး၊ အင်တာနက်ခေတ် ရောက်လာလို့ တိုးတက်လာတာက နည်းနည်း..လူ့နည်းခိုးနည်းတွေ တွင် ကျယ်ပြီး အမြတ်ထုတ်နေကြတာက များများ.."

အော်ချင်တိုင်း အော်ပစ်လိုက်သည်။

မှတ်ထား.. ၊

ဒီထဲမှာ ကိုယ်နဲ့ခြံ့ကို သိတဲ့လူ တစ်ယောက်မှမရှိ.. ၊

ဒါကြောင့် ဘယ်သူဘယ်ဝါဆိုတာ မပေါ်စေဘဲ ရှာမဲ့တွေ့လို့မကျေမ နပ် လှည့်ပြန်ရသလိုလို ပုံဖမ်းပြီး သတိပေးလိုက်တာဖြစ်သည်။ ခြံ ပြူးပြဲ ကန်လှုပ်နေတာ မြင်ရသဖြင့် ကျေနပ်နေမိသည်။

ဟန်နီဆိုတဲ့ကောင်မလေးရယ် မိန်းကလေးတစ်သိုက်ရယ် ခုတော့ ထိုင်ကြသေးရဲ့လား..ဒေါသတွေကြားက အကြီးအကျယ်ကျေနပ်အားရ နေမိ၏။ ဝေးဝေးပြေးပြီး ဟားတိုက်ရယ်ချင်စိတ်တွေ ဖြစ်ရတဲ့အထိ..

"ငါတော့ ထွက်ပြေးရတော့မလိုလို.. ခုံအောက်ပြေးပုန်းရတော့မလို .."

နေကြာက ရင်တုန်ပန်းတုန်မျက်နှာလေးနှင့် စတင်အသံထွက်၏။ တစ်ဆိုင်လုံး တိခနဲတိတ်ကျနေခဲ့ပြီး ဒေါ်ဟေမာန့်အသံရော လူရောလုံးဝ ပျောက်ကွယ်သွားမှ တီးတိုးသံတွေ ထွက်လာကြ၏။

ဟန်နီ နှုတ်ခမ်းသားလေးတွေ ပွင့်ဟလျက် လည်ချောင်းတွေပါ ခြောက်လာသည်။ ခြံကိုကြည့်တော့ နဖူးကဆံပင်သပ်ရင်း နဖူးပြင် ပေါ် လက်ဖဝါးနဲ့ ဖိသုတ်လိုက်တာ မြင်၏။ သူတို့လူစုပဲ အားလုံးလန့်ဖျန့် ခြောက်ချားကုန်ကြတာ ဖုံးဖိမရခဲ့ပေ.. ၊

အမေ့တလျော့ ထိတ်လန့်သွားခဲ့ပြီးမှ ပတ်ဝန်းကျင်ကို သတိရ သည်။ ကိုယ့်အကျီရင်ဘက်မှာလည်း ကော်ဖီတွေစွန်းထင်းနေတာ အကွက် ကွက်နှင့်..၊

"နင့်ကိုလူတွေဝိုင်းကြည့်နေတာ သိလို့လားမသိဘူးဟန်နီ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ.."

"ဟယ်..ကာရံကလည်း ငါတို့ကဘာလုပ်နေလို့လဲ၊ ဟန်နီ့ကို[...]ကြတာ အကျီမှာ စွန်းနေလို့ဖြစ်မှာပါ.."

ကာရံနဲ့ဝေဝေ့စကားကြောင့် ဟန်နီဆိုင်အပြင်ကို ကမန်းက[...]ထွက်မိသည်။ နဂိုတည်းက ကြောက်နေသည့်နေကြာကလည်း အ[...]ယက်လိုက်၏။ ဝေဝေတို့လည်း ဘာမှန်းညာမှန်းမသိဘဲ ပါလာကြ[...]

"ဘာလဲ..ဘာဖြစ်သွားတာလဲ.."

"ဟိုမိန်းမ နောက်တစ်ခေါက်ပြန်လာမှာစိုးလို့လား..ငါတို့နဲ့ ဘာ[...]လို့လဲဟာ.."

"အေးလေဟာ..ပြောတော့သမက်တဲ့၊ လူကဖြင့် ပြင်ဆင်ထား[...]ကလေးမသာပုံနဲ့.."

နနယ်လှပနေတာကို မြင်ပေမယ့် ဒေါသထွက်နေတော့ နနေ[...]မပြောချင်.. ၊

"ဒီမိန်းမ..အဲ့ဒီအန်တီက ကိုလေးယောက္ခမများလားလို့.."

ဟန်နီ့အသံလေးက တုန်နေသယောင်ရှိကာ.. ၊

"ကိုလေးယောက္ခမကို ငါမမြင်ဖူးဘူး.."

"မင်္ဂလာညည်ခံပွဲမှာ မမြင်ခဲ့ဘူးလား.."

"မလာဘူးလေ..ခရီးလွန်နေတယ်တဲ့၊ မာမီပြောတာတော့ ကို[...]သူ့သမီးကို သဘောမတူလို့ရှောင်နေတာတဲ့.."

"ဒါနဲ့ ဆင်းရဲတယ်ဆို.."

"ပိုးထည်တိုက်ပိုင်ရှင်ပဲဟာ..နေစမ်းပါ ငါ့စိတ်တွေရှုပ်နေလို့[...]"

"ရှုပ်နေတာမဟုတ်ဘူး..အဲ့ဒါကို ကြောက်နေတာလို့ခေါ်တ[...]"

နေကြာက ဟိုဒီကြည့်ကာ.. ၊

"ကိုလေးယောက္ခမဆိုရင် သူကတော့ သူ့သမက်ကို မမှတ်မိ[...]ပါဘူးဟယ်..သူ ကိုလေးနားကနေ လှည့်ပြန်သွားတာပဲဟာ.."

"အေးလေဟာ..ဒီမိန်းမကို ထည့်တွက်မနေပါနဲ့၊ ငါတော့ [...]ထပ် ရင်တုန်ဖွယ်တွေ မဖြစ်အောင် နင့်ကိုလေးကိုနင်မေ့လိုက်စေချင်[...]

"ဟုတ်တယ်..ငါတို့က ဒါမျိုးကြုံဖူးတာမဟုတ်ဘူးဟန်နီ၊ လူ[...]တွေထဲမှာ ဒီလိုကိစ္စတွေကို ဘယ်လိုရှင်းကြသလဲမသိပေမယ့် ခန[...]အော်သွားတဲ့ ပုံစံမျိုးကတော့ ငါတို့ရုပ်ရှင်ထဲမှာ ကြည့်ဖူးတာ မျက်[...]နားရည် ဝနေပြီနော်.."

"နင်တို့ဘာပြောနေကြတာလဲ..ငါနဲ့ကိုလေးက ဟိုတုန်းတ[...]ဒီလိုပဲ တွဲနေတာပဲဟာ.."

"ဟုတ်ရင်ဟုတ်မှာပေါ့..ဒါပေမယ့် အခုနင်ပိုတွဲနေတာတော့[...]နဲ့ ဟန်နီ.."

"ဟုတ်တယ်..ဟုတ်တယ်၊ ငါတောင် အံ့သြနေတာ..လွှတ်တဲ့[...]နေသလိုပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကလည်းဟာ ငါကနေကြာပြန်ရောက်လာလို့ ကိုလေးဘယ်ဘာက်စမတ်ကျလဲဆိုတာ ကြွားချင်လို့ပါ.."

"ဟန်နီရယ်..နင်အဲ့ဒါကိုကလွဲနေတာ၊ မင်းခြံရဲ ဘယ်လိုလူဖြစ်ဖြစ်င်နဲ့မှမဆိုင်တော့တာ..သူများပစ္စည်းကို ခဏယူကြွားတယ်ဆိုတာလည်းတာ ပစ္စည်းတစ်ခု မဟုတ်ဘူးနော်.."

"ဟော..မင်းခြံရဲ မရှိတော့ဘူး.."

ဆိုင်ထဲကို ပြန်ချောင်းကြည့်ပြီး ကာရံကသတင်းပေးသည်။ ဟန်နီခ်ချက်တော့ လည်ပင်းရှည်ကြည့်မိပေမယ့်.. ၊

"သူလည်းငါတို့လိုပဲ ဖြစ်သွားတာနေမှာပေါ့..ဘာလို့မှန်းမသိဘူး၊ အစ်မ အဲ့ဒီအန်တီပြောသွားတာ ငါ့ကိုပြောသွားသလိုပဲ.."

ပြောရင်း ရင်ဘက်ကိုပြန်ငုံကြည့်မိကာ.. ၊

"သူငါ့ကို တမင်ဝင်တိုက်တာများလား.."

"မဟုတ်လောက်ပါဘူး..ဒါတော့.."

"အေးလေ..ဒီလောက်ပါးစပ်ဖွာတာ သူတကယ်သိနေရင် ခုလိုလှည့်န်သွားမလား.."

"ဘာလုပ်သွားတယ်ထင်လဲဟင်.."

နေကြာက ကြားထဲက ထိတ်လန့်ဟန်လေးနဲ့ ကာရံကိုမေး၏။

"သူ့ပုံစံကြည့်ရတာ ရုပ်ရှင်ထဲကမိန်းမကြမ်းတွေလို.."

"ကဲပါ..ဟန်နီသနားပါတယ်၊ ဘာမှမဟုတ်ဘူးလို့ပဲ ထားလိုက်ကြိုက်ဆံရှင်းပြီးပြီထင်တယ် ငါတို့ပြန်မယ်.."

ဟန်နီရင်တွေတုန်နေဆဲဖြစ်ကာ ဒီလိုရှက်စရာဖြစ်ရခြင်းမျိုးကိုသို့ကို လက်ညှိုးထိုးတာမဟုတ်ဘဲ အကြောက်ကြီးကြောက်နေမိ၏။ထို့ကားထဲမှာ တစ်ယောက်တည်းကျန်ခဲ့ကာမှ ဘယ်လိုမှမမျိုသိပ်နိုင်ဘဲကိုဖုန်းဆက်၍.. ၊

"အဲ့ဒီအမျိုးသမီးက အပြော့အမေလားဟင်.."

"မဟုတ်ပါဘူး.."

တစ်ဖက်မှာဖုန်းကိုင်ရင်း ခြံသက်ပြင်းရှည်ကြီး ချမိ၏။ ဒေါ်ဟောန် ဘာဝင်လုပ်သွားမှန်းသိလိုက်တော့ သူမသိစေချင်တာကို ကိုယ်လည်းပြောတော့ဖို့ ဆုံးဖြတ်လိုက်မိ၏။

နောက်မှသိသွားတော့လည်း နောက်မှဖြေရှင်းရုံ.. ၊

ဒါက ကိုယ်ဖောက်ပြန်တဲ့ ကိစ္စလည်းမဟုတ်.. ၊

> > < <

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၄)

"ပြန်လာပြီးမှ ပြန်သွားရတာက အန့်တီယုမူးလဲသွားလို့ပါ အပြာ ရယ်.."

"ဘယ်လို.."

ဒါက ဒေါသပြေဖို့ ဖြေရှင်းတဲ့စကားလား.. ၊

သူမရင်ထဲမှာတော့ ပေါက်ကွဲမှုတစ်ခု ဖြစ်သွားခဲ့လျက်.. ၊

"နောက်ထပ်နာရေးထပ်ဖြစ်လာဖွယ်များ ရှိနေပြီလားမောင်–"

"ဟာ..မပြောကောင်းတာကွာ၊ ဘယ်လိုကြီးမေးလိုက်တာလဲ–"

မပြောကောင်းတာတဲ့လား.. ၊

အပြာ့ နှုတ်ခမ်းလေးမသိမသာမဲ့သွားသည်။ ခြံ့မျက်နှာက စိတ်ရှုပ် နေဟန်နှင့် ပြေပြစ်ခြင်းမရှိ။ အချိန်က ခုနစ်နာရီခွဲပြီးရဲ့ မင်္ဂလာနံနက်ခင်း လေးပါ။ ပြောရနေရသည့် စကားတွေကတော့ မင်္ဂလာမမည်သော..

"အပြာ.."

"အပြာ..အလုပ်နောက်ကျနေပြီမောင်.."

"ခဏနေပါဦးကွာ..မောင်တောင်ဘာရေ့ဖက်စ် မစားရသေးဘူး–"

"မောင်ကခုမှ အိပ်ရာနိုးတော့ ဘယ်လိုလုပ်စားရမှာလဲ.."

"အဲ့ဒါမင်းနိုးလို့ ရတာပဲ.."

"မောင်ပြန်အိပ်တဲ့အချိန်ကို သိနေတဲ့ဟာ အပြာနိုးရက်ပါ့မလား မောင်ရယ်..ပြန်အိပ်ပြီးနားလိုက်ပါဦး၊ နောက်ထပ်ပြေးလွှားသွားရဖို့ ရှိရင် မောင်လဲသွားလိမ့်မယ်.."

ပြောပြီး ခြံ့မျက်နှာတင်းသွားတာကို ကြည့်ကာ.. ၊

"အပြာ ထေ့ငေါ့နေတာမဟုတ်ဘူး..မောင့်ကိုတကယ်စိုးရိမ်လို့ပြော နေတာ.."

အပြာက ဆလင်းဘက်ခ်လွယ်ပြီး လှည့်ထွက်လိုက်လျှင် တံခါးနား မရောက်ဘဲ ခြံကပြန်ဆွဲပြီး တင်းကျပ်စွာဖက်ထားလိုက်၏။

ပြီးတော့ တမ်းတမြတ်နိုးသောအနမ်းတွေနှင့် အချိန်တွေဖြုန်းနေ လျက်.. ၊

"မောင်ဘယ်ရောက်နေနေ မောင့်စိတ်ကမင်းဆီမှာပဲအပြာ..အဲ့ဒါ ကြောင့် ဘယ်လိုကိစ္စနဲ့ပဲ မောင်အပြင်ရောက်နေပါစေ မောင့်ချစ်ခြင်းကို မင်းသံသယမဖြစ်ပါနဲ့..မင်းကလွဲပြီး.."

"တော်ပါတော့မောင်.."

အပြာက သူ့လက်တွေကိုဖယ်ချလိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"ယုံပါဆိုလည်းယုံပါတယ်..မယုံစရာတွေဖြစ်နေလည်း ယုံနိုင်ရင် ယုံမှာပါ.."

"အပြာ..မောင်ပြောတာက မင်းနဲ့မောင်ရဲ့.."

"အပြာနေရာက မောင်နေကြည့်ရင်သိမှာပါ..အဲ့ဒီအခါ အချစ်နဲ့သ နတ်တိုစိတ် အတူမရှိသင့်ဘူးဆိုတဲ့စကား မောင်ပြောနိုင်မလားသိချင် တယ်.."

"မောင့်ကိုစိန်ခေါ်နေတာလားအပြာ..မင်းမောင့်ကို ပြန်ရွဲ့ဖို့ဟင့်စိ ထားနေတာလား.."

"ဘယ်တော့မှအဲ့လိုနည်းနဲ့ မရွဲ့ဘူးမောင်..အပြာခံစားနေရတာကို မောင်နားလည်စေချင်ရုံပဲ.."

"ဒါဆို မောင်ခံစားရတာကိုလည်း ပြောပြမယ်..ကိုယ်ဘာမှမလုပ်ရ ဘဲနဲ့ ဖောက်ပြန်နေတဲ့ကောင်လို လူပုံအလယ်မှာ အော်ဟစ်ကြိမ်းမောင်းခံ လိုက်ရတာ မောင့်ရင်ထဲမှာ ဘယ်လိုနေမယ်ထင်လဲ.."

ဟင်.. ၊

မောင် ဘာပြောလိုက်တာလဲ.. ၊

အပြာမျက်နှာလေးကို စိုက်ကြည့်ပြီး ခြကနုတ်ခမ်းတွန့်ရုံပြုံးသည်။ တော့ အိပ်ရေးမဝသောကြောင့် စပ်ဖျင်းဖျင်းဖြစ်နေသည့် မျက်လုံးတွေ စိတ်ကာ မျက်နှာကိုပါ ပွတ်သပ်လိုက်ရင်း.. ၊

"ယောက္ခမက သမက်ကိုချစ်တာလေ.."

"မောင် ဘာရယ်..မောင့်ကို အမေကဟုတ်လား၊ အမေပြောသွားတာ လားဟင်.."

"ဟုတ်တယ်..မောင်ကတော့ စိတ်မဆိုးပါဘူး၊ မင်းနဲ့ပတ်သက်နေ တဲ့ အရာရာကို မောင်နားလည်တယ်.."

"ဘာတွေပြောသွားတာလဲဟင်.."

"မင်းအမေအကြောင်း မင်းပဲသိမှာပေါ့အပြာ..ဒါပေမယ့် သူမောင့်ကို တိုက်ရိုက်ပြောတာ မဟုတ်ဘူး၊ ဒါကြောင့်ဟန်နီမေးတော့ မောင်မသိဘူး လို့ညာလိုက်တယ်.."

အပြာ စိတ်ဆင်းရဲသွားလေသည်။

"သူမောင့်ကို သတိပေးချင်တာလား..ဟန်နီ့ကိုလား၊ ဒါပေမယ့် ဟန် နီကိုရန်စသွားတဲ့ပုံကတော့.."

"ရန်စတယ်.."

"ဟုတ်တယ်.."

ဝင်တိုက်မိသွားသည့် အခြေအနေကိုယ် ထင်တဲ့အတိုင်းပြောပြလိုက် သည်.. ၊

"ချစ်လာပြီဆိုရင် နားလည်မှုတွေ သည်းခံခွင့်လွှတ်မှုတွေနဲ့ ဖလှယ် ရတယ်ဆိုတာ မင်းနားလည်စေချင်တယ်အပြာ..မာမီ့ရှေ့မှာဆို မောင် က သားဆိုးလေးဖြစ်ရင်ဖြစ်မယ်၊ မင်းနဲ့ပတ်သက်ရင်တော့ အရာရာကို

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရင်ဆိုင်ပေးချင်တဲ့ မင်းအတွက်သူရဲကောင်းပါ.."

"အပြာအမေ့ကိုယ်စား.."

"မလိုဘူးအပြာ..မောင့်စကားမဆုံးသေးဘူး၊ သည်းခံတယ်ဆို လည်း အတိုင်းအတာရှိတယ်..အဲ့ဒီနေရာမှာ မောင့်ကိုသိတဲ့လူ မရှိ လို့မပြောနိုင်သလို သူနဲ့မောင့်ကိုပါ သိနေတဲ့လူမရှိဘူးလည်း မပြော ဘူး..အဲ့ဒီမှာကျ ဆင်းသွားခဲ့တဲ့ မောင့်ရဲ့သိမ်ငယ်မှုတွေ ဂုဏ်သိက္ခာ အတွက် နည်းနည်းတော့ ဒေါသထွက်မိတယ်.."

"မောင် ဘာပြောချင်တာလဲဟင်.."

"မင်းသိထားဖို့..မောင်တို့တစ်ဖက်တည်း ပေးဆပ်နေကြရတာ ဟုတ်ဘူးဆိုတာပေါ့.."

အပြာမေးဖို့ပြောဖို့တွေ အများကြီးဖြစ်လာခဲ့ပေမယ့် မောင်ကထွ သွားပါပြီ။ သူ့ဘက်က ဘာမှမဟုတ်သလိုနေလိုက်ပြီးမှ ကိုယ်ကဟန် သဝန်တိုနေမိတာကြောင့် အရှုံးမပေးဘဲပြောသွားတာလား.. ၊

ဒါမှမဟုတ် မောင်တကယ်မကျေနပ်နိုင် ဖြစ်နေတာလား.. ၊

သူမအလုပ်သွားခါနီး ထပ်ရှာတော့ မောင်အပြင်ထွက်သွားသည် သိလိုက်ရ၏ ။ မာမီနဲ့အတူသွားသည်ဆိုတော့ ဟန်နီတို့အိမ်ကိုပဲလာ

ကားထဲဝင်ထိုင်လိုက်ရသော်လည်း လူကအရုပ်ကြိုးပြတ်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၅)

"ရှာလိုက်ရတာကိုလေးရယ်..ဘာလို့ဒီမှာလာထိုင်နေတာလဲ.."
"ငါ့ရှပ်ကပျော်တဲ့ပုံ ပေါက်နေလို့လား.."
"သိတယ်လေ..ရုပ်သေးကြိုးပြတ်.."
စိတ်ညစ်တိုင်း သူ့လက်ကြားမှာစီးကရက်တစ်လိပ်က မီးခိုးလွန့်လွန့်နှင့် ရှိနေတတ်ကာ ခြံမျက်နှာတစ်ခုလုံး မှုန်ကုတ်တင်းမာနေခဲ့၏။
"စီးကရက်တွေ သောက်နေတာ ဘယ်နှစ်လိပ်ရှိပြီလဲ.."
စားပွဲပေါ်မှာ စီးကရက်တိုတွေက ပုံစံအမျိုးမျိုးနှင့်.. ၊
"နင့်အမေ အခြေအနေကောင်းပြီလား.."
"ဒီလိုပဲ.."
"ဘာဒီလိုပဲလဲ.."
"ကိုလေးက မာမီကြောင့် မကျေမနပ်လာနေပေးရတာလား.."
သူပြုံးလိုက်ပေမယ့် ခပ်မဲ့မဲ့.. ၊
မာမီနဲ့သူ လာခဲ့သည်။ ပြီးတော့ မာမီပြန်သွားပြီး သူပဲတာဝန်ကျသည်။ ဒီလိုတွေလည်ပတ်နေရတာ ဘယ်နှစ်ရက်ရှိခဲ့ပြီလဲ.. ၊
"ဇာတ်လမ်းတစ်ပုဒ်ဆိုရင်တောင် ဇာတ်သိမ်းသင့်နေသားနဲ့ ရှည်အောင်ဆွဲဆန့်နေရင် အီလာတာပဲ..ငါတို့မိသားစုတွေ ရင်းနှီးပတ်သက်ခဲ့တဲ့ အကြောင်းရင်းတွေက အပြာနဲ့ငါလက်ထပ်လိုက်တည်းက ပြီးဆုံးသင့်နေတာ.."
"ဘယ်လို.."
ရေကန်ဝိုင်းလေးရဲ့ဘောင်ပေါ်မှာ ဟန်နီက ကျောပေးထိုင်လိုက်တော့ ဘေးမှာခုံနဲ့ထိုင်နေသည့် ခြံနဲ့ မျက်နှာချင်းဆိုင် ဖြစ်သွား၏။
"ပြန်ပြောစမ်းပါကိုလေးရဲ့..ဘာတွေက ပြီးတာလဲ.."
"နင်နဲ့ငါ့ကို စေ့စပ်ထားကြမယ့် ပလန်နဲ့လူကြီးချင်း ပိုရင်းနှီးသွားကြတာကိုပြောတာ..အခု အဲ့ဒါက နဲ့ဂ္ဂတစ်ဖြစ်သွားပြီဆိုတော့ ပြီးပြီ.."
"ကိုလေးက.."
"ငါရှင်းရှင်းပဲမေးမယ်..ငါ့ဘက်ကရှိုင်းသွားရင် ဆောရီး.."
"စကားပလ္လင်ခံမနေနဲ့မေး.."
"အန်တီယုမှုးလဲတဲ့ အကြောင်းရင်းက စင်းပဲလ်ဆိုရင်တောင် အခု ပြီးဆောင်နေပေးဖို့ဖြစ်လာတာက.."
"မရိုးသားဘူးလို့ ကိုလေးထင်တယ်ပေါ့.."
"ငါကြားတာပဲလေ.."

www.burmeseclassic.com

www.burmeseclassic.com



ဟင်.. ၊

ဟန်နီမျက်နှာလေးပျက်သွားတော့ ခြံမျက်နှာလွှဲ၍ စီးကရက်ရှို
၏။ ပြီးတော့ လှည့်မကြည့်ဘဲ.. ၊

"အဘွားသိ ဆုံးရတဲ့အကြောင်းရင်းက နင်နဲ့ငါလက်မထပ်ဖြစ်
လို့တဲ့.."

"ကိုလေး.."

"အန်တီယုပြောနေတာတွေ ငါကြားပြီးပြီ..နောက်ထပ်သိရ
အဲ့ဒါကို မာမီလည်းသိတယ်.."

"ဒါပေမယ့် လူတစ်ယောက်လုံးဆုံးခဲ့တာတွေ..အခု မာမီမှုံး
တွေက.."

"မမှုံးဘဲနဲ့လဲလို့ မရပါဘူး..မှန်တယ်၊ ဒါပေမယ့် လဲနေတဲ့သူ
နိုင်ရင် မပြီးသေးဘူးလား.."

ဖျတ်ခနဲ လှည့်လာသည့်ခြံမျက်နှာက တည့်နေသည်။ သူဒီ
မကြာခဏရောက်သည်။ ဒီနေရာလေးမှာပဲ လာထိုင်ပြီး ဟန်နီပြော
နားငြီးခံခဲ့သည်။ ပူဆာတာရှိရင် တတ်နိုင်သလောက် လုပ်ပေးခဲ့
ဒါတွေအားလုံးက လူကြီးတွေဆန္ဒအတိုင်း.. ၊

ပြီးတော့ ဒီရေကန်လေးကို သူသဘောကျခဲ့၏။ လူကြီးတွေဆ
ဒီမှာဝင်ထွက်သွားလာနေရသည့် ဒုက္ခသည် ဒီနေရမှာလာထိုင်လိုက်
လွတ်လပ်မှုတွေ ရသွားသလို ခံစားရသည်။

ဘာလို့လဲဆိုလျှင် လူကြီးတွေရှေ့မှာ ဟန်ဆောင်ပြုံးနေရ
ဟုတ်ဘဲ ဟန်နီ့အပေါ် သူ့ရင်ထဲရှိတဲ့အတိုင်း ပြောဆိုဆက်ဆံခွင့်ရ
ကို ကျေနပ်သည်။ သူမဘာတွေပြောနေနေ ကိုယ်စိတ်ကူးနဲ့ကိုယ်
လုပ်ခွင့်ရနေတာကို နှစ်သက်သည်။

ဒီကိုလာတိုင်း စိတ်ကျဉ်းကျပ်ရခြင်းဟာ ဒီရေကန်လေးထဲ
လေးတွေ ရေတံခွန်လေးနဲ့ ကျောက်ကပ်ပန်းဖုတ်လေးတွေက စိတ်
သာစေ၏။ စီးကရက်ပြာကို လက်ညှိုးနဲ့တောက်ချလိုက်ပြီး နေရာမှ
လိုက်ကာ.. ၊

"ယောကျ်ားတစ်ယောက်အနေနဲ့ အားနွဲ့တဲ့မိန်းကလေးတစ်ယော
အပေါ်မှာ မပြောသင့်တာတွေ အများကြီးပဲ..စကားတစ်ခွန်းများသွ
အဲ့ဒီကောင် ယောကျ်ားမဆန်ဘူးဖြစ်သွားတယ်၊ ဒါပေမယ့် ယော
ဆန်တဲ့ ဒေါသဆိုတာရှိသလား..ဒေါသထွက်လာရင် အရာအား
ပြောင်းပြန် ဖောက်ထိုးတွေဖြစ်ကုန်တာပဲ၊ ငါ့ဘက်ကသည်းခံနိုင်
တိုင်းအတာကုန်ပြီထင်တယ်.."

ကိုယ့်စကားရဲ့ အဆုံးသတ်ကို နောက်တစ်ခေါက်ရေရွတ်လို
ပြီးမှ ခေါင်းညိတ်ကာ.. ၊

"ဟုတ်တယ်..ကုန်ပြီ၊ ဒီထက်ပိုပေးစရာ မရှိတော့ဘူး..ဘွားသိ
ရတဲ့အတွက် ငါ့ရဲ့ရွေးချယ်မှုက အပြစ်ရှိတယ်ဆိုရင် ငါပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘာက်ပဲ.."

"ဘယ်သူကရောပိုတောင်းနေလို့လဲကိုလေး..မာမီမူးလဲတာက.."

"မူးလဲတာကရိုးတယ်..ငါ့ကိုဒီမှာ ရှိနေစေချင်တာက မရိုးဘူး၊ အဲ့ဒါ ဘာဝမကျဘူးဟန်နီ..ငါလက်ထပ်ပြီးပြီ၊ ငါချစ်တဲ့မိန်းမကို ငါပိုင်ဆိုင်ဖို့ စားခဲ့တာ..ဒါပေမယ့် ခုထိငါနဲ့သူ နှစ်ဆယ့်လေးနာရီပြည့်အောင် ယာခဲ့ရတာ မရှိဘူး.."

ပြောရင်း ရှေ့ကိုဖျတ်ခနဲတိုးလိုက်ကာ..၊

"မင်္ဂလာဦးညတည်းက အဆင်မပြေဖြစ်ခဲ့ရတာတွေက ဒီနေ့ထိသာ တာ တစ်ခုမှမရှိဘူး..ခုလည်း နာရေးကြောင့် နာရေးပြီးသွားတော့ ည်း အန်တီယု.."

"ဒါတွေက တီလေးဘက်ကနားလည်ပေးခဲ့တဲ့ လူမှုရေးအပိုင်းတွေ ဟန်နီတို့က မပြီးနိုင်ပါဘူးလို့တောင်းဆိုခဲ့တာ ဘာမှမရှိပါဘူး.."

"ဟုတ်တယ်..နင့်အဘွားဆုံးသွားတာ ငါနဲ့ပတ်သက်တယ်လို့မာမီ ပြီး တာဝန်ယူချင်စိတ်နဲ့ နာရေးကိစ္စမှာ အစွမ်းကုန် ကူညီခဲ့တာ..ဒါ မယ့် ခုထပ်ရှိလာတာက အဘွားမကျွတ်မလွတ်ဖြစ်နေသေးတယ်တဲ့၊ ဒါတွေနင်နဲ့ အန်တီယုပဲ ပြောနေတာပါ.."

ဟန်နီဖျတ်ခနဲမျက်လွှာချသည်။ ခြံအပေါ်မှာ သူမတစ်ဖက်သတ် နေမှန်း အဘွားသိသည်။ အပြာနဲ့လက်ထပ်ပေးဖို့ တီလေးကသဘော လိုက်ပြီဆိုတည်းက သူမစိတ်ဆင်းရဲသွားခဲ့မှန်းလည်း သိသည်။

ထို့ကြောင့် လူနဲ့မတန်သော ဒေါသတွေထွက်ခဲ့ရပြီး ရှော့ခ်ရခဲ့တဲ့ ထိ အဘွားသူမအတွက်ခံစားခဲ့ရရှာ၏။ ထိုစဉ်တည်းက အဘွားအိပ်ရာ လဲခဲ့ရကာ ကိုယ့်ဘာသာမထနိုင်မကြွနိုင်တော့တဲ့အထိ..၊

"ပြောလေဟန်နီ..အဘွားမကျွတ်မလွတ်ဖြစ်ရတဲ့ အကြောင်းကရော နဲ့ပဲသက်ဆိုင်နေတယ်ဆိုတာ သဘာဝကျတဲ့အဖြစ်တစ်ခုလား.."

ဟန်နီ ဘာမှမပြောနိုင်..၊

"အန်တီယု..ဘာပြောပြော ငါလက်ထပ်ခဲ့ပြီးပြီ၊ ငါ့မိန်းမကို ငါဘယ် ဘက်ချစ်တာလည်း နင်သိတယ်..ငါတို့နှစ်ယောက် ဘာမှပတ်သက် ရှိတော့တာကို ငါဘာလုပ်ပေးရဦးမှာလဲ၊ အဘွားကျွတ်လွတ်သွားအောင် နဲ့လက်ထပ်ပြဖို့ လိုနေသေးတာလား.."

ဟန်နီပြောဖို့ပြင်ပေမယ့် ခြံကဒေါသတွေထွက်နေကာ..၊

"အဘွားက မကျွတ်မလွတ်ဘဝရောက်သွားလို့ ကာမေသုမ္ဘာစာရ ကို မသိတော့အောင် အယူသည်းနေတယ်ဆိုရင်လည်း အဲ့ဒါကို ဖြေရှင်း ရမှာနင်ပဲ..မင်းခမ်ရုံဆိုတဲ့ သတ္တဝါကို သမီးခေါင်းထဲကထုတ်ပစ်လိုက် အဘွားဆိုရင်ပြီးပြီ..အိုခေ.."

စီးကရက်ကို မြေပြင်ပေါ်ပစ်ချပြီး ဒေါသနဲ့ဖိကြိတ်ပစ်လိုက်သည်။ တော့ ဘောင်းဘီထဲလက်တစ်ဖက်ထည့်ရင်း ဘယ်သူ့မျက်နှာမှ မကြည့် ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတတ်တာ မကောင်းတတ်တာတွေမသိ.. ၊

နောက်မှဘာတွေဖြစ်လာလာ.. ၊

ပေးဆပ်ခြင်းတွေ နားလည်သည်းခံတာတွေကို သူလက်မခံနိုင် အချစ်ရဲ့ သာယာချိုမြိန်ခြင်းကို ပေးဆပ်ခြင်းကနေ ဘယ်လိုမှ မရနိုင် ထို့ကြောင့် အချစ်ကိုရယူဖို့အတွက် အခြေအနေကြောင့်လည်း မပေး နိုင်.. ၊

အဆင့်အတန်းကြောင့်လည်း ပေးဆပ်ဖို့မရှိ၊ ကိုယ်နဲ့မသ ဆိုင်သော ခုလိုကိစ္စအတွက်နဲ့ဆို အဝေးကြီးပါ။ မာမီကျေနပ်သည်ဖြစ် မကျေနပ်သည်ဖြစ်စေ ဘာအတွက်ကြောင့်နဲ့မှ ကိုယ့်နှလုံးသားကို မီးသင့် ခံနိုင်တော့ပေ..၊

ကားပေါ်တက်ခဲ့ပြီး ဦးတည်လိုက်သည်က လက်ဆောင်အမျိုးမျိုး ထုပ်ပိုးပေးသည့် ပန်းဆိုင်သို့.. ၊

"ကျူးလစ်နဲ့နှင်းဆီရဲရဲလေး လုပ်ပေးပါ..နှင်းဆီကို မပွင့်တပွင့် ပဲနော်..အဖူးအငုံတွေမလိုချင်ဘူး၊ ဩော်..ကျူးလစ်လည်း ပွင့်နေ ပဲထည့်ပေး.."

သူစိတ်တိုင်းကျမှာနေတာကို ဆိုင်ကကောင်မလေးတွေ စိတ် လက်ရှည်လုပ်ပေးကြသည်။ ဒါပေမယ့် ခေါင်းချင်းဆိုင်ပြီး တစ်ခုခု နေကြတာလည်း သူသိသည်။ ပြောပါစေ.. ၊

အပြော ဘာကြိုက်လဲဆိုတာ သူအသိဆုံး.. ၊

ပန်းဆိုရင် မွှေးမှ။ ပွင့်တဲ့ပန်းမျိုးကို ငုံနေရင်မကြိုက်။ ထို ကျူးလစ်ပန်းနံ့ကို သူမအလွန်ကြိုက်လေသည်။ လင်မယားကြားမှာ လည်မှုတွေ ရှိလာခဲ့သမျှ ဒီနေ့အားလုံးကို မေ့ပျောက်နိုင်အောင် သူကြိုး မည်။

အရင်အတိုင်း ပြန်ချစ်ကြဖို့ တောင်းပန်မည်။ ပြီးရင် နောက်ထ လိုအဖြစ်တွေ ထပ်မရှိစေရဘူးဆိုတာ သူ့ဘက်ကအနိုင်အမာ ကတိပေး

"စာရေးပေးရမလားဟင်.."

"ဟုတ်တယ်..ရေးလိုက်ပါ၊ အပြာရင့်ရောင်.."

"ရှင်.."

"အပြာရင့်ရောင်.."

နှစ်ခါပြန်ပြောလိုက်ပြီးမှ သူမတို့ကမကြားလို့ မဟုတ်ဘဲ အံ့ဩ ကြတာမှန်း သတိထားမိလိုက်သည်။

"ပန်းရော နာမည်ရောပဲ.."

"အေးဟဲ့..တော်တော်လှပုံပဲနော်.."

"အဟီး..လူတွေကတော့ အမိုက်စားတွေချည်းပဲဟ.."

ကိုယ့်ကိုလှမ်းကြည့်ပြီး တွတ်ထိုးနေကြတာကို တစ်စုံတစ် နေရသည်။ ဘာတွေပြောကြမှန်းလည်း သေချာမတွေးဖြစ်ပေ။ ပန်း လေးကို ကိုင်ကြည့်ပြီး ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျသင့်သလောက်ပေးခဲ့ပြီး ကားထဲပြန်ရောက်တော့ သူ့နှုတ်ခမ်းမှာ ပြုံးနေခဲ့၏။

မင်းကို အရမ်းချစ်တယ်..အပြာရင့်ရောင်.. ၊

> > < <

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၆)

နာရီကြည့်လိုက်တော့ နေ့လည်ဆယ့်နှစ်နာရီ.. ၊

ကော်ဖီသောက်ချိန်မဟုတ်ဘဲ ကော်ဖီတစ်ခွက်မှာပြီး အမေ့ကို နေမိသည်။ အမေထမင်းစားပြီးမှ လာမှာလား။ ဒီရောက်မှစားမှာ ဆိုတာ မမေးလိုက်ရပေ.. ၊

ပြန်ခေါ်တော့လည်း မကိုင်တော့သဖြင့် တမင်ထမင်းမစားသေး စောင့်နေခဲ့တာဖြစ်၏။ ဖုန်းကိုင်ပါလို့ပြောတိုင်း အမေကဂရုမစိုက်၊ သုံးလိုလာရင်သာ ဖုန်းကောက်ကိုင်တတ်ပြီး ပြီးတာနဲ့ဖုန်းတခြား ခြား..၊

စောင့်နေရင်း ဗိုက်ဆာလာသဖြင့် ထမင်းနှစ်ယောက်စာမှာ သည် ဟင်းတွေစုံအောင်မှာလိုက်ကာ.. ၊

"အစိမ်းကြော်တွေနောက်မှလုပ်နော်..တစ်ယောက်မလာသေး

ပြောနေရင်း နာရီထပ်ကြည့်မိ၏။ ဒီဆိုင်လေးက သိပ်မကြီး ပရိုက်ဗေ့တ်ဆန်ပြီး သန့်ရှင်းသပ်ယပ်သည်။ ကိုယ့်ဆိုင်နဲ့လည်း နီး

ထို့ကြောင့် တစ်ခါတလေကော်ဖီလေးဘာလေး ထွက်သော တိုင်း ဒီမှာပဲထိုင်ဖြစ်တာ များ၏။ ဆိုင်ကိုမျက်လုံးတစ်ချက်ဝေ့ရင်း လည်းတောင်တွေးမြောက်တွေးရှိစဉ် ရှေ့ကိုတန်းမတ်စွာဝင်လာသည့် တစ်ယောက်က သူမကိုသွားတွေ့ပေါ်အောင် ရယ်ပြနေကာ.. ၊

"တို့ ဒီမှာထိုင်မယ်နော်.."

ဟင်.. ၊

ကိုယ့်ကိုစကားပြောလာမှ ဒီမှာထိုင်ဖို့ ဦးတည်လာမှန်းသိလို့

"မဖြစ်ဘူး..ဒါကျွန်မအမေထိုင်ဖို့.."

"ဟား ဟား.."

သူမ မျက်မှန်ကိုပင့်လိုက်ပြီး ရယ်သည်။ အရပ်မနိမ့်မမြင့်နှင့် ယပ်သော ကိုယ်ခန္ဓာပုံကကြည့်ကောင်းသည်။ အပြာရောင်ဖြူ ဘောင်းဘီရှည်နှင့် အကျီကိုဝတ်ထားကာ လက်ထဲမှာလည်း ကျ နှင်းဆီတွေပါသည့် ပန်းစည်းကိုကိုင်ထားလျက်.. ၊

"ဘယ်လိုဖြစ်လို့ စားသောက်ဆိုင်ထဲမှာ ခုံနေရာဦးနေတာ

"ရှင်ကရော တခြားမှာစားပွဲတစ်ဝိုင်းလုံးလွတ်နေတာတွေ ပဲ သွားထိုင်ပါလား.."

"တို့ကနေရာလွတ်လာရှာတာမှ မဟုတ်တာ..မင်းသိကိုပဲလာ

"ဘာ.."

www.burmeseclassic.com

www.burmeseclassic.com


"ကဲပါ..အန်တီလာရင် တို့ထသွားမှာပါ.."

"အို..မဖြစ်ဘူး.."

အပြာထရပ်တော့မတတ် တားဆီးပေမယ့် ထိုသူကထိုင်ချလိုက်ပြီး ခြစ်ကာ ပန်းစည်းကို သူမဘက်ကလက်မှာကိုင်ပြီး.. ။

"ဒီမှာ မင်းအတွက်.."

အပြာက ပန်းကိုမျက်မှောင်ကုတ်ကြည့်လိုက်ပြီးမှ မျက်နှာဆီပြန် ဆက်ကာ.. ။

"ရှင့်ကိုဘယ်သူက သိလို့ ဘာတွေလာလုပ်နေတာလဲ..အခု တခြား မှာ သွားထိုင်လိုက်စမ်းပါ.."

"အန်တီလာရင် ဖယ်ပေးမယ်လို့ပြောပြီးပြီလေ.."

"အမေလာမှ ရှင်ထသွားတော့ အမေကဘယ်လိုထင်မလဲ..ဘေးလူ တွေကရော.."

"နေ့လည်ပိုင်းကြီးမှာ ဆိုင်ထဲမှာလူလည်း သိပ်မရှိပါဘူး..နောက်ပြီး အန်တီက တို့ကိုမြင်ရင်သိမှာပါ၊ မင်းသာမမှတ်မိတာ.."

"ဘာ.."

"သေချာကြည့်ပါဦး..ဘယ်သူလဲလို့.."

မျက်မှန်ကို ချွတ်ပြီးရယ်ပြတော့ နှာခေါင်းတစ်ဖက်တွန့်၍ မချိုမချဉ် ရယ်ပြသည့် မျက်နှာကို အပြာမှတ်မိသွားသည်။

"သွေးနီ.."

"အိုခေ..မှတ်မိသွားပြီ.."

"နင်.."

"ရှင်မဟုတ်တော့ဘူးဆိုတော့ ပြောင်းလဲတိုးတက်သွားတဲ့သဘော.."

အပြာဘယ်လို ဆက်ဆံရမှန်းမသိအောင် အကျပ်ရိုက်သွားခဲ့သည်။ သွေးနီရဲ့နာမည်က ရဲသွေးနီဖြစ်သည်။ အပြာဆယ်တန်းမှာတည်းက ရည်း စားတစ်နေ့ကို ဆယ်စောင်မက ပေးတာ။ စက္ကူရွှန်တွေလုပ်ပေးတာ လည်း ရှိသည်။ တစ်ရှူးတွေမှာ ရေးပေးတာလည်း ရှိကာ.. ။

တစ်ခါတလေ စာအုပ်ကြားညှပ်ပြီး လွှတ်အလယ်မှာကိုယ်တိုင် ထိုးတက်ပေးသည်။ တစ်ခါတလေ ဘလက်ခ်ဘုတ်မှာ စာလုံးကြီးတွေတက် ရေးလို့ ဆရာမ အရိုက်ခံရတာလည်း အရယ်မပျက်. ။

သွားလေရာနောက် တကောက်ကောက်လိုက်ကာ စားသောက်ဆိုင် ဆိုင်ကြရင် မီးနူးနဲ့ရောညှပ်ပေး၏။ ဘေလ်တောင်းပြီဆို ရည်စားစာ တွေ ရောက်လာတာလည်း ရှိသည်။ သူ့ပုံစံက ကြိုက်လို့လိုက်နေတာ ထက် အပျော်တမ်း အလုပ်မရှိအလုပ်ရှာနေတာလိုလို.. ။

နောက်ပိုင်းမှာ အပြာရန်တွေ့တော့ ဟားတိုက်ရယ်၏။

"နင့်ကိုယ်နင် စာတော်တယ်ဆိုပြီး မာန်တက်လွန်းလို့ပါ..ငါကတော့ တန်းကို ဘူးရိုးယားနဲ့ကျော်ဖြတ်လာခဲ့တာလေ၊ မတူသလိုမတန်သလို ထပ်မပြောမိဖို့သတိထား..ဒီနှစ်လည်း ငါဆယ်တန်းအောင်မှာမ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး၊ ဒါပေမယ့် နင့်ကိုကားတင်ပြေးလိုက်ရင်တော့ အိမ်ထောင်
မေးပွဲမှာ ဂုဏ်ထူးတွေပါ ထွက်သွားဦးမယ်..”တဲ့.. ၊

ထိုစဉ်တုန်းက အရုပ်ရှည်မည့်ပုံလည်းမပေါ် ဆံပင်ကကတုံး
တောက်လို့ခေါ်သော ကတုံးသာသာမုန်းစရာပုံစံနှင့်။ ခုကျတော့ ဆံပင်
ဂုတ်ထောက်မှာ မျက်မှန်ကတပ်ထားသေးသည်။ ခပ်လတ်လတ်လို့
သော မျက်နှာက ဖြူဝင်းနေသည်။

သူနဲ့အပြောကို လူတိုင်းသတိထားမိကြပေမယ့် တကယ်က
လည်း မဟုတ်ဘဲ စားမေးပွဲတွေပြီးတာနဲ့ အားလုံးပြီးသွားခဲ့တာ
သည်။ အခု ဘယ်ကဘယ်လိုပြန်ပေါ်လာပြီး လူကိုဒုက္ခပေးဖို့ ကြံတာ

“ဘယ်လိုလဲ..ငါပန်းစည်းလက်ဆောင်ပေးတာကို ယူလို့ရပြီလား
ပန်းနံ့က လူကိုကျီစယ်နေသည်။ ကိုယ်နှစ်သက်သောပန်းတွေ
တွေမို့ နောက်ထပ်စေ့စေ့မကြည့်ရဲအောင် ဖြစ်နေရကာ.. ၊

“ငါ့ဒါတွေကို..”

‘ဒီပန်းတွေ ငါကြိုက်တာဘယ်လိုလုပ်သိတာလဲ..’လို့ မေးဖို့ဖြ
စကားတစ်ခုအစရသွားရင် သွေးနီပါးစပ်က နောက်ထပ်မလိုလားဖွယ်
တောက်လျှောက်ထွက်လာတော့မှာကို တွေးမိလိုက်ပြီးမမေးဖြစ်.. ၊

“ဘယ်လိုလဲ..ဒီလောက်တောင်စဉ်းစားနေရတာလား..”

“ငါအိမ်ထောင်ကျနေပြီသွေးနီ..”

“သိသားပဲ..ဘာဖြစ်လို့လဲ၊ တို့ကရည်းစားဟောင်းကို ပြန်ဆက်
ရဖို့ ကြိုးစားနေတာနဲ့ တူနေလို့လား..”

“တူတူမတူတူ ပန်းစည်းပေးတာက အဆင်ဆိုးတယ်..အခုဒီမှာ
ယောက်တည်း ထိုင်နေတာလည်းမသင့်တော်ဘူး၊ အဲဒီတော့..”

“တို့ကတော့ လောလောဆယ်ရိုးသားတယ်ဆိုတော့ လိပ်ပြာ
တယ်..နောက်နေ့တွေအတွက် ဘာမှကြိုမတွေးဘူး”

ပြောပုံက လောလောဆယ်ရိုးသားတယ်..နောက်နေ့ကမသေ
ဘူးဆိုတာမျိုးလား.. ၊

“နင်ကြိုတွေးလည်း ငါကအိမ်ထောင်သည်..”

ပြောနေတုန်း သွေးနီရဲ့ဖုန်းဝင်လာသဖြင့် အပြောစကား
ရှိန်သေသွားခဲ့သည်။ ဖုန်းကိုထုတ်ကြည့်ပြီး ပိတ်ပစ်လိုက်ကာ... ၊

“ဆက်ပြောရပြီ..”

“နင်အခု ဒီကထွက်သွားဖို့ပဲ..”

“ငါ့ကိုမြင်တာနဲ့..အန်တီက နင့်ကိုရိုက်မသတ်ပါဘူးဟာ..”

ပြောပြီး ပန်းစည်းကိုရွှေ့တိုးပေးသလို ကိုယ်ကိုလည်းလူဘက်
၍.. ၊

“ယူပါ..ဒါဘာမှမဟုတ်ဘူး၊ ပြန်ဆုံတဲ့အထိမ်းအမှတ်ပဲ..”

“အို..မလိုချင်ပါဘူး၊ နင့်ဘာသာဘာ အထိမ်းအမှတ်ဖြစ်ဖြစ် ဒါ
တော်တဲ့ကိစ္စမဟုတ်ဘူး..”

www.burmeseclassic.com

www.burmeseclassic.com



အပြာ ထထွက်သွားဖို့စဉ်းစားပေမယ့် ရဲသွေးနီဆိုတဲ့သတ္တဝါက
က်ထမဆွဲဘူး မပြောနိုင်။ နောက်ပြီး ဆိုင်ထိလိုက်လာဖို့လည်း ရှိသေး
ည်။

သူမ ဘာလုပ်ရမှန်းမသိဖြစ်နေရင်း အမေ့ကိုပဲ မျှော်မိတော့သည်။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၃၇)

"ဟော့..နင်တို့အစ်မရော.."

သူအထဲဝင်သွားပြီးမှ ပြန်ထွက်လာတာမို့ မိန်းကလေးတစ်ယော က တအံ့တသြဖြစ်နေစဉ်.. ၊

"ဩော်..ကိုကြီး၊ မမ ဖုန်းလာလို့ထွက်သွားတာထင်တယ်.."

"ဘာမှပြောမသွားဘူးလား.."

ဆိုင်မှာ စာရင်းကိုင်ကောင်မလေးက သွက်သည်။ သူမတစ်ချ စဉ်းစားကာ.. ၊

"အထဲမှာမရှိရင် ဒီအချိန်ဆို ဒီနားကကော်ဖီဆိုင်တစ်ဆိုင်ဆိုင် ထင်တယ်..ညလေးက မမအထဲပြန်ရောက်နေပြီထင်လို့ ကိုကြီးဝင်သွား ကို ဘာမှ မပြောလိုက်တာ..သွားခေါ်ပေးရမလားဟင်.."

"နေပါစေ..ရတယ်.."

ပန်းစည်းကိုင်ပြီး သူပဲထွက်လာခဲ့သည်။ ဆိုင်ရဲ့ဘယ်ဘက်မှာ သောက်ဆိုင် သိပ်နီးနီးနားနားမရှိပေ။ ထို့ကြောင့် ညာဘက်က မုန့်လုံ နှင့် စားသောက်ဖွယ်အစုံရသည့်ဆိုင်ဘက်ကို တန်းလာခဲ့၏။ သူမ L ကိုဆိုင်မှာပဲ မှာစားတတ်တာ သူသိသည်။

ဒီအချိန် အပြင်ထွက်ဆိုင်ထိုင်ရအောင် ဘယ်သူနဲ့တွေ့ဖို့ရှိလို့

ပန်းစည်းကို တယုတယကိုင်၍ ငုံ့ကြည့်မိသည်။ ပန်းနံ့ ခေါင်းထဲ ဝင်နေတိုင်း အပြော့လက်ထဲရောက်ရင် ဒီပန်းနံ့လေးတွေ သွားမလားလို့ ကလေးဆန်ဆန်တွေးနေမိ၏။

တကယ်ပါပဲ.. ၊

ပန်းရနံ့မွှေးနေသလောက် ရှူရှိုက်နေရတာ နှမျောနေမိသည်၊ အတွက်သာ မွှေးပျံ့နေစချင်သည့်စိတ်ရင်းက ဒီပန်းတွေသူမလ ရောက်မှ မွှေးပါတော့လားလို့လည်း တွေးမိသေးသည်။ ထို့ကြောင့် ယောက်တည်း ပြုံးမိကာ မှန်တံခါးကိုလက်တစ်ဖက်နဲ့ တွန်းဖွင့်ဝင်ထို လျှင်.. ၊

"မောင်.."

အဝင်ဝနှင့်တည့်တည့်မှာ အပြောကဒီဘက်လှည့်ထိုင်နေတာမို့ လိုက်တာနှင့် တန်းခနဲဆုံ၏။ ပန်းစည်းကိုလက်ခံပြီးမှ နားလည် ပြောပြဖို့ စိတ်ကူးနှင့် သူမခေါင်းညိတ်လိုက်တာဖြစ်သည်။

ရုတ်တရက်ကြီးပန်းစည်းကို နှစ်ယောက်ပေးယူနေသည့်ပုံ ခြံမြင်သွားသဖြင့် အပြောမျက်လုံးအဝိုင်းသားနှင့် ကြက်သေသေသွား

www.burmeseclassic.com

www.burmeseclassic.com



သွားနီက အလိုက်ကမ်းဆိုးမသိ မျက်နှာကိုစေ့စေ့ကြည့်၍ ရယ်နေကာ စားစရာတွေ လာချတော့လည်း သူပဲမှာထားသလိုလို ဂရုတစိုက်တွန်းရွှေ့ဆး၍ ဝတ္တရားတွေ ပြနေ၏။

"မောင်.."

အပြာက ဖျတ်ခနဲထရပ်လိုက်မှ သွေးနီကမော့ကြည့်သည်။ ပြီးမှရှေ့ဘီ လှည့်ကြည့်၏။ အပြာပျာယာခတ်ကာ ပန်းစည်းကို ကိုင်လျက်သားနဲ့ ခြလှမ်းပြင်ပြီးမှ စားပွဲပေါ်ပြန်ပစ်ချသည်။ ပြီးမှ.. ၊

"မောင် ခဏလေး.."

ခြံက ပန်းစည်းကို သေချာကြီးစိုက်ကြည့်နေပြီးမှ ကိုယ့်လက်ထဲကန်းကို စိုက်ခနဲပြန်ကြည့်၏။ ပြီးတော့ နောက်ပြန်ဆုတ်ရင်း ချာခနဲ ည့်ထွက်သွား၏။

အပြာ့လက်ထဲမှာ ကိုင်ထားသည့်ပန်းစည်းကိုမြင်လိုက်မှ ပန်းဆိုင်ထဲက မိန်းကလေးတွေ 'ပန်းရောလူရောတူတယ်'လို့ ပြောပြီး အံ့သြနေကြတာကို ဆက်စပ်မိသည်။ လက်စသတ်တော့ အပြာရင့်ရောင် နာမည်တပ်င်းပြီး ကိုယ့်ထက်အရင်ဝယ်သွားသည့်လူက ကိုယ့်ထက်ဦးခဲ့တာကိုး.. ဒေါသကအတိုင်းအဆမဲ့ ဖြစ်ထွန်းလာခဲ့လျက်.. ၊

"ကဲ ကွာ.."

"ဘုန်း.."

"အမေ့.."

ကားနားရောက်မှ ပန်းစည်းကိုကားနဲ့ လွှဲရိုက်ပစ်လိုက်လျှင် နောက်က အပြေးတပိုင်းလိုက်လာသည့် အပြာလန့်ဖျန့်အော်မိကာ.. ၊

"မောင်.."

"ဂျိမ်း.."

ပိတ်သွားသည့် တံခါးကိုပြေးပုတ်မိရင်း.. ၊

"နေပါဦးမောင်ရယ်..အပြာ ပြောတာနားထောင်ပါဦး၊ အပြာကအ ကိုစောင့်.."

ကားကနောက်ကို လျှောခနဲဆုပ်ပစ်လိုက်ပြီး ဝိုက်ကွေ့သွားတာ နဲ့ ငြိုငြိုဂရုမစိုက်သည့် ဒေါသတွေနှင့်။ အပြာမောင့်ကို စိုးရိမ်ကာ ာလုပ်ရမှန်း မသိ ဖြစ်ကျန်ခဲ့လျက်.. ၊

"မာမီလားဟင်.."

ဒေါ်မင်းမာလာကို ဖုန်းခေါ်လိုက်ပြီး မောင်အထင်လွဲသွားတာကို ည်း ရှင်းပြမိကာ.. ၊

"ကားကိုအကြမ်းပတမ်းမောင်းထွက်သွားတာ မာမီ..လုပ်ပါဦး မီး ဘာလုပ်ရမလဲဟင်.."

တစ်ဖက်မှ တက်ခေါက်သံတစ်ချက်ပဲ ကြားရပြီး ဖုန်းချသွား၏။ ပြာမျက်ရည်တွေ ကျလာခဲ့၏။ မောင်က သဝန်တိုတတ်လွန်းသည် ကိုယ်သူလည်း ဒါမျိုးဆိုသည်းမခံနိုင်တဲ့အကြောင်း ပန်ခံထားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်မဆင်ခြင်ခဲ့တာက ကိုယ်.. ၊

မာမီလည်း ဒေါသတွေထွက်နေမှာပါ။ မောင့်ကို ဘာဖြစ်ဖြစ်ငုံ ပေးဆပ်ပြီး ချစ်ခဲ့တဲ့အမေ။ ဒီသား စိတ်ဆင်းရဲမှာစိုးလို့ ချွေးမအပေါ် တောင် ငြိုငြင်ဟန်မပြခဲ့ဘဲ သူ့သားလေးနဲ့ ထိုက်တန်တဲ့အဆင့်အ တစ်ခုထိ အပြာ့တို့သားအမိကို တွန်းတင်ပေးခဲ့ရှာသည်။

မောင်သာ တစ်ခုခုဖြစ်ခဲ့ရင် ဒီအမေဘယ်လိုနေမလဲ.. ၊

အပြာ ဒေါ်မင်းမာလာရဲ့မေတ္တာစိတ်ကို အထင်ကြီးလေးစားခဲ့သည် ယုံလည်းယုံကြည်သည်။ ခြံအပေါ်ဒီအမေ ဘယ်လောက်ချစ်သလဲဆိုတာ ကို နားလည်နေသည့်အလျှောက် ကိုယ့်အပေါ်တင်းမာပြတ်တောက်မှု ဆက်ဆံနေတာလည်း ကျေနပ်နိုင်သည်။

ထို့ကြောင့် မောင့်ကိုစိုးရိမ်နေခြင်းနှင့်အတူ ဒေါ်မင်းမာလာရင်ထဲ အပူကိုလည်း စာနာနေမိ၏။ ကိုယ့်ကိုအပြစ်ပြောပါစေ..ဒီထက်မက တင်မောင်းမဲ့ပါစေ.. ၊

မောင်သာ ခလုတ်မထိ ဆူးမငြိပါစေနဲ့.. ၊

➤ ➤ ⮜ ⮜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၈)

"မင်းကိုယ်မင်းသိရဲ့လားခြံ့..တစ်နေကုန်အကုသိုလ်စိတ်တွေနဲ့
ယ့် သေတွင်းကိုယ်တူးနေတာ.."

"မာမီ..သားအိပ်ချင်နေပြီ.."

"အိပ်ချင်တာမဟုတ်ဘူး..မူးနေတာ.."

စကားသံတွေကြောင့် ဧည့်ခန်းမှာ မောင့်ကိုစောင့်ရင်းမှေးခနဲ မျော်
ရာမှ လန့်နိုးသွားခဲ့သည်။ ကမန်းကတန်း ထရပ်လိုက်မိလျှင် တံခါးအ
နားမှာ ခြံ့ကခပ်နဲ့နဲ့ရပ်နေလျက် ဆံပင်တွေဖွလိုက် မျက်နှာကိုပွတ်
တ်နှင့်.. ။

"မနက်ကလည်း ဟန်နီ့ကို.."

"ဟာ..မာမီ နိုး နိုး..သားနဲ့ အဲဒီအကန့်တွေ မရှိတော့ဘူး၊ အေ့.."

"မင်း ပါးစပ်ကြီးပိတ်ပြီး မာမီပြောတာပဲနားထောင်စမ်း..အမူးသမား
ကျို့ထိုးပြီးပြောတာ ရွံဖို့ကောင်းတယ်.."

အချိန်က ညဆယ့်တစ်နာရီခွဲနေပြီဖြစ်ကာ ဒေါ်မင်းမာလာက
သဖြစ်နေပေမယ့် သွားကြားစေ့သံနှင့် ထိန်းချုပ်ပြောရင်း.. ။

"အရက်သောက်စားပြီး ညဥ့်နက်သန်းခေါင်နေရလောက်အောင်
က ဘာတွေစိတ်ညစ်နေတာလဲ..မင်းကိုငါမွေးမြူခဲ့တာ ဒီလိုစရိုက်တွေ
ာင်းရှိလာမှာပဲလို့တွက်ပြီး ခွင့်လွှတ်ပေးခဲ့တာ ရှိသလား.."

"သား အရမ်းစိတ်ညစ်လို့ပါမာမီရာ..သားချစ်တဲ့မိန်းမက.."

"တိတ်စမ်း.."

ဒေါ်မင်းမာလာက ခြံ့လက်မောင်းတစ်ဖက်ကို ဖိဆုပ်ပြီးဆွဲခါပစ်
.. ။

"မင်္ဂလာပွဲတုန်းကပျော်လို့..အခု စိတ်ညစ်လို့ မင်းက.."

"သားယောကျ်ားလေးပဲမာမီ..ဒီလောက်တော့.."

"ဘာ.."

ရင်ထဲမှာ မီးစနဲ့အထိုးခံလိုက်ရသလို စူးရှပူလောင်သွားသည်။ ဒီလို
င့်အရေးတွေပြပြီး ပြန်လှန်မပြောဖူးခဲ့သောကြောင့် မိဘဆိုသည့်မာနက
လွှတ်နိုင်.. ။

"မင်းကပြန်ပြောတယ်ပေါ့.."

"ဖြန်း.."

"မာမီ..မလုပ်ပါနဲ့.."

ယိုင်နဲ့နဲ့ရပ်နေသည့် ခြံ့ကိုယ်ကြီးက ပါးရိုက်ချလိုက်သည့်အရှိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဒယိမ်းဒယိုင်ဆုတ်သွားကာ နံရံနဲ့ပစ်ကပ်သွားမှ ရပ်၏။ အပြာ ပြေးတွဲထားလိုက်ရင်း မျက်ရည်တွေပါ ဝေ့လည်လာခဲ့လျက်.. ။

"မောင်အပြစ်မဟုတ်ပါဘူး..သမီးကြောင့်ပါမာမီ၊ မောင့်ကိုမရိုက်နဲ့.."

"မင်းဖယ်စမ်းပါ..အပိုတွေ လာမလုပ်နဲ့၊ သွား.."

အပြာ့ကိုခြံက တွန်းဖယ်လိုက်ပြီး ကိုယ့်ကိုမတ်မတ်ပြန်ရပ်၏။ သော် ယိုင်ခနဲပြန်ဖြစ်သွားလျှင် အပြာကဖွတ်ဝင်တွဲကာ.. ။

"သမီးခေါ်သွားမယ်နော်..မာမီလည်း အိပ်တော့နော်မာမီ.."

"ဖယ်ဆိုမှကွာ..မင်းအသံကြားရတာ ငါ့မာမီရိုက်တာထက် တယ်..သွား သွား.."

တွန်းတွန်းဖယ်ဖယ်နှင့်ပဲ မောင့်ကိုအခန်းထဲ ပြန်ခေါ်လာမိသည် ပြီးတော့ မွေ့ရာစပ်မှာမောင့်ကိုထိုင်စေကာ.. ။

"မလှဲလိုက်နဲ့ဦးမောင်..အင်္ကျီတွေပါ လဲပေးမယ်.."

ဖိနပ်ချွတ်ပြီး အင်္ကျီတွေထုတ်ယူနေတုန်း ခြံကမွေ့ရာပေါ်မှာ လန့်ကြီးအတိုင်း လှဲနေပြီဖြစ်ကာ.. ။

"တောက်.. အိုက်လိုက်တာကွာ..အဲရ်ကွန်းဘာလုပ်နေတာလဲ.."

"ဖွင့်ထားတယ်လေ..မောင်အရက်ကြောင့် ရင်ပူနေတာ၊ အင်္ကျီ အောင်နော်.."

"မလိုဘူး..ငါ့ကိုမထိနဲ့.."

ဘေးမှာတင်ပါးလွှဲဝင်ထိုင်ရင်း အင်္ကျီချွတ်ပေးဖို့ ကိုင်တိုင်းလက် ဖယ်ချပစ်နေကာ.. ။

"မင်းငါ့ကို ရက်စက်ပြီးမှ အကြင်နာလာပြမနေနဲ့..ငါ ငါမင်း ချစ်လို့၊ မင်းကလွှဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်လို့ မင်းမှမင်း..မင်း ရအောင် ယူခဲ့တယ်၊ မင်းကတော့.."

"မဟုတ်ရပါဘူးမောင်ရယ်..အပြာ အမေ့ကိုစောင့်နေတာပါ တစ်ယောက်က.."

"တော်..တော် လုံးဝမပြောရှင်းနဲ့၊ မရတော့ဘူး..ဖယ်ဆိုဖယ် သွား.."

ဘယ်လိုမှ ရှင်းပြခွင့်မပေးတော့ အပြာငုတ်တုတ်လေးထိုင်ရင်း ခနဲ ငိုပစ်လိုက်မိသည်။ နှုတ်ခမ်းကိုလက်နဲ့ ဖိပိတ်၍ အားပါး ငိုနေတာမို့ တအင့်အင့်အသံလေးပဲ ထွက်လျက် သူမကိုယ်လေးတုန် နေ၏။တစ်ဖက်ကို လှူးလိမ့်စောင်းနေသည့် ခြံမျက်လုံးတွေ တလှပ်လှပ် ပွင့်လာသည်။ ပြီးတော့ ရှူ့မဲ့သွားကာ.. ။

"နားငြီးလိုက်တာကွာ.."

အော်လိုက်ပြီး ဖျတ်ခနဲပက်လက်လှန်မည်။

"ဘာကိစ္စအဲ့လောက်ငိုနေရတာလဲ..ဒီမှာ မင်းချစ်ရဲ့အကောင်း ရှိသေးတယ်..မသေသေးဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"မောင်နော်.."

"တောက်..နားငြီးတယ်၊ ခုအိပ် အိပ်ဆိုအိပ်.."

တိတ်လို့မပြောဘဲ လက်ကိုဆောင့်ဆွဲ၍ အတင်းလှဲအိပ်စေကာ..

"ဟိုကောင်မျက်စိကျလာလည်း မပြောနဲ့..ဟွန်း မင်းက သိပ်လှနေ ...ကိုး.."

ရယ်သံသဲ့သဲ့နှင့်ပြောရင်း အပြာ့ကိုယ်လေးပေါ်မှာထောက်ရင်း ငုံ့ ...ကြည့်၏။ မေးစင်းလေးလံနေသော မျက်ဝန်းတွေက ရီဝေငေးမော ...ခဲ့ပြီး..၊

"ငါလည်းမျက်စိကျလာပြီထင်တယ် မင်းကို..ဘယ်လိုလဲ အဆင် ...တယ်မို့လား.."

"မောင်နော်..အဲ့လိုစကားတွေနဲ့ အပြာ့ကို.."

"မရှန်းစမ်းနဲ့ကွာ..ဘယ်စကားနဲ့ဖြစ်ဖြစ် မင်းကိုရမ်းကားခွင့်ရှိတယ်၊ ...က မင်းယောကျ်ား.."

"အပြာမကြိုက်ဘူး..ဖယ်ပေး၊ ဒီကရှင်းပြတာကို နားထောင်ပြီးမှ.."

"မလိုချင်ဘူး..မင်းကြိုက်ကြိုက် မကြိုက်ကြိုက်.."

"မောင်..မောင်နော်.."

အရက်နံ့တွေနှင့် မောင့်အနမ်းတွေက အကြမ်းပတမ်းခပ်ရိုင်းရိုင်း..၊ အပြာ ဒီလိုကြီးတော့ မောင့်ရင်ခွင်ထဲမှာ မသာယာချင်..သို့သော်..၊

> > < <

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)

အပြာမွေ့ရာအစပ်မှာ တမင်ကပ်ပြီးအိပ်နေခဲ့ပေမယ့် အိပ်ရာနိုး တော့ သူမသည်ခြံရင်ခွင်ထဲမှာ ဖက်လုံးလေးတစ်လုံးလို။ ငိုနေရင်း ပျော်သွားခဲ့ရသည့်အဖြစ်ကြောင့် ပါးပြင်မှာတင်းကပ်ကပ်ကြီးဖြစ်နေ မျက်လုံးထောင့်တွေ မျက်တောင်တွေမှာလည်း ဖန်စပ်စပ်လေးတွဲနေ

နာရီလှည့်ကြည့်လိုက်တော့ မနက်လေးနာရီ.. မောင့်လက်တွေ အပြာအသာလေးဖယ်ချ၍ ထဖို့ပြင်လျှင်.. ၊

"အစောကြီးရှိသေးတာကွာ.."

ဖယ်ချထားသည့်လက်က ခါးမှာတင်းခနဲပြန်ဖက်ကာ.. ၊

"မောင့်ကိုမချော့ဘူးလား.."

"မောင်.."

မောင်ဒေါသတွေ မရှိတော့သလိုပြောလာတော့ အုံ့သြဝမ်းသာ ကာ မျက်နှာကို မော့ကြည့်လိုက်မိ၏။ အပြာရောင်ညအိပ်မီးလေးရဲ့ လင်းရောင်မှာ အပြာမော့ကြည့်လိုက်မှ မောင့်မျက်လုံးတွေ ခပ်မှေးမှေး လာခဲ့၏။

ထိုမျက်ဝန်းတွေကို မျှော်လင့်တကြီးငေးမိကာ.. ၊

"မောင်အပြာ့ကို စိတ်မဆိုးတော့ဘူးလားဟင်.."

"ဆိုးနေလို့ ချော့ခိုင်းတာပေါ့ကွ.."

"မောင်ရယ်..အပြာမောင့်ဆီက ခွင့်လွှတ်မှုကိုရဖို့ ဘယ်လော တောင် စိတ်ဆင်းရဲခဲ့ရလဲ သိရဲ့လား.."

ချော့မယ်သူရှိကာမှ ငိုချင်လာသည်။ ခွင့်လွှတ်ဖို့ သူ့ဆီကစကား တွေမြင်လာမှ မျက်ရည်ကလည်း၏။

"အပြာတောင်းပန်ပါတယ်..မနေ့တုန်းက အမေဖုန်းဆက်ထား နေ့လည်စာအတူစားမယ်ဆိုပြီး အပြာစောင့်နေတာပါ.."

"ဟာ..မငိုနဲ့ကွာ၊ အဲ့ဒီမျက်ရည်တွေကြောင့် ဒီကောင်ခင်ဗျာ အရှုံးပေးလိုက်တာ.."

"ဘယ်လို.."

"ပြော..အဲ့ဒီသတ္တဝါကဘယ်ကလဲ.."

မျက်ရည်တွေကို သုတ်ပေးရင်းမေးပုံက မကျေလည်မှုတချို့ ဝက်နှင့်.. ၊

"မောင် မင်းကိုစကားကုန်ပြောပြီးသားနော်..မိန်းမကို ဘယ်ကော နှစ်ခါပြန်ကြည့်တာမှ မကြိုက်ဘူးဆိုတာ.."

www.burmeseclassic.com



"သူက စတိတ်ကျောင်းမှာတည်းက သိဖူးတဲ့သူပါ.."
"ဘာလဲ..သူငယ်ချင်းလို့ ပြောမလို့လား.."
"မဟုတ်ပါဘူး..အလကားဗရုတ်သုတ်ခပါ၊ ဘယ်မိန်းကလေးကိုမ
.."
"တော်ပြီ တော်ပြီ..အဲ့လိုကောင်က ပန်းပေးတာကို မင်းယူလိုက်တဲ့
အတွက် မောင်ထပ်မမေးချင်တော့ဘူး.."
"မောင်..အဲ့ဒါက.."
"တော်ပြီဆိုကွာ..ရှင်းရှင်းပြောရရင် မောင်လုံးဝမကျေနပ်သေးဘူး.."
ဟင်.. ၊
"ဒါပေမယ့် မောင့်ကြောင့်မင်းငိုနေရင် မောင်မနေတတ်ဘူး..နောက်
.."
အပြာ့ကို ရင်ခွင်ထဲမြုတ်နေအောင် ဖက်ထားပြီးမှ ပါးချင်းဖိကပ်
ကာ.. ၊
"မောင်အရမ်းချစ်တယ်..မင်းနဲ့ကျောချင်းကပ်ပြီး တစ်ညလေး
တောင် မောင်မနေနိုင်ဘူး.."
"မောင်ရယ်.."
မောင်ဘယ်လောက် ခံစားလိုက်ရသလဲဆိုတာ နားလည်သွားကာ
ခင့်ကိုပြန်ဖက်ထားရင်း အသံတိတ်မျက်ရည်တွေ စိမ့်လာခဲ့သည်။
"ဟာကွာ..မောင်ဒီလောက်ပြောနေတာကို.."
"မောင်ကလည်း မငိုဘဲနဲ့လည်း ကျနေတာ ဘယ်လိုလုပ်ရမလဲ.."
မျက်ရည်သုတ်ပေးနေသည့် ခြံ့လက်ပေါ်ကနေ ထပ်ကိုင်ထားရင်း
ကြည့်ကာ.. ၊
"နောက်ကိုမောင်စိတ်ဆိုးရင်လည်း မင်းတွေငါတွေနဲ့ မပြောပါနဲ့
ခင်ရယ်..နော်၊ အပြာမခံစားနိုင်လို့ပါ.."
"သြော်..ဟုတ်လား၊ ခင်ဗျားကျတော့ မပြောလို့လား.."
"ဟင်..အပြာပြောမိလို့လား.."
"မေ့သွားပြီလား..ပြန်စဉ်းစားလိုက်ဦး.."
"ဒါဆိုလည်း မောင့်ကိုသဝန်တိုစိတ်နဲ့.."
"မောင်ကတော့ ပျော်လို့ပြောနေတာကိုး.."
"မဟုတ်ဘူးလေ..မောင်က မူးမူးနဲ့ရှင့်ရှင့်သီးသီးကြီး ပြောနေတာ၊
တွေ့ကိုလည်း အတင်းတွန်းထုတ်တယ်.."
"တွန်းမထုတ်ပါဘူးကွာ..ဒီလောက်တော့ စိတ်ဆိုးခွင့်ရှိတယ်မှတ်
.."
"ဘယ်လို.."
"ခင်ဗျားမျက်ရည်တွေ ဒလဟောပြိုကျမလာရင် ဒီကောင်ကအောင်
ခင်ဗျားစိတ်ဆိုးလို့ ရပြီလေ..အပွန်း သိပ်လည်တယ်နော်.."
"ဘာလဲ..မောင့်ကိုသနားအောင် ငိုပြတယ်ထင်လို့လား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပဲဟာ.."

"တကယ်ဝမ်းနည်းလို့ငိုတာသိလား..သူသာ သူများကိုနင်း
တောင် ဒေါသတကြီး.."

"လွဲပြီအဲ့ဒါ.."

"မလွဲဘူး.."

"လွဲတာပေါ့ကွ..လူသာမူးရင်မူးမယ်၊ နှာခေါင်းကမမူးဘူး.."

"သွား.."

အပြာရယ်ရင်း သူ့ရင်ဘက်ကို ထုပစ်မိသည်။ အမူးပြေသွား
ဒီလိုမျိုးတွေ မောင်ပြောတာနှစ်ခါရှိပြီ.. ။

"ဒီမှာ မင်းယောကျ်ားမူးမူးနဲ့ ရမ်းကားနေတယ်ထင်လို့လား
ပေမယ့် လူမှန်းသူမှန်းမသိ မှန်းနေတာမဟုတ်ဘူး၊ အထူးသဖြင့် အ
ရောင်ဆိုတဲ့ ကောင်မလေးကို မြင်လိုက်ရရင်.."

"အာ..မောင်နော်.."

"လက်တွေပြမလို့လေ.."

ခြံက အပြာ့နှာခေါင်းချွန်ချွန်လေးကို သူ့နှာခေါင်းနဲ့ပွတ်တို
ရယ်ကာ.. ။

"စိတ်ကလည်း ဆိုးချင်သေးတယ်..မိန်းမနားလည်းကပ်ချင်
မူးသလိုလို မာနကြီးယောင်ဆောင်ပြီး.."

"ဟိတ်..မောင်နော်.."

အပြာ့ရင်ထဲမှာ ပူလောင်မှုတွေ ဘယ်တုန်းကမှ မရှိခဲ့သလို ချ
သာယာသွားသည်။ မိုးလင်းလုပြီဆိုတာကိုလည်း မေ့ခဲ့၏။

အချစ်သည် အေး၍ပူနွေးခြင်းလား.. ။

ပူလောင်ပြင်းပြ၍ အေးချမ်းခြင်းလား.. ။

ဒါမှမဟုတ် နွေးသည်အေးသည်မမည်သော လှည့်ဖြားခြင်
သက်လား.. ။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၀)

"သားတောင်းပန်ပါတယ်မာမီ..မနေ့တုန်းက.."

"ဆက်ပြော.."

ခြံက ဘာမှမပြောဘဲ ပေါင်မုန့်ညှပ်နဲ့လက်ဖက်ရည်တို့ တစ်ဖက်စီ ကိုင်ထားရင်း ပြန်ချတော့မလိုလို ပြောတော့မှာလိုလို။ အပြုံ့ခြေလှမ်း တွေလည်း ထမင်းစားခန်းတံခါးဝဘေးမှာပဲ တုံ့ခနဲဖြစ်သွားခဲ့၏။

ဒေါ်မင်းမာလာအတွက်နဲ့ခြံအတွက်ကို သူမကိုယ်တိုင်ဘရေ့ဖက်စ် ပြင်ဆင်ပေးပြီးမှ ဆိုင်သွားဖို့အတွက် ပြင်ဆင်နေတာပါ။ သူများစကား ပြောနေတာကို နားမထောင်သင့်ပေမယ့် နားထောင်ဖို့လည်း စိတ်ကူးမရှိဘဲ ကြားလိုက်မိတာ ဖြစ်ကာ.. ။

"မပြောချင်ဘူးလား..မာမီကသိပြီးသားပါ၊ အပြုံ့ကိုတခြားတစ် ယောက်နဲ့ သဝန်တိုပြီး သားပေါက်ကွဲနေတာမို့လား.."

"မာမီက.."

"အပြောပြောပြတာ..မင်းကားအပြင်းမောင်းပြီး ထွက်သွားတည်းက သူစိတ်ပူလို့ ဖုန်းဆက်တာ၊ မာမီလည်းစိတ်ပူပြီး ဘာမှလုပ်လို့မရဘူး.. ပေမယ့် ဘယ်ဖုန်းမှသားမကိုင်ဘူး၊ အဲ့ဒီကြားထဲ ဟန်နီကဖုန်းဆက်တိုင် တယ်.."

"အဲ့ဒါကတော့ သားလုပ်သင့်တယ်ထင်လို့ လုပ်ခဲ့တာမာမီ..အဲ့အ တွက် မာမီသားကိုကြိုက်သလို ဆူပါ၊ အပြစ်ပေးချင်လည်းပေးပါ..ဟန်နီ နဲ့ အန်တီယု မရှိုးသားတာကို သိလိုက်ရတဲ့အချိန်မှာ သားအိမ်ထောင်ရေး လည်း အခြေအနေမကောင်းတော့ဘူး ဖြစ်နေတာ ဘယ်လိုမှကို သည်းခံ လို့မရတော့ဘူး.."

"အန်တီနဲ့ပတ်သက်ပြီး မာမီတာဝန်မကင်းသလို ခံစားရလို့ပါ..ဆုံး သွားပြီးတဲ့ လူတစ်ယောက်အပေါ်မှာ သူတို့ဒီလောက်ထိအရေးပါနေသေး တာကိုလည်း လုံးဝမရိပ်မိခဲ့ဘူး.."

"ဒါပေမယ့် သူတို့ကခုချိန်ထိ မာမီသူတို့အတွက် ရပ်တည်ပေးနေ တာလို့ ထင်နေတာ..အဲ့ဒီအတိုင်း ပြောနေတာပဲ.."

"ဟုတ်မယ်..ဒါကြောင့် မာမီ့ကိုတိုင်တာပေါ့၊ အစတည်းက မာမီ ချမ်းခဲ့တဲ့ ခြေလှမ်းကိုပြန်ရုတ်ဖို့ သင့်ပြီမှန်းမာမီသိတယ်..သားအဲ့လောက် ပြောဆိုပြီး ထွက်သွားတယ်လို့ကြားလိုက်တော့ နားလည်သွားတယ် မာမီလည်း မှားသွားတာပါ.."

"မဟုတ်ဘူး..ဟန်နီကစပြီး အချိုးမပြေတာ.."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီသား..ယောကျ်ားတစ်ယောက်အနေနဲ့ မိန်းမသား
ယောက်အပေါ် ရင့်သီးတဲ့စကားတွေနဲ့ မစေဖန်ရဘူး.."

ပြောပြီး ကော်ဖီကိုကုန်စင်အောင် သောက်လိုက်သည်။ မုန့်တစ်
ကျန်တာကို ပြန်ချထားလိုက်ပြီး လက်သုတ်ပဝါတစ်ချက်လှမ်းကိုင်

"တခြားမိန်းကလေးကိုရော ကိုယ့်ဇနီးမယားရဲ့ဂုဏ်သိက္ခာကို
ကိုယ့်ရဲ့စကားတစ်ခွန်းကြောင့် မညှိုးနွမ်းပါစေနဲ့သား..အမြဲသတိထား
က သားကိုဝမ်းနဲ့လွယ်မွေးလာခဲ့တဲ့ အမေကလည်း မိန်းမသားတစ်ယော
ဆိုတာ မမေ့ဖို့ပဲ.."

"မာမီဆုံးမထားခဲ့တာတွေ သားမမေ့ပါဘူး..ဒါပေမယ့် သူလည်း
ကြောင့် သူများဒုက္ခရောက်နေတယ်ဆိုရင် ဆင်ခြင်သင့်တာပဲ မဟုတ်
လားမာမီ..ယောကျ်ားလေးမှာပဲ ကိုယ်အမူအရာ နှုတ်အမူအရာတွေ
ထိန်းဖို့ လိုတာမှမဟုတ်ဘဲ.."

"မှန်တယ်..ဒါပေမယ့် မာမီကသားပဲမွေးထားတာလေ၊ သမီး
ထားတဲ့ မိဘကသူတို့သမီးကို ဘယ်လိုဆုံးမသလဲ မာမီဘယ်သိမလဲ
ဖြစ်ကို ဥပမာထားပြီး မာမီတစ်ခုပြောထားမယ်သား၊ အခု သား
ထောင်ဦးမို့လို့ ကိုယ့်အိမ်ထောင်ကို မက်မောစူးစိုက်နေတယ်..ဟ
လည်း သားမျက်စိထဲမှာ မတွေ့ခဲ့ဘူး.."

မာမီ ဘာပြောချင်နေမှန်း မသိသောကြောင့် ခြံကအာရုံစိုက်
ထောင်နေ၏။

"နောင်တစ်ချိန်ချိန်မှာ သားစိတ်က ပြောင်းလဲသွားလို့ဖြစ်စေ
နဲ့ထက် ပိုတိုးမယ့်မိန်းကလေးမျိုးနဲ့ဆုံခဲ့ရင်ဖြစ်စေ သားစိတ်မပြော
အောင် ထိန်းသိမ်းရမယ်.."

"မာမီကလည်း သားတို့ချင်း တကယ်မေတ္တာစစ်နဲ့ချစ်လို့ လ
ခဲ့တာပဲဟာ.."

"ဒါကိုပြောဖို့စောပါသေးတယ်..အချစ်ဆိုတာ အိုအေစစ်
ဟုတ်ဘူး၊ အချစ်လောက် သစ္စာမဲ့တာလည်း မရှိဘူး..မာမီဘာလို့
လဲဆိုတော့ ဒီတစ်ယောက်ရဲ့ရင်ခွင်ဟာ နန်းတော်ကြီးလို့ထင်နေတု
နောက်တစ်ယောက်ကို ချစ်မိသွားတာနဲ့ အဲ့ဒီရင်ခွင်ဟာ မီးလောင်
ကောက်ရိုးလို ပူလောင်လာလိမ့်မယ်..အဲ့ဒါက ဒီတစ်ယောက်ကို ချ
လို့ထင်ခဲ့ပေမယ့် တကယ်ချစ်တဲ့ လူထပ်တွေ့သွားတဲ့အတွက် ကို
လိုက်ခင် သူ့အလိုလို ပြောင်းလဲသွားတဲ့ ချစ်စိတ်ပဲ.."

"ဒါတော့ ကိုယ့်ကိုယ်ကို သေချာဖို့အရင်ကြိုးစားရမှာပေါ့.."

"ရယူဖို့ စွန့်လွှတ်ဖို့ဘာလုပ်ဖို့မှ ကြိုတင်ပြင်ဆင်ခွင့်မရှိတ
အချစ်ပဲ..ခိုင်းလို့မရဘူး၊ ဖျားယောင်းလို့လည်း မရဘူး..ဒါကြောင့်
စိတ်က တဒင်္ဂသာယာတာလား..တကယ်ချစ်တဲ့စိတ်က ဖြေချယ်
ဆိုတာ သတိမပြတ်ထားရမှာ.."

"မာမီပဲ ကြိုတင်ပြင်ဆင်ထားလို့ မရဘူးဆို.."

www.burmeseclassic.com

www.burmeseclassic.com



"သားကိုခိုင်မာစေချင်တာ..တစ်ခါတလေ ဖြစ်ချင်တာထက်ဖြစ်သင့်တာကို ဦးစားပေးရမယ်၊ သားအိမ်ထောင်ရေးကို မာမီဖြစ်ချင်တာထက် သားအတွက် ဖြစ်သင့်တယ်ထင်တာကို လိုက်လျောခဲ့ပြီးပြီ..ကိုယ်တည်ဆောက်ခဲ့တဲ့ ကမ္ဘာကို ကိုယ့်လက်နဲ့မဖျက်မိစေနဲ့၊ ပြောချင်တာက သူ့ကို ဘဝအတွက် ရွေးချယ်ပြီးပြီလေ..နောက်ထပ် ငါ့အချစ်ဘယ်မှာပျော်နေခဲ့ဆိုတာ ရှာဖွေဖို့မလိုဘူး.."

"သားအဲ့ဒီလို ယောကျ်ားမျိုးမဖြစ်စေရဘူးမာမီ..အခု ဟန်နီ့ကိစ္စမှာ စိတ်မဆိုးဘူးဆိုတာကိုလည်း သားမယုံနိုင်အောင်ပဲ.."

ဒေါ်မင်းမာလာက ပြုံးလိုက်ကာ အပြာ့ကိုတွေးလိုက်မိသည့် မျက်လုံးတွေနဲ့ သားကိုငေးရင်း.. ၊

"မာမီက သူ့အမေမဟုတ်ပေမယ့် သားချစ်နေတဲ့မိန်းကလေးကိုမှ မလိုသဘောမထားနိုင်ရင် ဒီမိသားစုဘယ်အေးချမ်းတော့မှာလဲသား.. မာမီလိုချင်တာ သားနဲ့မာမီတို့ အဲ..မာမီ့မြေးလေးတွေနဲ့ပေါ့၊ သာယာအေးချမ်းတဲ့ မိသားစုလေးအဖြစ် မခွဲမခွာနေသွားနိုင်ဖို့ပဲ..အများကြီးမဟုတ်ပါဘူး"

ဒီစကားကို ကြားလာခဲ့ရသည့်အပြာ့ရင်ထဲမှာ ဆိုင်ကိုရောက်လာတဲ့အထိ ကြည်နူးပီတိတွေဖြစ်နေမိတုန်း။ သူမကြိုးစားရမည်။ နောက်နေ့မှာ ဒီမိသားစုသုံးယောက်မျက် နှာချင်းဆိုင် စားသောက်ဖို့ ထွေရာလေးပါးပြောကြရင်း ရယ်မောနွေးထွေးမှုတွေနဲ့ အချိန်တွေကို ဖြတ်သန်းဖို့.

➢ ➢ ➢ ➢

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၁)

"အမေ့.."

နောက်ကခေါ်သံကြောင့် ချောင်းကြည့်နေမိသည့် မလုံမလဲစိတ်
လန့်ဖျန့်သွားမိ၏။ သို့သော် မျက်နှာကိုအတည်အတံ့ပြင်ဆင်လိုက်
လှည့်ကြည့်ကာ..။

"ဘာလဲ.."

"လာချောင်းကြည့်ပြီး လှည့်ပြန်သွားမလို့လား.."

"လာချောင်းတယ်ပဲဖြစ်ရတယ်လို့အေ..ညည်းဆိုင်ကို လူပေါ်
ထွက်နေကြတာ ငါ့ကျမှ ချောင်းတယ်ထင်ရလား.."

အပြာက ခေါင်းလေးငုံ့ပြီးရယ်ကာ..။

"ဒါဆို နှစ်ရက်ခြားတစ်ခါ ဘာလာလာလုပ်တာလဲ ပြောပါဦး"

ဒေါ်ဟေမာနီ ရှက်သွားမိပြန်ကာ..။

"ဘယ်သူပြောတာလဲ..နှစ်ရက်တစ်ခါဆိုတာ.."

ဆိုင်ရှေ့မှာလည်း CCTV ကင်မရာတွေ တပ်ထားတယ်ဆို
ပြောလိုက်လျှင် အမေရှက်သွားဦးမည်။ နောက်ထပ်လည်း လာမှာ
တာမို့..။

"ကဲပါ..အခု သမီးနဲ့ဆုံကာမှ ဆိုင်ထဲဝင်ပါဦး.."

"မဝင်ချင်ပါဘူး..မဂ်လာဆောင်သွားစရာရှိလို့ ပိုးထည်လာ
တာ.."

"ဒါဆိုလည်း အထဲဝင်ကြည့်လေ.."

ဝါဝင်နေပြီဆိုတာ အမေမေ့နေပြီထင်သည်။ အပြာကြိတ်ပြုံး
အမေ့လက်ကို အတင်းဆွဲခေါ်လာခဲ့မိသည်။ ဒေါ်ဟေမာနီက ခြေကန်
တော့မလို ပါလာရင်း၊ အတွင်းနားနေခန်းထဲ ဝင်မည်ဆိုမှ ခေါင်း
လက်ကိုပါ ရုန်းကာ..။

"ဘယ်ကိုခေါ်နေတာလဲအပြာရယ်..ညည်းယောက်ျားမဝင်လာ
သွားကာမှ ငါ့တစ်သက်လုံးမာနတွေ ပြုလာခဲ့သမျှ အကြောစီးနဲ့
ခံရဦးမယ်..ပြန်မယ် ပြန်မယ်.."

"အမေ့.."

အပြာက အတင်းပြန်ဆွဲထားလိုက်ပြီး..။

"ဒါဆိုလည်း အပြင်စားပွဲပေါ်မှာပဲ ထိုင်ပါ..အမေကြိုက်တာ
ညီုးထိုးပြလိုက်၊ သူတို့လုပ်ထားပေးလိမ့်မယ်.."

ကိုယ်လာလာချောင်းနေတုန်း ခဏခဏမျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကကြည့်တော့ ဒေါ်ဟေမာန်မျက်နှာကို ချီထားလိုက်သည်။ င်ရှင်ရဲ့အမေမို့ ဂုဏ်ယူဝင့်ကြွားရမှာပေမယ့် ကိုယ်ကလာချောင်း ခဲ့တာမို့ အံ့ဩနေသော အကြည့်တွေကြောင့် မျက်နှာပူသလိုလို သိမ် မိသလိုလို.. ။

ထို့ကြောင့် မျက်နှာကိုတင်းထားမိရင်း.. ။

"လိုက်ကြည့်နေတာပါ..ဝယ်မယ်လို့လည်း မဆုံးဖြတ်ရသေး ဘူး.."

စိတ်ထဲမှာသိချင်နေတာက သမီးနဲ့သူ့ယောက္ခမအဆင်ပြေရဲ့လား တာပါ။ ပြီးတော့ ဟိုနေ့ကဆိုင်ရှေ့မှာ ဒီထဲကမိန်းကလေးနှစ်ယောက် ာနေတာ ကြားခဲ့သည်။

"အပြာ..ညည်းတို့လင်မယား ဟိုတစ်နေ့က ဒီနားကစားသောက် င်မှာ စကားများကြတယ်ဆို.."

ဟင်.. ။

အပြာ အံ့ဩသွားကာ၊ ရင်ဘက်တစ်ခြမ်းပေါ် ကျလာသည့်ဆံပင် ကို လက်တစ်ဖက်နဲ့နောက်ကို သိမ်းပစ်လိုက်ပြီး.. ။

"အမေ့ကိုဘယ်သူပြောတာလဲ.."

'ဒီရှေ့မှာ ချောင်းကြည့်ရင်းနဲ့ ကြားတာပေါ့..'လို့ ပြောလိုက်ရရင် ည်း မကောင်း.. ။

"ဒီလိုပဲ ကြားတာပေါ့အေ.."

"မဟုတ်ပါဘူးအမေရယ်..မောင်က သမီးအသိတစ်ယောက်နဲ့ ဆင်လွဲသွားတာပါ၊ သူ့လိုလူက ဆိုင်ထဲမှာရန်ဖြစ် သောင်းကျန်းမလား မရဲ့..ဖြစ်ရင်လည်း မာမီလုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး၊ အဲ့လိုအမူအကျင့် ကို မာမီက သိပ်အထင်သေးတာ.."

ဒေါ်ဟေမာန် သမီးမျက်နှာကို ငေးသွားမိသည်။ ပြုံးကြည်နေသည့် ာ်နှာလေးက ပိုလှနေသည်။ အိမ်ထောင်သည်ဖြစ်သွားမှ မြင်လိုက်ရ င်း ဒီဇိုင်းဆန်းနှင့် မြန်မာဝတ်စုံလေးတွေပဲ အဝတ်များနေကာ ကိုယ်လုံး းလည်း ပိုပြည့်လာ၏။

အလှသွေးကြွယ်နေတာများ အသားရောင်တောင် ပိုဖြူပိုနုနေသလို း ဒီထက်ပိုတာက ယောက္ခမအပေါ် အထင်ကြီးလေးစားနေခြင်းတွေ ာ်နှာထက်မှာ ဖိတ်ဖိတ်လျှံလျှံ.. ။

"ဒါဆိုခြံနဲ့ရော အဆင်ပြေရဲ့လား.."

"ပြေသွားပါပြီ..သူစိတ်ဆိုးပြီး ညကျတော့အရက်တွေမူးလာတာ မာမီကရိုက်တော့ ပြဿနာနည်းနည်းဖြစ်သွားတာပေါ့..ခုအားလုံး လည်သွားပါပြီ.."

ဒေါ်မင်းမာလာနဲ့ ခြံတို့ပြောနေကြသည့် စကားတွေကိုတော့ ပြန်မ ာမိခဲ့ပါ။ ဒါပေမယ့် ပြဿနာတစ်ရပ်ပြေလည်သွားသည့်ပြင် မောင်က ည်း အရင်ကထက် ပိုပြီးဂရုစိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ခါနီးတိုင်း သည်းသည်းလှုပ်မှာနေတတ်တာ ... တောင် အပြာအားနာမိရတဲ့အထိ၊ လူ့သဘာဝကိုက အတိုက်အခံရှိ... နိုင်ချင်သည်။ လုနေရမှာ ပိုတန်ဖိုးကြီးသည်တဲ့.. ၊

ဒီပြဿနာကြောင့် မောင်နဲ့မာမီ သူမအပေါ်မှာ ပိုဂရုစိုက်... တော့ အမှန်ပဲဖြစ်၏။

"နောက်ဆိုလူမှုရေး ကိစ္စတွေပဲဆိုပြီး မပေါ့ဆနဲ့..ကိုယ့်ယောက်... ဝန်တိုတတ်တာကို သတိထား၊ မာမီပြောပြီးသားနော်..သားနဲ့ပတ်... တဲ့ပျက်စီးရာ ပျက်စီးကြောင်းတွေဖြစ်လာရင်တော့ ဘယ်လိုလူဘယ်... ကိုမှ နားလည်ပေးမှာ မဟုတ်ဘူး.."တဲ့.. ၊

မျက်နှာတည်ကြီးနဲ့ မှာခဲ့ပေမယ့် အစစအရာရာဂရုစိုက်လာ... သူမအတွက်ထားပေးသည့် ဒရိုင်ဘာကိုတောင် ဒေါ်မင်းမာလာ ဘယ်... တွေးတွေနဲ့ လူပြောင်းပေးခဲ့မှန်းမသိ.. ၊

"တော်ရုံဆို သူ့ကိုခိုင်းလို့ရတယ်..သူကလျှင်တယ် အက... တယ်၊ ဘာဖြစ်ဖြစ် မင်းအခက်အခဲရှိနေရင် သူ့ကိုသာ မျက်စပြလိုက်...

ဖြစ်စေချင်သည်က နောက်ထပ်ဘယ်လိုအကြောင်းနဲ့မှ ခြ... မြင်လွဲစရာ မလုပ်ဖို့.. ၊

"အပြာ.."

"ဟင်.."

တွေးနေတုန်းမို့ ဆတ်ခနဲဖြစ်သွားကာ.. ၊

"ရှင် အမေ.."

"ဘာတွေပြုံးလိုက်ငေးလိုက် ဖြစ်နေတာလဲ..အိမ်မှာပြ... သေးလို့လား.."

"ရှိတော့မရှိပါဘူးအမေရယ်..ဒါပေမယ့် အဲ့ဒီနေ့ကသမီးဆ... ဟိုတစ်ယောက်ကို တွေးမိလို့ပါ.."

"ဘယ်တစ်ယောက်လဲ.."

"အမေလည်းမြင်ရင်သိမှာပါ..သမီးဆယ်တန်းတုန်းက ... တွင်းမှာတောင် စာတွေပေးပြီးနောက်ယှက်နေလို့ အမေ့ကိုပြော... တယ်.."

"သိပ်တော့မမှတ်မိဘူး..အဲ့ဒါဘာဖြစ်လို့လဲ.."

"သူက.."

ပြောမည်ပြင်ပြီးမှ မပြောဖြစ်.. ၊

ပြဿနာတစ်ခုခု ရှိလာရင် အမေဖြေရှင်းတဲ့ပုံက ကြောက်ဖို့... ၏။ သိမ်မွေ့စွာဖြေရှင်းနည်းနဲ့ ဒေါ်မင်းမာလာလို ဖြေရှင်းပေးတ... ဆိုရင်တော့ ကိုယ့်အမေကိုအားပါးတရ ဖွင့်ပြောတိုင်ပင်ချင်မိ...

"မဟုတ်ပါဘူး..အဲ့ဒီတစ်ယောက်က စည်းကမ်းလည်း... ကြောက်တတ်ပုံလည်း မပေါ်ဘူး..နောက်တစ်ခါထပ်ရောက်လာ... စိုးရိမ်လို့.."

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်တစ်ယောက်လဲ..ငါ့ကိုပြောလေ.."

"ထားလိုက်ပါတော့အမေရယ်..အမေလုပ်တတ်တာ ရန်ဖြစ်ဖို့ပဲ.."

"ဟဲ့..လူလိုပြောမရရင်တော့.."

"အမေ့စိတ်နဲ့ဆို တစ်လောကလုံးက လူလိုပြောမကောင်းတဲ့လူတွေချည်းပဲလေ..အမေက မာမီကိုသာကြည့်မရဖြစ်နေတာ မာမီ့လိုအယူအဆအတွေးတွေ အမေ့ကိုသမီးကရှိစေချင်တာ.."

"ဖြစ်ရလေအပြောရယ်..တော်သေးတာပေါ့၊ ညည်းငါ့ကိုအမေမှန်းသိနေသေးလို့.."

စကားလွန်သွားတိုင်း ရယ်မောခြင်းနှင့်ငြိမ်းချမ်းရေး ယူတတ်သောအပြုံ့မျက်နှာလေးက ချက်ချင်းပြုံးကျသွားကာ.. ၊

"အမေကလည်း အမေကတော့အမေပေါ့..ကိုယ့်အမေကို သူများအမေတွေလို ပိုကောင်းစေချင်တာ ပြောလို့မရဘူးလား.."

"ပြောပါ..ပြောပါ၊ တစ်သက်လုံးလည်း ပြောလာခဲ့တာပါပဲ.."

"ဟုတ်တယ်လေ..အမေ့ကိုရန်မများပါနဲ့၊ စကားပြောမကြမ်းပါနဲ့ဆိုတာ အမေကရောနားထောင်ခဲ့လို့လား.."

"ဒါပေါ့..သားသမီးဆုံးမတာ ကျုပ်ကမနာခံခဲ့ဘူးကိုး၊ ကောင်းပါတယ်..ညည်းယောက္ခမကို ညည်းအထင်ကြီးလေးစားနေတော့ သူ့ဘာပြောပြော အပြစ်မမြင်ဘူးပေါ့.."

"သူကနေရာတကာလည်း ဝင်ဝင်မပါတတ်ဘူးအမေရဲ့..စကားပြောတာ အရမ်းတည်တဲ့တယ်၊ သူတုန်နေအောင် ချစ်တဲ့သားအပေါ်တောင် ခပ်တည်တည်ဆက်ဆံတာ..သူ့သားကလည်း အမေမှအမေ၊ အဲ့ဒီအမေပြောရင် တစ်ခွန်းဆိုတစ်ခွန်းပဲ.."

"အသွင်တူလို့ အိမ်သူဖြစ်တာပါအေ.."

ဒီသမီး အမေချင်းယှဉ်ပြီး ကိုယ့်ဘက်ကိုမိုင်းနတ်စ်နဲ့တွက်ပြနေတာ သိပေမယ့် ပြောလက်စနဲ့ပဲ အင်အားမဲ့စွာတိုက်ပွဲဝင်နေမိသည်။

"သူလည်း မိဘကိုလွန်ဆန်ပြီး ညည်းကိုယူခဲ့တာမဟုတ်လို့လား.."

"လွန်ဆန်တဲ့အပိုင်းကို အရောက်မခံဘဲ မာမီကသူကိုယ်တိုင်လက်ဆပ်ပေးပစ်လိုက်တာလေ..သမီးပြောချင်တာ အဲ့ဒါပဲ၊ ဘယ်သူပဲဖြစ်ဖြစ် သူ့မှာ ဆိုးတဲ့ အကျင့်တစ်ခုခုတော့ရှိကြတာပဲမို့လား..မောင်လည်းနေရာတကာ လိမ္မာနေတာ မဟုတ်ဘူးဆိုတာ မာမီသိနေတယ်၊ ဒါကြောင့် မောင်နှုတ်လုပ်တော့မယ်လို့ ထင်တာနဲ့ ကိုယ်တိုင်လက်ထပ်ပေးလိုက်တယ်.."

ပြောနေရင်းပိုင်နိုင်သည့် မျက်နှာနှင့်ကြည့်ကာ.. ၊

"သမီးက မာမီ့ကိုတော်တယ်လို့ ပြောတာအဲ့ဒါကြောင့်လေ..အမေ့ကို မာမီလိုဖြစ်စေချင်ပေမယ့် အဲ့လိုပြောတာလည်း မဟုတ်ပါဘူး၊ မာမီက သက်တွေကို စမ်းကြည့်ဖို့မလိုဘဲ ကြိုတွက်နိုင်တယ်..အမေက တကယ်ထုပ်ကြည့်နေတာတောင် မသိဘူး.."

"ဘယ်လို.."

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ဟေမာန်နာကျင်မှုကို ဖုံးဖိဖို့မတတ်နိုင်အောင် ဖြစ်လာခဲ့ ထိုအခါ နေရာတကာမှာ လစ်မစ်မရှိတတ်ခဲ့သော ဒေါ်သသည်သာ-

"ဖြစ်ရလေအပြာရယ်..သူများအမေနဲ့ယှဉ်ပြီး ညည်းမို့ပြော တယ် မအေကို.."

"အမေ့.."

ဆိုင်ထဲမှာကောင်မလေးတွေ ရှိနေသဖြင့် အပြာကအသံမကျ လက်တို့သတိပေးရင်း.. ။

"အမေကလည်းလေ ပြောနေရင်းနဲ့တွေလား..အမေအဲ့လိုဖြစ်ဖြ တာကို ပြောရင်လည်း မကြိုက်ဘူး.."

"ဟုတ်တယ်မကြိုက်ဘူး..ငါပြန်မယ်.."

"နေပါဦး..သမီးပြောချင်တဲ့လိုရင်းက.."

"ညည်းယောက္ခမ ဘယ်လိုတော်တယ်ထက်တယ်..ငါကတုံး မလား.."

"ဩော်..ခက်တော့တာပဲ.."

အပြာ့မျက်နှာလေး ရှုံ့မဲ့နေခဲ့လျက်.. ။

"မဟုတ်ပါဘူး..သမီးက အမေ့မာနကို နည်းနည်းလေးပဲ လျှော့ ထားဖို့.."

"ငါ့မာနက ဘယ်သူ့ခေါင်းပေါ် ချေးတက်ပါနေလို့လဲ.."

"သူများကိုထိခိုက်လို့မဟုတ်ဘူး..အမေ့ကိုပဲထိခိုက်မှာ၊ သမီးက ဂျင်နီယာ..သမက်ကလည်း အင်ဂျင်နီယာသူ့ဌေး.."

"အဲ့ဒီတော့ ဘာဖြစ်လဲ.."

"အမေက ပျဉ်ထောင်အိမ်စုတ်စုတ်လေးမှာ အိမ်ငှားဘဝနဲ့-"

"အဲ့ဒါ ငါ့ဘဝပဲအပြာ..ငါ့ဟာငါ ဘယ်လိုနေနေ ညည်းကိုထိ ဖွယ် မရှိပါဘူး၊ အဲ့လိုဖြစ်စေချင်လို့လည်း ညည်းရဲ့မင်္ဂလာပွဲကို ငါမတက်ခဲ့တာ..အခု ငါ့ဘာသာအိမ်စုတ်နဲ့ပဲနေနေ မီးခြစ်ဘူးထဲမှာ အိပ်နေတာဖြစ်ဖြစ်.."

"ဘယ်ဟုတ်မလဲအမေရယ်..အမေဘယ်အရပ်မှာပဲနေနေ သ အမေ့သမီး..အမေက သမီးရဲ့အမေပဲလေ.."

"အဲ့ဒီတော့ ငါကဘယ်အရပ်ကို ပြောင်းပေးရမလဲပြော.."

"တွေလား..အမေကိုက သမီးကိုမျက်လုံးစိမ်းနဲ့ ကြည့်နေတာ-"

"ဒါပေါ့..ငါကအမေပီပီလေ.."

ပြောရင်းနဲ့ချက်ချင်းကြီး ငိုချပစ်လိုက်ချင်တာ ဘယ်လိုခံစား ကြီးလဲ.. ။

လူကြီးတွေအသက်ကြီးလာရင် ကလေးပြန်ဖြစ်သွားသ ဒါက သူငယ်ပြန်ကြတဲ့ အရွယ်တွေကိုပြောတာ မဟုတ်ဘူး-

သူမသူငယ်ပြန်တဲ့ အသက်အရွယ်တော့မရောက်သေးဘူး သည်။ ဘယ်တုန်းကမှလည်း ကိုယ့်ဘဝကိုယ်နောက်ပြန်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ိုးတာ မရှိခဲ့ဘဲ.. ၊

"အဟွန်း..ပြောတော့မယ်အမေကလည်း တကယ့်ကလေးဆိုးကြီးအ ိုင်းပဲ.."

ခံပြော ခံအော်နဲ့သမီးဖြစ်သူက ခုကျမှချစ်စနိုးအပြုံးတွေနဲ့ ခွင့်လွှတ် ်းတွေ အလှူကြီးပေးနေသည်။ ကိုယ်ပြောသမျှ ကိုယ့်ခံစားချက်တွေက ရာမဝင်သော ကလေးသူငယ်စကားတွေလို သဘောထားလိုက်တာမျိုး ား.. ၊

ကိုယ့်ကိုယ်ကိုတော့ ဒီသမီးအတွက် ငါကသူရဲကောင်းလို့ထင်ခဲ့မိ ပါ။ ဘယ်သူမှမလုပ်ရဲသော ဘယ်သူမှလည်းလုပ်မှာမဟုတ်သော မိုက် ရဲ အလုပ်တွေကို သူမမိုက်မိုက်မဲမဲ ဆုံးဖြတ်ပြီးတကယ်လုပ်ပစ်ခဲ့သည်။

ဒါတွေက သမီးအတွက်တတ်နိုင်သမျှ ပေးဆပ်ခြင်းတွေလို့ပဲ တွက် ် ကျေနပ်နေခဲ့သည်။ အားလုံးက စိတ်ပျက်ဖွယ်ရယ်စရာဟာသတွေ ား.. ၊

သမီးရဲ့အပြုံးတွေဟာ ဒေါသတွေနဲ့ပစ်ပေါက်တာထက် ခံရခက်နေ ။ ကိုယ့်ကိုယ်ကိုတော့ ခပ်မိန့်မိန့်ကြီးထိုင်နေသည်ထင်ရပေမယ့် ဖြည်းဖြည်းသေးသိမ် ကျုံ့လို့သွားသလို ခံစားနေရကာ.. ၊

"ငါပြန်မယ်.."

"ဩော်..ကဲ ပြောချင်တဲ့လိုရင်းကိုတောင် မရောက်သေးဘူး..အမေ ာလည်း သမီးကအမေ့ဆီ လာမလို့ပါ.."

"ဘာလုပ်ဖို့လဲ.."

"အမေ့ကို သမီးဝယ်ပေးမယ့်တိုက်ခန်းအတွက်.."

"ငါ့ယူပါ့မယ်ပြောမိလို့လား.."

ဒေါ်ဟေမာန်ကပြောပြီး ချက်ချင်းထရပ်သည်။ သိမ်ငယ်နေသည့် ်က အရှိန်အဝါတစ်ခုခု အကြောင်းကိုနှားထောင်ဖို့တောင် အင်အားမဲ့ ခဲ့ရလျက်.. ၊

"ငါ့မာနတွေကြောင့် အကျိုးယုတ်မယ်လို့ ညည်းပြောတာဒါကြောင့် ား..ငါမလိုချင်လို့ ဒီလောက်ထိလူမိုက်လုပ်ပြီး ခေါင်းခါနေခဲ့တာပဲအပြော ်၊ အခုထပ်ပြီး မှတ်သွားလိုက်ဦး..ညည်းအမေက ဦးဈောက်သေး ားနဲ့ မာနတွေကြီးနေတဲ့ မိန်းမပဲ.."

"ဟာ အမေကလည်း ဒေါသကြီးသလောက် စကားကလည်းတတ် အဲ့ဒါဘာဖြစ်သွားမှာ မို့လို့လဲ၊ သမီးစုထားတဲ့ပိုက်ဆံနဲ့ပဲ ဝယ်မှာပါ..မာ လုံးဝမပါဘူးအမေ၊ မာမီ့အနေနဲ့ဝယ်ပေးတယ်ဆိုရင် တိုက်ခန်းလေး ာက် ဖြစ်ပါ့မလား.."

"နေပေ့စေ ငါမယူဘူး..ညည်းလစဉ်ပို့ပေးနေတဲ့ ငွေနဲ့တင်ငါ့အ ်စရိတ်အားလုံး ဖူလုံနေပြီ၊ ငါတာဝန်မကျေပေမယ့် ညည်းကစိတ်တွရား ုပါတယ်..ငါနာမည်ပျက်ပေမယ့် ညည်းကို သမီးလိမ္မာဖြစ်စေချင်တာ၊ ကြောင့် အဲ့ဒီငွေကို ငါလက်ခံခဲ့တယ်..တော်ပြီပေါ့.."

www.burmeseclassic.com

www.burmeseclassic.com


"အမေ့.."

အပြာ ဘယ်လိုတားဆီးပေမယ့် ဒေါ်ဟေမာန်ဇွတ် ပြန်လာခဲ့သည် သိချင်တာက သမီးနဲ့ခြံဘယ်လိုတွေ ဖြစ်ကြသလဲ..အိမ်ထောင်ရေးအခြေ အနေ ဘယ်လိုလဲ ဆိုတာပါ.. ၊

သူတို့အဆင်ပြေနေရင် ပြီးတာပါပဲ။ အပြင်ရောက်လာတော့ ဝတ်ရာ တစ်ခုသတိရပြီး စတိုးဆိုင်လေးတစ်ဆိုင်ထဲ ဝင်ခဲ့စဉ် အပြင်ထုတ်ထား သည့် ရှိုးကေ့စ်မှန်ပေါ်မှာ ကိုယ့်ပုံရိပ်ကိုမြင်လိုက်ရသည်။ ပိတောက် ခြောက်ရောင် စကပ်ရှပ်ကျပ်ကျပ်နှင့် အဝါနနဲ့ပိတောက်ရောင်ပါသော ချည် သားကိုယ်ကျပ် အကျီခါးရှည်.. ၊

ပြီးတော့ ခေါင်းစည်းကွင်းအဝါလေးနဲ့ အဖျားကောက်နေသည့် ဆံပင်တွေကို နောက်မှာအမြင့်တင်စည်းထားသေးသည်။ ခါးသေးရင်ချီ နေသော ကိုယ်လုံးနဲ့ ခပ်သွယ်သွယ်ဖြူဝင်းသည့် မျက်နှာကထင်းနေ၏

ငါလုပါလားလို့လည်း မမြင်မိတော့ဘဲ မှန်ထဲမှာကိုယ့်ပုံကို မြင် လိုက်ရသည့်ခဏမှာ ဦးစက္ကရဲ့တဏှာရာဂလွှမ်းနေသော မျက်နှာကြီးထင် လျက်ပေါ်လာသည်။ ပြီးတော့ ဒေါ်မင်းမာလာရဲ့ နဖူးပြောင်အောင်သိမ်း လုန်ပြီး နောက်မှာ လုလုပပလေးထုံးဖွဲ့ထားတတ်သော ဆံပင်ပုံစံ.. ၊

ဘာလဲ..ဘာကြောင့် နှိုင်းယှဉ်ကြည့်နေတာလဲနင်းဟေမာန်..

သူ့လိုမိန်းမနဲ့ နင်နှိုင်းယှဉ်စရာ ဘာရှိလို့လဲ.. ၊

အဲ့ဒီလိုတော်တဲ့မိန်းမက နင့်သမီးရဲ့ယောက္ခမပဲ။ နင့်သမီးကို လက် ခံ ကြည်ဖြူပေးခဲ့တဲ့ ယောက္ခမ..၊

အဲ့ဒီတော့ နင်ကျေနပ်လိုက်တော့.. ၊

မျက်လုံးအိမ်ထဲမှာ စိုစွတ်လာသည်။ လည်ချောင်းတွေကျပ်ခဲခဲကြီး ဖြစ်လျက် နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်း။ ထိုစဉ် ဖုန်းဝင်လာတော့ စိတ် တိုသွားမိရင်း.. ၊

"ကဲ..ပြော.."

"............."

"အို..မလိုတော့ပါဘူးဆိုမှ၊ ဘယ့်နှယ်မရောင်းပါဘူးဆို ချိန်ပါချိန်ပါ နဲ့.."

"...... ........."

"ထပ်လည်းပေးစရာမရှိတော့ဘူး..ဘာမှလုပ်ဖို့လည်း မလိုဘူး ငါ့ကို မိလွှဲနှာသူဌေးမှတ်နေလို့လား..ဒါပဲ.."

ဖုန်းကိုအသံပါပိတ်ပစ်လိုက်ပြီး အိတ်ထဲထည့်လိုက်သည်။ ကိုင်ချင် ဦး အဲ့ဒီဖုန်း... ၊

အေးဆေးတွေးလို့မရ..အေးဆေးငိုချင်တာမငိုရ.. ၊

ခုန ငါငိုချင်နေတာ ဘယ်ရောက်သွားပြီလဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၂)

"စားမကောင်းလို့လားမာမီ.."

ထမင်းပွဲမှာ ဟင်းသိပ်မများပေမယ့် ပုဇွန်ထုပ်နဲ့မရမ်းသီးခွဲခြမ်းချဉ်လေး ကြော်ထားတာရယ်၊ ပဲနီလေးနဲ့ဆိတ်ရိုးကိုဟင်းချိုမွှေးနေအောင် ထားတာရယ်က အဆင်ပြေသည်။

ကြက်သားကို အနီရောင်လေးရင့်နေအောင်လှော်ထားပြီးမှ ဟင်းနှစ်နဲ့ ပြန်နှပ်ထား၏။ ဆိတ်သားခြောက်ကို သေချာမွထွင်ပြီး ငရုတ်သီးနဲ့ ကြော်ထားတာလေးက ရဲနေ၏။

ဟင်းချိုအကျဲအတွက် ကြက်ရိုးပြုတ်ထားသည့် ဟင်းရည်ကိုမှန်လာ ကွင်းလိုက်ထည့်ပြီး ကြက်သွန်မြိတ်လေး ခပ်ထားတာလည်း သောက် ဖွယ်လေးပဲဖြစ်သည်။

ပြီးတော့ မြင်းခွာရွက်ကို ခရမ်းချဉ်သီးနဲ့မြေပဲတွေ နှမ်းတွေသုံးပြီး ထားသေးသည်။ ဒေါ်မင်းမာလာ တစ်မျိုးစားကြည့်လိုက် ငြိမ်နေ မို့ အပြာ စိုးရိမ်စိတ်လေးနှင့် မရဲတရဲမေးမိကာ..၊

"သမီးက မီးဖိုချောင်သိပ်မဝင်ရတော့ အားလုံးရဲ့အကြိုက်ကိုသိပ်မ သို့ပါ..ဟို မာမီနဲ့မတည့်တဲ့အစားတွေ မကြိုက်တာတွေကို သမီးကိုပြော ားနော်.."

"မင်းကအမြဲတမ်း ဝင်ချက်တော့မလို့လား.."

အပြာ ဘယ်လိုဖြေရမှန်းမသိခင် ခြကရယ်ကာ..၊

"အားတဲ့အခါဝင်ချက်မှာပေါ့ မာမီရ..အပွန်း၊ ဟင်းတွေကအများ ပဲ..အမြဲတမ်းသာဆိုရင်.."

"အပြာချက်နိုင်ပါတယ်..အလုပ်လုပ်ရမှာရော ဆိုင်အလုပ်တွေရော ယ့်အလုပ်တွေချည်းပဲကို၊ ချက်ပြုတ်ဖို့အချိန်လေး ဖဲ့ရမှာ ဘာလို့မလုပ် မှာလဲ.."

"ဘာဖြစ်လို့ဟင်းချက်ဖို့ စိတ်ပြောင်းသွားတာလဲ.."

ဒီဟင်းကောင်းသည် မကောင်းသည်မပြောဘဲ ဒေါ်မင်းမာလာထံမှ ခွန်းတွေပဲ ထွက်လာသဖြင့် အပြာဘေးကျပ်နပ်ကျပ်ဖြစ်နေရလျက်..

"စိတ်ပြောင်းတာတော့ မဟုတ်ပါဘူး..ဟင်းချက်တာကို အပြာဝါသ သည်း ပါပါတယ်၊ ဒီမှာကလူသုံးယောက်ပဲ ရှိတာလေ.."

ဒေါ်မင်းမာလာ ထမင်းစားရင်းနားထောင်နေကာ ခေါင်းညိတ်ဖော် ည်းရ၏။ ထို့ကြောင့် မလိုလားလို့မေးတာတော့ မဖြစ်နိုင်မှန်းတွေးမိကာ ပြာ ပေါ့ပေါ့ပါးပါးပြန်ဖြစ်သွားခဲ့ပြီး..၊

www.burmeseclassic.com

www.burmeseclassic.com



"မာမီလည်း စီးပွားရေးပေါ်မှာပဲ အာရုံစိုက်နေရပေမယ့် မိသား… လက်ဆုံစားချင်မှာပဲ..မောင်ရယ်မာမီရယ်ကို နေ့စဉ်ဒီလိုလေး မျက်နှာ… ဆိုင်စားစေချင်တာ.."

"မင်းကရော.."

"သမီးကတော့ ဒီမှာသွေးစိမ်းပါတယ်..မောင်ကလည်း သမီးခ… ဆိုတော့ လင်နဲ့မယားအတူရှိချိန်က မာမီနဲ့ရှိနေချိန်ထက်တော့ ပို… လေ.."

ဒေါ်မင်းမာလာမျက်နှာ ပြုံးယောင်သမ်းသွားသည်။

"မာမီပိုပြီး အထီးကျန်ဆန်သွားမှာစိုးလို့ပါ..မောင်လက်ထပ်… တဲ့အတွက် မာမီအဲ့လိုဖြစ်သွားတာမျိုး သမီးကမခံစားစေချင်တာ.."

ပြောနေရင်း အမေ့ကိုသတိရမိကာ.. ၊

"အမေဆိုရင် သမီးကိုသတိရရင် လာတွေ့လို့ရတာပဲတဲ့..သမီး… နဲ့ အတူတူနေချင်တယ်၊ သူငယ်ချင်းတွေနဲ့ သမီးသာယာပျော်ရွှင်နေ… တွေဆို ပိုသတိရတယ်..အမေ့မှာတော့ အဖော်မရှိရှာဘူးဆိုပြီး ဒါပေမ… မေကတော့ 'ငါ့အကျင့်ဖြစ်နေပြီ'တဲ့.."

"သူ့ရင်ထဲမှာတော့ ဒီတိုင်းရှိချင်မှရှိမှာပေါ့.."

ကြက်သားရင်ပုံတစ်တုံး ဆယ်ချပြီးမောင့်အတွက် အသားလေး… မွထုတ်ပေးနေရင်း လှုပ်ရှားနေသည့်လက်တွေက ရပ်တည့်သွားသ… ဒေါ်မင်းမာလာကလည်း အပြာနဲ့မျက်လုံးချင်းဆုံအောင် စောင့်ကာ..

"သူ့ရင်ထဲမှာ ဘယ်လိုရှိမလဲတော့မသိပေမယ့် သားသမီးနဲ့ဝေး… နေရလို့ မခံစားရဘူးဆိုတဲ့ မိဘမရှိပါဘူး..သူ့အတွက်တိုက်ခန်းဝယ်မ… တာရော အဆင်ပြေသွားပြီလား.."

အပြာ ငိုင်သွားပြန်သည်။ ခြံကလည်း ထမင်းစားရင်း နားစွင့်နေ… အပြာ့ကို ဆိုင်ထဲက ပိုက်ဆံထည့်သုံးလိုက်ပါလို့ သူပြောခဲ့သည်။ သူ့… ဘဏ် အကောင့်ထဲက ပိုက်ဆံထည့်ပေးမယ်လို့လည်း ပြောခဲ့ဖူးသည်…

ဒါပေမယ့် သူမကလက်မခံခဲ့ပေ။ အလုပ်အပ်မည့်သူရှာ… ဆက်သွယ်ဖို့ကြိုးစားသည်။ ကုမ္ပဏီကြီးတွေနဲ့ ချိတ်သည်။ အလုပ်တ… တော့လည်း နောက်တစ်ခု.. ၊

ငွေကြိုယူပြီး ပိုက်ဆံတွေစုသည်။ ပြီးတော့ ဆိုင်မှာလည်းသူမ… ဘဲမနေ။ ထိုင်နေတော့ ကွန်ပျူတာနဲ့မျက်နှာမခွာနိုင်။ ငွေကိုအဲ့လောက်… ဆောင်းရင်းနှီးနေခဲ့ရတာတွေကို သူ့မှာတားမရဆီးမရ ကြည့်နေခဲ့ရသ… ထို့ကြောင့် ဒီကိစ္စကိုတော့ စိတ်ဝင်စားနေမိသည်။ သို့သော်…

"အဆင်မပြေဘူးမာမီ..အမေက လက်မခံဘူးပဲပြောနေတ…"

ဒေါ်မင်းမာလာ မျက်မှောင်ကုတ်သွားသည်။ ခြံလည်း ခုံ…

"အန်တီက ဒါတော့နည်းနည်းများသွားပြီ.."

"သူ့ခံစားချက်နဲ့ သူရှိမှာပေါ့လေ..မာမီနဲ့ပတ်သက်တယ်ထင်… မလိုချင်တာလည်း ဖြစ်နိုင်တာပဲ.."

www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့တော့ ရှိပေမယ့် ဒေါ်မင်းမာလာကဆက်မပြောတော့ဘဲ င်းစားခြင်းကိုပဲ အာရုံစိုက်၍.. ။

"ဟင်းတွေက အစပ်အဟပ်တည့်ပြီး စားလို့ကောင်းတယ်..မိသားစု ာက်ဆုံ စားစေချင်တယ်ဆိုတဲ့ သမီးရဲ့စေတနာကိုလည်း ကျေးဇူးတင်ပါ ယ်.."

သမီးလို့ပြောင်းလဲသွားသည့် အသုံးအနှုန်းကြောင့် အပြာကြည်နူး ာ းမိသည်။ အမေ့ဆီစိတ်ရောက်ပြီး ထိုင်းမှိုင်းသွားခဲ့သည့်စိတ်က ျှပ်နှန်ဆီ ပြန်ရောက်လာပြီး ပေါ့ပါးသွားခဲ့ရလျက်.. ။

"အမေကြိုက်တာ ပါရဲ့လားဟင်.."

"ကြိုက်ပါတယ်..အရိုးသားဆုံးဝန်ခံရရင် မာမီကိုယ်တိုင်က ဟင်း ျက်ကောင်းတဲ့သူ မဟုတ်ဘူး၊ အားမနာတမ်းပြောရရင်တော့ သမီးကို ည်း ဒီလိုမျိုး တတ်သိကျွမ်းကျင်နေမယ်လို့ မထင်ထားခဲ့ဘူး..မအေ ည်း အချိန်ပြည့်မနေခဲ့ရဘူး၊ နေခဲ့ရတယ်ပဲထားဦး သူကိုယ်တိုင်မချက် တ်တတ်ဘဲ သမီးကို ဘယ်လိုသင်ပေးမှာလဲ..နောက်တစ်ခုက ပညာ ည်း တော်တယ်ဆိုတော့ တစ်ဖက်ဖက်မှာ ထူးချွန်နေတဲ့လူတွေက တစ် က်မှာချို့ယွင်းချက်ရှိနေတတ်တယ်လေ.."

အပြာက ထမင်းစားရင်းရယ်ကာ.. ။

"ဟုတ်ပါတယ်..ဒါပေမယ့် နယ်ကနေကျောင်းလာတက်တဲ့သူငယ် င်းတွေက အဆောင်မှာကိုယ့်ဘာသာချက်စားကြတာလေ၊ သူငယ်ချင်း ွေ အတူတူချက်ပြုတ်ကြတယ်..တမင်လိုက်စားနေချိန်မရပေမယ့် သမီး လည်း ဝါသနာပါတာကိုး.."

"ကောင်းတယ်.."

ခေါင်းညိတ်လိုက်ရင်း မျက်နှာပြင်မှာနူးညံ့သည့် အပြုံးတွေစိုတွဲနေ က်.. ။

"အိမ်မှုကိစ္စနိုင်နင်းတာရော ဝါသနာပါတယ်ဆိုတာ သိရတဲ့အတွက် ာ ကျေးဇူးတင်တယ်..ဒါပေမယ့် ဒီဟင်းပွဲတွေကိုကြည့်ပြီး မာမီတွေးမိ ားတာက အိမ်ရှင်မတစ်ယောက်ရဲ့ တာဝန်ဟာချက်ပြုတ်သိမ်းဆည်းဖို့ ည်းပဲ မဟုတ်ဘူး..ယောကျ်ား ဘာလုပ်လုပ် သူကစီးပွားရှာ..ငါက အိမ် ောင်မှုထိန်းမယ်ဆိုတာမျိုး ခွဲခြားသတ်မှတ်ထားလို့လည်း မရဘူး.."

စကားပြောနေရင်း သားအတွက်ဟင်းတွေရွေးဖယ်ထည့်ပေးနေ ည့် အပြာ့ဂရုစိုက်မှုတွေကိုလည်း မြင်နေခဲ့လျက်.. ။

"ယောကျ်ားရှာဖွေနေတဲ့ အလုပ်ကိုလည်း မျက်ခြည်မပျက်ရဘူး.. ယ်တိုင် ရှာဖွေနေတာဆိုရင်လည်း ငါထွက်ရှာနေတာဆိုတဲ့ မာနနဲ့အိမ် စ္စကို ပစ်ထားလို့မရဘူး..မာမီပြောချင်တာက သမီးနဲ့သားကို တစ် ာက်ကိုတစ်ယောက်နားလည်မှုတွေနဲ့ တက်ညီလက်ညီ လက်တွဲသွား ဲ အားလုံးပဲ အကောင်းဆုံးမဖြစ်နိုင်ဘူးဆိုရင်တောင် အားလုံးကောင်း ောင် လုပ်နေကြတာမျိုး ဖြစ်စေချင်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ..သမီးဘက်က ကြိုးစားသွားမှာပါ.."

သူ့ဆီအကြည့်ရောက်လာတော့ ခြံကထမင်းကပျာကယာ ရှိ လိုက်ပြီး.. ।

"me too.."

ဒေါ်မင်းမာလာက ပြုံးကာ.. ।

"အိုခေ..ဒါဆိုမာမီပြောချင်နေတဲ့ စကားတစ်ခုကို ပြောလို့ရပြီ က သားတို့နှစ်ယောက်.."

ပြောနေရင်း နှစ်ယောက်စလုံးကို ကြည့်သေးသည်။ ပြီးမှ-

"ကလေးယူကြဖို့ မာမီကပြောချင်တာ.."

ဟင်.. ।

"မာမီကလည်း.."

အပြာက မျက်နှာလေးငုံ့သွားကာ ခြံက မချိုမချဉ်ပြုံးလျက်-

"စုမှ လပိုင်းလေးပဲရှိသေးတာ.."

"ရက်ပိုင်းလေးတည်းက မာမီက မျှော်လင့်နေခဲ့တာ..ဒါ သားတို့က စောသေးတယ်ထင်ရင်လည်း.."

"မစောဘူး..မစောဘူး၊ သားလည်း လိုချင်တယ်..ဘယ်လိုလဲ အဆင်ပြေတယ်မို့လား.."

"မောင်ကလည်း.."

အပြာက ရယ်နေလျက် အားလုံးနဲ့စီးမျောနေခဲ့သော အပျော် ကြောင့် သူမရင်ထဲမှာ ကြည်နူးနေခဲ့၏။

မိသားစုထမင်းဝိုင်းလေးကနေရခဲ့သော ပျော်ရွှင်ချမ်းမြေ့မှု အမြဲတမ်း အတူနေလာခဲ့သော မိသားစုတွေလို နွေးထွေးကျွမ်းဝင်ခဲ့ကြ

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၃)

"သားပြန်မလာသေးဘူးလားအပြာ.."

"မလာသေးဘူးမာမီ..မာမီခိုင်းတဲ့ အလုပ်ကိစ္စအပြင် တခြားကိစ္စပါ လုပ်နေတာဖြစ်မယ်.."

"ဟုတ်မှာပေါ့..သွားခါနီး သူငယ်ချင်းနဲ့ဖုန်းပြောနေတာ ကြားတယ်၊ သမီး ထမင်းစားပြီးပြီလား.."

"ရတယ်မာမီ..မောင်ပြန်လာမှပဲ အတူစားတော့မယ်၊ မာမီဘုရားခန်း ဝင်မှာမို့လား..သောက်တော်ရေကပ်ဖို့ သမီးအားလုံး ပြင်ထားခဲ့တယ်.."

"အေး..အေး အဝင်းရေ.."

ဒေါ်မင်းမာလာက အဝင်းကိုခေါ်ပြီး ညစဉ်မှာနေကျစကားတွေပဲ မှာနေကာ ဒီတစ်ခါသားပြန်မလာသေးခင် အပြာနဲ့အတူ အပြင်မှာနေဖို့ လည်းပါ၏။ ထိုညက ခြံပြန်ရောက်လာတာ ညရှစ်နာရီခွဲ.. ၊

"ဘယ်တွေသွားနေတာလဲမောင်ရယ်..တကယ်ပဲ၊ ဒီလမ်းဆို ဒီလမ်း ပဲ မသွားဘူး.."

"ဒီလမ်းပဲသွားရင် မောင့်မိန်းမအတွက် ဘာမှမပါဘဲနေမှာပေါ့..ဒီမှာ ဘာလဲကြည့်.."

ကိုင်ထားသည့် အထုပ်လေးကိုပြတော့ ပန်းနံ့ကမွှေးပျံ့ထွက်လာ၏။

"ဖွန်ပန်းလေးတွေပါလား..လှလိုက်တာမောင်ရယ်၊ မွှေးနေတာပဲ.."

"ဟုတ်တယ်..ခင်ဗျားလေးအတွက် လတ်လတ်ဆတ်ဆတ်ခူးပြီး တစ်ခါတည်း သီပေးမယ့်သူဆီ လိုက်ဝယ်နေရတာ.."

"ဟုတ်လား.. စိုက်ပျိုးတဲ့နေရာထိလား.."

မိန်းမက ပန်းကိုမြင်လို့ဝမ်းသာအားရ ဖြစ်သွားမှအမောပြေသွား သည်။ အပြာ့နဖူးလေးကို တစ်ချက်နမ်းပြီးမှ အထဲဝင်လာကာ.. ၊

"မာမီဘုရားရှိခိုးနေပြီလား.."

"ဟုတ်တယ်..ပန်းတစ်ကုံးဘုရားသွားလှူလိုက်ဦးမယ်.."

"မှားပြီ.."

"ဟင်..မောင်ဘာပြောလိုက်တာလဲ.."

ရှုံ့မဲ့နေသည့် မျက်နှာကချက်ခြင်းပြေကျသွားကာ ခေါင်းလည်း ခါ၍..၊

"ဘာမှမပြောပါဘူး..မြန်မြန်သွားကပ်လိုက်.."

"အဟွန်း.."

www.burmeseclassic.com

www.burmeseclassic.com



အပြာ သဘောပေါက်သွားကာ ခြံမေးများကို နမ်းလိုက်ပြီး လျက်.. ၊

"ချက်ချင်းပြန်ဆင်းခဲ့မယ်.."

ခြံမျက်နှာကြီး ချက်ချင်းပြုံးဖြီးသွား၏။

"အိုခေ..ဒီလောက်သိတတ်ရင် အဆင်ပြေပြီ.."

ထမင်းစားတဲ့နေရာထိ မောင်ထမင်းစားဖို့ သေချာပြင်ဆင်ပေးပြီး အပြာက စားဖို့ပြင်သည်။ ဒါတောင် ကြက်သားဆိုအသားဖဲ့ပေးမှ ငါး အရိုးထွင်ပေးမှ ဆိုသည့်မောင့်အတွက် အပြာပဲအနားမှာ ထိုင်၍ဂရုတစိုက် လုပ်ကိုင်ပေးရကာ.. ၊

"ရပြီလားမောင်..ဒီတစ်တုံးထပ်ဖဲ့လိုက်မယ်လေ.."

"ရပြီပေမယ့် ထမသွားနဲ့ကွာ..အတူတူစားမယ်.."

"မောင်ကလည်း.."

"ဘာဖြစ်လဲ..ပန်းကန်တစ်ချပ်တည်း အတူစားလို့မရဘူးလား.."

"မရပါဘူး..မောင့်ကိုလုပ်ပေးနေရတာနဲ့ အပြာဘယ်လိုလုပ်စားလို့ ဝင်မှာလဲလို့.."

"ဒီမှာရပြီလေ..မိန်းမထွင်ပေးထားတဲ့ အသားလေးတွေနဲ့ မောင်ကို လို နမ်းဖြူးပြီး ဒီလိုလေးအသားလေးခပ်ပြီး ဒီလိုလေး..ဟလေကွာ.."

အပြာမျက်နှာလေးမဲ့နေရင်းနဲ့ပဲ နှစ်ယောက်အတူတူစားရခြင်းသို့ ရောက်လေသည်။

"မခွံ့ပါနဲ့..အပြာဘာသာစားပါ့မယ်.."

"မရဘူး..မောင်ခွံ့ကျွေးတာမစားချင်ရင် မောင့်ကိုခွံ့ပေး.."

ကလေးလိုဆိုးနေတာ ရယ်လည်းရယ်ရသည်။ စိတ်လည်းညစ်ရ၏။ ထိုစဉ် ဖုန်းလာတာက မောင့်ဖုန်း.. ၊

"ဒီမှာလူလေး.."

အဝင်းက ဖုန်းယူလာပေးတော့ ယူကြည့်ပြီးခြံမျက်နှာပျက်သွားသည်။

"ဘယ်သူလဲဟင်.."

"ဟန်နီ.."

"ဟန်နီ.."

အပြာကသံယောင်လိုက်ရွတ်ရင်း မျက်မှောင်ကုတ်သွားတော့ ခြံက ခေါင်းခါ၍.. ၊

"ဘာဇယားမှမရှိတော့ဘူး..ကိုင်ဖို့လည်း မလိုဘူး၊ ညစ်မနေနဲ့.."

ပွတ်သားစွာ ဖုန်းပိတ်ပစ်လိုက်ကာ.. ၊

"မောင်မဝသေးဘူး..ထမင်းထပ်ထည့်ကွာ.."

အပြာ ထမင်းထည့်လိုက်ပြီးလျှင် ဖုန်းသံထပ်မြည်လာ၏။ ဒီတစ်ခါ အပြာ့ဖုန်းဖြစ်နေကာ ဖုန်းကလည်း အနားမှာမို့ ခြံကကောက်ကြည့်လိုက် ပြီး..၊

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူလဲ..နာမည်မပါဘူး.."
"မသိဘူးလေ.."
"မပြောနဲ့ကွာ..ထမင်းစားနေတုန်း.."
"ပြောပါရစေမောင်ရယ်..အပြာ့အလုပ်တွေက အများကြီး.."
ပြောရင်း ဖုန်းကိုဆွဲယူပြီး.. ။
"ဟလို.."
"အပြာ..ကိုယ်ပါ.."
"ဘာ.."
အပြာ့မျက်နှာသွင်ပြင်အရ ဖုန်းထဲကယောကျ်ားသံကိုလည်း ကြားလိုက်ရကာ ခြံကဖျတ်ခနဲ ဆွဲယူလိုက်၏။
"ကိုယ်အရမ်းသတိရနေလို့ပါ..အခု ဘာတွေလုပ်နေလဲ၊ ကိုယ်မင်းကို အရေးကြီးပြောစရာရှိတယ်..ခဏထွက်ခဲ့ပါလား.."
"တောက်.."
ခြံမျက်နှာ နီရဲတက်လာကာ.. ။
"ဟိတ်ကောင်..မင်းဘာလို့ရှုံ့စရာတွေ ပြောနေတာလဲ၊ ပြောစရာရှိရင် ငါ့ကိုပြော..ငါအခု ထွက်လာပြီ.."
"မောင့်.."
"ဒုတ်.."
ဖုန်းကိုဆောင့်ချလိုက်ကာ ညဝတ်အကျီတဖားဖားနှင့် ထထွက်သွားတော့ အပြာအတင်းလိုက်ဆွဲနေရင်း.. ။
"အဲ့ဒီကောင် ရူးနေတာမောင်..သူနဲ့ဖက်မဖြစ်ပါနဲ့မောင်ရယ်၊ ဘာမဟုတ်ပါဘူး..အပြာနဲ့ ဘာမှလည်းမဆိုင်ပါဘူး.."
"မဆိုင်ဘဲနဲ့ အရေးကြီးစကားတွေပြောဖို့ ရှိနေကြတာလား.."
"မဟုတ်ဘူးမောင်.."
"မဟုတ်ဘဲနဲ့ အခုဟုတ်သလိုလိုပြောနေတာတွေက ဘာတွေလဲ..ထွက်ခဲ့ဖို့ခေါ်တဲ့အထိ ဒီကောင်ကဘာလဲ.."
"အပြာ ဘာမှ.."
"ဘာမှမသိဘဲနဲ့ ထမင်းစားတဲ့နေရာထိ ဖုန်းကိုအနားမှာယူထားခဲ့တာလား..ဘယ်ဖုန်းကို မျှော်တာလဲ.."
"အပြာ့မှာ ဖုန်းမျှော်စရာတွေအများကြီးပဲမောင်..အဲ့ဒီတစ်ယောက်ကို အပြာ့ခေါင်းထဲမှာလည်း မရှိဘူး၊ စိတ်ထဲမှာလည်း မရှိဘူး..မောင်ဘာဖြစ်လို့ ချက်ချင်း သံသယဖြစ်သွားတာလဲ.."
ရှင်းပြနေရင်း လူကိုသံသယမျက်လုံးကြီး တဝင်းဝင်းနဲ့ကြည့်တော့ သည်းမခံချင်။ သို့သော် အဝင်းအနားရောက်လာကာမှ ဒေါင်းမာလာကို သတိရလိုက်ကာ.. ။
"အဲ့ဒီလိုလူတွေက သူများအိမ်ထောင်ရေးပျက်ပြားအောင် လုပ်ချင်တယ်..ပျက်သွားပြီဆို ဝမ်းသာတယ်၊ သူတို့လိုချင်တာ အဲ့ဒါပဲ..မောင့်
www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတွေက အဲ့လိုလူတွေကို အစာကျွေးနေသလိုပဲ..မောင်သိရဲ့
ခပ်ကြိတ်ကြိတ်ပြောရင်း တံခါးသော့တွေကို ဆွဲယူကာ အ
လာခဲ့သည်။

"တောက်.."

ခြံ့ဒေါ်သက အကင်းမသေ.. ၊

ဒါပေမယ့် အပြာ့ကိုဒေါ်သထွက်တာ မဟုတ်ဘဲ ဖုန်းထဲကအသံ
မကျေနပ်နိုင်တာဖြစ်သည်။ ကိုယ့်မိန်းမရဲ့စာရိတ္တကို ယုံကြည်
ဒီစကားတွေကိုလည်း ဥပေက္ခာထားလိုက်ဖို့ ခက်နေသည်။

ဟိုတစ်ခါက နှစ်ယောက်အတူဆိုင်ထိုင်နေကြတာကို မြင်ခဲ့
လည်း ရှိသည်မို့ ဒီကောင်နဲ့ဘယ်လောက်ရင်းနှီးခဲ့လို့ ဒီထိအတင့်ရဲ
သည်ကို နားလည်ပေးလို့မရ... ၊

"ဒေါ်ဝင်း..ကျွန်တော့်အခန်းထဲမှာ သော့တစ်တွဲရှိသေးတယ်
ယူပေး.."

"ဘာဖြစ်လို့လဲလူလေးရယ်..အပြာပြောသွားတာ ဟုတ်နေတာပဲ
များကြီးစည်တဲ့ အကွက်ထဲမှာ ခြေလှမ်းမမှားပါစေနဲ့ကွယ်.."

"မဟုတ်ဘူး..သူဒီရောက်လာမှာပဲ၊ နောက်ထပ်ဒေါ်သထွက်
တွေပြောဖို့ ဖုန်းထပ်ဆက်နိုင်တယ်..အဲ့ဒါကိုသား ထွက်ရှင်းမှဖြစ်မယ်

"မရှင်းနဲ့သား..ရှင်းမှပိုရှုပ်သွားတာတွေ အများကြီးပဲ၊ တော်ကြ
ကြီးဆင်းလာရင် ပိုဆိုးဦးမယ်..အပြာ့ကိုလည်း တစ်မျိုးထင်သွားနိုင်တ
လေ၊ ကိုယ်ကမှ ကိုယ့်သားမယားကို မကာကွယ်ရင် သူဘယ်လိုနေ
မှာလဲ.."

ထိုညမှာ ဖြစ်ရသည့်ခြံ့ရဲ့သဝန်တိုဒေါ်သကြောင့် မနက်ဖြန်အတွ
စိတ်ပူနေရသူက အပြာပဲဖြစ်သည်။ ပြီးတော့ သူမလည်း ဒေါ်သတွေတ
ဖြစ်လာခဲ့မိသည်။

ဘာဖြစ်လို့ သွေးနီဆိုတဲ့သတ္တဝါ ဒီလောက်ယုတ်မာရတာလဲ.. ၊

ကိုယ့်ကိုမှမရရင် ရှုံးလောက်အောင်စွဲလမ်းခဲ့တာမျိုးလည်း မရှိခဲ့
ဟိုတုန်းတည်းက ဘာမှမဟုတ်ခဲ့ဘဲ အမေကိုယ်တိုင်ပါးရိုက်မယ် နားရို
မယ် ကြိမ်းမောင်းခဲ့သေးသည်။ ထို့ပြင် တိုင်မယ်တောမယ်ဖြစ်ရတဲ့အ
နောက်ယုက်တာလည်း နှောက်ယှက်ရှုပ်ပွေတာကို ဝါသနာကြီးခြင်းသာ
ဖြစ်လေသည်။

ပြီးတော့ သွေးနီရဲ့မိဘမျိုးရိုးကိုက စရိုက်လက္ခဏာမကောင်
ကြသည့် ရာဇဝင်တွေနဲ့လို့ လူပြောများခဲ့တာဖြစ်သည်။ သူ့ကျတော့လည
စိတ်ဓာတ်က သုံးစားမရ.. ၊

သူမဘာဖြစ်လို့ ဒီလိုလူနဲ့မှ ပတ်သက်မိရတာလဲ.. ၊

မောင့်လို သဝန်တိုတတ်သည့်ယောကျ်ားကိုမှ ဒီလိုနည်းတွေနဲ့ လ
ရန်စနေသည်။ ဘာမှအကြီးအကျယ်မဖြစ်ကြပေမယ့် ထိုညတစ်ညလုံး
မောင်အခန်းထဲ ဝင်မလာခဲ့ပေ.. ၊

www.burmeseclassic.com

www.burmeseclassic.com



မိုးစင်စင်လင်းမှ ဆိုဖာပေါ်ကနေထလာပြီး မီးဖိုခန်းထဲ ဝင်လာ ..၊

"တစ်ယောက်တည်းထွက်မသွားနဲ့..မောင်လိုက်ပို့မယ်.."လို့ ပြော ရသည်။ မျက်နှာကတော့ ရှုပွပွ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



"အခန်း(၄၄)

"ဟလို.."

အလုပ်လုပ်နေတုန်းမို့ ဒီတိုင်းထုတ်ကိုင်လိုက်တာနှင့် မောင့်အသံ ကြားလိုက်ရ၏။

"ဘာလဲကွာ..မောင့်ဖုန်းကိုမျှော်နေတာ မဟုတ်ဘူးလား.."

"မောင်.."

"ဟုတ်တယ်..မင်းယောကျ်ား၊ အခု ဘာလုပ်နေတာလဲ.."

"ဆိုင်မှာလေမောင်..မောင်ပြန်ရောက်နေတာလားဟင်.."

"မရောက်သေးဘူး..မောင်ဝင်ခေါ်မယ်လေ.."

"မောင် ခရီးပန်းလာတာပဲ အိမ်ကိုတန်းပြန်ပါ..အပြာလည်း စော ပြန်ခဲ့မယ်၊ မောင့်အလုပ်ကိစ္စ အဆင်ပြေလားဟင်.."

"ပြေပါတယ်..မောင်ပဲဟာ.."

ပြောပြီး ရယ်နေသေးသည်။ ပြီးမှ.. ၊

"မောင့်မျက်နှာကြည့်ဖို့ ပြေးလာမယ်မရှိဘူး..အလုပ်ကိစ္စအရင် တယ်ဟုတ်လား.."

ဖုန်းကိုင်ရင်း အပြာခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ ပြီးမှ–

"မောင်ကလေ..ကလေးဆိုးကြီးကျနေတာပဲ၊ အလုပ်ကိစ္စအဆင် မှ မာမီ နောက်ထပ်မောင့်ကိုယုံယုံကြည်ကြည်ခိုင်းရဲမှာပေါ့..မောင့်ကို ရဲသေးရင် မာမီပဲပင်ပန်းရမှာလေ.."

"ဩော်..ဩော်.."

"မာမီတစ်ယောက်တည်း ရုန်းကန်လာခဲ့ရတာ ကြာပြီလေ..မောင် ရက်နဲ့ ဒီအချိန်ထိမနားရသေးဘူးဆိုရင် သားတစ်ယောက်တာဝန်မကျေ နေမှာပေါ့.."

"ကျွတ်.."

"အပြာက အမေ့ကိုပြုစုစောင့်ရှောက်ချင်တာ..အပြာ့အမေက အနား ကပ်မခံလို့သိလား၊ မောင်က ပြုစုစောင့်ရှောက်ခွင့်ရနေတာကို.."

"ဟုတ်ပါပြီကွာ..ကဲ မောင်ကသမက် မင်းကမာမီ့သမီး..အိုခေ.."

မောင်စိတ်တိုသွားတာကို ရယ်နေမိသည်။ ပြီးတော့ မက်ခွေအား ကြောင်းဝင်လာသည်။ 'မောင်လာကြိုမယ်..စောင့်နေ.. တဲ့..၊ အပြာက လာ ကြိုနဲ့တော့ ပြန်လာတော့မှာ..'လို့ ပြန်ပို့လိုက်၏။ ပြီးမှ နေရာမှထကာ

"ကေသီရေ..ဒီနေ့နင်ပဲ ဆိုင်ပိတ်ပေးတော့နော်၊ အားလုံးဆိုင်ပိတ်မှ ပြန်ခိုင်းလိုက်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မမ..စိတ်ချလက်ချပြန် ရတယ်.."

အားလုံးသည် အေးချမ်းသာယာနေခဲ့လျက် သိပ်မကြာခင် ပတ်ဝန်းချင်မှာ ရုတ်ရုတ်သဲသဲထဖြစ်လေသည်။

"မမရေ..မမ.."

"အေး..ငါကြားလိုက်တယ်၊ မီးလောင်နေတယ်လို့အော်သွားတာ.."

"ဟုတ်တယ်မမ..နောက်ဖေးတစ်လမ်းကျော်လေးရယ်တဲ့၊ နီးနီးလေးနော်.."

"သေချာနားစွင့်ပါဦး..မီးခိုးလည်းမမြင်ပါဘူး.."

"မြင်တယ်..မြင်တယ်၊ ဟိုမှာမီးခိုးတွေ.."

"ဟဲ့..အဲ့ဒါလမ်းပြင်နေတဲ့ဘက်က ကတ္တရာကျိုနေတဲ့မီးပါ.."

ဟုတ်သည်မဟုတ်သည်မသေချာဘဲ လူတွေရုတ်ရုတ်သဲသဲထဖြစ်နေတာ တော်တော်နဲ့မငြိမ်ပေ။ မီးခိုကလည်း ဘယ်ကမီးခိုးမှန်းမသိ မီးလောင်တယ်ဆိုပြီး မီးသတ်ကားသံလည်း မကြားလိုက်ဘဲ.. ၊

"ရော..မမရေသောက်လိုက်ပါဦး၊ ရင်တုန်သွားလား.."

"တုန်မှာပေါ့..နင်ပဲလျှောက်အော်နေတာ.."

"အံမယ်..လမ်းမှာလူတိုင်းအော်နေတာ ငါအော်တာမဟုတ်ပါဘူး.."

ဆိုင်ထဲက မိန်းကလေးတွေအချင်းချင်း ငြင်းခုန်နေကြကာ အပြော့ကိုလည်း ရေယူပေးကြ နှစ်သိမ့်ကြနှင့် ထိုကိစ္စသည်ညနေစောင်းမှ လုံးဝငြိမ်သက်သွားခဲ့ပြီး.. ၊

"လင်မယားရန်ဖြစ်ပြီး စာချုပ်တွေကိုမီးရှို့တာတဲ့သိလား..တော်သေးတာ၊ ဂတ်စ်အိုးဖွင့်ပြီး ရှို့ထဲလိုက်ရင် ငါတို့တွေခြေထောက်မှာ ဓာတ်တပ်ပြေးတာတောင် လွတ်မှာမဟုတ်ဘူး.."

"အမလေး..ပြောတာနဲ့တင် ကျောချမ်းတယ်ဟယ်၊ တော်ပါတော့.."

အပြောလည်း အားလုံးထိတ်လန့်ကာ ပြန်မည့်ကိစ္စလည်း ပျက်၏။

"ဦးစန်းရေ..ကားသွားပြင်ရမယ်ဆိုတာ ပြင်လိုက်တော့၊ ဆိုင်ပိတ်မှပဲ သမီးပြန်တော့မယ်.."

ပတ်ဝန်းကျင်အခြေအနေ ဘယ်လိုမှန်းမသိသေးဘဲ ပြန်လို့မဖြစ်သေးတာကြောင့် ဒရိုင်ဘာပြောထားသည့်ကိစ္စကို လွှတ်လိုက်ဖို့ ပြောလိုက်ရသည်။

"ကားကရတော့ရပါသေးတယ်..ပြင်ရမယ်ဆိုရင် ကြာမယ်ထင်တယ်.."

"ရတယ်..သွားလိုက်ပါ၊ နောက်နေ့တွေဆို အချိန်သပ်သပ်ထပ်ပေးနေရဦးမယ်..မောင်အိမ်မှာရှိရင် အလုပ်ကိစ္စတွေနဲ့ကားက အားမှာမဟုတ်ဘူး.. ဘယ်အချိန်လောက်ပြီးမလဲ ဖုန်းဆက်လေ.."

မှာပြီး လွှတ်လိုက်သည်။ ကားအချိန်မီ ပြန်မရောက်သော့လည်း တက္ကစီစီးပြန်ရုံ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၅)

ဖုန်းခေါ်တော့လည်း စက်ပိတ်ထားတယ်ချည်းပြောနေသည်၊
လိုက်လာတော့လည်း လမ်းမှာများဆုံမလားလို့ အိမ်ကကားကို လိုက်
ရတာ အမော.. ၊

လမ်းထဲကိုသာရောက်လာသည်။ ပြန်လာတာလည်း မတွေ့-

ဒရိုင်ဘာကို ဖုန်းခေါ်တော့လည်း မကိုင်တော့စိတ်ပူနေမိသည်
သူမအတွက် ဒရိုင်ဘာထားပေးခဲ့တာက လူသစ်ဖြစ်နေသည်။ ဒရိုင်ဘာ
သစ်နဲ့ အပြာနဲ့ အဆင်မပြေလို့များလား.. ၊

တစ်ခုခုဆို ဖုန်းဆက်ရင်ရတာပဲ မဟုတ်ဘူးလား.. ၊

သူအိမ်ပြန်ရောက်တာနဲ့ နာရီတကြည့်ကြည့်နဲ့ စောင့်နေခဲ့သည်
ရေမိုးချိုးပြီးတဲ့အထိ ရောက်မလာသေးတော့ အိပ်ရာထဲဝင်လှဲရင်း မျက်
တွေ ဘယ်လိုပျော်သွားမှန်းတောင် မသိခဲ့.. ၊

ဒါပေမယ့် သိပ်မကြာလိုက်ခင် ပြန်နိုးလာတော့လည်း အပြာ
ရောက်သေးပေ။ ဖုန်းလာသေးလား ယူကြည့်တော့လည်း missed
မတွေ့။ ခုပဲပြန်လာမည်ဆိုပြီး ဖုန်းလည်းခေါ်မရတော့ ကားပေါ်ပြေး
ပြီး မောင်းထွက်လာခဲ့မိ၏။ ကားပေါ်မှာတောက်လျှောက် ဖုန်းတွေခေါ်
ပိတ်ထားတယ်ချည်း ဖြေနေသဖြင့်.. ၊

ဟင်.. အတွေးတွေက မီးသင့်နေတာလား..သူ့မျက်လုံးတွေ
မီးသင့်သွားတာလား.. ၊

ကားမီးရောင်အောက်မှာ အပြာနဲ့ဟိုတစ်ယောက်။ ကားမီးရော
တည့်တည့်မှာ နှစ်ယောက်စလုံး ပူးကပ်နေလျက်.. ၊

"တီ..တီ.."

"တီ.."

သူ့ကားရှေ့မဆက်ဘဲ ရပ်ပစ်လိုက်သဖြင့် နောက်ကားတွေဟွန်း
ကုန်ကြသည်။ ဟွန်းသံတွေကို သူသတိမရပေမယ့် အပြာကလှည့်ကြ
၏။

မောင့်ကားများလား.. ၊

တစ်ကိုယ်လုံးတုန်ခါသွားသလို ခေါင်းကြီးတစ်ခုလုံး တအုံ
ထမြည်လာတာ ပေါက်ကွဲထွက်တော့မယ့်အတိုင်း.. ၊

"ဖယ်..လွှတ်စမ်း.."

"ဟာကွာ..မထနိုင်လို့ ကိုယ်ကထူပေးတာပါ.."

"မလိုဘူးလို့ နင့်ကိုပြောနေတယ်မှတ်လား..င်အဲ့လိုလုပ်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့တမင်တိုက်ချလိုက်တာ.."

"ဖြစ်စရာလားအပြာရယ်..ကားတွေကြားထဲက မင်းထွက်လာတယ်၊ ယ်က ပါကင်ကထွက်.."

ရှင်းပြနေသလိုနှင့် အပြာနဲ့ပခုံးချင်းထပ်သွားအောင်ကပ်၍ ပုံစံတွေ ပြနေကာ ခြေထောက်နာသွားသည့်လူက ကားနဲ့သူ့ကြားမှာ ဖယ်ရှား ကလို့လည်း မရ။ ချောင်ထဲမှာမို့ အကျည်းတန်နေပြီမှန်းလည်း သိနေ ။

"လူယုတ်မာ..ကဲ.."

ပါးရိုက်ချလိုက်ပေမယ့် အခြေအနေကိုသွေးနီးက တွက်ပြီးသားမို့ က်ကို အပေါ်ရောက်အောင် လွှဲမြှောက်ခွင့်မပေးဘဲ ပိုင်ပိုင်နိုင်နိုင်ဆွဲလိမ် တ်၏။ ထိုအခါ အပြာ့ကိုယ်လေး သူ့ရင်ခွင်ထဲရောက်သွားလေသည်။

"မင်းကရိုက်ဖို့လုပ်တာနော်..ကိုယ့်ကိုအခွင့်အရေး ယူတယ်လို့တော့ ပြာနဲ့.."

"ဟိတ်ကောင်.."

မြင်ကွင်းကြောင့် ဒေါသကဘာကိုမှမမြင်တော့ပေ။ အနားဘယ်လို က်သွားမှန်းမသိလိုက်ဘဲ အပြာ့ကိုချုပ်ကိုင်ထားသော လက်ကိုဆောင့် ၍ မျက်နှာကို ထိုးချလိုက်မိသည်။

နှာခေါင်းရိုးတည့်တည့်ကို ဖြောင့်လက်သီးမိသွားသဖြင့် သွေးနီပက် လန်ထွက်သွားပြီး တော်တော်နဲ့ ခေါင်းမထူနိုင်။ ခြေလှမ်းများနဲ့ ယိမ်း င်ပါသွားသည့် ကိုယ်ကြီးကလည်း ကားနှစ်စီးကြားထဲ လဲပြိုသွားလေ ည်။

"မောင်.."

"ရပြီ..အိုခေ.."

အပြာ သူ့ဆီပြေးကပ်လိုက်တာနှင့် နောက်ကိုခြေလှမ်းဆုတ်လိုက် လက်ကာသည်။ အလင်းတစ်ဝက် အမှောင်တစ်ဝက်နှင့်မျက်နှာမှာ က်လုံး တွေကသာ စူးရဲလက်တောက်နေခဲ့လျက်.. ။

"ရှင်းမပြနဲ့အပြာ..မင်းအသံ မင်းအငွေ့အသက်က ခုချိန်မှာငါ့အ က် လေညှာအရပ်က ညှော်နံ့လိုပဲ.."

"ရှင်းမပြလို့ မရဘူးမောင်..အပြာနဲ့သူ.."

"တောက်.."

"ဒုန်း.."

"အား.."

အပြာ အတင်းကပ်လိုက်နေသဖြင့် တွေသည်ရေသံဘူးအခွံတစ်ခုကို ကိုက်ပြီး လွှဲရိုက်ပစ်လိုက်၏။ သို့သော် အပြာ့ကိုမဟုတ်ဘဲ သူမနောက် က် ကားတစ်စီး၏ဘောနက်ကိုဖြစ်ကာ အသံက ကျယ်လောင်စွာမြည် း်သွား၏။

အပြာနားနှစ်ဖက်ကို ဖျတ်ခနဲအုပ်လိုက်ရင်း လန့်အော်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြည့်လိုက်လျှင်ခြံက ကားပေါ်တက်သွားပြီဖြစ်ကာ–

"မောင်.."

မလွှတ်မလပ်လမ်းထဲမှာ ကားကိုဒီတိုင်းပြန်ကွေ့ဖို့ မိုက်ရူးရဲ

ကြိုးစားလိုက်ရာ.. ၊

"ဂျိ..ဒုန်း.."

"ဝုန်း.."

"ဟာ..တိုက်ကုန်ပြီ.."

"လူ..လူ၊ ကားအောက်ရောက်သွားပြီ.."

အပြာ ကြက်သေသေသွားသည့် မျက်စိအောက်မှာတင် ဖြ

သော အရှိန်ပြင်းစွာတိုက်မိသွားသည့် ကားနှစ်စီးနှင့် လူကိုတိုက်မိ

ဆိုသော အသိသည် တစ်ကိုယ်လုံးကို မီးပုံထဲ ပစ်ချလိုက်သလိုင်

"ချ..အဲ့ဒီကောင်ကို ကားထဲကဆွဲချကွာ.."

"တော်တော်ရမ်းကားတဲ့ကောင်.."

ခြံ့ ကားတံခါးကိုဆွဲဖွင့်ကြသည်။ ကားထဲကနေ လုံးထွေး

သည့် ခြံသည် နဖူးမှာသွေးတွေလား သတိလစ်နေတာလား.. ၊

အပြာသတိဝင်လာ၏။ ခြံဆီ တအားပြေးသွားရင်း.. ၊

"မောင်.."

လူတွေအားလုံး၏ အသံဝလံတွေထက် စူးရဲကျယ်လောင်

အပြာ့အသံသည်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၆)

"မိန်းကလေး အတင်းဝင်ဖက်ထားလိုက်လို့ မဟုတ်ရင် ဒီကောင် ... နေရာမှာတင် စိစိညက်ညက်ကြေမှာ.."

အပြာနဲ့ခြံတို့ကို ဆေးရုံလိုက်ပို့သော လူတွေထဲက ပြောသံတွေဖြစ် ...ည်။ ခြံကိုအရေးပေါ်ခွဲစိတ်ရန် ပြင်ဆင်နေကြသည့်အချိန်မှာ အပြာက ...ည်း အရေးပေါ်ခန်းထဲမှာ သတိလစ်နေခဲ့၏။

"မိန်းကလေးကြားဝင်လိုက်တော့ အကုန်လုံးကလက်တွန့်သွား ...တာ ..အဲ့ဒါတောင် ထိသွားသေးတယ် ကြည့်ပါလား.."

"ကားနဲ့တိုက်ခံရတဲ့ လူနာကရော.."

"အဲ့ဒီလူနာက ဆေးရုံရောက်မှသတိလစ်သွားတာ..ခြေထောက်ပဲစိုး ...ရမယ် ထင်တယ်၊ အပေါ်ပိုင်းမှာ နဖူးဓောင်းယောင်နေတာပဲရှိတယ်.. ...မှ မတွေ့ဘူး.."

သူတို့ချင်းပြောနေကြသည့် စကားတွေက ဒေါ်မင်းမာလာရဲ့စိတ်ကို ...ငြိမ်နိုင်စွမ်းမရှိခဲ့ပေ။ သားအတွက်ပူလောင်နေသည့် ရင်ဘက်ကြီးက ...တာက်တွေ တဟဲဟဲလောင်မြိုက်နေသလိုရှိကာ ပတ်ဝန်းကျင်တစ်ခုလုံး ... အသံတိတ် လှုပ်ရှားနေကြသည့်အတိုင်း.. ၊

"သမီးရော..ကျွန်မသမီးလေး.."

ဒေါ်နှင်းဟေမာန် ရောက်လာပြီး တောင့်မတ်စွာရှိနေသည့် သူမ ...ယ်ကို လှုပ်ခါပစ်လိုက်မှ.. ၊

"ရှင်ရောက်လာပြီလား.."

"ဟုတ်တယ်..ဘယ်မှာလဲ ကလေးတွေက.."

"ရှင့်သမီးက အရေးပေါ်လူနာဆောင်ကို ရောက်သွားပြီ.."

ဖြေသံမဆုံးခင် ဒေါ်နှင်းဟေမာန် လှည့်ပြေးသွားလေသည်။ ထိုည ...စ်ညလုံး ဆေးရုံမှာပဲ ငုတ်တုတ်ငိုက်ခဲ့ရကာ၊ နောက်နေ့မှာ အဖြေထွက် ...တော့ ခြံကခါးရိုးထိသွားသဖြင့် အထူးခွဲစိတ်မှု ထပ်လုပ်ရမည်။

အပြာက ပခုံးရိုးညပ်သွားပေမယ့် ဘာမှသိပ်မဖြစ်လိုက်ဘဲ ခေါင်းက ...ဏ်ရာကို သုံးချက်ချုပ်ရ၏။ နှစ်ဖက်စလုံးမှာ မိန်းမသားတွေချည်းပဲ ဖြစ် ... ဒေါ်မင်းမာလာကတော့ မိတ်ဆွေတွေရှေ့နေရှေ့ရပ်တွေနှင့် ကားတိုက် ...အတွက်ရော ခြံကျန်းမာရေးအတွက်ပါ ဆောင်ရွက်နေခဲ့၏။

ဒေါ်ဟေမာန်ကတော့ ဒေါ်ကြီးစိန်နဲ့နှစ်ယောက်သာ.. ၊

"ကျွန်မလုံးဝမကျေနပ်ဘူး.."

လူနာတွေအခြေအနေ စိတ်ချရတာနှင့် ဒေါ်ဟေမာန်က အံကြိတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်းဆိုကာ.. ၊

"ဒေါ်ကြီးပဲစဉ်းစားကြည့်.."

"အေးပါအေ..ညည်းစဉ်းစားခိုင်းတာလည်း ခဏခဏပါ၊ ငါ
စဉ်းစားကြည့်ပြီးပါပြီ..အခု တော်ပါတော့၊ ဟိုခများလည်း သားက
ဖြစ်မလား..ဘာလား.."

"ဘယ်ကမလဲ..ယာဉ်တိုက်မှုကို ရှင်းရဦးမှာ.."

ဘယ်ဘက်က လူမှန်းမသိ ကြားကလူလားမသိ။ သူတို့
ဝင်ပြောသွားကာ ပြောပြီးအနားကထွက်သွား၏။ အသက်လေး
လောက် ခပ်ဖိုင့်ဖိုင့်အမျိုးသမီးကြီး ဖြစ်ကာ၊ လက်ချောင်းတွေမှာ စိန်
စွပ်ကြီးတွေက မြင်မကောင်း.. ၊

"သူတို့ဆွေမျိုးတွေများ ရောက်နေကြသလားပဲ..စကားကို
ပြော ဟောမာန်.."

"အို..ကျွန်မတို့က မဟုတ်တာတွေပြောနေကြတာမှ မဟုတ်ဘဲ
ခနဲ့ရှိ မိန်းမကိုသဝန်တိုလိုက် တခြားလူနဲ့ သမုတ်လိုက်..ခုလိုဖြစ်တဲ့
ကြီးကျယ်သွားတော့ မိန်းမကပဲ နောက်မီးလင်းနေတာလိုလို.."

"ဟဲ့..ဟဲ့၊ တိုးတိုးပြောစမ်းပါအေ..ဒုက္ခပါပဲ.."

"ပေါ့စေလိုလို့ ကြောင်ရုပ်ရေး..ဆေးကြောင့်လေး တဲ့၊ ဒီကကော
လုပ်တာ သူကပိုဆိုးနေတယ်..မပြောလိုက်ချင်ဘူး.."

"ဟင်..ဘာကိုလဲ၊ ညည်းက ဘာလုပ်လိုက်လို့လဲ.."

"မဟုတ်ဘူးလေ.."

ဒေါ်ဟောမာန် မျက်နှာပျက်သွားသည်။ ပြီးတော့ စကားတွေလည်
ထစ်ငေါ့လျက်.. ၊

"သားအမိနှစ်ယောက်လုံး အိမ်ပေါ်ခေါ်တင်ထားရတယ်ဆိုပြီး
ကမပြောခံထိမှာစိုးလို့ ကျွန်မက တမင်မပတ်သက်အောင် နေနေတာ
အဲ့လိုလုပ်တာ သူ့အတွက်မဟုတ်ဘူးလား၊ အချိန်တန်တော့ ကျွန်မက
မိဘမပီသဘူးလိုလို သားသမီးကို ငဲ့ရမှန်းမသိဘဲ မာန်တက်နေတာလိုလို"

ရှင်းပြလိုက်မှ ဒေါ်ကြီးစိန်နားလည်သွားကာ.. ၊

"ညည်းကလည်း အစကပြန်ပြန်ကောက်နေသေးတယ်.."

"ပြန်ကောက်တာမဟုတ်ဘူး..အခုလည်း ပြောနေကြတာ ဒေါ်ကြီး
ကြားတယ်မို့လား၊ အပြာကို အထင်လွဲပြီး ကားကိုကမူးရှူးထိုးတက်မောင်
တာတဲ့..သူဖြစ်တော့ အပြာကဝင်ပါရတယ်၊ ကံကောင်းလို့ မသေတာ
လေ.."

"အဲ့ဒီစကားကို ကျွန်မကပြောသင့်တာမဟုတ်ဘူးလား မဟော

ဒေါ်မင်းမာလာ တစ်လှမ်းချင်းလျှောက်လာတော့ ဒေါ်ကြီးမှိုစိုး
သွားမိသည်။ ဆေးရုံကြီးရဲ့အပြင်ကော်ရစ်ဒါမှာပေမယ့် ဒါက
စကားများရမယ့် နေရာမဟုတ်ပေ။

ထို့ပြင် ဒေါ်ဟောမာန်က တိုးတိုးသက်သာဆင်ဆင်ခြင်ခြင် ပြောမှာ

www.burmeseclassic.com

www.burmeseclassic.com



...တ်တာ သေချာနေကာ.. ၊

"ကဲပါကွယ်..ဟုတ်ပါတယ်၊ အဒေါ်ကပဲ တောင်းပန်ပါတယ်..သမီး ...တာ အမေတွေဖြစ်နေတဲ့အတွက် နှစ်ယောက်စလုံးခံစားနေကြရတာပါ၊ ...ကြောင့် ဘယ်သူမှမမှားပါဘူး..ခုချိန် ပြောမှားဆိုမှားဖြစ်တတ်တာပဲ၊ ...ည်းခံကြပါကွယ်.."

"အဲ့ဒီပြောမှားဆိုမှားကို ကျွန်မကတော့ သည်းမခံနိုင်ဘူးဒေါ်ကြီး.."

ဒေါ်ဟေမာန်က ပြောင်ပြောင်ခေါင်းခါ၏။

"ကျွန်မက မှန်တယ်..မှန်တာတွေပဲပြောနေတာ၊ သူလည်း လမ်းစဉ် ...ကျပြောပေါ့..မဟုတ်တာတွေပြောနေရင် ဘာလို့သည်းခံရမှာလဲ.."

ပြောနေရင်း မျက်မှောင်ကုတ်၍ စိုက်ကြည့်နေသည့် မျက်လုံးတွေကို ...ည့်တည့်ပြန်ကြည့်၍.. ၊

"အဲ့လို ကြက်ခေါင်းဆိတ်မခံနိုင်လို့ အစတည်းက ကင်းကင်းနေတာ ...ား‌ရှုမှာ နားထောင်ကြည့်လိုက်ရင် ဘာတွေဘယ်လိုဖြစ်ကြသလဲဆိုတာ ...က်မေးဖို့ မလိုဘူး.."

"အဲ့ဒီတော့ ဒီပြဿနာဖြစ်ရတာ သားကြောင့်လို့ ရှင်ပြောနေတာ ...း.."

"ဟုတ်တာပဲလေ..အပြာရင့်ရောင်က အစတည်းကချော့တယ်၊ လူ ...ယ်..ဒါပေမယ့် ကွန္ဒြေသိက္ခာနဲ့ ပြစ်မျိုးမှုမထင်နေလာတဲ့ မိန်းကလေး.."

"ဟွန်း.."

ဒေါ်မင်းမာလာ သူမကိုယ်ကိုဝေ့ကြည့်ပြီး နှုတ်ခမ်းထောင့်လေးကွေး ...ပြုံးလိုက်သည့် အပြုံးတစ်ချက်ကြောင့် ဒေါ်ဟေမာန့်ဒေါသတွေ ယမ်း ...ီးကျဖြစ်သွားခဲ့လျက်.. ၊

"ဘာလဲ..ဘယ်လိုသဘောနဲ့ ရှင်ကပြုံးတာလဲ.."

ရှေ့ကိုထိကပ်မတတ် တိုးသွားလိုက်ကာ.. ၊

"ကျွန်မလိုအမေမျိုးက မွေးတဲ့သမီးဆိုပြီးတော့လား.."

"အို..ဟေမာန်ရယ်၊ သက်သက်ကိုယ့်ပြဿနာ လူသိအောင်..ညည်း ...တော့လေ.."

"ဖယ်ပါဒေါ်ကြီးရယ်..ရန်ဖြစ်မလို့ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုအ ...င့်အတန်းရှိတယ်လေး ဘာလေးနဲ့ အဲ့ဒီမျက်လုံးတွေကိုတော့ စည်းနဲ့ ...မ်းနဲ့ ကြည့်တတ်အောင် သင်မထားခဲ့ဘူးလား..ဘယ်လိုခေါင်းစဉ်နဲ့မှ ...ီမတပ်လို့ မရမှန်းသိလို့ လူတစ်ဖက်သားကို ကြည့်တာ စီးစီးကြော ...ကြာ.."

"ဟဲ့..အဲ့ဒါတွေလိုက်ကြည့်မနေနဲ့လေ၊ သူပါးစပ်ကပြောနေရင် ...ည်းပြောပေါ့.."

"ကျွန်မကရော ပါးဆွဲရိုက်နေလို့လား.."

ပြောရင်း ကျယ်ကျယ်လောင်လောင်ဖြစ်လာဖွယ်ရှိလာ၍ ဒေါ်ကြီးစိန် ...ာ ဒေါ်မင်းမာလာကို တောင်းပန်ဖို့လှည့်လာ၏။ သို့သော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ပါးရိုက်ကြဖို့လည်း မလိုဘူး..ရှင်နဲ့လည်း ခွန်းကြီးခွန်းငယ် ဆန္ဒမရှိဘူးမဟောမာန်၊ ခုလို စိတ်ပျက်ဖွယ်အခြေအနေတွေမှာ ဘယ်အချိန်မှာဖြစ်ဖြစ် ရှင်နဲ့ပြောဖြစ်တိုင်း မအေးချမ်းနိုင်ဘူးဆိုတာ သားပဲ.."

"အဲ့ဒါကို ဘယ်သူလာလာ ပတ်သက်နေတာလဲ.."

"မပတ်သက်ချင်ပါဘူး..ဒါပေမယ့် ရှင်နဲ့ကျွန်မ ခမည်းခမက် ကြလို့မှ မရတာ.."

ပြောရင်း စိုက်ကြည့်ကာ.. ၊

"အပြာရင့်ရောင်က ရှင့်သမီးမဟုတ်ဘူးဆိုရင်တော့ တစ်မျိုး

"ဘာ.."

ဒေါ်ဟောမာန် ဒေါ်သနဲ့ပြောလိုက်ပေမယ့် ချက်ကောင်းထိသွား စကားမို့ 'ဘာ'သံက ကတုန်ကယင်။ ပြီးတော့ ကိုင်ထားသည့်ပိုက်ဆံအိတ် ကို ချိုင်းကြားညှပ်လိုက်ပြီး.. ၊

"ရှင်..ရှင်ဘာပြောလိုက်တယ် ဒေါ်မင်းမာလာ.."

"ရှင်ကကင်းကင်းနေနိုင်တဲ့သူမို့ ပြောတာလေ..ကျွန်မကတော့ ကိုချစ်တဲ့အတွက် ဘယ်လိုမှမနှစ်မြို့နိုင်တဲ့ အခြေအနေအဆင့်အတန်း နေပေမယ့် သဘောတူလက်ခံပေးခဲ့ရတယ်..သားနဲ့ပတ်သက်နေတဲ့အ အရာရာကို ကိုယ့်သားနည်းတူ ပူပင်နေရတယ်.."

"ဒါကြောင့် မနေ့ကကျွန်မဆေးရုံကိုလာတော့ ရှင့်သားခွဲစိတ်နေ အခန်းရှေ့မှာ ကျောက်ချရုပ်နေတာလား.."

"ဟုတ်တယ်..အဲ့ဒါကျွန်မသား၊ ပြီးတော့ ခွဲစိတ်နေရတဲ့ အရေး အခြေအနေ.."

"ဟုတ်သားပဲဟောမာန်ရယ်..အပြာက ဘာမှမှ.."

ဒေါ်ကြီးစိန်က ပြေရာပြေကြောင်း ဝင်နှစ်သိမ့်မို့ ကြိုးစား လည်း စကားမဆုံးလိုက်ဘဲ.. ၊

"ခွဲစိတ်နေရတဲ့လူက မသေဘဲ ကျွန်မသမီးလေးသေသွားရင်ရော ကဲ..အဲ့ဒီအချိန်မှာ အပြာလည်း သတိမရသေးပါဘူး၊ မင်းခခြံရုံက သားမို့ခွဲစိတ်ဖို့ ချက်ချင်းလုပ်နိုင်တယ်..အပြာခွဲစိတ်ဖို့လိုနေတယ် ဆိုရ ရော.."

"ဆရာဝန်တွေက စမ်းသပ်စစ်ဆေးပြီးမှ လိုအပ်တဲ့လူကို ခွဲစိတ် ဆုံးဖြတ်တာ.."

"ရှင်လျှောက်ပြောမနေနဲ့..ဆေးရုံကိုရောက်လာရင် ပိုက်ဆံရှိမှာ သပ်ခံရတာ၊ အသက်ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေရင်တောင် ပိုက်ဆံ မယ့် သူအနားမှာ ရပ်မပြရင် ဘယ်ဆရာဝန်မှ ပျာယီပျာယာရောက်မလာ ဘူး..အေးပေါ့၊ အပြာရင့်ရောင်က ကံကောင်းပြီးဘာမှမဖြစ်ခဲ့ဘူးကိုး..ဒီမိန်း မက လျှောက်ရမ်း သောင်းကျန်းနေတယ်ပေါ့.."

"တော်ပါတော့ ဟောမာန်ရယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်မင်းမာလာ.."

ဒေါ်ဟေမာန်က မျက်နှာချင်းထိမတတ် တိုးလိုက်ကာ.. ၊

"ရှင့်မျက်လုံးထဲမှာ အဆင့်အတန်းမရှိတဲ့ နှင်းဟေမာန်ဆိုတဲ့မိန်းမ သူ့ကိုယ်သူ အပူလောင်ခံပြီးပြာပုံတိုးချင်တိုးမယ်၊ သူ့ခြေထောက်တွေ ထဲမှာ စုန်းစုန်းမြုပ်ချင်မြုပ်နေမယ်..သူ့သမီးလေးကို မြပဝါနဲ့ထွေးပတ်ပြီး ခေါင်းပေါ်မှာ မချတမ်းတင်လာခဲ့တဲ့သူ.."

ပြောနေရင်း ချိုင်းကြားကပိုက်ဆံအိတ်ကို ဖြုတ်၍ ဒေါ်မင်းမာလာရဲ့ များနဲ့ မထိတထိ ထောင်ပြလိုက်ရင်း.. ၊

"ဒီထဲမှာ ဘဏ်စာအုပ်ရှိတယ်.."

ပြောပြီးမှ အိတ်ကိုချိုင်းကြားမှာ ပြန်ညှပ်ထားလိုက်ကာ.. ၊

"ကျွန်မတစ်သက်လုံး ပစ္စည်းရောင်းချစားဖို့ပဲသိတယ်..အသုံးအစွဲ ပြီးတယ်၊ ကလေးကိုတခြားမှာထားတယ်ဆိုတဲ့ အဲ့ဒီလိုအမျိုးမျိုးသော ပြစ်တင်ကဲ့ရယ်ခြင်းကို ခါးစည်းခံလာခဲ့တာ..ဒါပေမယ့် နှင်းဟေမာန် တွေလှုပ်နေနေ အဲ့ဒါတွေမှာ သူ့သမီးဘဝနစ်မွန်း စွန်းထင်းဖို့တစ်ခုမှ ပါဘူး.."

"အဲ့ဒါရှင်ထင်နေတာပါ..ဘာပဲဖြစ်ဖြစ် အပြာရင့်ရောင်က ရှင့်သမီး .."

"ဒါပေမယ့် ရှင့်သားနဲ့ရှင်လက်ထပ်ပေးခဲ့တယ်လေ..အဲ့ဒါ ကျွန်မ မီး ရှင့်ချွေးမအပြာရင့်ရောင်ပဲ.."

ပြောနေရင်း နာကျင်သည့်မဲ့ပြုံးတို့ ဖြစ်လာစေခဲ့လျက်.. ၊

"ကျွန်မမှာ ဘယ်လောက်ပဲကြွေးထူနေပါစေ..ကျွန်မသမီးရဲ့ ပညာ ကျန်းမာရေးကိစ္စအဝဝအတွက် လိုအပ်လာပြီဆိုရင် နှင်းဟေမာန်မှာ ဘူးဆိုတာ ဘယ်တော့မှမရှိခဲ့ဘူး..ကျွန်မကိုယ်တိုင် ပြာပူထဲမှာနေရပေ ယ့် သမီးလေးကို ဘုံနန်းပြသာဒ်နဲ့ မွေးထားခဲ့တာ.."

ခံစားချက်တွေ ရင့်သန်လာသည်။ ဆေးရုံကိုပြေးသွားလိုက်ခဲ့စဉ်က မီးလေးကို လူနာကုတင်ပေါ်မှာ ကြည့်ရှုသူမဲ့စွာ တစ်ယောက်တည်းမြင် ကိုက်ရခြင်းနှင့် ပတ်သက်၍.. ၊

"ကျွန်မဘဝရဲ့ မနက်ဖြန်တိုင်းက ကျွန်မသမီးပဲ..ကျွန်မအသက်ရှ သရွေ့ ကျွန်မသမီးကိုမှဲ့တစ်ပေါက် မစွန်းစေရဘူး၊ ဘယ်သူမှစော်ကား မရဘူး..ဒါပေမယ့် ရှင့်လက်ထဲကျမှ သမီးကလူနာရှင်မရှိတဲ့ သေအံ့ဆဲ လူမမာဘဝနဲ့.."

"ရှင်အဲ့လိုမပြောနဲ့မဟေမာန်..နှစ်ယောက်စလုံးကို သူများတွေဆေး တင်ပေးခဲ့တာ၊ ကျွန်မသိသိချင်း ရှင့်ကိုအကြောင်းကြားခဲ့တာ.."

"ဒါပေမယ့် ရှင့်သားအတွက် နှလုံးအေးရကာမှ ကျွန်မကိုရှင်သတိရ .."

"မဟုတ်ဘူး.."

"ဟုတ်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟေမာန်.."

"ဒေါ်ကြီးမပြောနဲ့..ကျွန်မသမီးလေးကို တစ်ယောက်တည်းပစ်ထား တာ၊ ကျွန်မလုံးဝမကျေနပ်ဘူး..မပြောဘဲအောင့်နေခဲ့ရတဲ့ စကားတွေ ဒီရင်ဘတ်ကြီးကို ကျောက်ချွန်တစ်စလို ဖောက်ထွက်လာတော့မတတ် သူ့ကျွန်မကို လှောင်တွက်နေတာ၊ ကျွန်မသမီးအတွက် အကုန်အကျမခံနိုင် လို့.."

"မဟေမာန်..လူတိုင်းမှာ ဒေါသရှိတယ်နော်၊ သည်းခံတယ်ဆိုတာ လည်း အကန့်အသတ်ရှိသေးတယ်.."

"ဘာအကန့်သတ်မှ ထားမနေနဲ့..လုပ်လိုက်တော့၊ ရှင်ပိုက်ဆံကို ဂရုစိုက်တာမဟုတ်ဘူးဆိုရင် လူတစ်ယောက်လုံးကို ဂရုမစိုက်တာပဲ ချွေးမမို့ ယောက္ခမပီသပြလိုက်တာ၊ အဲ့ဒါပိုတောင် ဆိုးသေးတယ်.."

"ရှင်.."

"ကျွန်မသမီးအတွက်တင် မကဘူး..ရှင့်သားရဲ့ ဆေးဖိုးဝါးခါ ကျွန်မ တတ်နိုင်သေးတယ်ယုံလား.."

ဒေါ်ဟေမာန်က ပြောနေရင်းဒေါသတွေ အလုံးလိုက်အရင်းလိုက် နှင့်.. ၊

"ဟွန်း..နှင်းဟေမာန်အမှိုက်ပုံထဲမှာ ဝင်ခွေနေလို့အထင်မသေးနဲ့ သမီးနဲ့ ပတ်သက်ရင် ရှင်ရှေ့ကနေ ဗိုးကြဲသွားစမ်း နောက်ကလိုက်ကြ တယ်..ကြွေးထူရင် မပူတတ်ပေမယ့် သမီးနဲ့ပတ်သက်ရင် ရှင်ပဲပူတတ် တယ်ထင်မနေနဲ့..ရှင်တစ်ယောက်ပဲ ချစ်တတ်တယ်မမှတ်နဲ့.."

ဒေါ်ကြီးစိန်ဆွဲခေါ်သွားမှ ဒေါ်ဟေမာန်ပါသွားခဲ့၏။ ဒေါ်မင်းမာ ချွေးတွေစိုလာခဲ့လျက် ခေါင်းတွေပါမူးနောက်နေလာခဲ့သည်။ ထို့ပြင် လူ အလယ်မှာ ခုလိုဖြစ်ရအတွက် ရှက်သည့်စိတ်ကြောင့်လည်း ပိုဆိုးနေခဲ့တာ ဖြစ်သည်။

ဒီမိန်းမ ဘယ်လိုမိန်းမမျိုးလဲ.. ၊

သမီးလက်ထပ်တော့ မိဘမရှိသလို အဝေးထွက်သွားပြီး တီး တိတ်ဆိတ်ဆိတ်နေခဲ့သည်။ ပြီးတော့.. ၊

"ဘာလိုလို့လဲ..သူဌေးနဲ့လက်ထပ်တဲ့သမီးကို ကျွန်မက ဘာတွေ ပိုဆောင်းပြီး လက်ဖွဲ့ရဦးမှာလဲ၊ ချောင်းရေထဲကို ရေတစ်ခွက်သွားလော င်း ရုံနဲ့ လျှံတက်လာမှာကျလို့.."တဲ့.. ၊

ပြောသမျှစကားတွေက တာဝန်မယူနိုင်သလိုလို တာဝန်မရှိသလို အကြင်နာမရှိတဲ့ အမေလိုမျိုး တကယ်ကိုပြတ်တောက်စိမ်းကားခဲ့သည် ဒါပေမယ့် အဆင်မပြေတာ တစ်ခုခုကြုံလာပြီဆို ထွက်လာသည့် တွေက သူမဆီကချည်း ဖြစ်နေတတ်၏။ ပြီးတော့ သူ့လောက်ချစ်တ တာလည်း မရှိ..၊

"မမကြီး.."

"ဟင်..ငါရတယ်၊ သားလေးကိုပဲ စောင့်နေစမ်း.."

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ကောင်းကောင်းမနားရတာ နှစ်ရက်ရှိပြီ..လူလေးက အသက်အန္တရာယ် စိတ်ချရပြီပဲ.."

ဒေါ်မင်းမာလာ အဝင်းရဲ့လက်ကို ဖယ်ပစ်လိုက်ပြီး ခေါင်းခါ၍..၊

"မဖြစ်ဘူး..ဟိုလူနာရဲ့ဆေးစစ်ချက်တွေလည်း လိုသေးတယ်၊ ငါ့သားကျန်းမာရေး မကောင်းသေးဘဲ အမှုအခင်းတွေ ရင်မဆိုင်ရဘူး.. ငါလုပ်စရာရှိသေးတယ်၊ သွား ငါဒီမှာ ခဏနားချင်လို့.."

အဝင်းက စိတ်မကောင်းသည့်မျက်နှာနှင့် ထွက်သွားပေမယ့် ဒေါ်မင်းမာလာထိုင်နေသည့် ဘေးမှာပဲ အအေးဘူးနဲ့ကွတ်ကီးထုပ်တွေ တစ်ရှူးတွေ အစုံပါသည့် ဆွဲခြင်းကလေး ချထားပေးခဲ့သေးသည်။

ဒေါ်မင်းမာလာ တစ်ရှူးထုပ်ကိုပဲယူပြီး နဖူးကချွေးစတို့ကို သုတ်လိုက်သည်။ သူမ ရှေ့နေတွေနဲ့ စကားပြောရဦးမည်။

ပြီးတော့ မှုခင်းဆရာဝန်နဲ့.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၇)

"ဟင်..လူနာဆင်းသွားပြီလား.."

နာ့စ်လေးက ပြန်လှည့်ကြည့်ကာ.. ၊

"ပြန်တော့မပြန်သေးဘူးထင်တယ်..အပြင်မှာ ခုနကပဲသူတို့အိမ်က ဒေါ်ကြီးတစ်ယောက် ဆွဲခြင်းနဲ့စောင့်နေတာ.."

ထွက်ကြည့်တော့ ဆွဲခြင်းရှိနေပြီး ဘယ်သူမှမရှိ.. ၊

ဒါဆိုရင်တော့ အပြာ့အိမ်အကူတစ်ယောက်ယောက် လာခေါ်တာ ဖြစ်မည်။ ဒါမှမဟုတ် ဒေါ်မင်းမာလာပါ ပါလာတာလား.. ၊

လူရှိမနေသည့်ဆွဲခြင်းနားမှာ ဟိုဒီလိုက်ကြည့်နေစဉ် ခပ်ဖိုင့်ဖိုင့်အ သက်လေးဆယ်လောက် အမျိုးသမီးတစ်ယောက်က အနားမှာလာထိုင်သ ဖြင့်.. ၊

"ဒီကညီမက အပြာတို့အိမ်ကလား.."

"ရှင်.."

အဝင်းက မော့ကြည့်ကာ အပြာနဲ့တူနေသည့်မျက်နှာနှင့် အမျိုးသမီး ကို အမေဆိုတာသိလိုက်၏။ ဒါပေမယ့် အံ့ဩနေမိကာ.. ၊

"ဟုတ်ပါတယ်..ကျွန်မက အဝင်းပါ.."

"အစ်မကအပြာ့အမေလေ..အပြာရော အိမ်ပြန်သွားပြီလား.."

"မပြန်သေးဘူးမကြီး..မမကြီးကတော့ အိမ်ပြန်နှင့်လို့ပြောတာ အဲ့ဒါအပြာက ကျွန်မကို ဒီမှာခဏစောင့်ဦးဆိုပြီး ထွက်သွားတာ.."

"သူ ရောဂါရှာဖွေတာဆိုလား..အဲ့ဒါ ပြီးသွားပြီလား၊ ဘာမှမဖြစ်ဘူး မို့လား.."

"ဟင်.."

"ကိုယ်ထဲမှာ တစ်ခုခုဒဏ်ရာဖြစ်သွားတာ မရှိဘူးမို့လားလို့.."

မေးတာတွေထပ်နေသဖြင့် အဝင်းစဉ်းစားပြီးမှ.. ၊

"အားလုံးအကောင်းတိုင်းပါပဲ..ဆရာဝန် ဘာပြောလဲတော့ ကျွန်မမ သိဘူး.."

"အင်း အင်း..သိပြီ.."

ရင်ထဲမှာတော့ အိုးတိုးအောင့်တောင့်ပါ။ အပြာသည် မအေကို တစ်ခါတလေရှိတယ်လို့တောင် မှတ်ရဲ့လားမသိ။ ဆေးရုံမှာ သတိရတည်း က ယောက်ျားအတွက် စိတ်ပူနေသည်။ ယောက္ခမစိတ်ဆိုးသွားမှာပဲလို့ တတွတ်တွတ် ပြော၏။

ပြီးတော့ ဆရာဝန်တွေက စမ်းသပ်စစ်ဆေးစရာတွေ ရှိနေသေး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုတဲ့ကြားက ယောကျ်ားကို သွားကြည့်မည်တကဲကဲနှင့်.. ၊

"သမီးသွားလို့ မရလို့ပါ..အမေသွားကြည့်ပေးပါ.."လို့ ခိုင်းတာက တစ်မျိုး.. ၊

ခြံကို သူမလည်းစိတ်ပူပါသည်။ ဒါပေမယ့် လိုလို့လား.. ၊

သူ့အမေက အချိန်ပြည့်ရှိနေသည်။ ကုသစောင့်ကြည့်ပေးမယ့် ဆရာဝန်တွေ ကျန်းမာရေးဝန်ထမ်းတွေမှ အပြည့်။ ဒါပေမယ့် သွားပေးပါ ဆိုတာ မသွားဘဲနေလိုက်တော့ အမေကသဘောထား ကြီးကြီးမထား တတ်ဘူး ဖြစ်ရပြန်၏။

ဘာရယ်မဟုတ်ဘဲ ဆေးရုံထဲမှာ ဟိုရှာဒီရှာနှင့်ခြံ့ဆီကို ခြေဦးလှည့် လာခဲ့ရင်း သမီးရဲ့အလေးထား ကြင်နာပုံတွေက တွေးလို့မဆုံးနိုင်။ ဆေးရုံ ဘ ဆင်းမှာကိုတောင် မအေလာအောင် မစောင့်နိုင်သည့်အဖြစ်က နည်း နည်းတော့ ခံရခက်လေသည်။

ထိုစဉ် ဒေါ်ဟေမာန်ရှေ့ရှုလာခဲ့သည့် မျက်နှာစာမှာ အမျိုးသမီးနှစ် ယောက်နှင့် လူကြီးသုံးယောက်က ခေါင်းချင်းဆိုင်ဆွေးနွေးနေကြတာ ခြံအ ကြောင်း.. ၊

"ဒီအမှုကို ကြိုက်သလောက်ချဲ့ကားလို့ ရတယ်သစ္စာ..သူတို့ပေးတာ လေးလောက်နဲ့ အလျှော့မပေးလိုက်နဲ့နော်..တောင့်ထား.."

"ဟုတ်တယ်..ကားတွေ ဒီလောက်ကျပ်နေအောင် ရပ်ထားတာ ဆောင် ဘယ်လောက်ရမ်းကားပြီး မောင်းချလိုက်မှန်းမသိဘူး..ကားချင်းဆို အလျှော်အစားနဲ့တင် ပြီးမှာ.."

"ခြေထောက်နာသွားတယ်ဆိုတာကို တစ်ပိုင်းသေသွားပါပြီလုပ် လိုက်ရင် ထောင်ဆယ်နှစ်လောက်ချပစ်နိုင်တယ် အဲ့ကောင်လေးကို.."

ဒေါ်ဟေမာန် ကြားလိုက်တာနှင့်စိတ်က ထောင်းခနဲထဖြစ်၏။ လူစု စုရဲ့ဘေးမှာ ဝင်ရပ်လိုက်ကာ တစ်ယောက်စီရဲ့ မျက်နှာတွေကို ကြည့်လိုက် သည်။ ပြီးတော့ လွယ်ထားသည့်ဆလင်းဘက်ခ်ကို ပခုံးပေါ်ထပ်ဆွဲတင်၍ ဘက်မနဲ့ ချိတ်လျက်ထားရင်း.. ၊

"ကိုယ်တစ်ပိုင်းသေသွားပါပြီလို့ လိမ်ပြောချင်ရင်လည်း ကိုယ့်လူနာ ကို အရင်ညှိကြည့်ပါဦး..ရှင်တို့လူနာက ခိုးစားရတဲ့အသီးချိုလွန်းလို့ စွဲ လမ်းနေတာနော်၊ အဲ့ဒီဆံပင်ဆိုင်က ဆိုင်ရှင်ကေဇင်လတ်ဆိုလား.. သူဌေး ဦးထွန်းအောင်ရဲ့မိန်းမလေ.."

"ဒီမှာ..ဒီမှာ.." "

အမျိုးသမီးတစ်ယောက်က ဒေါ်ဟေမာန် စကားမဆက်နိုင်အောင် လှချင်းပစ်တိုက်တော့မတော့ ရှေ့တိုးလာပြီး.. ၊

"သူများအမှုအခင်းဖြစ်နေကြတဲ့အချိန်မှာ စကားပြောတာဆင်ခြင် ပါ.. ညီမက ဘယ်သူလဲ.."

"ရှင်တို့ကိုရော ဘယ်သူလဲလို့ ကျွန်မမေးမိလို့လား.."

ပြန်မေးလိုက်ပြီး မဲ့ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အမှုအခင်းဖြစ်နေပေမယ့် ရှင်တို့တောင်ဆေးရုံလမ်းဆုံမှာ ရပ်ပြောနေကြတာ ကျွန်မက ဘာလို့ပြောလို့မရရမှာလဲ..သူများကို မကောင်းထရောင်း အကြံဉာဏ်တွေ ပေးမနေဘဲ ဟိုဘက်ကပေးတာလေးယူပြီး ရှေ့နပ်လိုက်ရင် နှစ်ဖက်စလုံး အကျိုးရှိပါတယ်အေလို့ ပြောစမ်းလိုက်စမ်းပါ-"

"ကားမောင်းရမယ့်နေရာမဟုတ်ဘဲ ဒီကောင်လေးရမ်းကားလို့ ငါ့ဆူက ဒုက္ခတဖြစ်ရတာ.."

"မဖြစ်သေးပါဘူး..ဖြစ်ပြဖို့ တိုင်ပင်နေတုန်းပါ၊ ဒီကအားလုံးကြားပြီးသား.."

သူတို့မျက်နှာတွေ တင်းမာကုန်ကြ၏။ ဒေါ်ပေမာနက ဂရုမစိုက်-

"ဟိုက အမှုအခင်းတွေဖြစ်ပြီး ပြဿနာမရှည်ချင်လို့ တိုတိုနဲ့ပြီးအောင်လုပ်နေတာ..ဒီနေရာမှာ ကျွန်မသာဆို ကားရပ်ဖို့ကန့်သတ်ထားတဲ့ ပါကင်နေရာ ကျဉ်းကျဉ်းလေးမှာ လူတစ်ယောက်ကဆံပင်ဆိုင်ထဲက တစ်ယောက်ယောက်ကို သူခိုးချောင်းချောင်းနေတဲ့ ကိစ္စပါဖော်ပြီး အကြီးကြီးလုပ်ပစ်လိုက်မှာ.."

"ဟော့..ဟော့.."

တစ်ယောက်က ရှေ့တိုးလာပြီး လက်ညှိုးထိုးတားသော်လည်း-

"ရှင်တို့ပြောတဲ့အတိုင်း ပြောတာလေ..ကားချည်းပဲရှိတဲ့နေရာမှာ လျှော့နိုင်တဲ့သူက အကြမ်းပတမ်းဘက်ခ်ဆုတ်လိုက်တာ၊ ကိုယ့်ကားလည်းမရှိ လူနေတဲ့နေရာလည်း မဟုတ်ဘဲ ရှင်တို့လူက ဘာလုပ်နေတာလဲ-"

"ကားကြားပဲဖြစ်ဖြစ် လေယာဉ်ပျံကြားဖြစ်ဖြစ် ကိုယ့်ကိစ္စနဲ့ကိုယ်ရှိမနေရတော့ဘူးလား.."

"ရှိနေလို့ရတယ်..တိုက်မိတဲ့ကားမှာလည်း အပြစ်ရှိတယ်၊ ဒါပေမဲ့ ပြဿနာကို ပုံကြီးချဲ့ဖို့တော့ မစဉ်းစားနဲ့လေ..ကိုယ့်ကိုဒုက္ခပေးရင် ဒီဘက်လည်း ပြန်ပေးလို့ရတယ်ဆိုတာ ပြောပြတာ၊ အမှုဘယ်လောက်ကြာကြာ ရှေ့နေငှားပြီး အဲ့ဒီကောင်လေးကားကြားထဲကနေ တစ်နေ့ကိုဘယ်နှစ်နာရီ ဆံပင်ဆိုင်ထဲကို လာချောင်းနေကျဆိုတာတွေပါ ပုတ်သင်ဥမကျန် ဖော်ပစ်မှာ.."

"ဘာဆိုင်လဲ..ဘာဆိုင်လို့လဲ.."

"ဆိုင်ဆိုင်မဆိုင်ဆိုင် အရှက်ကွဲတယ်ဆိုတာ လုံးလားပြားသလား ပြေးကြည့်လို့ရတာမဟုတ်ဘူး..ပြစ်မှုမမြောက်သော အရှက်ခွဲခြင်းတွေ ပြစ်မှုမြောက်နေပေမယ့် ကွဲပါစေတော့ဆိုပြီး ထမီခေါင်းမြီးခြုံနေလိုက်ရတာတွေ တချို့ဆို တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်ပြီး သေကြရရှာတာ.."

"ကြည့်စမ်း..သက်သက်ပြဿနာ လာရှာတာ.."

"သတိပေးနေတာကို နားလည်စမ်းပါ..ဒီကားတိုက်မှုက ရှင်တို့ဖိုက်ဆံထုတ်ပိုက်ရမယ့် အမှုနော်၊ ဆံပင်ဆိုင်ကို ဒီကောင်လေးသွားချောင်းတဲ့ကိစ္စ အကြီးကြီးပေါ်သွားခဲ့ရင် သူ့ဒွေးဦးထွန်းအောင် ဘာလုပ်မလဲဆိုတာ.."

www.burmeseclassic.com

www.burmeseclassic.com



"မဟောမာန်.."

ဒေါ်မင်းမာလာ ဘယ်လိုရောက်လာသည့်မသိလိုက်ဘဲ ဒေါ်ဟော
ာန့် လက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ထိုရှေ့က
ခါထုတ်လာခဲ့လျှင် လူသာပါလာခဲ့ပြီး ဒေါ်ဟောမာန်နောက်လှည့်ပြော
ာတုန်း.. ၊

"တစ်ခုခုကြုံစည်မှုပါလာရင် ရှင်တို့နဲ့ကျွန်မ တွေကြတာပေါ့..
ိုခေ.."

လက်ညှိုးနဲ့လက်မ ဝိုင်းပြပြီးစိန်ခေါ်လိုက်သေးသည်။

"ကျွတ်.."

ဒေါ်မင်းမာလာက ကွယ်ရာရောက်သည်နှင့် ရှုံ့မဲ့ကြည့်ရင်း မျက်နှာ
ျင်းဆိုင် ရပ်လိုက်၏။

"ရှင့်ကိုယ်ရှင် တောမှာဂေါ်လီထုနေတဲ့ ဆယ့်သုံးနှစ်သမီးလေး မှတ်
ာတာလားမဟောမာန်.."

"ကျွန်မဘာသာ ကိုယ့်ကိုယ်ကိုပုခက်ထဲက မဆင်းသေးဘူးပဲထင်
ာနေ ရှင့်အပူပါသလား.."

"ရှင် ကျွန်မကိစ္စထဲဝင်ပါနေပြီး ရှင့်အပူပါသလားမေးတယ်.."

"ရှင့်ကိစ္စဖြစ်သလို ကျွန်မကိစ္စလည်း ဖြစ်တယ်.."

ခါးထောက်ပြီး မျက်နှာကိုပါမော့ထားလိုက်သည်။ တွေ့လိုက်တိုင်း
ာင်းက ဆရာမကြီးအထာနဲ့လူကို ဘာထင်နေလို့လဲ.. ၊

"ရှင့်သားဖြစ်သလို ကျွန်မသားမက်လည်းဖြစ်တော့ သူ့ကိစ္စကိုဝင်
ခွင့်ရှိတယ်.. အဲ့ဒီအမှုကိစ္စကို ရှင်တို့ခုထိ ညှိနှိုင်းလို့မရသေးဘူးမလား.."

"အဲ့ဒါတွေ ရှင်နဲ့.."

"ဆိုင်ချင်လွန်းလို့ မဟုတ်ဘူး..သမက်က ထောင်ထွက်ဖြစ်နေတာ
ာ် လက်စံနိုင်ရင်တောင် ကျွန်မမြေးလေးတွေ ထောင်ထွက်ရဲ့.."

"မဟောမာန်.."

"ဒေါ်မင်းမာလာ..ရှင်စကားပြောရင် လက်မပါနဲ့နော်၊ ကျွန်မက
ာ်စကားခင်စကားပြောနေရင်တောင် လူကိုပုတ်ခတ်ပြောရင် ကြိုက်တာမ
ာတ်ဘူး..ရှင်နဲ့ပြောနေရတာ အချိန်မရွေး မိုးကြိုးပစ်သွားနိုင်တယ်.."

"ကျွန်မကလည်း ရှင်နဲ့တစ်ခါပြောတိုင်း စိန်တောင်ကြီးတစ်လုံး
ာက်လာမယ်ဆိုရင်တောင် ပြောချင်တဲ့ဆန္ဒဖြစ်လာမှာ မဟုတ်ဘူး မဟော
ာန်.. ဘယ်ပြဿနာမဆို ရန်ဖြစ်ပြီးဖြေရှင်းတတ်တဲ့ ရှင့်ရဲ့စရိုက်ကိုလည်း
ာရမ်း စိတ်ကုန်တယ်.."

"ဘာ..ဘယ်လို.."

စကားလုံးတွေက အသားကိုဆွဲဆိတ်လိုက်သလို စူးစူးရှရှကြီးထွင်း
ာက်သွားသည်။

"ဘယ်လိုစကားဖြစ်ဖြစ် ရှင်ပြောရဲတာတော်ပါတယ်..ဟူတိုင်းရှင့်လို
ပြောရဲကြဘူးလေ၊ ဒါပေမယ့် စကားနေရာမှာ စကား..ားနေရာမှာစား

www.burmeseclassic.com

www.burmeseclassic.com



စားသွားလို လျှာစောင်းထက်တဲ့လူတွေက အထင်ကြီးစရာကောင်း
နေရာတကာ စားဆွဲထွက်ဖို့ မလိုပါဘူး..သူများမပြောရဲတာတွေ ပြော
လူတွေ ဝိုင်းကြည့်ပြီး ငြိမ်သွားတာကို ရှင်ဂုဏ်ယူနေတာ.."

"ကျွန်မအဲ့လိုစကားတွေ ပြောနေတာပဲကြားပြီး စကားလုံးကြီး
ပစ်ပေါက်မနေနဲ့ဒေါ်မင်းမာလာ..ရှင်ပြောသလောက် ကျွန်မစရိုက်
ဘူး၊ ကြမ်းချင်ရင်တောင် မကြမ်းမိအောင် ထိန်းနိုင်သေးတယ်
ကျွန်မသမီးအတွက်ပဲ.."

"တိုက်တယ်လ်လှပါတယ်.."

"လှအောင်ပြောနေတာ မဟုတ်ဘူး..ဆင်းရဲတဲ့လူတိုင်းကို အဆင့်
တဲ့လူတွေဆိုတဲ့ မျက်လုံးနဲ့ပဲ ကြည့်တတ်တဲ့ရှင်နားလည်ဖို့ပြောနေ
ရှင့်ရဲ့ အဲ့ဒီလို ခန့်ညားတဲ့စကားလုံးကြီးတွေက အပြာရင့်ရောင်ကိုပဲ
နိုင်မှာ.."

"ဘယ်သူ့ကိုမှ ကျွန်မလွှမ်းမိုးဖို့ မကြိုးစားဘူး..ရှင့်သမီးက
လည်းမဟုတ် သူငယ်နုပ်စားလည်း မဟုတ်ပါဘူး၊ သူ့ကို ကျွန်မက
မိုးတာမဟုတ်ဘူး..သူကိုက လွှမ်းမိုးခံချင်တာ.."

ရင်ထဲမှာ နင့်ခနဲဖြစ်၏။

"ရှင့်ရဲ့စိတ်ဓာတ်စရိုက်တွေ ဘာကြောင့်ကြမ်းနေရလဲဆိုတာ
သိမှာပေါ့..ဒါပေမယ့် ရှင့်သမီးကတော့ သိတဲ့ပုံမပေါ်ဘူး၊ သူအဲ့ဒါမျိုး
ကြိုက်ပုံလည်း မရဘူး..ခုချိန်ထိ ရှင်အသိတရားမရသေးရင်တော့ မကြာ
ရှင်နေရာ ပျောက်သွားနိုင်တယ်.."

ပြောပြီး ဒေးဝိုင်းနေသည့်မျက်နှာကို စိုက်ကြည့်သည်။ ပြီးမှ
ထွက်သွားသည်။ သို့သော် ခြေသုံးလှမ်းလောက်သွားပြီးမှ ပြန်လှည့်
ကာ.. ၊

"နေရာဆိုတာ ရှင်နေတဲ့အိမ်နေရာကို ပြောတာမဟုတ်မှန်း
သိမယ်ထင်တယ်.."တဲ့.. ၊

လှောင်ရယ်သည့်မျက်ဝန်းတွေတော့ မဟုတ်ပေ။ ဒါပေမယ့် အ
မြင်သေးသော စူးရဲသည့်မျက်ဝန်းတွေကြောင့် လူက နေရာမှာတင်
သွားတော့မတတ်.. ၊

နာကျင်သောဝေဒနာရပ်သည် လူကိုသိမ်ငယ်စေခြင်းသာမ
ချုံးပွဲချ ငိုချင်လာတဲ့အထိ လောင်မြိုက်စေခဲ့လျက်။ လူလူခြင်းအ
ဖြစ်ကြတာတောင် အဆင့်အတန်းတွေ မတူဘူးဆိုတာ ဘာလဲ.. ၊

ဘယ်နေရာမှ ကွဲပြားနေကြတာလဲ.. ၊

ခုချိန်မှာ လူတစ်ကိုယ်လုံးသည် လူအများ၏စည်းတစ်ဖက်
တစ်ယောက်တည်း ထီးထီးရပ်တည်နေခဲ့ရသလို.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၈)

"မောင်.."

"မင်း ငါ့ရှေ့ကိုမလာပါနဲ့.."

ခါးရိုးထိသွားသည်။ ခွဲစိတ်မှုအကြီးကြီး လုပ်ခဲ့ရသည်။ ဒါပေမယ့် ...ာ ဆေးရုံကဆင်းသည်နှင့် လူကောင်းတစ်ယောက်လို ဘာဒဏ်ရာမှရှိမ ...းသည့်နယ်.. ။

"မောင်လျှောက်နိုင်ရဲလားဟင်.."လို့မေးရင်း စိုးရိမ်တကြီး သွားခဲ့မိ ...ာ သူမဘက်က ဟန်ဆောင်မှုမပါခဲ့ပါ။ သို့သော် ခြံကစကားတစ်ခွန်းမှမ ...နဲ့ဘဲ ကားရှိရာကို သွားခဲ့သည်။ ကားနားရောက်တဲ့အထိ အပြာက ...ိုက်နေမိတုန်း.. ။

"မောင့်လက်ထဲကအိတ်.."

"မလိုဘူးလို့ မင်းကိုဘယ်နှစ်ခါပြောရမလဲ..ကိုလော်.."

"ဟော.."

"ပြန်နှင့်ကြတော့..ကျွန်တော့်ဘာသာ နောက်ကားစောင့်ပြီး ပြန် ...ယ်.."

"ဘာဖြစ်လို့လဲသား.."

"ဘာမှမဖြစ်ပါဘူး..မာမီနဲ့မောင် ပြန်နှင့်ကြပါ၊ အပြာ အမေ့ဆီ ...ည့်ဝင်ချင်သေးလို့.."

"ဟင်.."

ကိုယ့်ယောကျ်ားရက်ရှည်ကြီး ဆေးရုံတက်နေရတာကို အိမ်ပြန်မ ...ိုက်သေးဘူးဆိုတာ.. ။

အကြည့်က တင်းမာနေသည့်ခြံမျက်နှာဆီ ရောက်သွား၏။ လော ...်ကလည်း မျက်နှာမကောင်းစွာ လှမ်းကြည့်သဖြင့် ဒေါ်မင်းမာလာသ ...ာပေါက်သွားကာ.. ။

"အင်းလေ..မင်းအမေဆီဝင်ချင်လည်းဝင်ပေါ့၊ ဒါပေမယ့် ဒီမှာပဲ ...င့်နေပါ..လောပန်ကို ပြန်လွှတ်လိုက်မယ်.."

"ကျိမ်း.."

ခြံ ကားပေါ်တက်သွားသည့် တံခါးပိတ်သံသည် ရင်ကိုစိုက်ဝင်သွား ...ာ မြားတစ်စင်းကဲ့သို့ရှိလျက်.. ။

"မောင်ရယ်.."

အပြာလူတွေနဲ့ ဈေးရာဆုတ်လိုက်ရင်း မျက်ရည်မကျအောင် ထိန်း ...လျက်နှင့် ပိုးပိုးပေါက်ပေါက်ကျလာခဲ့ကြ၏။ အမေ့အပေါ်နားလည်

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ခဲ့သော မောင့်မျက်နှာထက်က အပြုံးတွေ.. ၊

သူမအပေါ် အလိုလိုက်ဂရုစိုက်ခဲ့တာတွေကို မြင်ယောင်၏။ ထို

"အဲ့ဒါတော့ မောင်သည်းမခံဘူးနော်..မောင်ကိုမရှိ့နဲ့.."

"မင်းကို ဘယ်ကောင်လိုက်ကြည့်တာမှ မောင်မခံနိုင်ဘူး.." တဲ့

ဒါကို သည်းမခံနိုင်ပါဘူးလို့ မောင်ကြိုပြောထားခဲ့တာ.. ၊

ဒါဆို သူမအနေအထိုင်မတတ်ခဲ့တာလား.. ၊

မင်္ဂလာဦးညကစပြီး ဖြောင့်ဖြူးသာယာမှုမရှိခဲ့သော မောင်နဲ့သူမ ချစ်လမ်းခရီးဟာ ဒီနေ့ထိခက်ခဲနေဆဲဖြစ်ခဲ့ရတာ ဘာကြောင့်လဲ–

ခပ်ထေ့ထေ့အပြုံးတွေနဲ့ စိတ်ပျက်ဖွယ်ရဲသွေးနီရဲ့ မျက်နှာကြီး ပေါ်လာခဲ့၏။ ဘာအငြိုးနဲ့လဲရဲသွေးနီ၊ နင်နဲ့ငါနဲ့ဘယ်လိုရန်ငြိုးရန် ရှိခဲ့ဖူးလို့လဲ.. ၊

ချစ်ခဲ့ဖူးတာလည်းမရှိ၊ မုန်းခဲ့ဖူးတာလည်း မရှိ။ ဒီလိုပဲ လူငယ် သဘာဝစနောက်ကြ အနိုင်လုကြနှင့် ရဲသွေးနီဆိုတဲ့ယောကျာ်းလေး ယောက်ကို နှစ်နာမုန်းတီးလောက်အောင်လည်း သူမဘာမှမပြောခဲ့ မလုပ် ဘူးပေ.. ၊

ဒါပေမယ့် သူ့ကြောင့်သူမဘဝပျက်မတတ် လောင်ကျွမ်းခဲ့ရပါ အချစ်ကြီးတဲ့သူတွေ အမုန်းကြီးကြသည်တဲ့။ ရဲသွေးနီနဲ့သူမကို မောင် သွားခဲ့သည့် မြင်ကွင်းကြောင့် မောင့်ရင်ထဲမှာ ဘယ်လောက်ထိအထင် စက်စုပ်သွားခဲ့ပြီလဲ.. ၊

ဒီလိုဖြစ်စေချင်တာလားရဲသွေးနီ.. ၊

ငါတို့ခုလိုဖြစ်သွားကြတာကို နင်တစ်နေရာမှာ ရယ်နေပြီလား

မျက်ရည်တို့နှင့်မျက်ဝန်းတွေက ဟိုဒီရောက်သွားခဲ့သေးသည် သွေးနီတကယ်ရှိနေသလားလို့ ထင်၍မဟုတ်သော်လည်း.. ၊

ဟင်..ရဲသွေးနီ.. ၊

တစ်ကိုယ်လုံးက ဒေါသကြောင့်တောင့်ခဲသွားခဲ့သည်။ ရဲသွေးနီ စတိုင်ဘောင်းဘီကော်ဖီရောင်နှင့် နံ့သာရောင်တီရှပ်ပွပွကို ဝတ်ထား စမတ်ကျနေသည်။ ဘယ်ကိုလာပြီး ဘယ်ကိုသွားနေသည်မသိသော် အပြာနေရာမှ ပြေးထွက်ရင်း မီအောင်လိုက်ခဲ့သည်။ သို့သော်.. ၊

"ကျွိ.."

"အမေ့.."

ကိုယ့်ကိုယ်ကိုဆေးရုံနဲ့နီးလာတာတောင် သတိမထားမိခဲ့ဘဲ ထို ရှေ့ကနေ ဘူကိုတိုက်မတတ်ပိတ်ရပ်လိုက်သည့် ကားကြောင့်အလန့် ကြား ပြန်ဆုတ်လိုက်မိသည်။

"ဂျိမ်း.."

ကားထဲက ဆင်းလာသည့်လူကိုမြင်လိုက်တော့ ပို၍သတ်လန့် မိကာ.. ၊

"မာမီ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ငါ.."

ဒေါ်မင်းမာလာမျက်နှာက ငိုထားသလိုမျက်လုံးတွေနီနေလျက် မျက်ဝန်းထောင့်တွေမှာပါ စိုစွတ်နေဆဲလိုလို.. ၊

"မာမီ..သမီးက.."

"မင်းခုထိ လက်စမသတ်နိုင်သေးဘူးလားအပြာ.."

"ဟင့်အင်း..မဟုတ်ဘူးမာမီ၊ အဲ့ဒီလူက.."

"ကားပေါ်တက်.."

"ရှင်.."

"မင်းကိုပြောစရာရှိတယ်.."

ဒေါ်မင်းမာလာက ချာခနဲပြန်လှည့်သွားသည်။ ဘာမှန်းမသိသော သူမရဲ့အနာဂတ်အတွက် ကားထဲမှာတိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည့် မိနစ်အနည်းငယ်ဟာ အပြာ့အတွက် ငရဲ.. ၊

➤ ➤ ≺ ≺

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၉)

ဟင်.. ၊
အပြာ ရုတ်တရက်ကမ္ဘာကြီးတစ်ခုလုံး မှောင်မိုက်သွားသလိုဝင်
မောင်ခွဲစိတ်လိုက်ရခြင်းရဲ့ရလဒ်က မောင့်ဘက်က ဘယ်တော့
သားသမီး မရနိုင်တော့ဘူးတဲ့.. ၊
စက္ကန့်မိနစ်ပေါင်းများစွာ သူမကျောက်ရုပ်ဖြစ်သွားခဲ့သည်။ နက်
ရောင်ဇာပါးနှင့် ဒေါ်မင်းမာလာရဲ့ကျောပြင်က တသိမ့်သိမ့်တုန်နေသ
ရှိုးကေ့စ်နံရံမှာ လှမ်းတင်ထားသော လက်ချောင်းတွေက ဖိဆုပ်ထား
အကြောမြောင်းတွေပါ ဖောင်းကြွနေခဲ့၏။
ကိုယ့်ကိုကျောခိုင်းထားပြီး ဒေါ်မင်းမာလာတသိမ့်သိမ့် ရှိုက်နေ
သည်။ ဒီပြဿနာတွေက ကိုယ့်ကြောင့်စခဲ့ရတာ ဖြစ်ကာ၊ ကိုယ့်ကြော
မောင်ကံကောင်းလို့ လူတွေကြားထဲမှာ မသေခဲ့တာ.. ၊
ခုလည်း ကိုယ့်ကြောင့် မောင့်ဘဝလှုဖြစ်ရှုံးရပြန်ပြီ။ အပြာမျက်
တွေ မလှုပ်ရှားတော့သော မျက်ဝန်းအိမ်ကနေ တလိမ့်လိမ့်ဆင်းကျ
ကြ၏။ ရှိုက်သံမဲ့မျက်ရည်တို့သည် ပင်လယ်ဒီလှိုင်းများကဲ့သို့ တ
ပြီးတစ်လိမ့် မပြီးဆုံးနိုင်စွာနှင့်.. ၊
"မာမီ.."
အားတင်းခေါ်ရင်း ရှေ့ကိုတရွေ့ရွေ့တိုးတက်လာခဲ့မိသည်၊
မင်းမာလာက နှုတ်ခမ်းကိုလက်တစ်ဖက်နဲ့ ဖိကပ်ထားပုံပေါ်ကာ
လည်း မကြည့်.. ၊
"သမီး..သမီးမှာအပြစ်ရှိပါတယ်၊ သမီးဒါကိုကျူးလွန်တာ
ပေမယ့်.."
"တိတ်စမ်း.."
ဒေါ်မင်းမာလာ စူးရှစွာအော်လိုက်ပြီး လှည့်လာသည်။ ပြီး
"မင်း..မင်းကြောင့်.."
လက်တစ်ဖက်က အားပြင်းစွာမြောက်တက်သွားသည်။ အပြာ
လုံးတွေ မှိတ်ထားလိုက်မိ၏။ သို့သော် သူမပါးပြင်ထက်သို့ ထိခတ်
စုံတစ်ရာမှ ကျရောက်မလာခဲ့ဘဲ ဒေါ်မင်းမာလာ၏ ရှိုက်သံတွေသာ
ကျယ်လောင်လာခဲ့ပြီး.. ၊
"ငါမှားခဲ့တာ..မင်းလိုမိန်းကလေးနဲ့ သဘောတူပေးခဲ့တာကို
ငါ့အမှား၊ မင်္ဂလာပွဲမတိုင်ခင်တည်းက မင်းအတွက်ကြောင့် ငါပင်ပန်းခဲ့
တယ်..ပွဲစတည်းက စိတ်မချမ်းသာခဲ့ရဘူး၊ သူများမလိုပ်ရဲတဲ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ခဲ့မိတဲ့အတွက် မင်းအမေလို မိန်းမတစ်ယောက်က ပခုံးချင်းယှဉ်တာ ခံခဲ့ရတယ်.. အဲ့ဒါတွေက အဲ့ဒါတွေကိုငါ.."

"မာမီ.."

"မင်း ငါ့ကိုမခေါ်ပါနဲ့..ငါ့အရမ်းကို ခံစားနေရတဲ့အချိန်မှာ မင်းအသံကြောင့် ငါရူးသွားနိုင်တယ်.."

လက်ကာတားဆီးရင်း အံကြိတ်ထားသည့်မျက်နှာမှာ မျက်လုံးတွေက တံလျှပ်ကဲ့သို့.. ၊

"မင်း တကယ်ကျူးလွန်တာမဟုတ်ဘူးလို့ မပြောနဲ့..ငါ့ကိုဘာမှလည်း ရှင်းမပြနဲ့၊ လင်ယောကျ်ားကဒီလို ခိုက်ရန်ဖြစ်ရပြီဆိုတည်းက မိန်းမယားအပြစ်..မင်းဘက်က ချို့ယွင်းချက်ပဲ.."

"ဟုတ်ပါတယ်..အပြာမှားတာပါ၊ အဲ့ဒီအတွက်.."

"အဲ့ဒီအတွက် မင်းဘာလုပ်ပေးနိုင်သလဲ..ငါ့သားလူညွှန်တုံးသွားတဲ့အဖြစ်ကို မင်းဘာနဲ့ပြင်ဆင်ဖာထေးပေးမလဲ.."

အော်ဟစ်ပြောနေရင်း ရှိုက်သံတွေလွှမ်းမိုးသွားပြန်ကာ စကားသံတွေလည်း ဗလုံးဗထွေးဖြစ်ကုန်လျက်.. ၊

"သွားပြီ..ဘာမှအကောင်းတိုင်း ပြန်မဖြစ်နိုင်တော့ဘူး၊ ငါ့သားလေး သေဆုံးပြီ..မင်းမာလာရဲ့မျိုးဆက်ပြတ်ပြီ.."

ဒေါ်မင်းမာလာရဲ့ ကလေးလိုငိုယိုနေသည့် ရှိုက်သံတို့သည် လူကိုအရည်ပျော်အောင် မီးလောင်တိုက်သွင်းနေသကဲ့သို့ရှိကာ သူမကိုကျေနပ်သွားစေနိုင်မည့် ဖြေရှင်းချက်မျိုးလည်း မပေးနိုင်၊ နှစ်သိမ့်အားပေးမှုလည်း မပြုရဲခဲ့ဘဲ.. ၊

နောက်ကိုတရွေ့ရွေ့ ပြန်ဆုပ်မိ၏။သူမဘာလုပ်ခဲ့မိသလဲ..သူမရဲ့အသိတ်ကမ်းမှာ ဘယ်လိုဝဋ်ကြွေးတွေ ပါလာခဲ့လို့လဲ.. ၊

သူမရဲ့အိမ်ထောင်ရေးဟာ အချစ်စစ်မှန်နေလို့ ခက်ခဲနေရတာလား.. ဆုံဆည်းခဲ့တာကိုက ဝေးကွာကြဖို့လား.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၀)

"မောင်..အပြာ့ကိုတံခါးဖွင့်ပေးပါမောင်ရယ်၊ အပြာ မောင်မကြား ချင်တာ မပြောပါဘူး..ဒါပေမယ့်.."

"မင်းကိုငါစိတ်မဆိုးတော့ဘူးအပြာ..ရင်ထဲမှာ နာကျင်နေတာကို ငါ့နည်းနဲ့ငါ ကုစားနေတာ.."

ဟင့်အင်း.. ၊

တံခါးမှာ လက်ဖဝါးလေးကပ်၍ ရှိုက်ငိုမိရင်း မျက်နှာလေးကပ်သွား ခဲ့လျက်.. ၊

"မနာပါနဲ့..အပြာ့ကိုစိတ်မနာပါနဲ့မောင်ရယ်၊ ကြိုက်သလောက်စိတ် ဆိုး..ကြိုက်တဲ့အပြစ်ပေးပါ၊ အပြာ ဘာမှမငြင်းဘဲ ခေါင်းငုံ့ခံနေပါ့မယ်"

မင်း မျက်ရည်ကျရင် မနေနိုင်ဘူး တဲ့.. ၊

ခုတော့ အပြာ့ရှိုက်သံတွေကို မောင်ဥပေက္ခာထားနိုင်နေပြီနော်.. တိတ်ဆိတ်မှုတွေနဲ့ နှုတ်ဆက်တုံ့ပြန်နေသည့် အခန်းရှေ့က အပြာ လှည့်ပြန်ခဲ့ရသည်။

"သမီး..ထမင်းစားတော့မလားဟင်.."

"မစားချင်ဘူးဒေါ်လေး..မာမီထွက်လာသေးလားဟင်.."

"နွားနို့ပူပူလေးသောက်ပါဆိုတာတောင် ထမသောက်ပါဘူးသမီး ရယ်..ဆေးရုံလိုက်စောင့်နေတည်းက ဘာမှကိုဟုတ္တိပတ္တိမစားဘူး၊ ကောင်း ကောင်းလည်း မအိပ်ဘူး..ခုလည်း အိပ်ရာထဲလှဲနေပြီး မျက်လုံးအကြောင် သားနဲ့.."

အပြာ ထမင်းစားခန်းထဲလှည့်ဝင်လာရင်း စားပွဲဘေးမှာပဲ ထိုင်လိုက် သည်။ သူမပါးပြင်ပေါ်က မျက်ရည်တွေကိုကြည့်၍ အဝင်းကသက်ပြင်းချ ကာ.. ၊

"သမီးအဲ့လိုမိန်းကလေး မဟုတ်ဘူးဆိုတာ မမကြီးလည်းသိပါ တယ်.. ဒါပေမယ့် ဒီလိုမျိုးဖြစ်လာတာတွေကိုတော့ ဘယ်ခံစားနိုင်မလဲ နော်၊ ပြဿနာ ဖြစ်နေတုန်းမှာ သမီးကအဆင်ပြေဖို့ပဲ ကြိုးစားပါ..ဘာမှ စိတ်လိုက်မာန်ပါ မလုပ်နဲ့.."

သူမ ဘယ်လိုကြိုးစားရမှာလဲ..မာမီကလည်း ကိုယ့်ကိုမတွေ့ချင်လို့ အခန်းတံခါးပိတ်နေသည်။ ဘာပြောပြော လက်ကာတားဆီး၍ မောင်က လည်း စိတ်နာနေပြီလို့ ပြောနေကာမှ.. ၊

"ဒေါ်ကြီးဝင်း.."

အပြာနေရာမှ ထရပ်လိုက်ရင်း မျက်ရည်သုတ်၍.. ၊

www.burmeseclassic.com


"ဒီလိုအချိန်မှာ အပြာထွက်မသွားသင့်တာ မှန်ပါတယ်..ဒါပေမယ့် ရှိနေပေးဖို့လည်း မလိုအပ်တော့ပါဘူး.."

"ဟာ..မဟုတ်တာ အပြာရယ်.."

"အပြာဘယ်လိုနေရမလဲဟင်..အပြာကမောင့်မျက်နှာနဲ့ ဒီမှာချွေးမ အဖြစ်ရှိနေတာပါ၊ အခု မောင်ကလည်း.."

အပြာ မျက်နှာငုံ့ပစ်လိုက်မိသည်။ မျက်ရည်က ဘာလို့ဒီလောက် သွယ်နေတာလဲဆိုတာမသိ။ ဝမ်းနည်းသည့် ခံစားချက်ကြောင့် စိမ့်ယိုစီးကျ ခြင်းမဟုတ်ဘဲ အပူပေးထားသည့်ဖယောင်းလို.. ၊

"လူလေးက သမီးကိုမုန်းလို့မှမဟုတ်ဘဲ..လင်မယားချင်းမှာ ဒီလို ကိစ္စတွေ ရှိတတ်ကြတာပဲဟာ.."

ဒေါ်ဝင်းက အမည်တပ်ပြီး လူငယ်တွေကခေါ်နေကြလို့ပါ။ တ ကယ်တော့ သူမအသက်ကလည်း လေးဆယ်တင်းတင်းမပြည့်သေးပေ။ ဆိုပြင် ကိုယ်တိုင်ကအပျိုကြီး ဖြစ်နေသေးသည်။ အိမ်ထောင်ရေးကိစ္စတစ် ခုမှာ ညှိနှိုင်း ဖြန်ဖြေနေရတာ သိပ်တော့အဆင်မပြေ.. ၊

"အပြာရှိနေပေးချင်ပါတယ်..ဒါပေမယ့် ရှိမနေသင့်တော့ဘူးဆိုတာ လည်း သိနေတယ်၊ မာမီအပြင်ထွက်လာရင် ပြောပေးပါနော်.."

"မင်းအတွက် မာမီပြီးရင်ပြီးတယ်ပေါ့.."

မောင်.. ၊

မောင်မုန်းသိလိုက်တာနှင့် အပြာ့မျက်နှာလေး ဝင်းထိန်သွားကာ ရုတ်ခနဲ လှည့်လိုက်ပြီး.. ၊

"မောင်.."

သွားမလို့ ခြေလှမ်းပြင်လိုက်တော့ ခြံကခေါင်းခါလိုက်သဖြင့် တုံ့ ဆိုင်းသွားခဲ့၏။

"မင်းဘယ်မှသွားဖို့ စိတ်မကူးနဲ့.."

ပြောလက်စနှင့် အပြာ့မျက်နှာကို စူးစိုက်ကြည့်ကာ.. ၊

"မင်းကိုယ်မင်း ငါ့ဇနီးလို့ သတ်မှတ်သေးတယ်ဆိုရင်.."

"မောင်.."

အပြာပြေးလိုက်ခဲ့သည်။ ခြံက အခန်းထဲတောက်လျှောက်ပြန်သွား တာ တံခါးကိုဆောင့်ပိတ်ပစ်လိုက်တာ ဂျိမ်းခနဲ.. ၊

မောင်ရယ်.. ၊

မောင့်သောကကို အပြာသိပါတယ်..မောင်ဘယ်လိုခံစားနေရမလဲ ဆိုတာလည်း နားလည်တယ်။ ဒါပေမယ့် မောင့်ရဲ့ဥပေက္ခာတွေကို အပြာမခံစား နိုင်တော့ဘူးသိလား.. ၊

ငါသည်ငိုကြွေးနေလည်း
မင်းကတော့ မကြား..
အပြစ်နဲ့ဥပေက္ခာ
ဘယ်ဆေးမှင် အရောင်ဖွဲ့သလဲ..

www.burmeseclassic.com

www.burmeseclassic.com


တစ်ချက်လောက် မင်းကြည့်တတ်ရင်
ကျွန်မရဲ့ ဝဲဘက်ရင်အုံမှာလေ.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅၁)

ဖုန်းခေါ်ကြည့်မိပေမယ့် မရနိုင်ဘူးဆိုတာလည်း သိနေပါသည်။ အမေက ဖုန်းဘယ်တော့မှ ဆောင်မထားတတ်ပေ.. ။

"ဒေါ်ကြီး..သမီး အမေ့ဆီခဏသွားချင်လို့နော်၊ မာမီ့အတွက် ချောက်ပုဇွန်မီးကင်လေး လုပ်ပေးဖို့ အားလုံးပြင်ထားပြီးပြီ.."

"အေးပါ..အေးပါ ဒေါ်ဝင်းလုပ်လိုက်မယ်၊ စိတ်ချသွား.."

"သံပုရာရည်ကို ငရုတ်သီးစိမ်းထောင်းလေးထဲ ညှစ်ချပြီးမှ ပါးပါး သုတ်နော်..မာမီက အချဥ်သိပ်မကြိုက်ဘူး.."

"အေးပါ.."

"မောင့်အတွက် အစပ်တွေနဲ့မရောဘဲ ချဥ်ချဥ်လေးလုပ်လို့ရတယ်.. ခါနီးမှ လုပ်ပေးဖို့ ဟင်းပွဲတွေ သမီးပြင်ထားပြီးပြီနော်၊ ဒေါ်ကြီးမမှတ်မိ င် ဖုန်းဆက်လို့ရတယ်သိလား.."

"အေးပါသမီးရယ်..သိပ်တော့မကြာနဲ့နော်၊ လူလေးသိရင် တစ်မျိုး င်လိမ့်မယ်.."

ဟုတ်ကဲ့လို့ပဲ ပြောခဲ့ပေမယ့် မောင်မနက်ကကော်ဖီထွက်သောက် တော့လည်း အပြာအနားကပ်ဖို့ ကြိုးစားခဲ့သေးသည်။ ဒါပေမယ့် မောင့် က်နှာပေါ်က တင်းမာခြင်းတွေက သူမအတွက်ဥပေက္ခာတွေပဲ ဆိုတာ းမိနေသဖြင့် မကပ်ရဲခဲ့.. ၊

မောင့်ရဲ့ဥပေက္ခာတွေ ရလိုက်တိုင်းခံစားရသည့်ဝေဒနာသည် နာ င်ရတာတွေထက်လည်း ပိုသည်။ ပူလောင်ခြင်းတွေနဲ့လည်း မနိုင်းသာ။ ပြာ ဝေ့တက်လာသည့် မျက်ရည်တို့ကို မျက်တောင်တို့နှင့် ပုတ်ခတ်ဖယ် း အိမ်ရှေ့ထွက်လာလျှင်.. ၊

"အပြာသွားမှာလား..ခဏလေး ခဏလေး..မြန်မြန်ရေသုတ်လိုက် း.."

ဦးစန်းက ကားရေဆေးနေရင်း ပျာပျာသလဲပြောကာ အဝတ်စုတ် င်ပြီး ပြေးလွှားသုတ်ဖို့ပြင်၏။

"ဘယ်သူမှ အပြင်သွားမယ်ပြောသံ မကြားလို့အေးဆေးလုပ်နေ .."

လို့လည်း ပြော၏။ အပြာက သူပြောပြီးတဲ့အထိ ခြေစုံရပ်၍ စောင့်နေ ၏၊ ပြီးမှ ခေါင်းခါရင်း.. ၊

"အပြာ ကားယူမသွားပါဘူး.."

ဒီလိုပြောလိုက်မှ ဦးစန်းကဖျတ်ခနဲ လှည့်ကြည့်ပြီး ဘာအံ့တသြကျန်

www.burmeseclassic.com

www.burmeseclassic.com



ရစ်၏။ လက်ထဲမှာ ပိုက်ဆံအိတ်ပြားလေးနဲ့ ဖုန်းကိုထပ်ကိုင်ပြီး အခြ
တိုင်း ထွက်လာခဲ့သည်။ ခြံရှေ့လမ်းပေါ်ရောက်ကာမှ ဦးစန်းကားမော
ထွက်လိုက်လာကာ.. ။

"အပြာရေ..ခဏနေပါဦးတူမရဲ့.."

ကားရပ်ပြီး ကမန်းကတန်းဆင်းလိုက်ရင်း.. ။

"ဦးစန်းလိုက်ပို့ပါမယ်..တော်ကြာမမကြီး ကျုပ်ကိုစိတ်ဆိုး
မယ်.."

"ရပါတယ်..အပြာအမေ့အိမ်ခဏပဲ သွားမှာ၊ အိမ်မှာ မောင်
လည်း ဝပ်ခ်ရှော့ပို့ထားရတယ်..မာမီကားလည်း ကားချိန်းဖို့လာယူ
လား၊ အိမ်မှာ ကားမရှိဘဲဖြစ်နေမှာ စိုးလို့ပါ.."

ဒါပဲပြောပြီး အပြာပြတ်သားစွာ လှည့်ထွက်လာခဲ့မိသည်။ ဦး
ထပ်လိုက်မလာတော့ပေ။ လမ်းမပေါ်ရောက်လာတဲ့အထိ ကားတားဖို့သ
မရသေးဘဲ ဒီတိုင်းလျှောက်နေမိစဉ် အလုပ်ကိစ္စဖုန်းဝင်လာ၏။

"ဒီနေ့လည်း တို့မလာနိုင်သေးဘူးကေသီ..စာရင်းတွေနဲ့ ဆိုင်
ရေးကိုပါ သေချာဂရုစိုက်လိုက်ဦး၊ စိတ်ချမယ်နော်.."

ပြောပြီး ချလိုက်တုန်းပဲရှိသေးသည်။ ဆောက်လုပ်ရေးကုမ္ပဏီ
ဖုန်းဝင်လာသည်။ ကိုယ်တိုင်အထူးကြိုးစားထားခဲ့ရသည့် အလုပ်နဲ့စီး
ရေးတွေလည်း သူမအတွက် ဘာမှအဓိပ္ပါယ်မရှိတော့သလိုပင်.. ။

ခလုတ်ထိမှ အမိတသည်တဲ့.. ။

သူမငိုချင်နေသည်။ ငိုနေရပေမယ့် ချုံးပွဲချငိုပစ်ဖို့အတွက်..
ရင်ထဲမှာရှိသမျှ ဖွင့်ဟအန်ချပစ်ဖို့အတွက်..

ပြီးတော့ သူမရဲ့မျက်ရည်တွေ ကုန်စင်ခြောက်သွေ့သည်အ
လက်ခံ သိမ်းပေးထားနိုင်သော ရင်ခွင်တစ်ခုလိုအပ်နေသည့် အတွ
ထိုရင်ခွင်ဟာ အမေ့ရင်ခွင်ဖြစ်နေသောကြောင့်.. ။

"မြွေ..မြွေ.."

"ဟင်.."

လူတွေရှဲသွားသည့်အချိန်မှာ သူမခြေထောက်ကို မျက်လုံးတွေ
နေကြတာ သိလိုက်၏။ ရုတ်တရက် ထိတ်လန့်ကာ မျက်လုံးတွေပြာ
သွား၏။

"အန်တီ..နောက်ဆုတ်.."

"ဘုန်း.."

"အား.."

နောက်ကိုဆုတ်လိုက်ရင်း ခြေထောက်နားမှာ ဘုန်းခနဲမြည်
ကြီးကြောင့် လန့်အော်မိ၏။ ဆယ့်သုံးနှစ်သားအရွယ် ချာတိတ်လေး
စုက မြွေကို ပြေးရိုက်ကြခြင်းဖြစ်၏။

ခြေထောက်နားမှာမို့ ကြောက်သည့်အရှိန်နှင့် အပြာရင်ဘက်
ထားရင်း ငုံ့ကြည့်လိုက်မိသည်။ မြွေက လက်မလုံးလောက်ရှိကာ

www.burmeseclassic.com

www.burmeseclassic.com



ည်း တော်တော်ရှည်၏။ အစက်အပြောက်ဘာမှ မသိသာဘဲ သစ်ကိုင်းခြောက်ရောင် ရင့်နေသဖြင့် အနက်ရောင်လုနေသေးသည်။

ထိုပြင် အရိုက်ခံနေရသည့်ကြားက ပါးပျဉ်းထောင်ဖို့ကြိုးစားနေသေး၏။

“မြွေဟောက် မြွေပွေးမျိုးလည်း မဟုတ်ဘူး..ဒီမြွေက ပါးပျဉ်းထောင်ချေလား..”

“ဟုတ်ပ..ဟိုအစ်မကံကောင်းလို့၊ ကလေးတွေလက်ဦးလို့နော်..”

“ဟုတ်တယ်..ဒေါ်သထွက်ပြီး အဲ့ဒီကိုပြေးတာ ရင်ဆိုင်မိရင်တော့ကိုက်ပစ်မှာပဲ..”

ဘုရား..ဘုရား.. ၊

ကိုယ့်အဖြစ်ကိုကြားရကာ အပြာရင်တွေတုန်နေမိ၏။ အမေတို့မ်းထိပ်ကို ရောက်တာနှင့်မြွေကိုက်ခံရတော့မလို ဖြစ်ရသည့်အတွက်ရင်ထဲမှာ လေးသွားခဲ့၏။ လူတွေမြွေကိုစိတ်ဝင်စားနေကြသော်လည်းအပြာထိုနေရာက ထွက်ခဲ့ရင်း.. ၊

‘ငါ ဒီလောက်တောင် ကံဆိုးနေတာလား..’လို့လည်း တွေးမိလာသည်။ ကိုယ်နေခဲ့ဖူးသော လမ်းကလည်း စိမ်းသက်နေသလိုလို၊ ခြောက်သွေ့နေသလိုလို.. ၊

“ဟော..အပြာပါလား၊ ကားမပါဘူးလား..”

“ဟုတ်ကဲ့..ကားမအားလို့လေ..”

ကြက်သွေးရောင်ဝတ်စုံ ညီညီရဲရဲနှင့် ဆံပင်တွေကိုလည်းနောက်မှာအနီရောင် ခေါင်းစည်းကွင်းလေးနဲ့ သေသပ်ရှ ဖိသပ်စည်းထားသည်။မျက်နှာမှာ မှုန်နံ့သာဘာမှမခြယ်၊ အပြုံးအရယ်ကင်းနေသောမျက်နှာနှင့်သူမတစ်ကိုယ်လုံးကပဲ အပူသည်ရှုပ်ပိုပြင်နေလို့လားမသိ။

နှုတ်ဆက်ကြသည့်အသိတွေရဲ့ မျက်လုံးတွေက ပြုံးနေသည့်နှုတ်ခမ်းတွေက တခြား၊ အကြည့်တွေက စူးစမ်းနေ၍တစ်မျိုး။ အပြာအားလုံးကိုဥပေက္ခာထားလိုက်သည်။ ကိုယ့်သောကနဲ့ကိုယ် လူကဲခတ်လို့မရအောင်ကြိုတင် အားတင်းလာခဲ့ဖို့ ပြင်ဆင်ချိန်လည်း မရ.. ၊

တွေးလည်း မတွေးခဲ့နိုင်။ ခြေလှမ်းတို့သည် တံခါးကို တွန်းဖွင့်ဝင်ခဲ့ပြီး လှမ်းကြည့်တော့ သံဇကာကွက်ကနေ အမေ့ကျောပြင်ကို လှမ်းမြင်လိုက်ရသည်။ ပြီးတော့ ခြံဝကိုလှည့်မကြည့်ဘဲ အိမ်တွင်းထဲ ဝင်သွား၏။

ကိုယ့်မျက်နှာကိုမြင်လိုက်ရင်တော့ ဒီမျက်လုံးတွေ ငိုယိုလာခဲ့ပြီမှန်းအမေတန်းသိမှာပင်။ သိခဲ့ရင် ဒေါ်သပုန်ထဦးမှာလား.. ၊

အမေဒေါ်သထွက်အောင် လာငိုတာမဟုတ်။ သူမသာ ကိုယ့်အဖြစ်နဲ့ကိုယ် မျက်ရည်ချောင်းဖြစ်အောင် ငိုလိုက်ချင်တာပါ..လို့ ငိုလို့အားရမှအမေ့ကို ရှင်းပြမည်။

မာမီနဲ့မောင့်ကို အပြစ်တင်စရာမဟုတ်သည့်အပြင် မောင့်အဖြစ်ကိုပြောပြပြီး ‘သမီးကိုသာ ရိုက်သတ်လိုက်ပါတော့..’လို့ ခေါင်းထိုးပေးလိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးမိ၏။ အပြာဖိနပ်ချွတ်တာတောင် စီစီရီရီမချွတ်ခဲ့နိုင်ဘဲ လေး[illegible] ထစ်တွေကို ခပ်သွက်သွက်လှမ်းတက်ခဲ့သည်။

အိမ်ပေါ်တံခါးမကြီးရဲ့ရှေ့မှာ ခြေစုံရပ်မိလိုက်လျှင်.. ၊

"ဘာပြောတယ်..မင်းဘာစကားပြောလိုက်တာလဲ ရဲသွေးနီ.."

"......... ........"

"အံမာ အံမာ..မိုက်ရိုင်းလိုက်တာ၊ မင်းကိုငါလုပ်ခိုင်းခဲ့တာ[illegible] ငါ့သမီးနားကို နည်းနည်းပါးပါးကပ်ပြီး ခြံဆိုတဲ့သတ္တဝါလေး တန်ဖိုး[illegible] လည်သွားရုံပဲ.."

"......... ........"

"ဘာပြောတယ်.."

"......... ........"

"တောက်..ဒီပြဿနာတွေဖြစ်အောင် ငါကလုပ်ခိုင်းစရာလား၊ နင်[illegible] နင်နဲ့ငါတွေ့မယ်.."

"......... ........"

"ဘာပြောတယ်..နင်ပြန်ပြောစမ်း၊ အံမာ..ငါ့သမီးအိမ်ထောင်ရေး[illegible] ခိုက်အောင် နင်ဆက်လုပ်ကြည့်ပါလား၊ နင်နဲ့ငါတွေ့.."

ဖုန်းပြောရင်း ဒီဘက်လှည့်လိုက်လျှင် တံခါးဝမှာတောင့်မတ်[illegible] ရပ်ငေးနေသည့် အပြာ့ကိုတွေ့သွားကာ.. ၊

"အပြာ.."

ဖုန်းကိုအလန့်တကြား ဖိဆုပ်လိုက်ရင်း မျက်လုံးတွေပါပြူးသွား[illegible] သည်။ ပြီးတော့ ဖုန်းကိုသတိတရ ပိတ်လိုက်ပြီးစားပွဲပေါ်လှမ်းတင်[illegible] ကမန်းကတမ်း ထွက်လာလျက်.. ၊

"ဘယ်တုန်းက ရောက်နေတာလဲ.."

"ခုလေးတင်ရောက်တာပါ..ဒါပေမယ့် သမီးသိသင့်တာတွေ လုံ[illegible] လောက်လောက် သိသွားပါပြီ.."

"ဟင်.."

ကွက်ခနဲ မျက်နှာပြင်က အနီရောင်တက်လာခဲ့ပြီး.. ၊

"အဲ့ဒါ အမေရှင်းပြမယ်.."

အပြာက ခေါင်းခါရင်း အံကြိတ်သည်။

"မဟုတ်ဘူးအပြာ..အမေလုပ်ခဲ့တာ ညည်းအတွက်ပါ.."

ခေါင်းခါရင်း မျက်ရည်တွေပြည့်အိုင်လာသည့် မျက်ဝန်းတို့ကြောင့် ဒေါ်ဟေမာန်ပို၍ ပျာယာခတ်လာခဲ့ရင်း.. ၊

"ဟန်နီနဲ့ခြံကို သူ့အမေကလွှတ်ထားတာလေ..ဟိုကသူဌေးသ[illegible] တဲ့အပြင် လူကြီးချင်းလည်း သဘောတူထားတာ၊ ခြံကမှ ဒီဟာမလေး[illegible] သာယာသွားရင် ညည်းဘဝပျက်ရမှာ.."

"တော်ပါတော့.."

"တော်လို့မရဘူး..ငါညည်းအတွက် လုပ်ခဲ့တာကို နားလည်စမ်း[illegible]

www.burmeseclassic.com

www.burmeseclassic.com


လူ့စိတ်ဆိုတာ အပြိုင်အဆိုင်ရှိလာမှ ပိုပြီးမက်မောတာ..သူ့များယူတော့မယ်ဆိုမှ ချစ်တဲ့သဝန်တိုစိတ်က အုံကြွလာတတ်တာ၊ ငါလုပ်ခဲ့တာ ခြံသန့်တိုပြီး ညည်းအပေါ်မှာ ဂရုစိုက်.."

"ကျေးဇူးတင်ပါတယ်လို့ သမီးပြောပေးရမလား.."

အပြော့လေသံကြောင့် ဒေါ်ဟေမာန်ဆွံ့အသွားခဲ့၏။ လျှာခလုတ်တိုက်မတတ် ရှင်းပြခဲ့သော်လည်း.. ။

"မတင်ဘူးအမေ..ခုနေ သမီးဆီကကျေးဇူးတင်စကားမကြားရရင်သခန်းပြတ်ပြီလို့ အမေပြောရင်တောင် သမီးခေါင်းခါမှာပဲ၊ အမေ့ကိုအရမ်းအံ့သြတယ်..အမေ့စိတ်ဓာတ် အမေ့လုပ်ရပ်တွေ သိပ်ကိုသေးသိမ်အောက်တန်းကျလွန်းတယ်.."

"အပြော..ညည်း ညည်းငါ့ကို အဲ့လောက်မပြောနဲ့နော်.."

"အဲ့ဒီထက် ပြောသင့်တာမဟုတ်ဘူးလား.."

မျက်ရည်ကို လက်ခုံနဲ့ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ပြီး နှုတ်ခမ်းသားတို့ မချိတရိဖိကပ်မဲ့လျက်.. ။

"ပြောချင်ရင် စွတ်ပြောတယ်..လုပ်စရာရှိရင် ဘာဖြစ်ဖြစ်လုပ်ရဲတယ်၊ အမေပြောလိုက်တဲ့ စကားကြောင့် ကိုယ့်တန်ဖိုးဘယ်လောက်နိမ့်ကျသွားလဲဆိုတာတွေ အမေသိလား..အမေ့လုပ်ရပ်ကြောင့် ဘယ်သူတွေဘာတွေဖြစ်ကုန်မလဲ ဆိုတာရော အမေတွေးကြည့်ဖူးရဲ့လား.."

"ဟုတ်တယ်..ငါမှားပါတယ်၊ အဲ့လိုတွေဖြစ်သွားကြဖို့ မဟုတ်ဘူး..အဲ့ဒီညက ညည်းနဲ့အထင်လွဲသွားတဲ့လူက သူမှန်းလည်းခုမှသိတာ၊ ဆန်နီဆိုတဲ့ ဟာမလေးကိစ္စပြီးသွားပြီ ထင်ကတည်းက ငါသူ့ကိုထပ်မလုပ်ဖို့ ပြောထားပြီးသား..အဲ့ဒါကို အဲ့သတ္တဝါလေး သက်သက်ယုတ်မာတာ.."

"အဲ့လိုယုတ်မာမယ်လို့ အမေမထင်ခဲ့ဘူးလို့ ပြောပါဦး.."

"ဟုတ်တယ်..ငါတကယ်မထင်.."

"ခု ခံလိုက်ရတော့ ဘယ်လိုနေလဲ..ဒီမှာကြည့်ပါဦး.."

မျက်နှာပေါ်က ဆံပင်ကိုနဖူးသပ်ပါးသပ်ပြရင်း မျက်နှာရှေ့တိုးပြတော့ မျက်ရည်မြစ်ချောင်းဖြစ်ထားခဲ့သည့် နီရဲမို့အစ်နေသော မျက်လုံးနဲ့မျက်နှာတစ်ပြင်လုံးသည်.. ။

"ကြည့်လေအမေ..ဘာလဲ မြင်ရင်မြင်တယ်မှတ်လို့ ပြန်ပြောမလို့လား၊ ဟုတ်ပါတယ်..သမီးတို့လင်မယားကွဲမယ့်ကိစ္စက အမေနဲ့မှမဆိုင်တာ၊ သမီးသေအောင် ခံစားနေရလည်း အမေခံစားရတာမှ မဟုတ်ဘဲ.."

"ဘာ.."

"အမေကိုယ်တိုင် မိဘတို့ဝတ္တရားနဲ့အညီ ထိမ်းမြားပေးစားခဲ့တဲ့သာကျဉ်းလည်း မဟုတ်ဘူး.."

ကြည့်စမ်း.. ။

ပြောရက်လိုက်တာ..ညည်း.. ။

www.burmeseclassic.com

www.burmeseclassic.com


"သမီးယောက္ခမပေမယ့် ဒေါ်မင်းမာလာက အမေ့ရဲ့ပြိုင်ဘက် သမီးနဲ့ဆွေမျိုးတော်နေသရွေ့ အမေလည်း သူနဲ့မဖြစ်မနေ နိုင်းယှဉ် မှာဆိုတော့ အဲဒီလိုတော်တဲ့ မိန်းမတစ်ယောက်ကို အမေပုတ်ချချင် သဘာဝကျနေတာပဲ.."

"ညည်းတော်တော့.."

မျက်ရည်တွေ ဝေ့လည်လာတာ ဒေါ်ဟေမာန်ကိုယ့်ကိုယ်ကို ထားမိ.. ။

"ညည်း..ညည်း ငါ့ကို.."

"စော်ကားတယ်ပြောလည်း ဂရုမစိုက်ဘူး..လေးစားထိုက်သူ လေးစားမယ်၊ သမီးရှိသေလေးစားခဲ့တဲ့ သမီးရဲ့ယောက္ခမကို အိပ် ဗုန်းဗုန်းလဲအောင် လုပ်နိုင်တဲ့အတွက် အမေ့မှာဗီလိန်ဇာတ်ရုပ် အထင်ကြီးလေးစားလောက်စရာ ဘာမှမရှိဘူး.."

"ညည်း.."

ပခုံးတစ်ဖက်ကို ဆောင့်ဆွဲလိုက်ရင်း လက်ကိုတအားလွှဲပစ် သည်။ သို့သော် မြောက်ရွယ်ထားသည့် လက်ကလေထဲမှာပဲ ရပ်တန့် ခဲ့လျှင်.. ။

"ရိုက်လေ..ပြောလို့မနိုင်ရင် လက်ပါတတ်တာ အမေ့အကျင့်ပဲ ပစ်လိုက်ပါ.."

ဘယ်သူ့အပေါ်မှာ ဘယ်လိုလက်မြန်ခဲ့ပေမယ့် သမီးလေးအပေါ် သူမစိတ်လိုက်မာန်ပါ ဆွဲလွှဲရိုက်ခဲ့ဖူးလို့လား.. ။

ရိုက်ခါနီးတိုင်း တုတ်ရွေးရလွန်းလို့ အရိုက်ခံရမယ့်သူက တုတ် လာပေးပြီး အရယ်ခံရသည့်အဖြစ်တွေတောင် ရှိခဲ့ဖူးတာ။ ရွယ်ထားသ လက်က တွဲလွဲကျခြင်းသို့ရောက်ကာ မျက်ရည်နှစ်စက်က ညီညီညာ ခုန်ဆင်း၏။

မျက်ရည်ကိုမြင်လိုက်တော့ အပြာမျက်နှာတစ်ချက်ပျက်သည်၊ သို့ သော် ဆတ်ခနဲ တစ်ဖက်လှည့်ပစ်ရင်း.. ။

"ကိုယ့်သမီးကို မိခင်တစ်ယောက်ဖြစ်ခွင့်မပေးတဲ့အမေက ရိုက်နှ ဆုံးမဦးမယ်ဆိုတော့ ခံသင့်တာပဲ.."

အပြာ ဘာပြောလိုက်တာလဲ.. ။

မျက်ရည်လက်စနှင့် ဒေါ်ဟေမာန် ငေးကြည့်နေခဲ့၏။ အပြာ မျက် နှာကို ခပ်စောင်းစောင်းငဲ့ကြည့်ပြီး အံကြိတ်ရင်း.. ။

"သဝန်တိုအောင်ဆိုပြီး အမေညစ်ညစ်ပတ်ပတ်တွေ လုပ်ဇာတ်ခင်း တာ အောင်မြင်ပါတယ်..ဒါပေမယ့် အမေ့ရဲ့ညစ်ညမ်းမှုကို ကံကြမ္မာ ဒဏ်ခတ်တော့ သမီးပဲခံရတာ.."

"ဘာတွေပြောနေတာလဲ..ငါနားလည်အောင်ရှင်းရှင်းပြောစမ်း ပါ"

"သဝန်တိုပြီးဖြစ်ခဲ့တဲ့ အက်ဆီးဒင့်ကြောင့် မောင်ကဘယ်တော့ ကလေးမရနိုင်တော့ဘူးလေ.."

www.burmeseclassic.com

www.burmeseclassic.com


ဟင်..၊ ဒေါ်ဟေမာန် မျက်လုံးတွေရော နှုတ်ခမ်းအစုံပါ ပွင့်ဟငြိမ်သက်သွားခဲ့ပြီး..၊

ဒါ..၊ ရင်ထဲမှာ ကတုန်ကယင်ဖြစ်လာသည်။ မတ်တပ်ကနေ လဲပြိုဘတ် ခွန်အားမဲ့သွားခဲ့ရင်း..၊

"အဲ့လောက်ဖြစ်သွားတာလား.."

"ဟုတ်တယ်..အမေလုပ်လိုက်တာ ထိရောက်တယ်လေ၊ ကျေနပ်ယ်မလား.."

"အပြာ..ညည်း မအေကိုမစော်ကားနဲ့..ငါ.."

"အမေ့မှာပြောစရာ ဒါပဲရှိတာ..မရည်ရွယ်ခဲ့ပါဘူးဆိုတဲ့စကားနဲ့ယ်အတိုင်းအတာထိ မှားခွင့်ရှိတယ်ထင်နေသလဲ၊ မရည်ရွယ်ဘဲ ဖြစ်တာ ဘယ်လောက်တောင် လာဦးမှာလဲ..တော်ပါတော့ အမေ့ကိုမယုံတော့ လေးစားသမှုတွေလည်း ဒီနေရာမှာပဲ အရည်ပျော်သွားပြီ.."

"ညည်းနော်.."

ဒီစကားကို ဒေါ်ဟေမာန်ဘယ်လိုမှ နားထောင်နိုင်စွမ်းမရှိဘဲ လက်ထောင် သတိပေးသလို ရှေ့တက်လာသည်။ အပြာက နောက်ဆုတ်တ်ပြီး..၊

"အမေ့ကိုမုန်းတယ်..သမီးဘဝမှာ အမေ့ရဲ့နွေးထွေးလုံခြုံတဲ့ ထိန်းမ်းစောင့်ရှောက်မှု မရခဲ့သမျှ သမီးရဲ့ရင်သွေးလေးတွေအပေါ် ဘယ်ဂရုစိုက်မယ်..ပြုစုပျိုးထောင်မယ်ဆိုတဲ့ အိမ်မက်တွေ ခုတော့အားလုံးသွားပြီ.."

"ငါ့ကိုစော်ကားတာတွေ ညည်းတော်နော်..ညည်းတော်တော့.."

အမြဲတမ်း စကားတွေပလစ်ဆန်အောင် ပြောတတ်ခဲ့သမျှ ဒေါ်ဟေန် ဒီထက်ဘာမှမပြောတတ်တော့ဘဲ..၊

"ငါ့ ညည်းကိုချစ်လွန်းလို့..ငါအတွက်.."

"အမေ့အတွက် ဟုတ်တယ်..ဘဝတစ်လျှောက်လုံး အမေ့အတွက်ပဲ အမေလုပ်ခဲ့တာ၊ အမေလွတ်လပ်သာယာဖို့အတွက် သမီးကို အဝေးမှာားပြီး ကိုယ့်ကိုယ်ကိုတော့.."

"တော်တော့..ညည်း ညည်းငါ့ကိုစော်ကားလို့ အားရရင်ထွက်သွားက်တော့.."

"သွားမှာပါ..အမေ့အိမ်ရိပ်ကို မပြောနဲ့၊ အမေရှိတဲ့အရပ်မျက်နှာက်ကိုတောင် ခြေဦးမလှည့်မိစေ့အောင် နေမယ်.."

"နေလေ..ငါကလည်း ဒီလောက်မိုက်ရိုင်းတဲ့ သမီးကိုမွေးခဲ့တာ ငါဟုတ်ဘူးလို့ သတ်မှတ်လိုက်မယ်၊ သွားစမ်းပါ..နှင်းဟေမာန်ဆိုတဲ့န်းမကလည်း ညည်းထက်တော့ မညံ့ဘူးအပြာ..ပျော့ရင်ဖယောင်းရင်သံချောင်းပဲ၊ ပြတ်ပြီဆို.."

"ဒုန်း.."

ဟင်..၊ လှည့်ထွက်သွားသည့် အပြာ့ကိုယ်လေး အိမ်မှရှိပေါ်ဒိုင်းခနဲ

www.burmeseclassic.com

www.burmeseclassic.com


ယိုင်ကျသွားသည်။ အမှတ်တမဲ့ခြေချော်သွားသည် ထင်ရသော်... နံရံကိုမှီလျက် ခွေကျသွားလျှင်.. ၊

"အပြာ..အောင်မလေး လုပ်ကြပါဦး.."

ဒေါ်ဟေမာန် ကမန်းကတန်းပြေးထွက်လာပြီး အပြာ့ကိုယ်... လှေကားပေါ်ကနေ ကမန်းကတန်း ပွေ့သည်။

"ဘာတွေဖြစ်ကုန်ကြတာတုန်း.."

ဒေါ်ကြီးစိန်လည်း ခြံတံခါးဖွင့်ပြီး အပြေးအလွှားဝင်လာလျှင်...

"လုပ်ပါဦး..လုပ်ကြပါဦး၊ ကျွန်မသမီးလေး ငရဲကြီးတာလားဟင်..."

ကယောင်ကတမ်းတွေ ဖြစ်ရင်း ဒေါ်ဟေမာန်အပြာခြေထောက်... နှစ်ဖက်ကို အတင်းဆွဲယူပိုက်ထားဖို့ ကြိုးစား၏။

"ဘာလုပ်နေတာလဲ ခြေထောက်ကို.."

"မဟုတ်ဘူး.."လို့ ခေါင်းခါဖြေရင်း မျက်ရည်တွေတပေါက်ပေါက်... ကျ၏။

"ကျွန်မကို နည်းနည်းလေးပဲအော်ပြောတာပါ..ဒီလိုပဲပြောနေ... လေ၊ ဒါငရဲကြီးစရာ မဟုတ်ဘူးမို့လား..ကျွန်မသမီးလေး ဘာဖြစ်... တာလဲ.."

ဒေါ်ကြီးစိန် ဖျတ်ခနဲငုံ့ကြည့်သည်။ ခြံရှေ့ရောက်တည်းက ကြ... ရတဲ့ဒီအသံကို နည်းနည်းလေးပဲ အော်ပြောတာတဲ့.. ၊

မျက်နှာပြန်လွှဲရင်း ဘာမှလည်းမပြောဖြစ်ခဲ့..

ရင်ထဲမှာတော့ မကောင်းနိုင်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၂)

"မမကြီး.."

"ဟင်.."

မရဲတရဲခေါ်ကြည့်လိုက်တော့ ဒေါ်မင်းမာလာပြန်ထူးသဖြင့် ရှေ့ ည်းနည်းထပ်တိုးကာ.. ။

"ထမင်းလေး နည်းနည်းလောက်.."

"အဝင်း.."

"ရှင်..မမကြီး.."

"ငါ့ကိုထမင်းကျွေးနေဖို့ မလိုဘူး..ငါကလေးလည်း မဟုတ်ဘူး၊ သားပြန်လာပြီလားခု.."

အဝင်း အသံတိတ်နေသဖြင့် ဟိုဘက်ကိုစောင်းလှည့်နေသည့် ကိုယ် ပက်လက်ဖြစ်သွားသည်။ ပြီးတော့ အဝင်းမျက်နှာကို ကြည့်၍.. ။

"မေးနေတယ်လေ.."

"ပြန်မလာသေးဘူးမမကြီး.."

ဒေါ်မင်းမာလာ မျက်လုံးတွေနံရံကပ်နာရီကြီးဆီ ရွေ့လျားသွား သည်။ ညနေစောင်းနေပြီပဲ။ ကိုယ့်စိတ်ကိုဘယ်လိုမှဖြေမဆည်နိုင်ဘဲ လိုမဖြစ်သင့်မှန်းသိရက်နဲ့ ထောင်မတ်နေဖို့လည်း ကြိုးစားနေပါလျက် င့် အိပ်ရာထဲပဲ ဝင်ခွေနေမိခဲ့သည်။

ကိုယ်က ငိုနေသည်မှန်းမသိလိုက်ခင် မျက်ရည်စက်တို့ ခေါင်းအုံး စွန်းထင်းခဲ့သည်။ ဘာမှမဟုတ်လောက်သော ခြေလှမ်းမှားတစ်ချက် ကြောင့် ပေးဆပ်လိုက်ရတာ တန်သလား.. ။

လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံးဟာ မိနစ်ပိုင်းလေးအတွင်းမှာ ရှင် ကျက်နဲ့သေဆုံးသွားခဲ့သည်။ လောကရဲ့အနိစ္စသဘောတွေပဲလို့ ဖြေရမယ့် စား ခြေချော်ကျလာသည့် အနိစ္စတရားကြီးကကိုယ့်သားလေးဆီကိုမှ န်းတန်းမတ်မတ်၊ ဘာကြောင့်လဲလို့ အထပ်ထပ်တွေးရင်း နာကျင်နေ ၏။

"သားဘာမှ ပြောမသွားဘူးလား.."

"ဟိုလေ..ပြောတာက.."

"မြန်မြန်ပြောစမ်း..ဘာပြောသွားတာလဲ.."

ဒေါ်မင်းမာလာ အိပ်ရာထက်က လက်ထောက်ထထိုင်ရင်း မူးဝေနေ ခြင်းကြောင့် မျက်နှာတစ်ချက်မဲ့သွား၏။

"လူလေးက အပြာအိမ်ကထွက်သွားတာလားလို့မေးပြီး.."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့.."

အဝင်း အသံတိတ်သွားသောလည်း အားတင်းလိုက်ရင်း—

"အပြာပြန်ရောက်နေပါပြီ.."

"အဲ့ဒါကို ငါကလက်ခုပ်ပန်းမောင်းတီးပြီး ကြိုဆိုရမှာလား... ပြာရင့်ရောင်ဆိုတာ ငါ့အိမ်ကိုလွှင့်စင်လာတဲ့ မီးပွားတစ်စပဲ.."

"မလိုတစ်မျိုး လိုတစ်မျိုးလုပ်တာ မကောင်းပါဘူးဒေါ်မင်းမာ... ဟင်.. ।

အဝင်း နောက်ကအသံကြောင့် လှည့်ကြည့်လိုက်မိသည်။ ဒေါ်... မာလာက တစ်ချက်လှမ်းကြည့်ပြီး မျက်မှောင်ကုတ်သွားသည်။ ပြီး... ခေါင်းအုံးတွေဆင့်ခံနေသဖြင့် အဝင်းက ကမန်းကတန်းပြင်ဆင်ပေး... ကာ.. ।

"ခေါင်းအုံးထပ်ဆင့်ပေးရဦးမလား မမကြီး.."

"ရပြီ.."

ခေါင်းအုံးထက်မှာ အကျအနမှီလိုက်ပြီးမှ ဒေါ်ဟေမာန့်မျက်... နေ ကြမ်းပြင်မှာ ထိကပ်နေသည့် ခြေဖဝါးစောင်းတွေအထိ အတိအကျ... ကြည့်သည်။ ပြီးမှ မျက်ဝန်းတို့သည် မျက်နှာဆီပြန်ရောက်လာခဲ့ပြီ...

"ဒီကို ဘာကိစ္စနဲ့လဲရှင်က.."

"အပြာမူးလဲသွားလို့ ပြန်ပို့ပေးတာ.."

"ဟွန်း.."

လက်ပိုက်လိုက်ပြီး မဲ့သည်။ အမြဲတမ်းနှုတ်ခမ်းနီပါးပါးနှင့် ပိ... သားဟန်ရှိနေခဲ့သော နှုတ်ခမ်းတို့က ဖြူဖျော့ဖျော့ လျော့ရဲနေ၏။ အ... ရောင် မျက်နက်ဆန်တို့က အားနည်းဖျော့ကျနေလျက် ထိုမျက်ဝန်း... ပတ်လည်ကတော့ အညိုရောင်ရစ်နေခဲ့ပြီး ရက်ပေါင်းများစွာ အိပ်ရေး... နေခဲ့သော လူမမာတစ်ယောက်လို.. ।

"ဘယ်လိုဆေးစားမှားပြီး ဝတ္တုရားတွေကျေနေတာလဲ..အခါလွန်... ကို ဘယ်သူမှမနှစ်မြို့ဘူး၊ အဲ့ဒါဖျက်မီး.."

"မီးမဟုတ်ပါဘူး..ကျွန်မကအမေပါ.."

"သြော်..မိန်းကလေးတစ်ယောက် ဘယ်လိုနေထိုင်တတ်ရတယ်... တာတောင် ကိုယ့်သမီးကိုမဆုံးမနိုင်ခဲ့ဘဲနဲ့ မိဘမေတ္တာတွေ လာရှ... တယ်..တန်ရာတန်ရာပြောမှပေါ့.."

မာနကြောင့် စိတ်ကထောင်းခနဲဖြစ်သွားသည်။ သို့သော်.. ।

"သမီးရှိသေလေးစားရတဲ့ ယောက္ခမကို အိပ်ရာထဲလဲဗုန်း... အောင်လုပ်တာ ဗီလိန်ဇာတ်ရုပ်အပြင် အထင်ကြီးစရာမရှိဘူး..."

မျက်ရည်တွေနဲ့ ဗလုံးဗထွေး စကားသံတွေကို ကြားယောင်ရင်း...

"ကျွန်မက.."

"ကိုယ့်သမီးကိုယ့်ဆီပြန်လာတာတောင် လက်မခံချင်တာကို အ... လို အကြောင်းပြမလို့လဲ.."

www.burmeseclassic.com

www.burmeseclassic.com


"လက်မခံချင်လို့ မဟုတ်ဘူးဒေါ်မင်းမာလာ.."

"လူမြင်ကောင်းအောင် လုပ်ပြနေဖို့မလိုဘူး..ရှင်ဒီထိကိုယ်ယောင်ဖျောက်ပြလို့လည်း ဒီအိမ်မှာ ကျက်သရေမင်္ဂလာတိုးမသွားဘူး၊ သူမနေချင်လို့ထွက်သွားတာ လွမ်းလောက်စရာမရှိပါဘူး.."

နားထောင်နေရင်း နှုတ်ခမ်းတွေကိုဖိပိတ်မျိုသိပ်နေရသည်။ ဒေါ်သာနတွေ မဟုတ်တော့ဘဲ နာကျင်မှုတွေပဲ ဖိစီးလာကာ အံကြိတ်ရင်းမျက်ရည်ဝေ၏။

"ဒီအိမ်မှာ သူရှိနေခြင်းမနေခြင်းက ဘယ်သူ့အတွက်အရေးပါမှာလဲ.."

နာကျည်းသည့်မျက်ဝန်းတွေက ဟိုအစတည်းက သားအတွက်သာအာမဆို ကျေနပ်ကြည်ဖြူစွာ ပုံချပေးအပ်ခဲ့မှန်း ဖော်ပြနေကြကာ.. ၊

"ရှင်ပြောခဲ့တာမှန်တယ်..ခုကစပြီး ကျွန်မမလိုတစ်မျိုး လိုတစ်မျိုးပြောနေမှာ.."

"ဖြစ်ခဲ့တာတွေအတွက် ကျွန်မတောင်းပန်ဖို့ လာခဲ့တာပါ.."

"မလိုပါဘူး..အခု ကျွန်မသားအိမ်မှာမရှိဘူး၊ သူထွက်သွားပြီဆိုကတည်းက သားထွက်သွားခဲ့တာ..ခဏနဲ့ပြန်လာမှာလား စိတ်နာပြီးအိမ်ကထွက်သွားတာလားဆိုတာလည်း မသိဘူး.."

ပြောနေသည့် နောက်ဆက်တွဲစကားသံက အဖျားခတ်တုန်ယင်သွားခဲ့၏။ မျက်တောင်ခတ်လိုက်တော့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေလှုပ်ပ်လှုပ်လဲ့.. ၊

"ရှင်မသိသေးဘူးထင်တယ်..ကျွန်မသားက မျိုးဆက်မထွန်းကားနိုင်တော့တဲ့ ယောကျ်ားတစ်ယောက်ဖြစ်သွားပြီဆိုတာလေ.."

ပြုံးမဲ့မဲ့နှင့် တင်းမာနေသည့်မျက်ရည်စတွေနဲ့မို့ ဒေါ်ဟေမာန်ခေါင်းညိတ်ရင်း မျက်နှာငုံ့ကျသွား၏။

"ကျွန်မသိပါတယ်.."

"သိရဲ့သားနဲ့ ဘာကိစ္စနဲ့ခုကျမှ နှစ်ပြည်ထောင်သံတမန် အရေးကြီးတစ်ခုလို ကိုယ်တိုင်ကိုယ်ကျပြန်ပို့နေတာလဲ..ရှင့်သမီးကိုယ်တိုင် ကျွန်မသားကို မပေါင်းချင်လို့.."

"အို..မဟုတ်ဘူးဒေါ်မင်းမာလာ၊ ကျွန်မသမီးက အဲ့လိုမိန်းမမျိုးမဟုတ်ဘူး.."

"ရှင့်ကိုယ်ရှင် ဘယ်လိုမိန်းမမျိုးလဲပဲပြန်ကြည့်ပါ..ရှင့်သမီးအတွက်အာမခံမနေနဲ့၊ ဇာတိရုပ်ဆိုတာ ကြာကြာစောင့်ကြည့်ဖို့မလိုတဲ့ မပျောက်မျက်သော ကိုယ်ကျင့်တရားပဲ..သူ့ရဲ့ကိုယ်ကျင့်တရားဘယ်လိုဆိုတာ အခုပေါ်သွားပြီ.."

"အဲ့ဒါမဟုတ်ဘူး..အပြာကျွန်မဆီလာတာ ခဏလာလည်တာ၊ အိမ်က ဆင်းလာတာမဟုတ်ဘူး..သူမှုးလဲလို့ ကျွန်မကပြန်ပို့တာပါ.."

'ဩော်..'ဆိုသည့် ခပ်ငေါ့ငေါ့ အသံထွက်မလာခဲ့မယ့် မထူးခြား

www.burmeseclassic.com

www.burmeseclassic.com



သော သတင်းတစ်ရပ်ကို ကြားရသလို မျက်ခုံးနှစ်ဖက်မြင့်တင်ပြီး ခဲ...
ပြီးတော့.. ၊

"မူးတော့လည်း တက္ကစီပေါ်တင်လွှတ်လိုက်ရင် ရတယ်..ရှင်...
တိုင်ကိုယ်ကျ လိုက်ပို့ဖို့မလိုပါဘူး.."

"ကျွန်မလာတာ ရှင်မကြိုက်မှန်းသိပါတယ်.."

"ဒီနေရာမှာ လာမရပ်ခင်တည်းက သိသင့်တာ.."

"ရပ်နေတာက ရှင်းပြချင်လို့ပါ..ခြံခုလိုဖြစ်ရတာ ကျွန်မသမီး...
သိက္ခာမဲ့လို့ မဟုတ်ပါဘူး.."

ဘာရှိသေးလို့လဲ ဆိုသည့်မျက်လုံးတွေ ဝင်းခနဲရောက်လာ...

"ဖြစ်ခဲ့ရတာ ကျွန်မကြောင့်ပါ.."

ဒေါ်ဟေမာန်က ဝန်ခံပြီးသည်နှင့် မျက်နှာငုံ့ပစ်လိုက်၏။ ပြီး...
သူမကြုံစည်ခဲ့သမျှကို ပြောပြနေခဲ့ရင်း.. ၊

"ကျွန်မမှာပဲ အပြစ်ရှိတာပါ..ကျွန်မက ရှင်အထင်မကြီးခဲ့...
အဲ့လို မိန်းမမျိုးပါ.."

ငုံ့နေရင်း မျက်လုံးအောက်မှာအရိပ်တစ်ရိပ် ဝင်လာတော့ မော့...
လိုက်မိသည်။ သူ့ရှေ့မှာ ဒေါ်မင်းမာလာက အေးစက်ခက်သည့်မျက်...
တွေနဲ့ ရပ်နေခဲ့လျက်.. ၊

"သဝန်တိုအောင် တဲ့..ဟုတ်လား၊ သဝန်တိုတတ်တဲ့ ဒေါ်သအ...
ကို ရှင်ဘယ်လောက်သိနေလို့လဲ.."

"ကျွန်မ.."

"ရှင့်သမီးကို ချစ်စေချင်တာပေါ့.."

"ဒါပေမယ့် ကျွန်မစလောက်ထိ.."

"ကျွန်မသားလူဖြစ်ရှုံးရတဲ့အထိ မရည်ရွယ်ဘူးလို့ ရှင်ပြောစမ်း..."

ဒေါ်ဟေမာန် မျက်လုံးချင်းဆုံကြည့်ရင်း ခေါင်းညိတ်လိုက်သည်...
ပြီးတော့.. ၊

"ကျွန်မတောင်းပန်ပါတယ်..မရည်ရွယ်ပေမယ့်.."

ထပ်ပြောဖို့ စကားစလိုက်သည်နှင့်.. ၊

"ဖြန်း.."

ရိုက်ချက်က ပြင်းသည်။ ဒေါ်ဟေမာန်မျက်နှာ လည်ထွက်သွားကာ...
ရိုက်သည့်လူပါ ယိုင်နဲ့သွားလျက်.. ၊

"မမကြီး.."

အဝင်း မလှမ်းမကမ်းမှာ ရှိနေတာမို့ ဒေါ်မင်းမာလာလဲကျမသွား...
အောင် ပြေးတွဲထားလိုက်၏။ ဒေါ်ဟေမာန်သည် ညိုရဲသွားသည့်ပါးပြင်ကို...
ပြန်စမ်းကိုင်လိုက်လျက် ဒေါ်မင်းမာလာသည် နီမှိုတုံမြင့်တုံ လှိုင်းထ...
သော ရင်ဘက်ကိုဖိ၍ အသက်ဝဝရှူနေရကာ.. ၊

"လုံးဝခွင့်မလွှတ်ဘူး..တမင်လုပ်ကြံတာကို တစ်သက်လုံးခွင့်မလွှတ်
ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျလာခဲ့ရင်း.. ။

"ရှင့်ပါးစပ်မို့ ဒီကိစ္စကြီးကို လာတောင်းပန်ရဲတယ်..ကျွန်မကလည်း ...က်မဲလို့ ရှင့်လိုမိန်းမကို ပါးရိုက်မိတာ၊ ရွံဖို့ကောင်းလိုက်တဲ့မိန်းမ.. ...တ်နိမ့်ညစ်ညမ်းတဲ့မိန်းမ၊ ရှင့်ဦးနှောက်လောက်တက်နေတာနဲ့ ကြံ ...ည်ပြီး ကျွန်မသားကို ဘဝဖျက်တာ.."

"ရှင်ကြိုက်တဲ့အပြစ်ပေးစမ်းပါ..ပါးရိုက်ရမှာရွံတယ်ဆိုရင် ရှင်အခု ...လုပ်ချင်သေးလဲ ဒေါ်မင်းမာလာ.."

နာကျင်မှုနှင့် စကားသံတွေက မာထန်ပြတ်ရှနေခဲ့လျက် အရိုက်ခံ ...ားရသည့် မျက်နှာတစ်ခြမ်းမှာ မျက်ဝန်းအိမ်တစ်ခုလုံး မျက်ရည်တွေ ...ည့်ပြည့်သိပ်သိပ်.. ။

"အပြာက ရှင့်ကိုယုံကြည်တယ်..ရှင့်ကိုကျွန်မထက် လေးစားတယ်၊ ...ရှင့်ဆီကနေ ဘယ်မှမသွားချင်ပါဘူး..အဲ့ဒါတွေကြောင့် သူပျော်တဲ့နေရာ ...သူချစ်တဲ့သူတွေရဲ့ အချစ်ကိုပြန်ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မ ...နားမကပ်ခဲ့တာ.."

"ဘယ်တုန်းကမှ မကပ်ခဲ့တာ ထည့်ပြောစမ်းပါ.."

သားဇောကြောင့် ပေါက်ကွဲလာခဲ့သော ဒေါသသည် ယဉ်ကျေးသိမ် ...ခြင်းတွေကို ချိုးဖျက်နင်းချေသွားခဲ့သည်လား.. ။

ဒေါ်မင်းမာလာ လက်သီးနှစ်ဖက်ဆုပ်ထားပြီး အားရှိသလောက် ...အော်သည်။ အော်လိုက်တိုင်း ယိုင်နဲ့သွားခဲ့ပေမယ့်.. ။

"အဲ့ဒီအကုသိုလ်ထုပ်ကို ဒီမှာထိုးသိပ်ထားခဲ့ဖို့ စိတ်ကူးနဲ့အရိုက်ခံပြီး ...တောင်းပန်နေတာဆိုရင် ရှင်အမောဆို့ပြီး သေမလား..တိုင်နဲ့ခေါင်း ...ပြေးဆောင့်လိုက်မလား၊ လုပ်လေ..လုံးဝလက်မခံဘူး ပြန်ခေါ်သွားရှင့်သ ...ကို.."

"ခေါ်သွားတာက လွယ်လွယ်လေးပါ..ဒါပေမယ့် သူ့လင်နဲ့သူ့မ ...ား ဆုံးဖြတ်ခွင့်ပေးဖို့တော့.."

"မေမေကြီးရေ.."

စကားပြောနေကြသည့် အခန်းဝမှာ စီစီပြေးလွှားပေါ်လာလျက် ...အထဲကအခြေအနေကို ကြည့်ပြီး တစ်ချက်တော့အမ်းသွားသည်။ အဝင်း ...တ်တိုကာ..၊

"ဟဲ့ ဘာလဲ..အရိပ်သုံးပါးမသိ.."

"သိပါတယ် အကြီးရဲ့..ဟိုလေ ဆရာဝန်ပြောတယ်သိလား၊ မမ ...ပြာမှာ ကိုယ်ဝန်ရှိနေပြီတဲ့.."

ဟင်.. ။

"ဘာ.."

အခန်းထဲရှိ လူသုံးယောက်ထဲမှာ ဒေါ်မင်းမာလာအသံပဲ ဟိန်းထွက် ...သွားခဲ့လျက် သူမပဲယိုင်နဲ့နဲ့ ခွန်အားမဲ့နေသူဖြစ်သော်ငြား.. ။

"ကိုယ်ဝန်ရှိနေပြီ..ငါ့သားကိုယ်ဝန် ငါ့သားလေးရဲ့ရင်သွေး.."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၃)

"ဒေါက်တာ..သူကိုယ်ဝန်ရှိနေတာ တကယ်လားဟင်.."

ဒေါ်မင်းမာလာ ပျာယာခတ်နေသည်။ မသေမသပ်ပြန့်ကျနေသည့် ဆံပင်တွေဒီတိုင်းနှင့် အပြာအိပ်ပျော်နေသည့် ခုတင်ဘေးမှာ မျက်နှာ ကိုငုံ့ကြည့်လိုက် နှိုးတော့မလို ထူတော့မလို လုပ်မိလိုက်နှင်.. ၊

"အဲ့ဒီသတင်းက ကျွန်မအတွက် အများကြီးအရေးပါတဲ့သတင်းပါ.. သချာဘဲနဲ့တော့ မပြောပါနဲ့.."

"မိန်းကလေးကိုလည်း မေးမြန်းထားပါတယ်..စမ်းသပ်ချက်အရ ကိုယ်ဝန်က ခုနစ်ပတ်ကျော်ရှိနေပါပြီ.."

"ဘုရား..ဘုရား.."

ဒါ အိမ်မက်မဟုတ်ဘူး၊ ဒါတကယ်ဖြစ်နေတာ..ဆရာဝန်ကိုယ်တိုင် ပြောနေတာ..အိမ်မက်မဟုတ်ဘူး.. ၊

အထပ်ထပ်ရေရွတ်ဆုတောင်းရင်း မျက်လုံးတွေပြန်ဖွင့်လိုက်တော့ ဒေါ်ဟေမာနက ခုတင်ဟိုဘက်မှာ တင်ပါးလွှဲထိုင်လျက် အပြာ့နဖူးလေးကို ယုယုတယ ပွတ်သပ်နေသည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်နေ ရက် မျက်ရည်စက်တို့သည့် အပြာ့ခေါင်းအုံးစွန်းမှာ တပေါက်ပေါက်ကြွေ ဆင်းနေခဲ့၏။

ဒေါ်မင်းမာလာမျက်လုံးတွေ စူးရဲလက်တောက်သွားခဲ့လျက်.. ၊

"အဲ့လိုမင်္ဂလာမရှိတဲ့ ပြယုဂ်တွေ လုပ်မနေပါနဲ့..ကလေးမိခင်ရဲ့ ခေါင်းအုံးဆိုတာ အနာဂတ်ကောင်းတွေကို ပေးတဲ့အိပ်မက်သခင်ပဲ၊ ခေါင်း အုံးပေါ်မှာ ရှင့်မျက်ရည်တွေ စွန်းကုန်ပြီ.."

"ကျွန်မဝမ်းသာလို့ပါ..သမီးလေးသိပြီးပြီလားဒေါက်တာ၊ သူကိုယ် ဝန်ရှိနေတာ သိသွားလား.."

"သိပြီးပါပြီ..သူအရမ်းအားနည်းနေလို့ ဆေးရှိန်နဲ့အိပ်ပျော်သွားတာ ပါ.."

ဆရာဝန်က မိခင်နှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်လိုက်ပြီး..၊

"ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်က ဒီလောက်ထိအားနည်းနေ တာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးဗျ..အာဟာရလိုအပ်ချက်က ကိုယ် ဘာသာဖြည့်ဆည်းလို့ရတယ်၊ ဆေးဝါးအကူနဲ့လည်း ဖြည့်တင်းနိုင်တယ်.. စိတ်ဖိစီးမှုများနေတာဆိုရင်တော့ သူ့ပတ်ဝန်းကျင်ရဲ့ စောင့်ရှောက်မှုက အရေးကြီးတဲ့ အပိုင်းဖြစ်သွားပြီ.."

"ဟုတ်ပါတယ်ဒေါက်တာရယ်..ကျွန်မသမီးလေးက အိမ်ထောင်ရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၃)

"ဒေါက်တာ..သူကိုယ်ဝန်ရှိနေတာ တကယ်လားဟင်.."

ဒေါ်မင်းမာလာ ပျာယာခတ်နေသည်။ မသေမသပ်ပြန့်ကျနေသည့် င်တွေဒီတိုင်းနှင့် အပြာအိပ်ပျော်နေသည့် ခုတင်ဘေးမှာ မျက်နှာ င့်ကြည့်လိုက် ငိုတော့မလို ထူတော့မလို လုပ်မိလိုက်နှင်.. ၊

"အဲ့ဒီသတင်းက ကျွန်မအတွက် အများကြီးအရေးပါတဲ့သတင်းပါ.. သချာဘဲနဲ့တော့ မပြောပါနဲ့.."

"မိန်းကလေးကိုလည်း မေးမြန်းထားပါတယ်..စမ်းသပ်ချက်အရ ယ်ဝန်က ခုနစ်ပတ်ကျော်ရှိနေပါပြီ.."

"ဘုရား..ဘုရား.."

ဒါ အိမ်မက်မဟုတ်ဘူး၊ ဒါတကယ်ဖြစ်နေတာ..ဆရာဝန်ကိုယ်တိုင် ပြာနေတာ..အိမ်မက်မဟုတ်ဘူး.. ၊

အထပ်ထပ်ရေရွတ်ဆုတောင်းရင်း မျက်လုံးတွေပြန်ဖွင့်လိုက်တော့ ါဟောမာန်က ခုတင်ဟိုဘက်မှာ တင်ပါးလွှဲထိုင်လျက် အပြာ့နဖူးလေးကို ယုတယ ပွတ်သပ်နေသည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်နေ ျက် မျက်ရည်စက်တို့သည့် အပြာ့ခေါင်းအုံးစွန်းမှာ တပေါက်ပေါက်ကြွေ င်းနေခဲ့၏။

ဒေါ်မင်းမာလာမျက်လုံးတွေ စူးရဲလက်တောက်သွားခဲ့လျက်.. ၊

"အဲ့လိုမင်္ဂလာမရှိတဲ့ ပြယုဂ်တွေ လုပ်မနေပါနဲ့..ကလေးမိခင်ရဲ ါင်းအုံးဆိုတာ အနာဂတ်ကောင်းတွေကို ပေးတဲ့အိပ်မက်သခင်ပဲ၊ ခေါင်း ုံးပေါ်မှာ ရှင့်မျက်ရည်တွေ စွန်းကုန်ပြီ.."

"ကျွန်မဝမ်းသာလို့ပါ..သမီးလေးသိပြီးပြီလားဒေါက်တာ၊ သူကိုယ် န်ရှိနေတာ သိသွားလား.."

"သိပြီးပါပြီ..သူအရမ်းအားနည်းနေလို့ ဆေးရှိန်နဲ့အိပ်ပျော်သွားတာ ါ.."

ဆရာဝန်က မိခင်နှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်လိုက်ပြီး..၊

"ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်က ဒီလောက်ထိအားနည်းနေ တာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးဗျ..အာဟာရလိုအပ်ချက်က ကိုယ် ဘာသာဖြည့်ဆည်းလို့ရတယ်၊ ဆေးဝါးအကူနဲ့လည်း ဖြည့်တင်းနိုင်တယ်.. တ်ဖိစီးမှုများနေတာဆိုရင်တော့ သူ့ပတ်ဝန်းကျင်ရဲ့ စောင့်ရှောက်မှုက အရေးကြီးတဲ့ အပိုင်းဖြစ်သွားပြီ.."

"ဟုတ်ပါတယ်ဒေါက်တာရယ်..ကျွန်မသမီးလေးက အိမ်ထောင်ရေး

www.burmeseclassic.com


အဆင်မပြေဖြစ်နေတော့ သူစိတ်ချမ်းသာဖို့ ကျွန်မတို့မတတ်နိုင်ခဲ့ရင် [illegible] လိုနည်းနဲ့ ကျန်းကျန်းမာမာဖြစ်အောင် ဘယ်လိုလုပ်ရမလဲပြောပြပါ [illegible]

"မဟေမာန်.."

ဒေါ်မင်းမာလာက စူးစူးရဲရဲကြည့်ပြီး သတိပေးသလိုခေါ်၏။ [illegible] ဆရာဝန်ဘက်လှည့်၍.. ။

"စိတ်ချပါရှင်..ဒီကိုယ်ဝန်က ဒီမိသားစုရဲ့အသက်ပါ၊ ဒါကို [illegible] နည်းလေးမှ မထိခိုက်အောင် စောင့်ရှောက်မှာပါ.."

"ကိုယ်ဝန်က အရေးကြီးသလို မိခင်ကလည်း အရေးကြီးပါတယ် [illegible] ကလေးရဲ့အနာဂတ်က ကိုယ်ဝန်ဆောင်စဉ် မိခင်ရဲ့စိတ်ခံစားမှု [illegible] သက်ဆိုင်နေလို့ ပြောတာပါ..အကောင်းဆုံးကတော့ ကိုယ်ဝန်ဆောင်မိ [illegible] ကို စိတ်ချမ်းသာမှု ပေးခြင်းပါပဲ.."

"ဖြစ်ရမှာပါဒေါက်တာ..ကျွန်မကလည်း ကျွန်မအတွက်အစိ [illegible] ပြောတာပါ၊ ကလေးကိုထိခိုက်မခံနိုင်မှတော့ ကလေးရဲ့မိခင်ကို [illegible] ရှောက်ဖို့က ပြောစရာမလိုတော့ဘူးမှတ်လား..ပြီးတော့ ဆင်ခြင်တုံတ [illegible] ရှိနေတဲ့ လူကြီးထက် သူ့ဗိုက်ထဲက ကလေးကဘာမှမသိ နားမလည်တဲ့ [illegible] ရှယ်လေ..

ခပ်လေးလေး ခေါင်းညိတ်ရင်း ဆရာဝန်ရဲ့အကြည့်တွေက ဒေါ [illegible] မာန့်ဆီရောက်သွားခဲ့သည်။ ဘယ်သူက ကိုယ်ဝန်ဆောင်ရဲ့မိခင်ဆို [illegible] မေးမြန်းဖို့မလိုဘဲ နားလည်သွားသည့် မျက်ဝန်းတွေနဲ့ဖြစ်ကာ.. ။

"ဒီက အစ်မမေးတဲ့မေးခွန်းက တော်တော်လေးဖြေရခက်ပါတယ် [illegible] ဆေးပညာနဲ့ တတ်နိုင်တာလည်း ကိုယ်ခန္ဓာကျန်းမာရေးပဲလေ၊ စိတ်ကျ [illegible] မာဖို့ဆိုတာ ကာယကံရှင်နဲ့ သူ့အတွက်ဦးစားပေး စောင့်ရှောက်တဲ့ပတ် [illegible] ကျင်က ဂရုစိုက်မှပဲရမှာ.."

ဒေါ်ဟေမာန့်ကို နောက်ဆုံးစကားပြောသွားသဖြင့် ဒေါ်မင်းမာ [illegible] တနဲ့နဲ့ဖြစ်ကျန်ခဲ့၏။ ဆရာဝန်ပြန်သွားသည်နှင့် အကြည့်က အဝင်း [illegible] ရောက်ကာ.. ။

"ငါ့ရဲ့ဖွဲ့မလီဒေါက်တာမဟုတ်ဘဲ ဒီဒေါက်တာ ဘယ်သူခေါ် [illegible] လဲ.."

"ကျွန်မပါ.."

အဝင်းက ကြောက်ကြောက်လန့်လန့်နှင့် ရှင်းပြကာ.. ။

"ဒေါက်တာဦးကျော်ထွန်းကို ဖုန်းဆက်ပါသေးတယ်..ခေါ်တာ [illegible] မကိုင်တာနဲ့.."

"မသိတဲ့ဆရာဝန်ကို ပင့်လိုက်တယ်ပေါ့.."

"ဟို ဖုန်းနားကအရေးပေါ်ခေါ်ဖို့ ရေးထည့်ထားတဲ့နံပါတ်တွေထဲ [illegible] ပါ..မမကြီးကို ပြောဖို့လည်း လာခဲ့ပါသေးတယ်.."

"တော်ပြီ.."

အဝင်း တုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုပ်ကိုဆက်လုပ်.."

"ဟုတ်ကဲ့.."

ဒေါ်မင်းမာလာ ရှေ့ကိုတစ်လှမ်းချင်း လျှောက်လာရင်း ဒေါ်ဟေမာန်နှင့် မလှမ်းမကမ်းမှာ ရပ်လိုက်ကာ.. ။

"လာသမျှလူကို ကိုယ့်အိမ်ကအတွင်းရေးတွေ ထိုင်ပြောနေတတ်တာ ရှင့်အကျင့်ပဲလား.."

ဒေါ်ဟေမာန် အပြာ့ဆံပင်တွေကို စုသိမ်းပြီး ပခုံးစွန်းနားထိ သေသသပ်သပ်လေး ဆွဲကပ်ပေးနေရင်း မော့ကြည့်သည်။ ပြီးတော့ နေရာမှ ရပ်လိုက်ကာ.. ။

"လာသမျှလူကိုပြောတာ မဟုတ်ပါဘူး..သူကဆရာဝန်ပါ.."

"ဒါကကျွန်မ အိမ်.."

"အပြာက ကျွန်မသမီးပါဒေါ်မင်းမာလာ..ဆရာဝန်က ရှင့်အိမ်ကိုအားလာထိုးတာ မဟုတ်ပါဘူး.."

"ခုမှ မကျွပ်တိုင် တက်ချင်မနေပါနဲ့..အခု သူ့ဗိုက်ထဲမှာ ကျွန်မတို့သွေးသားရှိနေပြီဆိုတော့.."

"ခုန အပြာ့ကိုလက်မခံနိုင်ဘူးဆိုတဲ့ စကားကို ပြန်ရုတ်သိမ်းမယ်မို့အား..ကျွန်မသိနေပါတယ်.."

ဒေါ်မင်းမာလာ မျက်နှာပျက်သွားပေမယ့် မာန်မာနနှင့် ခပ်မော့မော့ ခင်းထားလိုက်ကာ.. ။

"ဟုတ်တယ်..သားကနောက်ထပ် ကလေးမရနိုင်တော့ဘူးဆိုတော့ ကလေးက သားလေးရဲ့တစ်ဦးတည်းသောသား၊ မင်းမာလာရဲ့ရှိသမျှ ပိုင်ဆိုင်မှုအားလုံးကို ဆက်ခံခွင့်ရှိတဲ့ တစ်ဦးတည်းသောမြေးပဲ..မအေကို လိုလားပေမယ့် ကလေးကိုတော့ အပါမခံနိုင်ဘူးလေ.."

ဒေါ်ဟေမာန် နှုတ်ခမ်းမသိမသာမဲ့သွားသည်။ ဒီနှုတ်ခမ်းတွေကို ရှိုရယ်ဖို့ သူမဘယ်တုန်းကမှ မထိန်းချုပ်ခဲ့ဘူးပေ။ စကားတစ်ခွန်းပြောခါတိုင်း ပြောသင့်မပြောသင့် စဉ်းစားတယ်ဆိုတာလည်း နှင်းဟေမာန်ရဲ့ စာဝေဝင်မှာ မရှိခဲ့.. ।

ဒါပေမယ့် သမီးအတွက် အရာရာကိုထိန်းချုပ်ဖို့ ပြင်ဆင်နေရပြီ။ သူမရဲ့ပေးဆပ်ခဲ့သမျှ အရာရာသည် သမီးအတွက်ပဲမို့ ဒီအချိန်မှာ သမီးအတွက် ဘာကိုပဲချခင်းနင်းရပါစေ။ ထို့ကြောင့် ဒေါ်မင်းမာလာမျက်နှာကို စိုက်ကြည့်နေရင်း ခေါင်းညိတ်လိုက်ပြီး.. ।

"ကျွန်မကလည်း စံအိမ်ကြီးပေါ်ကနေ တဲစုတ်ထဲကို ဆွဲချခေါ်မသွားပါဘူး.."

အံ့သြစရာပါလား.. ।

ဒေါ်မင်းမာလာက မယုံနိုင်သလိုစိုက်ကြည့်သည်။ ဒေါ်ဟေမာန့်မျက်နှာသည် နှုတ်ခမ်းတွေစေ့ပိတ်သွားလိုက် ပင့်သက်ရှိုက်၍ နှုတ်ခမ်းတွေ ဖွင့်လိုက်နှင့် မကြာခဏ တိတ်ဆိတ်သွားတာလည်း ရှိကာ.. ।

www.burmeseclassic.com

www.burmeseclassic.com


"ကိုယ်ဝန်ဆောင်ရပြီဆိုတော့ ကလေးရဲ့ဘဝအတွက်ပါ ထည့်
စားရမှာ ကျွန်မသိပါတယ်..ပြောရရင် ခုနတည်းက သမီးကိုပြန်ခေါ်
ကျွန်မစိတ်ကူးမရှိဘူး ဒေါ်မင်းမာလာ၊ ဘာဖြစ်လို့လဲဆိုတော့ သ
ရှင့်ကိုချစ်တယ်..ရှင့်ကိုပဲ အထင်ကြီးတယ်.."

ဒါမဆန်းပါဘူးဆိုသည့် မဲ့ပြုံးနှင့် ဒေါ်မင်းမာလာက ငြိမ်နေ

"အစတည်းက အပြာဆိုတဲ့မိန်းကလေး ဘယ်သူ့ကိုပဲချစ်
ကြည်ဖြူနားလည်နိုင်ဖို့ ကျွန်မကြိုးစားထားတာပါ.."

"အဲ့တော့ သက်သာတာပေါ့မဟေမာန်..ကလေးတွေနဲ့စို့အရွ
တော့လည်း ကလေးကလက်မရွေးရင် မိခင်သက်သာတယ်၊ အရွယ်
လာမှ ကိုယ့်ကိုအားမကိုး အိမ်မကပ်ပြန်တော့လည်း သူ့တာဝန်ကိုယ့်
မပိတော့ဘူးပေါ့..ဒါကိုများ ခေါင်းစဉ်လှလှတွေ တပ်မနေစမ်းပါနဲ့"

"ရှင်ရော အဲ့လိုလုပ်ခဲ့တာလား.."

"ဘာ.."

"ငါပဲချစ်တတ်တယ်..ငါ့လိုအမေမရှိဘူးလို့ ရှင်ထင်နေတာ"

"ထင်တာမဟုတ်ဘူး..တပ်အပ်ကိုပြောနိုင်တာ၊ ကျွန်မလို မအေ
တစ်ယောက်မှ မရှိဘူးလို့ မပြောနိုင်ရင်တောင် ရှင်လိုမအေမျိုးတွေ အ
ကြီးပဲ..ကလေးမွေးလိုက်ရလို့ မိခင်ဖြစ်သွားတိုင်း မိခင်စိတ်ရှိကြလို့လာ"

"မိခင်စိတ်ရှိကြသလား မရှိကြဘူးလားဆိုတာ သူတို့ဘဝ သူ
စားချက်အကြောင်းအရာတွေပါ..ရှင်အဲ့ဒါတွေကိုလိုက်ပြီး ထောက်ရှ
နေဖို့ မလိုဘူး၊ လိုရင်းက ရှင့်မှာမိဘဂုဏ်ရှိသလို ကျွန်မမှာလည်းရှိတ
မိဘဖြစ်လာရင် အနန္တဂိုဏ်းဝင်တွေချည်းပဲဆိုတာ ရှင်နားလည်
တယ်.."

ဒေါ်မင်းမာလာက ဟွန့်ခနဲမဲ့လိုက်ကာ နှစ်ခြိုက်စွာအိပ်ပျော်
သည့် အပြာ့ကို လှမ်းကြည့်၏။ ပြီးမှ ပြန်လှည့်၍.. ၊

"အခု ရှင်နားလည်ဖို့ ကျွန်မပြောမှာက အခုပြန်လို့ရပြီဆိုတာ"

"ကျွန်မဒီမှာပဲ နေပါရစေ.."

"ဘာ.."

ဒေါ်မင်းမာလာ တအံ့တသြနှင့်.. ၊

"ဘာပြောလိုက်တယ်..ဒီမှာနေပါရစေ ဟုတ်လား.."

အခန်းထဲမှာ ခန်းဆီးလိုက်ကာတွေ ဖြုတ်ချနေသည့် အဝင်းလ
လှမ်းကြည့်မိသည်။ ဒေါ်ဟေမာန့်မျက်နှာက တင်းသည်ပြေသည်မ
သော မျက်ဝန်းတို့ကို ခပ်လွှဲလွှဲထားရင်း မျက်တောင်ဖျားတို့ကို စင်းချ
လျက်.. ၊

"ကျွန်မ သမီးကိုပြုစုပေးချင်လို့ပါ.."

"ဒါလည်း ခုနတည်းက ရည်ရွယ်ချက်ပဲလား..ဒီအိုပေါ် ရှင်တ
လာခဲ့တဲ့ အကြောင်းရင်းက ဒါပဲပေါ့.."

ဒေါ်ဟေမာန် ဆတ်ခနဲမော့လာပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com


"လုံးဝမဟုတ်ဘူး.."

"မဟုတ်ရင်ဘာလဲ..ရှင့်မာနတွေ ဘယ်မြောင်းထဲမှာ သွားဆေးချခဲ့တာလဲ၊ မောင်မောင်ခေါ်တော့ ဗျာမထူးခဲ့ဘဲ.."

"အဲ့ဒါကို ရှင်နားလည်ပေးပါလို့ ကျွန်မအနူးအညွတ်တောင်းဆိုပါတယ်..ကျွန်မမှာ အိမ်ပိုင်မရှိပေမယ့် စားရမဲ့သောက်ရမဲ့ဘဝတော့ မဟုတ်ပါဘူး၊ ရှင့်အိမ်မှာ ခိုကပ်စားရလောက်အောင်လည်း ကျွန်မသတ္တိမနည်းဘူး.."

"ဟုတ်တာပေါ့..ရှင့်သတ္တိကိုသိပါတယ်၊ ဆက်ပြောပါဦး ရည်ရွယ်ချက်က.."

လက်ပိုက်၍ ခပ်မိန့်မိန့်မေးတော့ ဒေါ်ဟေမာန်နှုတ်ခမ်းတစ်ချက်စေ့သွားသည်။ ပြီးမှပြန်ပွင့်ပြီး ပင့်သက်ရှိုက်ပုံက အားတင်းစုစည်းလိုက်ပုံရှိကာ.. ၊

"အပြာ့ကို ဂရုစိုက်ပေးချင်လို့ပါ..သူလည်း ကျွန်မကို လိုလားချင်မှ လိုလားလိမ့်မယ်၊ ဒါပေမယ့် ကလေးတွေအပေါ်မှာ ကျွန်မအပြစ်ပြုခဲ့မိပါတယ် ..အဲ့ဒီအကျိုးဆက်ကြောင့် ရှင်တို့ဘဝတွေ ထိခိုက်သွားခဲ့ရတာလည်း သိပါတယ်.."

"အဲ့ဒီအတွက် ရှင့်ကိုယ်ရှင် ပေးဆပ်သူကြီးလို ဒီအိမ်မှာအပူရုပ်ကြီးနဲ့ သရုပ်ဆောင်ပြနေဖို့ မလိုဘူးမဟေမာန်..အတိတ်ကို အခါခါပြန်လျှောက်ပြီး အနာဂတ်မဲ့နေတဲ့ အလုပ်မျိုး ကျွန်မမလုပ်ဘူး..ဘယ်သူ့ကြောင့် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အဲ့ဒါကြောင့် အနာဂတ်မှာ ဘာမှပြန်ရဖို့ မရှိဘူးဆိုရင် ဘာလုပ်မှာလဲ..ဟွန့် ဒါပေမယ့် ရှင်ကတစ်ခုခုပြန်ပေးချင်ပါတယ်ဆိုရင်တော့ အပြာ့ကရှင့် သမီးဖြစ်နေတဲ့အတွက်.."

မျှော်လင့်ချက်နဲ့ အဆုံးမသတ်သော စကားအတွက် ဒေါ်ဟေမာန်စိုးရိမ်မကင်း နားစွံ့နေမိ၏။ ပြီးမှ ဒေါ်မင်းမာလာက ခေါင်းညိတ်လိုက်ပြီး..၊

"ကျွန်မလက်ခံလိုက်မယ်.."

ဒေါ်ဟေမာန့်မျက်နှာ ဝင်းပကြည်လင်သွားသည်။ သို့သော်.. ၊

"ဒါပေမယ့် ကျွန်မအိမ်မှာ ကျွန်မချမှတ်ပေးတဲ့ စည်းကမ်းအတိုင်းနေရမယ်.."

မျက်ဝန်းတို့သည် စူးစိုက်ဆုံစည်းကြသည်။ ဒေါ်မင်းမာလာက ရယ်မြူးရိပ်တို့နဲ့ ခနီးခနဲ့စိုက်ကြည့်ရင်း.. ၊

"အထူးသဖြင့် အနားသတ်မဲ့ပြောတတ်တဲ့ ရှင့်ရဲ့ပါးစပ်က နှုတ်ထွက် စကားတွေပေါ့..အပြောအဆို အထူးဆင်ခြင်ရမယ်၊ ရှင့်သမီးအနားမှာ နေပေမယ့် သူ့ကျန်းမာရေးအတွက် စီစဉ်သမျှ ကျွန်မပဲဦးဆောင်မယ်..ကျွန်မခွင့်မပြုဘဲ ငါ့သမီးဆိုတဲ့ပါဝါနဲ့ အပြာ့ကို ရှင်ကိုင်တွယ်စည်းရုံးဖို့ မကြိုးစားနဲ့..ကျွန်မက.."

"ဘာတွေပြောနေတာလဲဒေါ်မင်းမာလာ.. သူ့ကျန်းမာရေးအတွက်ပဲ

www.burmeseclassic.com



ကျွန်မက ဒီမှာနေခွင့်တောင်းတာပါ၊ ကိုယ်ဝန်ဆောင်နေပေမယ့် တခြား
မိန်းမတွေလို ဒေါင်ဒေါင်မြည်နေရင် ခုလောက်ဆို ကျွန်မလှည့်ပြန်သွား
သူ့အတွက် ဆရာဝန်က စိုးရိမ်ရတယ်ဆိုလို့ အနားမှာနေပေးချင်တာ
ကလည်း သူကျန်းမာအောင်ပဲ ဂရုစိုက်ချင်တာ..ကျွန်မတို့ပြင်ဆင်
သူ့အတွက်ပဲကို ကျွန်မက ဘာအတွက်စည်းရုံးရမှာလဲ.."

"ရှင်က သူ့အမေလေ.."

"ရှင်လည်း ယောက္ခမပေမယ့် သူ့ကိုကျန်းမာစေချင်တာချင်းတော့"

"မတူဘူး.."

ဒေါ်မင်းမာလာက ယတိပြတ်ပယ်ချလိုက်သဖြင့် ဒေါ်ဟေမာန်
ကားသံ ဒီမှာတင်ရပ်၏။ မတူတော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုနားလည်
သည်။ သားကိုချစ်၍ ချစ်ဖို့ကြိုးစားနေခဲ့ရသည့် ချွေးမမျက်နှာက သား
လေးနဲ့ကိုယ့်ရဲ့အနာဂတ်ကို ပျက်စီးစေတဲ့သူအဖြစ် ဘယ်လိုမှမလှပတော့
ပေ.. ၊

ခုချိန်ထိ အိမ်ပြန်မလာတော့သည့် သားကရော ဒီညပြန်လာပါ့မ
လား၊ နောက်နေ့တွေမှာရော ပြန်လာပါ့မလားဆိုတာ ဘာမှမသေချာ။ မိ
သားစုတစ်စု၏ အနာဂတ်တွေပြိုကွဲ ပျက်စီးခဲ့ရသမျှ တရားခံကဘယ်သူ
လဲ.. ၊

သူမလုပ်ခဲ့တဲ့အမှားဟာ စာရွက်တစ်ရွက်ပေါ်မှာ မဟုတ်.. ၊

"ရှင်ကမိဘ..ကျွန်မက ယောက္ခမ.."

ပြောပြီး တစ်ဖက်လှည့်လျှောက်သွားရင်း.. ၊

"ကျွန်မကျန်းမာစေချင်တာက ကလေးကိုပဲ..ကလေးထက်ပိုပြီး
ဘာမှ အရေးမပါဘူး.."

မဲ့ပြုံးနှင့်မျက်နှာက ပြန်လှည့်လာပြီး.. ၊

"မှန်တဲ့အတိုင်းပြောတော့ နားဝင်မချိုဘူးမို့လား..ဟုတ်တယ် ကျွန်မ
လည်း မနေ့တစ်နေ့က မင်းမာလာမဟုတ်တော့ဘူး၊ ဒီမှာ မဟေမာန်
ကျွန်မက ဇောက်မှန်းကမ်းမှန်းမသိ ပိုက်ဆံတွေပေါ်တိုင်း ဖုံးကြဲနေတာ
ဟုတ်ဘူး..အဆင့်အတန်းဆိုတာကို နားမလည်လို့ ကိုယ့်သားကို ရက်
ရက်ရောရောပေးကမ်းခဲ့တာလည်း မဟုတ်ဘူး..သားလေးကို မဆုံးရှုံးချင်
လို့.."

စကားသံသည် တုန်ခါတိုးလျသွားခဲ့လျက်.. ၊

"သားရဲ့ငြိုငြင်မှုကို မခံချင်တာ..သားရဲ့စွန့်ခွာမှုကို ရင်မဆိုင်ရဲတာ
ဒီသားကြောင့် ကျွန်မအရှုံးလို လျှောက်လုပ်ခဲ့တာလေ..အဲ့ဒါကြောင့် ရှင့်ကို
သိန်းပေါင်းများစွာ ထိုးပေးဖို့ကြိုးစားတယ်၊ ရှင့်လို အဆင့်အတန်းပေါက်
နဲ့ ကျွန်မကို ပခုံးချင်ယှဉ်ပြောတာတွေ ခံခဲ့ရတယ်..အဲ့ဒါတွေအားလုံး
အခုပြီးသွားပြီ.."

"ဘာကြောင့်လဲ.."

"ကျွန်မသားက မလိုအပ်တော့ဘူးဆိုရင် အဲ့ဒါကပြည်တန်ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါစေ..ကျွန်မဂရုမစိုက်ဘူး.."

"ခြံက သူ့မိန်းမကို မလိုအပ်တော့ဘူးလို့ ရှင်ထင်နေတာပါ..အချစ် ဆိုတာ.."

"အဲ့ဒါရှင်စိတ်ဝင်စားဖို့မလိုဘူး..အခု ကျွန်မလိုချင်တာ အပြာ့ဗိုက် ထဲက သားရဲ့ရှင်သွေးပဲ.."

"ဒီမှာ ကျွန်မကလည်း.."

"ရှင့်ဆန္ဒမလိုဘူးမဟောမာန်..အခု ကျွန်မပြောတာ ရှင်နားထောင်ရ မယ်၊ အပြာနဲ့ကလေးကို ကျွန်မတို့စောင့်ရှောက်မယ်၊ ဘယ်လိုစောင့်ရှောက် မယ်ဆိုတာက ကျွန်မရဲ့ကွပ်ကဲမှုနဲ့ပဲ ဖြစ်ရမယ်..ကျွန်မအရှင်းဆုံး ပြောပြီး ပြီနော်၊ ကျွန်မလိုချင်တာ ကလေးကျန်းမာဖို့ပဲ..မဲ့တစ်ပေါက်မှ အစွန်းထင်း ရှိဘဲ လှလှပပချောချောမောမော မွေးလာဖို့..အိုခေ.."

အားလုံးပြောပြီးတာနှင့် အဝင်းကိုလှမ်းကြည့်သည်။ အဝင်းက ပျာပျာသလဲ ပြေးလာကာ..၊

"မမကြီး အခန်းပြင်မှာလား.."

"ငါပြင်နိုင်တယ်..သူ့အတွက်နေရာ အဆင်ပြေသလိုလုပ်ပေးထား လိုက်.."

"ဟုတ်.."

"အချိန်ယူပြီးပြင်ဆင်နေဖို့ မလိုဘူး..လုပ်စရာတွေ အများကြီးရှိသေး တယ်၊ နားလည်တယ်နော်.."

အဝင်းခေါင်းညိတ်ရင်း ဒေါ်ဟောမာန့် မျက်နှာကိုခိုးကြည့်မိသည်။ ဝါးပြင်တစ်ဖက်သည် လက်ဝါးရာအညိုအရဲကွက်တို့ ထင်နေလျက် မျက် တောင်တွေခတ်နေရင်း မျက်ရည်မကျအောင် ထိန်းနေရှာ၏။

မသက်ဆိုင်သော်လည်း အဝင်းစိတ်မကောင်းဖြစ်သွားမိသည်။

သနားပါတယ်..၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅၄)

မျက်လုံးတွေပွင့်လာသည်နှင့် မျက်စိရှေ့မှာရှိနေတာက အခ...
အိမ်ပြန်ရောက်လာတော့ သူမသတိရလာသေးသည်။ အမေတို့...
တိုင် ဒီထိလိုက်ပို့တာကိုလည်း သိခဲ့၏။ ဒါပေမယ့် ဒီအချိန်ထိမြင်...
ရတော့ အံ့ဩသွားမိသည်။

"သတိရပြီလားအပြာ..ညည်းအိပ်နေတာလို့သာ ပြောတယ်၊ ...
ရိမ်လို့ ထိုင်စောင့်နေတာ..ညနေတည်းက အိပ်နေတာခုထိ တုတ်တု...
တောင် မလှုပ်ဘူး.."

ဆေးရှိန်နဲ့အိပ်သွားတာပေမယ့် သူမမောင့်ကျန်းမာရေးအတွက်...
ဒီအိမ်ထောင်ရေးသောကတွေနဲ့ အိပ်မပျော်ခဲ့ရတဲ့ ရက်တွေဘယ်လော...
ကြာခဲ့ပြီလဲ.. ၊

ပြီးတော့ ဘာတစ်ခုမှမျှော်မချင်အောင် ဆင်းရဲနေရသည့်စိတ်...
လူတောင် ယိုင်လဲမသွားရုံရှိခဲ့တာ။ ဘေးဘီကိုကြည့်တော့ မောင့်ကိုလည်...
တွေ့ မာမီလည်းမရှိ။ သူမသတိရခြင်း အဝင်းကိုမေးတော့ မောင်လည်...
ပြင်ထွက်သွားသည်လို့ပြောသည်။ မောင်ခုထိပြန်မရောက်သေးတာလ...

"အပြာ..ညည်းမှာကိုယ်ဝန်ရှိနေပြီ၊ အဲ့ဒါဆရာဝန်ပြောသွားတ...
လား..ဟင် ညည်းသိပြီးပြီလားလို့.."

လက်ဖဝါးလေးကို ဆုပ်ကိုင်မေးတော့ အပြာကရှုန်းထွက်သွား...
မျက်နှာလွှဲ၏။ ဒေါ်ဟေမာန် အံ့ဩသွားသည်။ သမီးက သူ့ကိုစကား...
တောင် မပြောချင်တော့ဘူးလား.. ၊

ဒီလောက်ထိ ဖြစ်သွားတာကို ယုံလည်းမယုံနိုင်ပေ။ ဒါပေမယ့် သူ...
လုပ်ခဲ့တဲ့အပြစ်အတွက် သမီးဒီလိုဆက်ဆံလိုက်တာ မှန်ပါသည်။ ...
သိမ့်ဖို့ ကြိုးစားရင်း မျက်ရည်ကဝေ့တက်လာသည်။ ကြည့်လိုက်တော့...
အပြာ့မျက်ဝန်းထောင့်ကနေ မျက်ရည်ကြောင်းလေး ဖြတ်ဆင်းသွားတာ...
မြင်လိုက်ရကာ..၊

မငိုနဲ့..နင့်မျက်ရည်ကို ပြန်သိမ်းလိုက်နှင်းဟေမာန်။ ငိုနေရတဲ့သူ...
မျက်ရည်စက်လက်နဲ့ စကားနာမထိုးနဲ့၊ ကိုယ်ဝန်နဲ့နင့်သမီးကို နောက်ထ...
ပူပင်သောကတွေ ထပ်မပေးနဲ့တော့.. ၊

သူမဘာလုပ်သင့်သလဲဆိုတာ ကိုယ့်ကိုယ်ကိုနားလည်ထိုက်သည်...
ဒီအပြစ်တွေက ဘာမှမဟုတ်သလို နေပြရမည်။ အမေပြန်လာရင် မုန့်...
လာမည်ပြောပြီး ငယ်ငယ်က ကလေးတွေကိုချော့သလို ချော့ရမည်။ သမီး...
ဘာပြောပြော အရင်လို ပုံစံနဲ့နေပြီး ရန်ဖြစ်ရလည်း ဖြစ်ရပါစေ၊ သမီးရှေ့...

www.burmeseclassic.com

www.burmeseclassic.com



ပွပင်သောကတွေ မပြဖို့ ဆုံးဖြတ်၍.. ।

"ငါက ညည်းကျန်းမာရေးအတွက် စိတ်မဖြောင့်လို့ ဒီမှာလာနေတာ ပြော..မအေကို မခေါ်သလို မပြောချင်သလို လုပ်မနေနဲ့၊ ညည်းအတွက် တ်စွပ်ပြုတ်လုပ်ခိုင်းထားတယ်..လူကအားနည်းနေတော့ အစာမာမာ ကဲ်ချင်း ပြည့်အင့်အောင် မစားသင့်သေးလို့..တော်ကြာ အဝင်းလာပို့လိမ့် ယ်.."

အပြာက စကားလည်းလှည့်မပြော မျက်ဝန်းအိမ်လေးတောင် လှုပ် းမလာဘဲ မျက်ရည်ကြောင်းအသစ်တစ်ခုဖြင့် မအေကိုနှင်လွှတ်လေ ည်။ ဒေါ်ဟေမာန် နားလည်လိုက်တာမို့ နေရာမှထရပ်လိုက်ကာ.. ।

"ကိုယ့်ကိုယ်ကို ကိုယ်ဝန်ဆောင်ဖြစ်နေပြီဆိုတာ မမေ့နဲ့နော်..မအေ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေရင် ကလေးကလည်း နဖက်ပျော့ညံ့ပြီး ာကျားလေးမွေးရင် အခြောက်ဖြစ်မယ်..မိန်းကလေးမွေးရင်လည်း.."

"သွားပါအမေရယ်..သမီးဘာသာ လွှတ်လွှတ်လပ်လပ်နေလို့ မရ းလား.."

ဒေါ်ဟေမာန် ဝမ်းသာသွားသည်။ ကိုယ့်ကိုမုန်းချင်မုန်းပါစေ၊ ဒီအ ွေး ဒီကြေကွဲမှုတွေနဲ့ တိတ်ဆိတ်စွာကြေကွဲရင်း ဗုန်းဗုန်းလဲသွားတာမျိုး ာ့ အဖြစ်မခံနိုင်.. ।

"ညည်းကို ဘယ်သူကလှောင်ချိုင့်ထဲ ထည့်ပိတ်ထားလို့လဲ..မိခင် ဖစ်လာရင် ကိုယ့်အတွက်ပဲ တွေးနေလို့မရတော့ဘူး၊ ကလေးအတွက်ပါ ည့်စဉ်းစားရတယ်..ကိုယ့်ကိုယ်ကို ဂရုမစိုက်တာတွေ ရှိရင်လည်း က လေးအတွက်ဆိုရင်တော့.."

"သမီးမကြားဘူးတာတွေပါလား..ဘယ်သားသမီးမဆို ကိုယ့်မိဘဝ င်ပေးလိုက်တဲ့ လမ်းကြောင်းအတိုင်း သွားကြတာပါ..သမီးသိနေတာ အမေ သမီးကိုဘယ်လို စောင့်ရှောက်ခဲ့သလဲဆိုတာပဲ.."

ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ မျက်နှာတစ်ပြင်လုံး ညို့တက်သွား ပြီးမှ.. ।

"ဖြစ်ရတယ်အေ..ငါညည်းကို ဘယ်လိုမွေးခဲ့တာမို့လို့လဲ၊ ပညာ တတ်လူရည်မွန်ကြီး ဖြစ်လာအောင် ငါကြိုးစားခဲ့တာမဟုတ်လို့ ညည်း မှာဘယ်သူ အားကိုးရှိလို့လဲ.."

"အဖေထားပေးခဲ့တဲ့ ပစ္စည်းတွေကြောင့်လို့ ထင်တာပဲ.."

ကြည့်စမ်း.. ।

"တစ်သက်လုံးဒါတွေပဲ ကြားနေပြောနေခဲ့ရတာ သမီးငြီးငွေ့နေပြီ အမေ..တော်ပါတော့၊ အမေလည်းဒီမှာ နေပေးဖို့မလိုဘူး..သိကြားမင်းဆင်း လာပြီး ပြုစုရင်တောင် မောင့်မျက်နှာကိုမမြင်ရသရွေ့ သမီးဘဝကလေးနေ မှာပဲ၊ အခု မောင်ပြန်မလာသေးတာလား..မလာတော့တာလား မောင် ဘယ်မှာလဲ.."

မေးနေရင်း အပြာရှိုက်ကြီးတငင် ငိုချလိုက်တော့ ဒေါ်ဟေမာန်ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှန်းမသိ ဖြစ်သွားသည်။

"သူပြန်လာမှပေါ့အေ..ဘယ်နှယ်.."

ပြောထွက်ဖို့ကို တံတွေးတစ်ချက် မျိုလိုက်ရသည်။ ပြီးမှ

"လင်မယား ကတောက်ကဆဖြစ်ကြရင် ဒီလိုပဲဟာ..ညည်း မှာပဲ.."

"ဟုတ်တယ်..သမီးကျမှပဲ၊ အမေ့လိုတစ်ခုလပ် တစ်လင်ကွာ သမီး မနေနိုင်ဘူး..အမေအဲ့လိုဖြစ်တိုင်း သမီးအဖြစ်မခံနိုင်ဘူး ကြောင့်သမီးမှာ အဖေခေါ်စရာမရှိပေမယ့် သမီးရဲ့ကလေး အဲ့လို ဘူး.."

ဒေါ်ဟေမာန်မျက်ရည်တွေ ဝေ့လည်လာတိုင်း မျက်တောင် ခတ်နေရသဖြင့် မျက်ရိုးတွေပါကိုက်ချင်လာ၏။

"အမေ..သွားပါအမေရယ်၊ အမေ့ကိုပြောဆိုမိတိုင်း သမီးငရဲ ပါ..သွားပါတော့.."

ဒေါ်ဟေမာန်ဆုံးဖြတ်ချက်တွေ ပြိုပြိုလဲလဲနှင့် အခန်းပြင် ဘယ်လို ရောက်လာခဲ့မှန်းမသိ။ ပြီးတော့ မျက်ရည်တွေပိုးပိုးပေါက်အောင် ကျလာကြလျက်..။

ငါဆုံးဖြတ်တာမှားပြန်ပြီဟု ရှိုက်သံသဲ့သဲ့နှင့် ဗလုံးဗထွေးပြော ၏။ မိဘကို ခံပြောခံဆိုလုပ်နေသရွေ့ သမီးမှာအပြစ်ရှိနေသည်ကို ဘာ ထည့်မတွက်ခဲ့တာလဲ..။

ကလေးပြောတာမှန်တယ်..နင်တကယ်ကို ဦးဆောက်မရှိတဲ့ မိန်း ပဲ..၊

"အစ်မ.."

ဟင်..။

မျက်ရည်တွေ ငုံ့သုတ်နေတုန်း အဝင်းကလက်တို့ခေါ်ကာ..

"အပြာနီးနေပြီလား..စွတ်ပြုတ်ယူလာရတော့မှာလားလို့.."

"ဟုတ်တယ်..ဟုတ်တယ် နီးနေပြီ၊ ယူသွားလိုက်နော်.."

ဒါပေမယ့် အဝင်းကပြန်လှည့်မသွားဘဲ အသံကိုထပ်နှိမ့်လိုက်ရင်း

"မျက်ရည်တွေသုတ်လိုက်အစ်မ..မမကြီးလာနေတယ်.."

ပြောပြီး ချက်ချင်းထွက်သွား၏။ ဒေါ်ဟေမာန်မျက်ရည် ကမန်းကတန်းသုတ်လိုက်ပြီး မတ်မတ်စန့်စန့် ပြုပြင်ရပ်လိုက်သည်၊

မနေ့တစ်နေ့က အနမ်းခံပန်း..ဒီနေ့တော့ အနင်းခံမြက်..၊

➢ ➢ ➣ ➣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၅)

ဘဝတစ်ကွေ့မှာ ဆုံတွေ့ကြခြင်းဟာ ထွေရာလေးပါးပြောဆိုကြည့် စကားဝိုင်းကြီးတစ်ခုဆိုလည်း ကောင်းသား.. ။

"မမကြီး..မမကြီးရေ၊ လူလေးဆီကဖုန်း.."

ဟင်.. ။

ဒေါ်မင်းမာလာကိုင်ထားသည့် သတင်းစာကိုဘယ်ဆီလွှင့်ပစ်ခဲ့မိ း မသိ။ ဖုန်းနားကို အပြေးတပိုင်းသွားမိကာ ဘေးမှာချထားသည့် းကိုကောက်ကိုင်လိုက်လျှင်.. ။

သွားပြီ.. ။

"တောက်.."

တက်ခေါက်သံကြောင့် နောက်ကပြန်ပြေးလိုက်လာသည့် အဝင်း က်နှာလေး ငယ်သွား၏။

"ဖုန်းချသွားပြီ.."

"ဟော့တော်.."

"ဘာဟော့တော်လဲ..သားဘာပြောသွားလဲ.."

"ဘာမှ.."

"ဘာ.."

အဝင်းတုန်ခနဲ ဖြစ်သွားသည်။ ပြီးမှ.. ။

"အပြာ အိမ်မှာရှိသလားလို့ မေးတယ်.."

စကားသံထစ်ထစ်ငေါ့ငေါ့နှင့်.. ။

"ရှိတယ်လို့ပြောနေတုန်း မာမီ့ကိုပြောပေးတဲ့..သူခရီးထွက်တော့မှာ ..."

ဒေါ်မင်းမာလာမျက်နှာတစ်ပြင်လုံး ညိုမှောင်သွားသည်။ အံကြိတ် ဖိပိတ်ထားလိုက်သည့်နှုတ်ခမ်းတွေက တုန်ယင်လာခဲ့လျက်.. ။

"ဘယ်ကိုတဲ့လဲ.."

အဝင်းသေမိန့်ကျခံရတော့မည့် မျက်နှာနှင့် ကြောက်ကြောက်လန့် န့် ခေါင်းခါရင်း.. ။

"ခဏလေးနေပါဦးလူလေးရယ်လို့ မှာပြီး မမကြီးကိုပြေးခေါ်တာ.."

"ဘာ.."

"မမကြီးမျှော်နေမှန်းသိလို့ပါ..အရမ်းလည်းဝမ်းသာသွားလို့ပါ၊ ာက်ပြီး ဒီလိုချသွားမယ်လည်း.."

"နင်ဒီလောက်တောင် တုံးတစ်ရလားအဝင်း..ဟင်.."

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်သကိုထိန်းမရဖြစ်ကာ အဝင်းလက်မောင်းတစ်ဖက်ကို ဆွဲ
ခါပစ်မိ၏။

*"ကျွန်မမှားသွားပါတယ်မမကြီးရယ်..မမကြီးနဲ့ ပြောမနေချင်*
စေတနာနဲ့ပါ.."

"တိတ်စမ်း.."

အသံကျယ်ကျယ်တောင် စကားမပြောတတ်ခဲ့သည့် ဒေါ်မင်း
အော်သံက စူးရှကျယ်လောင်နေသည်။ ရိုက်ပစ်လိုက်ဖို့ လက်ပြင်မိတဲ့
ဒေါ်သတွေကြီးလျက်.. ၊

"သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီပြောလိုက်ရင် ချက်ချင်းပြန်လာ
မှန်း နင်မသိဘူးလား..ငါ့ကိုလာခေါ်ဖို့ အရေးကြီးတာလား၊ သူပြန်လာဖို့
အရေးကြီးတာလား.."

"ကျ..ကျွန်မ.."

"နင် ငါ့ရိုက်ထည့်လိုက်ရရင် သေတော့မယ်သိလား..ဘာတစ်
အသုံးမကျဘူး၊ အရေးကြုံလာရင် ပျာနေတာကို ငါအမုန်းဆုံးပဲ—
ငါ့ရှေ့က မြန်မြန် ထွက်သွားစမ်း.."

အဝင်းခေါင်းငုံ့ပြီး အပြေးတပိုင်းထွက်သွားသည်။ ဒေါ်မင်းမာ
မျက်ရည်ဝဲအံကြိတ်ရင်း ဒီဘက်လှည့်လိုက်တော့ ဧည့်ခန်းထောင့်
အပြာ့ကို မြင်လိုက်ရ၏။ နောက်မှာ နင်းဟေမာန်.. ၊

မှန်တိုင်းဘယ်ကို ဗဟိုပြုနိုင်မှန်းတွေးလိုက်မိကာ ဒေါ်ဟေမာန်
ချင်းလှည့်ထွက်လာခဲ့သည်။ သို့သော်ခပ်လှမ်းလှမ်းရောက်မှ ဒေါ်မင်း
လာရဲ့ စကားသံကိုကြားလိုက်ရသဖြင့် နေရာမှာတင် ရပ်သွားခဲ့၏၊

"မင်းဘာဖြစ်လို့ တငိုငိုတရယ်ရယ်ဖြစ်နေတာလဲအပြာ..ခရီးသွား
မယ့် လူအတွက်လည်း မကောင်းဘူး၊ မင်းဗိုက်ထဲကကလေးအတွက်လည်း
မကောင်းဘူး..ဒါကိုပဲ ငါဘယ်နှစ်ခါပြောပြနေရမှာလဲ."

မိဘတစ်ယောက်ရင်ထဲက သောကကို စာနာပေးလိုက်ရင်း သ
ပြင်းချမိသည်။ ပြီးတော့ ဆက်ထွက်လာခဲ့လျှင်.. ၊

"ဘယ်လိုပြဿနာပဲဖြစ်ဖြစ် ဖြစ်မလာအောင်ကာကွယ် ရှောင်ရှား
မယ်..ဖြစ်လာဖွယ်ရှိနေမှန်းသိရက်နဲ့ ဒီဇာတ်ကို ခင်းခဲ့တာမင်းတို့.."

"သမီးရှင်းပြပြီးပြီးပဲ မာမီရယ်..အဲ့ဒီလူကို သမီးဘယ်သူဘယ်ဝါ
တာတောင် မမှတ်မိတော့ပါဘူး၊ သူတမင်ယုတ်မာချင်လို့ သမီးရှေ့
ရောက်လာခဲ့တာ.."

"သူယုတ်မာချင်တာ မဟုတ်ပါဘူး..မင်းအမေယုတ်မာခိုင်းလို့
တာပါ.."

အမေ.. ၊

ဒီကိစ္စမှာ အမေပါဝင်နေမှန်း ဘယ်သူ့ကိုမှ ပြန်မပြောခဲ့ပါ။

"အဲ့ဒီစိတ်ပျက်စရာ အဖြစ်တွေကို ငါ့မြေးလေးရောက်လာတော့
ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ ပြီးတော့ မြေးကိုမွေးမှာက မင်းဖြစ်နေ
www.burmeseclassic.com

www.burmeseclassic.com



ပါထားခဲ့နိုင်အောင် ကြိုးစားနေတာ..ငါ့သားနဲ့ပတ်သက်လာတိုင်း ငါ့ကိုရှူးသွပ်စေတဲ့အတွက်က မင်းတို့သားအမိအပေါ်မှာ အကြိမ်ကြိမ်သည်းခံခိုင်းခဲ့တယ်..*သူများတကာတွေ မျက်စိလည်လှန်အောင် ပုံချလိုက်လျှောဖို့တွေ* ဖြစ်ခဲ့တယ်.."

မပြောဘူးလို့ ဘယ်လောက်ပဲထိန်းချုပ်ထားပါစေ ခံစားနေရသည့်နှလုံးသားက ဒဏ်ရာထင်မတတ် ပူလောင်နေပြီမို့.. ၊

"အဲ့ဒါတွေ မင်းဘာဖြစ်လို့နားမလည်ရတာလဲ..မင်းတို့လုပ်ခဲ့တဲ့အပြစ်နဲ့ ထိုက်တန်တာဘာလဲဆိုတာ မင်းမသိဘူးလား၊ အားလုံးဘာမှဖြစ်ခဲ့သလို မင်းကိုခုလို အခွင့်အရေးပေးထားခဲ့တာ ဘာကြောင့်မို့လို့လဲ.."

မေးခွန်းတွေ ဆက်တိုက်ကျွံကျလာသော်လည်း အပြာဘာတစ်ခုမှမပြေနိုင်။ အရာရာသည် ကိုယ့်ကြောင့်သာပျက်စီး ဆုံးရှုံးခဲ့ရသည်လို့ မှတ်ယူထားခဲ့ပြီးသည့်နောက်မှာ သူမဟာခုခံချေပခွင့် မရှိတော့သူကဲ့သို့..

"အဲ့ဒီတော့ မင်းကိုယ့်အနေအထားကို နားလည်ပါ..မင်းပြန်ပေးနိုင်တာက ငါ့သားရင်သွေးကို ထိခိုက်ပျက်စီးမရှိ မွေးပေးဖို့ပဲ.."

"လုပ်သင့်တဲ့အတိုင်းကတော့ မှန်ပါတယ်.."

ဒေါ်ဟေမာန် ကိုယ့်သမီးအတွက် ဒါတော့သည်းမခံနိုင်သည်မို့ ထွက်လာခဲ့ရကာ.. ၊

"ဒါပေမယ့် အပြာကရင့်မြေးကို မွေးပေးဖို့ ဗိုက်အငှားလာနေပေးတဲ့မိန်းကလေးမှ မဟုတ်ဘဲ..ကိုယ့်ချွေးမတစ်ယောက်ကို ပြောတဲ့စကားက ရက်စက်လွန်းတယ်.."

ဒေါ်မင်းမာလာက ပခုံးတစ်ဖက်တွန့်၍ မဲ့ကာ.. ၊

"ကျွန်မသားရဲ့ရင်သွေးကို ကိုယ်ဝန်ဆောင်ခိုင်းရုံ ငှားမယ်ဆိုရင်လည်း မိဘရာဇဝင်ကောင်း မကောင်း..အသိုင်းအဝိုင်းသန့်မသန့်၊ အဲ့ဒီမိန်းကလေးရဲ့ ပင်ကိုယ်စရိုက် ဘယ်လောက်နတယ်ကြမ်းတယ်..အဲ့ဒါတွေအားလုံးကို ဇကာတင်စစ်ပြီးမှ ငွေထုပ်နဲ့ပေါက်ပြီး ခေါင်းခေါက်ရွေးမှာပေါ့ မဟေမာန်.."

မိခင်တွေကြားမှာ အပြာ့မျက်နှာလေး ညှိုးငယ်နေကာ မျက်ရည်လေး တဝေ့ဝေ့နှင့်.. ၊

"အခုက ရွေးခြယ်ခွင့်မရလိုက်ဘဲ ရောက်လာတဲ့ဘယ်ကလွင့်လာမှန်းမသိ ဘယ်လိုလောင်ကျွမ်းလာမှန်းမသိတဲ့ မီးစွဲနေတဲ့အမှိုက်တစ်စပဲ.."

"ဘာ..ရှင် ရှင်ဘာပြောလိုက်တယ်.."

ဒေါ်ဟေမာန့်ဒေါသသည် ဒေါ်မင်းမာလာဆီ လေသံသာရောက်ခွင့်ရလိုက်ပြီး.. ၊

"ဟင်.."

"အပြာ..သမီးလေး.."

တအိအိပြိုလဲသွားသည့် အပြာ့ကိုမြင်လိုက်ကာ ဒေါ်မင်းမာလာမျက်လုံးပြူးသွားသည်။ ပြီးတော့ ပြေးလွှားရောက်လာကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်းပါ..ရှင်က.."

"အို..ဒါကျွန်မသမီးပဲ၊ ဘာလို့ဖယ်ရမှာလဲ.."

သူပွေ့မယ် ငါပွေ့မယ်ဖြစ်နေသည့်ကြားမှာ အပြာကသတိလ[illegible] ဖြစ်လျက်.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၆)

"သမီးတို့လည်း ဝိုင်းရှာပေးနေပါတယ်အန်တီရယ်.."

"ဟုတ်ပါတယ်တီလေးရယ်..ကိုလေးက ကလေးမှ မဟုတ်တာ၊ သူ့စိတ်ကိုက ခြေဦးပြန်လှည့်ဖို့ စိတ်ကူးမရှိလို့နေမှာပါ.."

ပြောပုံက ခြကပဲအပြော့ကို မုန်းတီးခါးသီးသွားတာ လိုလို။ ဟန်နီတို့အိမ်ပေါ်တက်လာကတည်းက စကားသံတွေထဲမှာ ဟန်နီ့အသံစူးစူးလေးပဲ ဖြစ်နေလျက် ပြောသမျှစကားတွေက စာနာမှုနည်းပါးစွာဖြင့်သာ.. ။

ဒေါ်ဟေမာန် ကိုယ့်ဒေါသကို အပိုးသတ်မရဖြစ်နေကာ အပြော့အတွက် ကြက်သားမွကြော်လေး လုပ်ပေးနေရင်း တက်တခေါက်ခေါက် ဖြစ်နေခဲ့၏။ စီစီက အနားကပ်လာပြီး လေသံတိုးတိုးဖြင့်.. ။

"အန်တီစိတ်တိုမနေနဲ့သိလား..အဲ့ဒီမမက အစ်ကိုလေးရှိရင် ဒီထက်တောင် မျက်စိနောက်ဖို့ကောင်းသေးတယ်.."

ကပ်ပြောလိုက်ရင်း သူတို့တွေအတွက် ပြင်ဆင်ထားသည့် အအေးတွေကို ဗန်းလေးပေါ်တင်ပြီး ယူထွက်သွား၏။

"ပေး ပေး..ငါသွားပို့လိုက်မယ်.."

"အယ်..မလုပ်.."

"ပေးပါကွယ်.."

ဒေါ်ဟေမာန်ဆံပင်သပ် အင်္ကျီဆွဲချလုပ်လိုက်ပြီး ဖန်ခွက်တွေနဲ့ဗန်းကို လက်ပြောင်းယူလိုက်သည်။ အမြင်ကပ်ပါသည်ဆိုမှ အပြင်ကိုထွက်လိုက်တာနှင့် သင်းအသံကိုတန်းကြားရ၏။

"ကိုလေးသနားပါတယ်..သူကသာလူကို ဟိုထင်ဒီထင် ပြောသွားတာ ဟန်နီကကိုယ့်အစ်ကိုအရင်းလို ခင်တာပါ.."

"တော်ပါတော့ဟန်နီရယ်..သူ့မှာလည်း သူ့စိမ်းဖက်နေပြီဆိုတော့ ဟိုဖက်ကတစ်မျိုး ဒီဘက်ကတစ်မျိုး စိတ်ညစ်ရမှာပေါ့..မိန်းမမရခင်က သူနှင့်အပေါ် အရမ်းကောင်းခဲ့တာဥစ္စာ.."

သူငယ်ချင်းတွေက ဆေးထိုးနေကြသည်။ ဒေါ်မင်းမာလာလည်း ပြုံးနေရပေမယ့် ဒီအချိန်မှာတော့ ဟန်နီ့အသံက မသာယာတော့ပါ။ သူမတို့ပြောသည့်စကားတွေ ဘယ်လိုအဓိပ္ပာယ်သက်ရောက်နေမှန်းလည်း သိနေ၏။ အပြော့ကိုလည်း ချစ်ခင်စာနာလွန်းလို့ မဟုတ်.. ။

ဒါပေမယ့် သူမကကျန်းမာရေးမကောင်းသည့် အချိန်ဖြစ်နေသည်။ ဖြစ်ခဲ့ရသည့် ပြဿနာတွေထဲမှာ ဟန်နီနဲ့သက်ဆိုင်ခဲ့တာတွေလည်း ရှိနေခဲ့တာမို့ ဒီစကားတွေကို အပြော့နားထဲ မရောက်စေချင်.. ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဂျပန်ကီမိုနိုအနီရောင်နှင့် အနီရောင်ရင်စေ့လက်ပြတ်အင်္ကျီ ဝတ်ထားသော ဒေါ်ဟေမာန်က ဆံပင်တွေကိုလည်း ဒီတိုင်းဖြန့်ချလျှက် ထွက်လာလျှင်.. ။

"ဟင်.."

ဟန်နီ့အကြည့်တွေက အမှတ်တမဲ့ရောက်လာပြီး ပေါ့ပါးစွာဖြင့် ကျော်သွားသည်။ သို့သော် ချက်ချင်းဒိုင်းခနဲ ပြန်ရောက်၏။

ဒီမိန်းမ.. ။

စားသောက်ဆိုင်ထဲကအဖြစ်နှင့်အတူ အပြောအမေဆိုတာပါ သတိရ လိုက်ကာ.. ။

"ဒေါက်.."

ထုတ်ကိုင်လိုက်ပြီးသည့် မန်မိုရီစတစ်လေး ဒေါက်ခနဲလွတ်ကျသွား၏။ ဒေါ်ဟေမာန်က တမင်ချိထားသည့်မျက်နှာနှင့် အားလုံးရှေ့ကိုရောက် လာကာ.. ။

"သုံးဆောင်ကြပါဦး..ရောက်ထဲကစကားတွေပြောရတာ အာခေါင် ခြောက်နေမှာပေါ့.."

အအေးသုံးခွက်ကိုပေးခြင်းသည် မြန်မြန်မယူလျှင် ဖန်ခွက်နဲ့ပေါက် တော့မှာလို သွက်လက်မြန်ဆန်နေကာ ဟန်နီ့အလှည့်တွင်.. ။

"ဒုတ်.."

"အား.."

"မှောက်ကုန်ပြီ.."

ဖန်ခွက်က နှစ်ယောက်လက်ကြားကနေ ပြုတ်ကျသွားကာ လက်သုတ်ပဝါအခေါက်လေးပေါ်ကနေ တစ်ဆင့်မှောက်ကျသွား၏။ ဖန်ခွက် ကွဲသော်လည်း အအေးတွေက ဟန်နီ့ခြေထောက်တွေပေါ် အလုံးအရင်းနှင့် ကျကုန်လေသည်။

"ထ..ထလိုက်လေ.."

"ပေကုန်ပြီ.."

"စွန်းကုန်တာဟဲ့.."

"ဘယ်လိုလုပ်လိုက်တာလဲမဟေမာန်ရယ်..ရှင်ကဘာလို့ ယူလာ တာတုံး.."

လူငယ်တွေ ဝရုန်းသုန်းကား ထရပ်ကုန်ကြတော့ ဒေါ်မင်းမာသော မျက်နှာပူသွားကာ.. ။

"ဆောရီးပါသမီးတို့ရယ်.."

"မတော်တဆပဲဒေါ်မင်းမာလာရယ်..သူများတွေဆို တကူးတက သွားလာလည်ပတ်ပြီး တစ်ပါးသူထိခိုက်ပျက်စီးဖို့ ကြိုးစားနေကြသေး တာ.."

"ရပါတယ်တီလေး..တမင်တကာဖြစ်ဖြစ် မတော်တဆဖြစ်ဖြစ်ပါ တီလေးအိမ်ပေါ်မှာ ဟန်နီတို့မရိုင်းချင်ပါဘူး..သွားမယ်နော်.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟေမာန်က မျက်ခုံးတွေပင့် လက်ပိုက်လိုက်ကာ.. ၊

“ရှိင်းလို့ရောရမလား..ဒါမျိုးဆိုဟေမာန်တို့က ရိုဟာဆယ်မလိုဘူး၊ ဆင်းဝမ်းကဒ်ပဲ..”

“မဟေမာန်..”

“ရှင် ကျွန်မကိုကျုပ်ဖို့ မကြိုးစားပါနဲ့..ကိုယ့်အိမ်ပေါ်လာပြီး ကိုယ့် ခမ်းကို မျက်ရည်ပေါက်ကြီးငယ်ကျဖို့ လာကြိုးစားနေတာ ရှင်ဆိုရင်ခံမ လား..”

“ကျွန်မက ရှင့်လို..”

“ခံလေ..ရှင်ကခံချင် ခံမှာပေမယ့် ကျွန်မမခံနိုင်ဘူး၊ ဘုရားရှင် တောင်မှ အလုမာန်တက်နေတဲ့ သူကိုအလုချင်းပြိုင်ပြီး တရားပြရတယ်.. တန်ခိုးမာန်ထောင်နေတဲ့ သူကို တန်ခိုးချင်းပြိုင်ရတယ်၊ ဒီတရားရှိသေ တန်းထိုက်ပါလား ဆိုတာသိမှ ကျွတ်တန်းဝင်ကြတာ မဟုတ်ဘူးလား..”

ဒီလိုပါးစပ်က ပြောလာသည့်စကားတွေလားဆိုသည့် အကြည့်တို့ နှင့် ဒေါ်မင်းမာလာ နှုတ်ဆိတ်နေ၏။

“လောကီလူသားတွေအတွက်ကတော့ ပါးစပ်နဲ့တန်ရင်ပါးစပ်.. လက်နဲ့တန်ရင် လက်ပဲ၊ သူတုတ်ဆွဲရင် ကိုယ်ကဓားကိုင်ထားမှ..”

“မဟေမာန်..”

“ပြောပြတာ..လူကုံထံတွေဒေါ်သ ဘယ်မှာဖျာလိပ်နဲ့ပတ်သိမ်းထား လဲတော့ မသိဘူး၊ ကျွန်မဒေါ်သကတော့ ကျွန်မလက်ထဲမှာပဲ..”

“ဒါ ရှင့်အိမ်မဟုတ်ဘူးလေ..အဲ့ဒါကို သတိရရဲ့လား..”

“သိပ်ရတာပေါ့..အဲ့ဒါကြောင့် အခုဆုံးဖြတ်လိုက်ပြီ၊ အပြာ့ကို ကျွန်မ ပြန်ခေါ်သွားမှာ..”

“ဘာပြောတယ်..”

ဒေါ်မင်းမာလာ ဆတ်ဆတ်ခါနာသွား၏။ အိမ်မှာနေခွင့်ရဖို့ မျက် ရည်စက်လက်နဲ့ တောင်းပန်တုန်းက ဒီမျက်နှာမဟုတ်.. ၊

“ရှင်စကားတစ်ခွန်းကိုပြောပြီးရင် တည်ရမှန်းတော့ နားလည်သင့် တယ်..”

“မတည်တာက ရှင်ပဲဒေါ်မင်းမာလာ..အပြာ့ကိုရှင်ပဲ ပြန်ခေါ်သွား ချင်းခဲ့တာ..”

ကြည့်စမ်း.. ၊

ချက်ချင်းကြီး လှည့်ပြောင်းပြောနေသည့် စကားတွေကို ဒေါ်မင်းမာ လာ ရုတ်တရက်မဖြေရှင်းနိုင်.. ၊

“ဟုတ်တယ်..ကျွန်မက ခေါ်မသွားပါဘူးလို့ ပြောခဲ့တယ်..ဒီမှာနေ ခွင့်လည်း တောင်းခဲ့တယ်၊ အဲ့ဒါတွေက ရှင့်နဲ့ကျွန်မ အပြာ့မိခင်တွေပဲလို့ ယုံကြည်တွေးထားခဲ့တာ..”

“အဲ့ဒါတွေက..”

“ရှင်ပြောခဲ့ပါတယ်..ကျွန်မက ယောက္ခမပီပီပဲဆိုတာ..”

www.burmeseclassic.com

www.burmeseclassic.com


"မဟေမာန်.."

"ယောက္ခမပီသတာလည်း ထားလိုက်နိုင်သေးတယ်..ဘာလို့ တော့ ရှင်ကျွန်မသမီးအပေါ်မှာ ခွဲခြားနှိမ့်ချခဲ့တာ မရှိခဲ့တဲ့အတွက် ရှင့် ခာတ်ကို ခုနကထိ လေးစားနေသေးတာကိုး.."

ခုတော့ မလေးစားနိုင်တော့ဘူးလို့ ပြောလိုက်တာလား..

ဒီက ပါးစပ်ပြင်လိုက်တာနှင့် သူမကပြောပြီးသားဖြစ်နေကာ ဖက်လူကို ပြောခွင့်မပေးဘဲ ယဉ်ကျေးမှုလည်းမရှိ၊ စည်းကမ်းလည်း

"ရှင်ကတကယ်တမ်းတော့ ပါးစပ်ကပဲ ဟစ်ကြွေးနေတာမှ ဘဲ ..အဲ့လိုယောက္ခမပီသပြလိုက်တော့ ကျွန်မဘာလုပ်သင့်တယ် နားလည်သွားတာပေါ့..အပြာက ယဲ့ယဲ့လေးပဲရှိတာ၊ ကိုယ်ဝန်က နလေးရှယ်..မတော်တဆ ပျက်ဆီးသွားဖို့က ရှစ်ဆယ်ရာနှုန်းရှိတယ်"

ရှင် မင်္ဂလာမရှိတာ လာရွတ်မနေနဲ့.."

"ရှင်တို့ပြောဆို ရေရွတ်နေတာတွေကတော့ မင်္ဂလာရှိနေလို့လား ကောင်မလေးနဲ့အထင်လွဲပြီး အပြာနဲ့ခြဲ အဆင်မပြေဖြစ်ကြသေးတာ အပြင်မှာလည်း ဖယားရှုပ်ခဲ့တယ်..ခုလည်း.."

"ကျွန်မသားက အဲ့လိုယောကျ်ားမျိုးမဟုတ်ဘူး.."

"ရှင်ပြောနိုင်မှာပေါ့..အဲ့ဒီတုန်းက အပြာကားမှောက်ပြီး သား ပျက်စီးတာ ဘာညာမဖြစ်ခဲ့ဘူးလေ.."

"မဟေမာန် ရှင်ပြောနေတာတွေ ကြမ်းတမ်းလွန်းတယ်နော်..အဲ့ စကားတွေကို ကျွန်မလက်မခံနိုင်ဘူး.."

"ရှင်လက်ခံနိုင်မယ့် စကားမျိုးမပြောတော့ဘူးလို့ ကျွန်မဆုံးဖြတ် မှ ထွက်လာခဲ့တာ.."

မျက်လုံးချင်းအားပြင်းစွာ ပြိုင်ဆိုင်တို့ဆွဲနေကြ၏။ အနီရောင် ရင့်နှင့် ဒေါ်ဟေမာန့်မျက်လုံးတွေက စိန်ရောင်မကူဘဲ စူးရဲလင်းလက် ကာ အဝါရောင်နှင့် ဒေါ်မင်းမာလာရဲ့မျက်လုံးတွေက လည်ပင်းကစိန် စိန်နားကပ်တို့နှင့် အပြိုင်လက်တောက်နေခဲ့၏။

"ရှင့်လက်ထဲမှာနေရင် အပြာသက်ဆိုးရှည်မှာမဟုတ်ဘူး..ရှင် စိတ်ကောင်းလေးရှိပုံ ပေါ်ပေမယ့် သားနဲ့ပတ်သက်ရင် အဆိပ်တက် လွန်းတယ်၊ အဆိုးနဲ့အကောင်းကြားမှာ အမြဲရှိနေတတ်တဲ့ ရှင့်စိတ်ခာတ် သားကလွဲရင် ဘာကိုမှ အကောင်းမြင်ဖို့မရှိတာ အခုသေချာသွားပြီ"

"ရှင်ပဲပြောနေတာလားမဟေမာန်..အပြာ့ဗိုက်ထဲက ကလေး ကျွန်မသားရဲ့ ရင်သွေး.."

"အဲ့ဒီတော့.."

"ရှင့်လိုပြီးခဲ့တာတွေ ကျွန်မပြန်လှန်ပြီး မပြောချင်ဘူး..ရှင့်အပြာ့ ခေါ်သွားခွင့် မရှိဘူးဆိုတာပဲ ထပ်ပြောချင်တယ်.."

"ရှင်ကယောက္ခမ..ကျွန်မကအမေပါ.."

"သူပြန်လိုက်မလားပဲ မေးပါဦး.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မလိုက်ရမှာလဲ..ဒီမှာ သူ့ယောကျ်ားလည်း မရှိဘူး၊ မတော် တ်ရတဲ့ ချွေးမတွေ တအုန်းအုန်းနဲ့ယောက္ခမဖြစ်သူက ငိုချင်းချနေသေး ယ်.."

"ကျွန်မဘာပြောနေတာ ရှင်ကြားလို့လဲ.."

"ပြောချင်ပြောမှာပေါ့..ကျွန်မက ထွက်လာမိတာကိုး.."

"ကျွန်မအဲ့လို အောက်တန်းကျတဲ့စိတ်ဓာတ်မရှိဘူး.."

"ရှင့်စိတ်ဓာတ် ကြမ်းကြားညှပ်နေလည်း လိုက်ကောက်ကြည့်လို့မှ ရတာ.."

"ရှင်ဘာဖြစ်လို့ လိုရာကိုဖွတ်ပြောနေတာလဲ..စကားကို တရားဝင် နဲ့ခန့်ညားညား ပြောစမ်းပါ၊ ကျန်းမာရေးမကောင်းတဲ့ ကိုယ်ဝန်ဆောင်ကို စိတ်ထဲခေါ်သွားမယ်ဆိုတာ သဘာဝကျသလား..ကျွန်မက သူ့ကိုကျန်း ရေးကိစ္စ လိုလေသေးမရှိ ပံ့ပိုးစောင့်ရှောက်နိုင်တဲ့သူ.."

"ရှင်နဲ့ကျွန်မ အပြာ့ကိုစောင့်ရှောက်ခွင့် ရရေးအတွက် ခုံရုံးတက်နေ တာ မဟုတ်ဘူးဒေါ်မင်းမာလာ..အခုပဲ ဟန်နီ့အသံကြားပြီး အပြာငိုနေ ပြီ၊ သူ့ကိုကျွန်မ စည်းရုံးစရာတောင် မလိုဘူး.."

ဒေါ်မင်းမာလာ မျက်လုံးတွေထဲမှာ ခြောက်ချားမှုတွေ သိသာစွာဖြစ် နှံ့လာခဲ့သည်။ သားရဲ့ရင်သွေးလေး အပြာနဲ့အတူပါသွားလို့ ဘယ်လို ဖြစ်နိုင်ပေ။ ကလေးကို ထားခဲ့ဆိုပြီး ခေါ်ထားရအောင် ကလေးက ည်း ဗိုက်ထဲမှာ.. ၊

ခုဆို သုံးလတောင်ပြည့်တော့မှာ ဖြစ်သည်။ ဒီကိုယ်ဝန်ကို သူမ ည်းသည်းလှုပ်နေမှန်းသိလို့ ဒေါ်ဟေမာန်အညာကိုင်လိုက်တာမှန်း ိပေမယ့်..၊

"ရှင်ဘာဖြစ်ချင်တာလဲ ပြောစမ်းပါ.."

"ဘာမှမဖြစ်ချင်ပါဘူးမာမီ.."

ဟင်.. ၊

ဒေါ်ဟေမာန် ထိတ်ခနဲဖြစ်သွားသည်။ အပြာက ဖြူဖျော့နေသည့် က်နှာလေးနှင့် ခပ်ဖြည်းဖြည်းလျှောက်လာကာ မအေကိုတစ်ချက်မှ ကြည့်။ သို့သော်.. ၊

"ခုနကပဲ မူးနေတယ်ဆို..ဘာလို့ထွက်လာတာလဲအပြာ၊ သွား သမီး နားဝင်နေ.."

အပြာက ကိုယ့်ကိုစကားဟာဟာပင် ပြန်မပြောသေးပေ၊ ဒါပေမယ့် ူမအတွက်ပဲ မအေကမပြောချင်တာတွေ ပြောပြီးတိုက်ခိုက် အနိုင်လုနေရ ာပါ။ ဒါကြောင့် သူမတစ်ခုခုဝင်ပြောလိုက်လို့ မဖြစ်.. ၊

ဒေါ်ဟေမာန် အပြာမပြောသာအောင် အချိန်မီတားဆီးဖို့ ပြင်ဆင် ိုက်သော်လည်း.. ၊

"သမီး ဒီအိမ်ကနေ တစ်ဖဝါးမှ မခွာပါဘူး.."

ဒေါ်မင်းမာလာမျက်နှာ ပြုံးကြည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်က ဘာမှမမေးမြန်းဘဲ ထွက်သွားတာတောင် အပြာ... ပြန်နေရဲ့လားလို့တော့ မေးသွားသေးတယ်..အပြာ့ဆီကို မောင်ပြန်... အပြာသိတယ်၊ ဘယ်လောက်ကြာပါစေ..မောင့်ရင်သွေးကိုမွေးပြီး... ပြန်လာတဲ့အထိ အပြာဒီကပဲစောင့်နေမယ်.."

ဒေါ်ဟေမာန် ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ဒေါ်မင်းမာ... အောင်နိုင်သူလို ပြုံး၏။ အပြာက မလှုပ်တလှုပ်လေး ပြန်လှည့်သွား... ဒေါ်ဟေမာန် နှုတ်ခမ်းတို့ ဈေးထားရင်း မျက်လွှာချလျက်.. ၊

ညည်းမှန်ပါတယ်အပြာ..ငါပဲမှားတာပါ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၇)

မောင့်ခုတ်ပုံလေးကို ရင်ခွင်ထဲမှာ ဖက်ထားရင်း ကျနေခဲ့သည့်မျက်ရည်တွေက မျက်တောင်ဖျားတစ်ဝိုက်မှာပဲ စိုကပ်အေးခဲနေကြသည်လားမသိ..၊

မျက်တောင်ခတ်ရတာ ကပ်စေးစေးနှင့် မျက်လုံးတွေ ဖန်စပ်စပ်ဖြစ်လာသည်။ အိပ်ချင်သလို မျက်လုံးလေးလာပြီး အိပ်လို့လည်းမပျော်ဘဲကြာတော့ ခေါင်းတွေကိုက်လာခဲ့၏။

မောင်ပြန်မလာတာ ခုဆို ခြောက်လတောင်ကြာပါပြီ၊ အပြာ့မျက်နှာလေး ပိန်လှီညှိုးလျော်နေကာ ဗိုက်ကလေးကသာ မို့မောက်စူထွက်လာခဲ့၏။

ပြန်လာခဲ့ပါမောင်..မောင့်ရင်သွေးလေးကို လွယ်ထားရတဲ့ အပြာ့ပုံစံကို မောင်လာကြည့်လှည့်ပါ၊ မောင့်သားလေးကိုမွေးဖို့ အပြာ့နားမှာ မောင်ရှိနေပေးပါ..အပြာ့အတွက် ခွန်အားတွေပေးပါ.. ၊

တစ်ယောက်တည်းတွေးခွင့်ရနေတဲ့ အချိန်တိုင်းမှာ ဗိုလ်ညကအဖြစ်တွေသည်သာ ရုပ်ရှင်ပြကွက်တွေလို ပေါ်နေခဲ့သည်။ မောင်လာကြိုမယ် ပြောတော့ သူမတားခဲ့သည်။ ပြန်မလာလွန်းလို့ မောင်ထွက်လိုက်တာတော့ သူမနဲ့ ရဲသွေးနီကို အမှောင်ထဲမှာ မြင်သွားသည့်မြင်ကွင်းက အကျည်းတန်လွန်းနေ၏။

မသိရင် ဒီမှာတစ်ယောက်နဲ့ချိန်းထားလို့ မောင်လာမကြိုနဲ့ တားထားခဲ့တဲ့အတိုင်း။ ထိုညနေက ဆိုင်အနီးပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲဖြစ်သွားတာကြောင့် သူမဆိုင်ကိုထားခဲ့ပြီး ပြန်လို့မရခဲ့သည့်အဖြစ်ကို ရှင်းပြချိန်တောင် မရလိုက်.. ၊

ဖြစ်ချင်တော့ ဖုန်းကလည်းညနေပိုင်း ရုတ်ရုပ်သဲသဲဖြစ်နေခဲ့သည့် အချိန်မှာထဲက လွတ်ကျပြီး ပါဝါဖွင့်မရတော့ပေ။ ဒါတွေကို တိုက်ဆိုင်တာပါလို့ မောင်ယုံကြည်ပေးရင်တောင် အမေကိုယ်တိုင် ဖန်တီးကြိုးဆွဲခဲ့တဲ့ အဖြစ်ဆိုတာသိလိုက်ရသည့် အချိန်မှာ သူမရုပ်သေးကြိုးပြတ်ဖြစ်ခဲ့ရသည်။

အမေရှင်းပြနေတာကို နားလည်ပေးချင်ပေမယ့် ဒါကိုစခဲ့သည့်အတွက် ခွင့်မလွှတ်နိုင်။ ဒီအဖြစ်တွေကြောင့် မောင်နဲ့သူမ ကလေးရနိုင်တော့သည့်အဖြစ်က တစ်ဘဝလုံးစာ ဖြစ်သွားခဲ့ရင် ဘယ်လိုနေပါမလဲ..

မို့မောက်နေသည့်ဗိုက်ကို တယုတယပွတ်သပ်ရင်း မျက်ရည်တွေအဆက်မပြတ်ကျနေခဲ့သည်။ မောင်စိတ်ဆိုးမယ်ဆို ဆိုးလိုက်သည်။ နာ

www.burmeseclassic.com

www.burmeseclassic.com



ကျည်းသွားမယ်ဆိုလည်း နာကျည်းထိုက်ပါ၏။

မောင်အမြင်မှာ တိုက်ဆိုင်ခဲ့သည့်ကိုယ့်အပြစ်တွေက ခွင့်လွှတ်
ဖွယ်မရှိတာ သူမနားလည်ပေးနိုင်သည်။ ပြီးတော့ မာမီ။ မာမီ့ဘက်က
ဘာတွေပဲ ပြောင်းလဲပါစေ ဘယ်လိုပြစ်ဒဏ်တွေနဲ့ တုံ့ပြန်ဒဏ်ခတ်သည်
ဖြစ်စေ သူမကျေနပ်စွာပေးဆပ်မည်။ ဒါပေမယ့်.. ၊

ဒီပွဲမှာ အမေ့ကိုတော့ မပါစေချင်ပေ။ အမေဒီရောက်လာသည့်အ
တွက် ဘယ်လိုပြဿနာတွေ ထပ်မံကြီးထွားလာနိုင်သလဲဆိုတာ သူမ
တွေးမိသည်။ ထို့ပြင် သူမရေငုံနှုတ်ပိတ်ထားခဲ့ပါလျက်နှင့် အမေက
အပြစ်လုပ်ထားပါသည်လို့ ဖွင့်ပြောထားပြီးဖြစ်နေခဲ့၏။

မိဘနဲ့သားသမီးလို မာမီ့ဘက်က ဘယ်လိုမောက်မာရက်စက်ပါစေ
သူမကျေနပ်ပေးနိုင်သည်။ အမေ့ကိုတော့ သူများက နိုင်စားနိမ့်ချနေတာ
မနှစ်မြို့နိုင်။ အမေက ဘာလုပ်တာလဲ..ဘာလို့ဒီမှာ လာနေခဲ့တာလဲ..

ဒီသမီးနဲ့ အတူတူနွေးထွေးစွာနေကြဖို့ ဘယ်တုန်းကမှ အားမထုတ်
ခဲ့ပါဘဲ ခုကျမှ စိတ်ပူလို့ပါဆိုတာ ဝမ်းသာရမှာလား၊ မယုံပါဘူးလို့ပြောရမှာ
လား၊ ဒါမှမဟုတ် မာမီကိုတိုက်ခိုက်ချင်တာကြောင့်လား.. ၊

သူ့သားထွက်သွားခဲ့သည့်အဖြစ်ကြောင့် ငါ့သမီးကိုဖိနှိပ်ပြောဆိုမှာ
လိမ့်မည်ထင်ပြီး လက်နက်အပြည့်အစုံနှင့် တမင်လာနေနေတာ ဖြစ်ဖို့များ
ပါသည်။ ဘာကြောင့်နေနေ အဆင်ပြေသာယာဖို့ဆိုတာ ဖြစ်မလာနိုင်တော့

"ဒေါက် ဒေါက်.."

တံခါးခေါက်သံနှင့် အတူ.. ၊

"မပြာ..ကျွန်မဝင်လာပြီနော်.."

"ဝင်ခဲ့လေ.."

စီစီက ပန်းသီးစိပ်တွေ လှလှပပပြင်ထားသည့် ဗန်းလေးနဲ့ဝင်လာ
ကာ.. ၊

"မပြာအတွက် နေ့လည်အဆာပြေလေး.."

"နေ့လည်စာလည်း ဆာမှမဆာတာ..မစားချင်ဘူးစီစီ.."

"စားလိုက်ပါမပြာရယ်..ဟောလစ်တွေ အိုဗာတင်းတွေ တိုက်နေရ
မပြာ ဒုက္ခရောက်လိမ့်မယ်..ပြီးတော့ တစ်ဖက်မှာသွားအန်ရတာ ပိုတောင်
အားကုန်သေးတယ်.."

ပန်းသီးစိပ်တွေကိုကြည့်၍ ငေးနေမိသည်။ စီစီက သူ့မျက်နှာကို
ကြည့်၍.. ၊

"မပြာ..ဘာစားချင်လို့လဲဟင်.."

"ငါ အစပ်တွေအချဉ်တွေ ဆိုရင်တော့ စားချင်သလိုပဲ.."

"စားချင်သလိုပဲဟုတ်လား..သိပ်မစပ်မချဉ်ပဲ လုပ်ပေးမယ်လေ၊ ဘာ
စားချင်လဲ..ရှောက်သီးသုတ်လား.."

အပြာ စားချင်တာရှိသည် ကြားလိုက်တာနှင့် စီစီဝမ်းသာအားရဖြစ်
သွားပြီး အနားမှာဒူးထောက်လေး ထိုင်ချလိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"မပြာ စားချင်တာတစ်ခုခုရှိရင် တိတ်တိတ်ပြောတဲ့..အန်တီကလုပ်ေးမယ်တဲ့သိလား၊ မေမေကြီးမသိအောင် စားလို့ရတာပဲဟာ.."

"ငါ.."

"မပြာရယ်..အန်တီက မပြာရဲ့အမေပဲဟာ၊ မတည့်တာကြီးကိုတော့ တ်မကျွေးပါဘူး..မေမေကြီးမသိအောင်ဆိုတာက မေမေကြီးကတော့ စိုး ခ်လွန်ပြီး တအားတင်းကျပ်ထားတာကိုး..အဲ့ဒါကြောင့်ပါ.."

"ဟော့..စီစီ အထဲမှာဘာလုပ်နေလဲ.."

"ရှင်.."

စီစီမျက်လုံးလေး ပြူးသွားသည်။ သူမအကြောင်းပြောနေတုန်းမို့ ကြားသွားပြီလားထင်ပြီး အထိတ်တလန့် ထရပ်လိုက်၏။ ဒေါ်မင်းမာ ာက ဝင်လာပြီး.. ၊

"ဘာလဲ..ခွံ့ကျွေးမလို့လား.."

"ဟို.."

"သွားတော့.."

"ဟုတ်.."

ဒေါ်မင်းမာလာက ဒရင်းဘက်ခ်ပေါ်မှာ ထိုင်နေရာကနေထဖို့လုပ် နေသည့် အပြာ့ကို မတ်တပ်ကနေ ငုံ့မိုးကြည့်ကာ.. ၊

"မင်းကိုယ်ဝန် ရှစ်လထဲရောက်နေပြီဆိုတာ သတိရရဲ့လားအပြာ.."

"ဟုတ်ကဲ့ပါ.."

"ကိုယ့်ပုံကိုမှန်ထဲ ပြန်ကြည့်ဦး..ဒီလိုပုံစံနဲ့ ကလေးကိုကျန်းကျန်းမာ ာ ဘယ်လိုမွေးမလဲ၊ မင်းအတွက် စိုးရိမ်ဖွယ်တွေဖြစ်နေရပြီ.."

အပြာ ခေါင်းလေးငုံ့နေခဲ့လျက်.. ၊

"ဒီနေ့လည်ကျမှ ဝင်လုံနေတာပါမာမီ..မနက်က ပိုးထည်ဆိုင်ကို တောင် သွားလိုက်ပါသေးတယ်.."

"သွားလာစေချင်တာက ပိုးထည်ဆိုင်ကို မဟုတ်ဘူးလေ..အဲ့ဒီဆိုင် ကို ပြန်လွှဲလိုက်တော့ဖို့လည်း စီစဉ်ပြီးနေပြီ.."

အပြာက တောင်းပန်သည့်မျက်နှာလေးနဲ့ မော့ကြည့်လာရင်း.. ၊

"မာမီရယ်..သမီးလုပ်နိုင်ပါတယ်၊ ကလေးမွေးပြီးရင်လည်း.."

"မလုပ်ရဘူး..ငါစိတ်လည်းကုန်နေပြီ၊ အဲ့ဒီပတ်ဝန်းကျင်မှာ ဖြစ်ရတဲ့ ပြဿနာတွေကြောင့် ဖြတ်တောင်မလျှောက်ချင်တော့ဘူး..ဘာလဲ ဆိုင်ကို ဆုံးရှုံးရမှာစိုးလို့လား၊ ဆိုင်တန်ဖိုးပြန်ရရင်လည်း ငါကပြန်မသိမ်းဘူး..မှမ နေနဲ့.."

အပြာ မျက်ရည်လေးဝေ့လျက် ခေါင်းခါသည်။ ဒါပေမယ့် ဘာမှ ပြန်ပြောနိုင်သည့် အင်အားလည်းမရှိ.. ၊

"အဝင်းရေ..အဝင်းဘာလုပ်နေလဲဟေ့.."

"လာပြီမမကြီး.."

အဝင်းအသံကြားလိုက်ရပြီး မကြာခင်ဝင်လာတော့ လက်ထဲမှာ ဖန်

www.burmeseclassic.com

www.burmeseclassic.com


ခွက်ကြီးတစ်လုံးကို ဗန်းပေါ်တင်လာ၏။ အပြာမျက်နှာလေး ပျက်သွား သည်။ ဖန်ခွက်ထဲမှာ နို့တွေအပြည့်နှင့်ဖြစ်ကာ..။

"ပေးလိုက်..အဲ့ဒါနို့အစစ်နဲ့ ဖီးကြမ်းငှက်ပျောသီး မွှေထားတာ.."

ငှက်ပျောသီးပါသေးမှန်း သိလိုက်သည်နှင့် ရင်ထဲမှာပျို့တက်လာ သည်။

"ကလေး အသားလှတယ်..ကျန်းမာတယ်၊ မသောက်ချင်ပေမဲ့ မိခင်ဆိုတာ ကလေးအတွက်မျိုချရတာပဲ.."

"မာမီ.."

"ဘာမှ စောဒကမတက်နဲ့အပြာ..ကိုယ်ဝန်ကရင့်နေပြီ.."

"သမီးအန်ချင်နေတုန်းပဲမာမီ..အဲ့ဒါကြီးတော့.."

"ပျို့တာအန်တာ လနုတုန်းပဲဖြစ်ကြတာပါ..မင်းကိုယ်ဝန်က ရှစ်လ ဖြစ်နေပြီ.."

"ရှစ်လဖြစ်ဖြစ် မနက်ဖြန်ထွက်ကျတော့မှာပဲဖြစ်ဖြစ် အန်ချင်ခဲ့ တယ်ဆိုတာ ဘယ်လိုလုပ်မျိုချနိုင်မှာလဲ.."

ဒေါ်ဟေမာနဲ့အသံက ဒေါသနှင့်ဖြစ်ကာ အခန်းထဲကိုချက်ချင်း ရောက်လာ၏။ ပြီးတော့လက်ကိုင်ကွင်းနှင့် နို့ဖန်ခွက်ကြီးကို သေချာပြန် ကြည့်၍..။

"လုပ်လာတဲ့ဖန်ခွက်ကြီးကလည်း လူတိုက်ဖို့လား..နွားတိုက်မှာ လား.."

"ရှင်တော်တော်ရိုင်းပါလား မဟေမာန်.."

"ကျွန်မက စကားလုံးနဲ့ရိုင်းနေတာပါ..ရှင်က လူလူချင်းလူလို ဆက်ဆံတာ ဒီမှာလက်တွေ့.."

"ဘာ.."

"အပြာက ကျန်းမာတဲ့သူမဟုတ်ဘူး..တခြားဗိုက်ကြီးသည်တွေနဲ့ နှိုင်းပြီး ရှင်ထင်သလိုလုပ်လို့မရဘူး၊ ဘယ်နှယ့်ဗိုက်ကြီးသည်ကို အားရှိ အောင် ကျွေးတာတဲ့..နွားပါးစပ်ဖြဲထားပြီး ဝါးပုလွေနဲ့ဆန်ကွဲကျို လောင်း ထည့်မယ့်အတိုင်း.."

"မဟေမာန်.."

"ဘာလဲ.."

"သူ့ဗိုက်ထဲက ကလေးကရှင်နဲ့လည်း မြေးတော်တယ်နော်.."

"တော်တော့.."

"ကျွန်မက ကလေးအတွက် ပြင်ဆင်နေတာ.."

"ကျွန်မက ကျွန်မသမီးအတွက် တားဆီးနေတာ.."

"အမေ့.."

"ငါ့ကိုမတားနဲ့အပြာ..အားလုံး ငါ့အပြစ်ပဲလို့ ကိုယ့်အပေါ်ပုံချပြီး ညည်း ခေါင်းငုံ့ခံနိုင်ပေမယ့် ငါမခံနိုင်ဘူး.."

ပြောပြီး ဒေါ်မင်းမာလာဘက်ကို လှည့်ပြီး မျက်မှုံးတစ်ဖက်ပင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



...း... ။

"ရှင်နဲ့လည်းမြေး..ကျွန်မနဲ့လည်း မြေးတော်တာမှန်တယ်၊ မှန်လွန်း...ို့ ကျွန်မမမှားဘူးဆိုတာ ရှင်နားလည်သင့်တာ..ပြီးတော့ အဲ့ဒီမြေးကို ...ယ်ထားတာက ကျွန်မသမီးဖြစ်နေတဲ့အတွက် ရှင့်မျက်လုံးထဲမှာ မြေး...စ်မျက်နှာပဲ မြင်နေသလို ကျွန်မမမြင်နိုင်ဘူး..ချွေးမကို သမီးလိုသဘော...ထားနိုင်ရင်တောင် မိန်းမသားချင်း စာနာစမ်းပါ.."

"စာနာလို့ ကျွမ်းကျင်တဲ့ဆရာဝန်တွေ အများကြီးနဲ့ကျွန်မအပ်ထား...ယ်..ကျွန်မကိုယ်တိုင် အချိန်ပြည့်စောင့်ကြည့်ပေးတယ်.."

"ဘာလဲ..နို့စားနွားမကို အချိန်မှန်ဆန်ကွဲကျို လောင်းထည့်ပေးဖို့...ား.."

"အမေတော်ပါတော့..အမေ့ကို သမီးဘယ်လို တောင်းပန်ရမလဲ...င်.."

"ဘယ်လိုတောင်းပန်လို့မှ မတော်နိုင်ဘူး.."

ဒေါ်ဟေမာန့်မျက်လုံးတွေ ရူးရူးရဲရဲဖြစ်နေခဲ့လျက် ဒေါ်သကငယ် ...ိပ်တက်နေသည့်နယ်.. ။

"ဒါတွေကို ကြိတ်မှိတ်မျိုချရတယ်..မကြာဘူး ပြန်အန်ထွက်ကုန် ...တယ် ၊ ဗိုက်ထဲက အစာတွေပြန်ထွက်တဲ့အထိ အန်ရတာ နည်းနည်းနော ...နော ပင်ပန်းတယ်ထင်နေလို့လား..မင်းခြေရုံကို ဗိုက်မကြီးဘဲနဲ့ မွေးခဲ့တာ ဆိုရင်တော့ ရှင် မမှားပါဘူးလို့ ပြောပေးမယ်၊ လုပ်လေ..ရှင် ဗိုက်မကြီးဖူး ...ူးလား.."

ဒေါ်မင်းမာလာ လက်သီးနှစ်ဖက်ဆုပ်၍ တကျိကျိအံကြိတ်ရင်း ဒေါ် ...ဟေမာန့်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ အဖြူနဲ့ဖေဒါရောင် ...ရောသော ပါတိတ်ထမီနှင့် ဆွဲသားကိုယ်ကျပ်လည်ဟိုက်ကို ဝတ်ထားကာ ဆံပင်တွေကို စုသိမ်းပြီး ဘယ်ဘက်တစ်ခြမ်းထဲမှာ ဆံထုံးပုံစံဖိကပ် ထား၏။

ပြီးတော့ ဝတ်ထားသည့် အရောင်စပ်ကျားလေးတွေပါသော သစ်ခွ ပွင့်တွေကို နေရာတကျထပ်ကပ်ထားသည်။ နှုတ်ခမ်းနီဖျော့ဖျော့ ချက်တောင် ကော့ကော့လေးနှင့် ဒေါ်ဟေမာန့်ပုံစံက အသက်သုံးဆယ်လို့ပဲ လူတိုင်းတွက်မှာ မလွဲ.. ။

သေချာကြည့်ပြီးမှ မဲ့လိုက်ပြီး.. ။

"သမီးတော်စပ်ကြောင်းတွေ မထျာပ်တိုင်တက်နေပေမယ့် ရှင့်ကိုမြင် လိုက်ရရင် တစ်နေ့တစ်ခေါက်နှစ်ခေါက်တော့ ထွက်နေတာပဲနော်..တစ်ခါ တလေ မိုးချုပ်မှပြန်လာသေးတယ်.."

"ဟုတ်တယ်..အဲ့ဒါဘာထွက်လုပ်နေတယ်ထင်လို့လဲ.."

"ရှင်ပဲသိမှာပေါ့.."

"ဟုတ်တယ်..ရှင်သိချင်နေတယ်မို့လား၊ ကျွန်မထွက်နေတာ ရှင့် သားကို ထွက်စုံစမ်းနေတာ..ရှင်ကတော့ နောက်ဆုံးမျိုးဆက်လေးဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီဗိုက်ကို ရှုံ့သွပ်နေပေမယ့် ကျွန်မသမီးအတွက် ဘာလိုအပ်နေတာ
တာ ကျွန်မသိတယ်၊ ဒါကြောင့် ထွက်ရှာနေတာ.."

"သားကို ဟိုဘက်ရပ်ကွက် ဒီဘက်ရပ်ကွက်အိမ်လည် သွား
တယ် ရှင်ထင်နေလို့လား.."

"ကျွန်မဘယ်လိုထင်နေနေ ရှင်စိတ်ပူမနေပါနဲ့..ရှင့်သားပြန်
လာတော့ သားရောမြေးရော ရှင်ပြန်ရရင်မကောင်းဘူးလား၊ သူ
ဆက်သွယ်ဖို့ ကျွန်မအမြဲတမ်းကြိုးစားနေတာ..ဒါကိုရှင်သိတ
ကျွန်မသမီးကို လူကို ဆက်ဆံပေးပါ.."

အပြာ မျက်ရည်တွေကျလျက် ဒရင်းဘက်ခ်ပေါ် ပြန်ထိုင်
သွားလေသည်။ ဒေါ်ဟေမာန်ပျာတိပျာယာ ဖြစ်သွားကာ အပြာ့ကို
တောင့်သက်သာ ထိုင်ဖြစ်အောင်ပြေးထိန်းပေးလိုက်ရင်း.. ၊

"အဝင်း..အဲ့ဒီနို့တွေ ပြန်ယူသွားတော့.."

"ရှင်အမိန့်ပေးဖို့ မလိုဘူးမဟေမာန်..ကျွန်မက ကျန်းမာရေးအတွ
သေချာစီစဉ်လာတာ.."

"မကျန်းမာလို့ မျိုမချနိုင်ဘူးဖြစ်နေတော့ ရှင်ဘာလုပ်မလဲ.."

"ဘယ်လူမမာမှ တည့်တဲ့အစားကို မကြိုက်ဘူး..ဒီလိုပဲ.."

"ဒီလိုပဲ မရဘူး.."

ဒေါ်ဟေမာန်က စိတ်မြန်သည်။

"ခွမ်း.."

"အမေ့ရေ့.."

အဝင်းကိုင်လာသည့် ဗန်းတစ်ခုလုံးကို ပုတ်ချပစ်လိုက်၏။ အဝင်း
လန့်ဖျန့်အော်ကာ ဒေါ်မင်းမာလာ ဒေါ်သချောင်းချောင်းထွက်လေသည်

"ရှင်..ရှင် ကျွန်မအိမ်ပေါ်တက်ပြီး ကျွန်မကိုစော်ကားနေတာ
သိပ်ကို ရိုင်းစိုင်းပြီး စည်းကမ်းမဲ့လွန်းတယ်.."

"ဟုတ်တယ်..ရိုင်းတယ်၊ ရိုင်းတာတွေထပ်ပြောပြဦးမယ်..ရှင်ကျွန်
သမီးကို ကလေးအငှားမွေးခိုင်းတဲ့ မိန်းမလို မဆက်ဆံနဲ့၊ တိရစ္ဆာန်လို
ထားနဲ့..အဲ့ဒါတွေမြင်လို့ နှင်းဟေမာန်က ဒီနေရာမှာရှိနေတာ."

"ဒီနေ့ကစပြီး.."

"ရှင်ထွက်သွားတော့လို့ မပြောနဲ့နော်..ကျွန်မသမီးကို ထားခဲ့ပြီးဒီ
နေ တစ်ဖဝါးမှ မခွာဘူး၊ သူ့ဘာသာကျွန်မနောက် မလိုက်တာဖြစ်
ရှင် ကြိုးတုပ်ထားတာဖြစ်ဖြစ် ဒီလိုနေရာမှာ အပြာ့ကိုလုံးဝ မထားခဲ့ဘူး
တာ ခုတစ်ခါတည်း ပြောလိုက်မယ်..ရှင်ကျွန်မကို မမြင်ချင်ရင် အပြာ့
နှင်ထုတ်လိုက်၊ ရှင်ကလေးကို ရှုံ့သွပ်နေလို့ အညာကိုင်ပြီးပြောယ်
ထင်နဲ့နော်.."

ဒေါ်ဟေမာန်က လက်ကောက်တွေတချွင်ချွင်ကို ခါပြီး၍ ရင်ညွန့်
အောက်မှာ လွဲခါနေသော ရွှေကြိုးပြားကြီးကိုပါ ကိုင်ပြကာ.. ၊

"စိန်တွေသိမထားနိုင်ပေမယ့် နှင်းဟေမာန်က စားရမယ့်သောက်

www.burmeseclassic.com

www.burmeseclassic.com



ည့် မဟုတ်ဘူး..ပြောဖူးတယ်ထင်ပါတယ်၊ ကျွန်မသမီးအတွက်ဆိုရင်
င်းဟေမာန် မတတ်နိုင်တာ ဘာမှမရှိဘူးဆိုတာ.."

တိုက်ပွဲက ကြမ်းလာသည်။ အဝင်းလန့်ဖျန့်နောက်ဆုတ်နေရသလို
ပြော ဘာစကားမှမပြောနိုင်တော့ပေ။ ထိုအတူ ထမီတစ်စ'မ'၍ ထွက်သွား
ည့် ဒေါ်ဟေမာန့်ကို ရူးရူးဝါးဝါးလိုက်ကြည့်နေသည့် ဒေါ်မင်းမာလာ
ယ်တိုင် ပြောဖို့စကားလုံးရွေးနေရင်း ကျန်ခဲ့ရလျက်.. ၊

'ဒီမိန်းမ ငါကလေးကို အပါမခံနိုင်တာသိလို့..'

စိတ်ထဲမှာပဲ ကြိတ်မနိုင်ခဲမရ ကြိမ်းဝါးလျက်.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅၈)

"ခဏလေး ရဲသွေးနီ.."

ရုတ်တရက်ကြီးရှေ့မှာ ဘွားခနဲပေါ်လာသဖြင့် သွေးနီမျက်နှာ[illegible] သွားသည်။ နံဘေးမှာ လက်ထပ်ဖိတ်စာတွေ ကိုင်လျက်ရပ်နေသည့် [illegible] ကလေးက ဒေါ်ဟေမာန်ကို ပြုံးပြ၍.. ၊

"ကိုကို့ညွှေ့သည်လား..အိမ်ထဲပြန်ဝင်ကြမလားဟင်.."

ပါဂျရိုကားကြီးပေါ်က ဆင်းလာသည့် ဒေါ်ဟေမာန့်ကိုယ်မှာ [illegible] ဝတ်လက်စားတွေ ညွတ်ကျမတတ်နှင့် သန့်စင်ချောမွေ့နေသော မျက်နှာ[illegible] ရ ပျူငှာသင့်သည်ဟု ထင်လိုက်ပုံရကာ.. ၊

"လာလေ..မကြီး အထဲဝင်ရအောင်.."

"အဲ့.."

ဒေါ်ဟေမာန်က ဘယ်လိုလဲဆိုသော အကြည့်နှင့်မျက်လုံးချင်း[illegible] လျှင် သွေးနီမျက်နှာတင်းနေကာ.. ၊

"ရတယ်..ရတယ်၊ သူအရေးကြီးလို့လာတာ ဖြစ်မယ်..ဒီမှာပဲ [illegible] လိုက်မယ်လေ၊ ချစ်လေး ကားပေါ်ကပဲစောင့်.."

ဒီမိန်းမကြီး ခြံဝင်းထဲထိ ဝင်လာပြီး ဘာလုပ်တာလဲ.. ၊

ဒေါသတွေက ကျက်ကျက်ဆူတော့မည့် ရေနွေးအိုးလို ဖြစ်လာ[illegible] သည်။ ချစ်လေးကလည်း သူ့မျက်နှာဟန်ဆောင်မရ ဖြစ်နေခြင်းကြောင့် မသင်္ကာဖြစ်သွားပုံပေါ်ကာ ကားထဲဝင်သွားပေမယ့် မျက်လုံးတွေ[illegible] အကဲခတ် ကြည့်တို့နှင့်.. ၊

"ခင်ဗျားဘယ်လိုသတ္တိတွေနဲ့ သူများခြံထဲထိ ဝင်လာတာလဲဒေါ်[illegible] မာန်.."

"ဒေါ်ဟေမာန်တဲ့လား.."

ပြန်မေးပြီး မဲ့လိုက်သေးသည်။ သို့သော် မျက်နှာကချက်ချင်းတင်း[illegible] မာသွားကာ.. ၊

"အဲ့ဒါ ငါကမင်းကို ပြန်မေးရင်ရော.."

သွေးနီ့မျက်နှာ ရဲတက်သွားသည်။ ဒေါ်ဟေမာန် သဘောကျ[illegible] ၏။

"ဒီလိုဂုဏ်သရေရှိ မိသားစုရဲ့သမီးကို ဘယ်လိုရအောင်[illegible]ပြီး လက်ထပ်ဖို့ သေချာသွားတာလဲဆိုတာ အခုအိမ်ထဲဝင်ပြီး မင်းရဲ့ချစ်လေးမိဘ[illegible] တွေကို ငါမေးလိုက်ရင်.."

"ဒေါ်ဟေမာန် ခင်ဗျားဘာဖြစ်ချင်တာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းက ဒါပဲကွ.."

သွေးနီက သူ့ဒေါသမျက်နှာကို ချစ်လေးမမြင်အောင် ဒေါ်ဟေမာန့်ကွယ်ဖို့ ကြိုးစားသည်။ ဒေါ်ဟေမာန်က ကားကိုကျောခိုင်းရပ်နေပေမယ့် အနေအထားကို သိနေသဖြင့် သူကွယ်ဖို့ကြိုးစားတိုင်း ခြေလှမ်းရွှေ့၏။

ထိုအခါ သွေးနီမျက်နှာကြီး လူသတ်ချင်သလို နီရဲတင်းမာသွားဆိုက် ဟိုမရောက် ဒီမရောက်ပြေပြစ် မယောင်ဖြစ်လိုက်နှင့်.. ၊

"ခင်ဗျားကို ကျွန်တော်အပြတ်ပြောပြီးပြီပဲ..တွေ့မှာစိုးလို့ ပုန်းနေတဲ့သူကို ဘယ်လိုရှာရမလဲ၊ ရှာလည်းရှာပေးခဲ့ပြီးပြီ..မတွေ့ပါဘူးဆိုတာ ဘာလုပ်ပေးရဦးမလဲ.."

"မတွေ့မချင်းရှာပေးရမှာပေါ့ကွ..ဒါတွေ ဖြစ်ကုန်တာမင်းကြောင့်ပဲ.."

"ခင်ဗျားပဲခိုင်းခဲ့တာ.."

"ငါခိုင်းခဲ့တာ ငါ့သမီးအိမ်ထောင်ပျက်ဖြစ်ဖို့မဟုတ်ဘူး..ငါစေတနာနဲ့ လုပ်ကွက်ကိုမင်းက ယုတ်ယုတ်မာမာဖျက်ဆီးခဲ့တာ.."

"ဒီမှာ.."

"မင်းမပြောနဲ့..ငါပြောတာပဲနားထောင်၊ မင်းကြောင့် အပြာ့ဘက်မှာနစ်နာဆုံးရှုံးသွားခဲ့တာတွေ မင်းသိတယ်နော်.."

"အဲ့ဒါ ကျွန်တော်ကဘာလုပ်ပေးရမှာလဲ..ဘာတစ်ခုမှပြန်ကုန်းကောက်လို့ မရတော့တဲ့ကိစ္စတွေ.."

"သိပ်မှန်တာပေါ့..ပြန်ကောက်လို့မရတော့ပေမယ့် ကြွေးပြန်ဆပ်လို့တော့ ရပါတယ်၊ မင်းငါ့ကို ဝတ်ကျေတန်းကျေစုံစမ်းပေးခဲ့တာ အခုဘာမှမရရာ ဖြစ်သွားတယ်.."

"သူအဲ့ဒီလူတွေနဲ့ ရှိနေခဲ့တာတော့ အမှန်ပဲလေ..နောက်ထပ်ခွေးတိုးဆက်ရှာပြီး ထွက်တဲ့ကိစ္စထိ ကျွန်တော်က.."

"ရဲသွေးနီ.."

ဒေါ်ဟေမာန့်မျက်နှာတင်းမာသွားကာ သူ့လက်မောင်းကိုဆုပ်ကိုင်လိုက်၏။ အခြေအနေကို ချစ်လေးစိတ်ဝင်စားပြီးဆင်းလာမှာ စိုးကာ သွေးနီ မျက်နှာပျာတိပျာယာက ပုံပေါက်သွားသည်။ ဒေါ်ဟေမာန့်လက်ကိုလည်း ဖယ်ချမလို ပြင်ပြီးမှ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတာကြောင့် မဖယ်ဖြစ်ဘဲ.. ၊

"ခင်ဗျား.."

"မင်း ငါ့ကိုဒီရက်ပိုင်းအတွင်း..အဲ အတိအကျသတ်မှတ်ပေးလိုက်မယ်.. ဆယ်ရက်အတွင်း ခြံကိုသေချာစုံစမ်းပေး၊ မဟုတ်ရင်တော့ မင်းရဲ့ ဓမ္မလာပွဲကို ငါဘယ်လိုဖျက်မလဲဆိုတာ ကြည့်နေလိုက်.."

"ခင်ဗျားအဲ့လောက် လုပ်ခွင့်မရှိဘူးဒေါ်ဟေမာန်..ချစ်လေးက ကျုပ်ကို.."

"သေအောင်ချစ်နေပါစေ..မင်းသာ သူများသားမယားကို ကြာခိုခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်မှန်း သိရင်တော့.."

"မဟုတ်တာတွေနဲ့ လုပ်ဇာတ်ခင်းမနေစမ်းပါနဲ့.ခင်ဗျားသမီး ကျောင်းမှာတည်းက ကျုပ်မြင်ခဲ့တာ ချိုးထုပ်တစ်ထုပ်ထက် မပိုဘူး"

"အေး..လုပ်လေ၊ ချိုးထုပ်ကို မခိုင်တခိုင်ချည်ပြီး မင်းကခေါင်း ရွက်လိုက်တာကိုး..အခု အဲ့ချိုးထုပ်ပြေကျတော့မယ်ဆိုတော့ မင်းကဲ့ဆိုး ဆိုတာ သဘောပေါက်.."

"တိ.."

ချစ်လေးက ကားဟွန်းတီးပြီးခေါ်လိုက်လျှင် အထဲကယောကျ် လောင်းတွေ ထွက်လာကြမှာလည်းစိုးကာ သွေးနီထိပ်ပျာသွားသည်။

"ကျွန်တော်ရှာပေးမယ်..ဒါပေမယ့် ဆယ်ရက်နဲ့တော့.."

"ရတယ်လေ..မင်းရဲ့လက်ထပ်ပွဲမစခင် နှစ်ဆယ့်လေးနာရီအချိန် ငါစောင့်နေမယ်၊ မင်းမှတ်ထားဖို့က မင်းရဲ့မင်္ဂလာပွဲ အခါတော်ပေးသီချင်း ဆုံးသွားရင်တောင် ခိုင်ပြီလို့မမှတ်ဖို့ပဲ..ငါ့သမက်ကို ငါ့ရှေ့အရောက်မခေ ပို့ဘဲ မင်းရဲ့ပွဲဖြစ်မြောက်မယ် ထင်ရင်စမ်းကြည့်လိုက်.."

စူးရဲလက်တောက်နေသည့် အကြည့်တို့နှင့် ပြောလိုက်ပြီးလှည့်ထွက် သွားကာ ချစ်လေးနားရောက်တော့ ပြုံးပြုံးရယ်ရယ် ချိုသာစွာဖြင့်..

"အန်တီ့ကို ဖိတ်စာပေးဖို့ အစီအစဉ်ရှိလားသမီး.."

"ရှင်..အဲ ဟုတ်ကဲ့၊ ပေးပါတယ်မကြီး.."

ကားထဲကနေ မှန်ချပြီးပျာပျာသလဲ လှမ်းပေးသည်။ ဖိတ်စာကိုထိုင်၍ ဒေါ်ဟေမာန်သွေးနီကို လှည့်ကြည့်သည်။ ပြီးတော့ မဲ့၍.. ၊

"သွားမယ်.."

သတိပေးသည့် အကြည့်တစ်ချက်ကပြင်းထန်သည်။ ဂျိမ်းခနဲ ဆောင့်ပိတ်သည့် တံခါးသံက သွေးနီမာနတို့ကို ထိပ်ပုတ်ရန်စသွားခဲ့၏။ ဒေါ်ဟေမာန်ကတော့ သွေးနီဘာတွေကြံစည်ပြီး ဘယ်လိုကျန်ရစ်သည်ကို စိတ်မဝင်စားပေ.. ၊

သမီးအတွက် ခြံလောက်အရေးကြီးတာ ဘာမှမရှိမှန်းသိလိုက် တည်းက စုံစမ်းနေခဲ့တာ ရက်တွေလတွေကြာခဲ့ပြီဖြစ်သည်။ ရဲသွေးနီဆိုတဲ့ ကောင်လေးကိုယ့်ကို ကွက်ကျော်ရိုက်သည့်အတွက် 'ငါကနင်းဟေမာန်' ဆိုတာလည်း ပြချင်သည်။

ထို့ကြောင့် သွေးနီကိုပြန်ရှာပြီး ကိုယ်ချတဲ့ မြွေဆိပ်ကိုယ့်ဘာသာ ပြန်ထုတ်ပေးလာအောင် နိုင်ကွက်နင်းထားခဲ့တာဖြစ်သည်။ ပြောရပါလျှင် အစကတော့ ဒီလိုလုပ်ဖို့မဟုတ်ပေ.. ၊

ဒေါ်သမထိန်းနိုင်ခြင်းကြောင့် ဒီကောင်လေးကိုပဲ အမဲဖျက်မည် ဆိုပြီး မရမကလိုက်ရှာခဲ့တာ ဖြစ်သည်။ ဒါပေမယ့် သူပြောလိုက်သည့် စကားတစ်ချက်ကြောင့်.. ၊

"လျှောက်ပြောမနေစမ်းပါနဲ့ဗျာ..အဲ့ကောင်ကို အပ်ရှလိုက်ဟိုမှာတွေ့ ဒီမှာတွေ့ တွေ့နေတာပဲ၊ ထွက်သွားတာမှန်ရင်လည်း အဲ့ဒါ ခင်ဗျားသမီးကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်တော့လို့ပေါ့..ဒီထက်ရှင်းတာတောင် ဒီလောက်မရှင်းဘူး..”တဲ့.. ၊

ထို့ကြောင့် မင်းတွေ့ရင် မင်းပြန်ခေါ်ခဲ့လို့ ပြန်ခိုင်းပေးလိုက်သည်။ သွေးနီကလည်း အညံ့မခံ။ သူမကလည်း မရမကဖိနှိပ်ကြိုးပမ်းခဲ့၏။ မအတ်သာသည့်အဆုံးမှာမှ မြွေစွယ်ကျိုးဘဝရောက်ကာ ရှာပေးပါ့မယ်ဆိုသည့် ကတိကို ရခဲ့တာဖြစ်သည်။

ခုချိန်မှာတော့ ဒေါ်ဟေမာန်ပိုပြီး ဂရုမစိုက်တော့ပေ။ သွေးနီကိုဘယ်လို ပိုင်နိုင်စွာကိုင်တွယ်ရမလဲ ဆိုတာသိပ်စဉ်းစားဖို့ မလိုဘဲ လက်ထပ်ခါနီးအခြေအနေနဲ့ ပက်ပင်းတိုးခဲ့၏။

လူတစ်ယောက်ကို အရိပ်လိုလိုက်ပြီး အငိုက်ဖမ်းရတာ လွယ်တဲ့အလုပ်မဟုတ်ပေ၊ ဒါပေမယ့် ခြံကိုပြန်ခေါ်ပေးသူဟာ သွေးနီဖြစ်ဖို့လိုသည်။ သွေးနီဖြစ်မှသာ မှားယွင်းမှုတွေကို ရှင်းပြပြီဖြစ်မှာမို့ မလွယ်ကူပေမယ့် ကြိုးပမ်းခဲ့ရတာ ဖြစ်သည်။

အိမ်ပြန်လမ်းမှာ ဒေါ်သနှင့်ကျေနပ်ခြင်းက ယှဉ်တွဲပါလာခဲ့၏။ အပြာက မွေးဖွားဖို့ရက်က နီးနေပြီ။ သူမအတွက် ဓာတ်စာတွေကူနေလည်း အပိုပဲဆိုတာ သိနေသောကြောင့် လှုပ်လီလှုပ်လဲ့အခြေအနေကို စိုးရိမ်နေမိလေသည်။

ထို့ကြောင့် ဒေါ်မင်းမာလာလို အိမ်ထဲကနေဖုန်းတစ်လုံးနဲ့ ရှာပုံတော်ဖွင့်နေရုံ သူမမနေနိုင်တော့ခြင်း ဖြစ်သည်။

မဖြစ်သေးပါဘူး.. ၊

ထိုအတွေးဝင်လာတာနှင့် ဖုန်းကမန်းကတန်းထုတ်လိုက်မိသည်၊ သွေးနီကို အားကိုးပြီးဘိတ်ဘိတ်သား ထိုင်စောင့်နေလို့မဖြစ်.. ၊

“ဟလို..မောင်စိုးလား၊ အေး ငါခိုင်းထားတဲ့ကိစ္စသိချင်လို့..အေးငါ ခုလာမယ်..”

ဖုန်းကိုချပြီး ဒရိုင်ဘာကိုလှမ်းကြည့်ကာ.. ၊

“မပြန်သေးဘူးဦးစန်း..ပန်းဆိုးတန်းဘက်ကို ပြန်လှည့်ပေးဦး..”

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)

"အေးပါသမီးရယ်..သားအဲ့ဒီကိုရောက်လာရင်လေ၊ ဖုန်းလေး ဖြစ်ဆက်ရင် ပြောပေးနော်..သူ့ရင်သွေးလေးရှိနေပြီလို့၊ မီးဖွားမယ့်ရက် လည်း နီးနေပြီလို့နော်..ဇနီးမယားဆိုတာ ကိုယ့်လင်သားမျက်နှာမြင်ရ လောက် အားအင်ဖြစ်တာ မရှိဘူးသမီးရဲ့ သူနားလည်ပါတယ်..သူသိ ချက်ချင်းပြန်လာမှာ အန်တီယုံကြည်တယ်.."

ဖုန်းတွေလှမ်းဆက်ပြီး အကြောင်းကြားထားရတာလည်း သား ပတ်သက်သည့် လူကြီးလူငယ်တွေ ရပ်နီးရပ်ဝေးက ဆွေမျိုးမိတ်သင်္ဂ တွေစုံအောင် ဆက်သွယ်မေးမြန်းထားခဲ့သည်။

ဒါပေမယ့် ဒီနေ့ထိဘာအကြောင်းမှ မထူးသေး။ ရင်းနီးတဲ့လူတချို့ က သတင်းစာဂျာနယ်တွေမှာထည့်ဖို့ အကြံပေးသည်။ ဒါပေမယ့် ကိုယ့် အိမ်တွင်းရေး ဘာတွေဖြစ်နေသလဲဆိုတာကို ကျေညာသလိုကြီး မလုပ်ချင် ပေ။ ထို့ပြင်.. ။

ခြံက သတင်းစာဂျာနယ်ကို ဘယ်တုန်းကမှ စိတ်ဝင်တစားကော ကိုင်ခဲ့ဖူးတာမရှိ။ သူနဲ့နီးစပ်ပတ်သက်တဲ့ လူတိုင်းကလည်း သူ့လိုလူတွေ ဖြစ်သည်မို့.. ။

"ဟဲ့ ဟဲ့..လာစမ်း.."

တွေးနေတုန်း စီစီကိုယ့်ရှေ့က ဖြတ်သွားသဖြင့် ကိုင်ထားသည့်ဇန်း လေးပေါ်က ငှက်ပျောသီးတွေကို မြင်လိုက်ကာ.. ။

"ဘာလဲ..ဒီတိုင်းပြန်ယူလာတာလား၊ တစ်လုံးတောင် မစားဘူး လား.."

"ဟို.."

"ဟဲ့..ပြောစမ်းမြန်မြန်.."

"အန်တီဟောမာန်က.."

"တောက်.."

စိတ်တိုသွားကာ စကားဆုံးအောင်နားမထောင်တော့ဘဲ အပြာ့အ ခန်းဆီ ထွက်လာခဲ့သည်။ အခန်းရှေ့ရောက်တော့ အထဲကစကားသံ ကြောင့် ခြေလှမ်းတုံ့သွားခဲ့၏။

"အချဉ်အစပ်လေး စားချင်တယ်ဆိုလို့ မစပ်လွန်းမချဉ်လွန်းအောင် သေချာသုပ်လာခဲ့တာ..မြည်းကြည့်လိုက် မြည်းကြည့်.."

"ရောက်သီးသုပ်နဲ့ ကြာဇံဟင်းခါးက အလိုက်ဖက်ဆုံးပဲ..ဟင်းခါး ကို ညည်းအကြိုက် ဘာသားမှမပါဘဲ ငါးကျည်းချပ်တိုက်လေးမွှ

www.burmeseclassic.com



ကော်ထားတာ မွေးနေတာပဲ.."

ဒေါ်ဟောမာန့်အသံချည်းပဲ ပျာယာခတ်နေတော့သည်။

"ကိုယ်ဝန်က မွေးပဲမွေးတော့မယ်..ဝမ်းကြီးနာစွဲကာစလို ပျို့ချင်အန်ချင်တာတွေ ဘာမှမစားသောက်ဘဲ ခွေနေတာတွေက ညည်းအတွက်လုံးအကောင်းဘူးအပြာ..လူကလည်း အရိုးချောင်းချောင်းကျနေပြီကြည့်ဦး၊ ဘကယ်ဆို ဒီအချိန်မှာ မိခင်က မွေးဖွားဖို့ခွန်နဲ့အားနဲ့ အဆင်သင့်ဖြစ်နေရမှာ.."

"ကလေးနဲ့ကိုယ့်ကျန်းမာရေးအတွက် ဦးစားပေးမှာလား..ယောကျ်ားဆိုမျှော်ရင်း ကလေးရောကိုယ်ရော ကိုယ်ကျိုးမရှိတာကို ဆက်လုပ်နေမှာလား.. စိတ်ဆိုးပြီးထွက်သွားတာ သေသွားတာမှမဟုတ်တာ၊ ပြန်လာမှာပေါ့..လင်နဲ့မယား လျှာနဲ့သွားတဲ့.."

"တော်ပါတော့အမေရယ်..မောင့်အကြောင်း မပြောပါနဲ့၊ အထူးသဖြင့် အမေသူ့အကြောင်းပြောတာတွေကို သမီးဘယ်လိုမှအကောင်းမြင်လို့မရဘူး.."

"အေးပါ..ငါမှားခဲ့ပါတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့်လည်း အမေ့ကြောင့် ဖြစ်တာတွေပါပဲ..အမေရက်ရက်စက်စက် ကြံစည်ခဲ့လို့ မောင်ခုလိုလေလွင့်ရွက်ဝါ ဘဝရောက်သွားခဲ့ရတာ၊ သမီး အမေ့ကို ဘယ်တော့မှခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး.."

"ကဲပါအေ..ဟုတ်ပါပြီ၊ ဘယ်တော့မှ မလွှတ်ပါနဲ့..ဒါလေးတော့စားလိုက်ပါ၊ ဆေးလည်းအစာ အစာလည်းဆေးတဲ့..ထမင်းဖြူဖြူလေးကလည်း ပူပူနွေးနွေးလေးရယ်၊ နည်းနည်းပဲဝင်ဝင်စားလိုက်.."

ဒေါ်မင်းမာလာ အခန်းထဲကို ခြေလှမ်းသွက်သွက်နှင့် ဝင်သွားလိုက်ပြီး.. ၊

"မစားရဘူး.."

အပြာ ထမင်းပန်းကန်လေးနဲ့ ဇွန်းကိုကိုင်ပြီးမှ ကြောင်တောင်တောင်လေး မော့ကြည့်၏။

"ချထားလိုက်အပြာ..ကလေးက အကောင်အထည်နဲ့ဖြစ်နေပြီ၊ မိဘရဲ့အစာအိမ်ကို ပခုံးထမ်းပြီး နေရတဲ့ကလေးက ဒီလောက်အပူအစပ်တွေ မင်းမျိုချလိုက်ရင် အထဲမှာ ဘယ်လောက်ထွန့်ထွန့်လူးနေမလဲ.."

ဟင်.. ၊

အပြာ အသုပ်ပန်းကန်နဲ့ "ဟင်းခါးကိုပြန်ငုံ့ကြည့်သည်။ ဒေါ်ဟောမာန်က ပန်းကန်တွေကို အပြာ့ဘက်တွန်းလိုက်ပြီး နေရာမှထရပ်လိုက်ကာ.. ၊

"ကျွန်မလည်း ကလေးမွေးဖူးတယ်ဒေါ်မင်းမာလာ..ကလေးထွန့်ထွန့်လူးအောင် ထည့်သုတ်ကျွေးရအောင် ကျွန်မဇာတ်လမ်းထဲက ဗီလိန်မဟုတ်ဘူး.."

"ရှင်ဘာဖြစ်နေနေ အမြင်မတော်တာတွေလို့ ပြောနေတာ.."

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မကလည်း အမြင်မတော်လို့ ဝင်ပါနေတာပါ..အချိုလည်း စားနိုင် အချဉ်အစပ်လည်း မစားရဆိုရင် ဒီလူက ဘယ်လိုအာဟာရနဲ့ တည် အသက်ရှင်မလဲ.."

"ရှင်ကျွေးနေတာ အာဟာရတွေမှ မဟုတ်ဘဲ..အဲဒါကလေးတို့ ခိုက်စေမယ့် အဆိပ်အတောက်တွေ.."

အပြာထမင်းပန်းကန်ကို ပြန်ချထားလိုက်တာ မြင်တော့ ဒေါ် မာန် ဂရုဏာဒေါသ ထောင်းခနဲဖြစ်သွားသည်။

"စိတ်အာဟာရဆိုတာ လနဲ့ချီပြီး နှာခေါင်းထဲကထည့်ပေးနေရ အာဟာရထက် ထိရောက်တယ်..သူစားချင်နေတယ်ဆိုရင် အဲဒါဘာဖြစ် နေ.."

"သမီးမစားတော့ဘူး.."

လူကြီးတွေရဲ့ ပဋိပက္ခကို အပြာကဆုံးဖြတ်ချက်ချ၏။ အမေ သည့် ဒေါ်ဟေမာန်ရင်ထဲမှာ နင့်သွားသည်။ ဒီနေ့တော့ သူမလေးဆီ 'ချဉ်ချဉ်စပ်စပ်လေး ဆိုရင်တော့ စားကြည့်ချင်တယ်'ဆိုသည့် တမ်း သံလေးတစ်ချက် အဝင်းဆီကတစ်ဆင့် ကြားလိုက်ရတာမို့ အစပ်ပေမယ့် စပ်အောင် ချဉ်ရမှာပေမယ့် သိပ်မချဉ်အောင် ကြိုးစားပမ်းစား စီစဉ်ခဲ့ရ သည်။

"အဲ့ဒါသိလားအဝင်း..မာယာရောက်သီးသုပ်'လို့ ခေါ်တယ်ဆိုပြီး တောင် နှစ်ယောက်သား တက်ကြွစွာရယ်မောခဲ့ကြသေးသည်။ ဒါပေမဲ့ ခုတော့ ဘာမှအရာမထင်တော့ပြီ.. ၊

"မင်းကို တည့်တာကျွေးတော့ ဘာလို့မစားတာလဲအပြာ..နို့နဲ့အရေး တွေ မသောက်နိုင်ပါဘူးဆိုလို့ ဗိုက်လည်းပြည့်တည်လည်းတည့်လို့ ငှက် ပျောသီး ပို့ခိုင်းလိုက်တယ်..အဲ့ဒါကိုတော့ ပြန်လွှတ်လိုက်တယ်.."

"သူပြန်လွှတ်တာမဟုတ်ပါဘူး..ကျွန်မပဲပြန်လွှတ်လိုက်တာ.."

ဒေါ်ဟေမာန်က ဖြတ်ပြောလိုက်ပြီး.. ၊

"ကိုယ်ဝန်ဆောင်က မွေးဖွားခါနီးရင် ဖီးကြမ်းငှက်ပျောသီး မစားရ ဘူး..ကလေးထွားတယ်.."

"ထွားတော့ဘာဖြစ်လို့လဲ..ရှင်က ဖွားအေဖြစ်နေပြီး ကလေးလုလု ပ ကျန်းကျန်းမာမာ မွေးလာမှာကို ဘာကိစ္စနဲ့ တိုရေထွာရေလုပ်နေရ တာလဲ.."

"ကလေးထွားနေတော့ မွေးရတဲ့အမေ ပင်ပန်းတာပေါ့..ရှင်က ဒါလေးတောင် မသိဘူးလား၊ ကြည့်ရတာ သိရက်နဲ့ကျွေးမွေး ပျိုးထော နေတဲ့ပုံပဲ.."

"စကားကို အနှောင့်အသွားလွှတ်အောင် ပြောပါမဟေမာန်..သင်္ဘော စားလို့ ဘေးထွက်ဆိုးကျိုးဖြစ်တယ်ဆိုတာ မရှိဘူး.."

"သိပ်ရှိတာပေါ့..ကိုယ်ဝန်ဆောင် ကာလအလိုက် ဘယ်လိုအောင် ရောက်ကျွေးမွေးရမယ် ဆိုတာတောင်မသိဘဲ မြေးကိုလည်း ကင်းကင်းတာ

www.burmeseclassic.com



နေနဲ့လေ..လူကြီးကျန်းမာမှ ကလေးမွေးနိုင်မှာ.."

ပြောနေရင်း ဒေါ်သတွေထွက်လာကာ.. ၊

"ကျွန်မကတော့ ရှင်းရှင်းပဲ..သမီးလွှယ်ထားတဲ့ ရှင့်သွေးကဒုတိယ၊ ကျွန်မမွေးထားတဲ့ ကျွန်မသမီးကပထမ.."

"သမီးကတော့ သမီးရင်သွေးက ပထမ..သမီးရဲ့ကလေးပဲဒုတိယ ပါ.."

အပြော့စကားသံ ထပ်မံထွက်ပေါ်လာသည်။ ဘယ့်နှယ် ကိုယ့်သမီးနဲ့ ချည်းပဲ သူမတိုက်ခိုက်နေရတာလဲ..ဘယ်သူ့ကိုမှ အနိုင်မခံခဲ့သော မာနတွေ စကားလုံးတွေကလည်း သမီးပါလာတိုင်း၊ သူမပဲရှုံးခဲ့ရကာ.. ၊

"အပြော..ညည်းအမေ ငါက ညည်းအကြောင်းကို သိပါတယ်၊ လူကြီးတွေ စကားပြောရင် တိတ်တိတ်နေပေးလို့ မရဘူးလား.."

"သမီးတိတ်တိတ် နေနိုင်အောင် အမေလည်းတိတ်တိတ်နေပေးပါ.."

ပြောရင်း ရှောက်သီးသုပ်နဲ့ကြာဇံဟင်းခါးကို ငုံ့ကြည့်သည်။ မျက်ခွန်းလေးတွေမှာ စားစရာတွေအပေါ် ဥပေက္ခာမရှိခဲ့ဘဲ.. ၊

"ဒါတွေလည်း သမီးမစားချင်ပါဘူး..ဘာမှမစားဘဲနေရလို့ အားပြတ်သွားရင်တောင် အမေနဲ့ဒီအိမ် ပြဿနာဖြစ်ကြတိုင်း သမီးငိုရတဲ့ မျက်ရည်တွေနဲ့စားရင်.."

ပြောလက်စသည့် ငိုသံလေးနင့်တိမ်ဝင်သွားလျှင်.. ၊

"အိုခေ..အိုခေ.."

ဒေါ်ဟေမာန် ပျာပျာသလဲကာလိုက်ရင်း.. ၊

"ရပြီ..ငါဘာမှမပြောတော့ဘူး မငိုနဲ့တော့.."

တားဆီးလိုက်ပြီး ပန်းကန်တွေနဲ့ဇွန်းကို ပြန်ကောက်ဖို့ပြင်လိုက်သည်။ သို့သော် အဝင်းကပဲ လာပြန်သယ်သွားသဖြင့် ဒေါ်မင်းမာလာက လက်ပိုက်ကြည့်နေပြီး.. ၊

"အစတည်းက ရှင်ကျွန်မကို အတိုက်အခံတွေမလုပ်ခင် ကိုယ့်သမီးကို နိုင်နင်းရဲ့လား စဉ်းစားထားရမှာ.."

"ကျွန်မကတော့ အဆင်ပြေပါတယ်.."

ဒေါ်ဟေမာန်က ကွက်ခနဲမျက်နှာပျက်သွားပေမယ့် ပြုံး၍.. ၊

"အဟွန်း..လူရှေ့သူရှေ့မှာ ခေါင်းလေးငုံ့နာခံနေရင် မိဘဂုဏ်တက် ရပေမယ့် မနာခံတတ်တော့လည်း ရှက်ရယ်ရယ်နေရုံပါပဲ..ဒါသူတို့အပြစ်မှ မဟုတ်တာ မနာခံတတ်တာဟာ နာခံတတ်အောင် မဆုံးမခဲ့တဲ့ မိဘအပြစ် လည်း ပါတယ်.."

"သိပ်မှန်တာပေါ့.."

"ကျွန်မက ရှင့်ဆီကထောက်ခံမဲကို စောင့်နေတာမဟုတ်ဘူး..ပြော ချင်တာက အခုကျွန်မကျွေးတာကို သူမစားတဲ့အတွက် ဘာကြောင့်မစား တာပဲဖြစ်ဖြစ် ကျွန်မနားလည်ပေးနိုင်တယ်..သူမစားချင်တာကိုတော့ ရှင်ပါးစပ်ဖြဲထည့်ဖို့ စိတ်မကူးနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ သမီးဖြစ်သူကို သတိရပြီး လှည့်ကြည့်သည်။ ပြောသော စကားသံလည်း ချက်ချင်းရပ်သွားကာ မျက်နှာပြင်ထက်က ဆက်ရန် သော မုန်တိုင်းသည် သုတ်ခနဲငြိမ်ကျသွားခဲ့၏။ ပြီးတော့ စိတ်ထိန်းလိုက်သည့် ပင့်သက်တစ်ရှိုက်နှင့် လှည့်ထွက်သွားလေသည်။

ဒေါ်မင်းမာလာကျန်ရစ်ခဲ့မှ အပြာပါးပြင်ကို ပွတ်ပစ်လိုက်ရင်း ငေး ကြည့်ကာ.. ။

"နောက်ဆို ဒီလိုပြဿနာမျိုး မရှိစေရပါဘူးမာမီ..မာမီစေတနာနဲ့ ကျွေးတာတွေမှန်း သမီးနားလည်ပါတယ်၊ ဆေးဝါးလို့ပဲမှတ်ပြီး ဘာဖြစ် ဖြစ် စားပါ့မယ်.."

'အေး..ဒါပဲပေါ့'လို့ ပြောပြီး စားစေချင်တာတွေကို 'ယူလာခဲ့ကြမ်း' လို့ လှမ်းအော်ခိုင်းလိုက်ရဲ့.. ။

ဒါပေမယ့် ဒေါ်မင်းမာလာ တုတ်တုတ်မှမလှုပ်.. ။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆၀)

ကားကို ကိုယ်တိုင်မောင်းလာကာမှ ဒေါ်သတွေပွက်ပွက်ဆူနေခဲ့၏။ ဆေးရုံက သားဖွားမီးယပ် အထူးကုဒေါက်တာ ရီရီဆွေနဲ့ ဦးတင်မောင်သန်းတို့ ပြောလိုက်ကြတာ ကိုယ်ကတော့ ကိုယ်ဝန်ဆောင်မိခင်နဲ့ သက်ဆိုင်တဲ့လူ မဟုတ်သလိုလို.. ၊

"ကိုယ်ဝန်ဆောင်မှာ နှလုံးရောဂါလက္ခဏာတွေလည်း တွေ့နေရပါတယ်..လောလောဆယ် အရမ်းအားနည်းနေတာက အဆိုးဆုံးပါပဲ၊ ဒီလိုအခြေအနေမှာ မိခင်နဲ့ကလေးရဲ့ ကျန်းမာရှင်မကောင်းနိုင်တဲ့အတွက် ကိုယ်ဝန်လမစေ့ဘဲ မွေးတာတို့..မကောင်းတဲ့ဆိုင်း တစ်ခုခုပြလာပြီး အချိန်မတန်ခင် မွေးလိုက်ရတာတို့ အမျိုးမျိုးဖြစ်သွားနိုင်ပါတယ်.."တဲ့.. ၊

"ကျွန်တော်တို့လူနာရဲ့ မက်ဒီကယ်လ်ရီပို့တ်ကိုလည်း လူနာမိခင်ကို ပြထားပါတယ်.."လို့ပြောလိုက်တာ အဆိုးဆုံး.. ၊

ဒီသမားတော်တွေကို လောဘတကြီးလိုက်အပ်ပေးထားတာက ကိုယ်ပါ။ ယောက္ခမမို့လို့ ဒီမွေးလူနာနဲ့ ပတ်သက်တာက "မအေလောက်တာဝန်မရှိဘူးလို့ ထင်တာလား.. ၊

ဒေါ်သကြောင့်စိတ်က ကလေးဆန်ဆန်တွေတွေးမိလာသည်။ အိမ်မှာ ခဏလောက်ပဲနေပြီး စကက်အကျပ်အကျိုကပ်ကပ်လေးတွေနဲ့ နှုတ်ခမ်းနီဆိုးပြီး ထွက်တာ တစ်နေ့ကိုအနည်းဆုံး တစ်ကြိမ်တော့ရှိသည်။

ပြန်လာပြီဆို အပြော့အတွက်မသင့်တင့်သော သွားရည်စာတွေ အသုပ်အစပ် အချိုအချဉ်တွေ ဝယ်လာတာမှ အစုံအလင်။ ပြောလိုက်ရင် ကိုယ်ဝန်ဆောင်စဉ် ချင်ခြင်းတပ်တာ ဘာဖြစ်ဖြစ်စားလို့ရတယ်.. ဒါပဲပြောတတ်သည်။

ပြောတိုင်းကျွေးတိုင်း ပုတ်ချပစ်ရတာလည်း သူ့မှာပိတ်တကာကြီးကိုဖြစ်လို့ပါ။ ဒါတောင် ကိုယ့်ရဲ့ကွယ်ရာမှာ ဘာတွေဘယ်လိုကြိတ်ကျွေးထားသည်ဆိုတာ မသိ။ အပြောကတော့ ကျွေးတိုင်းမစားလောက်ဘူး ထင်သည်။ ဒါလည်း သိပ်တော့မသေချာပေ.. ၊

သေချာအောင်စောင့်ကြည့် ချောင်းမြောင်းပါလားဆိုတော့လည်း ကိုယ့်ဂုဏ်သိက္ခာနဲ့ ဒီလိုတော့မလုပ်ချင်။ ကားမောင်းနေရင်း အပြော့အတွေးရင်တွေပူနေကာ ကိုယ့်ကိုယ်ကို ကားမောင်းနေပါလားဆိုတာကို မနည်းသတိထားနေရသည်။

ကလေးအတွက် သူမစိုးရိမ်ကြီးနေသလောက် ကလေးအမေကပဲ အရေးကြီးတယ်လို့ ဘာလို့ပြောနေကြတာလဲ..၊

www.burmeseclassic.com



ကိုယ်ဝန်ဆောင်ထားတဲ့ သူကလူကြီးတစ်ယောက်ပါ စပ်ထား
ခါးတာ အန္တရာယ်ရှိတာ မရှိတာကို ခွဲခြားသိတတ်နိုင်တာပဲ။ ဗိုက်ထဲက
ကလေးကပို အရေးကြီးတယ်လို့ သူမပြောတာ ဘာမှားသွားလို့လဲ.. ၊

ကားကိုလမ်းထဲဝင်ရင်း ခပ်ဖြည်းဖြည်းလိုမ့်လာခဲ့လျှင် ဖုန်းဝင်လာ
သဖြင့် သားရဲ့သတင်းရလို့များလားလို့ တွေးမိပြီး ကားကိုဘေးကပ်ရပ်
လိုက်သည်။

"ဟလို.."

"အန်တီလေး..သမီးဟန်နီပါ၊ ဖုန်းနံပါတ်ပြောင်းထားလို့.."

"ဩော်..အင်း၊ ပြောလေ.."

သူမလေးသည်လည်း ပြဿနာတစ်ရပ်ပဲမို့ သားရဲ့သတင်းလည်း
မဖြစ်နိုင်မှန်းသိကာ စိတ်ဓာတ်ကျသွားသည်။ သို့သော်.. ၊

"တီလေးကို အရမ်းအံ့သြဖို့ကောင်းတဲ့ သတင်းပြောစရာရှိတယ်..သိ
လား.."

"ဟင်..သားလေးလား၊ သားရဲ့သတင်းလား ဟင်.."

"မဟုတ်ဘူးတီလေး..ဒါပေမယ့် ကိုလေးခုလိုဖြစ်သွားအောင် ကြံစည်
မွှေခဲ့တဲ့ တစ်ယောက်လေ.."

ဒေါ်မင်းမာလာ ချက်ချင်းတွေးလိုက်မိ၏။

"သိပြီ..သွေးနီဆိုလား၊ ရဲနီဆိုလား.."

"ဟုတ်တယ်..အဲ့ဒီတစ်ယောက်ကို အန်တီဒေါ်ဟေမာန်နဲ့ လေးဆေး
ပြောင်နေတာ သေချာတွေ့တဲ့လူရှိတယ်.."

"ဘာ.."

ဒေါသကြောင့် ကိုယ်ခန္ဓာပါ ဆတ်ခနဲမတ်သွားခဲ့သည်။

"နေဦးသမီး..အဲ့ဒါသေချာရဲ့လား၊ သွေးနီဆိုတဲ့ကောင်လေးကို တီ
လေးတောင် သေချာမမြင်ဖူးဘူး.."

"သမီးလည်းမမြင်ဖူးပါဘူး..ဒါပေမယ့် ရဲသွေးနီကိုသိနေတဲ့ လူရှိ
တယ်..သမီးကိုသေချာ သတင်းပို့ထားတာ၊ ဓာတ်ပုံလည်း ရိုက်ပို့ထားသေး
တယ်..တီလေးဖုန်းထဲကို သမီးပို့ပေးလိုက်မယ်လေ၊ မကြာသေးဘူး
ဒီနေ့မနက်ကမှ.."

ရင်တွေတုန်လာတဲ့အထိ ဒေါသစိတ်ကြောင့် နေရခက်နေသည်။
ကားမထွက်သေးဘဲ ဖုန်းကိုကြည့်ရင်း စောင့်နေခဲ့မိသည်။ သိပ်မကြာခင်
ပို့လိုက်သည့် ပုံဝင်လာလျှင်.. ၊

ကြည့်စမ်း.. ၊

ကန်တော်ကြီးဘေးက ကန်ပတ်လမ်းပေါ်မှာ ဒေါ်ဟေမာန်နဲ့သွေးနီ
ဆိုတဲ့ကောင်လေး။ သွေးနီကိုင်ထားသည့် ဖုန်းလား ဘာလား..တစ်ယောက်
အတူကြည့်နေတာ ခေါင်းချင်းထိမတတ်.. ၊

"တောက်.."

ကိုယ့်သားကို လူဖြစ်ရှုံးအောင် ဒုက္ခတွင်းထဲပို့ခဲ့တဲ့ ကောင်လေး

www.burmeseclassic.com



များ သင်းက တရင်းတနှီးကြီး။ ဒီပုံစံဟာ တော်ရုံရင်းနှီးနေတာ ဘယ်လိုမှမဖြစ်နိုင်။ စိတ်တိုလွန်းလို့ တက်ခေါက်မိတာ ဘယ်နှစ်ခါမှန်းတောင် မသိ၊

ထို့ပြင်အိမ်ပြန်လာကာမှ ဒေါသထွက်စရာတွေကို ထပ်တွေ့လိုက်ရတာ.. ၊

"လုပ်ပြန်ပြီ ဒီမိန်းမ.."

ကားကိုဖြစ်သလိုထိုးရပ်ခဲ့ပြီး အုန်းသီးတွေစုပုံထားသည့်နားကို ဘယ်လိုခြေလှမ်းတွေနဲ့ ချက်ချင်းရောက်သွားခဲ့မှန်းမသိ.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆၁)

"ဒီအုန်းသီးတွေက ဘယ်မှာအလှူလုပ်ဖို့ ဝယ်လာခဲ့တာလဲ..ဘယ်သူ ဝယ်တာလဲ.."

"ကျွန်မ.."

ဒေါ်ဟေမာန်အိမ်ထဲက ထွက်လာပြီး အုန်းသီးတွေထဲက တစ်လုံးကို ကောက်ယူလိုက်သည်။ ပြီးတော့ ဒေါ်သတွေနဲ့ခါးထောက်ရပ်နေသည့် လူတစ်ယောက်လုံးကို ဂရုမစိုက်စွာ ခြံထဲကိုလှမ်းကြည့်ပြီး အသံကျယ်ကျယ်ဖြင့်.. ၊

"ခြံထဲမှာ ဘယ်သူရှိလဲ..ဦးစန်းရှိလား.."

"ဘာလဲ..ဘာအတွက်လဲမဟေမာန်၊ ကျွန်မမေးနေတာကို ရှင်းစမ်းပါဦး.."

အစိမ်းရောင်ရွှန်းနေသည့် အုန်းစိမ်းတွေကို အပုံလိုက်ချထားတာ ဆယ်လုံးကျော်လောက်ရှိသည်။ ဘာအတွက်ဆိုတာ တွေးမိနေသောကြောင့် ဖြစ်ရသည့်ဒေါ်သက လူကိုဂရုမစိုက်စွာ လုပ်နေတော့ ပိုဆိုးသည်။

"အုန်းရေတွေ အပြာကိုတိုက်နေတာမို့လား.."

"ဩော်..သိရင်လည်း ဘာလို့ရှင်းခိုင်းနေသေးလဲဒေါ်မင်းမာလာရယ်."

ပြောနေကြတုန်း ဦးစန်းရောက်လာတော့ အုန်းသီးကိုထွက်ပေးရင်း—

"ဒါလေးထိပ်ဝဖွင့်ပေးစမ်းပါ..ပြီးရင် ဒီကိုပဲပြန်လာပေးနော်.."

ပြီးတော့ ပြန်လာပြီး ဧည့်ခန်းထဲဝင်သည်။ ချထားသည့် လက်ဆွဲအိတ်ထဲက ပိုက်တံလေးတွေနဲ့ အထုပ်တစ်ထုပ်ကို ဆွဲထုတ်ကာ တစ်ချောင်းထုတ်ယူပြီးမှ အထုပ်ကိုပြန်ထည့်သည်။

ဒေါ်မင်းမာလာ ဘယ်လိုမှ စိတ်ထိန်းလို့မရတော့ဘဲ အနားကိုဆိုးဆိုး ဆတ်ဆတ်လျှောက်သွားပြီး ပိုက်တံကိုဆွဲယူသည်။ ပြီးတော့ လက်ထဲမှာ ခေါက်ချိုးပစ်လိုက်ပြီး လွှင့်ပစ်လိုက်ကာ.. ၊

"မွေးခါနီးတဲ့ ကိုယ်ဝန်ဆောင်ကို အုန်းရေတိုက်လို့မရဘူး.."

"မွေးခါနီးမို့လို့ တိုက်သင့်နေတာလေ..မရဘူးလို့ ဘယ်သူပြောတာလဲ.."

မေးခွန်းပြန်ထုတ်ရင်း နောက်ထပ်တစ်ချောင်းထုတ်ယူပြီးမှ မျက်နှာချင်းဆိုင် ရပ်၏။

"ကျွန်မလည်း ရှင့်လိုပဲကလေးတစ်ယောက်ပဲ မွေးဖူးတာပါ..ဒါ ဒါပေမယ့် ကိုယ့်တုန်းက ဘယ်လိုနေထိုင်ခဲ့ရသလဲဆိုတာ မမေ့သေးဘူး..

www.burmeseclassic.com

www.burmeseclassic.com



"မမေ့သေးရင် ရှင်ကလေးယူမှ အဲ့လိုလုပ်..ကျွန်မအိမ်မှာ ကျွန်မသမ်းစဥ့်ပဲ၊ ရှင့်ကို အစတည်းက အပြတ်ပြောပြီးသားနော်.."

"ကျွန်မလည်း အပြတ်ပြောခဲ့တာပဲ..ကျွန်မသမီးအတွက် ကတိတည်နိုင်သလို သမီးအတွက်ကတိဖျက်နိုင်တယ်၊ ရှင့်ကိုယုံကြည်လို့သမီးကိုအစက ပစ်ထားခဲ့ပေမယ့် အခုမယုံတော့ဘူး..ရှင်ကရှင့်မြေးမျက်နှာကိုပဲ ကြည့်နေတာလေ.."

ထိုအချိန် သူတို့နဲ့အနီးအနားကို အပြာရောက်လာတာ ဘယ်သူမှမသိခဲ့.. ၊

"ကလေးက သူ့ကိုဘယ်သူတွေသေစေချင်နေမလဲ..သတ်ချင်နေသဲ ဆိုတာ ဘာမှသိတာမဟုတ်ဘူး၊ အုန်းရေသောက်ရင် ကလေးကိုထိခိုက်တယ်ဆိုတာ ရှင်သိသိနဲ့တိုက်နေတာ..အဲ့ဒါတွေဘယ်တုန်းတည်းက တိုက်နေခဲ့တာလဲ.."

"ရှင်ထင်တာတွေ လျှောက်မပြောနဲ့..အုန်းရေက ကလေးကိုမထိခိုက်."

"ထိခိုက်တယ်..လူကြီးအားမရှိရင် ကလေးအားနဲ့မွေးရမှာကို ကလေးပိန်လှီချိနဲ့အောင် ရှင်လုပ်နေတာ.."

"မချိနဲ့ဘူးဒေါ်မင်းမာလာ..ကျွန်မသဘာ၀ကို လွန်ဆန်ပြီးလုပ်နေတာလည်း မဟုတ်ဘူး..မွေးရမယ့်လူက အင်အားမဲ့နေတာကို ကလေးကအွားကျိုင်း ကြီးမားနေရင် ကျွန်မသမီးဒုက္ခတွေ့သွားမှာပေါ့..ရှင်နေရာတကာ ကလေးကပဲ အရေးကြီးမနေပါနဲ့.."

"ကလေးက ကလေးလေးမို့လို့ ဂရုစိုက်နေတာလေ.."

"အဲ့ဒီကလေးမရှိရင် ရှင်ကရှင့်သားရှိသေးတယ်..ကျွန်မသမီးမရှိတော့ရင် ကျွန်မမှာဘာမှ မရှိတော့ဘူး.."

"ရှင်ကျက်သရေမရှိတဲ့ စကားတွေဘာလို့ပြောနေတာလဲ..ကျွန်မသားကို မုန်းနေတိုင်း ဒီအိမ်ထောင်ပျက်ဖို့ ရှင်လုံးပမ်းခဲ့တယ်၊ အခု ကလေးကိုပါ ပျက်စီးရာပျက်စီးကြောင်း ကြံနေပြန်ပြီ.."

"ခုကျမှ ရှင်ဘာလို့ဇွတ်အော်နေတာလဲ..အပြာအမြဲတမ်းငိုနေရလို့ ရှင့်ကိုကျွန်မ အလျှော့ပေးနေခဲ့တာနော်.."

ထိုအချိန်မှာ ဦးစန်းက အုန်းသီးလာပေးသဖြင့် ဒေါ်ဟေမာန်ကယူထားလိုက်ကာ အထဲ၀င်ဖို့ ခြေလှမ်းပြင်ရင်း.. ၊

"ပြီးမှ ရှင်နဲ့ကျွန်မ တစ်နေရာမှာသွားရှင်းမယ်.."

"ဘာမှရှုပ်တာ မရှိဘူး..အားလုံးရှင်းသွားပြီ၊ ရှင် ဖြဲ့ကိုဘယ်လောက်မုန်းနေလဲဆိုတာ အခုပဲသိလာခဲ့ရတာ..သွေးနီဆိုတဲ့ကောင်လေးနဲ့ ရှင်ရှင်းနီး ဆက်သွယ်နေတာ ဒီမနက်ထိပဲ.."

"ဘာ.."

"ငြင်းမလို့လား..ဒီမှာ ရှင်တို့ပူးကပ်တိုင်ပင်နေကြတာ ဓာတ်ပုံနဲ့တကွ ရှိတယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟေမာန် မျက်လုံးပြူးသွားသည်။ ပူးကပ်နေရတဲ့အကြောင်း
လည်း တွေးလိုက်မိ၏။ ခြံ့သတင်းကြားလို့ သွေးနီပြတဲ့ပုံတွေကို ကြည့်
တာပါ။ သူငယ်ချင်းအရွယ်မဟုတ်သော အသက်လေးဆယ်ကျော်လော
လူကြီးနှစ်ယောက်နှင့် ခြံ့ကိုဗိုဇရုံးရှေ့မှာ တွေ့ထားတဲ့ပုံတွေဖြစ်သည်
လင်မယားပြဿနာတက်ပြီဆိုတည်းက သိပ်မကြာခင်မှာပဲ ခြံ
နိုင်ငံခြားထွက်သွားတာ ဖြစ်ပုံရကာ၊ သွေးနီကတမင်တကာ ဂရုမစိုက်
လိုးလွှဲ သတင်းပေးနေခဲ့တာဖြစ်သည်။ ခုကျမှ သူကိုယ်တိုင်ရိုက်ထားတဲ့
တွေကို လာပြရခြင်းသည် သူ့မင်္ဂလာကိစ္စနဲ့ ခြိမ်းခြောက်ထားခဲ့၍သာ
"ရှင်မအော်စဖူး အတင်းအော်နေတာ ဒီသတင်းရခဲ့လို့ကိုး.."
"ဟုတ်တယ်..ကျွန်မသားကို ဘဝတုံးအောင်လုပ်ခဲ့တဲ့ လူနဲ့မှ
လျှို့ဝှက်တွေ့ဆုံနေတာ ကျွန်မအရမ်းအံ့သြတယ်၊ ခုထိ ရှင်ဘာလို့တည်
သေးတာလဲ..ခြံ့ကိုမုန်းနေရင်တောင် သူကရှင့်သမက်မဟုတ်ဘူးလား
ရှင့်သမီး အရှုံးတစ်ပိုင်း ဖြစ်နေရတာလည်း သူ့ကိုချစ်လို့ မဟုတ်ဘူးလား
"ဒေါ်မင်းမာလာ ရှင်ဘာမှမသိဘဲနဲ့ ကျွတ်..တော်ပြီ တော်ပြီ၊ ကျွန်
ထိန်းမနိုင်ဖြစ်လာမှ ပိုဆိုးကုန်မှာ..ရှင့်ဒေါသတွေ အခုခဏထားလိုက်
ဒါလေးသွားပေးပြီး ကျွန်မပြန်လာမယ်.."
ဒေါ်ဟေမာန် အုန်းသီးအဝထဲကို ပိုက်တံလေးစိုက်လိုက်ပြီး အပြာ
သွားပေးဖို့ သွက်သွက်ထွက်၏။ သို့သော် ဧည့်ခန်းထောင့်ချိုးကနေ အ
တွင်းဘက်ကို မျက်နှာမူလိုက်သည်နှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ရ
သည်.. ၊
"အပြာ.."
အပြာက မထူးဘဲ ဒေါ်ဟေမာန့်လက်ထဲက ထိပ်ဝဖွင့်၍ ပိုက်
လေး တပ်ထားသည့် အုန်းစိမ်းကို မျက်တောင်ဖျားလေးတွေ စိုက်ဆင်း
အတန်ကြာ ငေးနေ၏။
ဒေါ်ဟေမာန်ကိုယ်ကိုင်ထားသည့် အုန်းသီးကို ယောင်နနဖြစ်
ကြည့်မိလျက်.. ၊
"ဘာဖြစ်လို့လဲအပြာ..အုန်းရေဆိုတာ ကိုယ်ဝန်ဆောင်မိခင်အတွက်
ဆေးတစ်မျိုးပါအေ၊ ဒီနေ့မှ အုန်းစိမ်းရေလေး ချိုချိုလေးသောက်စေချင်
ပြောင်းမှာကြည့်တာပါ..အုန်းရေချင်းအတူတူပါပဲ.."
"အုန်းရေကြောင့် ကလေးကိုထိခိုက်မယ်ဆိုတာ သိသိနဲ့သမီး
အမေ တိုက်နေခဲ့တာပေါ့.."
"ပေါက်ပေါက်ရှာရှာအေ..အုန်းရေက ထိခိုက်စရာလား၊ အုန်းစိ
မို့လို့ မသောက်ရဲရင် မသောက်နဲ့လေ..အမေဟိုနေ့ကလိုပဲ အုန်းရို
"မသောက်ဘူး..အမေ့ကိုပဲ သမီးနားလည်ချင်တယ် ဘာဖြစ်
သမီးရဲ့ကလေးကို အမေမုန်းနေတာလဲ..မောင့်ကိုရော မေမေ့မှာဘာအ
လို့ မုန်းနေတာလဲ.."
"ဘာ.."

www.burmeseclassic.com

www.burmeseclassic.com



အံ့သြခြင်းကြောင့် 'ဘာ' ဆိုတာတောင် လေသံမျှသာဖြစ်လျက်-

"ဘာတွေမေးနေတာလဲ..ငါက.."

"အမေတို့ပြောနေတာတွေ သမီးကြားပြီးပြီ.."

"ကြားတော့ ဘာဖြစ်လို့လဲ..ငါဘာမှမဟုတ်တာမလုပ်ထားဘူး.."

"ရဲသွေးနီနဲ့အမေ ဘာလို့ဆက်သွယ်နေတာလဲ သမီးနားမထောင်ချင်ဘူး..အမေသူနဲ့ဆက်ဆံနေဆဲပဲဆိုတာ ဟုတ်လား မဟုတ်ဘူးလား၊ အဲ့ဒါပဲ ဖြေပါ.."

"အပြာ.."

"သမီးမေးတာဖြေပါအမေရဲ့.."

ဒေါ်ဟေမာန်ပြောပြခွင့် မရသည့်အဖြစ်ကို မချင့်မရဲဖြစ်မိသည်။ ထိုသော် မျက်စပ်လေးတွေရဲတွတ်နေလျက် စူးစူးလက်လက်စိုက်ကြည့်နေသော မျက်ဝန်းလေးတွေကို သူမသိနေသည်။

ရှင်းပြဖို့ထပ်ကြိုးစားလိုက်တာနှင့် အပြာနားနှစ်ဖက်ပိတ်ပြီး အော်ခံနိုင်၏။ ပြီးတော့ ရှိုက်ကြီးတငင်ငိုချလိမ့်မည်။ သူမဘာလုပ်သင့်သလဲ..

အထင်လွဲနေကြတဲ့အတိုင်း ခေါင်းညိတ်ပေးလိုက်ရမလား..အပြာပြောချင်ရာပြော ငိုချင်လည်းငို၊ အဖြစ်မှန်ကို ရှင်းပြရမလား..ဒါဆို သွေးနီဆီက ဘာသတင်းရလို့လဲလို့ မေးရင်ရော.. ၊

"ခင်ဗျားသမက် အမြီးပါရင်တောင် အဲ့ဒီအမြီးကိုလိုက်ဆွဲထားလို့ ရတော့ဘူး..စကာပူလား ဂျပန်လား၊ တစ်နေရာရာ ရောက်သွားတာသေချာတယ်.."

လို့ပြောသည့် သတင်းကိုအပြာကြားရင် ဘယ်လိုနေမလဲ.. ၊

"သမီး နားလည်ပြီ.."

"ဟင်..ဘာနားလည်တာလဲ.."

တွေဝေငေးငိုင်သွားသည့် ဒေါ်ဟေမာန့်ကိုကြည့်ကာ အပြာတုန်ယင်နေသည့် နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားမိသည်။ ပြီးတော့ နောက်ကိုတစ်လှမ်း ထပ်ဆုပ်ရင်း.. ၊

"အမေ..ဒီမှာလိုက်နေတာ မာမီ့ကိုပါတိုက်ခိုက်ချင်တာ၊ ဒီကလေးကို ဖျက်စီးစေချင်တာ..မောင့်ကိုမုန်းလို့ ဒီလိုဖြစ်အောင် အမေတမင်လုပ်ကြံခဲ့တာ.."

"အပြာ.."

ဒေါ်သကြောင့် ရှေ့ကိုဖျတ်ခနဲတက်ရင်း အော်ပစ်လိုက်မိသည်။ ...နီးကပ်သွားသည့် အဖြစ်ကို မလိုလားသည့်နှယ် အပြာကနောက်ကို ထပ်ဆုပ်လိုက်လျှင် ယိမ်းယိုင်သွား၏။

"အပြာ.."

ဒေါ်ဟေမာန် ခြေမကိုင်မိလက်မကိုင်မိ လှမ်းဆွဲလျှင် အပြာကခါထုတ်ပစ်လိုက်၏။ ထိုအခါ အုန်းသီးကဘယ်သူ့ကြောင့်မှန်း မသိဘဲ ချွင့်ထွက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေပေ့စေ..အသက်ရှင်နေလည်း ဘာမှမထူးဘူး၊ သမီးယောကျ်ား
နဲ့ သမီးရင်သွေးလေးကို သတ်ချင်အောင်မုန်းနေပြီး ပရိယာယ်မာယာတွေ
လာပြုစုမနေပါနဲ့..ဖယ်.."

"မဟုတ်ဘူး..ညည်း ကိုယ့်အမေကိုဘာဖြစ်လို့ မယုံတာလဲအပြာ..
ညည်းကို ဘယ်လောက်ချစ်သလဲဆိုတာ.."

"ဘယ်တုန်းကမှ မချစ်ခဲ့ဘူးလို့ပဲ ထားလိုက်ပါ.. အမေကိုယ်တိုင်
သမီးရင်ကို ခွဲခဲ့တဲ့အဖြစ်ကိုလည်း မေ့လိုက်ချင်တယ်၊ အဲ့ဒီအတွက် အမေ
သမီးနားမှာ ရှိမနေဖို့လိုတယ်..အမေထွက်သွားပေးပါ ခု..ခုချက်ချင်း"

အပြာ လက်ညှိုးထိုးပြီး တွင်တွင်နှင်လွှတ်နေသည်။ ပြီးတော့
ကျသည့် မျက်ရည်က မိုးရွာချလိုက်တဲ့အတိုင်း..၊

"အမေ့အစား သမီးရှက်တယ်..အမေ့သမီးဖြစ်ရတာလည်း ရှက်
တယ်၊ မျက်နှာတောင် မမြင်ရသေးတဲ့ကလေးကို မောင့်ကိုမုန်းတာနဲ့

"ခြံက ငါနဲ့ဘာရန်ငြိုးရှိလို့ မုန်းရမှာလဲအပြာ..ညည်းမှာ ဦးဏှောက်
မရှိတော့ဘူးလားဟင်..အုန်းရေက ကလေးကိုကျွံသွားစေတယ်ဆို
မွေးဖွားရ လွယ်ကူရုံလေးပါ..အဲ့ဒါလည်း ညည်းရဲ့ကျန်းမာရေးအတွက်
မွေးလာရင် ဒုက္ခရောက်မှာစိုးလို့ ဂရုစိုက်နေတာ..ကိုယ်ဝန်ဆောင်တိုင်း
လည်း သောက်.."

"ဟင့်အင်း..ဟင့်အင်း.."

ခေါင်းခါပြီး နားတွေပါ ပိတ်ပစ်လိုက်သည်။ စောစောက မာမီ့ကိုစကား
ထဲ ရှိတဲ့အတိုင်းပြောနေတာ ဒီစကားဒီလိုအသံတွေ မဟုတ်။ မောင့်ရဲ့
နောက်ထပ်ကလေးမရနိုင်တော့တာ ဒီကလေးသည်သာ ဒီမိသားစုရဲ့
နောက်ဆုံးမျိုးဆက်ရင်သွေးဆိုတာ.. ၊

ဒါတွေကို သိရက်နဲ့ အမေလုပ်ရက်သည်။ မာမီဒီကလေးကို သည်
သည်း လှုပ်နေတာ အပြစ်လား.. မာမီ့အတွက် ဒီကလေး ဘယ်လောက်အ
ရေးကြီးသလဲဆိုတာ မိဘချင်းကိုယ်ချင်းစာ မပေးနိုင်ဘူးလား.. ၊

"အမေထွက်သွားပါ..အမေ့တစ်ကိုယ်လုံးမှာ ရိုးသားတာဘာမှမရှိ
တော့ဘူး၊ ကိုယ့်သမီးကိုတောင် မညှာတာနိုင်ဘူး..အမေ့ကို သမီးအရမ်း
စိတ်နာတယ်သိလား.."

"အပြာ.."

"ဟင့်အင်း..မကိုင်နဲ့.."

ဒေါ်ဟေမာန် လက်တပြင်ပြင်နှင့် နောက်ပြန်ဆုတ်ရကာ.. ၊

"အဝင်းရေ..စီစီ လာပါဦး.."

"ရှိပါတယ်အစ်မ.."

အဝင်း ချက်ချင်းပြေးလာတာ အပြာ့ကိုဝင်တွဲသည်။ အဝင်းနည်း
သည့် ကိုယ့်ခန္ဓာက အပြင်းအထန်ခံစားလိုက်ရတာနှင့် အသွေးကြီးပြတ်
ကျတော့မလို ဖြစ်နေတာမို့ ဒေါ်ဟေမာန်သမီး ဘာပြောပြောမနာနိုင်
နာကျင်ကြေကွဲစရာတွေ အပြောခံနေရပေမယ့် မျက်ရည်သာတွေ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့လျက် သမီးလဲသွားမှာစိုးလို့ စိတ်မချနိုင်.. ။

ဟုတ်တယ်..နင် သူ့ရှေ့မှာရှိနေရင် နင့်သမီးလဲကျသွားလိမ့်မယ်.. နင်းဟေမာန် နင်ထွက်သွားလိုက်တော့.. ။

"အဝင်း..ငါ့သမီးကိုခေါ်သွား၊ သူ့ဆရာဝန်ဆီ ဖုန်းဆက်လိုက်ဦး.."

ပြောနေရင်း..တားဆီးချိန်မရလိုက်ဘဲ ပေါက်ခနဲကျဆင်းလာသည့် မျက်ရည်ကို ပွတ်သုတ်ရင်း.. ။

"ငါဒီမှာမနေတော့ဘူး..ဒါပေမယ့် ငါ့သမီးတစ်ခုခုဆို ငါ့ကိုဖုန်းဆက် သိလား.."

သူမချက်ချင်းလှည့်ထွက်လာခဲ့သည်။ သို့သော် ညှော်ခနဲအကွယ် ရောက်သည်နှင့် မျက်နှာကိုအုပ်ရင်း ဟီးခနဲငိုချလိုက်မိ၏။ ခုန စကား ပြောခဲ့သည့်နေရာမှာပဲ ဒေါ်မင်းမာလာရပ်နေသေးတာကိုလည်း သတိမ ထားမိ၊ သတိထားမိရင်လည်း သူမဂရုမစိုက်နိုင်ပါ။

ငိုနေရင်း ရင်ထဲက လှိုက်ခါတုန်ယင်လာသည့် ဆို့နင့်ခြင်းက နှလုံး သားတစ်ခုလုံး ပြုတ်ထွက်ခုန်ပေါက်နေသည့်နှယ်။ ပိုဆိုးသည်က အပြော ကိုမပြောလိုက်ရသည့် စကားတွေကြောင့် ရင်ထဲမှာဆို့ကျပ်နေခဲ့သည်ရှိရာ..

"တော်တော်အတွေးခေါင်တဲ့သမီး..မအေကိုတော့ မယုံဘဲနဲ့ သူများ တွေညာနေတာကိုတော့ အဟုတ်ကြီးထင်.."

ရှိုက်လိုက် နပ်ညှစ်လိုက်နှင့် ထိုင်ရာမှထရပ်လိုက်လျှင် သူမရှေ့မှာ ဒေါ်မင်းမာလာ ရပ်နေခဲ့လျက်.. ။

"အပြောက ကလေးမှမဟုတ်ဘဲ..မယုံကြည်ထိုက်လို့ မယုံတာပေါ့မ ဟေမာန်၊ ရှင်အခု ဆုံးဖြတ်ပြီးပြီ သွားဖို့သင့်ပြီထင်တယ်.."

"သွားမှာပါ..ရှင်လည်း အဲ့လိုဖြစ်စေချင်တယ်မို့လား၊ ဒီမှာ ဒေါ်မင်း မာလာ ဟောဒီအိမ်ပေါ်မှာ ရှင့်ကိုကျွန်မ အလျှော့ပေးပြီး နောက်ဆုတ်ပေးခဲ့ တာတွေ ရှိတယ်..အဲ့ဒါကျွန်မသမီးလေး မကျန်းမာလို့၊ အပြောမျက်ရည်မ ကျစေဖို့အတွက် ကျွန်မမျက်ရည်ချောင်းစီးခံလိုက်တာ..ရှင်ချမ်းသာလို့ မျက်နှာငယ်စွာ အရှုံးပေးတယ်တော့ မထင်နဲ့.."

ဒေါ်မင်းမာလာက မျက်နှာတင်းတင်းနှင့်မဲ့သည်။ ဒေါ်ဟေမာန်က အနားထပ်ကပ်လိုက်ပြီးမှ သွားကြားစေ့သံနှင့်.. ။

"ကျွန်မမရှိပေမယ့် ရှင်ကျွန်မသမီးကို အဲ့လိုပုံစံတွေ ဆက်ဆံလို့မရ ဘူးဆိုတာ တစ်ခါတည်းသတိပေးခဲ့မယ် ဒေါ်မင်းမာလာ..ရှင့်ရဲ့ထင်ရာမြင် ရာ စကားတွေနဲ့ အပြောကျွန်မကို အထင်လွဲနေတာ၊ သူဘာပြောပြော ကျွန်မ သည်းခံနိုင်တယ်..အဲ့ဒီသမီးကလွဲရင် တစ်လောကလုံးနဲ့တစ် ယောက်ဖြစ်ပေ့စေ နင်းဟေမာန်ဆိုတဲ့မိန်းမ ဘယ်တော့မှ နောက်မဆုတ်ဘူး.."

"ကျွန်မအိမ်ပေါ်မှာ အိမ်ရှင်ကိုစော်ကားနေတာတွေ ရှင်တော်သင့်ပြီ မဟေမာန်..အခု ရှင့်သမီးကလည်း မောင်းထုတ်နေပြီဆိုတော့ ခုချက်ချင်း ကျွန်မအိမ်ပေါ်က ဆင်းသွားပါ၊ မဟုတ်ရင် ကျွန်မရဲ့တိုင်ပြီး ဆွဲထုတ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com


တော့မယ်.."

"ဘာပြောတယ်.."

မာနနဲ့ရှက်စိတ်ကြောင့် တစ်ကိုယ်လုံးဖျင်းခနဲဖြစ်သွားသည်။ တယ်လီဖုန်းရှိရာ လျှောက်သွားတာမြင်တော့ အသားတွေပါတုန်မိလေသည်။ သို့သော်.. ၊

"သွားမယ်..ဒါပေမယ့် ရှဲနဲ့ခြောက်လို့ တန်းနေအောင်ပြေးတယ်ထို့တော့ မထင်နဲ့..ဆူညံပွထကုန်ရင် ကျွန်မသမီးသိသွားမှာစိုးလို့၊ ထပ်ပြောခဲ့မယ်..ရှင်ကျွန်မသမီးကို နို့စားနွားမွေးသလို မလုပ်ပါနဲ့၊ တိရစ္ဆာန်သားပေါက်သလို ဖင်နားကထိုင်စောင့်ပြီး ကလေးကောက်ဖို့ပဲ စဉ်းစားနေလို့မရဘူး..ကလေးမွေးမှာက လူတစ်ယောက်ဆိုတာ သတိရပါ.."

ပြောပြီးတာနှင့် ချက်ချင်းထွက်လာခဲ့၏။ သို့သော် လှေကားထစ်တွေနားကျမှ နောက်ပြန်လှည့်ကြည့်ကာ.. ၊

"အပြာ မိုက်နာတာနဲ့ ကျွန်မကိုအကြောင်းပေးပါ.."

"ရှင့်ကိုမြင်မှ သူ့အခြေအနေပိုဆိုးသွားမယ်ဆိုရင်ရော.."

မေးခွန်းကြောင့် ရင်ထဲမှာနင့်သွားသည်။ မျက်ရည်ကြည်တွေလည်း ချက်ချင်းဝေ့၏။ သို့သော် မိခင်တစ်ယောက်၏နှလုံးသားမှာ သားသမီးအတွက် အမျက်ဒေါသနှင့် ဥပေက္ခာဆိုတာ မရှိ.. ၊

"ကျွန်မသမီးတစ်ခုခု ဖြစ်သွားလို့ကတော့ ရှင့်တစ်ကိုယ်လုံးကိုဓားနဲ့မွှန်းပြီး မသေသေအောင် သတ်ပစ်မယ်မှတ်.."

ဒေါသတွေရှိနေဆဲနှင့် မျက်ရည်တွေသုတ်မနိုင်ဖြစ်နေရင်း ခြံပြင်ထိ ဒီတိုင်း လျှောက်ထွက်လာခဲ့သည်။ ငါ့သမီးကို သင်းဂရုမစိုက်ဘဲနေကြည့်စမ်း..ငါ့သမီးတစ်ခုခုဖြစ်ကြည့်.. ၊

လမ်းပေါ်ရောက်လာတဲ့အထိ သူမပါးပြင်ထက်မှာ မျက်ရည်တွေစိုနေဆဲရှိကာ ဖုန်းသံမြည်လာ၏။ ဖုန်းထုတ်ကိုင်မိတိုင်းပဲ အပြာ့ကိုသတိရမိသည်။ ဒါပေမယ့် ခုနေသူမကိုယ်မှာ ဖုန်းဆောင်ထားတာမြင်ရင်တော့ အပြာထံမှ ကျေးဇူးတင်စကား ကြားရမှာမဟုတ်ပါ.. ၊

တကယ်တော့ ဒီဖုန်းဆောင်ထားရခြင်းသည်.. ၊

"ဟလို.."

"............"

"ဟင် ဟုတ်လား..နေပါဦး သိပ်မကြားရဘူး၊ ဟလို သွေးနီ.."

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆၂)

"မမကြီးသွားအိပ်ပါ..အပြာ့ကို ကျွန်မတစ်ညလုံး ဂရုစိုက်ပါ့မယ်.."

"မဟုတ်ဘူး..ငါလည်း အိပ်လို့ပျော်မှာမဟုတ်ဘူး.."

မအေက မိုက်ရှုးရဲပြောတတ်သလောက် မိုက်ရိုင်းလွန်းသည်။ အပြာ တစ်ခုခုဖြစ်သွားခဲ့လျှင် သူမအတွက် ကလေးကိုလည်းဆုံးရှုံးရမည့်အပြင် ဒီမိန်းမဒုက္ခပေးမယ့် ရန်ကလည်း လွတ်မှာမဟုတ်.. ။

ကြောက်လို့မဟုတ်ပေမယ့် တစ်ပူပေါ်နှစ်ပူဆင့်ရမည့်အဖြစ်ကိုတော့ မလိုချင်ပေ။ ပိုအရေးကြီးတာက မအေရှိနေတုန်းက ကိုယ့်ဘာသာနေလို့ရ သည်။ ခုချိန်မှာ အပြာ့ကျန်းမာရေး ချမ်းသာရေးအဝဝဟာ ကိုယ့်တာဝန် သာဖြစ်နေပြီမို့.. ။

"အခု အပြာအိပ်နေတာလား.."

မေးနေရင်း အခန်းတံခါးကို သွားဖွင့်လိုက်လျှင် မွေ့ရာပေါ်မှာ လူက မရှိ.. ။

"ဘယ်ရောက်သွားလဲလူက.."

"ဟင် မရှိဘူးလား.."

အဝင်း ထိတ်ထိတ်ပျာပျာ လိုက်ဝင်လာသည်။

"သူလှဲနေတာပါ..အိပ်တောင်ပျော်နေပြီဥစ္စာ.."

ပြောပြီး ရေအိမ်တံခါးတွေ ဘာတွေသွားဖွင့်သေးသည်။ မတွေ့တော့ မျက်လုံးပြူးနှင့် လှည့်လာ၏။ ဒေါ်မင်းမာလာ စိတ်ပူသွားကာ အဝင်းကို ဘာမှ ပြောမနေတော့ဘဲ အပြင်ပြန်ထွက်လာခဲ့သည်။

အခန်းပြင်ရောက်တာနှင့် နားထဲမှာလှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရ ကာ၊ နားစွင့်ကြည့်လိုက်တော့ ဒေါ်ဟေမာန်နေခဲ့သော အခန်းဘက်ကဖြစ်နေ ၏။ ခြေလှမ်းတို့သည် ထိုအခန်းဆီဦးတည်ခဲ့ရင်း အတွေးတွေထဲမှာ ဒေါ်ဟေမာန့် မျက်နှာကိုပါ မြင်ယောင်လာခဲ့သည်။

အပြာသူ့အမေခန်းထဲ ရောက်နေခဲ့သည်မှန်လျှင် သူမရဲ့ခံစားချက် တွေက ရှိရင်းစွဲထက်အဆပေါင်းများစွာ ဆိုးရွားနေဖွယ်ရာရှိလျက်.. ။

"ဟင်.."

အခန်းတံခါးဖွင့်လိုက်သည်နှင့် အထဲမှာညအိပ်အပြာရောင်မီးလေး က မှုန်ပျပျရှိနေလျက် အပြာသည်ခုတင်ကို မှီလျက် အခန်းတံခါးဆီကျော ခိုင်း၍ ကျုံ့ကျုံ့လေးထိုင်နေသည်။

မျက်လုံးကျင့်သားရအောင် စုကျုံ့ကြည့်မိရင်း တံခါးကိုထပ်တွန်း၍ အထဲဝင်ခဲ့သည်။ သူမငိုနေတာလား အိပ်ပျော်နေတာလား မသိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်မှ မလှုပ်ခဲ့ပေ။ ပြီးတော့ ဒီအခန်း.. ၊

အခန်းထဲမှာ မီန်းမသားတစ်ရပ်စာ အရောင်မပေါ်တော့သော ကျွန်းဗီရိုလေးတစ်လုံး ရှိသည်။ စားပွဲတစ်လုံးကုလားထိုင်တစ်လုံးရယ် အဝတ်ချိတ်စင် သပ်သပ်ရှိပေမယ့် တန်းနှစ်တန်းပြုတ်နေသဖြင့် ယိုင်နဲ့နဲ့–

ပြီးတော့ အခန်းခြေရင်းထောင့်မှာ ဒတ်စ်တော့ကွန်ပျူတာဟောင်း နှစ်လုံးကို တစ်စစီဖြုတ်ကပ်ပုံထားကာ အပေါ်က တာလပတ်စကြီးနဲ့အုပ်ထား၏။ အဆိုးဆုံးသည် ဒီအခန်းထဲမှာမီးလုံးမရှိခြင်းပင်.. ၊

ဒေါ်မင်းမာလာ တရွေ့ရွေ့တိုးနေသည့် ခြေလှမ်းတွေရပ်တန့်သွားခဲ့သည်။ ဒေါ်ဟေမာနဲ့ကိုဒေါ်သစိတ်နဲ့ တော်သလိုရော်သလိုထားလိုက်ဖို့ သူမ ပြောခဲ့တာမှန်သည်။ ဒါပေမယ့် တကယ်ဒီတိုင်းထားလိုက်ဖို့တော့ မရည်ရွယ်ခဲ့ပေ.. ၊

ဒါပေမယ့် နောက်ထပ်ဒီကိစ္စကို သတိမရတော့သည့်အဖြစ်မှာ ဒီတိုင်းနဲ့ပဲ ပြီးဆုံးသွားခဲ့သည့်နောက်။ ငါလုပ်ခဲ့တာပဲ..ဒါပေမယ့် ငါဒီလိုလုပ်ဖို့ မဟုတ်ဘူး။ ဒါပေမယ့် ဒီတိုင်းဖြစ်နေပြီ၊ အပြာဘယ်လိုထင်သွားပြီလဲ.. ၊ဒီတိုင်းပေါင်းများစွာနှင့် မေးခွန်းတွေက ခြေလှမ်းတွေကို ခဲဆွဲထားသလို ဖြစ်နေခဲ့ရကာ.. ၊

"အပြာ.."

ခပ်တိုးတိုးခေါ်လိုက်သည်။ အပြာက မလှုပ်.. ၊

"အပြာ.."

နောက်ထပ် တုတ်တုတ်မလှုပ်ဘဲနေကာမှ ချက်ချင်းအနားရောက်သွားမိကာ.. ၊

"အပြာ..ဟဲ့ အဝင်း.."

"ကျွန်မရှိတယ်မမကြီး.."

တကယ်တော့ အဝင်းကသူမနောက်မှာပဲ ရပ်နေတာဖြစ်ကာ ချက်ချင်းသောရောက်လာ၏။ အပြာသည် ခေါင်းအုံးတစ်လုံးလုံးကို မြုတ်ကွယ်မတတ်ဖက်၍ မျက်နှာလေးတစ်ခြမ်း ဖိကပ်ထား၏။ ဒေါ်မင်းမာလာက လက်မောင်းလေးကို ကိုင်လှုပ်လိုက်မှ ပျော့ပျော့ခွေခွေလေး လဲကျလာလေသည်။

"အပြာ..အပြာသတိလစ်နေပြီ၊ လုပ်စမ်း..အပ်ထားတဲ့ အိုဂျီတွေကို အကြောင်းကြား၊ မြန်မြန်လုပ်..မြန်မြန်လုပ်.."

ခြေမကိုင်မိ လက်မကိုင်မိဖြစ်လောက်အောင် ပျာယာခတ်ခြင်းကို ကိုယ့်ဘာသာကြုံမှ နားထည်တော့သည်။

"ဟဲ့..ဘယ်ကိုလဲ၊ အပြာ့ကို ခုတင်ပေါ်တင်ရမယ်..ဩော် ဒီခုတင်မ ဟုတ်ပါဘူး.."

"မမကြီးနဲ့ကျွန်မ သူ့ကိုဘယ်လိုလုပ်'မ'မလဲ.."

"အေး..မွေ့ရာ မွေ့ရာသွားပြေးယူ၊ မြန်မြန်လုပ်..စိုးကိုပါနှိုး၊ မွေ့ရာ ထူထူယူခဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ.."

အဝင်း ပြေးလွှားထွက်သွားသည်။

"အပြာ..အပြာ မျက်လုံးဖွင့်စမ်း၊ ဒီမှာ.."

မေးဖျားလေးကို ကိုင်လှုပ်ရင်း ဆံစတွေကိုပွတ်သပ်လိုက်လျှင် ခေါင်းအုံးပေါ် စောင်းကျနေသော နားသယ်စပ်ဆံစတွေမှာ စိုရွှဲနေတာကို တွေ့လိုက်ရ၏။ ကျနေသည့် ခေါင်းအုံးကိုလှမ်းစမ်းလိုက်တော့လည်း စိုနေလျှင်.. ၊

သူမဘယ်လောက်တောင် ငိုထားသလဲဆိုတာ တွေးမိလိုက်၏။ ထို့ကြောင့် ပူပန်ခြင်းက စိုးရိမ်မှုတ်ကိုထပ်ဆောင့်တက်လေသည်။ သူမလေးအအေကိုပြောဆိုလွှတ်လိုက်ပြီးမှ ဒီထဲဝင်ပြီး ငိုကြွေးတာဖြစ်မည်။ သို့သော်..

သူ့အမေ ဒီလိုအခန်းထဲမှာ နေခဲ့ရတာလားဆိုတာ သိလိုက်ရတဲ့အချိန်မှာ သူမရင်ထဲမှာ ဘယ်လိုဖြစ်သွားရှာမလဲ.. ၊

"မဟုတ်ဘူး..ငါဒီလိုလုပ်ခဲ့တာ မဟုတ်ဘူး၊ ကြားရဲ့လားအပြာ..ငါ့စိတ်ဓာတ်ဒီလောက်တော့ မယုတ်ညံ့ပါဘူး၊ ဒါပေမယ့် ပြောခဲ့မိတယ်..ဒီတိုင်းပဲ ဖြစ်သွားတယ်၊ အဲ့ဒီအတွက် တောင်းပန်ပါတယ် အပြာ.."

တောင်းပန်ရင်း သူမလေးကို ဘယ်လိုနှိုးနှိုးမရတော့ပေ။ ဒေါ်မင်းဓာလာ ကလေးအတွက်စိတ်ပူရင်း အပြာ့ကိုနှိုးရင်း မျက်ရည်တွေဝေ့၏။

ဘုရား..ဘုရား ကလေးဘာမှမဖြစ်ပါစေနဲ့.. ၊

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆၃)

ဆေးရုံမှာ အပြာသတိရလာသည်။ သို့သော် သူမတစ်ကိုယ်လုံး ကော်နဲ့ကပ်ခံထားရသည့်နှယ် ခေါင်းလေးတောင်မကြွချင် မရုန်းချင်အောင် တစ်ကိုယ်လုံးက လေးလံထိုင်းမှိုင်းနေသည်။

လူတွေကို မြင်နေရပေမယ့် နီးနီးလေးပဲဖြစ်လိုက် အဝေးကြီးက ရိပ်တွေလို ဖြစ်သွားလိုက်.. ၊

"အမေ..အမေလားဟင်.."

"အပြာ..သတိရလာပြီမမကြီး.."

"အပြာ..သမီး မာမီရှိတယ်.."

"အမေ့ကိုခေါ်ပေးပါ၊ သမီး အမေနဲ့တွေ့ပါရစေ.."

"အမေ.."

ဒေါ်မင်းမာလာ ဖွဖွရေရွတ်ရင်း အဝင်းကိုလှည့်ကြည့်မိသည်။ အဝင်းက ခေါင်းခါမလို ပြင်ပြီးမှ ကယောင်ကတမ်း ခေါင်းညိတ်လိုက်ပြီ..

"ခေါ်နိုင်းနေတယ်သမီး..ဒရိုင်ဘာလွှတ်ထားတယ်နော်.."

တကယ်တော့ ဒရိုင်ဘာပြန်လာပါပြီ။ ဒေါ်ဟေမာန် အိမ်ကိုခဏ ပြန်လာပြီး ချက်ချင်းပြန်ထွက်သွားသည့် သတင်းကိုအဲ့ဒီနားက ဒေါ်ကြီး တစ်ယောက်က လာပြောပြသည်တဲ့.. ၊

ထိုဒေါ်ကြီးဆိုသူသည် ဒေါ်ကြီးစိန်ဖြစ်နေခဲ့လျက်.. ၊

"အပြာ..မွေးသွားပြီလား.."

ဒေါ်ကြီးစိန်ကို ဒေါ်မင်းမာလာက သိပေမယ့် အထူးကုဆရာဝန်တွေ နဲ့ ဆေးရုံမှာရှိသမျှ လူတွေကမသိကြပေ။ သို့သော် လူနာတမ်းတနေတာ သူမ ဖြစ်နိုင်သည်ဟု တွေးကာ အားလုံးကလမ်းဖယ်ပေးကြ၏။

"နေဦး.."

ဒေါ်မင်းမာလာက လက်ကိုလှမ်းဆွဲလိုက်ပြီး.. ၊

"ကျွန်မခေါ်ခိုင်းလိုက်တာ သူ့အမေကို.."

"သူ့အမေမရှိပေမယ့် သူ့အမေမှာထားခဲ့တာတွေ ရှိတယ်အေ့..ဒါ လည်း အပြာ့ရဲ့အဘွားပါပဲ၊ ဘာလဲ တွေ့လို့မရဘူးလား.."

"မမကြီးရယ်..သူ့ကိုအပြာတွေ့ချင်လားမှ မသိတာ၊ ပေးဝင်ကြည့် လိုက်ပါလားဟင်.."

ဆရာဝန်ကြီးတွေရှေ့မှာ သူများတွေတစ်မျိုးတစ်မည်မဖြစ်ရအောင် အဝင်းက ကပ်ပြောသည်။ ပြီးတော့ အခြေအနေကို ကောင်းကောင်းဆိုးဆိုး မကောင်းတာတွေပဲ ရှာဖွေဝေဖန်ဖို့ အသင့်ရပ်စောင့်ကြည့်နေကြသော

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုနန္ဒာတို့လူစုတွေလည်း ရှိနေရာ.. ၊

"အဟမ်း.."

သားဖွားမီးယပ် အထူးကုဆရာဝန် ဦးသီလကြွယ်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး.. ၊

"ခုချိန်မှာတော့ လူနာအတွက်လိုအပ်တယ်ဆိုရင် အပြင်လူတွေရဲ့ ပါဝင်နှယ်လိုက်ကိစ္စအဝဝကို ခဏသည်းခံဖယ်ထားသင့်တယ် ထင်ပါတယ်ဗျာ.."

"ဟုတ်ပါတယ်အန်တီ..ကျွန်မတို့လည်း.."

"ဒါက ဒီလိုရှိပါတယ်.."

ထင်သည့်အတိုင်း ဒေါ်မင်းမာလာဘာမှ ဝင်မပြောသေးခင် ဒေါ်ယုနန္ဒာက ကြားဝင်၍.. ၊

"လူနာက သူ့မိဘအသိုင်းအဝိုင်းနဲ့ ဘယ်တုန်းကမှ အဆင်ပြေခဲ့တာမဟုတ်ဘူးဒေါက်တာ..အခု လူနာရဲ့မိဘလည်းမဟုတ်ဘူးဆိုတော့ လူနာကို မပြောအပ်တာတွေ သွားပြောလိုက်ရင်.."

"ဟော့..ငါကအသက်ကယ်ဖို့လာတာ၊ ငါ့မြေးမကို ဒုက္ခပေးဖို့လာတာ မဟုတ်ဘူး..ဒီမှာပဲလည်း အချိန်ကုန်မခံနိုင်ဘူး၊ လူနာကိုမေးကြည့်လိုက်စမ်းပါ.. ငါနဲ့မတွေ့ချင်ဘူးဆိုရင် ခုချက်ချင်းလှည့်ပြန်လိုက်မယ်.."

"လူနာက တွေ့ပါရစေလို့ပြောနေတယ်မမကြီး.."

အဝင်းကလျှင်သည်။ အပြင်မှာ အချေအတင်ဖြစ်ပြီဆိုတည်းက အပြာ့ကို ဝင်ပြီးသတင်းပေးလိုက်ခြင်းဖြစ်ကာ အဝင်းကြောင့်ပဲ ဒေါ်ကြီးစိန် အပြာ့ဘေးကို ရောက်သွားခဲ့၏။

"အပြာ.."

အပြာ့မျက်လုံးတွေက အခန်းတံခါးဆီ စူးစိုက်နေခဲ့သည်ဖြစ်ရာ ဒေါ်ကြီးစိန်ဝင်လာတာမြင်လိုက်တာနှင့် မျက်ရည်ကြောင်းတို့သည် မျက်လုံးထောင့်ကနေ ဆံစများထဲကို တသောသောစီးကျနေခဲ့လျက်.. ၊

"ကြီးကြီး အမေရော..အမေ သမီးဆီမလာချင်တော့ဘူးတဲ့လား.."

"အပြာရယ်.."

ကိုယ်ဝန်က မောက်မောက်လျှံလျှံနှင့် မျက်နှာပြင်လေးကအစ လည်တိုင်ရိုးလေးတွေပါ မြင်နေရအောင် ချောင်ကျသွားသော အပြာ့တစ်ကိုယ်လုံးက မြင်ရက်ဖွယ်တောင်မရှိ.. ၊

"လူတစ်ကိုယ်လုံးဗိုက်ပဲ ရှိတော့တယ်အေ..ညည်းအဲ့လောက်တောင်ဖြစ်နေတာလား.."

ပြောရင်း ဒေါ်ကြီးစိန်မျက်ရည်ကျလေသည်။ လူမမာကိုပြောရသည်း မရည်ရွယ် မပြောသင့်မှန်းလည်း သိသော်ငြား.. ၊

"အဲ့ဒါညည်းမအေကို စော်ကားလို့ကံကြီးထိုက်တာ..ညည်းအမေကလေ သူ့ကိုယ်သူရှူးသလို ပေါသလိုတန်ဖိုးမဲ့နေခဲ့ပေမယ့် ညည်းကိုသူ့ကိုယ်သူထက် ချစ်တဲ့မိန်းမအေ့..သိရဲ့လား.."

www.burmeseclassic.com

www.burmeseclassic.com


အပြာနှုတ်ခမ်းသားလေး ရဲတွတ်တုန်ယင်လာကာ မျက်ရည်တို့သည် စီးကျနေမှန်းမသိ မကျမှန်းမသိအောင် မျက်ဝန်းအိမ်မှာ တသိမ့်သိမ့် ပြည့်ကျပ်နေလျက်က လျှော့ပါးသွားသည်မရှိ။ ပြီးတော့ ဒေါ်ကြီးစိန်လက်ကို ဖိဆုပ်ကိုင်ထားသည့် လက်တို့ကတဆတ်ဆတ်တုန်နေခဲ့၏။

"သမီး..သမီးအမေ့ကိုလေ.."

"ညည်းတောင်းပန်ချင်နေတာမို့လား.."

အပြာ ခေါင်းညိတ်ရင်း အင့်ခနဲရှိုက်၏။

"မလိုဘူးအပြာ..ငါပြောရဲတယ်၊ ဟောမာန်ညည်းကို လုံးဝစိတ်ဆိုးဘူး..သူငါ့ဆီကို လာတယ်၊ ညည်းရဲ့သတင်းကို နားထောင်ပေးပါတဲ့.."

"ဘယ်..ဘယ်ကိုထွက်သွားတာလဲဟင်.."

"သူ ညည်းအတွက်ပဲကြိုးစားနေတာ..ကျွန်မသမီး လိုအပ်နေတာ ကျွန်မသိတယ်တဲ့၊ သူညည်းယောက်ျားကို အသေအလဲရှာနေတာ..အတင်း တစ်ခုခုရထားတာလည်း သေချာတယ်.."

အပြာခေါင်းခါလိုက်တော့ ဒေါ်ကြီးစိန်အံ့သြသွား၏။

"ဘာကိုလဲအပြာ..အခု ညည်းကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ..အမွေးဖွားရမယ့်မိန်းမက အသက်အန္တရာယ်နဲ့အရမ်းနီးတာ..စိတ်ဓာတ်ကျ အောင် မပြောအပ်ပေမယ့် ကိုယ့်အခြေအနေကို ထိန်းသိမ်းနိုင်ဖို့တော့ ပြောပြရမှာပဲ.. ညည်းယောက်ျားက သူ့သားရဲ့ရင်သွေးကလွဲရင် ဘာမှမြင် တာ မဟုတ်ဘူးနော်၊ ညည်းက ကိုယ့်အသက်ကို ကြံဖန်မွေးရမှာ..

အပြာသည် မျက်ရည်ကျလျက်နှင့် ခေါင်းခါပြန်ကာ.. ၊

"အဲ့ဒါတွေက အားလုံးပြီးသွားမှာ..အခု သမီးကို အမေ့အကြောင်း ပြောပြပါ..သမီးအမေ့ကို ပြစ်မှားမိခဲ့သမျှ အမေ့မေတ္တာတွေကို နားထောင် ပြီး အမေ့ကျေးဇူးကို နှလုံးသွင်းနေပါရစေ.."

အပြာဘာတွေပြောနေတာလဲ..အပြင်မှာ ကြားခဲ့တာသူမကို မွေးခန်း ထဲ သွင်းကြတော့မည်တဲ့။ ပါရဂူတွေရော သူနာပြုတွေရော ဒေါ်မင်းမာတို့ ရဲ့မိတ်ဆွေရင်းချာဆိုတာတွေရော အားလုံးဖင်တကြွကြွ လည်ပင်းအရှည် ရှည် ဖြစ်နေကြတာကို.. ၊

"အန်တီ..လူနာကို သမားတော်တွေ ကြပ်မတ်ကြမှာမို့ အပြင်ထွက် ပေးပါ.."

"ဟင့်အင်း.."

တွေးနေတုန်းမှာပဲ သူနာပြုတစ်ယောက်ဝင်လာပြီး တွေ့ချိန်ကိုတားဆီး၏။ အပြာကတော့ ဒေါ်ကြီးစိန်လက်ကို မလွှတ်တမ်းဆွဲထားကာ..

"ဒါကျွန်မရဲ့ နောက်ဆုံးဆန္ဒပါ..စကားပြောပါရစေ၊ ကျွန်မပြောချင် မရရင်.."

"ခဏလေး..ခဏလေး၊ ကျွန်မသမားတော်တွေဆီ အကြောင်းကြား ပေးပါ့မယ်..စိတ်ကို လျှော့ပါနော်.."

သူနာပြုဆရာမ ချက်ချင်းပြန်ထွက်သွား၏။ ဒေါ်ကြီးစိန် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com


ပျက်ကြီးပျက်လျက်.. ။

"ဘာတွေပြောနေတာလဲအပြာရယ်..ဘာနောက်ဆုံးအချိန်လဲ၊ မပြော ကောင်းပြောကောင်းကွယ်.."

"အမေ့ကိုသမီးမြင်ချင်တယ်..သမီးရဲ့နောက်ဆုံးထွက်သက်ကို အမေ့ လက်ထဲမှာ ဖြစ်ချင်တယ်၊ အမေ့လက်ကိုကိုင်ထားပြီးလေ..သမီးမှား ခဲ့တာတွေကို ခွင့်လွှတ်ဖို့မပြောပါဘူး..ဒါပေမယ့်.."

"အပြာ..သမီးမငိုရဘူးလေ၊ သတိထားပါသမီးရယ်.."

"ပြောပါ..အမေ့ကိုမတွေ့ရတော့ဘူးဆိုရင် အမေ့အကြောင်းလေးတွေ ပြောနေပေးပါ၊ အမေ သမီးကိုဘယ်လိုချစ်ခဲ့သလဲ ဆိုတာလေ.."

"ချစ်လိုက်တာမှသမီးရယ်..ညည်းကို အဲ့ဒီသူဌေးသား ညားစေချင် လွန်းလို့ ဒါပေမယ့် ညည်းဂုဏ်ငယ်မှာစိုးလို့ သူ့ကိုယ်သူဦးဏှောက်နည်းတဲ့ မိန်းမဆိုးကြီးလုပ်ခဲ့ရတာ..မင်္ဂလာဆောင်မတက်တာလည်း သူ့ခရီးသွား နေတာမဟုတ်ပါဘူး၊ သူရှိရက်နဲ့ အလကားအမေအဖြစ်ခံပြီး ကွယ်ရာက နေ ချောင်းကြည့်နေခဲ့ရတာပါ..အဲ့ဒီမှာကြီးကြီးလည်း ပါလာတယ်လေ..

...ကျွန်မသမီးလေးကို ကြည့်ပါဦး..သူဌေးမကြီးနဲ့တူလိုက်တာ ခန့် ညားလိုက်တာဆိုပြီး ရယ်လည်းရယ် ငိုလည်းငိုနဲ့ပေါ့သမီးရယ်.."

အပြာခေါင်းညိတ်ရင်း ပြုံးဖို့ကြိုးစားသော်လည်း မျက်ရည်တွေ သစ္စာကြီးစွာ ကျလေသည်။

"မင်္ဂလာဆောင်မှာ သူရှိနေရင် သမီးပဲဂုဏ်ငယ်လိမ့်မယ်တဲ့..သမီး ကို သူဒီလိုရက်စက်မှသာ သမီးက သူဌေးရဲ့ချွေးမလည်းဖြစ် သမီးလည်း ဖြစ်မှာတဲ့..ဒေါ်မင်းမာလာစိတ်ရင်းကောင်းရှိတာလည်း သူသိတယ်တဲ့၊ သမီးကို စိတ်ချတယ်တဲ့လေ.."

အပြာ မျက်လုံးတွေကို ပိတ်ချလိုက်မိလျှင် မျက်ရည်စက်တို့က ရေ နွေးစီးကြောင်းတွေကဲ့သို့ အင်တိုက်အားတိုက်လျှောဆင်းသွားကြသည်။ အမေ ဒေါသကြီးနေခဲ့တဲ့ ပုံရိပ်တွေကို မြင်ယောင်ကာ ကိုယ့်အတွက်မှန်း မသိ သူ့အတွက်မှန်းမသိ သူမစိတ်ပျက်ခဲ့သည်။

အထင်မြင်သေးခဲ့သည်။ ဒေါ်မင်းမာလာသည်သာ တော်၍ထက် မြက်သည်။ အဆင့်အတန်းရှိရှိ နေတတ်သည်။ အဆင့်အတန်းရှိရှိပြော တတ်သည်။ အမေကတော့ ဘယ်လိုပဲပြောပြပြ စရိုက်ဆိုးကိုမဖျောက်နိုင် သော.. ။

"ညည်းနဲ့ရှေ့မှာ ရန်ဖြစ်ပြီး ကွယ်ရာကနေ လာချောင်းတဲ့အမေပါ သမီးရယ်..အခု သူ့မေတ္တာကိုသိပြီဆိုတော့ မိဘမေတ္တာကို စိတ်ကကြည်ညို ပွားများနေနော်၊ သမီးကျန်းမာမှာပါကွယ်..ဖခင်ကိုသတ်ခဲ့တဲ့ အဲဒီ သတ်မင်းသားလေးတောင် အမှားသိတာနဲ့ ဘုရားဆီမှာဝန်ချပြီး ကောင်းမှု ကုသိုလ်နဲ့ ပြုပြင်ဖို့ ကြိုးစားခဲ့ရတာ.."

သမီးကတော့ ကြိုးစားခွင့်မရှိတော့ပါဘူးလို့ ရင်ထဲကပြောမိရင်း အပြာမချိတရိလေး ပြုံးသည်။ ပြုံးပေမယ့် မဲ့မဲ့လေးဖြစ်သွားခဲ့ပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို..အမေ့ကို သမီးကိုယ်တိုင် အိမ်ကထွက်သွားပါလို့..နှင်နှင်ချခဲ့တာ၊ သမီးအပြစ်ကတော့.."

"သမီးရယ်.."

"အမေ့ကို သူများဖိနှိပ်ပြောနေတာလည်း အပြာမကြိုက်လို့ပါကြီးကြီးရယ်..ဒါပေမယ့်.."

"သူ့ခမျာလည်း သမီးနားမှာနေခွင့်ရဖို့ ဒေါ်မင်းမာလာ ပါးရိုက်တာတောင် ခံခဲ့ရရှာတာပါသမီးရယ်.."

ဟင်.. ၊

အပြာမျက်တောင်ဖျားလေးတွေ ပြန်ကပ်သွားတဲ့အထိ တုန်လှုပ်သွားလေသည်။ ဒီအဖြစ်ကို သူမမသိခဲ့။ ဒေါ်ကြီးစိန်လည်း ဆက်မပြောသင့်တော့မှန်း သိသည်။ သို့သော်.. ၊

"အဲ့ဒါလည်း သူ့ဘက်ကမှားတာမို့လို့ ကျေနပ်ပါတယ်တဲ့..သမီးမှာယောက်ျားရဲ့ သောကလည်းရှိနေတော့ ကိုယ်ဝန်ကြီးနဲ့တစ်ခုခု ဖြစ်သွားမှာသူသိပ်စိုးရိမ်နေတာ..သူ့သမီးဘေးမှာ နေခွင့်ရဖို့ကြိုးစားခဲ့တာလည်း အဲ့ဒါကြောင့်ပါပဲ.."

နေခွင့်ရဖို့ဆိုသည့် စကားကြောင့်အပြာရောင်မီးပွင့် မှိန်မှိန်တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် ဖုန်သလဲမစင်သော စတိုချောင်လို အိပ်ခန်းကို မြင်ယောင်သွားခဲ့သည်။

ရင်ထဲမှာ နစ်နေသည့်ဆူးကို နောက်ထပ်နဲ့သွင်းသလို နာကျင်ခြင်းက ခံရခက်လေသည်။

"ဘာပဲဖြစ်ဖြစ် ယောက္ခမဆိုတာ ယောက္ခမပါပဲ..မိဘလိုကောင်းတဲ့ယောက္ခမရှိခဲ့ရင်လည်း မိဘနဲ့ထပ်တူညီနိုင်တဲ့ မေတ္တာမျိုးတော့ သူမပေးနိုင်ပါဘူး.."

"သမီးက သမီးကမိဘကိုစော်ကားပြီး ယောက္ခမကိုပဲ.."

"သမီး..အပြာ အဲ့လိုမတွေးရဘူး၊ မဟုတ်တာတွေ မတွေးရဘူးလေ-သမီးမေးတုန်းက မိဘမေတ္တာကို ကြည်ညိုစိတ်နဲ့ နှလုံးသွင်းနေချင်လို့ဆို-ကောင်းတာတွေပဲတွေးပြီး စိတ်ထဲကနေ ဦးခိုက်ရမှာလေ.."

အပြာ မျက်ဝန်းတွေကိုမှိတ်၍ ခေါင်းညိတ်လိုက်သည်။ ပြီးတော့ဒေါ်ကြီးစိန်လက်ကို ဖိညှစ်ဆုပ်ထားရင်း.. ၊

"အမေ့ကိုပြောပေးပါနော်..သမီးအမေ့ကို တောင်းပန်သွားပါတယ်လို့.."

"ဘုရား..ဘုရား.."

ဒေါ်ကြီးစိန် မျက်လုံးပြူးသွားသည်။ အပြာ့နားသယ်စပ်က မျက်ရည်ကြောင်းတွေကို သုတ်ပေးမိကာမှ ဆံပင်တွေခေါင်းအုံးပေါ်မှာနစ်နေသည့် မျက်ရည်တွေကို ကိုင်မိသည်။ ပြောပါဆိုတိုင်း ပြောပြခဲ့မိတာမှားပြီဆိုသည့် အသိက ယပ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလိုအတိုင်း.. ၊

"ဘယ်လိုပြောလိုက်တာလဲအပြာရယ်..ငါလာတည်းက ညည်းပြော

www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ တစ်ခုမှကို အတိတ်နိမိတ်မရှိတာတွေပါလား..."

ပြောရင်း မျက်ရည်စက်တို့ဖိုးဖိုးပေါက်ပေါက် ကျလာမိ၏။ အပြာက မျက်လုံးမဖွင့်ဘဲ ကိုင်ထားသည့်လက်ကို ထပ်ဖိကာ..။

"သမီးရဲ့ကလေးအတွက် သမီးအသက်ကို ပေးမယ်ကြီးကြီး.."

"အောင်မလေးတော်.."

"အမေလို့ခေါ်သံ မကြားရပေမယ့် သမီးလည်းမိခင်ဖြစ်နေပါပြီ.. ကိုယ်တိုင်မိခင် သတ္တိတွေဖြစ်လာကာမှ အမေ့မေတ္တာကို သတိရခဲ့တာ.. သမီးကို ခွင့်လွှတ်ပါ၊ အမေ့ကိုပြောပေးပါ..သမီးကို စိတ်မဆိုးဖို့..နော်.."

"ဖြစ်ရလေအေ..မလုပ်ပါနဲ့၊ ညည်း.."

"ဒေါက်တာကိုခေါ်ပေးပါ..သမီး သမီးအရမ်းမောနေပြီ.."

ဘုရားရေ.. ။

ဒေါ်ကြီးစိန်မျက်လုံးတွေတောင် ပြာသွားမိသည်။ အပြာတကယ်ပဲ ဘဝကို အရှုံးပေးရတော့မယ့် အခြေအနေရောက်နေပြီလား.. မျက်တောင်များတို့ ပိတ်ယှက်စင်းကျနေကာ လှုပ်ရှားမှုဆိုလို့ မျက်ရည်ကြောင်းလေးတွေ တစိမ့်စိမ့် လက်ဖြာနေကြတာပဲ ရှိလျက်၊ သူမစကားတစ်ခွန်းမှ ထပ်ပြောမလာတော့.၊

"ဒေါက်တာ..ဒေါက်တာလာပါဦး၊ လာကြပါဦး.."

> > < <

www.burmeseclassic.com



## အခန်း(၆၄)

"အပြာ.."

"ဟယ်..လူလေး.."

အပြာ့ကိုပဲ ငုံ့ကြည့်နေမိရင်း အဝင်းအသံကြားလိုက်သဖြင့် ဒေါမင်းမာလာ လှည့်ကြည့်လိုက်မိ၏။

"မာမီ.."

"သား..သားပြန်လာပြီ.."

အပြာ့မျက်ဝန်းလေးတွေ လူတွေပိတ်ကွယ်ထားသည့်ဆီမှာ စူးစိုက်နေခဲ့၏။ ထိုစဉ် ကမန်းကတန်းတိုးတိုက်ဝင်လာတာက ခြံပဲဖြစ်ကာ.. ၊

"အပြာ..မောင်ပြန်လာပြီလေ.."

လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့ ဖျစ်ညစ်အားပေးဖို့တောင် ထိကိုင်ရက်ဖွယ်မရှိ။ ခြံအပြာ့လက်ဖဝါးလေးကို လက်နှစ်ဖက်ထဲမှာ ထည့်ဆုပ်ထားမိကာ.. ၊

"အပြာရယ်..မောင့်ကိုခွင့်လွှတ်ပါ၊ မောင်လေ မောင့်အဖြစ်ကိုမင်း စိတ်ပျက်ပြီး ထားခဲ့မှာစိုးလို့ ဘာတွေလျှောက်လုပ်မိမှန်း မသိဘူး..စကားမှာ ထပ်စမ်းသပ်မယ်၊ တကယ်ဟုတ်တာသေချာရင် ခွဲစိတ်ပြုပြင်ပြီးမှ ဖြစ်ဖြစ် မောင့်ဘဝကို ရအောင်ပြန်ယူဖို့ မိုက်မိုက်မဲမဲဆုံးဖြတ်ခဲ့တယ်.."

အပြာမျက်ရည်ဝေ့ဝေ့နှင့် မောင့်ကိုပြုံးပြဖို့ ကြိုးစားပေမယ့် မပီပြင်၊ သူမရင်ထဲမှာ မောင့်ကိုချစ်လွန်းလို့ နှလုံးသားတစ်ခုလုံး အထုံအကျင်စွဲခဲ့ပြီလား..ဒါမှမဟုတ် မျှော်လင့်ချက်မဲ့ခဲ့ပြီဖြစ်သည့် အနာဂတ်အတွက် မောင့်ကိုမြင်နေရပေမယ့် မပျော်နိုင်တော့တာလား.. ၊

အရှင်းဆုံးဝန်ခံရပါလျှင် သူမစရိုက်မှာ အမြင်ချင်ဆုံးက မောင့်မျက်နှာ မဟုတ်တော့ပေ.. ၊

"မောင်.."

"ပြောလေအပြာ..မောင့်ကိုခွင့်လွှတ်ဖို့ မောင်မပြောပါဘူး၊ ဒါပေမယ့် မောင့်ကိုနှင်မထုတ်ပါနဲ့..မင်းနားမှာ မောင်နေပါရစေ.."

"အပြာကတောင်းပန်ရမှာပါမောင်..အပြာက.."

ခြံက အပြာ့ကိုခေါင်းခါပြလိုက်ရင်း.. ၊

"မင်းမှာ ဘာအပြစ်မှမရှိပါဘူးအပြာရယ်..အမေလည်း မမှားပါဘူး သူလုပ်ခဲ့တာ မင်းအတွက်ပါ..အခြေအနေပိုဆိုးအောင်လုပ်ခဲ့တဲ့ ရဲသွေးကြောင့် ဖြစ်ကုန်တာ.."

"မောင်..အဲ့ဒါတွေကို သိတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ရဲသွေးနီ စက်ပူကို လိုက်လာတာ.."

သူ့မင်္ဂလာပွဲကိုတော့ ပျက်စီးမခံနိုင်သဖြင့် ဒေါ်ဟေမာန်ညစ်ပတ်တာကို ကြောက်သောရဲသွေးနီတစ်ယောက် စက်ပူထိလိုက်ခေါ်ခဲ့ရသည်။ ရှင်းလည်းရှင်းပြသည်။ ထို့ပြင်.. ။

တစ်ယောက်နဲ့တစ်ယောက် လက်ခံစကားပြောကြတဲ့အထိ အဆင်ပြေသွားတော့ ဒေါ်ဟေမာန်ခြိမ်းခြောက်လွန်းလို့ ဘယ်သွားလဲသိရအောင် ရဲသွေးနီကိုယ်တိုင် အသေးစိပ်ဆက်စုံစမ်းပြီး လိုက်ခေါ်ရတဲ့အကြောင်းတွေပါ ပြောပြခဲ့တာမို့ ခြံကအပြာ့ကို အတိုဆုံးနည်းနှင့် ပြည့်စုံအောင်ရှင်းပြရင်း.. ။

"မောင့်အပြစ်တွေပါ အပြာရယ်..မောင်က မင်းကိုမောင့်အိမ်မှာပဲရှိနေတာမှန်း သိတာနဲ့နောက်ကြောင်းကို တစ်ချက်မှလှည့်မကြည့်ဘဲ ဘယ်သူ ဘာပြောပြော နားမထောင်ဘဲနဲ့လေ.."

"အမေ့ကိုခေါ်ပေးပါမောင်.."

ဟင်.. ။

သူ ရုတ်တရပ်အံ့ဩသွားသည်။ ပြီးမှ ပျာပျာသလဲခေါင်းညိတ်လိုက်ပြီး.. ။

"သူလိုက်လာပြီ..တော်ကြာ ရောက်တော့မှာပါ၊ မောင်တို့အတူတူလာကြတာပဲအပြာရဲ့..မောင့်ကိုမြန်မြန်သွားဖို့ ပြောပြီး..သူက.."

"အမေ အပြာ့ကိုလာတွေ့မှာ မဟုတ်ဘူး..ခေါ်ပေးပါမောင်၊ အပြာ အမေ့မျက်နှာကို မြင်ခွင့်ရှိသေးတယ်ဆိုရင်.."

"ဟာကွာ..ဘာတွေပြောနေတာလဲ၊ ခဏလေးစောင့်နော်.."

"လူနာကို ခွဲစိတ်ခန်းသွင်းရတော့မှာ.."

"ခဏလေးပါ..ခဏလေးပဲစောင့်ပေးပါဗျာ၊ သူအရမ်းအားနည်းနေလို့ပါ..သူ့ကိုအားပေးနိုင်တဲ့ လူလာမှာမို့လို့ပါ.."

"မဖြစ်ဘူးသား.."

ဒေါ်မင်းမာလာက ယတိပြတ်ဆုံးဖြတ်ထားသည့် မျက်နှာနှင့် အနားရောက်လာကာ.. ။

"ခွဲစိတ်ဖို့က အရေးကြီးတယ်..လူကြီးအားနည်းနေတဲ့အတွက် ကလေးဆိကို အောက်ဆီဂျင်အလုံအလောက် မရောက်တော့ဘူး.."

"မာမီ.."

"မာမီပြောတာက.."

"မာမီ တော်ပါတော့ဗျာ.."

ခြံက ဒေါ်မင်းမာလာလက်ကို ဆွဲခေါ်သွားရင်း နောက်ပြန်လှည့်၍.

"လူနာကိုခွဲစိတ်ခန်းထဲ မသွင်းပါနဲ့..ကျွန်တော်ခွင့်မပြုဘူး.."

"မင်းဘယ်လိုပြောလိုက်တာလဲခြံ..ခရီးရောက်မဆိုက် မာမီကိုအတိုက်အခံတွေ လုပ်ပြီး.."

"သားတို့တွေဆုံခန်းကရော ဝမ်းသာအားရပွေ့ဖက်စရာ ကောင်းနေ

www.burmeseclassic.com

www.burmeseclassic.com


လို့လားမာမီ..အပြာ့ကိုယ်ဝန်က လမစေ့သေးဘူး၊ လူကြီးမကျန်းမာတာနဲ့ ကလေးကို ခွဲထုတ်မယ်ဆိုတာ.."

"ဟုတ်တယ်ခြေ..မင်းမာမီက လူကြီးကိုသေစာရင်း သွင်းထားလိုက်တာ.."

ဒေါ်ကြီးစိန်က ဆေးရုံကလူကြီးတွေကိုလည်း ဂရုမစိုက်တော့ဘဲ လူ့ဘုံအလယ်မှာ ဝင်ပြောချလိုက်၏။ ဒေါ်မင်းမာလာအကြည့်တွေ သူ့ဘက် ရောက်လာတာနှင့် ဆတ်ခနဲမျက်နှာလွှဲကာ.. ၊

"ပြောသင့်တယ်ထင်လို့ ပြောရတာ..ပိုက်ဆံရှိတိုင်း သည်းခံနေတဲ့လူကို ထင်တိုင်းလုပ်လို့မရဘူး၊ သူ့အမေသာသိရင် ဒါမျိုးလုပ်လို့ရလိမ့်မယ် မထင်နဲ့.."

"သူ့အမေမွေးမှာ မဟုတ်ဘူး..အပြာရင့်ရောင်ကမွေးမှာ.."

"မာမီ.."

ခြေ ဘယ်လိုမှယုံနိုင်သော အကြည့်တွေနှင့် ဒေါ်မင်းမာလာကို ကြည့်သည်။ မာမီကို သူဒီလောက်တောင် ထင်မထားခဲ့တာမို့ ကိုယ့်ရှေ့မှာပြောလိုက်ပေမယ့် မယုံနိုင်သေး.. ၊

ဒေါ်ကြီးစိန်ကတော့ ထမီတစ်ဖက်'မ'၍ တဒိုင်းဒိုင်းလှည့်ထွက်သွားလေသည်။

"တောက်..ဒီလိုစုတ်စုတ်ပြတ်ပြတ်တွေက ခုထိငါ့ကို ဒုက္ခပေးနေကြတုန်း.."

"သူတို့က မာမီ့ကိုဒုက္ခပေးကြတာ မဟုတ်ဘူး..အပြာ့အတွက်မဆီမဆိုင် တိုက်ပွဲဝင်ပေးနေတာ..မာမီကို သားနားမလည်တော့ဘူး၊ သားထွက်သွားတာ တစ်နှစ်မရှိသေးပါဘူး.."

"မင်းထွက်သွားမှ ဒီကိုယ်ဝန်ရှိလာတာလေ..မင်းဘာလို့ထွက်သွားတာလဲ၊ မင်းရဲ့မျိုးဆက်တုံးပြီဆိုပြီး မဟုတ်ဘူးလား.."

"အဲ့ဒါနဲ့ပဲ ဒီမျိုးဆက်က ဒီလောက်အရေးကြီးသွားတာလား.."

"ကြီးတယ်..ငါ့သားကို လူညွှန့်တုံးအောင် သူတို့သားအမိလုပ်တာ ဒါကြောင့် အပြာကသူ့ပေးဆပ်ပါ့မယ်ဆိုပြီး ကိုယ်တိုင်ခွဲစိပ်ဖို့ လက်ခံခဲ့တာ.."

ပြောပြီး ရှေ့ထပ်တိုးလိုက်ရင်း သွားကြားစေ့သံနှင့်.. ၊

"သူ့မှာနှလုံးရောဂါ လက္ခဏာတွေလည်း ရှိနေသေးတယ်..တော်ကြာမင်းကြောင့် တော်ကြာအမေကြောင့်နဲ့ ဖြစ်နေရတဲ့သောကတွေဆိုတာ တစ်လောကလုံးက သောကဗျာပါဒအားလုံး သူ့ဆီမှာစုပြုံနေသလား မှတ်ရတယ်.. ဒီကိုယ်ဝန်ကြောင့် ငါပြုစုဂရုစိုက်ခဲ့တာတွေ ပံ့ပိုးခဲ့ရတဲ့ မှတ်စာတွေ အားလုံးဘာတစ်ခုမှ အရာမထင်တော့ဘူး..နောက်ဆုံး ငါ့မြေးကိုပါ ဆုံးရှုံးရတော့မှာလေ..ခု.."

"ဆုံးရှုံးသွားပြီဆိုရင်လည်း ဆုံးရှုံးသွားပြီမှတ်ရုံပဲမာမီ.."

"ဘာပြောတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဒီခွဲစိတ်မှုကြောင့် အပြာသေသွားနိုင်တယ်.."

"မခွဲစိတ်ဘဲထားရင်လည်း လစေ့ရင်သူမမွေးနိုင်ဘူး..သူ့အသက်က နှာခေါင်းဖျားမှာပဲ ရှိတော့တာ.."

"မာမီရာ.."

"မင်းစောဒက မတက်နဲ့.."

ဒေါ်မင်းမာလာ လက်ညှိုးထောင်၍ ကလေးကိုအမိန့်ပေးသလို ပြောလိုက်ပြီး.. ।

"သူ့အသက်တောင် ဝအောင်မရှူနိုင်တော့တဲ့ သူကိုငဲ့နေရင် ကလေးပါ ဆုံးမှာပဲ..ငါ့မြေးကို ဆုံးရှုံးမခံနိုင်ဘူး.."

"ဒါဆို သားနဲ့ကလေးအသက် ယှဉ်ရွေးခိုင်းရင်ရော.."

ဒေါ်မင်းမာလာ ဆွံ့အသွားသည်။ ဒေါသမျက်လုံးတွေနဲ့ ကြည့်လိုက်ပေမယ့် ရုတ်တရက်မချေပနိုင်. ।

"မာမို့မှာ မာမို့သားတစ်ယောက်လုံး ရှိပါသေးတယ်..အန်တီဟောမာန်ဆိုရင်.."

"မင်းဘယ်လိုဖြစ်နေတာလဲခြ..အပြာ့ကို ဒီတိုင်းကြည့်နေလည်း သူ့အသက်.."

"သူ့ရဲ့နောက်ဆုံးထွက်သက်ထိ ကျွန်တော့်ရင်ခွင်ထဲမှာပဲ ထားမယ်မာမီ.. ဒီမှာ ကျွန်တော့်မိန်းမကို လုံးဝခွဲစိတ်ခွင့်မပြုဘူး.."

အပြာသည် အသံတွေကိုကြားနေလျက် ခြံလှမ်းအော်လိုက်တာကိုလည်း ကြားသည်။ ဘယ်သူ့ဘက်ကမှ ပြောနိုင်စွမ်းမရှိသလို ကိုယ်တိုင်ခွဲစိတ်ခံဖို့ ဆုံးဖြတ်ချက်သည်လည်း အမေလာနေပြီဆိုသည့် မျှော်လင့်ချက်နှင့် ခဏတော့ ရှိနေချင်သေးသည်ဖြစ်ရာ.. ।

"မင်း ငါ့ကိုလူတွေကြားထဲမှာမှ သိက္ခာကျအရှက်ရအောင် လုပ်လိုက်တာပဲခြ..မိဘရဲ့စေတနာကို မင်းစော်ကားနေတာ.."

"ဆောရီးပဲမာမီ..မာမီဘက်ကမလျှော့နိုင်ဘူးဆိုရင် သားဘက်ကမလျှော့နိုင်တာလည်း ပြောမယ်၊ အပြာ့ကိုလက်ထပ်ခဲ့တာ သူမွေးပေးမယ့်ကလေးကို လိုချင်လို့မဟုတ်ဘူး..ကလေးမရနိုင်တော့ဘူးဆိုရင်လည်း အပြာနဲ့ ကျွန်တော် တစ်သက်လုံးသာသာယာယာ နေသွားလို့ရတယ်.."

"မသာယာနိုင်ဘူး..မင်းဘယ်လိုမှ မသာယာနိုင်ဘူး၊ အပြာ့မှာရောဂါတွေလည်း စွဲနေပြီ..စိတ်ထောင်းကိုယ်ကြေလည်း ဖြစ်နေပြီ၊ ဒေါက်တာ.."

"အာ့တွေက သားကြောင့်လေမာမီ..မရဘူး၊ ကျွန်တော်ခွင့်မပြုဘူး.."

"ကျွန်မတို့ ရှင်းပြစရာရှိပါတယ်..မွေးလူနာရဲ့ သဘောထားနဲ့ ကလေးအန္တရာယ် ရှိနေတဲ့အတွက်.."

"ကျွန်တော်လက်မခံဘူးဒေါက်တာ.."

ဆရာဝန်စကားကိုလည်း ဆုံးအောင်နားမထောင်ဘဲ ခြံကအပြာ့ကိုတင်ထားသည့် လူနာတင်တွန်းလှည်းနားကို ခြေလှမ်းကျဲများနှင့် ရောက်

www.burmeseclassic.com

www.burmeseclassic.com


သွားကာ.. ။

"လူနာ့ကခွင့်ပြုလည်း ကျွန်တော်ကသူ့ခင်ပွန်း..သူ့အတွက်ဆုံးဖြတ်ခွင့်ရှိတယ်.."

"မဟုတ်ဘူး..မဟုတ်ဘူး၊ ခုကိုက ကလေးအခြေအနေတော်တော်စိုးရိမ်ဖွယ်ဖြစ်နေပြီ..သူသတိလစ်နေတာ နာရီဝက်ကျော်တယ်၊ သတိရတော့လည်း အောက်စီဂျင်ပေးပြီးကြာမှ သတိရလာတာ.."

ဒေါ်မင်းမာလာ ရုပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင် ပျာယာခတ်နေခဲ့လျက်.. ။

"အပြာ ပြောလိုက်လေ..ဘာမှမထူးတဲ့အဖြစ်ကို ဘာဖြစ်လို့ဆွဲဆန့်ထားချင်တာလဲ.."

"ဘာမှမထူးဘူးဆိုတာ ဘာကိုပြောတာလဲဒေါ်မင်းမာလာ.."

စကားသံကို ကြားလိုက်သည်နှင့် အပြာ့မျက်ဝန်းတွေ လက်တောက်သွားခဲ့သည်။

"အမေ.."

ကိုင်ထားသည့် ခြလက်ကိုအားပြု ဆုပ်လိုက်သဖြင့် ခြပျာပျာသလဲ ကြည့်သည်။ ပြီးတော့ နဖူးဆံစလေးတွေကို သပ်ပေးရင်း.. ။

"ဟုတ်တယ်..အန်တီလာနေပြီ၊ လူကြီးတွေဘာဖြစ်ဖြစ် စိတ်မဆင်းရဲနဲ့နော်..မင်းဘာမှမဖြစ်ရဘူး၊ မောင် မင်းကို ဆုံးရှုံးမခံနိုင်ဘူး.."

"အမေ့ကိုခေါ်ပေးပါမောင်..ဘာ ဘာမှမပြောပါနဲ့တော့လို့၊ အပြာ အမေနဲ့.."

"မောနေပြီကွာ..ဘာလို့စိတ်ရှုပ်နေတာလဲ၊ အေးဆေးနေပါ..အန်တီမင်းဆီရောက်လာမှာ.."

ဒေါ်ဟေမာန်က သမီးအတွက်ဒေါ်မင်းမာလာကို ရန်တွေ့ပေမယ့် အပြာ့ဆီကိုပဲ အပြေးတစ်ပိုင်းရောက်လာခဲ့လျက်.. ။

"သမီး.."

"အချိန်တွေကြာနေပြီ မဟေမာန်..ရှင်အပိုတွေလုပ်နေတာနဲ့ အားလုံး ဒုက္ခများကုန်လိမ့်မယ်.."

"ဘာလဲ..ဘာကိုလဲ.."

သမီးလက်ကို တစ်ဖက်ဆုပ်မိပြီးမှ ဒေါ်မင်းမာလာဘက်ကိုလှည့်၍

"ရှင့်ကိုအထင်ကြီးခဲ့သမျှ ရှင့်စိတ်ဓာတ်အဆင့်အတန်းဒါပဲဆိုတာ ခုသိရပြီ..ကျွန်မသမီးကို ရှင်လက်ဖျားနဲ့ထိကြည့်စမ်း၊ ဟောဒီဆေးရုံ တစ်ရုံလုံးကို မီးပုံရှို့ရမလား..ဆရာဝန်တွေကို တန်းစီပြီး ထောင်ထဲပို့ရမလား၊ ငါ့သမီးကို ထိရဲတဲ့သူထိကြည့်.."

အားလုံးမျက်စိပျက်မျက်နှာပျက်နှင့် ရှုံ့ခနဲဆုတ်သွားကြ၏။ ဒေါ်သ တကြီးပြောပြီးမှ ဒေါ်ဟေမာန်အပြာ့ဘက်ကို လှည့်လိုက်သည်နှင့်..

"သမီး.."

ထရော်လီဘေးမှာ ဒူးထောက်မတတ် ငုံ့ကျသွားခဲ့ပြီး မျက်ရည်အေး

www.burmeseclassic.com

www.burmeseclassic.com

ပိုးပိုးပေါက်ပေါက်ကျလေသည်။

"သမီးဘာတွေလုပ်လိုက်တာလဲ..ညည်းအမေ့မျက်နှာကို မငဲ့တော့ဘူးလားဟင်.."

"သမီး..သမီးမိုက်ခဲ့ပါတယ်၊ အမေ့ကိုတောင်းပန်ပါတယ်.."

အပြာလက်အုပ်ချီဖို့ လက်ကိုကြွပေမယ့် လက်တစ်ချောင်းလုံးမှာ သွင်းထားသည့် ပိုက်တွေတန်းလန်းနှင့် မရောက်နိုင်။ ဒေါ်ဟေမာန်က ရင်ဘက်ချင်းကပ်၍ လက်တွေကိုပါ ဖိထားပေးကာ.. ၊

"မလုပ်နဲ့..မတောင်းပန်ရဘူး၊ ညည်းမှာအပြစ်မရှိဘူးအပြာ..ငါ့သမီးမှန်ပါတယ်၊ အမေကသေချာရှင်းမပြနိုင်ဘဲ ဒေါသတွေနဲ့ပြော ထင်ရာလုပ်ခဲ့တာလေ.."

အမေရှင်းမပြခဲ့တာ မဟုတ်ပါ။ သူမကဘာမှအပြောမခံဘဲ ထွက်သွားဖို့ လက်ညှိုးထိုးပြောခဲ့မိတာ ဖြစ်သည်။ သွေးနီလိုလူကို အနိုင်ပိုင်းပြီး မောင့်ကိုခေါ်ပေးရတဲ့အထိ အမေရအောင်ကြိုးစားနေခဲ့ချိန်မှာ သူမကတော့ ရက်စက်တဲ့အမေလို့ အထင်လွဲပြီး စိတ်အနာကြီးနာခဲ့သည်။

လက်ညှိုးငေါက်ငေါက်ထိုးပြီး ပက်စပ်ရင့်သီးစွာ ပြောခဲ့မိ၍၊ အတွေးနှင့်အတူ စိမ့်ဆင်းလာသောမျက်ရည်တွေက နောက်ဆုံးပဲဖြစ်ပါစေလို့ ဆုတောင်းမိရင်း.. ၊

"သမီးလက်မှတ်ထိုး သဘောတူခဲ့တာအမေ..သမီးကသေလူဖြစ်နေပါပြီ.."

"မဟုတ်ဘူး..ဘာတွေပြောနေတာလဲ၊ ငါ့သမီးအကောင်းကြီးရှိသေးတာ ဘာလို့သေရမှာလဲ..ဒီမိန်းမနဲ့ မတည့်ပေမယ့် အမေ့သမီးအတွက် အမေ့မှာ ပိုက်ဆံတွေရှိတယ်.."

ဒေါ်ဟေမာန်ပြောရင်း ပတ်ပတ်လည်မှာရပ်စောင့်နေကြသည့် ဆရာဝန်တွေ သူနာပြုတွေကို မျက်နှာစုံအောင်လိုက်မော့ကြည့်ကာ.. ၊

"ကလေးကိုလည်း အသက်ရှင်အောင်မွေးပေးပါ..ကျွန်မသမီးကိုလည်း မထိခိုက်ပါစေနဲ့၊ ကျွန်မပိုက်ဆံတတ်နိုင်ပါတယ်..ကြိုးစားပေးကြပါ၊ ဘယ်လောက်ကုန်ကုန်ပါရှင်.."

"အဲ့ဒီလိုကျွန်မက ရှင့်ထက်ပိုအကုန်ခံခဲ့တာ ဒေါ်ဟေမာန်.."

"ရှင်ဝင်မပြောပါနဲ့..ရှင်အကုန်ခံတာ ရှင့်မြေးအတွက်၊ ကျွန်မက ကျွန်မသမီးအတွက်.."

"နှစ်ခုမှမရရင် တစ်ခုခုကိုရအောင်ယူရမှာပဲ.."

ဒေါ်မင်းမာလာကလည်း နည်းနည်းမှမလျှော့.. ၊

"အဲ့ဒီတော့ ရှင်ကရှင့်မြေးကိုရွေးတယ်ပေါ့..ကျွန်မကတော့ ကျွန်မသမီးကိုပဲရွေးမယ်၊ ရှင်ကယောက္ခမ..ကျွန်မကအမေပါ၊ ဘယ်သူ့မေတ္တာသာမလဲ ကြည့်လိုက်လေ.."

ဒေါ်ဟေမာန် နာကျည်းသည့်အကြည့်နှင့် စိန်ခေါ်နေသော်လည်း အပြာက လက်ကိုဖိညစ်လိုက်သဖြင့် ပျာပျာသလဲလှည့်သွားမိကာ.. ၊
www.burmeseclassic.com

www.burmeseclassic.com


"သမီးရယ်..အမေပြောပါရစေ.."

နဖူးလေးသပ်၍ တောင်းပန်စဉ်အပြာ့ရင်ဘက်မှာ ဒေါ်ဟေမာန့်မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့လျက်.. ၊

"အမေညည်းအတွက် အရှုံးပေးခဲ့တာ..အခုလည်း ညည်းအတွက် တိုက်ပွဲဝင်မှဖြစ်မယ်၊ အမေပြောမှာ ဖြစ်မှာတွေမို့ပါ..သမီးလုံးဝစိတ်မလျှော့နဲ့.."

"ဟင့်အင်း.."

အပြာ ခေါင်းတွင်တွင်ခါနေလျက်.. ၊

"သမီး..သမီးအခြေအနေကို သိနေတယ်၊ ကလေးကိုပဲကယ်ခွင့်ပေးပါ အမေရယ်..သမီးမိုက်ခဲ့သမျှ အမေခွင့်လွှတ်နိုင်ရင်တောင် ဒါကိုတော့ခွင့်မလွှတ်ဘူးဆိုတာ သမီးသိတယ်.."

"ဟုတ်တယ်..အမေခွင့်မပြုနိုင်ဘူး.."

အပြာသည် ခေါင်းခါရင်း အံကြိတ်ရင်းနှင့် မျက်ရည်တွေသာကျနေခဲ့လျက်.. ၊

"သမီး အမေ့ကိုတွေ့ချင်လွန်းလို့ တောင်းပန်ခွင့်ရဖို့ စောင့်နေတာပါ.. အဲ့ဒီ အဲ့ဒီမျှော်လင့်ချက်လေး..ပဲ.."

အပြာ မျက်ဖြူလန်သလိုဖြစ်သွားသဖြင့် ဒေါ်ဟေမာန်မျက်လုံးပြူးသွားသည်။ လက်ဖဝါးလေးကို အလန့်တကြားဆုပ်ကိုင်မိကာ.. ၊

"သမီး.."

"သမီး..သမီးအမေ့ကို ချစ်တယ်.."

"မဟုတ်ဘူး..အဲ့လိုမဖြစ်ရဘူး၊ သမီးလေး အမေ့မျက်နှာကို ငဲ့ပါဦး သမီးလေးရယ်..အမေ့မှာ သမီးလေးတစ်ယောက်တည်း ရှိတာလေ.."

"ဒေါက်တာ..အမြန်လုပ်ပါရှင်၊ အထဲက ကလေးကိုကယ်ပေးပါ-"

"မလုပ်ရဘူး..ဒေါ်မင်းမာလာ၊ ရှင် ရှင်မလုပ်နဲ့နော်.."

"အမေ.."

ခြံက ဒေါ်ဟေမာန့်ပခုံးနှစ်ဖက်ကို ထိန်းကိုင်ရင်းခေါ်ကာ.. ၊

"အပြာသတိလစ်သွားပြီအမေ..ဆရာဝန်တွေကြည့်ပါစေနော်၊ ကျွန်တော်လိုက်သွားမယ်..အမေစိတ်မပူပါနဲ့.."

"မဟုတ်ဘူး..မင်းလည်း အတူတူပဲ.."

ဒေါ်ဟေမာန် ထရော်လီကိုအတင်းလိုက်ဆွဲထားသဖြင့် တွန်းသည့်သူနာပြုမလေး ဆက်မတွန်းနိုင်ဖြစ်သွား၏။

"သမီး..သမီးအမေ့ကို မျက်လုံးဖွင့်ကြည့်စမ်း၊ အပြာ အမေ့ကိုရင်တွေ့စမ်းပါ..ညည်းရှေ့မှာ ငါရန်ဖြစ်နေရင် ညည်းမကြိုက်ဘူးမို့လား.."

"အန်တီဖယ်ပါ.."

"မဖယ်ဘူး..ငါ့သမီးဘာမှမဖြစ်ဘဲနဲ့ နင်တို့ခွဲစိတ်ကြနဲ့၊ မယုတ်မာကြနဲ့နော်..ငါ့သမီး ပင်ပန်းလို့အိပ်သွားတာ ငါသိတယ်.."

ခြံ အပြာ့ကိုလည်း စိတ်ပူနေပြီမို့ ဒေါ်ဟေမာန့်လက်ကိုအတင်းဝဲ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖြုတ်လိုက်ရသည်။ သို့သော် ဒေါ်ဟေမာန်က ဒီဘက်လက်ပြုတ်သည်နှင့် ဟိုဘက်လက်နဲ့ ဆွဲထားလိုက်သဖြင့် ထရောလီဆက်ရွေ့သွားတော့ ဒူးတုပ်လဲကျသွားခဲ့ပြီး.. ၊

"နေဦး..နေကြပါဦး.."

"အမေ့..ဟား ဒေါက်တာခဏနေပါဦး.."

ခြံတစ်ယောက်တည်း မိန်းမကတစ်ဖက် ယောက်ျားမကတစ်ဖက်နှင့် ဗျာများနေခဲ့လျှင် ဒေါ်မင်းမာလာက ခြံ့လက်ကိုပါဖြုတ်ချလိုက်ပြီး.. ၊

"အဲ့ဒီတစ်ယောက်ကို လုံးဝပါမလာစေနဲ့.. မင်းပါနေခဲ့.."

"ရှင်..ရှင်ဘာပြောလိုက်တယ် ဒေါ်မင်းမာလာ.."

"ဒီကအစ်မကြီးကို ကျွန်တော်ပြောပါရစေ..ဒီမှာရှိနေကြတာ ခွဲစိတ်ပါရဂူတွေနဲ့ အိုဂျီတွေနဲ့အားလုံးက နားလည်ကျွမ်းကျင်ကြတဲ့ ဆရာဝန်တွေပါ.."

နောက်ဆုံးခွဲစိတ်အထူးကု သမားတော်ကြီးကိုယ်တိုင် ရောက်လာပြီး ရှင်းပြရသည့်အထိ ဒေါ်ဟေမာန်က ထရော်လီကို ခြေကန်ဆွဲထားသည်မို့..

"မိခင်တစ်ယောက်ရင်ထဲက ပူပင်သောကကို ကျွန်တော်နားလည်ပါတယ်..ကျွန်တော်တို့ကလည်း အသက်ကယ်ကြတဲ့ဆရာဝန်တွေပါ၊ လူနာကို လိုအပ်မှ ခွဲစိတ်မှာပါ..အတတ်နိုင်ဆုံး ကယ်တင်ပေးမှာမို့လို့ အစ်မကြီးသမီး အသက်ရှင်စေချင်တယ်ဆိုရင် အချိန်မီကုသခွင့်ပြုဖို့ ပြောချင်ပါတယ်.."

"သူတို့က ကလေးနဲ့ရွေးချယ်ဖို့ ဖြစ်လာရင်.."

"အဲ့ဒါ ကျွမ်းကျင်တဲ့ဆရာဝန်တွေ ဆုံးဖြတ်မှာပါ..အစ်မကြီးစိတ်ချလက်ချ ခွင့်ပြုပေးဖို့ မျှော်လင့်ပါတယ်.."

ဒေါ်ဟေမာန် ဒေါ်မင်းမာလာကို မယုံကြည်သလို ကြည့်လိုက်သေးသည်။ ပြီးမှ အပြာ့ဘေးကို ကပ်သွားကာ မျက်နှာလေးကိုငုံ့ကြည့်၏။ ကိုယ့် မျက်လုံးထဲမှာ မျက်ရည်တွေနဲ့မို့ သမီးမျက်နှာလေးကို မမြင်ရလျှင် လက်ခုံနဲ့ ပွတ်သုတ်ပစ်လိုက်၏။ ပြီးမှ.. ၊

"သမီးလေး..အမေ့သမီးလေး စိတ်တင်းထားနော်.."

ပြောရင်း မေးဖျားလေးကိုကိုင်ပြီး နဖူးကိုငုံ့နမ်းလိုက်သည်။

"အမေ့အတွက် အသက်ရှင်ပေးပါ..သမီးကအမေ့အသက်ပါ၊ အမေ့ကို ဘယ်တော့မှနှုတ်မဆက်ရဘူး..အမေစောင့်နေမယ်နော်၊ သမီးလေး..နော်.."

စကားသံသည် ရှိုက်သံတွေနှင့်ရောထွေးလျက် အပြာ့လက်ကောက်ဝတ်လေးမှာ လက်ဖွဲ့ကြိုးထုံးလေး ကမန်းကတန်းပတ်ချည်ပေး လိုက်သည်။ ပြီးတော့ နောက်ဆုတ်ပေးလိုက်ပြီးမှ လက်အုပ်ချီမျက်လုံးမှိတ်လိုက်ရင်း.. ၊

"အရှင်ဘုရား..တပည့်တော်မ၏သမီးနှင့် တပည့်တော်မသည် မိခင်မေတ္တာစိတ် ပြည့်ဝစွာဖြင့် သားသမီးရဲ့အသက်ကို ရှင်သန်ခွင့်ရလိုကြပါ

www.burmeseclassic.com

www.burmeseclassic.com


သည် ..ဤမေတ္တာမှန်ကန်ပါက တပည့်တော်မ၏သမီးလေးနှင့် သမီးလေးရဲ့ကလေးလေးပါ အသက်ရှင်သန်ခွင့် ရကြပါစေသား.."

ဆုတောင်းမေတ္တာပို့ရင်း မှိတ်ထားသည့်မျက်ဝန်းမှ မျက်ရည်တို့သည် မျက်တောင်ဖျားတို့ကို တိုးတိုက်ဖြတ်သန်းကာ ပါးပြင်ပေါ်သို့ အစဉ်မပျက် ကျနေခဲ့ကြ၏။ ထိုစဉ် အနီးအနားသို့ မွှေးပျံ့သော ကိုယ်ငွေ့နွေးနွေးနှင့် လှုပ်ရှားမှု တစ်ရပ်ရှိလာသလို ခံစားလိုက်ရပြီး.. ။

"ကျွန်မမှားသွားပါတယ် မဟေမာန်.."

ဒေါ်မင်းမာလာရဲ့ ကြည်လင်ပြတ်သားသည့် စကားသံက နူးညံ့ပျော့ပျောင်းမှု နည်းပါးပေမယ့် တကယ့်စိတ်ရင်းနဲ့ တောင်းပန်နေသည်မှန်းသိသာနေခဲ့ပြီး.. ။

"ကျွန်မ တောင်းပန်ပါတယ်.."

"မလိုပါဘူး.."

ဒေါ်ဟေမာန်ကလည်း ပြတ်သည်။ မျက်လုံးတွေဖွင့်လိုက်တာနှင့် မြင်ချင်တာက ဒီမျက်နှာမဟုတ်။ ထို့ကြောင့် ကျောခိုင်းရပ်လိုက်ကာ..

"ရှင့်ကိုကျွန်မ ဘယ်တော့မှခွင့်လွှတ်မှာ မဟုတ်ဘူး..ကျွန်မသမီးဘက်က ပြောင်ပြောင်တင်းတင်းရပ်တည်ဖို့အတွက် ကျွန်မရှင့်အရိပ်ကိုမခိုခဲ့ဘူး.. ရှင့်ထောက်ပံ့မှုနဲ့ ကင်းအောင်နေခဲ့တယ်၊ ဒါပေမယ့် အမှားထပ်ဖြစ်သွားတဲ့အတွက် ကျွန်မအောက်ကျို့ခယခဲ့တယ်.."

"အဲ့ဒါတွေအားလုံးအတွက်.."

"လုံးဝမရဘူး.."

မျက်နှာကို စိတ်ပျက်နာကျည်းစွာ လှည့်ကြည့်မိကာ.. ၊

"အခု ရှင့်စိတ်ကြိုက် ခွဲစိတ်ခွင့်ရသွားလို့ ကျေနပ်ခြင်းများစွာနဲ့ ရှင် တောင်းပန်နေတာ..နေ့စဉ်ရက်ဆက်နာရီနဲ့အမျှ ရှင်ပဲသြဇာပေးလွှမ်းမိုးခဲ့တာ ရှင့်ကြောင့် ကျွန်မသမီးနဲ့ကျွန်မ ဒီနေ့ထိစိတ်ဝမ်းကွဲခဲ့ရတာ ဒီမှာ ဒေါ်မင်းမာလာ ဒါရိုက်တာက ကဒ်လို့အော်လိုက်တာနဲ့ မျက်ရည်သုတ်ပြီး ရယ်နိုင်ရအောင် ဒါကင်မရာရှေ့မှာ သရုပ်ဆောင်နေကြတာ မဟုတ်ဘူးနော်.."

"ကျွန်မကလည်း တောင်းပန်တဲ့စကားကို ပေါ့ပေါ့လေးပြောထွက်တဲ့သူ မဟုတ်ပါဘူး.."

"ရှင့်ဘာသာ လျှာပေါ်မှာခဲ(ဂဲ)ဆွဲပြောလည်း ဘာမှမထူးဘူးဆိုတာ အခုပြောလိုက်မယ်..ရှင့်ကိုခွင့်လွှတ်ဖို့ နေနေသာသာအခု ကျွန်မသမီး တစ်ခုခု ဖြစ်ခဲ့ရင် ရှင့်ကံကြမ္မာ ဘယ်လိုဖြစ်မလဲဆိုတာပဲ ကြိုတွေးထားဦး.."

ပြောပြီး အံကြိတ်လိုက်မိသည်။ ဒီဘက်ကို ချာခနဲလှည့်လိုက်စဉ် မျက်ရည်စက်တွေ ထင်ရာမြင်ရာခုန်ဆင်းကုန်ကြ၏။ သို့သော် မျက်နှာမူလိုက်သည့်ဘက်မှာ မင်းမခြံရုံ.. ၊

"အမေ့ကိုသားတောင်းပန်ပါတယ်..ခုဖြစ်ပျက်သွားတာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com

အယ်သူ့အပြစ်မှ မဟုတ်ပါဘူး၊ သားဒေါသမထိန်းခဲ့တာပါ..သားရဲ့သဝန်တိုစိတ်ကြောင့် ဖြစ်ရတာတွေပါ၊ အဲ့ဒါတွေအားလုံး သားမှာပဲ အပြစ်ရှိတာပါ.."

ဒေါ်ဟေမာန် ခပ်စူးစူးတစ်ချက်ကြည့်ပြီး မျက်နှာလွှဲပစ်လိုက်သည်။ ခြံမျက်နှာငယ့်သွားတော့ ဒေါ်မင်းမာလာ ဒေါသထွက်သွားမိသည်။ သားက ထိခိုက်နစ်နာခဲ့ရတဲ့ ကာယကံရှင်ပါ။ မသေဘဲကျန်ခဲ့တာနဲ့ပဲ အားလုံးကိုရိုးမယ်ဖွဲ့စရာလား.. ၊

"မင်းဖယ်နေစမ်းခြံ..ဒါမာမီတို့ချင်း မှားယွင်းခဲ့တဲ့ကိစ္စတွေ.."

"သိပ်ဟုတ်တာပေါ့.."

ဒေါ်ဟေမာန်ကပြောပြီး ခြံ့ကိုကြည့်ကာ.. ၊

"ရဲသွေးနီမင်းကို ရှာပေးဖို့ ငါအတော်ကြိုးစားခဲ့ရတာ..ဒါပေမယ့်မင်း အမေထင်ရာမြင်ရာ စွပ်စွဲပြီး ငါ့သမီးသိအောင် လုပ်လိုက်လို့ ငါအိမ်ပေါ်က ဆင်းခဲ့ရတယ်.."

"ကျွန်မအဲ့ဒီလို သဘောနဲ့မဟုတ်ဘူး.."

"ဒါပေမယ့် ကျွန်မမရှိတဲ့အတွက် အပြော့ကိုရှင်ကြိုးကိုင်လို့ ရသွားတယ်လေ..သူ့ကိုယ်သူထိခိုက်ခံပြီး ခွဲစိတ်ပါ့မယ်လို့ လက်မှတ်ထိုးခဲ့တဲ့အထိ.."

ပြောရင်း တစ်ကိုယ်လုံးတုန်ယင်လာကာ ဒေါ်ဟေမာန်ငိုလေသည်။ ဒေါ်မင်းမာလာ စိတ်မကောင်းဖြစ်သွားကာ ရှေ့ထပ်တိုး၍.. ၊

"ကျွန်မတောင်းပန်ပါတယ်..ရှင့်ရဲ့မိခင်မေတ္တာကို လေးစားလို့တောင်းပန်တာပါ၊ ကျွန်မမစာမနာပြောခဲ့မိတဲ့အတွက် ရှင်ခွင့်မလွှတ်နိုင်ရင်လည်း ထပ်တောင်းပန်ပါတယ်.."

ခြံမျက်ရည်တွေ ကျလာခဲ့လျက် ယောက်ျားမို့ ရှက်လည်းရှက်မိသည်။ တကယ်ဆို အပြာဒီလိုအဖြစ်ဆိုးရောက်ခဲ့ရတာ သူ့ကြောင့်။ ရောဂါတွေ ဖွဲ့ကပ်လာတာလည်း သူနဲ့သာသက်ဆိုင်လေသည်။အံကြိတ်မျက်နှာလွှဲရင်း ခံရခက်သည့် နာကျင်မှုကဆိုးရွားစွာ နှိပ်စက်၏။

ပြီးတော့ ချာခနဲလှည့်သွားကာ နံရံကို လက်သီးနဲ့ထိုးပစ်လိုက်လျှင်..

"သား.."

ဒေါ်မင်းမာလာ ပျာပျာသလဲပြေးသွားသော်လည်း ခြံလက်ဆစ်တွေမှာ ပေါက်ပြဲသွေးထွက်နေပြီဖြစ်လျှင်.. ၊

"အဟွန်း...အဟွန်း ဟား..ဟ.."

ဒေါ်ဟေမာန် မရယ်ချင်ပေမယ့် ရင်ထဲမှာနာလွန်းလို့ ရယ်ခြင်းက ရှိုက်ငိုခြင်းသို့ ရောက်ကာ.. ၊

"စိုးရိမ်နေတယ်ဟုတ်လား..ရှင်သိပ်ကိုပူလောင်သွားတယ်ပေါ့၊ ရှင့်သားက လက်ဆစ်လေးတွေပေါက်ပြဲ ပွန်းရှသွားရုံပါဒေါ်မင်းမာလာရဲ့.."

ခြံ့လက်ကို စိုးရိမ်တကြီး ဆွဲထားရင်း နောက်ကျောကဒေါ်ဟေမာန့်စကားကြောင့် ဒေါ်မင်းမာလာမျက်နှာပျက်သွားသည်။ ထို့နောက်ကြားနေ

www.burmeseclassic.com

www.burmeseclassic.com



ရဆဲ ရှိက်သံသဲ့သဲ့သည် ကိုယ့်ရဲ့ကျောနဲ့ရင်ကို ရှိက်နက်နှိပ်စပ်နေသည် နှယ်.. ။

➤ ➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆၅)

ခွဲစိတ်ခန်းတံခါးဖွင့်လိုက်သည်နှင့် အပြင်မှာစောင့်နေကြသည့် လူအားလုံး လှုပ်လှုပ်ရှားရှားတွေ ဖြစ်သွားကြ၏။ တံခါးရှေ့ဆုံးမှာ ဒေါ်ဟေမာန် ရောက်နေကာ ခြံနဲ့ဒေါ်မင်းမာလာက ဘေးမှာရှိလျက်.. ။

သို့သော် ဘယ်သူထံကမှ ရှုတ်တရုပ်မေးမြန်းသံ ထွက်မလာကြဘဲ ခွဲစိတ်ဝတ်စုံများနှင့် ထွက်လာကြသည့် သမားတော်တွေရဲ့မျက်နှာကိုသာ ပေါက်ကွဲတော့မည့် အနုမြူဗုံးကြီးကို ကြည့်နေသကဲ့သို့..၊ ထိုစဉ်.. ၊

"အဲ...အဲ.."

ဘာသံလဲ..ဒါ ဒါကလေးအသံ.. ၊

ဒေါ်ဟေမာန် ရင်ခုန်သံတစ်ချက်က ရင်ဘက်ကြီးတောင် ဖောင်းကြွတက်လာသလား မသိ.. ၊

"ဝါး.."

ဟင်.. ၊

လန့်ငိုလိုက်သည့် ကလေးငိုသံက စူးစူးရှရှ။ ဒေါ်ဟေမာန့်တစ်ကိုယ်လုံး တောင့်တင်းသွားကာ အသက်ရှုခြင်းပါ တဒင်္ဂရပ်ဆိုင်းသွားခဲ့၏။

"မြေးလေး.."

"အပြာ.."

ဒေါ်မင်းမာလာ၏ ကတုန်ကယင်ရေရွတ်သံနှင့် ခြောက်ချားစွာခေါ်လိုက်သော ခြံအသံနှစ်ရပ်က နောက်ထပ်တုန်နှုန်းများစွာနှင့် ကျန်ရစ်ခဲ့ပြီး..။

သမီး..ငါ့သမီးလေး.. ၊

ဒေါ်ဟေမာန် စိတ်နဲ့လူမကပ်တော့သလို ယိုင်ခနဲဖြစ်သွားပြီး တတွတ်တွတ်ပြောလာ၏။ မေ့ဆေးဆရာဝန်က သက်ပြင်းချပြီး ရှောင်ထွက်သွားသော်လည်း ခွဲစိတ်သမားတော်ကြီးက.. ၊

"စိတ်မကောင်းပါဘူးဒေါ်ဟေမာန်..ကျွန်တော်တို့အတတ်နိုင်ဆုံး ကြိုးစားပါသေးတယ်၊ ဒါပေမယ့် လူကြီးအသက်ကိုတော့.."

မဟုတ်ဘူး.. ၊

ဒေါ်ဟေမာန်သမားတော်ကြီးကို တိုးတိုက်ဝင်သည်။ ပြီးတော့ ရှေ့မှာ မိုးတိုးမတ်တပ်ရှိနေသည့် အားလုံးကို တွန်းထိုးပစ်ခဲ့ပြီး အပြာ့ဆီးကို ရောက်သွား၏။

"သမီး..အမေ့သမီးလေး.."

သမီးအတွက် သောကတွေမီးလိုလောင်မြိုက်နေစဉ်က မျက်ရည်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် မီးပုံထဲထည့်သည့် ဖယောင်းလုံးနှယ်ပင်။ သမီးလေးဆုံးသွားပြီဆို တာ သိလိုက်ရသည့်အချိန်တွင်.. ၊

"မလုပ်ရဘူးသမီး..အမေစောင့်နေမယ်လို့ ပြောထားတယ်လေ သမီး..အပြာ.."

မျက်ရည်ဆို့၍ တစိုးတစိမျှကျမလာခဲ့ဘဲ အပြာ့မျက်နှာလေးကို ပွတ်သပ်နေရင်း နဖူးလေးကို ပွတ်သပ်နမ်းရင်း၊ ပြီးတော့ လက်ဖဝါးလေး ကို ဖြန့်ယူပြီး ကိုယ့်လက်ဖဝါးနှစ်ဖက်နဲ့ ညှပ်ထပ်၍ လက်ပူတိုက်ပေးနေ ရင်း.. ၊

ဒေါ်ဟေမာန်လှုပ်ရှားမှုတွေက အိမ်မက်ထဲမှာလမ်းထလျှောက်နေသ လိုမျိုး.. ၊

"အမေ့ကိုကြည့်ဦး..ဒီမှာကြည့်၊ အပြာ သမီးကိုအမေခေါ်နေတယ် လေ ..အမေ့ကိုချစ်တယ်ဆို၊ အမေ့ကိုစောင့်နေတာဆို.."

ဟိုဘက်မှာ အပြာ့လက်ဖဝါးလေးတစ်ဖက်ကို ပါးမှာကပ်၍ အံ ကြိတ် မျက်ရည်ကျနေသော ခြကမျက်လုံးထဲမှာ မျက်စိစပါးမွေး စူးနေ သည်။ အပြာ့ကိုနှိုးရင်း ခံစားမိလာသည်က သူတို့တွေဝိုင်းနှိပ်စက်လို့ အပြာလူ့မဘဝ ရောက်ခဲ့ရခြင်း.. ၊

ဒေါ်ဟေမာန့်မျက်လုံးတွေ စူးစူးရဲရဲဖြစ်လာသည်။ ပြီးတော့ ကလေး နီတြာရဲလေးကို ချီထားသည့်အဝင်းနဲ့ ဒေါ်မင်းမာလာ.. ၊

"ရှင်လိုချင်တာ ရပြီမို့လား..သွားလေ.."

ဒေါ်မင်းမာလာ မျက်ရည်သုတ်လိုက်ရင်း စကားပြောဖို့ကြိုးစား သည်။ သို့သော်.. ၊

"သွား..ခုထွက်သွား၊ လိုချင်တာယူပြီးသွားကြ..နင် နင်လည်းပါ တယ်.."

ဒေါ်ဟေမာန် ခြကိုင်ထားသည့် အပြာ့လက်လေးကို အတင်းလှမ်းဆွဲ ဖြုတ်ပစ်လိုက်ကာ.. ၊

"နင့်ကြောင့် ငါ့သမီးလင်ထောင်းတဲ့ ရုပ်လေးဖြစ်သွားခဲ့တာ..နင့် ကြောင့်နှလုံးရောဂါစွဲခဲ့တာ၊ သဝန်တိုဖို့ကလွဲပြီး ဘာကိုမှဆင်ခြင်ဉာဏ်မရှိ တဲ့ အလကားယောကျ်ား.."

အခန်းထဲမှာ ရှိသမျှလူတွေ အလျှိုလျှိုထွက်သွားကြသည်။ ဒေါ်မင်း မာလာ သည်းခံဖို့ဘယ်လိုပဲ အားမွေးပေမယ့် နားမခံနိုင်သည့်အဆုံးမှာ ချာခနဲ လှည့်ထွက်သွား၏။ ဆရာဝန်ကြီးက ပြန်လှည့်လာပြီး ခြ့ကိုနား လည်ပေးဖို့ အကြည့်တစ်ချက်နှင့် လက်ကိုဆွဲခေါ်သွား၏။

ဒေါ်ဟေမာန်သမီးကိုပဲ သိမ်းကျုံးဖက်ထားမိကာ.. ၊

"သွားကြ..ငါ့သမီးအနားမကပ်ကြနဲ့၊ နင်တို့လိုချင်တာ ယူပြီးပြီ-ငါ့ သမီးကို ငါရအောင်ပြန်ခေါ်မယ်၊ ဒီတစ်ခါလေ ဒီတစ်ခါအမေ့ကို ထား သွားရဘူးနော်..အမေ့ကိုကြည့်ပါဦး အပြာရယ်.."

စကားပြောလိုက် မျက်ရည်သုတ်လိုက်နှင့် ဒေါ်ဟေမာန်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် အရာအားလုံးကို မေ့လျော့သွားလေသည်။ တစ်လောကလုံးအပြာနဲ့ သူမနှစ်ယောက်တည်း။ ပြီးတော့ အပြာက စိတ်ဖွဲ့ကြီးစွာနှုတ်ဆိတ်နေခဲ့သည်။

ထပါဆိုလည်း မထ စကားလည်း ပြန်မဆို..။

"ညည်းကယောက္ခမကိုကျတော့ ကလေးမွေးပေးပြီး ကိုယ့်အမေကိုတော့ ဘာမှမကျန်ခဲ့တဲ့ ဘဝနဲ့ထားခဲ့တာပဲအပြာ..တောင်းပန်ပါတယ်ဆိုတာ ငါ့ကိုရက်စက်ဖို့ အတွက်လား.."

အပြာအသိတွေ လွင့်နေသည်။ သူမထင်သလို လွင့်မျောနေခဲ့၏။ ဘယ်ကိုသွားမယ်ဆိုတာ မသိ၊ ဘယ်သူ့ကိုမှလည်း မမြင်။ သူမဘယ်ထိသွားနေပြီး ဘယ်နေရာမှာရပ်တန့်ရမှာမှန်းလည်း မသိဘဲ တိမ်တွေမျောရွေ့နေသလို ခပ်ဆိုင်းဆိုင်း မြင့်မားမတ်စောက်သည့် နေရာတွေကြားမှာ သွားနေခဲ့သည်။

ဒါပေမယ့် လမ်းလျှောက်နေတာလည်း မဟုတ်။ တစ်ခုခုကို စီးနင်းထားတာလည်း မရှိဘဲ..။

"အပြာ ညည်းငါ့ကိုကတိဖျက်လို့ မရဘူးသိလား..ညည်းမထမချင်း ငါဒီမှာပဲ ထိုင်နေမှာ၊ ငါစောင့်နေမယ်လို့ ပြောလိုက်ရဲ့သားနဲ့..ညည်းအဟင့် ဟင့်.."

အမေ..အမေငိုနေတာ အမေဘယ်မှာလဲ။ အသံကို ဒီတိုင်းကြားနေရပေမယ့် အဝေးကြီးကဖြစ်နေသည်။

"အပြာ.."

..အမေ့ကို သမီးမမြင်ရဘူးအမေ..။

"သမီးလေးရယ်..ညည်းဟိုးငယ်ငယ်တုန်းက အမေ့ကိုတူတူပုန်းတမ်း ကစားဖို့ ခေါ်တိုင်းလေ၊ အမေပုန်းမယ့်အလှည့်ကျရင် မီးမီးမမြင်အောင် မပုန်းရဘူးလို့ လူလည်ကျတာ မှတ်မိသေးလား.."

...မှတ်မိတယ် အမေ့ကိုမတွေ့ရင် သမီးချော့လဲဟန်ဆောင်ပြီး အားလို့အကျယ်ကြီး အော်ပစ်လိုက်တာ...

"သိပ်ဉာဏ်များတဲ့ကောင်မလေး..အမေထွက်လာအောင် မသိရင်ပိုးကောင်တစ်ကောင်ကောင် ကိုက်လိုက်သလို..ချော့လဲပြီး ဒဏ်ရာအကြီးကြီး ဖြစ်သွားပြီလိုလိုနဲ့ အဟွန့်..အခု အမေ့ကိုကစားနေတာမို့လား..အမေပန်းပေးပါပြီ၊ ထွက်လာခဲ့ပါ..အမေ့ကိုမျက်လုံးပွင့်ပြီး စကားထပြောပါတော့ သမီးရယ်.."

အမေ့ရှိုက်သံတွေကို သူမကြားနေရသည်။ အမေ့ဆီကို သွားဖို့နောက် ပြန်လှည့်လိုက်ပေမယ့် ခြေထောက်တစ်ဖက်ကို တစ်စုံတစ်ရွာရစ်ပတ်ဆွဲလိုက်သလို သွားလို့မရ..။

"အမေ့အလှည့်ကျတော့ ညည်းမြင်အောင်ပုန်းရတယ်..အခု အမေပန်းပေးပါပြီသမီးရယ်၊ သမီးထွက်မလာရင်လေ သမီးမရှိရင် အမေ့မှာဘာမှမရှိတော့ဘူး..အမေ့ကိုသနားပါဦးသမီးရယ်.."

www.burmeseclassic.com

www.burmeseclassic.com



...သမီးလာလို့မရဘူးအမေ သမီးမှာအပြစ်တွေရှိပါတယ် သမီးအမေ့ဆီပြန်လာလို့ မရတော့ဘူးဆိုတာ သမီးသိပါပြီ..အပြာဆိုတဲ့ သမီးမိုက်ကို အမေ့ဘဝထဲက ထုတ်လိုက်ပါတော့နော်...

"သမီးလေးကို အမေခွင့်လွှတ်တယ်..အမေကရော အမေလည်းမကောင်းခဲ့ပါဘူးသမီးရဲ့၊ သမီးလေးနှုတ်ခမ်းပါး လျှာပါးလေးတွေနဲ့ ပြန်ပြောတတ်တာလေးကို အမေကချစ်တာ..ချစ်လို့ ပြန်ခံပြောတာလေးကို နားထောင်နေခဲ့တာပါ၊ ကယ်တော်မူကြပါ..ကျွန်မသမီးလေးကို ပြန်ပေးကြပါ.."

အမေ့ရဲ့ တောင်းပန်ငိုရှိုက်သံတွေကြောင့် အပြာခြေလှမ်းဖို့ပြင်လိုက်မိသည်။ ဒီတစ်ခါခြေထောက်ပိုင်းမှာ တုပ်ဆွဲခဲ့ရခြင်း မရှိတော့သဖြင့် အပြာအရှိန်နဲ့ပြေးသည်။ တစ်ကိုယ်လုံးလွင့်မျောသွားခဲ့ပြီး အမေ့ကိုရှာလို့မရ-

ကိုယ့်ကိုယ်ကို ဘယ်ဘုံဘယ်ဝရောက်နေမှန်း မသိပေမယ့် ဝမ်းနည်း ငိုကြွေးမိလေသည်။

သူမအမေ့ဆီ မရောက်နိုင်တော့ဘူးလား..မရောက်နိုင်တော့ဘူးဆိုသည့်အသိသည် အမေ့အသံနဲ့ပိုဝေးသွားသည့်နှယ်.. ၊

"မလုပ်ပါနဲ့..ကျွန်မသမီးလေးကို မခေါ်ရဘူး၊ သူနိုးလာမှာကျွန်မသိတယ်..မထိကြနဲ့နော်.."

"ဟေမာန်ရယ်..ဒီနေ့ကလပြည့်နေ့ကြီးလေ၊ ပြီးတော့ ခွဲစိတ်မွေးထားတဲ့ ကိုယ်ဝန်ဆောင်.."

"ဟင့်အင်းဒေါ်ကြီး..မပေးဘူး၊ အပြာမသေဘူး.."

"ကျွန်တော့်မိန်းမကို ဘယ်သူမှမထိပါနဲ့.."

"မထိလို့တော့မရဘူး..ဒါက ခွဲစိတ်ခန်းပါ၊ လူလေအလောင်းထားခွင့်မရှိလို့ပါ.."

"ကျွန်တော်နားလည်ပါတယ်.."

ဒေါ်ဟေမာန်အရှူးမီးဝိုင်း ဖြစ်နေသဖြင့် ခြံ့ကအားလုံးနဲ့ ရင်ဆိုင်နေရသည်။

"သူ့အတွက် ခဏလောက်ပဲအချိန်ပေးပေးပါ..အရမ်းကိုအရေးကြီးတဲ့ အချိန်မို့လို့ပါ..."

ဒေါ်ဟေမာန်ကတော့ သမီးကိုရင်ဘက်ချင်းကပ်ထပ်နေအောင် ဖက်ထားကာ ဥစ္စာခြောက်နေသည့် ဥစ္စာရူးတစ်ယောက်နဲ့ တူနေလေသည်၊

သူ့ခေါင်းက ပြေကျနေသည့်ဆံပင်တွေက အပြာ့မျက်နှာလေးပေါ်မှာ ဖရိုဖရဲ ဖြန့်ကျဖုံးလွှမ်းနေကာ ဖက်ထားသည့်လက်နှစ်ဖက်သည် အပြာ့ကို ဖက်ထားလိုက်၊ လူရိပ်မြင်တိုင်း စာခြောက်သလိုခြောက်လွှတ်လိုက်နှင့်.. ၊

"ထတော့သမီး..ထ၊ အပြာ ညည်းကိုရေခဲတိုက်ထဲထည့်မလို့တဲ့-ညည်းကို သူတို့ခေါ်သွားကြရင် အမေဒီနေရာမှာပဲ နှလုံးလှဲသေရတော့မှာထပါတော့ ဟဲ..ဟဲ.."

www.burmeseclassic.com

www.burmeseclassic.com



...သမီး အမေ့အပေါ်မှားခဲ့တာတွေ အများကြီးပါအမေရယ်.. သမီးက သိပ်ကိုမိုက်ရိုင်း စော်ကားခဲ့တာပါ၊ သမီး ပြန်လာလို့မရတော့ဘူး အမေ..သမီး သွားတော့မယ် သမီးသွားလည်းသွားသင့်နေပါပြီ....

“မရဘူး...ငါ့သမီးကို မိဘစော်ကားလို့ ကံကြီးထိုက်တာလို့ ပြောကြမှာ ငါမခံဘူး၊ သမီး သမီးမသွားရဘူး...မသွားရဘူးနော်..”

ဒေါ်ဟေမာန် သွေးရူးသွေးတန်းတွေဖြစ်ကာ ရေတစ်ခွက်ထယူပြီး သူမတစ်ကျိုက်မော့သောက်သည်။ ကျန်သည့်ရေထဲကို လက်ညှိုးထိပ်လေး ထည့်ထားလိုက်ပြီး.. ။

“တပည့်တော်မရဲ့ သမီးလေးမိုက်မှားခဲ့သော အမှားများအတွက် အပြစ်တို့ကျေစေရန် တပည့်တော်မ၏ မေတ္တာရေစင်နှင့်ပက်ဖြန်းပါသည်.. သမီးလေး ပြန်နိုးလာပါစေ၊ အပြစ်ရှိခဲ့ဖူးသမျှ အရာရာကို ဒီအမေက ခွင့်လွှတ်ပါသည်..ပြန်လာခဲ့ပါ သမီးရေ..”

မိဘကိုစော်ကားလို့ ကလေးမမွေးနိုင်ရင်တောင် မိဘခြေရေလက်ရေ တိုက်ပေးရသည်တဲ့။ သူမမှာတခြားအားကိုးစရာ မရှိတော့ပါ၊ သမီးလေး ဘာကြောင့် ခေါ်မရဖြစ်နေခြင်းအကြောင်းကို မသိသည့်အတွက် စိတ်ထဲမှာဖြစ်သမျှကို အကောင်အထည်ဖော်လိုက်သည်။ ဒါကနောက်ဆုံး ကောက်ရိုးတစ်မျှင် အသက်ကယ်ဆေး ဖြစ်ပါစေ.. ။

ထိုရေဖြင့် အပြာ့နှုတ်ခမ်းသားလေးတွေကို ဖွင့်စေပြီး လောင်းထည့်သည်။ ပြီးတော့ ဆံစလေးတွေကို သပ်တင်ပေးသောလက်တို့က တဆတ်ဆတ် တုန်ယင်လျက်.. ။

“ပြန်လာခဲ့ပါ...နိုးပါတော့သမီးလေးရယ်၊ အပြာ..အမေခေါ်နေတယ်လေ သမီးရေ..သမီးလေး အပြာရေ..”

အပြာ့တစ်ကိုယ်လုံး တစ်ခုခုပေါ်ကပြုတ်ကျသကဲ့သို့ သိမ့်ခနဲ လှုပ်ခါသွားသည်။ ထို့နောက် သူမရှေ့မှာအမေငိုနေတာကို တွေ့လိုက်ရလေသည်။ သူမပြန်ရောက်လာခဲ့ပြီ.. ။

အမေဖက်တွယ်ငိုကြွေးနေတာ သူမရဲ့ရုပ်ခန္ဓာကိုယ်ကြီးဖြစ်နေကာ မလှမ်းမကမ်းမှာ မောင်နဲ့ကျန်းမာရေးဝန်ထမ်းတွေ ဘာတွေပြောနေကြသည် မသိ။ ထို့ပြင် အခန်းဝမှာကြီးကြီးရယ် အဝင်းရယ် ဒေါ်ယုနန္ဒာကို လည်း မြင်နေရသည်။

သူမသေဆုံးခဲ့တာလား..အမေ့ဆီကို ပြန်သွားလို့မရတော့ဘူးလား.. ရှေ့ကိုထပ်တိုးသွားရင်း အမေ့ကိုခေါ်ဖို့ အားယူသည်။ သူမအသံထွက်သလား မထွက်ဘူးလားမသိ။ ဒါပေမယ့် အမေကတော့မကြားပါ၊ ခေါ်လိုက်ငိုလိုက်နှင့် အမေသတိလစ်တော့မတတ် ဖြစ်လာ၏။

ထိုစဉ် ကျန်းမာရေးဝန်ထမ်းနှစ်ယောက်နှင့် သူနာပြုတို့အပြာ့အလောင်းကို လာသယ်ကြသည်။

“မခေါ်နဲ့..လုပ်ပါဦးခြ၊ ငါ့ ငါ့သမီးလေးကို မပေးဘူး..”

သမီးဒီမှာရှိတယ်အမေ..သမီးပြန်လာချင်တယ်၊ အမေ သမီးဒီမှာရပ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်လေ.. ၊

အပြာအနားပြေးသွားမိစဉ် တစ်စုံတစ်ယောက်က အရှိန်နဲ့ပစ်တိုက်လိုက်သလို ခံစားလိုက်မိပြီး သူမသည်ခုတင်ပေါ်က အပြာ့ခန္ဓာကိုယ်ပေါ်သို့..၊

"အမေ.."

ဟင်.. ၊

အပြာ့ရင်အုံ့မို့မို့လေးပေါ်မှာ မျက်နှာကပ်၍ ငိုကြွေးနေရင်းဒေါ်ဟောမာန့် ရှိုက်သံတိခနဲ ရပ်သွားသည်။

ငါ နားကြားမှားတာလား.. ၊

ခေါင်းမထောင်ရဲဘဲ ငြိမ်သက်နေခဲ့လျှင် အပြာ့ရဲ့ဝဲဘက်ရင်အုံနှင့်ထပ်လျက်ရှိနေသော သူမရင်ဘက်မှာတဒိတ်ဒိတ် လှုပ်ခတ်တိုးတိုက်လာသော နှလုံးခုန်သံ.. ၊

"အမေ.."

"သမီး.."

ဒေါ်ဟောမာန် ဝေါက်ခနဲကိုယ်ကို မတ်လိုက်လျှင်၊ အပြာ့မျက်တောင်ဖျားလေးတွေ လှုပ်ခတ်ဖွင့်ကြည့်လာခဲ့လျက်.. ၊

"အောင်မလေး..ငါ့သမီးလေးနိုးလာပြီ၊ ငါ့သမီးမသေဘူး..ဟီးဟီး.."

ဒေါ်ဟောမာန်အက်ရှတုန်ယင်သော စကားသံကြီးအဆုံးမှာ နံရံမှာလက်ထောက်၍ အံကြိတ်မျက်ရည်ကျနေသော ခြံမျက်နှာဖျတ်ခနဲလှည့်လာသည်။ ပြေးကြည့်တော့ အပြာမျက်ဝန်းလေးတွေ ပွင့်နေခဲ့လျက်မျက်ရည်တွေ ပြည့်သိပ်နေကာ.. ၊

"အမေရယ်.."

"သမီးလေး..မငိုရဘူး၊ မငိုနဲ့သမီး မငိုနဲ့နော်..ငါ့သမီးလေးမသေတော့ဘူး၊ အမေရှိတယ်နော် ငါ့သမီးဘာမှ မဖြစ်ရဘူး.."

အပြာ အသက်ပြန်ရှင်လာသည့် သတင်းကြောင့် ဆရာဝန်တွေသာမက ဆေးရုံတစ်ရုံလုံး အုတ်အုတ်သဲသဲဖြစ်သွားခဲ့ကြ၏။ ပြီးတော့မှတ်ချက်ချသည်။

"လောကမှာ တစ်ခါတလေဆေးပညာနဲ့တောင် လိုက်မမီနိုင်တဲ့ဆန်းကြယ်မှုတွေရှိတယ်ဆိုတာ တကယ်ပဲကိုး.."

"ဒါကတော့ မိဘမေတ္တာပါပဲ.."

"ကောင်မလေးကလည်း သေကံမပါသေးတော့ မအေကြိုးစားတာအရာထင်သွားတာပေါ့နော်..တချို့ဆို သေချိန်မတန်ဘဲ သေကြရတာ[illegible]တယ်.."

"ဆေးပညာဆုံးဖြတ်ချက်နဲ့ မှားတတ်တာလည်း ရှိတာပေါ့လေ..[illegible]နေတုန်း သင်္ဂြိုလ်ခံရလို့ လာပြီးအိမ်မက်ပေးကြတာမှ အများကြီးပဲ၊ အရှင်သနားဖို့ကောင်းတာ.."

www.burmeseclassic.com

www.burmeseclassic.com


စကားသံတွေ အများကြီးထွက်လာကြသည်။ ဒေါ်ဟေမာန်ကတော့ သမီးမျက်နှာလေးကို ကြည့်နေတာ ရွှေထုပ်ကြီးကောက်ရတဲ့အတိုင်း.. ။

> > < <

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၆၆)

အရာရာကို အကောင်းအတိုင်းပြန်ဖြစ်ဖို့ ကြိုးစားပေမယ့် မရတတ်ကြသလို မျှော်လင့်ခြင်းတွေကို ရရှိပိုင်ဆိုင်ပြီမို့ အရာအားလုံးပြည့်စုံပြီ ထင်ရသော်လည်း.. ။

"ဒီမှာပဲနေပါမဟောမာန်..ရှင့်ကိုကျွန်မက ညီအစ်မအရင်းလို သဘောထားပါ့မယ်လို့ ကတိပေးပါတယ်.."

"ဟုတ်ပါတယ်အမေရယ်..သမီးအမေ့ကို ထပ်ပြီးမခွဲပါရစေနဲ့၊ သမီးကို တကယ်ခွင့်လွှတ်တယ်ဆိုရင် ဒီမှာပဲနေပါနော်.."

အပြာက မွေ့ရာပေါ်ကနေ လက်ကိုမလွှတ်တမ်းဆွဲထားသဖြင့် ဒေါ်ဟောမာန်က ထိုလက်ကို အသာလေးဖြုတ်ချလိုက်သည်။ ပြီးတော့ အပြာ မျက်နှာလေးကို ချစ်စနိုးအပြုံးနှင့်ကြည့်ကာ.. ။

"မခွဲရပါဘူးသမီးရယ်..ညည်းခုမှ ဆေးရုံကဆင်းလာခဲ့တာ၊ အမေ နေ့တိုင်းလာမှာပါ.."

"ဟင့်အင်း.."

အပြာဘယ်မျက်နှာကိုမှ မကြည့်နိုင်တော့ပါ။ လက်ကို အမိအရ ဆွဲထားရင်း မျက်ရည်တွေလည်းဝေ့လာလျက်.. ။

"သမီးမှားခဲ့တာတွေအတွက် အမေ့ကိုတစ်လှည့်ပြန်ပြီး ပြုစုပါရစေ.. သမီးကို တစ်ခါလောက်တောင်အခွင့်အရေး မပေးနိုင်ဘူးလားအမေရယ်.."

"မဟုတ်ဘူးသမီး.."

ဒေါ်ဟောမာန်က ဒေါ်မင်းမာလာချီပွေ့ထားသည့် အနီးဖြူဖြူလေးနဲ့ မြေးမျက်နှာလေးကို ထိုင်လျက်ကနေ လှမ်းကြည့်သည်။ ပြီးမှ.. ။

"အမေ့ကိုတစ်လှည့်ပြုစုရလောက်အောင် အမေကလည်း ပြည့်စုံကောင်းမွန်ခဲ့တဲ့ အမေတစ်ယောက်.."

"အမေ့.."

အပြာ အမေ့လက်ကို ပါးမှာဆွဲကပ်ထားရင်း မျက်ရည်တွေကျလာခဲ့လျက်.. ။

"အဲ့ဒီလိုစကားတွေနဲ့ သမီးကိုမနှိပ်စက်ပါနဲ့အမေရယ်..သမီးကသာ သမီးမိုက်ပါ.."

"အို..မဟုတ်တာအပြာရယ်၊ မငိုရဘူး..အမေက ဘာလို့နှိပ်စက်ရမှာလဲ၊ တိတ် တိတ်.."

မငိုနဲ့လို့ ချော့နေတဲ့သူက မျက်ရည်တွေကျလာခဲ့လျက်.. ။

"ငါ ခံစားရတဲ့အတိုင်း ပြောတာပါအပြာရယ်..ဒို့သမီးလေး ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ ငါ့သမီးလေးလို့ ခေါ်ရတာတောင် ပါးစပ်ထဲမှာ စိမ်းနေသလို ခံစားခဲ့မိတယ်..ရှက်လည်း ရှက်မိပါတယ်၊ အမေက ကိုယ့်သမီးကို.."

"တော်ပါတော့အမေ့.."

"အဲ့ဒါကိုတော့ ပြောရမှဖြစ်မယ်.."

ပြောရင်း ကလေးနဲ့ဒေါ်မင်းမာလာကို မျက်လုံးဝေ့သည်။

"အမေက အမေတစ်ယောက်လို မအုပ်စီးနိုင်ခဲ့ဘူး..ကိုယ့်ရင်သွေးကို ညီအစ်မလို ပြောဆိုဆက်ဆံခဲ့တယ်၊ ဆုံးမသင့်တဲ့ စကားတွေကို အငြင်းအခုန် လုပ်ရင်းနဲ့ ပျက်ပြယ်စေခဲ့တယ်..အဲ့ဒါကြောင့် ညည်းယောက္ခမကို ညည်းလေးစားအားကျနေမှန်း သိပေမယ့် ငါကျေနပ်ပေးနိုင်ခဲ့တာပေါ့.. ခုလည်း အဲ့ဒါကြောင့် စိတ်ချတာပါ.."

အပြာ မျက်နှာလေးငုံ့ရင်း ရှိုက်နေခဲ့၏။ ဒေါ်ဟေမာန်က အပြာ့ ခေါင်းလေးကို မြတ်နိုးစွာပွတ်သပ်ရင်း.. ။

"သမီးက မိုက်ရိုင်းတဲ့မိန်းကလေး မဟုတ်ဘူး..ရိုင်းလာအောင် အမေက သင်ပေးခဲ့တာ.."

"မဟုတ်ဘူး..မဟုတ်ပါဘူးအမေရယ်..သမီးရဲ့ ငယ်ဘဝဟာ အထီးကျန်မဆန်ဘဲ အမေ့ကိုဖက်ပြီး ပြည့်စုံခဲ့ရတာပါ..သမီးကိုးတန်းအောင်မှ အမေနဲ့ခွဲခဲ့တာလေ၊ အဲ့ဒါတွေမှာ အမေနဲ့ ဘာဆိုင်လို့လဲ.."

"သူ့အပြစ်ကိုယ့်အပြစ် ပြောနေတာထက် ရှေ့လျှောက်အေးချမ်းသာယာရေးကို ရှေ့ရှုနိုင်ဖို့က အရေးကြီးတာပါမဟေမာန်..အခု ဘာမှမလိုအပ်တော့တဲ့ ကိစ္စမှာ နောက်ထပ်မတည့်အောင် ပြောရရင်တော့ ရှင်ကမာနတွေကြီးနေတာပါ.."

ဒေါ်ဟေမာန့်ကို စိုက်ကြည့်ရင်း ခဏစောင့်သည်။ ပြီးမှ ဆက်၍..၊

"ကျွန်မအမျှားကြီးကို မှားခဲ့တာပါ..ပြောမှားဆိုမှားတွေ ပြုလုပ်ချက်တွေ ဒါတွေအားလုံးကို ရှင်ကကျေနပ်ပေးနိုင်ရင် ကျွန်မကဘာကို ဓာန်တင်းစရာရှိလို့လဲ..မြေးလေးကို အရလိုချင်ခဲ့တာ မှန်ပေမယ့် အပြာ့ကိုမုန်းလို့မှမဟုတ်ဘဲ အခုရှင့်ကြောင့် အပြာ့ကိုရော ကလေးကိုရော ခြံ့ကိုတောင်ရှင်ပြန်ခေါ်ပေးခဲ့တာပါ.."

"အဲ့ဒါတွေက အပြာ့အတွက်လုပ်ခဲ့တာပါ.. ရှင်ကျေနပ်သွားဖို့ မဟုတ်ပါဘူး.."

သေးမှာ တိတ်ဆိတ်စွာရှိနေခဲ့သည့် မြ စိတ်ပူစပြုလာသည်။ ပြဿနာရပ်တွေ ပြီးဆုံးသွားပေမယ့် အပြာ့ကိုလည်း သေမင်းလက်က ပြန်ဆွဲယူနိုင်ခဲ့သည့်တိုင် ဒေါ်ဟေမာန့်မျက်နှာပေါ်က တင်းမာခြင်းတွေကို မြင်နေရတာ အရင်ကအတိုင်း.. ။

"အမေ..အမေ့ကို ကျွန်တော်လည်း တောင်းပန်ချင်လို့စောင့်နေတာပါ၊ အပြာ့အတွက် အမေ့ကိုအရမ်းလိုအပ်ပါတယ်..အပြာ့ကိုငဲ့ရင်းသွားပါနဲ့.."

"သူ့ကိုငဲ့လို့ သွားမှာပဲ..ငါ့သမီးကို နောက်ထပ်မျက်ရည်မကျစေချင်

www.burmeseclassic.com

www.burmeseclassic.com



လို့.."

"သူ့ကိုကျွန်မသမီးလို သဘောထားပါမယ်..ကျွန်မအပြုအမူ အပြောအဆိုပေါ်မှာ ရှင်စိတ်တိုင်းမကျရင်လည်း.."

"ဘယ်တော့မှ စိတ်တိုင်းကျမှုမဟုတ်လို့ ကျွန်မသွားမှာ.."

အားလုံးပဲ အံ့ဩသွားကြသည်။ ပြီးတော့ စိတ်ညစ်ဟန်တွေဖြစ်ကုန် လေသည်။ ပျော်ရွှင်စရာ ဇာတ်သိမ်းလှလှလေးဖြစ်ခဲ့ပါလျက် ဘာကြောင့် လမ်းခွဲမှာ မတ်တပ်ရပ်ပြီး နှုတ်ဆက်ချင်တာလဲ.. ၊

"ကျွန်မတို့ချင်း နားလည်နေကြပြီ မဟေမာန်.."

"ရှင်နားလည်မလည် မသိဘူး..ကျွန်မကိုယ်ကျွန်မတော့ နားလည် တယ်.."

ဒေါ်ဟေမာန်က နေရာမှထရပ်လိုက်ပြီး သားအမိနှစ်ယောက်စလုံး ကို စေ့စေ့ကြည့်ကာ.. ၊

"မိုးနဲ့ဆောင်း ဘယ်လောက်ပဲအေးပါစေ..နွေရဲ့အပူရှိန်က မြေပြင် မှာ ပက်ကြားအက်တဲ့ ခြေရာကိုထားခဲ့နိုင်တယ်.."

"ရှင်ပြောချင်တာက.."

"ရှင်ဖြစ်ဖြစ် ကျွန်မဖြစ်ဖြစ် ဓာတ၀ရပြောင်းလဲသွားဖို့ဆိုတာ မဖြစ်နိုင် ဘူးဒေါ်မင်းမာလာ..ဆောင်းမှာ နှင်းတွေဝေနေလည်း နွေဦးရောက်ရင် နှင်း ပျောက်တာပဲ..ရှင်နောက်ထပ် တစ်စုံတစ်ယောက်ကို စတေးသင့်တယ်လို့ ထင်လာတဲ့ အချိန်မှာ အဲ့တစ်ယောက်က ကျွန်မသမီးဖြစ်နိုင်သေးတာပဲ.."

"ပြောင်းလဲသွားတဲ့အရာတွေ အများကြီးပါအမေရယ်..အမေပဲပြော တော့ သမီးနဲ့မောင့်ကို သဘောမတူခဲ့တာ မဟုတ်ဘူးဆို..သမီးကိုချမ်းသာ စေချင်လို့ဆို.."

အပြာက မျက်ရည်လေးတလည်လည်နှင့် မေးရင်းအသံတွေတုန်နေ ရှာကာ.. ၊

"အခု တကယ့်ချမ်းသာခြင်းအစစ်ကို သမီးခံစားတတ်နေပါပြီ..သမီး တို့ကို ခုထိသဘောမတူနိုင်တာဆိုလည်း ပြောပါ၊ သမီးကိုဒီလိုနေစေပြီး အမေကတော့ ဟိုအရင်အိမ်လေးမှာပဲ နေမယ်ဆိုဘာများထူးမှာလဲအမေ.."

"အဲ့ဒါ အမေ့ဘ၀မှန်ပဲအပြာ..ညည်းကို သူဌေးချွေးမဖြစ်စေချင်တာ အမေက သူဌေးယောက္ခမဖြစ်ချင်တာ မဟုတ်ဘူး.."

ဘယ်လို တားဆီးလို့မှမရခဲ့ဘဲ ဒေါ်ဟေမာန် ထွက်ခွာဖို့ပြင်ဆင်ပြီး ဖြစ်ကာ.. ၊

"ဘယ်အချိန်မှာဖြစ်ဖြစ် အမေ့ကိုလိုအပ်လာရင် အမေ့ဆီကို အချိန်မ ရွေး လာလို့ရတယ်..ညည်းမကျန်းမာမချင်း အမေလည်း နေ့တိုင်းလာ မှာပါ.."

ပြောပြီး ဒေါ်မင်းမာလာထံ မရောက်သောအကြည့်တစ်ချက်နှင့် မသိမသာမဲ့ကာ.. ၊

"ငါ့သမီးကို ဘယ်သူမှစောင်းမကြည့်ရဲအောင် ငါဝေးဝေးပဲနေမယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com


မှာ..”တဲ့.. ။

နှုတ်ဆက်ထွက်ခွာသွားသည့်အခါ အပြာ့မျက်ရည်ပေါက်တွေ တလိမ့်လိမ့်ကျလာခဲ့၏။ ဒေါ်မင်းမာလာကလေးနှင့် အပြင်ထွက်လိုက်သွားလျှင်..၊

“မာမီ..”

အပြာက လှမ်းခေါ်လိုက်ပြီး.. ၊

“အမေ့ကို နားလည်ပေးပါ..”

ဒေါ်မင်းမာလာ ပြန်ငုံ့ကြည့်ပြီး မချိပြုံးပြုံးသည်။ ပြီးတော့ ပွေ့ပိုက်ထားသည့် မြေးလေးမျက်နှာကို ငုံ့ကြည့်ရင်း ခေါင်းညိတ်၏။ ပြီးတော့ ထပ်၍.. ၊

“မြေးလေးကိုရပြီးတဲ့နောက် မာမီမာနတွေဒေါသတွေကို သမီးအမေအတွက် ခဝါချပစ်ဖို့ ဆုံးဖြတ်ထားတာပါ..ဘာလို့လဲဆိုတော့ မာမီလွန်ခဲ့တာတွေ နည်းတာမှမဟုတ်ဘဲ..”

ပြောပြီး အဝင်းကိုခေါ်၍ ကလေးကိုထည့်ပေးလိုက်ကာ.. ၊

“သူ့အဖေလက်ထဲ မထည့်နဲ့ဦးနော်..ကောင်းကောင်းမချီတတ်သေးဘူး..ငါ့မြေးနာကျင်သွားလိမ့်မယ်..”

မှာခဲ့ပြီး ခပ်သုတ်သုတ်ထွက်လိုက်သွားတာ ဒေါ်ဟေမာန့်နောက်ကိုပါ။ အမေနဲ့မာမီ ပြေလည်ပါစေ.. ၊

အပြာ့ရင်ခုန်သံတိုင်းဟာ အမေ့ကိုပြန်လည်ရရှိရေးသာဖြစ်နေခဲ့လျက်.. ၊

“အပြာ..”

ခြံကဘေးမှာဝင်ထိုင်ပြီး ပခုံးလေးကိုဖက်ထားလိုက်၏။ ပြီးတော့ ပါးပြင်လေးကို ငုံ့နမ်းကာ.. ၊

“မောင့်ကို သတိရသေးရဲ့လား..”

မောင်.. ၊

အပြာ မောင့်ကိုမော့ကြည့်ပြီး ရင်ခွင်ထဲမှာ ခေါင်းလေးမှီလိုက်ရင်း–

“အပြာ့ကို ခွင့်လွှတ်ပါမောင်ရယ်..အပြာလေ..”

“ချစ်လို့စတာပါဗျာ..မောင့်မိန်းမကို မောင်ပြန်ရကာမှတော့ ဘာတွေဖြစ်ဖြစ် ဘယ်သူ့ကိုဖြစ်ဖြစ် မောင်သည်းခံနိုင်ပါတယ်..”

ခြံက အပြာ့ဘေးမှာ သေချာထိုင်လိုက်ပြီး တစ်ကိုယ်လုံးကိုရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်ပြီး..။

“မောင့်ကိုခွင့်လွှတ်ပါ..မောင့်ကြောင့်ဖြစ်ကုန်တာပါ၊ မောင်လည်းလေ မင်းနဲ့မိသားစု ဘဝလေးမရတော့ရင်ဆိုပြီး အရမ်းကြောက်သွားခဲ့တာ.. ရှိခဲ့တဲ့ သဝန်တိုစိတ်တွေနဲ့ မောင့်ချို့ယွင်းချက်ကြောင့် မင်းမောင့်ကို ထားခဲ့ရင်ဆိုတဲ့ စိုးရိမ်စိတ်တွေရော..”

“မောင်ရယ်..”

အပြာ မောင့်ကိုပြန်ဖက်ထားရင်း မျက်ရည်ကျနေပေမယ့် ရယ်မိ

www.burmeseclassic.com

www.burmeseclassic.com



ကာ..

"အပြာသားလေးကို မွေးပေးဖို့သတ္တိတွေရှိခဲ့တယ်ထင်တာ တကယ်တမ်းအသက်ဘေးကြုံလာတော့ ကြောက်တတ်လာတယ်..အရမ်းလည်းအားငယ်မိတယ်၊ မေ့ဆေးဆရာ မေ့ဆေးပေးတော့မယ့်အချိန်မှာ အပြာသတိပြန်ရနေတာသိလား.."

စိတ်မကောင်းဖြစ်ရလွန်းကာ ခြံကအပြာ့ပါးပြင်လေးတွေ ဆံစလေးတွေကို အထပ်ထပ်ပွတ်သပ်နမ်း၏။ ပြီးတော့ အံကြိတ်ရင်း ကျွတ်ခနဲဖြစ်မိလေသည်။

"ငါဒီတစ်ခါ မေ့သွားရင် ပြန်မလာနိုင်တော့ဘူးဆိုပြီး အရမ်းကြောက်တာပဲ..နောက်ပြီးလေ အပြာသတိလစ်နေတော့ ဝိညာဉ်က လွင့်နေတာထင်တယ် ..အမေငိုနေတာကို ကြားနေရတယ်၊ ပြောသမျှကြားနေရတယ်.. ဒါပေမယ့် ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိဘူး၊ အမေ့ကိုလည်းရှာလို့မတွေ့ဘူး.."

"တော်ပါတော့ကွာ.."

"ပြောပါရစေမောင်..အပြာလေ အမေသာ မရမကခေါ်မနေရင် ပြန်လာလို့ရမှာ မဟုတ်တော့ဘူးမောင့်ရဲ့..အပြာ့ကို အစတည်းကသေလူအဖြစ်သတ်မှတ်ခံထားရတာ၊ သေသွားပြီလို့လည်း လက်ကျောက်ခွန့်လွှတ်လိုက်ကြပြီးမှ.."

အားတက်သရောပြောနေရင်း အပြာ့အသံလေးတွေ တုန်လာတာလက်ဖျားလေးတွေလည်း အေးစက်လာ၏။

"အပြာရယ်.."

"ဟင့်အင်း...ပြောချင်လို့.."

အပြာက ခေါင်းလေးခါပြီး စိတ်ကိုပြန်တင်းလိုက်၍.. ၊

"အမေရေတိုက်ပြီး အတင်းခေါ်နေလို့ အပြာဆေးရုံထဲပြန်ရောက်လာတာ..မိဘတိုင်းက သားသမီးကိုတစ်ကြိမ်တော့ အသက်ရှူခွင့်ပေးကြတာပဲ.. ဒါပေမယ့် အမေကတော့ အပြာ့ကိုနှစ်ကြိမ်တောင်ပေးခဲ့တာ.."

"အင်း.."

ခြံက အပြာ့မျက်ရည်တွေကို ပါးချင်းကပ်၍ပွတ်တိုက် ဖျက်ပစ်သည်။ ဒါပေမယ့် မျက်ရည်တွေကခြောက်သွေ့သွားသည် မရှိခဲ့ဘဲ.. ၊

"အဲ့ဒါကြောင့် အပြာအသက်ပြန်ရှင်လာခဲ့မှန်းသိလိုက်တဲ့ အချိန်မှာအမေ့မျက်နှာကို မြင်လိုက်တော့အရာရာပြည့်စုံသွားသလိုပဲ ဘာကိုမှသတိမရတော့အောင်လေ.."

"ဟုတ်ပါပြီ..တိတ်ပါကွာ.."

"မောင့်ကိုခုထိ အပြာဂရုမစိုက်သလို ဖြစ်သွားခဲ့တဲ့အတွက်.."

"ဟာကွာ..မောင်ကစတာပါ၊ အမေ့မေတ္တာတွေ ဒီလောက်ကြီးခဲ့တာ..မောင်က သဝန်တိုစရာလား၊ မောင်ကိုယ်တိုင် တမင်မြောက်ဆုတ်နေခဲ့တဲ့ဟာ.."

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လားဟင်.."

"တကယ်ပြောတာပေါ့..မောင့်မိန်းမကို မောင်အမြဲတမ်း ပွေ့ပိုက်ခွင့်ရဖို့ အမေကကယ်တင်ရှင်လေ၊ ပြီးတော့ သားလေးကိုအမိမဲ့သားလေး မဖြစ်ရအောင်ရောပေါ့.."

ခြံက အပြာ့ကိုယ်လေးကို တင်းခနဲဖက်ပစ်လိုက်ကာ ဆံပင်တွေထဲမှာ မျက်နှာနှစ်ထားတာ.. ၊

"မောင့်မိန်းမကို သဝန်မတိုမိအောင် ယုံကြည်စိတ်ထားမယ်..မောင့်ကိုလည်း ယုံကြည်ရမယ်.."

"အင်း.."

"မောင် အလုပ်လုပ်ဖို့က အားလုံးအဆင်သင့်ဖြစ်ပြီးသား..မောင့်မိသားစုအတွက် မောင်ကြိုးစားမယ်၊ မောင့်ကြောင့် မင်းနောက်ထပ်ခုလိုသောကမျိုးဘယ်တော့မှ မဖြစ်စေရဘူး..မဖြစ်အောင် မောင်ကြိုးစားမယ်.."

"မောင့်ကိုအရမ်းချစ်တယ်.."

"ဟုတ်ကဲ့ပါ..မောင့်အလှည့်ကျပြီ ဆိုတော့.."

"မောင်နော်.."

"ဟား ဟား ဟား ဟား.."

ပထမဆုံးအားပါးတရ ရယ်မောသံသည် အိမ်တွင်းမှာသာယာပါဘိ..၊

> > < <

ပရိတ်သတ်အတွက်

ထာဝရ

**သျှင်မ**

www.burmeseclassic.com